www.burmeseclassic.com




သမ္မတဆိုတာ ကျွန်မလူနာ

# အိမ်ဖြူတော်ဆရာဝန်

အမေရိကန်သမ္မတများ၏ကျန်းမာရေးကို တာဝန်ယူ
စောင့်ရှောက်ရသည့် ဖိလစ်ပိုင်အမျိုးသမီးဆရာဝန်တစ်ယောက်

**THE WHITE HOUSE DOCTOR BY DR. CONNIE MARIANO**

သီဟာနုသွင်

www.burmeseclassic.com

www.burmeseclassic.com

[illegible]
မိုးမ
စာပြင်
ဦးသိန်းမြင့် (မြင့်ဟန်နိုး)
မျက်နှာဖုံးဒီဇိုင်း
Club 18
အတွင်းစာမျက်နှာစုစည်းမှုဒီဇိုင်း
Club 18

ထုတ်ဝေသူ
ဒေါ်မိုးချစ်သူ
the bookhouse
၆၂ Avenue၊ ၁၀-စ၊
မဂ္ဂင်လမ်း၊ ၁၄ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးတင်အောင်ကျော်
(မြ ၀၇၀၅၃)
စွယ်တော်ပုံနှိပ်တိုက်၊
အမှတ် ၁၄၇၊ ၅၁-လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၂၊ ဩဂုတ်လ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၁၀၀ ကျပ်
ဖြန့်ချိရေး
the bookhouse
၀၉ ၅၀၀ ၈၇၂၇
၀၉ ၄၀၁ ၀၈၅၁

BURMESE CLASSIC




သီဟန်သွင်
အိမ်ဖြူတော်ဆရာဝန် / သီဟန်သွင် ၊ ရန်ကုန်။
the bookhouse စာပေ၊ ၂၀၁၂
၃၁၆စာ၊ ၁၇.၇၈ စင်တီ × ၁၇.၇၈ စင်တီ
(၁) အိမ်ဖြူတော်ဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com



စုစည်းမှု


| | | |
|---|---|---|
| အခန်း-၁ | အိပ်မက်လှလှ | ၁ |
| အခန်း-၂ | တာဝန်ထမ်းဆောင်ဖို့ကြိုးစားခြင်း | ၁၅ |
| အခန်း-၃ | ညှို့ခံကျွေးမွေးရေးမှူး၏သမီး | ၃၀ |
| အခန်း-၄ | သမ္မတက ခင်ဗျားကို အခုတွေ့လိမ့်မယ် | ၄၈ |
| အခန်း-၅ | တပ်ဖွဲ့ဝင်များထဲမှ တစ်ယောက် | ၆၇ |
| အခန်း-၆ | အိမ်ဖြူတော်၏မျက်နှာသစ် | ၇၇ |
| အခန်း-၇ | ပြောင်းလဲခြင်းက ကျွန်ုပ်တို့မိတ်ဆွေ | ၉၁ |
| အခန်း-၈ | သမ္မတလမ်းထွက်ပွဲ | ၁၁၂ |
| အခန်း-၉ | သတ်ကွင်းထဲက ဘဝ | ၁၃၄ |
| အခန်း-၁၀ | ဘုရင်နှင့်ကျွန်မ-၁ | ၁၄၉ |
| အခန်း-၁၁ | အိမ်ဖြူတော်က အိတ်ကြီးနှင့်အမျိုးသမီး | ၁၇၀ |
| အခန်း-၁၂ | ကြေကွဲနေသော အိမ်တော် | ၁၉၁ |
| အခန်း-၁၃ | ရှေ့မှလှိုင်းထန်တဲ့ပင်လယ် | ၂၁၁ |
| အခန်း-၁၄ | မုန်တိုင်း၏အလယ် | ၂၂၆ |
| အခန်း-၁၅ | တစ်နှယ်ငင်တစ်စင်ပါ | ၂၄၁ |
| အခန်း-၁၆ | ကျွန်မ၏ပထမမိသားစု-၁ | ၂၆၅ |
| အခန်း-၁၇ | ကြယ်တစ်ပွင့် ပွန်းပဲ့ခြင်း-၁ | ၂၈၅ |
| အခန်း-၁၈ | ဆရာဝန်၏တိုးတက်မှုမှတ်တမ်း-၁ | ၃၀၅ |


the bookhouse
we bring your future
serial - 0050 (12-034)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၁
## အိပ်မက်လှလှ

သမ္မတနှင့်အတူ ကျွန်မသည် မည်သည့်အခါမှ မအိပ်ခဲ့ဘူးပါ။ သမ္မတဟောင်းနှင့်တော့ တကယ်ပင်အိပ်ခဲ့ပါသည်။ အမှန်မှာ သူတို့သုံးယောက်နှင့်အတူတူ အမှတ်-၁ လေတပ် လေယာဉ်ပေါ်တွင် အိပ်ခဲ့ခြင်းဖြစ်၏။ တကယ်တော့ ကျွန်မတို့အဖွဲ့မှာ စက်တော်ခေါ်အဖွဲ့နှင့် ပိုတူသည်။ ယင်းမှာ ပို၍တောင်မှ ထူးဆန်းနေပါသည်။ ဤအဖြစ်အပျက်မှာ အလွန်ပီပြင်လှစွာသော အိမ်ဖြူတော်နေ့တစ်နေ့တွင် စတင်ဖြစ်ခဲ့ပြီး ပီပီပြင်ပြင်ပင် အဆုံးသတ်ခဲ့ပါသည်။

"ဟေး... ဒေါက်တာ၊ နိုင်ငံတော်ထမင်းစားခန်းမထဲမှာ ညှို့သည်လူနာတစ်ယောက် ရောက်နေတယ်"

အိမ်ဖြူတော် မြေညီထပ် ကျွန်မရုံးခန်းထဲ မဟော်ဂနီစားပွဲပေါ်ရှိ ကွန်ပျူတာမှနေ၍ ကျွန်မ မော့ကြည့်လိုက်သည်။ တံခါးဝတွင်ရပ်နေသော ဆံပင်နက်နက်၊ အရပ်ရှည်ရှည် လူတစ်ယောက်မှာ လျှို့ဝှက်လုံခြုံရေးတပ်ဖွဲ့မှ ယူနီဖောင်းဝတ် တပ်အရာရှိတစ်ယောက်ဖြစ်သည်။ ထိုအစောင့်၏မျက်နှာကို ကျွန်မမှတ်မိသည်။

သို့သော် သူ့နာမည်၏ ရှေ့စာလုံးက ကျွန်မခေါင်းထဲမှ ထွက်မလာပေ။ အိမ်ဖြူတော်တွင် ခုနစ်နှစ်ကြာတာတောင်မှ ကျွန်မရုံးခန်း၏ရှေ့နေရာတွင် ထိုင်လေ့ရှိသော အစောင့်များ၏ နာမည်အားလုံးကို ကျွန်မ မမှတ်မိချေ။ ကျွန်မ၏ ဆရာဝန်ရုံးခန်းမှာ သမ္မတ၏ သီးခြားစက်လှေကားမှ ခန်းမလမ်း၏တစ်ဖက်တွင်ရှိသည်။

"လူနာကိုပြုစုဖို့ တာဝန်ကျသူနာပြုကို ဆေးခန်းကခေါ်လိုက်ရမလား" သူကချိတုံ့ချတုံ့နှင့်မေးသည်။

ကျွန်မက မတ်တတ်ရပ်၊ လျှို့ဝှက်လုံခြုံရေးရေဒီယိုကို ခါးတွင်ညှပ်ကာ နားထောင်သည့်ကိရိယာကို ထိုးသွင်း လိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက်တည်းမှာပင် ဆေးအိတ်နှင့်တစ်ပါတည်း အရေးပေါ်နှလုံးနိူးစက်ကိုဆွဲလျက် စားပွဲကို ပတ်လျှောက် လိုက်သည်။

"သူကနောက်ကနေပြီး လိုက်ကူပါလိမ့်မယ်။ လောလောဆယ်မှာတော့ သမ္မတရော၊ ထိပ်တန်းဂုဏ်သရေရှိ ပုဂ္ဂိုလ် တွေရော၊ မီးဖိုချောင်အကူတွေရော၊ ဧည့်သည်တွေရော ကုသမှုကို တန်းတူခံစားခွင့်ရှိတယ်"

ဦးစားပေးလူနာဖြစ်မည့်သူ အမေရိကန်ပြည်ထောင်စုသမ္မတကို မတွေ့ရမီ မကျန်းမာ၊ ထိခိုက်ဒဏ်ရာရသူ ဧည့်သည်လူနာများကို ကြည့်ရှုရခြင်းမှာ အိမ်ဖြူတော်သမားတော်တစ်ယောက် တာဝန်ယူရသော ပထမတာဝန်များထဲမှ တစ်ခုဖြစ်ပါသည်။ ဤအတွေ့အကြုံမှာ အိမ်ဖြူတော်သို့ပြောင်းလာသော ရေတပ်ဆရာဝန်တစ်ယောက်အနေနှင့် ၁၉၉၂ ခု အိမ်ဖြူတော်သို့ ကျွန်မရောက်ပြီးနောက် လေ့လာသိရှိလိုက်ရသော ပထမအရာများထဲမှ တစ်ခုဖြစ်သည်။ သတိလစ် ထိတ်လန့်နေသော သူတစ်ယောက်ကို ကျွန်မကိုင်တွယ်ရသည်မှာ ဤအကြိမ်သည် ပထမဆုံးအကြိမ်မဟုတ်ပါ။ အရေးပေါ် အခန်းများ၊ ဆေးခန်းများ၊ သင်္ကြားရေးဆေးရုံများနှင့် ပစိဖိတ်သမုဒ္ဒရာထဲရှိ စစ်သင်္ဘောပေါ်တွင် ရေတပ်ဆရာဝန် တစ်ယောက်အနေနှင့်လုပ်ခဲ့သည့် နှစ်ပေါင်းများစွာသော အတွေ့အကြုံကြောင့် နင်လား၊ ငါလား အကြိတ်အနယ်လုပ်ရသော ကိစ္စများတွင် ကျွန်မသည် ကျွမ်းကျင်သော သူတစ်ယောက်ဖြစ်နေပါပြီ။ ကျွန်အချိန်တွင် ထူးထူးခြားခြားဖြစ်နေသည် ကတော့ အိမ်ဖြူတော်၏ နိုင်ငံတော်ထမင်းစားခန်းမကြီး၏ ကြီးကျယ်ထည်ဝါမှုနှင့် ပြေပြစ်တင့်တယ်သော အခင်းအကျင်း ပင်ဖြစ်သည်။

"ကျွန်မ တာဝန်ယူကုသနေစဉ် ဘယ်သူမှမသေပါစေနှင့်" ဟု စကျင်ကျောက်လှေကားမှ အောက်ထပ်သို့အမြန် ဆင်းနေရင်း ကျွန်မ ဆုတောင်းမိသည်။ ကျွန်မသယ်ယူနေသော အရေးပေါ်နှလုံးနိူးစက်နှင့် ဆေးအိတ်က အလွန်လေးသည်။ လှေကားကို ဆင်းလိုက်၊ တက်လိုက်၊ ဆေးအိတ်တွေကို မလိုက်လုပ်နေရသည်။ သည်နေ့အတွက် ကျွန်မ၏ လေ့ကျင့်ခန်း များဖြစ်မည်။ စကြံပေါ်မှာ ပြေးလွှားဖို့အချိန်မရှိ။ တစ်နာရီအတွင်း သမ္မတကြီး၊ သမ္မတကတော်တို့နှင့်အတူ ပင်လယ် ရပ်ခြားခရီးသွားရန် အစီအစဉ်ထဲတွင် ကျွန်မကို ထည့်သွင်းထားသည်။

အခန်း၏တစ်ဖက်အဆုံးမှ တခြားတစ်ဖက်အဆုံးသို့ ရွေ့နေသော ဧည့်သည်လူတန်းကြီးရှိရာ နိုင်ငံတော် ထမင်း စားခန်းမထဲသို့ ကျွန်မဝင်လိုက်သည်။ အခန်း၏အလယ်တွင် ပုံမှန်နေသားတကျထားသောစားပွဲနှင့် ထိုလူတန်းကြီးကို ရွှေရောင်ကြိုးဖြင့် ခြားထားသည်။ စားပွဲအလယ်တွင် ခုံညားတောက်ပသည့် ပန်းများနှင့်ပြင်ဆင်ထားလျက် အပေါ်တွင် မီးပန်းဆိုင်းပဒေသာများက တဖျတ်ဖျတ် လင်းလက်နေသည်။

လဲပြိုသွားသော ဧည့်သည်မှာ အခန်းထောင့်ကုလားထိုင်ပေါ်တွင် ထိုင်နေသော တုန့်တုန့်ချည့်ချည့် အမျိုးသမီးကြီး ဖြစ်သည်၊ အမျိုးသမီးအစောင့်က သူမ၏ဘေးတွင် မတ်တပ်ရပ်နေသည်။ လျှို့ဝှက်လုံခြုံရေး ရှေးဦးသူနာပြုအိမ်က

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းတွင်ရောက်နှင့်နေကာ အစောင့်က အောက်ဆီဂျင်ပေးရန် ကျွန်မအချက်ပြမည်ကို စောင့်နေသည်။ လူနာက အသက် ရှစ်ဆယ်နီးပါး မျက်မှန်တပ်ထားသည်။ နားကြားအကူကိရိယာ တပ်ထားသည်။ ချွေးဒီးဒီးထွက်နေသည်။ ကျွန်မက သူ့လက်ကိုယူ၍ အသာအယာဖျစ်ကြည့်သည်။ ကျွန်မ၏ လက်ညှိုးနှင့်လက်ခလယ်ဖြင့် သွေးခုန်နှုန်းကိုစမ်းသည်။ သွေးခုန်နှုန်းက မြန်၍ပြင်းသည်။ အမြင့်တန်းမနေချေ။ ကျွန်မက လုပ်ရိုးလုပ်စဉ်အတိုင်း စတင်လုပ်လိုက်သည်။

"ဒီမှာအဘွား ကျွန်မက အိမ်ဖြူတော်ဆရာဝန်ပါ၊ ဘယ်လိုနေပါသလဲ"

သူမက ကျွန်မကို မျက်စိ ပုတ်ခတ်ပုတ်ခတ်လုပ်၍ကြည့်သည်။

"မင်းက သူနာပြုလား" သူမက တိုးတိုးသက်သက် ပြောသည်။

သူမ၏အသံက ဗာဂျီးနီးယားအနောက်ဘက်လေသံ၊ နူးညံ့ချိုသာ၍ လန်းဆန်းသည်။

ကျွန်မက ပြုံးပြသည်။

"မဟုတ်ဘူးအဘွား၊ ကျွန်မက ဆရာဝန်ပါ။ ကျွန်မက အဘွားကို ကူညီဖို့ရောက်လာတာ။ အဘွား ရင်ဘတ်နာနေသလား"

သူမက မျက်မှန်အောက်ကနေ ကျွန်မကိုကြည့်သည်။

"မင်းက သူနာပြုမဟုတ်ဘူးလား"

ကော်နီချမ်း (Connie Chung) နှင့်တူသော လူတစ်ယောက် ဘယ်နှယ့်လုပ်ပြီး အိမ်ဖြူတော်ဆရာဝန်ဖြစ်နေရတာလဲဆိုတာ နားလည်ဖို့ကြိုးစားရင်း သူမက ကျွန်မကို အနီးကပ် အကဲခတ်နေသည်။

"ကလင်တန်အိမ်ဖြူတော်က ကြိုဆိုပါတယ်" ဟူ၍သာ သူမ၏လက်မောင်းကို သွေးဖိအားတိုင်းလက်ပတ်ဖြင့် ပတ်ပေးရင်း ရှင်းပြချင်စိတ်ကို ချိုးနှိမ်၍ပြောလိုက်ပါသည်။

"အဘွားမှာ ဆီးချိုရှိသလား"

"ဆီးချို မရှိပါဘူး"

သွေးဖိအား ၁၁၀/၆၀၊ သွေးခုန်နှုန်းက ၈၀၊ ပုံမှန်အသက်ရှူနှုန်းက ၂၀၊ ပင်ပင်ပန်းပန်း မလှုပ်ရှား၊ ကုလားထိုင်နောက်တွင် မတ်တတ်ရပ်နေသော အသက်ငါးဆယ်အရွယ်အတွင်းရှိ အမျိုးသမီးကို ကျွန်မက မော့ကြည့်သည်။ သူမက သူ့ကိုယ်သူ ဧည့်သည်လူနာအဘွားကြီး၏ သမီးဖြစ်ကြောင်း ပြောပြသည်။

"ရှင့်အမေက သွေးတိုး၊ ဆီးချို၊ ဒါမှမဟုတ် နှလုံးရောဂါအတွက်ဆေးသောက်နေရတာရှိလား"

"အမေက အိမ်ဖြူတော်ကိုလာဖို့ သိပ်စိတ်လှုပ်ရှားနေတာ။ မနက်စာတောင် လွတ်သွားတယ်၊ ပြီးတော့

the bookhouse we bring you future
www.burmeseclassic.com

www.burmeseclassic.com



တန်းစီစောင့်ရတာ တစ်နာရီကြာတယ်။ အပေါ်ထပ်ကိုရောက်တော့ အိပ်ချင်လာတယ်လို့ပြောတယ်၊ အဲဒီနောက် ချွေးတွေရွှဲနစ်ပြီး ပုံလျက်သားကျသွားတာပါပဲ"

ကျွန်မက အစောင့်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"အိုကေ (OK) ဟုကျွန်မက မပြောရသေးမီမှာပင် အိမ်ဖြူတော်လမ်းပြတစ်ယောက်က လိမ္မော်ရည် (Orange juice)လတ်လတ်ဆတ်ဆတ်တစ်ခွက်ကို ငွေလင်ဗန်းထဲ ထည့်ယူလာသည်။

"အဘွား လိမ္မော်ရည်လေးတစ်ငုံလောက် သောက်လိုက်ပါလား။ ဟုတ်ပြီနော်"

သူမက ခေါင်းညိတ်သည်။ ဖန်ခွက်ကိုယူ၍ အမြန်သောက်သည်။ လက်သုတ်ပဝါပေါ်တွင် ရွှေရောင်ဖြင့်ကြွနေအောင် ထိုးထားသော သမ္မတအိမ်တော်တံဆိပ်ကို သတိထားမိသွားပြီး သူမ၏အိပ်ထဲသို့ အသာလေး ခပ်မြန်မြန်ထိုးထည့်လိုက်သည်။

ထိုအချိန်တွင် အိမ်ဖြူတော်သူနာပြုက ရောက်နေပြီဖြစ်သည်။ သူက အရပ်မြင့်မြင့်၊ ဆံပင်ညိုညို၊ ဆေးအိတ်ကို ကိုင်ထားသော ဂျင်ဟိုဆက် (Jin Hosack) ဖြစ်သည်။ သူက စိတ်မလုံသေးပုံဖြင့် ကျွန်မဘေးတွင် ကိုယ်ကိုညွတ်ကာ အသံတိုးတိုးဖြင့် ဝန်ခံသည်။

"တောင်းပန်ပါတယ် ကပ္ပတိန်။ ကျွန်တော်နောက်ကျသွားတယ်။ ဆေးခန်းထဲမှာ ကျွန်တော်တို့ မနိုင်မနင်းဖြစ်နေလို့ပါ"

"သူမက သွေးထဲ သကြားဓာတ်နည်းနေတယ်။ သွေးဖိအားနဲ့ သွေးခုန်နှုန်းကသာမန်။ ကျွန်မ သူ့ကိုရှင်းဆိုလွှဲပေးတော့မယ်နော်"

ရုတ်တရက်ရေဒီယိုက အသံမြည်လာသည်။ လူနာကိုကြည့်ရန် ကျွန်မက နားထောင်သည့်ကိရိယာကို ဖြုတ်ထားသည်။

" အော်စကာပေါ်က ပွိုင့်အားလုံး ..... လင်းယုန်ရွှေ့နေပြီ"

လင်းယုန်ဆိုသည်မှာ သမ္မတကလင်တန်ကို လျှို့ဝှက်လုံခြုံရေးအဖွဲ့က ပေးထားသော လျှို့ဝှက်အမည်ဖြစ်သည်။ အော်စကာဆိုသည်မှာ လျှို့ဝှက်လုံခြုံရေးအဖွဲ့ ရေဒီယိုလိုင်း၏ အမည်ဖြစ်သည်။

ဤအသံမှာ အိမ်ဖြူတော်ဝင်းထဲတွင် ဘေလ်ကလင်တန်၏ လှုပ်ရှားမှုကို သတင်းပို့နေသော သမ္မတလုံခြုံရေး အဖွဲ့ဝင်များထဲမှ တစ်ယောက်၏ အသံဖြစ်သည်။

'ဂျင်'က ကျွန်မကို မော့ကြည့်သည်။

"နာရေးကိစ္စလား"

ကျွန်မက ခေါင်းညိတ်ပြသည်။ 'ဂျင်'က မချင့်မရဲဖြင့်မေးသည်။

BURMESE CLASSIC
the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"သမ္မတတွေ အားလုံးနဲ့အတူတူ သွားရမှာလား"

ကျွန်မက ပြုံးပြလိုက်သည်။ သူ့မျက်လုံးထဲရှိ စိုးရိမ်ထိတ်လန့်မှုကို ကျွန်မမြင်နေရသည်။ ထို့ကြောင့် အိမ်ဖြူတော် အကြီးတန်းသူနာပြု ဗင့်စ်စတပ်(Vince Starks)ကို ကျွန်မခေါ်သွားရခြင်းဖြစ်သည်။ သူက နားလည်ပါသည်။ သမ္မတများမှာ ကျွန်မ၏ ဦးစားပေးလူနာများဖြစ်၏။ ကျွန်မက ထွက်သွားတော့ 'ဂျင်'က လူနာအဖွားကြီးကို သူ့ကိုယ်သူ မိတ်ဆက်နေတာ ကြားလိုက်ရသည်။

"ဒါဆို မင်းက ဆရာဝန်ပေ့ါနော်"

ကျွန်မက ရုံးခန်းသို့ မြန်မြန်ပြန်သွားလိုက်ပြီးတော့ ကျွန်မကြည့်စရာများကို စစ်ဆေးလိုက်သည်။ မရင်းနံပါတ်-၁ ဟယ်လီကော်ပတာနှင့် တောင်ဘက်မြက်ခင်းမှထွက်ခွာရန် မိနစ်နှစ်ဆယ်သာလိုတော့သည်။ ဟယ်လီကော်ပတာက ရောက်နေ သည်။ ထိုဟယ်လီကော်ပတာက သမ္မတကို အင်ဒရူးလေတပ်စခန်း (Andrew Air Fore Bace) သို့ခေါ်သွားလိမ့်မည်။

သူက အိမ်ဖြူတော်မှ ထွက်ခွာရန်ပြင်ဆင်နေပြီ။ သူ၏သမားတော်ဖြစ်သူ ကျွန်မက သူနှင့်အတူလိုက်ပါရန် ဖြစ်၏။ ကျွန်မရုံးခန်းနားရောက်တော့ သမ္မတ၏ စက်လှေကားနားရှိ ခန်းမလမ်းကို ဖြတ်လျှောက်ရှိသော လျှို့ဝှက်လုံခြုံရေးဝန်ထမ်းများကို ကျွန်မကမေးသည်။

"ဘာသတင်းရလဲ" "ကျွန်မတို့ အစောကြီးသွားမှာလား"

သူတို့ကပြုံး၍ ပုခုံးသာတွန့်ပြကြသည်။ လျှို့ဝှက်လုံခြုံရေးထောက်လှမ်းရေးအတွက် (ကျွန်မမေးခွန်းက) သိပ်များနေသည်။

'အင်ဒရူး' သို့ ဘယ်လောက်စောထွက်မှာလည်း စဉ်းစားရင်း ကျွန်မအခန်းထဲသို့ဝင်လိုက်သည်။ သမ္မတကြီးက အပေါ်ထပ်တွင် တစ်မိနစ်လောက် ရှိနေနိုင်သည်။

ဒါမှမဟုတ် တစ်နာရီအတွင်း ထွက်ခွာရန် သူဆုံးဖြတ်နိုင်သည်။ သမ္မတကလင်တန်က ကြိုတင်ခန့်မှန်းလို့ရမယောင်နှင့် ကြိုတင်ခန့်မှန်းလို့မရအောင် ဖွဲ့စည်းထားသည်ကို ကျွန်မက မခန့်မှန်းနိုင်ဘဲ ဖြစ်သွားတော့မလိုပင်။

သို့သော် ကျွန်မကိုယ်ပိုင် ထောက်လှမ်းရေးကွန်ရက်ရှိသည်။ သမ္မတ၏ ဖိလစ်ပိုင်အိမ်တော်အကူများဖြစ်၏။ ကျွန်မ ကွန်ပျူတာဆီသွားကာ သမ္မတအိမ်တော်အကူထဲမှ တစ်ယောက်ဖြစ်သည့် မာစတာရှိတ် (Master Chief)၊ ဂျိုးဖာမာ (Joe Fama) ကို လှမ်းမေးလိုက်သည်။

"ဘယ်တော့ထွက်မှာလဲ၊ ဒေါက်တာ M"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမေးလိုက်လို့ ဘာမှမကြာသေး ဖုန်းမြည်လာသည်။ ကျွန်မက ဖုန်းကိုကောက်ကိုင်တော့ 'ဂျိုး'ပင်ဖြစ်နေတော့သည်။

"ဒေါက်တာ POTUS = President of the United States 'ပိုးတပ်'(သမ္မတ)က ဆယ်မိနစ်အတွင်း ထွက်ချင်ပါတယ်" ဟု သူကကြေညာသည်။ သမ္မတနှုတ်ဖျားမှ သူ့နားသို့ တိုက်ရိုက်ရောက်လာခြင်းဖြစ်၏။ သမ္မတ၏ အိမ်တော်အကူမှာ ယုံကြည်စိတ်ချရဆုံးနှင့် ခိုင်လုံသော သတင်းရပ်ကွက်ထဲတွင် ပါဝင်သည်။ အိမ်ဖြူတော်ရှိလူတိုင်း ဒါကိုသိသည်။ 'ကင်းစတား' (Ken Starr )တောင်မှ သိသည်။ ခန်းမထဲသို့ ကြောင်ကလေးဆော့စ် (Socks ) လို သွားပြီးကာ ကျွန်မထွက်ခဲ့သည်။ အဘယ့်ကြောင့်ဆိုမူ ဆယ်ရှစ်ဧက ကျယ်ဝန်းသော အိမ်ဖြူတော်တွင် လူတိုင်းသိချင်နေသော သတင်းဦးကို ကျွန်မက ရထားသောကြောင့် ပင်ဖြစ်သည်။ တာဝန်ကျ စစ်ဘက်ကိုယ်ရံတော်က အခုခန်းမလမ်းထဲတွင် ရောက်နေပေပြီ။ သမ္မတ၏နောက်သို့လိုက်ရန် နေ့တိုင်း တစ်ယောက် တာဝန်ချထားသည်။ သူက 'ဘောလုံး' ဟုခေါ်သော နျူကလီးယားလျှို့ဝှက်သင်္ကေတများပါ အမည်းရောင် အိတ်ကို ဆွဲရသည်။

သည်နေ့တာဝန်ကျ စစ်ဘက်ကိုယ်ရံတော်သည် သမ္မတနှင့်အတူ ပင်လယ်ရပ်ခြားခရီးကို လိုက်ရမည်ဖြစ်သည်။ သူက ချွေးပြန်နေကာ အသက်မြန်မြန်ရှူနေလျက် ယူနီဖောင်းအပြည့်အစုံနှင့် ဖြစ်သည်။ စစ်ဘက်ကိုယ်ရံတော်က စိတ်အေးလက်အေး

မနေနိုင်၊ သူ့မှာ သတင်းဦးမရှိ၊ သူက ကျွန်မကို ထုံးစံအတိုင်းနှုတ်ဆက်သည်။

"ဟယ်လို၊ ကပ္ပတိန် မာရီယာနီ"

ကျွန်မက ပြန်ပြုံးပြလိုက်ကာ သူ့ကိုလှမ်းကြည့်သည်။

"ထွက်ဖို့နဲ့ပတ်သက်ပြီး ဘာကြားလဲ"

သူက မျက်ခုံးကို အဖြူရောင်လက်ကိုင်ပဝါနှင့်သုတ်ပြီး ဖြေသည်။

"ဘာမှ မကြားပါဘူး"

"သမ္မတ၏ အိမ်တော်အကူက ကျွန်မကို အခုပဲဖုန်းဆက်တယ်၊ သမ္မတက ဆယ်မိနစ်အတွင်းထွက်ချင်တယ်တဲ့" သတင်းဦးကို ကျွန်မက သူ့အားပေးလိုက်ပြီဟု သူ သဘောပေါက်သောအခါ စစ်ဘက်ကိုယ်ရံတော်၏အသွင်က ဝင်းလက်သွားသည်။ ကွင်းဆက်ထဲတွင် ရှိနေရန် သတင်းဦးရရှိဖို့လိုသည်။ ကွင်းဆက်ထဲတွင် ရှိနေခြင်းကို စစ်ဘက်ကိုယ်ရံတော်များ လိုချင်တပ်မက်ကြသည်။

"သမ္မတရဲ့ဝန်ထမ်းတိုင်း၊ သမ္မတက ဆယ်မိနစ်အတွင်း ထွက်ချင်တယ်"

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



သူက သူ့ရေဒီယိုထဲသို့ အမိန့်အာဏာသံပါပါ ပြောထည့်လိုက်သည်။ လျှို့ဝှက်လုံခြုံရေးအဖွဲ့ အိမ်ဖြူတော်ဆက်သွယ်ရေး မရင်းနံပါတ်-၁ လေယဉ်မောင်းနှင့် လျှို့ဝှက်လုံခြုံရေးရေဒီယိုကို စောင့်နားထောင်နေသော စစ်ဘက်ဝန်ထမ်းများက အားလုံးကြားရသည်။ ကျွန်မ၏ ဘေးခန်းမလမ်းထဲတွင် မတ်တတ်ရပ်နေသော လျှို့ဝှက်လုံခြုံရေးတစ်ယောက်က စစ်ဘက် ကိုယ်ရံတော်ကို လက်မထောင်ပြသည်။ ထိုခွင့်ပြုလိုက်ကြောင်းသင်္ကေတက ချွေးပြန်နေသော သူ၏ခေါင်းထဲသို့ ဝင်သွားကာ သူက ခေါင်းမော့ထွက်သွားသည်။ ကျွန်မက သူ့ကို သတိထားကြည့်မိနေကြောင်း သူ မြင်လိုက်ခါမှသာ အရှိန်သတ် သွားသည်။ သူက ကျွန်မနှင့် မျက်လုံးချင်းမဆုံအောင် ရှောင်ရှား၍ တိုးတိုးပြောသည်။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"ရပါတယ်…၊ ဗိုလ်မှူး"

ကျွန်မက သဘောပေါက်နားလည်စွာ တိုးတိုးသက်သက် ပြန်ပြောလိုက်သည်။

■

"လင်းယုန်နှင့် အမြဲအစိမ်းရောင်၊ တောင်ဘက်မြက်ခင်း" သမ္မတနှင့် သမ္မတကတော်တို့ သံတမန်တွေ့ဆုံခန်းမှ တောင်ဘက်မြက်ခင်းသို့ ထွက်သွားသောအခါ သမ္မတ၏ အထူးတာဝန်ခံအရာရှိက သူ၏လက်ကောက်ဝတ်အင်္ကျီ လက်ပတ်ထဲရှိ စကားပြောစက်ထဲသို့ ပြောလိုက်သည်။ တောင်ဘက်ပေါ်တီကို၏ အနောက်ဘက်တွင် နေရာယူထားကြသော ကင်မရာအဖွဲ့များ၊ ထောင်ပေါင်းများစွာသော အလင်းရောင်များက သမ္မတနှင့်သမ္မတကတော်ကို စီးကြိုကြသည်။ ကျွန်မ စိုစွတ်နေသော မြက်ခင်းပေါ်တွင် အသာဖွဖွလျှောက်လှမ်းပြီး ကျွန်မကိုမမြင်နိုင်အောင် ကြိုးစားရင်း သူတို့၏နောက်က လိုက်သည်။ ကင်မရာရိုက်ကွင်းက လွှက်အောင်ရှောင်ကာ ခလုတ်မတိုက်မိစေနှင့်ဟု ကျွန်မက ကိုယ့်ကိုယ်ကိုယ်သတိပေး သည်။ ကင်မရာရိုက်ကွင်းထဲက အပြင်ထွက်နေဖို့ကတော့ အိမ်ဖြူတော်ကိုရောက်သည့် ပထမနေ့မှာပင် ကျွန်မကိုပြောထား သည်။ အိမ်ဖြူတော် စစ်ရုံးမှဆင်းသက်လာသော ပညတ်တော်မှာ "သင့်ကိုမမြင်ပါစေနှင့်" ဟူ၍ပင်ဖြစ်၏။ ၎င်းမှာ ကျွန်မအတွက် လိုက်နာရန် လွယ်ကူသော ညွှန်ကြားချက်ဖြစ်ပါသည်။ ရေတပ်ကျွေးမွေးစည့်ခံရေး တာဝန်ခံတစ်ယောက်၏ ဖိလစ်ပိုင်သမီးတစ်ယောက်အနေနှင့် ကြီးပြင်းလာခဲ့သည်ဖြစ်၍ လူမြင်ကွင်းတွင် ကိုယ်ယောင်ဖျောက်နေတတ်သော ဓမ္မစည်းမျဉ်း က ကျွန်မ၏သွေးသားထဲမှာ စိမ့်ဝင်နေသည်။

မရင်းနံပါတ်-၁လေယာဉ်၏ နောက်တံခါးကို ကျယ်လောင်သောအသံဖြင့် ပိတ်ပစ်လိုက်သည်။ ချွမ်းနေသော

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရေတပ် အပြာရောင်သိုးမွေးကုတ်အင်္ကျီကို ကိုယ်တွင်ပတ်ကာ အပေါက်ဝ၏ မျက်နှာချင်းဆိုင် ကူရှင်ခုံပေါ်တွင် ကျွန်မက ဝင်ထိုင်လိုက်သည်။ သမ္မတ၏ အထူးတာဝန်ခံအရာရှိက ကျွန်မနှင့် ကန့်လန့်ဖြတ်ခုံပေါ်တွင် ထိုင်နေသည်။ လေယာဉ်မောင်းခန်းရှိ လေယာဉ်မှူးနှင့် စကားပြောဉ်ရသည်။ နားကြပ်ကို သူက အပ်လိုက်သည်။ ကျွန်မဘက်ကိုကြည့်လိုက်တော့ ကျွန်မက အင်္ကျီနှင့် ရစ်ပတ်သိုင်းခြုံထားသည်ကို သူ သတိထားမိသွားသည် ဖြစ်ရမည်။

"ဒေါက်တာရယ် ဒီမှာချမ်းနေတယ်၊ အပူရှိန် နည်းနည်းမြှင့်ပေးပါ"

သူက လေယာဉ်မှူးကို ပြောလိုက်သည်။ ခဏအတွင်းမှာပင် ကျွန်မတို့၏ ဟယ်လီကော်ပတာတောင်ဘက်မြက်ခင်းမှ ကြွတက်ချိန်တွင် အခန်းသည် အပူရှိန်မြင့်တက်စပြုပြီ။ ရှေ့ခန်းတွင်ထိုင်နေသော သမ္မတနှင့်သမ္မတကတော်ကို ကျွန်မ လှမ်းကြည့်သည်။ သူတို့က အသီးသီး မိန့်ခွန်းပြောစရာများကိုဖတ်လျက် သမ္မတတံဆိပ်ပါသော အပြာရောင်ခုံပေါ်တွင် မျက်နှာချင်းဆိုင်ထိုင်နေသည်။ သမ္မတ၏ ကိုယ်ရေးအရာရှိနှင့် အမျိုးသားလုံခြုံရေးအကြံပေးအရာရှိက မျက်နှာချင်းဆိုင်ခုံပေါ်တွင် ထိုင်လျက် သမ္မတခရီးစဉ် အရေးကြီးသောအချက်များကို ဖော်ပြထားသော ခရီးစဉ်စာအုပ်ကို ပြန်လည်ကြည့်ရှုနေကြသည်။ ဟယ်လီကော်ပတာ တောင်ဘက်မြင်ခင်းပြင်မှ ခွာသောအခါတွင် ကျွန်မက ပြတင်းပေါက်အပြင်ဘက်သို့ ငေးကြည့်လိုက်သည်။ မီးရောင်မှိန်ပျပျ၊ မှိတ်တုတ်မှိတ်တုတ်လက်နေသော ဝါရှင်တန်ကျောက်တိုင်ထိပ်မှ အနီရောင်မီးကို မြင်ရသည်။ ဟယ်လီကော်ပတာက တောင်ဘက်သို့သွားသောအခါ ကျောက်တိုင်နှင့် ထိခမန်းဖြစ်အောင် နီးကပ်သွားသည်။ သမ္မတလေယာဉ်မှနေ၍ သည်လောက် နီးနီးကပ်ကပ်အနေအထားမျိုးဖြင့် ကြည့်ခွင့်ရသော လူအရေအတွက်မှာ အလွန်နည်းမည်ဖြစ်ကြောင်း ကျွန်မ သတိထားမိသည်။ ဟယ်လီကော်ပတာက Tidal Basin ကို ဖြတ်ကျော်သွားသောအခါ ထိတ်လန့်လေးစားမှုနှင့် ကျေးဇူးကို အောက်မေ့ဆင်ခြင်မှုက ကျွန်မအပေါ်တွင် ဖုံးလွှမ်းနေသည်။

အင်ဒရူးလေတပ်စခန်းဆီသို့ ဦးတည်ပျံသန်းသောအခါ potomac အပေါ်သို့ ကျွန်မ ငေးကြည့်မိပြန်သည်။ သည်ခရီးစဉ်ကို အလောသုံးဆယ် ရေးဆွဲစီစဉ်လိုက်ရသည့်အကြောင်းကို ကျွန်မစဉ်းစားနေသည်။ ဂျော်ဒန်ဘုရင်ဟူစိန်နတ်ရွာစံသွားသည်။ အိမ်ဖြူတော်တွင် မကြာခဏပြောလေ့ရှိသလို "အသင်သေလျှင် ကျွန်ုပ်တို့ပျံသန်းလာမည်" ဆိုသည့်စကားအတိုင်း လေတပ်နံပါတ်-၁က သမ္မတကို ဂျော်ဒန်နိုင်ငံ အမ်မင်ရှိ နိုင်ငံတော်ဈာပနသို့ ပို့ဆောင်ပေးဖို့ ပြင်ဆင်ရတော့သည်။

သမ္မတလေယာဉ်ပေါ်တွင် သမ္မတနှင့်သမ္မတကတော်၊ အကြီးတန်းအိမ်ဖြူတော်ဝန်ထမ်းများ၊ နိုင်ငံတော်ဌာနဆိုင်ရာအရာရှိများ၊ လျှို့ဝှက်လုံခြုံရေးအဖွဲ့၊ အိမ်ဖြူတော်ဆေးအဖွဲ့ဝင်များ ပါဝင်သည်။ ဤခရီးမှာ နောက်ထပ်ဧည့်သည်တော်များကြောင့် ထူးထူးခြားခြားဖြစ်သွားပါသည်။ သမ္မတဟောင်း ဂျော့အိတ်ချ်ဒဗလျူဘွတ်ရှ် (Gorge H.W Bush) သမ္မတ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဟောင်း ဂျင်မီကာတာ (Jimmy Carter)နှင့် သမ္မတဟောင်း ဂျယ်ရယ်ဖို့ဒ် (Gerald Ford)တို့ဖြစ်ကြသည်။ သမ္မတရှေ့ဘွတ်ရှ်ကိုတွေ့ဖို့ ကျွန်မမျှော်လင့်သည်။ ၁၉၂၂ ခု အိမ်ဖြူတော်ကို ကျွန်မရောက်တော့ သူက ကျွန်မ၏ ပထမဦးစားပေးလူနာဖြစ်သည်။ သမ္မက 'ကာတာ'ကိုလည်း သမ္မတကလင်တန်၏ ခရီးတွင် အရင်ကတွေ့ခဲ့ဖူးသည်။ လွန်ခဲ့သော နှစ်အနည်းငယ်က ဝိတ်ဖောရက်စ်တက္ကသိုလ် (Wake Forest University)ရှိ စာပေဆွေးနွေးပွဲတွင် သမ္မတဖို့ဒ်နှင့်အတူ ညစာစားဖူးသည်။

အိမ်ဖြူတော်က ထွက်လာပြီး ဆယ်ငါးမိနစ်ကြာသောအခါ ကျွန်မတို့လေယာဉ်က အင်ဒရူးလေတပ်စခန်းသို့ ရောက်သည်။ သမ္မတနှင့် သမ္မတကတော်တို့က ဟယ်လီကော်ပတာ၏ ရှေ့လှေကားမှထွက်ကြသည်။ လေယာဉ်ပြေးလမ်းပေါ်မှ ကင်မရာအဖွဲ့က သမ္မတ၏ ဟယ်လီကော်ပယာရောက်ရှိပုံနှင့် ဘိုရင်း ၇၄၇ လှေကားပေါ်သို့ ဂုဏ်ပြုသိက္ခာနှင့် လျှောက်လှမ်းသွားပုံကို ဓာတ်ပုံရိုက်ကြသည်။ ထိုအချိန်တွင် ဟယ်လီကော်ပတာ၏ နောက်တွင် ဖိလစ်ပိုင်အိမ်အကူနှစ်ယောက်ဖြစ်သော ဖရက်ဆန်ချက် (Fred San Chez) နှင့် လီတိုဘော့တစ်တာ (Lito Bautista)တို့က သမ္မတနှင့် သမ္မတကတော်တို့၏ ခရီးသွားအိတ်များကို ချနေသည်။ ကျွန်မက ဆေးအိတ်၊ အရေးပေါ်နှလုံးနှိုးစက်နှင့် အိတ်ငယ်ကို ဟယ်လီကော်ပတာမှ ယူလိုက်တော့ 'ဖရက်နှင့်လီတို'၏ နောက်ကျောကို လက်ဖြင့် ပုတ်လိုက်သည်။ သူတို့က ကျွန်မကိုပြုံးပြသည်။ ကင်မရာကိုရှောင်ကွင်း၍ လေယာဉ်နောက်ဘက်လှေကားဆီသို့ ကျွန်မ ခပ်သုတ်သုတ်လျှောက်သွားသည်။

အိမ်ဖြူတော်၏ အဝေးမှာဆိုလျှင် ကျွန်မ၏အိမ်ကဲ့သို့ဖြစ်နေသော လေတပ်အမှတ်-၁ လေယာဉ်ကို ကျွန်မချစ်ပါသည်။ လေယာဉ်ရှေ့ဘက်ရှိ ဆေးဘက်ဆိုင်ရာအခန်းကို ကျွန်မသွားကာ စာနယ်ဇင်းကဏ္ဍကိုဖြတ်လိုက်တော့ အိမ်ဖြူတော်စာနယ်ဇင်းအဖွဲ့သတင်းထောက်များကို ကျွန်မ လက်ပြသောအခါ တော်တော်များများက ပြန်လည်ဖော့ယမ်းပြသည်။ သတင်း ထောက်တစ်ယောက်ကမေးသည်။

"ဒေါက်တာ…၊ ဟောဟိုက ရေကိုသောက်လို့ရလား"

"ရေသန့်ဘူးတွေ အများကြီးရှိပါတယ်" ကျွန်မက သူ့ကိုပြောသည်။ လျှို့ဝှက်လုံခြုံရေးအဖွဲ့ ထိုင်နေသောအခန်းကို ကျွန်မ ဖြတ်လျှောက်လိုက်သောအခါ လုံခြုံရေးအဖွဲ့ဝင်တစ်ယောက်က လေယာဉ်မထွက်မီ အိပ်ပျော်နေသည်ကို သတိထားမိသည်။ ဤခရီးကို ရေးကြီးသုတ်ပျာ စီစဉ်လိုက်ရသောကြောင့် လူတိုင်းက အထူးသဖြင့် လုံခြုံရေးအဖွဲ့ဝင်များအချိန်တော်တော်နောက်ကျသည်အထိ အလုပ်လုပ်ကြရသည်။ လေယာဉ်ပေါ်ရောက်သည်ဆိုသည်နှင့် သူတို့ အနည်းဆုံး ဆယ်နာရီ နားယူခွင့်ရသည်။ တချို့က ပို၍စောစောရကြသည်။

အိမ်ဖြူတော်ဝန်ထမ်းများရှိသော နောက်အခန်းသို့ ရောက်သောအခါ ရှေ့ပြေးရုံးဝန်ထမ်းထဲမှ တစ်ယောက်က

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို အိပ်ဆေးတောင်းသည်။ လေယာဉ်ပျံသန်းနေစဉ်အတွင်း ဆေးဘက်ဆိုင်ရာအခန်းထဲတွင် ကျွန်မကိုလာတွေ့ရန် သူမကို အကြံပေးလိုက်သည်။ အခန်းတစ်ခုဆီကို ဖြတ်လိုက်တိုင်း ခရီးသည်များကို ကျွန်မစိတ်ထဲတွင် ပုံဖော်ကြည့်သည်။ လေယာဉ်ပေါ်ရှိ လူအားလုံးသည် ကျွန်မအတွက် ဖြစ်လာနိုင်သော လူနာလောင်းများပင် ဖြစ်၏။

ဆေးဘက်ဆိုင်ရာအခန်းသို့ ကျွန်မရောက်တော့ လေယာဉ်ဝန်ဆောင်မှုဝန်ထမ်းချုပ် တင်မီကာဝင် (Timmy Kirwin)က ရှေ့သို့ထွက်လာသည်။

လေယာဉ်တောင်ပံရာထူးအမှတ်အသားနှင့် ရှေ့တွင် သူ၏အမည်ကို ရွှေရောင်ထွင်းထားသော ချိုင်းပြတ်အင်္ကျီ ဝတ်ဆင်ကာ ရွှင်ရွှင်လန်းလန်းရှိလျက် လေတပ်တွင် နှစ်ဆယ့်ငါးနှစ်ကျော်ပြီဖြစ်သော်လည်း သူသည် အသွင်အပြင်အားဖြင့် ငယ်ရွယ်နုပျိုနေသည်။

"ဟယ်လို… ဒေါက်တာ၊ သမ္မတသုံးဦးအပါအဝင် လေယာဉ်ပေါ်ကို အားလုံးရောက်ပါပြီ။ သူတို့သုံးဦးက အကြီးတန်း ဝန်ထမ်းအခန်းထဲမှာ ရှိပါတယ်" သူက ကျွန်မကို အောက်ဘက်ရှိ နောက်တစ်ခန်းကို မေးငေါ့ပြသည်။

"သူတို့ ဘယ်မှာအိပ်ကျမှာလဲ" ကျွန်မက မေးသည်။ လေတပ်နံပါတ်-၁ လေယာဉ်ပေါ်တွင် အိပ်ရာက တိုရှေရှားရှေးဖြစ်သည်ကို ကျွန်မသိသည်။ ရှေ့ဘက်အခန်းကြီးထဲရှိ သမ္မတ၏အခန်းတွင် အိပ်ရာနှစ်ခုရှိသည်။ တခြားအသား နားဆုံး၊ အတင့်တယ်ဆုံး အိပ်ရာရယ်ဆိုလို့ ဤဆေးဘက်ဆိုင်ရာ အခန်းထဲတွင်သာ ရှိသည်။ တစ်ယောက်အိပ်မွေ့ရာနှစ်ခု နံရံတွင် ခေါက်သွင်းထားသော အိပ်စင်ဖြစ်သည်။ ဤအိပ်ရာများမှာ စောင့်ကြည့်ရန်၊ သို့မဟုတ် ပြုစုကုသရန်လိုအပ်သော လူနာများအတွက် ထုတ်ခင်းပေးရန် အသင့်ပြင်ဆင်ထားခြင်း ဖြစ်သည်။ လူနာမရှိလျှင်တော့ ခရီးဝေးသွားသော အခေါက်များတွင် ကျွန်မ အိပ်လေ့ရှိသည်။ သို့သော် ကျွန်မအိပ်ရာအား လွတ်လပ်သော ကမ္ဘာ၏ ခေါင်းဆောင်ဟောင်းတစ်ဦးကို ပေးအပ်ရန်ဆန္ဒ ရှိပါသည်။

'တင်မီ'က ပြောသည်။ "အကြီးတန်းဝန်ထမ်းအခန်းထဲမှာ သမ္မတသုံးယောက်ကိုထားဖို့ စိတ်ကူးကြည့်တယ်"

ဤနေရာတွင် လဲလျောင်း၍ရသော ခရီးသည်ထိုင်ခုံကြီးများ ရှိပါသည်။ ဤခုံကြီးများတွင် ကျွန်မတို့၏အထူး ဧည့်သည်တော်ကြီးသုံးဦး အိပ်ဖို့ကြိုးစားနေပုံကို ကျွန်မ မြင်ကြည့်သောအခါ 'တင်မီ'က ဂုဏ်ယူစွာ ထပ်လောင်းပြောကြား လိုက်သည်။

"ကျွန်တော်မှာ ဝေါလ်မက် (Wallmart) က လိုလိုမည်မည်ယူလာတဲ့ အသစ်စက်စက် အိပ်ရာလိပ်သုံးခုလဲ ရှိပါတယ်"

'တင်မီ'က ပြုံးပြကာ သမ္မတများကို ဤကိစ္စအား အကြောင်းကြားရန်ပြေးထွက်သွားသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အိပ်ရာထဲဝင်လိုက်တော့ သန့်သန့်ရှင်းရှင်း အရပ်ရှည်ရှည် အာဖရိကန် အမေရိကန်ကပြားချောချော တစ်ယောက်နှင့် တွေ့သည်။ ရေတပ်ဒုဗိုလ် ဗင့်စ်စတပ်(Vince Starks) က ကျွန်မကို ပင်ပန်းနွမ်းနယ်စွာနှုတ်ခွန်းဆက်သည်။

"ကောင်းသောညနေခင်းပါ ဆရာမ။ လေယာဉ်ဝမ်းဗိုက်ထဲမှာ ကျွန်တော်သွေးပုလင်းတွေ ထည့်ထားပါတယ်"

ပင်လယ်ရပ်ခြားခရီးများတွင် သမ္မတနှင့်သမ္မတကတော်တို့ အရေးပေါ် လိုလိုမည်မည်ကိစ္စအတွက် သွေးများများစားစားကို အိမ်ဖြူတော်ဆေးအဖွဲ့က သယ်ဆောင်ရသည်။ လေယာဉ်ပျံသန်းနေစဉ် ဝမ်းဗိုက်ထဲတွင် သွေးများကို သယ်ဆောင်ယူနိုင်သော သေတ္တာများထဲတွင် သိုလှောင်ထားသည်။

အိမ်ဖြူတော်အကြီးတန်း သူနာပြုခြောက်ယောက်ထဲမှ တစ်ယောက်ဖြစ်သော 'ဗင့်စ်စတပ်'က အိမ်ဖြူတော်တာဝန်၏လေ့ကျင့်မှုနှင့် အကျယ်အဝန်းအတိုင်းအတာနှင့် ပတ်သက်၍ အတွေ့အကြုံ အရင့်ကျက်ဆုံးလူဖြစ်၏။ အချိန်တိုအတွင်း သိရှိလိုက်ရမှုနှင့် အထူးဧည့်သည်တော်များကြောင့် ကျွန်မက 'ဗင့်စ်'ကို ဝေဟင်မှာဖြစ်စေ၊ 'အမ်မင်'မှာဖြစ်စေ ကျွန်မကို ကူညီစေချင်သည်။

"ညအိပ်ဧည့်သည်တွေအတွက် အသင့်ပြင်လိုက်ပေတော့"

သူနှင့် ကန့်လန့်ဖြတ်ခုံတွင် ဆေးအိတ်ကိုထား၍ ဝင်ထိုင်ရင်း ကျွန်မက ပြောလိုက်သည်။

"ကျွန်တော် စဉ်းစားပါရစေဦး" သူက ပြုံးရင်းပြောသည်။ သူ၏ပုလဲလုံးများနှင့်တူသော သွားများက သူ၏ နက်မှောင်သောအသားအရေနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

"သူတို့အားလုံးက သမ္မတတွေချည်း ဖြစ်နေတယ်"

"ရပြီ" ကျွန်မ ခေါင်းညိတ်ပြသည်။ "ထူးထူးခြားခြား လုပ်လိုက်ကြရအောင်"

'ဗင့်စ်' က ကောက်ကာငင်ကာ လုပ်ကိုင်ပါတော့သည်။ နံရံမှအိပ်စင်နှစ်ခုကို ဖြန့်ချ၊ ခေါင်းအုံးများယူ၊ မွေ့ရာကိုအခင်းခင်း၊ သမ္မတတံဆိပ်၏အောက်တွင် 'သမ္မတကြီး'ဟု အမည်ရေးထိုးထားသော ကတ်ပြားသုံးခုကို အသင့်အနေနှင့် ထည့်ပေးလိုက်သေးသည်။ ကြယ်ငါးပွင့်အဆင့်ဟိုတယ်မှာကဲ့သို့ 'ဗင့်စ်'က ကျွန်မရှေ့ ကန့်လန့်ဖြတ်ရှိခုံထဲမှာနှင့် ခေါင်းအုံးတစ်ခုစီပေါ်တွင် ပရုတ်လုံးတစ်ခုနှင့်အတူ အမည်ရေးထိုးထားသော ကတ်ပြားများကို ထားလိုက်သည်။ အိမ်ဖြူတော်တွင် တာဝန်မကျမီ အရေးကြီးသောလူနာများကို စောင့်ရှောက်ရသော သူနာပြုတစ်ယောက်ဖြစ်ခဲ့သော 'ဗင့်စ်'သည် တစ်နေ့သောအခါ သူ၏တာဝန်များထဲ၌ အိပ်ရာပြင်ပေးရသော အလုပ် ပါလာလိမ့်မည်ဟု မည်သို့မျှ စဉ်းစားခဲ့မည်မဟုတ်ကြောင်း ကျွန်မ အသေအချာသိသည်။

ကျွန်မတို့ ဧည့်သည်တော်များအတွက် အခန်းကိုပြင်ဆင်ပြီးသောအခါ 'တင်မီ'က သမ္မတသုံးယောက်ဆီကိုသွား၍

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဆိုင်ရာအခန်းထဲရှိ အိပ်စင်များတွင်အိပ်ရန် ဆရာဝန်က ကမ်းလှမ်းကြောင်း ပြောလိုက်သည်။ ကမ်းလှမ်းမှုကို သူတို့က ထိုလိုလားသား ထက်သန်စွာကြိုဆိုကြသည်။ အရင်ဆုံး အထဲဝင်လာသူကတော့ 'ဂျင်မီကာတာ'ဖြစ်သည်။ သူက မြူးသွက်စွာရောက်လာသည်။ လမ်းလျှောက်ဝတ်စုံနှင့် သက်သောင့်သက်သာရှိပုံပေါ်ပြီး မျက်လုံးများက အရောင် တဖျတ်ဖျတ် တောက်နေသည်။ ရေတပ်အရာရှိဟောင်း ဖြစ်သည်။ အခန်းသို့ဝင်ရန် ခရီးဦးကြိုပြုခြင်းအားဖြင့် သူက ကျွန်မကို နှုတ်ဆက်သည်။ ကျွန်မက သူ့ကို အိပ်စင်ထဲမှ ပထမတန်းအကောင်းစား၊ ဒါမှမဟုတ် လဲလျောင်း၍ရအောင် ကုလားထိုင်ကို ယူဖို့ ပြောသည်။ သမ္မတကာတာက အောက်ဘက်က အိပ်စင်ဆီသို့တန်းသွားကာ အစွန်တွင်ဝင်ထိုင်လိုက်သည်။

"ရေငုပ်သင်္ဘောပေါ် ရောက်နေသလိုပဲ" သူက ရယ်၍ပြောသည်။

"အိပ်မက်လှလှမက်ပါစေ သမ္မတကြီး" ကျွန်မကပြောသည်။ ကျွန်မအိမ်မှာရှိစဉ် ရှားရှားပါးပါးအချိန်များတွင် ကျွန်မကလေးများကို သိပ်သောအခါ အိပ်ရာဝင်ချိန်တွင်ပြောသည့် ညဆန်သောလေသံမျိုးဖြင့် ပြောမိကြောင်း ကျွန်မကိုယ် ကျွန်မ သတိထားမိသည်။

ထို့နောက် သမ္မတဖို့ဒ် (Ford)အခန်းထဲသို့ ဝင်လာသည်။ အရပ်ရှည်ရှည် ပင်ပန်းနွမ်းနယ်နေသည့် သမ္မတကာတာက စောင်ခြုံ၍အိပ်နေသော အောက်ဘက်အိပ်စင်ကို သူ ကြည့်သည်။ ကျွန်မက သူ့ကို အပေါ်ဘက် အိပ်စင်၊ ဒါမှမဟုတ် ကျွန်မနှင့် မျက်နှာချင်းဆိုင်ခုံကို ပေးသည်။

"ကျွန်တော် ကုလားထိုင်ကိုယူမယ်။ နောက်ကို လှဲလိုက်ရတာက သက်သောင့်သက်သာပိုရှိတယ်"

ကျွန်မတို့က သမ္မတဖို့ဒ်ကို စောင်တစ်ထည်ပေးကာ မီးကိုမှိန်ပေးလိုက်သည်။

သမ္မတဘွတ်ရှ်(Bush)က အိပ်ရာဝင်ချိန်တာဝန်အတွက် သတင်းပို့ရန် နောက်ဆုံးရောက်သည် ဖြစ်သည်။

"ကျွန်တော် ခင်ဗျားနှင့်အတူ အိပ်ပါရစေ ကော်နီ" သူက ကျီစယ်၍ မျက်စိမှိတ်ပြသည်။

"သမ္မတကြီး ပျော်ရွှင်ဖို့အတွက် အမှုထမ်းနေတာပါ သမ္မတကြီး" ကျွန်မက ပြောလိုက်သည်။ သူက ကျွန်မတွေ့ဖူးခဲ့သော ပထမဆုံးသမ္မတဖြစ်ပြီး ကျွန်မနှလုံးသားထဲတွင် အထူးနေရာကို ယူထားသည်။

အဲဒီနောက် ကျွန်မက သူ၏ အိပ်ခန်းဝတ်ဖိနပ်ကို ငုံ့ကြည့်သည်။ ဖိနပ်ပေါ်တွင် သမ္မတတံဆိပ်ထိုးထားသည်ကို သတိပြုမိသည်။

"ဖိနပ်က လှတယ်"ဟု ကျွန်မကပြောသည်။

"အဲဒါနဲ့ပတ်သက်လို့ ကျွန်တော်ကို ဒုက္ခရောက်အောင် မလုပ်ပါနဲ့"

"အဲဒီလို လူနောက်တွေက" သူက သမ္မတ'ကာတာ'နှင့် 'ဖို့ဒ်'ကို မေးငေါ့ပြသည်။ "ကျွန်တော့်ဖိနပ်နဲ့

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး ကျွန်တော်ကို နောက်ပြောင်နေကြတာ'' ကျွန်မတို့နှစ်ယောက်စလုံး ရယ်သည်။

''သူတို့က မနာလိုလို့ဖြစ်မှာပေါ့'' ကျွန်မက သူ့ကို အသေအချာ ပြောလိုက်သည်။ သူကပြုံးသည်။

''ကျွန်မတို့သမ္မတကြီးအတွက် အပေါ်အိပ်စင်ကို ထားပါတယ်'' ''အပေါ်တက်ဖို့ အကူအညီလိုပါသလား''

''မလိုပါဘူး''သမ္မတဘွတ်ရှ်က 'ဗင့်စ်'ကို ငဲ့ကြည့်သည်။ သူက သမ္မတကို ကူညီရန်အသင့်ရှိသည်။ အသက်ခုနစ်ဆယ့်ငါးနှစ်အရွယ် သမ္မတဟောင်းကြီးသည် အိပ်ပျော်နေသော သမ္မတကာတာကို အနှောင့်အယှက်မဖြစ်အောင် သတိထား၍ အောက်ဘက်အိပ်စင်ပေါ်တွင် ခြေထောက်ကိုချသည်။ ထို့နောက် အပေါ်ဘက်အိပ်စင်ပေါ်သို့ရောက်အောင် သူ့ကိုယ်သူ မတင်သွားသည်။ သူက စောင်ကိုဆွဲယူလိုက်ကာ မကြာမီ သမ္မတဆိုင်ရာ အိပ်မက်နိုင်ငံသို့ ရောက်ရှိသွားလေတော့သည်။

ကျွန်မက မီးကို နောက်ထပ်မှိန်လိုက်ကာ ကြမ်းပြင်ကမီးကိုသာ လင်းအောင်လုပ်ထားလိုက်ပြီး ခုံပေါ်မှာပြန်ထိုင်သည်။ 'ဗင့်စ်'က ကျွန်မရှိနေသော ခုံပေါ်တွင် နေသားတကျဖြစ်ကာ မကြာမီအိပ်ပျော်သွားသည်။ ညဉ့်နက်လာသောအခါ ကျွန်မမှာ အိပ်၍မရသောပြဿနာ ဖြစ်လာသည်။ လေတပ်နံပါတ်-၁ လေယာဉ်နှင့် ခရီးသွားတိုင်း ကျွန်မ မကြာခဏ ဤကဲ့သို့ ဖြစ်တတ်သည်။ တခြားလူများအိပ်ပျော်နေစဉ် ကျွန်မက ကျွန်မထိုင်ခုံတွင် လုပ်စရာရှိသည်များကို တွက်ချက်ချိန်ဆရင်း နိုးနေတတ်သည်။ ကျွန်မတို့ 'အမ်မင်'တွင် မဆင်းသက်မီ ပြင်ဆင်စရာရှိသည့်စာရင်းကို စိတ်ထဲက ပြန်လည်စဉ်းစားနေမိသည်။ ဤခရီးမှာ ဘုရင်၏ ရုတ်တရက်ကွယ်လွန်မှုကြောင့် နောက်ဆုံးအချိန်အထိ ပြင်ဆင် စီစဉ်လိုက်ရသည်ဖြစ်သည့်အတွက် ထုံးစံအတိုင်း လပေါင်းများစွာ အချိန်ယူ၍ပြင်ဆင်လေ့ရှိသော သမ္မတ၏ပြည်ပခရီးစဉ်ကို နာရီပိုင်းအတွင်းမှာပင် ဖြစ်အောင်စီစဉ်လိုက်ရသည်။ အကြီးတန်း အိမ်ဖြူတော်ဆေးဝန်ထမ်းကို နှစ်ဆယ့်လေးနာရီအတွင်း 'အမ်မင်'သို့လွှတ်လိုက်ပြီဖြစ်၏။ သမ္မတမကျန်းမာ၊ အနာတရရှိခဲ့သည်ဖြစ်သော် တင်ပေးရန် ရွေးချယ်ထားသောဆေးရုံကို သူ စစ်ဆေးရန်ဖြစ်သည်။ အိမ်ဖြူတော်ရှေ့ပြေးဝန်ထမ်းများက 'အမ်မင်'တွင် နှစ်ရက်ကြိုတင်၍ ရောက်နှင့်နေသည်။ ကံကောင်းထောက်မ၍ သူတို့ အထဲက ရေကြောင့်သော်လည်းကောင်း၊ ဒေသအစားအစာကြောင့်သော်လည်းကောင်း နေထိုင်မကောင်းမဖြစ်ကြပေ။ ဆေးဝန်ထမ်းက လေတပ်နံပါတ်-၁ လေယာဉ်ရောက်လျှင် လာကြို၍ ကျွန်မ၊ 'ဗင့်စ်'နှင့်အတူ မော်တော်ယာဉ်တန်းတွင် စီးနင်း လိုက်ပါလိမ့်မည်။ အရေးပေါ်ကိစ္စဖြစ်လျှင် ကျွန်မတို့သုံးယောက်က သမ္မတကို ကြည့်ရှုပြုစုရန်ဖြစ်သည်။ သို့သော် သမ္မတကတော်၊ သို့မဟုတ် သမ္မတဟောင်းများနှင့် ပတ်သက်သော ကျန်းမာရေးကိစ္စများကိုလည်း ကျွန်မတို့ တာဝန်ယူရသည်။ ကျွန်မက သမ္မတဘေးမှခွာ၍မရဘဲ 'ဗင့်စ်'နှင့် ကျန်းမာရေးဝန်ထမ်းများက တခြားဒဏ်ရာရလူနာများကို ကြည့်ရှုရမည်ဆိုသည့် အချက်ကိုတော့ နားလည်ထားကြသည်။ ကျွန်မအမှောင်ထဲတွင် ထိုင်လိုက်သောအခါ ယင်းဖြစ်စဉ်မြင်ကွင်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



များက ကျွန်မစိတ်ထဲ အစီအရီဝင်လာသည်။

အခန်းပတ်ပတ်လည်ကို ကျွန်မကြည့်လိုက်သောအခါ လိမ္မော်ရောင်ဖျော့ဖျော့ ကြမ်းပြင်မီးအိမ်များ၏ အရောင်မှိန်မှိန်ကို ကျွန်မမြင်ရသည်ကတော့ စောင်များထဲတွင် ကွေးနေလျက် ညင်ညင်သာသာ ဟောက်သံထွက်နေသော အသက်ကြီးပိုင်း နိုင်ငံတော်ခေါင်းဆောင်သုံးဦး၏ အရိပ်များပင်ဖြစ်၏။ အေးမြသောဖေဖော်ဝါရီညချမ်းတွင် သူတို့ကို စောင့်ကြည့်နေသူများကတော့ အာဖရိကန် အမေရိကန်ကပြား ယောက်ျားသူနာပြုနှင့် ဖိလစ်ပိုင်အမေရိကန်အမျိုးသမီးသမားတော် ကျွန်မပင်ဖြစ်သည်။ နာရီအနည်းငယ်ကြာသောအခါ သမ္မတကလင်တန်က ကျွန်မတို့အခန်းထဲသို့ ခေါင်းပြူကြည့်သည်။ သူ၏ထူးထဲလှိုင်းထနေသော ငွေရောင်ဆံပင်က အနည်းငယ် ထိုးထိုးထောင်ထောင် ဖြစ်နေသည်။ နာရီပေါင်း အတော်ကြာငြိမ်လာခဲ့သောကြောင့် မျက်ရစ်အိမ်များက ပိုမိုပေါ်လွင်နေသည်။ သူက သူ၏အိပ်နေသော ဧည့်သည်တော်များကို တစ်ချက်ကြည့်ကာ ကျွန်မကိုပြုံးပြသည်။ ကျွန်မ သူ့ကိုဘာမှမပြောဘဲ ခေါင်းညိတ်ပြသည်။ ရုံးအလုပ်ကိစ္စ ဖိစီးမှုများရှိနေစေကာမူ သမ္မတကလင်တန်သည် အမြဲတမ်းကြည်သာရွှင်ပျသော အိမ်ရှင်ဖြစ်သည်။ သူကိုယ်တိုင် နာရီအနည်းငယ်မျှလောက် မအိပ်စက်မီ သူ၏ ဧည့်သည်တော်များကို အဆင်ပြေမပြေ ကြည့်သည်။

သူ ထွက်သွားပြီးနောက် 'ဗင့်စ်'က ပခုံးတွန့်၍ရှိုးလာသည်။ သူ၏ ပထမပင်ကိုအသိက ကျွန်မတို့ဧည့်သည်တော်သုံးဦးကို စိုးရိမ်စိတ်ဖြင့်လှမ်းကြည့်ဖို့ဖြစ်သည်။ ကျွန်မ မျက်လုံးမှိတ်ကာ…

"သူတို့ အဆက်မပြတ် အသက်ရှူနေတာသေချာပစေနော်" ဟု ကျွန်မက သူ့ကိုတိုးတိုးပြောသည်။

"သူတို့ အဆက်မပြတ်မသက်ရှူနေစေခြင်း" သည် ကျွန်မ ကိုးနှစ်လုံးလုံး တစ်နေ့မှာနှစ်ဆယ်လေးနာရီ ပြည်တွင်းမှာရော၊ ပြည်ပမှာပါလုပ်ရသောအလုပ်ဖြစ်ပါသည်။ သမ္မတ၏သွေးခုန်နှုန်းကို ထိန်းသိမ်းသူတစ်ယောက်အဖြစ် ကျွန်မ ဘယ်လိုဖြစ်လာပါသလဲ။ အမေရိကန်ပြည်ထောင်စု၏ သမ္မတဆရာဝန်ဖြစ်လာရန် နဂိုထဲက ကျွန်မမှာ ရေးကံကြမ္မာ အဆက်ရှိခဲ့ပါသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အိမ်ဖြူတော်သမားတော် ဖြစ်လာသောအခါ ထိုအဖြစ်၏ နောက်ပိုင်းတွင် ကျွန်မ၏ဘဝသည် လုံးဝ အရင်လို မဟုတ်သည့် မယုံကြည်နိုင်စရာ ခရီးတစ်ခုကို ကျွန်မ နင်းလိုက်ရပါတော့သည်။ တကယ်တော့ အိမ်ဖြူတော်တွင် မည်သည့်နေရာတွင် မဆို အမှုထမ်းဖူးသူ အများစုသည် သူတို့၏ ဘဝဇာတ်ကြောင်းကို အိမ်ဖြူတော်နှစ်များမတိုင်မီနှင့် အိမ်ဖြူတော်နှစ်များပြီးနောက်ဟူ၍ ခွဲခြားပြောလိုကြသည်။ ကျွန်မကလည်း သူတို့နှင့် ဘာမျှမထူးပါ။ တစ်ခုတည်းသော ထူးခြားမှုမှာ ကျွန်မကို ခန့်အပ်ခံရလိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့ခြင်းပင် ဖြစ်သည်။ ကျွန်မသည် အရည်အချင်း ပြည့်မီပါလျက်၊ ထည်ဝါခိုင်လုံသော အထောက်အထားလက်မှတ်များရှိသည့် ရေတပ် တပ်မှူးတစ်ယောက် ဖြစ်ပါလျက်နှင့်ပင် ဤစစ်ဘက်ဆိုင်ရာ တာဝန်ခန့်အပ်မှုသည် အဆက်အသွယ် ပတ်သက်ရာ ပတ်သက်ကြောင်းများနှင့် ဆက်စပ်မှုများ ရှိနေသေးသည်။ ကျွန်မသည် ဖိလစ်ပိုင်လူမျိုး ဧည့်ခံကျွေးမွေးရေး တာဝန်ခံတစ်ယောက်၏ သမီးဖြစ်ပါသည်။ ကျွန်မမှာ ဘာအခွင့်အရေးရှိခဲ့သလဲ။

## အခန်း-၂

## တာဝန်ထမ်းဆောင်ဖို့ ကြမ္မာအဆက်

၁၉၉၁ ခုနှစ်၏ ဆောင်းကာလဖြစ်၏။ ရေတပ်တွင် ကျွန်မ တာဝန်ထမ်းဆောင်လာခဲ့သည်မှာ ဆယ်နှစ်ရှိပြီဖြစ်ပြီး 'စင်ဒီရယ်ဂို (San Diego)'ရှိရေတပ်ဆေးရုံတွင် အခြေချ တာဝန်ထမ်းဆောင်နေသည်။ အနောက်ကမ်းခြေ (West Coast) ပေါ်တွင် အကြီးဆုံးဆေးရုံများထဲမှ တစ်ခုဖြစ်သည်။ ဆေးရုံကို လှပသော (Balboa Pork)ထဲတွင် တည်ထားသည်။ ပျားပန်းခပ် လှုပ်ရှားနေသော အဓိကဆေးဗဟိုဌာန ဖြစ်သည်။ ထိုနေရာတွင် ဌာနတွင်းဆေးဌာနသည် 'စင်ဒီရယ်ဂို (San Diego)၏ ကျယ်ပြန့် လှုပ်ရှားသောတာဝန်နှင့် စစ်မှုထမ်းဟောင်းလူထု၏ စိန်ခေါ်မှုကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အဆက်မပြတ်ရင်ဆိုင်နေရသည်။ ကျွန်မသည် တပ်ခွဲဌာနမှူးဖြစ်သကဲ့သို့ ဌာနတွင်းဆေးခန်း၏ ဒါရိုက်တာလည်းဖြစ်သည်။ ကျွန်မ၏နေ့ရက်များမှာ ရှည်လျား၍ အလုပ်များပြားလှသည်။ နံနက်(၇)နာရီခွဲတွင် နံနက်ပိုင်းအစီရင်ခံစာများနှင့် စတင်သည်။ ၎င်းကို ကျွန်မတို့က "နံနက်ပိုင်းအစွပ်"ဟုခေါ်သည်။ လူငယ်ဆေးဝန်ထမ်း အလုပ်သင်ဆရာဝန်များသည် ညပိုင်းက ပြဿနာကိုတင်ပြလာသောအခါ သူတို့၏ကုသမှု၊ အရေးပေါ်လုပ်ငန်းစဉ် စသည်တို့ကို တင်ပြခွင့်ပြုသည်။ ၎င်းကို အကြီးတန်းဝန်ထမ်းက နံနက်ပိုင်း ရှင်းလင်းပြောဆိုမှုများ လုပ်ပေးသည်။ သူတို့က မည်သည့်ရောဂါရှာဖွေမှုက လွဲချော်နေသည်၊ မည်သည့်စမ်းသပ်မှုကို လုပ်သင့်သည် စသည်တို့နှင့် ပတ်သက်၍ ပို့ချမည်။ ဤနေရာသည် သင်ကြားရေးဆေးရုံဖြစ်ပြီး ကျွန်မတို့ဌာနမှ ဌာနတွင်းဆေးကုသမှုတွင် သေချာစေစပ်သော ဌာနအစီအစဉ်တစ်ခုရှိသည့်အတွက် ပြောဆိုဆွေးနွေးသုံးသပ်မှုများကြောင့် ဆူဆူညံညံဖြစ်လာသောအခါ သဘော်ပေါ် လှသူလက်နက်ပြောင်းရွှေ့၍ ဆူသလိုလို မဆူညံရအောင် ကျွန်မတို့က ဆူညံမှုကို အနည်းဆုံးဖြစ်အောင် ထိန်းထားသည်။

တစ်နာရီကြာသောအခါ ကျွန်မအဖွဲ့နှင့် ဆေးရုံကိုလှည့်လည်စစ်ဆေးမည်။ ထို့နောက် ဆေးခန်းသို့ပြန်ကာ သက်ကြီးရွယ်အိုအနားယူသွားသော လူနာတစ်ပုံတစ်ခေါင်းကြီးနှင့် သူတို့၏ နှစ်ပတ်လည် ဆေးစစ်ချက်များကိုကြည့်မည်။ ရောဂါများမှာ ဆီးချို၊သွေးတိုး၊နှလုံးသွေးကြောဆိုင်ရာ ရောဂါများ၊ သွေးပြန်ကြောဆိုင်ရာရောဂါ၊ စိတ်ကျရောဂါနှင့် နာတာရှည်ရောဂါ အမျိုးမျိုးဖြစ်သည်။ ၎င်းတို့မှာ အလုပ်ရှုပ်သောဌာနတွင်း ဆေးကုသမှုလုပ်ငန်းကို သရုပ်သကန်ဖြစ်သည်။ ထို့နောက် ဌာနခွဲခေါင်းဆောင်တစ်ယောက်အတွက် အုပ်ချုပ်မှုစီမံရေးဆိုင်ရာ စာရွက်စာတမ်းရုံးလုပ်ငန်းများဖြစ်သည်။ ဌာနမှူး တစ်ယောက်အတွက် မဆုံးနိုင်သော အစီရင်ခံစာများဖြစ်သည်။ ကျွန်မ ဆရာဝန်လုပ်ရသောအလုပ်ကိုချစ်၍ စားပွဲထိုင်သော အလုပ်ကိုမုန်းသည်။ ကျွန်မ၏နေ့ရက်များက ရှည်လျားလှချေသည်။ ညနေ ၆ နာရီ ကျွန်မ အိမ်ပြန်ရောက်သောအချိန်တွင် ကျွန်မ ခြေကုန်လက်ပန်းကျနေပေပြီ။ သို့သော် ကျွန်မဒုတိယတာဝန်ပိုင်းက ရှိသေးသည်။ ဆာလောင်မွတ်သိပ်နေသော သားနှစ်ယောက်နှင့် လင်တော်မောင်။ သို့သော် ကျွန်မသားများက သူတို့အဘိုးအဘွား၏ အောက်ထပ်နှစ်ခန်းတွင်နေရသည်ကို ပျော်ရွှင်ကြသည်။ ကျွန်မယောက်ျားက ဂုဏ်သိက္ခာရှိသော ဥပဒေအဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ယောက်ဖြစ်ပြီး သူ့အလုပ်ကို နှစ်ခြိုက်သည်။ ကျွန်မအနေနှင့်ကသာ ပိုမိုစိန်ခေါ်လာသော တစ်စုံတစ်ခုကို ရင်ဆိုင်ချင်ကာ ဇယ်ဆက်သလို လုပ်ကိုင်နေရသည်။

ကျွန်မ တကယ်ခံယူထားသော ဘဝတွင် တစ်ခုခုကတော့ အသေအချာ လွဲချော်နေသည်။ သူတို့ပြောကြသလို ကျွန်မက လောကကြီးကိုတက်နေသည်။ သို့သော် အမိန့်နှင့်တာဝန်ယူရမှုများက သင်္ဘောပေါ်တွင် လူလက်နက်များ ရွှေ့ပြောင်းခြင်းနှင့် စစ်ဖြစ်နေသောနေရာတွင် ရောဂါသတ်မှတ်ခြင်းလောက် စိတ်လှုပ်ရှားဖွယ်မကောင်းပေ။ ယင်းမှာ ဌာနတွင်းဆေးဝါး

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကုသရေး၏ ဖြစ်ရိုးဖြစ်စဉ်သဘာဝဖြစ်နိုင်ပါသည်။ ကျွန်မက အရေးပေါ်လူနာခန်းသို့ ပြောင်းရွှေ့ချင်နေတာ ဖြစ်ချင်ဖြစ်မည်။ သို့သော် ဖိစီးမှုက ကျွန်မရင်တွင်းတွင် ဖြစ်တည်လာသောအခါ စိတ်ဝင်စားဖွယ်တစ်စုံတစ်ရာ စတင်ဖြစ်ပေါ်လာပါသည်။ နောက်ပိုင်း ကျွန်မသဘောပေါက်လိုက်သည်မှာ ယင်းသည် ကျွန်မ စိတ်တထင့်ထင့်နှင့် ဝေဝါးနေခြင်းသာ ဖြစ်သည်။ ဆေးရုံတွင် နေ့ရှိသရွေ့ ဟယ်လီကော်ပတာစက်သံကို ကျွန်မကြားနေရမည်။ ဟယ်လီကော်ပတာက လမ်းပေါ်ရှိရပ်သည့်နေရာမှ ပြန်တက်ရန်လုပ်သည့်အခါတွင် ဖြစ်သည်။ ပန်ကာမှဝင်ရိုး တဝုန်းဝုန်းမြည်ကာ ပျံတက်ဖို့အသင့်ဖြစ်နေသည်။ ဟယ်လီကော်ပတာ ကျွန်မကိုခေါ်နေသည်ဟု ကျွန်မခံစားရသည်။ ဆေးဘက်ဆိုင်ရာဟယ်လီကော်ပတာက ကျွန်မ မိတ်ဆွေဟောင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ "ဆင်ဂလီပွိုင့် (Sangley Point)" ရေတပ်ဆေးရုံတွင် ကျွန်မ သုံးရက်သမီးအရွယ်တွင် ကျွန်မရောဂါက သည်းလာသည်။ ဆရာဝန်များ ကျွန်မကို ဟယ်လီကော်ပတာနှင့်သယ်၍ ကလပ်ဖီး (Clark Field)လေတပ်စခန်းသို့ပို့ကာ မွေးကင်းစကလေးစောင့်ရှောက်ရေးအဖွဲ့သို့ ခေါ်သွားသည်။ ထိုဟယ်လီကော်ပတာခရီးက ကျွန်မ အသက်သခင်ပင်ဖြစ်သည်။ ယခု စင်ဒီရယ်ဂို (San Diego) ရှိ လေတပ်စခန်း၌ ဟယ်လီကော်ပတာက ကျွန်မဘဝတွင် အထင်အရှား ပေါ်လာသည်ကို ကျွန်မ စိတ်မလှုပ်ရှားနိုင်တော့ပေ။ ကျွန်မကိုခေါ်သွားသော ဟယ်လီကော်ပတာမှာ "မရင်းဝမ်း (Maringe One) ဖြစ်သည်ကို ကျွန်မ မသိခဲ့ပါ။

အပြောင်းအလဲကို ကျွန်မ တောင့်တသောအခါ ရေတပ်တွင် ကျွန်မ တာဝန်ထမ်းဆောင်မှုသည် ပြီးဆုံးသလောက်နီးပါးရှိပြီကို ကျွန်မ စဉ်းစားသည်။ အမေရိကား၏ စစ်ဆေးကျောင်းဖြစ်သည် Uniformed Services University School of Medicine မှ ၁၉၈၁ ခု ဘွဲ့ရတစ်ယောက်အနေနှင့် ကျွန်မက ခုနစ်နှစ် ပြန်လည် တာဝန်ထမ်းဆောင်ပေးရသည်။ ၁၉၉၁ ခုနှစ်တွင် ရေတပ်တာဝန်မှ ပြီးဆုံး၍ အဝေးတစ်နေရာတွင်နေကာ လှုပ်လှုပ်ရှားရှားတာဝန်များမှ ကင်းလွတ်ခွင့်ပေးသည်။ အဓိပ္ပာယ်မှာ ကျွန်မသည် ရေတပ်မှ ထွက်ခွင့်ရတော့မည်။ ကျွန်မကို ဘာဝတ်ရမည်၊ ဘာလုပ်ရမည်၊ ဘာပြောရမည်ဟုပြောမည့် စည်းမျဉ်းဥပဒေ မရှိတော့ပြီ။ ရေတပ်ဘဝသည် ကျွန်မသိသမျှ အကုန်ဖြစ်ဆိုတော့ ယင်းသည် ကျွန်မအတွက် ရုတ်ခြည်းအပြောင်းအလဲ ဖြစ်သည်။ ကျွန်မအဖေသည် စစ်မှုထမ်းတစ်ယောက် ဖြစ်သည်။ ကျွန်မဘဝကို ရေတပ်ဆေးရုံတွင် စတင်ခဲ့ပြီး ရေတပ်ငယ်မွေးခြံပေါက်အဖြစ် ကြီးပြင်းလာခဲ့သည်။ နှစ်နှစ်တစ်ခါ၊ သုံးနှစ်တစ်ခါ ကျွန်မ ခင်ပွန်းလောင်းနှင့် အချိန်းအချက်လုပ်၍ ပြောင်းရွှေ့ရသည်။ သူက ရေတပ်အရာရှိလောင်း ဖြစ်သည်။ ကျွန်မက စစ်ဆေးကျောင်းသို့ တက်ရောက်သောအခါ သူက ရေတပ်အရာရှိဖြစ်လာသည်။ ကျွန်မသည် သင်္ဘောကို ခုန်ကျော်ရန် အသင့်ဖြစ်ပြီလား။

ဆုံးဖြတ်ချက်ချရန် ကျွန်မ အချိန်တော်တော်ကြာစဉ်းစားသည်။ ကျွန်မယောကျ်ားက ဒီကိစ္စအတွက် အခရာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကိုယ်ပိုင်သီးခြားဘဝတွင် ကျွန်မသည် အချိန်ပြည့် မိခင်နှင့်ဇနီးတစ်ယောက်ဖြစ်နိုင်သည်။ ကျွန်မတို့ကို နောက်ထပ်တာဝန် ခရီးတစ်ခုက ခြိမ်းခြောက်လာမည်မဟုတ်သောကြောင့် ကျွန်မတို့၏ချစ်လှစွာသော စင်ဒီရယ်ဂို(San Diego)မှ ရွှေ့ပြောင်းရတော့မည်။ ပမ်းစပရင်(Palm Springs)ရှိ ကျွန်မယောက်ျား၏ ဥပဒေအဖွဲ့ အနားယူစခန်းတွင် ရုံးပိတ်ရက်နှစ်ရက် အနားယူစဉ်းစားလိုက်ပြီးနောက် တစ်ခုသော တနင်္လာနေ့နံနက်တွင် အလုပ်သွားကာ အုပ်ချုပ်ရေးရုံးခန်းထဲသို့ ကျွန်မ ဝင်ချသွားသည်။ လှုပ်လှုပ်ရှားရှားတာဝန်မှ ထွက်ဖို့အတွက် စာရွက်စာတမ်းများကို ကျွန်မ တောင်းဆိုသည်။ ယင်းထွက်ခွင့်မှာ တစ်နှစ်အတွင်း သက်ရောက်မှုအတည် ဖြစ်သည်။ စာရွက်စာတမ်းများကို ကြည့်ရှုရန် ကျွန်မ ရုံးခန်းသို့ ယူသွားသည်။

ကျွန်မစားပွဲတွင်ထိုင်၍ ပုံစံများကိုကြည့်လိုက်သောအခါ ကျွန်မစာရွက်စာတမ်းများသည် ကွာရှင်းပြတ်စဲရေးစာချုပ်စာတမ်းများလို ဖြစ်နေသည်ကို ကျွန်မ သဘောပေါက်သည်။ ကျွန်မသည် ရေတပ်နှင့်ကွာရှင်းပြတ်စဲတော့မည်။ ထိုအချိန်နောက်ဘက်တွင် ဆေးရုံလေယာဉ်ဆင်းသည့်နေရာမှ ပေါ်ထွက်လာနေသော ဟယ်ရီကော်ပတာ၏ ခြောက်လှန့်သံကို ကြားနေရသည်။ တဗီဗီထွက်ပေါ်နေသော Pager မှ အသံကြောင့် ကျွန်မ အာရုံပျက်သွားသည်။ ဒစ်ဂျစ်တယ် Pager များမတိုင်မီ ဆေးရုံတွင် အသံကြားရသောစက် ထားရှိသည်။ အသံမှာ တစ်ပြိုင်တည်းထဲ ဆူညံရှုပ်ထွေးနေသောကြောင့် ကျွန်ကိရိယာများ သီးခြားအနောင့်အယှက်ပေးသည်။

ကျွန်မ၏ Pager မှစာသားကို ကျွန်မမြင်ရသောအခါ ကျွန်မနှလုံးက အခုန်ရပ်သွားသည်။

"ကွန်မင်ဒါ မာရီယာနီ ကျေးဇူးပြု၍ ကပ္ပတိန်မီတပ်စ် (Mitas)ကိုခေါ်ပါ STAT" ဤခေါ်ဆိုမှုသည် ဟယ်လီကော်ပတာစက်သံနှင့် တစ်နည်းနည်းဖြင့် ဆက်စပ်နေပုံရသည်။ Pager က မှုန်ဝါးသွားသောအခါ ဟယ်လီကော်ပတာအသံက ပျောက်သွားသည်။ ရေတပ်၏ များစွာသော လေ့ကျင့်ရေးနေရာများထဲမှ တစ်ခုတွင် မြို့၏ တခြားနေရာ၌ ကျွန်မ၏ပါဝင်မှုကို လိုအပ်နေသော အရေးပေါ်အခြေအနေတစ်ခု ရှိနေတာ ဖြစ်ကောင်းဖြစ်မည်။ ဤကဲ့သို့ ကျွန်မ ချက်ချင်းလက်ငင်း စောင့်ရှောက်မှုကို လိုအပ်နေသော လူနာအတွက် စိတ်ပူပန်မိနေစဉ် နံနက်ပိုင်းမှာပင်ဖြစ်စေ ဟယ်လီကော်ပတာဖြင့် ထွက်ခွာသွားရမည်ကို ကျွန်မ ဝမ်းသာမိသေးသည်။

ကပ္ပတိန်ဂျွန်အေမီတပ်စ်-၂ (Captain John A.Mitas II )သည် ဌာနတွင်း ဆေးကုသရေးဥက္ကဋ္ဌနှင့် ကျွန်မ၏ အထက်လူကြီးဖြစ်၏။ ကပ္ပတိန်က ပြဿနာတစ်ခုနှင့် ပတ်သက်၍ ကျွန်မကိုခေါ်နေမှန်း ကျွန်မ သေချာသလောက် နီးပါးသိသည်။ ဒီတစ်ခါ ဘာဖြစ်ပြန်ပြီလား၊ အငယ်တန်း ဆေးဝန်ထမ်း အလုပ်သင်ဆရာဝန်က လေကားမှာ သူနာပြုမတစ်ယောက်ကို နမ်းနေတုန်း မိသွားတာလား၊ ဆေးခန်းတွင် စီစဉ်ထားသလို ဖြစ်မလာသည့် ကိစ္စလား၊ အရေးပေါ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လူနာခန်းတွင် တန်းစီစောင့်နေသော ရေတပ်ဗိုလ်ချုပ်ကတော်ထံမှ မကျေနပ်ချက်လား၊ မည်သို့ပင်ဖြစ်စေ နံနက်ပိုင်း ကျွန်မကို လာခေါ်မည်။ ဟယ်လီကော်ပတာက ပေါ်မလာပါ။ ကျွန်မက သူ၏ရုံးခန်းသို့ ဖုန်းဆက်သည်။ သူ့အတွင်းရေးမှူးက ကျွန်မကို သူနှင့် ချိတ်ဆက်ပေးသည်။

ကပ္ပတိန်၏အသံက ပြေပြေပြစ်ပြစ်ဖြစ်ပြီး သူ့စကားလုံးများက ခပ်ပြတ်ပြတ်ပင် ဖြစ်၏။

"ကော်နီ၊ ငါ သည်နေ့ ဝါရှင်တန်ကလာတဲ့ သတင်းတွေကို ကြည့်နေတာ၊ ငါစိတ်ဝင်စားသွားတဲ့ ထူးထူးခြားခြား သတင်းတစ်ပုဒ် ရှိတယ်။ အိမ်ဖြူတော်သမားတော်နေရာအတွက် ရေတပ်က ခြောက်ယောက်ရာထားပေးဖို့ အိမ်ဖြူတော် တပ်ဖွဲ့ဝင်တွေက တောင်းဆိုနေတယ်။ နှစ်-နှစ် တာဝန်ထမ်းဆောင်ရမှာ ဖြစ်တယ်။ အရည်အချင်းတွေကို ကြည့်လိုက်တော့ မင်းဟာ အကောင်းဆုံး ယှဉ်ပြိုင် အရွေးခံမယ့်သူ ဖြစ်လိမ့်မယ်လို့ ငါထင်တယ်။ ငါ မင်းကို နာမည်စာရင်းသွင်းချင်တယ်"

ကျွန်မ နှလုံးခုန်နှုန်းက ပုံမှန်အနေအထားသို့ ကျသွားသည်။ ဤအရာသည် ငြိမ်းသတ်ရန် နောက်ထပ်စီမံအုပ်ချုပ်ရေးဆိုင်ရာ မီးတောက်မဟုတ်၍ သက်သာရာရလျက် ကပ္ပတိန် ကျွန်မကိုပြောသည့်ကိစ္စကို အာရုံစိုက်လိုက်သည်။

"ကျေးဇူးတင်ပါတယ်… ကပ္ပတိန်" ကျွန်မက ပြန်ပြောသည်။

ရေတပ်မှ ကျွန်မ ထွက်မည်ဆဲဆဲ လုပ်နေသည့်ကာလမှာ သူက အချိန်ကိုက်ပြောသည်ကို အံ့အားသင့်နေသည်။

"ကျွန်မ အဲဒီရာထူးကို တစ်ခါမှမကြားဖူးဘူး"

"တော်တော်များများ မကြားဖူးကြဘူး။ ဒါကို လူတွေ စိတ်မဝင်စားအောင် တမင်လျှို့ဝှက်ထားတာ။ လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုစီဖြစ်တဲ့ ခြေမြန်၊ရေတပ်၊လေတပ်က အိမ်ဖြူတော်ဆေးအဖွဲ့မှာ တာဝန်ထမ်းဆောင်ဖို့ သမားတော်တွေပို့ပေးတယ်။ စစ်ဆရာဝန်တွေ၊ သူနာပြုတွေ၊ ပီအေတွေ၊ ဆေးဝန်ထမ်းတွေပေါင်းပြီး အိမ်ဖြူတော်ဆေးအဖွဲ့ရယ်လို့ ဖြစ်လာတာ။ သူတို့ရဲ့တာဝန်က သမ္မတ၊ ဒုတိယသမ္မတနဲ့ သူတို့မိသားစုတွေကို စောင့်ရှောက်ဖို့ဖြစ်တယ်။ အိမ်ဖြူတော်ဝင်းအတွင်းမှာရှိတဲ့ စစ်ဘက်ဝန်ထမ်းတွေကို ကြည့်ရတယ်။ ဆရာဝန်တွေက သမ္မတနဲ့အတူလိုက်နေရတော့ ဒီအလုပ်က ခရီးတော်တော်များများ သွားဖို့အကြောင်း ဖြစ်နေတယ်"

ကပ္ပတိန် 'မီတပ်စ်'က စကားပြောတာကို ခဏနားလိုက်သည်။

"ပြီးတော့ မင်းက ခရီးသွားတာကို ဘယ်လောက်မုန်းတယ်ဆိုတာ ငါသိတယ်"

အမှန်မှာ လုံးဝဆန့်ကျင်ဘက်ဖြစ်ကြောင်း သူ ကောင်းကောင်းသိပါသည်။

"ကျွန်မကို ပင်လယ်ထဲကို ပြောင်းပေးလိုက်တာ သတိရသေးတယ်" ကျွန်မက ပြောသည်။

"ဆရာက နိုင်ငံခြားဆိပ်ကမ်းတွေမှာရှိနေတုန်း ကျွန်မက သင်္ဘောဝန်ထမ်းတွေကို တာဝန်ယူရတာလေ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရေတပ်တွင် ကျွန်မ၏ အကောင်းဆုံးအချိန်ဖြစ်သော USS Prairic ဖျက်သင်္ဘောပေါ်တွင် သင်္ဘောဆရာဝန်အနေနှင့် နှစ်နှစ်လုပ်ခဲ့သည့်အကြောင်းကို သတိသွားရမိသည်။

"သိပ်ကောင်းတဲ့အလုပ်ပါ ကပ္ပတိန်။ ဒါပေမဲ့ အဲဒီမှာ ကျွန်မထက်တော်တဲ့လူတွေက အများကြီးရှိမှာ သေချာတယ်"

"ကော်နီ၊ လိုအပ်တဲ့အချက်အလက်တွေကို နားထောင်ပါဦး" ကပ္ပတိန်ကဖတ်ပြသည်။

"ဌာနတွင်းဆေးကုသရေးမှာ သင်္ဘောပေါ်တက်ခွင့်လက်မှတ်၊ သင်္ဘောပေါ်မှာနဲ့ ရွှေ့ပြောင်းအတွေ့အကြုံ၊ ဆေးခန်းဆိုင်ရာ အမြင့်ဆုံးဖြတ်နိုင်မှု၊ ပေါင်းသင်းဆက်ဆံရေးစွမ်းရည်၊ ခေါင်းဆောင်မှုအရည်အချင်း၊ လုံခြုံရေးရှင်းလင်းမှုနှင့် ပတ်သက်၍ အနီးကပ်ဆုံးမိသားစု ဖော်ပြစရာရှိသည်ကို ထိမ်ချန်ခြင်းမပြုရ။ "ဒီတော့ မင်းက ပြောစရာမရှိတဲ့ ယှဉ်ပြိုင်အရွေးခံသူဖြစ်မှာ"

"ဆရာ၊ ကျွန်မ ဂုဏ်ယူဝမ်းမြောက်ပါတယ်။ ဒီအကြောင်းကို ဆရာ့ဆီ ပြန်သတင်းပို့ပါရစေ။ ကျွန်မဆရာ့ကို အဖြေမပေးခင် ကျွန်မယောကျ်ားကို စကားပြောကြည့်သင့်တယ်"

"ဟုတ်တာပေ့ါ။ မင်းရှေ့နေနဲ့ တိုင်ပင်ပါဦး" သူက အားမလိုအားမရပြောသည်။

"စင်ဒီရယ်ဂို" မြို့ထဲရှိ ရစ်ချတ်ကို ကျွန်မ ဖုန်းလှမ်းဆက်သည်။ သူ ဘယ်လို ချက်ချင်းတုံ့ပြန်မည်ကို ကျွန်မ မျှော်လင့်ထားသည်။

"ဘာ…၊ မင်းရူးနေလား။ အရှေ့ဘက်ကမ်းခြေကို ငါတို့ ဘာကြောင့်ပြန်ပြောင်းရမှာလဲ၊ ပူကပူ၊ စိုစွတ်စွတ်နဲ့ လူတွေကလည်းရှုပ်မှရှုပ်၊ မက္ကဆီကို အစားအစာကောင်းကောင်းလေးတောင် မရှိဘူး၊ ဒီမှာက ငါတို့အိမ်ရှိတယ်။ ကျောင်းတက်နေတဲ့ကလေးတွေ၊ ငါတို့မိသားစုက ဒီမှာနေတာလေ။ ဘာပဲဖြစ်ဖြစ် အလုပ်ထွက်ဖို့ မင်းလက်မှတ်ထိုးတော့ မယ်လို့ ငါထင်ခဲ့တာ"

သူ၏အကြောင်းပြချက်က လက်တွေ့ကျသည်။ သို့သော် သိပ်တိုးတက်စေလိုသောသဘောတော့မရှိ။ သူ၏ တုံ့ပြန်ချက်ကို နားထောင်ကြည့်တော့ ဘာလိုအပ်နေသည်ကို ကျွန်မ သဘောပေါက်သည်။ ကျွန်မက စိတ်ဓာတ်ကွန့်မြူး တက်ကြွချင်သည်။ တစ်နေ့တာ၏ မျှော်မှန်းချက်အလားအလာများ၏ နိူးဆွမှုနှင့် နံနက်တွင် အိပ်ရာမှထချင်သည်။ စိတ်မပါလက်မပါ သမာရိုးကျဆက်ဆံရေးဖြင့် ပျင်းရိမနေချင်။

" ကျွန်မ မသိဘူး။ အလုပ်က စိတ်လှုပ်ရှားစရာပဲ။ ရှင့်ရဲ့နေ့စဉ်လုပ်နေကျ အလုပ်နဲ့မတူဘူး"

ကျွန်မပြန်ပြောလိုက်တော့ ရစ်ချတ်ငြိမ်ကျသွားသည်။ သူ အသက်ပြင်းပြင်းရှူလိုက်သံကို ကြားရသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံအလုပ်နှင့်ပတ်သက်၍ သူ ဘယ်လိုခံစားရသည်ကို ကျွန်မသိသည်။

"မင်းရနိုင်တယ်လို့ မင်းထင်လို့လား" သူက ပိုမိုနူးညံ့စွာပြောပါသည်။

"ရှင်… နောက်နေတာလား"

ရစ်ချတ်က ရယ်သည်။ "တကယ်လို့ အပယ်ခံရရင်တောင်မှ ကိုယ်ရေးရာဇဝင် ကောင်းကောင်းတစ်ခုတော့ ရေးဖြစ်တာပေါ့" ကျွန်မက တစ်ခုခုပြောမိတော့မလို ဖြစ်သွားသည်။ အဲဒါက ရစ်ချတ်ဖြစ်သည်။ အမြဲတမ်း လက်တွေ့ဆန်သူဖြစ်သည်။

"ကျွန်မ စဉ်းစားပါရစေဦး" ကျွန်မဖုန်းကိုချ၍ ကုလားထိုင်တွင် ပြန်ထိုင်သည်။ အလုပ်က ထည်ဝါခံ့ညားလှလေးစားသည်။ သို့သော် ကျွန်မဟာ ရေတပ်မှာ နှစ်နှစ်ကြာအောင် တကယ်ပဲနေချင်ခဲ့တာလား၊ နုတ်ထွက်သည့်စာရွက်စာတမ်းများ ကျွန်မဖြည့်စွက်နေသောနေ့မှာပင် ဒီကိစ္စဖြစ်လာသည်မှာ စိတ်ဝင်စားဖို့ကောင်းနေသည်။ ကျွန်မက ထ၍ ပြတင်းပေါက်ဆီသို့ လျှောက်သွားကာ ဟယ်လီကော်ပတာရပ်သည့်နေရာကို ငေးကြည့်သည်။ ဟယ်လီကော်ပတာက နေရာရွှေ့ထားတုန်းပင်ဖြစ်၏။ တယ်လီဖုန်းမြည်သံ လာသည်။ ရစ်ချတ်ဖြစ်သည်။

"ဟေး…၊ ငါစဉ်းစားနေတာ အဲဒီအလုပ်က မင်းနဲ့ထိုက်တန်ပါတယ်။ ရေတပ်အလုပ်ကထွက်သွားဖို့ သိပ်ကောင်းတဲ့နည်းလမ်းပေါ့။ ကိုယ်ရေးရာဇဝင် ရေးပြီးသားရတဲ့အပြင်ကို ပြောတာ" သူက ရယ်သံနှင့်အတူပြောသည်။

"ရှင်ပြောတာမှန်တယ်။ အမြောက်နှစ်ဆယ့်တစ်ချက်ဖောက်ပြီး ကြိုဆိုပါတယ်။ နောက်ကျောထဲ စိမ့်ခနဲဖြစ်လာကာ ကျွန်မ ခဏရပ်လိုက်သည်။

"ကပ္ပတိန်ကို ထည့်လိုက်ဖို့ပြောမယ်"

■

အိမ်ဖြူတော်က အကြောင်းကြားသောအခါ လူတိုင်းက ထခုန်ကြသည်။ အိမ်ဖြူတော်ဝန်ထမ်း ရာထားမှုအတွက် အုပ်ချုပ်ရေးယန္တရား ချောမွေ့ပြေပြစ်အောင် အလုပ်လုပ်တာမျိုး ကျွန်မ တစ်ခါမျှမမြင်ဖူးပေ။ နာမည်စာရင်း ပေးသွင်းမှုပြီးသည့် ရက်အနည်းအတွင်းတွင် စာရွက်စာတမ်းများကို ပြင်ဆင်ရန် ကျွန်မ လုံခြုံရေးအရာရှိနှင့် တွေ့သည်။ အိမ်ဖြူတော်တွင် လူတွေ့စစ်ဆေးဖို့ကို ဒီဇင်ဘာလတွင် သတ်မှတ်လိုက်သည်။

ကျွန်မက လူတွေ့စစ်ဆေးမှုအတွက် ပြင်ဆင်နေစဉ်တွင် 'ရစ်ချတ်'က ကျွန်မ၏ဆရာဖြစ်လာမည့် သူကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စာပေအားဖြင့် ရှာဖွေသည်။ ကျွန်မ၏ ဆရာဖြစ်လာမည့်သူမှာ 'ဂျေ၊ဘာတွန်လီသုံး (J.Burton Lee III) ဖြစ်ပြီး သမ္မတဂျော့ဒ်ဗလျူဘွတ်ရှ်၏ ကိုယ်ရေးသမားတော်ကြီး ဖြစ်သည်။ ဒေါက်တာလီသည် သမ္မတ၏ သမားတော်အဖြစ် နိုင်ငံရေးဆိုင်ရာ ခန့်အပ်မှုကို ကိုင်စွဲထားသည်။ ကျွန်မ ဤအလုပ်ကိုရလျှင် ဆရာလီသည် ကျွန်မ၏ဆရာဖြစ်မည်။ အိမ်ဖြူတော်သို့ ကျွန်မ သွားရောက်စဉ်အတွင်း သူက ကျွန်မကို လူတွေ့စစ်ဆေးမည်။

အရင်က ဒေါက်တာလီ လူတွေ့စစ်ဆေးမှု လုပ်ခဲ့သည့် အကြောင်းများကို ကျွန်မသတင်းစာထဲတွင် ဖတ်ဖူးသည်။ လူတွေ့ စစ်ဆေးမှုများမှ ကျွန်မ သိလိုက်သောလိုအပ်ချက်များက ကျွန်မကို ဒုက္ခပေးတော့သည်။ ဒေါက်တာလီသည် စစ်တပ်အတွင်းမှဖြစ်စေ၊ စစ်တပ်အပြင်မှဖြစ်စေ အမျိုးသမီးသမားတော်ကို ဦးစားမပေးဟူသော သဘောထားကို သိလိုက်ရခြင်း ဖြစ်ပါသည်။

ဒေါက်တာလီအပေါ် ကျွန်မ၏ အရင်ဦးဆုံးအမြင်ကို ရစ်ချတ်အား ပြောပြသောအခါ…

"အိုး… သိပ်ကောင်းတာပေါ့၊ အဲဒီသဘောထားနဲ့ မင်းတို့နှစ်ယောက်ကတော့ သိပ်အဆင်ပြေဦးမှာ" သူက ခဏရပ်ပြီး ဆက်ပြောသည်။

"ဒါပေမဲ့ ငါတို့ပြောခဲ့သလို၊ အဲဒါကိုယ်ရေးရာဇဝင်ရေးဖို့ သက်သက်မဟုတ်လား၊ မင်း ဒီအလုပ်ကို ဘယ်နည်းနဲ့မှ မျှော်လင့်နေမှာ မဟုတ်ပါဘူး"

ဒီဇင်ဘာလတွင် အိမ်ဖြူတော်သည် မှော်ရုံတောဆန်ဆန် လှပသောနေရာတစ်ခု ဖြစ်သည်။ ကြမ်းပြင်ကို အရောင်မျိုးစုံ တောက်ပသော တန်ဆာများ ခင်းကျင်းထားသည်။ အိမ်တော်အဆောက်အအုံကို ဖြတ်ကျော်သွားသော အိမ်ဖြူတော်ဧည့်သည်များသည် သစ်ပင်များ၊ အမွှမ်းအမံအပြင်အဆင်များကို ငေးမောကြည့်ကြသည်။ ဧည့်သည်လှုတန်းကြီးတစ်လျှောက် လမ်းတွင် ဂီတပညာရှင်များက ရိုးရာခရစ္စမတ်သီချင်းများကို တီးမှုတ်နေကြသည်။ အိမ်တော်ဝန်ထမ်းများက ညနေဘက် အားလပ်ရက်ပါတီပေးဖို့အတွက် ခပ်သုတ်သုတ်သွားလာနေကြသည်။ အိမ်ဖြူတော်သည်ပျားအုံကဲ့သို့ အသံတွေမြည်နေသည်။ ကက်သလစ်တစ်ဦးအနေဖြင့် မွေးဖွားကြီးပြင်းလာသောကြောင့် ကျွန်မသည် ခရစ္စမတ်ပွဲများကို အထူးသဖြင့် ဆောင်းရာသီပွဲများကို ချစ်သည်။ အိမ်ဖြူတော်၏ ပထမဦးဆုံး လက်ခံကြိုဆိုမှုကြောင့် ကျွန်မ အနည်းငယ် တွေဝေသွားသည်။ အေးတိအေးစက်နှင့် နိုင်ငံရေးဆန်မည်ဟု ကျွန်မ မျှော်လင့်ခဲ့သည်။ သို့သော် နွေးထွေးလိုက်လှဲ၍ အလွန်လှုသားဆန်သော ဥတုရာသီထဲသို့ ကျွန်မ လျှောက်လှမ်းဝင်နေမိသည်။ ကျွန်မ မျှော်လင့်ထားသည်ထက် ပို၍ ဖော်ဖော်ရွေရွေ ရှိနေသည်။

သမ္မတအိမ်တော်ကိုလည်ပတ်ရတာ ဒီတစ်ခါ ကျွန်မအတွက် ဒုတိယအကြိမ်ဖြစ်၏။ ပထမဦးဆုံး အိမ်ဖြူတော်တွင်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မခြေချခဲ့သည်မှာ မီးဖိုချောင်တံခါးမှ တစ်ဆင့်ဖြစ်သည်။ ကျွန်မအဖေ၏ ဝမ်းကွဲညီအစ်ကို မာစီယာနို 'ရော့ကီမာရီယာနို' က သမ္မတဂျွန်အက်ဖ်ကနေဒီ၏ အိမ်တော်အကူအနေနှင့် ၁၉၆၀ လွန်နှစ်များတွင် အိမ်ဖြူတော်၌ ပင်တိုင်ခန့်ထားသော ရေတပ်ချက်ပြုတ်ကျွေးမွေး ဧည့်ခံရေးမှူး ဖြစ်သည်။ ထိုအချိန်တွင် ကျွန်မအဖေက 'အေနာကိုစီတာ'(Anacosita) အနီး ရေတပ်နယ်မြေ (Navy Yard)ရှိ ရေတပ်ဗိုလ်ချုပ်၏ အဆောင်တွင်ရှိနေသည်။ ကျွန်မ တတိယဆင့်ကျောင်းသူဘဝတွင် အဖေက ဦးလေးကို အိမ်ဖြူတော်တွင်လည်ပတ်ဖို့ စီစဉ်ပေးရန်ပြောသည်။ ဦးလေးက သူ့မိန်းမဒိုင်း (Diane)အား ကျွန်မတို့မိသားစုကို အိမ်ဖြူတော်ဝင်းထဲသို့ လိုက်ပို့ခိုင်းသည်။ ကျွန်မတို့က ဧည့်သည်များနှင့်အတူ မဝင်ရပါ။ နောက်ဖေးတံခါးမှ မီးဖိုချောင်ဝန်ထမ်းများနှင့်အတူ ဝင်ရသည်။

ရှစ်နှစ်သမီးအရွယ် အိမ်ဖြူတော် ငယ်မွေးခြံပေါက်တစ်ယောက်အနေနှင့် သမ္မတအိမ်တော်သို့ ပထမဆုံးအကြိမ်ခြေချပြီး နှစ်သုံးဆယ်အကြာတွင် ဘဝတစ်သက်တာ အလုပ်အတွက် လူတွေ့စစ်ဆေးခံရန် အပြာရင့်ရောင် ဆောင်းတွင်းယူနီဖောင်းကိုဝတ်ဆင်လျက် ရေတပ်တပ်မှူးတစ်ယောက်အနေနှင့် ကျွန်မ ပြန်လာသည်။ ဘယ်လိုမှရနိုင်စရာ အခွင့်အလမ်းမရှိဟု ကျွန်မ ယုံကြည်သောအလုပ် ဖြစ်သည်။

ကျွန်မမှာ မိန်းမကလည်းဖြစ်ပြန်၊ အသားအရောင်ကလည်းကွဲပြား၊ အရပ်ကလည်းနိမ့်နိမ့်ဖြစ်သောကြောင့် အင်္ဂလိပ်အနွယ်၊ စစ်အကယ်ဒမီမှ ဘွဲ့ရ နိုင်ငံကလပ်အသင်းဝင်စ ပုံသေကားချပ်ဖြစ်နေသော အိမ်ဖြူတော်ဆရာဝန်နှင့် ကျွန်မက မတူပေ။ ကျွန်မကိုခန့်ဖို့ ဆုံးဖြတ်ချက်ကို မျိုးကြီးရိုးကြီး အရာရှိကြီးအများစုက ဆုံးဖြတ်မည်ဖြစ်၏။ ကျွန်မကိုတွေ့ဆုံမှုသည် ဆေးအဖွဲ့သမိုင်းတွင် အတိုတောင်းဆုံးသော နောက်ဆုံး လူတွေ့စစ်ဆေးမှု ဖြစ်ပေလိမ့်မည်။

ပထမအဆင့် ရှောရှောရှူရှူ ဖြစ်သွားသည်။ စစ်ဘက်လုံခြုံရေးအရာရှိနှင့် တွေ့သည်။ သူကထဲတွင် ကျွန်မ လုံခြုံရေး ပြစ်မှုကင်းရှင်းကြောင်းအတွက် အချက်အလက်များ မေးမြန်းသည်။ ကျွန်မ၏ဦးလေးသည် သမ္မတကနေဒီအတွက် အလုပ်လုပ်ခဲ့သည်ဆိုသောကြောင့် သူက ကျွန်မအပေါ် ထူးထူးခြားခြား အမြင်ကောင်းသွားသည်။ ထို့နောက် ကျွန်မကို အိမ်ဖြူတော်ဆရာဝန်များက မေးမြန်းကြသည်။ ယင်းတို့အဖွဲ့မှာ ခြေမြန်တပ်မှုဗိုလ်မှူး Larry Mahr ၊ လေတပ်ဒုဗိုလ်မှူးကြီး Tom Koroscil ၊ လက်ရှိ ရေတပ်သမားတော် Al Roberts ကျွန်မစစ်မှုထမ်းဘဝတွင် ဤအရာရှိကြီးများကို တစ်ယောက်မျှ မမြင်ဖူးချေ။ စင်ဒီရယ်ဂို (San Diego) ရှိ ရေတပ်ဆေးရုံမှ မိတ်ဆွေများကတစ်ဆင့် အယ်လ်ရောဘတ် (Al Robert) အကြောင်းကို သိသည်။ အိမ်ဖြူတော်သို့မလာမီ သူသည် သွေးပြန်ကြောနှင့် အထူးအရေးကြီးသည့် ကုသမှုများကို လေ့ကျင့်ပေးသည်။ ထိုနေ့က လူတွေ့စစ်ဆေးခံသည့် တခြား အရွေးခံမည့်သူများထဲမှ တစ်ယောက်မှာ 'အယ်လ်ရောဘတ်'၏ မိတ်ဆွေတစ်ယောက်ဖြစ်ကြောင်းကိုလည်း ကျွန်မကြားသည်။ ကောင်းပါတယ်၊

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို ကျွန်မက ဘယ်လိုယှဉ်ပြိုင်လို့ ရပါ့မလဲ။ သူက သူ့မိတ်ဆွေကို အလုပ်ရမည်ဟု ကတိများ ပေးပြီးပြီလားဟုပင် ကျွန်မ စဉ်းစားသည်။ ဒါကတော့ အရင်က အိမ်ဖြူတော်တွင် သမားတော်များကို ရွေးချယ်ခဲ့ပုံနှင့် ပတ်သက်၍ ကောလာဟလဖြစ်နေတာ အစဉ်အလာတစ်ခု ဖြစ်သည်။ လက်ရှိ တာဝန်ထမ်းဆောင်နေသော ဆရာဝန်က သူ့မိတ်ဆွေ ၏နာမည်ကို စာရင်းသွင်းပေးကာ သူ အရွေးချယ်ခံရအောင် ကြိုးစားပေးသည်။ အားကောင်းချက်နှင့် အရည်အချင်းကိုသာ အခြေခံလိမ့်မည်ဟု ယုံကြည်မိတာ ကျွန်မ ဘယ်လောက် အလိုက်နလိုက်ပါသလဲ။ အပေါင်းအသင်း အဆက်အသွယ် ပေါ်မူတည်၍ အလုပ်ရကြသော ဝါရှင်တန်ဒီစီ ဖြစ်သည်။

"သင်သည် ဘယ်သူ့ကိုမှမသိလျှင် သင် ဘာကောင်မှမဟုတ်ချေ"

ကျွန်မသည် ထင်ရှားသည့် အဆက်အသွယ်မရှိ၍ သည်နေရာကိုမရနိုင်ဟု ယုံကြည်လျက်နှင့်ပင် လူတွေ့စစ်ဆေးမှုကို ဝင်ခဲ့သည်။ မိတ်ဟောင်းဆွေဟောင်းမရှိ၊ နိုင်ငံရေးနှင့်ဆိုင်သော အဆက်အသွယ်မရှိ၊ ကျွန်မက ဘယ်သူလဲ၊ ရေတာပ်ဧည့်ခံ ကျွေးမွေးရေးမှူးတစ်ယောက်၏ သမီးဖြစ်သည်။ ကျွေးမွေးရေးမှူးဆိုသည်မှာ ဘာလဲ၊ သင့်အား ငြိမ်ငြိမ်သက်သက် စားသောက်ဖွယ်များ တည်ခင်းပေးသော၊ အဝတ်လျှော်၊ အိမ်ကိုသန့်ရှင်းပေးသော၊ သဘောကောင်းပြုံးနေတတ်သည့် ဖိလစ်ပိုင်လူမျိုး အမျိုးသားများဖြစ်သည်။ သူတို့သည် ကျွန်မ၏ အရင်းအမြစ် ကျွန်မ၏လူများဖြစ်သည်။

အိမ်ဖြူတော်ဆရာဝန်များ စဉ်းစားနေသည်ကို ကျွန်မ မကြားနိုင်ပါသည်။ "အိုကေ··· ကျွေးမွေးရေးမှူးရဲ့သမီး၊ မာရီယာနိုကိုလွှတ်လိုက်"ဟူ၍ဖြစ်သည်။

ထိုသို့ခေါင်းထဲတွင် တရစ်ဝဲဝဲစဉ်းစားရင်း ဧည့်ခန်းထဲတွင် ကျွန်မထိုင်နေစဉ်မှာ "နောက်တစ်ယောက်အတွက် ကျွန်တော်အသင့်ဖြစ်ပြီ"ဟူသော ရင်ထိတ်ဖွယ်ယောကျ်ားအသံက ကပ်လျက်ရှိ ရုံးခန်းထဲမှပေါ်ထွက်လာသည်။

"အယ်လ်ရောဘတ်"(Al Roberts)က အိမ်ဖြူတော်မြေညီထပ်ရှိ ဆရာဝန်ရုံးခန်းထဲသို့ ကျွန်မကိုလိုက်ပို့သည်။ အိမ်ဖြူတော်ဆရာဝန်သုံးဦးနှင့် လူတွေ့စစ်ဆေးမှု ကျွန်မပြီးခဲ့ပြီ၊ နောက်ဆုံး လူတွေ့စစ်ဆေးမှုနှင့်ဆုံးဖြတ်ချက်ချဖို့က ဒေါက်တာ ဂျေဘာတွန်လီ-၃ (J.Burton Lee III) လက်ထဲတွင်ရှိသည်။

■

ကျွန်မ ဒီမှာရောက်နေကြောင်း 'ရောဘတ်'က အခန်းထဲသို့ ခေါင်းပြူ၍ပြောလိုက်သည်။ နွမ်းနယ်စွာဖြင့် ကျွန်မကရှေ့ရုံးခန်းထဲတွင် ငြိမ်သက်စွာစောင့်နေသည်။ ထိုနေရာတွင် အတွင်းရေးမှူးက ကျွန်မကို ကိုယ်ချင်းစာနာစွာဖြင့် ပြုံးပြသည်။ ကျွန်မကို လူတွေ့စစ်ဆေးခြင်းဖြင့် သူတို့တွေက ရရှိသော အဓိကမဟုတ်သည့် အမှတ်များကိုကြည့်နေသည်ဟု

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သူမက ထင်နေမှာသေချာသည်။ ရုံးခန်းက အိမ်ဖြူတော်၏ မြေညီထပ်သို့ပွင့်နေသည်။ တစ်ဖက်တွင် ဒုတိယထပ်သို့တက်သော စက်လှေကားရှိသည်။ ဒုတိယထပ်မှာ သမ္မတနှင့်သမ္မတကတော်တို့၏ ကိုယ်ပိုင်လမ်းများရှိသည်။

အယ်လ်ရှောဘတ်က တံခါးဝတွင်ရပ်နေသည်။ ကျွန်မ၏ လူတွေ့စစ်ဆေးမှု တစ်နေကုန်တစ်လျှောက်လုံး သူသည် ကြင်ကြင်နာနာ၊ စိတ်ရင်းမှန်မှန် ကြည်သာရွှင်ပြလျက် အံ့ဩစရာကောင်းသည့် အိမ်ရှင်တစ်ယောက်ဖြစ်ပါသည်။

"ကျွန်တော့်မှာ သူမရဲ့ စစ်ဘက်မှတ်တမ်းတွေ ပါမလာဘူး ဒေါက်တာလီ၊ အလုပ်အမှုဆောင်ဟောင်းဆေးခန်းရုံးခန်းမှာ ကျန်ခဲ့ပါတယ်။ အဲဒီမှာ စစ်မှတ်တမ်းတွေကို လက်ခံတာပါ။" သူက ဒေါက်တာလီကို ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး" ကျယ်လောင်သောအသံက ဖြတ်ပြောသည်။ "ကျွန်တော် မှတ်တမ်းတွေမလိုဘူး။ ကျွန်တော်အာသာ ကျွန်တော်ဆုံးဖြတ်မှာ"။ ထို့နောက် စားပွဲပေါ်သို့ စာအုပ်များကဲ့သို့အရာများ ပစ်ချသံကြားရသည်။

"အထဲကိုလွှတ်လိုက်" သူ့ရုံးခန်းထဲမှ သူကအော်လိုက်သည်။

'အယ်လ်'က နောက်သို့လှည့်၍ ကျွန်မကို တောင်းပန်သလိုဟန်ဖြင့် တစ်ချက်ကြည့်ကာ အထဲသို့ဝင်ဖို့လက်ပြသည်။

"ကျေးဇူးတင်ပါတယ် ကွန်မင်ဒါ၊ ရှင်က သိပ်အကူအညီပေးတာပဲ"

ဆရာဝန်၏အခန်းထဲကို ဝင်သွားတော့ ကျွန်မက အသက်ပြင်းရှူကာ တိတ်တိတ်ဆုတောင်းသည်။ (ဒါဟာ အကာယ်ပဲ ဖြစ်တော့မယ်ဆိုရင် အတိတ်နိမိတ် တစ်ခုခုပြပါ)

ဒေါက်တာလီသည် အရပ်ရှည်ရှည်၊ ရုပ်ချောချော အဆင့်အတန်းရှိသည့် လူတစ်ယောက်ဖြစ်၏ အထက်တန်းအရိုးအနွယ်၊ အရာရာကို တတ်သိနားလည်သည်။ လွန်ခဲ့သောနှစ်များစွာကပင် အိမ်ဖြူတော်နှင့် အဆက်အသွယ်ရှိသည်။ သမ္မတမိသားစုကို ပထမနာမည်ခေါ်နိုင်လောက်အောင် ရင်းနှီးသည့် အိမ်ဖြူတော်ရှိလူအနည်းငယ်ထဲမှ တစ်ယောက်ဖြစ်သည်။

"ဒေါက်တာမာရီယာနိုလို့ ကျွန်တော် ယူဆပါတယ်" သူက လက်ကိုဆန့်တန်းပေးကာ သံခင်းတမန်ခင်းဆန်ဆန်ပြုပြသည်။ လက်ဆွဲနှုတ်ဆက်နေစဉ် သူက ကျွန်မကို ခြေဆုံးခေါင်းဆုံး အကဲခတ်သည်။

"ဒေါက်တာလီ၊ ကျွန်မ ဒီနေရာကိုရောက်တာ ဂုဏ်ယူပါတယ်" ကျွန်မက အဖြေတစ်ခုရှာရင်း သူ့ကိုမော့ကြည့်ကာ ပြန်ပြောလိုက်သည်။ အဲဒီနောက် ကျွန်မ ပြုံးစရာတစ်ခုကို တွေ့သွားသည်။

(အတိတ်နိမိတ်တစ်ခုပြပါ။) ပလာစတာတစ်ခု၊

သူ၏နဖူးပေါ်တွင် ရိုးရိုးသာမန်ပလာစတာတစ်ခု ကပ်ထားသည်။ ကျွန်မကလေးများ ဒူးပြဲလျှင် ကပ်ပေးသော

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အရာဖြစ်သည်။ ဒေါက်တာလီ၏လေသံက တစိမ်းဆန်သည်။ အပြောဆိုးသော လူများ၏နောက်ကွယ်တွင် နူးညံ့သော နှလုံးသား ရှိတတ်သည်။ သူ အမူအရာဖြင့် ကျွန်မကို မလိုလားဟု မယူဆသင့်ကြောင်း ဤလက္ခဏာကပြောနေသည်။

ထို့နောက် အသွင်အပြင်က သံခင်းတမန်ခင်းမှနေ၍ တွေ့ဆုံမေးမြန်းရေးသို့ ပြောင်းသွားသည်။

"ထိုင်ပါ" သူ၏စားပွဲရှေ့က ခုံတစ်ခုကိုညွှန်ပြရင်း ဒေါက်တာလီက အော်ပြောသည်။

(ဟုတ်ပြီ) ဟု ကျွန်မစိတ်ထဲတွေးလိုက်ပြီး သူကထိုင်ပါဟု ပထမဆုံးပြောသည်ကိုစောင့်ရင်း ကျွန်မစိတ်ထဲက ပြောမိသည်။ (ဒါပေမဲ့ မင်းနေရာကို မင်းရောက်လာပြီပဲ။)

ကျွန်မ၏ စစ်မှုထမ်းကာလတစ်လျှောက်တွင် မောက်မာသောလူများကို တွေ့ခဲ့ဖူးသည်။ တော်တော်များများက ကျွန်မကို နှိပ်ကွပ်ကြသည်။ မကြာခဏ ခါးသီးမှုကိုရင်စီးခံရတော့မလို ဖြစ်ခဲ့ရသည်။ အများစုမှာ အပြောကြမ်းတမ်းသလောက် နှလုံးသားလည်း မာကျောသောကြောင့်ဖြစ်သည်။ (ဒီလူကတော့ အဲဒီလိုမျိုးမဟုတ်ပါဘူး။ အပိုတွေမလုပ်မိစေနဲ့။)ဟု ကျွန်မကိုယ်ကျွန်မပြောသည်။

ကျွန်မက စိတ်ဆိုးမနေပါ။ စိတ်မဆိုးသည့်အပြင် တည်ငြိမ်နေသည်။ ကျွန်မနေပုံက 'ချင်' ကမ္ဘာ့ဌာနီးထိုင်သလို နီးပါးဖြစ်နေသည်။ သည်နေရာတွင် ကျွန်မ ဆုံးရှုံးစရာ ဘာမျှမရှိပါ။ ပိုကောင်းသည်မှာ ကျွန်မကို အတိတ်နိမိတ်တစ်ခုခု ပြထားပြီးဖြစ်၍ အဖြေကို ကျွန်မ စောင့်ရုံပင်ဖြစ်သည်။

စစ်ထုံးစံအတိုင်း အထက်အရာရှိ အရင်ဆုံးထိုင်တာကို ကျွန်မစောင့်နေကြောင်း ဒေါက်တာလီ သတိထားမိသည်။ အရပ်သားတစ်ယောက်ဖြစ်စေကာမူ စစ်စည်းကမ်း ဓလေ့ထုံးစံဆက်ဆံမှုကို သူနှစ်သက်သည်မှာ ထင်ရှားသည်။ သည်အချက်က သူ့အပေါ်သက်ရောက်မှုရှိသွားကြောင်း ကျွန်မမြင်ရသည်။ သို့သော် မိန်းမသားတစ်ယောက်မှာ သည်လိုစရိုက်မျိုး ရှိလိမ့်မည်ဟု သူ မျှော်လင့်ထားပုံမရပါ။ ဒေါက်တာလီထိုင်ပြီးမှ ကျွန်မ ထိုင်လိုက်သည်။

" ခင်ဗျား ဒီအလုပ်ကို ဘာကြောင့်လိုချင်တာလဲ" သူ့အသံက ဟိန်းထွက်လာသည်။ သူသည် ဝေ့ဝေ့ဝိုက်ဝိုက် ပြောနည်းကို ကြိုက်သူမဟုတ်ပေ။

သူ၏ တုတ်ထိုးအိုးပေါက်ပြောချလိုက်သည်ကို သဘောပေါက်ရန် ကျွန်မက နောက်သို့အသာမှီ၍ထိုင်လိုက်သည်။ ကျွန်မက စိတ်နှင့်မာန်နှင့် မတုံ့ပြန်ပါ။ သို့သော် ခြောက်လကျော် ဤကဲ့သို့ လူတွေ့စစ်ဆေးမှုကိုမျှော်မှန်းခဲ့ရသည့် အကြောင်းက ကျွန်မရင်ထဲ ပြည့်လျှံလာသည်။ ကျွန်မက ရှေ့သို့ကိုင်း၍ သူ့ကို သေသေချာချာကြည့်နိုင်သော အနေအထား ကို ချိန်လိုက်သည်။

"ဒေါက်လာလီ"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးကလင့်အိစ်ဝုဒ် (Clint Eastwood) ဟန်အတိုင်း ကျွန်မက ပါးစပ်ကိုတင်းတင်းစေ့၍ ပြောလိုက်သည်။

"ဒါဟာ ပြန်လည်ပေးဆပ်ရမယ့်အချိန် ဖြစ်ပါတယ်"

သည်စကားက သူ့ကို အငိုက်ထိသွားသည်။ သူ ကြောင်အမ်းအမ်းဖြစ်သွားသည်။ နောက်တော့မှာ 'ဟာ' ဟု အသံထွက်လာသည်။

"ဒီတိုင်းပြည်ကို ကျွန်မ ပေးဆပ်စရာတွေ တစ်ပုံတစ်ခေါင်းကြီး ရှိပါတယ်"

ပြင်ဆင်၍ တမင်လုပ်ထားသော အသံမဟုတ်ဘဲ နှလုံးသားထဲမှ ပြောသလို ကျွန်မပြောလိုက်သည်။

"ကျွန်မအဖေဟာ ဖိလစ်ပိုင်မှာ ဆင်းရဲသားတစ်ယောက်ပါ။ ဒါပေမဲ့ မာနနဲ့စိတ်နေစရိုက်တော့ ရှိပါတယ်။ သူ့ကို လက်ခံတဲ့အတွက်ကြောင့် ၁၉၄၀ ပြည့်နှစ်မှာ အမေရိကန်ရေတပ်ကို သူ ဝင်ခဲ့တယ်။ ရေတပ်ကသူ့မိသားစုကို တောဒီအမေရိကန်ပြည်ထောင်စုမှာ အလွန်ကောင်းမွန်တဲ့ ဘဝကိုပေးခဲ့တယ်။ ကျွန်မရဲ့မောင်၊ ညီအစ်မနဲ့ ကျွန်မတို့ဟာ အဆင့်မြင့်ကျောင်းတွေမှာ ပညာသင်ခွင့်ရတယ်။ ရေတပ်က ကျွန်မကို ဆေးကျောင်းမှာထားပေးတယ်။ ကျွန်မအဖေနဲ့ကျွန်မမှာ ဒီတိုင်းပြည်ရဲ့ကျေးဇူးတွေ အများကြီးရှိပါတယ်။ တကယ်လို့များ ကျွန်မဟာ ကျွန်မရဲ့တပ်မှူးအတွက် ဆရာဝန်တစ်ယောက်အနေနဲ့ ပြန်လည်ပေးဆပ်ခွင့်ရမယ်ဆိုရင် အဲဒါဟာ ကျွန်မလုပ်ချင်တဲ့ဟာပဲ ဖြစ်ပါတယ်"

လုံးဝငြိမ်သက်သွားသည်။ ဒေါက်တာလီ အနည်းငယ်တွေဝေသွားသည်။ ဒါသည် သူ မျှော်လင့်မထားခဲ့သော အရာဖြစ်သည်။ ကျွန်မအနေနှင့်လည်း အမှန်ပင် ထိုသို့ဖြစ်၍ သည်စကားပြောဖို့ ကျွန်မပြင်ဆင်မထားခဲ့ပါ။ ကျွန်မပါးစပ်က အလိုလိုထွက်သွားသည်သာ ဖြစ်၏။

"ခင်ဗျား ဒီမှာဘာလုပ်နိုင်လဲ" အခုတော့ ကျွန်မကို လေးလေးနက်နက်ဖြစ်သွားရင်း သူကမေးသည်။

"ကျွန်မအင်္ကျီလက်ပတ်ပေါ်က အရစ်တွေကိုမြင်တယ် မဟုတ်လား" ကျွန်မ၏ ရေတပ်ဝတ်စုံအင်္ကျီအပေါ်မှ ချွန်ခင်ဒါ ရွှေရောင်အရစ်သုံးရစ်ကို ကျွန်မကညွှန်ပြသည်။

"ရေတပ်မှာ ကျွန်မ ကြာကြာနေလေလေ၊ အရစ်တွေ ပိုရလေလေပေါ့။ အရစ်တွေပိုရလေလေ၊ ကျွန်မကို အနောက်ကိုပို့လေလေပေါ့"

သူ ထိုင်နေသော မဟော်ဂနီစားပွဲကို ကျွန်မကပြသည်။

"ဒေါက်တာလီ၊ ကျွန်မက စားပွဲထိုင်ဆရာဝန် မဟုတ်ပါဘူး။ ကျွန်မဟာ ကတုတ်ကျင်းဆရာဝန် ဖြစ်ပါတယ်။ ကျွန်မလူနာတွေကို စစ်မြေပြင်မှာ၊ သင်္ဘောပေါ်မှာ၊ နိုင်ငံခြားဆိပ်ကမ်းတွေမှာ ဆေးကုပါတယ်။ အဲဒါ ကျွန်မရဲ့နေ့စဉ်လုပ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရပ်ပါ''

သူက ခေါင်းညိတ်၍ ခံ့ခံ့ထည်ထည် အေးစက်စက် အကဲဖြတ်မှုပြုလုပ်နေသည်။ သူ၏တုံ့ပြန်နေပုံကို ဘယ်လိုမှ ကျွန်မ ခန့်မှန်း၍မရချေ။

သူက ချက်ချင်းမတ်တတ်ရပ်လိုက်သည်။

''ကျွန်တော့်သဘောအရတော့'' သူက လေးနက်တည်ကြည်သောအသံဖြင့် ပြောသည်။

''လူတွေ့စစ်ဆေးမှုကို အခုချက်ချင်းရပ်လို့ရပြီ''

(အိုး... သွားပြီ) ဟု ကျွန်မတွေးလိုက်သည်။ (ကျွန်မဘဝ၏ အရေးအကြီးဆုံး လူတွေ့စစ်ဆေးမှုက အတိုတောင်းဆုံးလည်းပဲ ဖြစ်သွားပါရောလား။ အခုသူက ကျွန်မကို မောင်းထုတ်တော့မည်။ စက္ကန့်ခြောက်ဆယ်နှင့်ပြီးသွားပြီ။) သတင်းဆိုးကိုယူရန် ကျွန်မ မတ်တတ်ရပ်သည်။

'' ဒီကနေ့ပဲဖြစ်ဖြစ်၊ မနက်ဖြန်ပဲဖြစ်ဖြစ် သူတို့ ဘယ်သူတွေကို လူတွေ့စစ်ဆေးမှုလုပ်နေပါစေ။ ကျွန်တော် ဂရုမစိုက်ဘူး။ ခင်ဗျားအလုပ်ရပြီ'' သူက ကြေညာသည်။

''ခင်ဗျား ဘယ်တော့အလုပ်စနိုင်မလဲ''

မမျှော်လင့်သော ကြေညာချက်ကြောင့် ကျွန်မ ထိတ်လန့်သွားကာ...

'' ကျွန်မကို ဆရာလိုအပ်တဲ့အခါ ဘယ်အခါမဆို ကျွန်မဝင်နိုင်ပါတယ်''ဟု ကျွန်မက ပြောချလိုက်သည်။ ထို့နောက် ကျွန်မ၏ လုံခြုံရေးပြစ်မှုကင်းရှင်းကြောင်း၊ ကိစ္စမပြီးပြတ်သေးကြောင်း ကျွန်မ သဘောပေါက်သည်။ သူက ဒါကိုသိသည်။

''လုံခြုံရေးပြစ်မှုကင်းရှင်းကြောင်း ကိစ္စလား၊ မပူပါနဲ့'' နောက်ဆုံးတော့ ဒေါက်တာလီက ပြုံး၍ပြောသည်။

''စစ်ရုံးထဲကကောင်လေးတွေ အားလုံးပြီးပြတ်အောင် လုပ်ပါလိမ့်မယ်'' ထို့နောက် ဆင်ခြင်တုံတရားရှိ၍ ပါးနပ်သောအပြုံးက သူ့မျက်နှာပေါ်မှာ အရေးအကြောင်းဖြစ်သွားသည်။ ပလာစတာကတော့ သည်အတိုင်းရှိနေဆဲ။

''ခင်ဗျားအကြောင်းကို ကျွန်တော်ဘာသာ ဆရာကို ပြောလိုက်မယ်။ ကျွန်တော်တို့မှာ ချက်ချင်းဆက်သွယ်မှုရှိပါတယ်''

ထို့နောက် ကျွန်မကို အမြန်လက်ဆွဲနှုတ်ဆက်ကာ အယ်လ်ရောဘတ်နှင့် သူ၏အတွင်းရေးမှူးက အကြောင်းသား မတ်တတ်ရပ်နေသော ဧည့်ကြိုအခန်းမှနေ၍ ထွက်ခွာသွားသည်။

ကျွန်မတို့အားလုံးကြည့်နေစဉ် ဒေါက်တာလီက သူ၏ဆုံးဖြတ်ချက်ကို သမ္မတကတော်အားအသိပေး၍ ဒုတိယ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ထပ်သို့ စက်လှေကားနှင့်တက်ရန် ခန်းမကိုဖြတ်လျှောက်သွားသည်။

ကျွန်မက ဒေါက်တာလီသွားမှ နောက်ကလိုက်ကာ ညှော်ကြိုအခန်းထဲတွင် မတ်တတ်ရပ်လိုက်သည်။ အယ်လ်ရောဘတ်က ကျွန်မကိုကြည့်၍ မကောင်းသတင်းကိုမျှော်မှန်း၍ ခပ်ယိုယိုမေးလိုက်သည်။

"ဘာထူးသလဲ"

"ကျွန်မ အလုပ်ရပြီလို့ထင်တာပဲ" ကျွန်မက ချီတုံချတုံဖြင့် ပြောလိုက်သည်။

အယ်လ်ရောဘတ်က ခဏမျှ ဘာမှမပြောနိုင်ဘဲ ဖြစ်သွားသည်။ သူ့မျက်ခုံးမွေးများက မယုံကြည်ဟန်ဖြင့်ကွေးသွားသည်။

"တခြား ဝင်အရွေးခံမယ်သူ ငါးယောက်ကို ကျွန်တော်တို့အဆင်ပြေအောင် ကြည့်ရှင်းရလိမ့်ဦးမယ် ထင်တယ်" သူက ပြုံး၍ပြောသည်။ သူ့ဆရာအကြောင်းကို သူ ကောင်းကောင်းသိသည်။

"ဘတ်ဆိုတဲ့သူက ဆုံးဖြတ်လိုက်ပြီးဆိုရင်တော့ အဲဒါ ပွဲပြီးပြီ"

■

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၃
## ညှော်ခံကျွေးမွေးရေးမှူး၏သမီး

အိမ်ဖြူတော်သမားတော် အလုပ်အတွက် ကျွန်မ ဘယ်လိုပြင်ဆင်ခဲ့သလဲ။ နောက်ပိုင်း တော်တော်ကြာသည့်တိုင်အောင် ကျွန်မ ဒါကို သဘောမပေါက်ပါ။ သို့သော် ၁၉၅၅ ခုနှစ် ဖိလစ်ပိုင်မှာ ကျွန်မ မွေးသည့်အချိန်မှာပင် သည်အတွက် ကျွန်မကိုယ်ကျွန်မ ပြုပြင် ပျိုးထောင်နေခဲ့သည်။ ကျွန်မအဖေသည် အမေရိကန် ရေတပ် ညှော်ခံကျွေးမွေးရေးမှူး ဖြစ်သည်။ ရေတပ်ဒုတိယဗိုလ်ချုပ် ဟတ်ရ် ဂွတ်ဝင် (Hugh Goodwin) နှင့် သူ၏ဇနီးအယ်လီနာ (Eleanro) တို့၏ စင်လီပွိုင့်ရေတပ်စခန်း (Sanley Point Naval Base) ရှိ စစ်တန်းလျားတွင် ကျွန်မအဖေက အမြဲနေရသည်။ 'အယ်လီနာ' မှာ ထင်ရှားသော ဆန်ဖရန့်စစ်စကို သမားတော်၏ သမီးဖြစ်သည်။ သူမသည် ဂျော်ဂျီယာမှ ရှင်ရှင်မြူးမြူး မနို့တရို့ နေတတ်သော ယဉ်ကျေးသိမ်မွေ့သည့် အထက်တန်းစားအမျိုးသမီး ဖြစ်သည်။ အယ်လီနာက သူမ၏အိမ်တွင် အမှုထမ်းနေသော ညှော်ခံ ကျွေးမွေးသူများ၏ မိသားစုဘဝများကို စိတ်ဝင်စားသည်။ ကလေးများအတွက် မွေးနေ့လက်ဆောင်နှင့် ခရစ္စမတ်လက်ဆောင်များ မပေးဖြစ်သည့်အခါဟူ၍ မရှိချေ။

ကျွန်မအဖေက မစ္စဂွတ်ဝင်ကို ကြည်ညိုလေးစားသည်။ ကျွန်မ၏ ဘာသာဝင်အခမ်းအနားအတွက် သူမကို ကျွန်မ၏ခေါင်းကိုင်မိခင် ဖြစ်စေချင်သည့်အထိပင်။ သို့သော် အယ်လီနာက "ကက်သလစ်"မဟုတ်သောကြောင့် ကျွန်မတို့ ၏ နယ်မြေဆိုင်ရာဘုန်းကြီးက ယင်းကိုခွင့်မပြုပေ။

ထိုသို့လုပ်မည့်အစား သူ့ကို ဂုဏ်ပြုသောအားဖြင့် အဖေက ကျွန်မကို "အယ်လီနာ"ဟု အမည်ပေးသည်။ မွေးစာရင်းတွင် ကျွန်မ၏အမည်မှာ ထပ်ပေါင်းထည့်ထားသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



နဂိုအားဖြင့် ကျွန်မ၏နာမည်မှာ "ကွန်စက်စီရွန်" (Concepcion) ဖြစ်သည်။ သန့်ရှင်းသောသန္ဓေယူမှု (Dmmaculate Conception) မှ အမည်ကိုယူထားခြင်း ဖြစ်သည်။ ကျွန်မမမွေးမီ တစ်နှစ်က ဖိလစ်ပိုင်၊ 'ကဗိုက်'မြို့ (Cavite)မြို့ရှိ သန့်ရှင်းသော သန္ဓေယူမှုဗိမာန်မှ မြင့်မြတ်သောရေကြည်တော်ကို အမေက သောက်သည်။ ကောင်းချီးပေးခံရသော ခရစ်တော်၏ မယ်တော်အပျိုစင်ကို အမေကကြည်ညိုကာ သမီးမိန်းကလေး ထွန်းကားလျှင် မယ်တော်ကိုဂုဏ်ပြု၍ 'ကွန်စက်စီရွန်' နာမည်ပေးမည်ဟု အမေက ဆုတောင်းသည်။ သို့သော် မွေးစာရင်းထွက်လာသောအခါ ဗိုလ်ချုပ်ကတော်ကသာ ထိပ်ဆုံးနေရာကိုရပြီး အမေရည်စူးထားသောနာမည်သည် အလယ်နာမည်အဆင့်သို့ လျော့ကျသွားသည်။ နေရာတိုင်းရှိ ရေတပ်ဘဝ၏စံနမူနာဖြစ်သည့် ဗိုလ်ချုပ်ကတော်က လူတိုင်းထက် ရာထူးမြင့်သည်။

ကျွန်မကိုမွေးပြီး မကြာမီ ရေတပ်ဆေးရုံရှိ ဆရာဝန်များက ကျွန်မတွင် ပြင်းထန်သော ရေဘေတ်လျော့နည်းမှုရောဂါကို တွေ့ရသည်။ မွေးကင်းစကလေး အရေးကြီးလူနာဆောင်ဆောင်းခန်းက လေယာဉ်နှင့် လေးဆယ့်ငါးမိနစ်သွားရသော (Clark Field) လေတပ်စခန်းတွင် ရှိသည်။ ကျွန်မ သုံးရက်သားသမီး နုနုညံ့ညံ့အရွယ်တွင် ပထမဆုံး ဟယ်လီကော်ပတာစီးခဲ့သည်။ ကျွန်မ အထက်တွင် ဖော်ပြခဲ့သလို ဟယ်လီကော်ပတာ၏တဝုန်းဝုန်းမြည်သံက ကျွန်မ၏နောက်ပိုင်းဘဝတွင် နိမိတ်သင်္ကေတတစ်ခုကဲ့သို့ အရေးကြီးသောကဏ္ဍမှ ပါဝင်သည်။

ကျွန်မ နှစ်နှစ်သမီးအရွယ် အဖေ 'ဟာဝိုင်ယီ'(Hawaii) သို့ ပြောင်းရသည်။ အဖေက အရင်သွားနှင့်ပြီး ပုလဲဆိပ်ကမ်းရှိ ရေတပ်အိမ်ရာစခန်းတွင် နေဖို့ထိုင်ဖို့ စီစဉ်သည်။ ကျွန်မရယ်၊ ကျွန်မမောင်လေး အငယ်ရယ်၊ အမေရယ်က နောက်မှ လိုက်သွားသည်။ ထိုခရီးတွင် ကျွန်မ အမှတ်ရနေသည်ကတော့ အမေက ကျွန်မကို သတိရှိသည်ဟု ပြောသည့်စကားပင် ဖြစ်၏။ လမ်းခရီးတစ်နေရာ၊ Kwajalain ကျွန်းတွင် ကျွန်မတို့ လေယာဉ်ဆီဝင်ဖြည့်ရသည်။ ခရီးသည်များက လေယာဉ်သို့တက်ရန် ပြန်သွားသောအခါ အမေက မောင်လေးကို လက်တစ်ဖက်ဖြင့်ချီ၍ ကျွန်မကို လက်တစ်ဖက်ဖြင့်ဆွဲခေါ်သွားသည်။ လေယာဉ်ပန်ကာလည်သောအခါ လူတိုင်းက သုတ်သုတ်သွားကြသည်။ ကျွန်မက အမေ့ကိုလိုက်မမီ၊ လေယာဉ်ပြေးလမ်းပေါ်တွင် ချော်လဲကျသွားသည်။ ကျွန်မက မငို၊ ပြန်ထ၍ လေယာဉ်ဆီသို့ ဆက်သွားသည်။ ကျွန်မ ဘာလုပ်မှာလဲဟုသိရန် အမေက နောက်သို့ ပြန်လှည့်ကြည့်သည်။ နှစ်နှစ်သမီးတစ်ယောက်၏ လုပ်ဟန်ကြောင့် အံ့သြသွားသည်။ အသိအမှတ်လည်း ပြုသွားသည်။ ဤ မာရေကျောရေတုံ့ပြန်မှုက ကျွန်မဘဝ၏ နောက်ပိုင်းတွင် မှတ်တိုင်နည်းနာတစ်ခု ဖြစ်သွားမည်ကို အမေ မသိလိုက်ပါချေ။

"လဲကျ၊ မိန်းကလေးတစ်ယောက်လို မငိုနဲ့၊ ထပြီးဆက်သွား"

ကျွန်မ တုံ့ပြန်မှုနှင့်ပတ်သက်၍ ကျွန်မဘဝ၏ သင်္ကေတဖြစ်သွားသော အမှတ်ရစရာများထဲမှ တစ်ခုရှိသေးသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လောင်မြိုက်နေသော ဒေါသဖြစ်သည်။ ကျွန်မ သုံးနှစ်သမီးအရွယ် ပုလဲဆိပ်ကမ်းရှိ ရေတပ်အိမ်ရာတွင် တစ်နှစ်လောက်နေသည်။ ကျွန်မအဖေက စာဖတ်ခန်းလုပ်ထားသော အင်္ဂတေကွန်ကရစ်ကာထားသည့် ဒုတိယအိပ်ခန်းထဲရှိ ကြမ်းပြင်ပေါ်တွင် ကျွန်မ ထိုင်နေစဉ်တွင်ဖြစ်၏။ စပ်ဖြဲဖြဲရုပ်နှင့်အရောင်ဖျော့ဖျော့လိမ့်နေသော ပလတ်စတစ်အရုပ်ကလေးကို ကျွန်မကိုချော့မြှူရန် ရှေ့တွင်ထားသည်။ အရုပ်က ရှေ့တိုးနောက်ဆုတ်လိမ့်မည်။ အရုပ်ထဲရှိ ခေါင်းလောင်းမြည်သံက ကျွန်မ၏စိတ်ကို မခံချိမခံသာဖြစ်အောင် နှိုးဆွနေသည်။ အရုပ်ပေါ်ရှိ ပြုံးနေသောမျက်နှာ ကျွန်မ သူ့ကိုလှမ်းဖက်ချင်သည်ကို လုံးလုံးမသိ၊ ကျွန်မကရှေ့သို့ နောက်သို့ လှုပ်ယမ်းလေလေ၊ အသံကပိုမြည်လေလေ ဖြစ်သည်။ ကျွန်မက ဒေါသဖြစ်သည်။ မျက်နှာပိုးမသေသော ပလတ်စတစ်အရုပ်က ကျွန်မစိတ်ဓာတ်ကြောင့် မပြောင်းမလဲ ဒီအတိုင်းရှိနေသောကြောင့် ဖြစ်၏။ အလားတူစိတ်လှုပ်ရှားသောတုံ့ပြန်မှုမျိုး ကျွန်မမှာရှိသောအခါ ထိုသို့ဖြစ်ခဲ့သော နှစ်များကို နောင်နှစ်တော်တော်ကြာမှ ကျွန်မ သတိရမိသည်။ အကျိုးသင့်အကြောင်းသင့်ဖြင့် ကျွန်မက ဩဇာလွှမ်းမိုးအောင် လုပ်မရသော စိတ်ပါလက်ပါ တောင်းပန်ခယ၍မရသော၊ ပလတ်စတစ်ကဲ့သို့ သဘောထားမပျော့ပျောင်းသော လူများ၏ တုံ့ပြန်မှုကိုကျွန်မက ဒေါသထွက်သောအခါတွင် သည်အဖြစ်ကို ကျွန်မ သတိရသည်။

ဖိလစ်ပိုင်ရှိ ကျွန်မ၏မိသားစုနှစ်ဖက်စလုံးမှာ နိမ့်ကျသော အလယ်အလတ်တန်းစားဖြစ်၍ မဆင်းရဲလှပေမယ့် ကြွယ်ဝသောမိသားစုမှ ဆင်းသက်မလာသည်မှာ သေချာသည်။ သို့သော် ကျွန်မ၏အမေ၏မိသားစုက အမေ့ကိုကျောင်းထားနိုင်ပြီး အမေက သွားဆရာဝန်တစ်ယောက် ဖြစ်လာသည်။ ဖိလစ်ပိုင် ချက်ပြုတ်ညှော်ခံကျွေးမွေးရေးသမားများသည် အထူးသဖြင့် သင်္ဘောအပေါ်ထပ် ပြောင်းထပ်ရွှေ့ပေါ်မှာပင် ဂုဏ်တင့်သောအိမ်ထောင်မှု အကူလူငယ်လေးများဖြစ်နေသည်ဆိုလျှင် ရေတပ်သို့ လူငယ်တစ်ယောက်အနေနှင့် ဝင်ရောက်ခြင်းသည် အဆင့်တစ်ခုသို့ အသေအချာတက်ရောက်လိုက်ခြင်းပင်ဖြစ်သည်။ ကျွန်မတို့ မိသားစုပုံများကို ပြန်ကြည့်သောအခါ ကျွန်မအမေဘက်က အဘွား၏အဖြူအမည်းပုံများကို ကျွန်မ သဘောကျသည်။ သူ၏ အနက်ရောင်ဆံပင်များကို နောက်သို့စုချည်ထားကာ မြေးလေးယောက်ကို ယုယုယယတွေးပိုက်ထားလျက် အိမ်နီးချင်းတစ်ဦး၏ သက်ကယ်တဲလေးရှေ့တွင် မတ်တတ်ရပ်နေသောပုံဖြစ်သည်။ ကျွန်မက ဆံပင်တွေမသေမသပ်နှင့် ဖိုးရိုးဖားရား အလယ်တွင်ရပ်နေသည်။ ကောင်မလေးသုံးယောက်နှင့် ကောင်လေးတစ်ယောက် ရှိသည်။ အဘွား၏မျက်နှာပေါ်ရှိ စိတ်နေစရိုက်နှင့် ပြတ်သားသောစိတ်ဓာတ်ကို မြင်နိုင်ပါသည်။ ဘယ်လိုအခြေအနေမျိုးမဆို သူမက ဂုဏ်သိက္ခာရှိရှိ ခါးစည်းခံသည်။ သူမတွင် ကျွန်မစရိုက်များစွာ တွေ့ရသည်။ တည်ငြိမ်မှန်ကန်သောသဘာဝက ကျွန်မကို စကားပြောသည်။ ကမ္ဘာပေါ်ရှိ မတရားမှုများအပေါ် ထွက်နေသော ကျွန်မဒေါသများကို လျော့ပါးအောင် ထောက်ကူသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဘဝ ရောင်စုံဓာတ်ပုံများကတော့ (နိမိတ်သင်္ကေတသဘောအားဖြင့်) ဟာဝိုင်ယီတွင် အစပြုခဲ့သည်။ စိမ်းလန်းသောအစိမ်းရောင်အပင်များ၊ နီညိုရောင်မြေကြီးဖျော့တော့တော့ တလက်လက်တောက်ပနေသော သဲပြင်တို့ဖြစ်၏။ နှင်းသဲများလူးလျက် ချို့တဲ့ကောင်မလေးမှနေ၍ ရွှင်ရွှင်လန်းလန်း၊ ဝဝကစ်ကစ်နှင့် တောက်တောက်ပြောင်ပြောင် ဝတ်ဆင်ထားသောကောင်မလေးအဖြစ်သို့လည်း ပြောင်းသွားသည်။ ကျွန်မနှင့်ရွယ်တူ ကော့ကေးဆက်သူလေးယောက် ဝန်းရံလျက် ယောင်းတိုင်စိုက်ထားသော မွေးနေ့ကိတ်ရှေ့တွင် ကျွန်မရပ်နေသောပုံဖြစ်သည်။ ကျွန်မတို့သည် မျက်စိကြည့်ပုံ၊ ဆံပင်အရောင်နှင့် အသားအရေဖွံ့ဖြိုးမှု ကွာခြားကြသည်။ မှဲ့ခြောက်များ ပေါက်ချင်သလိုရှိသည်။ ထိုအချိန်တွင် ကျွန်မသည် ကြွရုပ်ကလေးနှင့်တူ၍ ဘာသာစကားနှစ်မျိုး ပြောသည်။ ကျွန်မမိဘများ၏ ပမ်ပန်ဂါ (Pampanga) ဘာသာစကားနှင့် အိမ်နီးချင်းကလေးများနှင့်(Nimitg Elementary School) မှ လေ့လာရသော ကျွန်မ၏ မွေးစားအင်္ဂလိပ်စကားတို့ဖြစ်သည်။ တကယ်တော့ အင်္ဂလိပ်စကားကို ကျွန်မသည် စနေနေ့နံနက် ရုပ်မြင်သံကြားကာတွန်းမှ လေ့လာခဲ့သည်က များပါသည်။

ကျွန်မ၏မိသားစု 'ဟာဝိုင်ယီ' သို့ ပြောင်းရွှေ့သောအခါ ကျွန်မသည် ကျွန်မမိဘများ၏ ပြည်နယ်ဖြစ်သော (Pampanga) ဒေသ၏ ဖိလစ်ပိုင်ဘာသာစကားတစ်ခုတည်းကိုသာ ပြောတတ်သည်။ အင်္ဂလိပ်စကားကို ကျွန်မ အမြန်လေ့လာရသည်။ အမေရိကားရှိ ကျွန်မဘဝသည် အိမ်နီးချင်းနှင့်ကျောင်းမှ ကလေးသူငယ်များနှင့်အတူ ပေါင်းသင်းကာ တစ်သားတည်းဖြစ်စေရန် အစဉ်တစိုက် ကြိုးပမ်းနေရခြင်းများသာ ဖြစ်သည်။ ကျွန်မနာမည်၊ မျက်နှာနှင့်စကားတို့သည် ပုံသေကားချပ်ဖြစ်နေသော အမေရိကန်ဘဝနှင့် အံမဝင်ခွင်မကျဖြစ်နေသောကြောင့် ထိုသို့ တစ်သားတည်းဖြစ်ရန်မှာ ခက်ခဲပါသည်။ အင်္ဂလိပ်စကားကို သိသိသာသာ ပြတ်ပြတ်သားသားနှင့် တစ်ချက်မျှ စကားသံမဝဲဘဲပြောဆိုနိုင်ရန် ကလေးဘဝမှပင် ကျွန်မ၏မသိစိတ်ထဲက ဆုံးဖြတ်ချက်ချသည်။ ကျွန်မက ကျွန်မ၏ဒေသစကားနှင့် သူတို့၏ယဉ်ကျေးမှုကိုပါ စိတ်မကောင်းစွာဖြင့် စွန့်ပယ်လိုက်သည်။ ထိုအချိန်က အင်္ဂလိပ်စကားကို သွက်သွက်လက်လက် မပြောနိုင်သောကြောင့် ကျွန်မမိဘများကို ဒုတိယတန်းစားအနေနှင့်ထား၍ ဆက်ဆံသည်ကို ကျွန်မမျက်စိနှင့် တပ်အပ်မြင်ရသည်။ ကျွန်မသည် အောင်မြင်မှုရရှိဖို့ဆိုလျှင် ကျွန်မသည် အင်္ဂလိပ်နွယ်အတန်းဖော်များထက် အင်္ဂလိပ်စကားကိုပို၍ ကောင်းကောင်းပြောမှဖြစ်မည် ဟု ငယ်ရွယ်စဉ်မှာပင် ကျွန်မသန္နိဋ္ဌာန်ချသည်။

ရေတပ် ဧည့်ခံကျွေးမွေးရေးမှူး၏ ကလေးတစ်ယောက်အနေနှင့် ကျွန်မသည် ကိုယ့်နေရာကို ကိုယ်သိသည်။ ကျွန်မတို့သည် စစ်ဘက်ဒုတိယအတန်းအစားများ ဖြစ်ကြသည်။ ကျွန်မအဖေရှိရာ ရေတပ်ဗိုလ်ချုပ်၏တန်းလျားဆောင်ကို သွားလည်ပတ်သည့်အခါတိုင်း ကျွန်မတို့သည် နောက်ဖေးမီးဖိုချောင်ပေါက်ကနေ ဝင်ရသည်။ နောက်ဖေးမီးဖို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ချောင်ပေါက်ကဝင်ရန် ယင်းသည် ကျွန်မတို့၏နေရာဖြစ်သည်ဟု ကျွန်မမိဘများက သင်ကြားသည်။ ဤယုံကြည်မှုနှင့် ကြီးပြင်းလာသောအခါ ကျွန်မ၏စိတ်ထဲတွင် မသိမသာကိန်းအောင်းနေသော ဂါထာမန္တရားတစ်ခုကတော့ 'ငါတို့သည် လူတန်းမစေ့' ဟူသော မန္တန်ဖြစ်သည်။ ထိုမန္တန်သည် ကျွန်မဘဝအောင်မြင်မှု၏ လျှို့ဝှက်ချက်ဖြစ်သည်။ ကျွန်မဒေါသအမျက်ကို လှုပ်နှိုးသောဟစ်ကြွေးသံဖြစ်သည်။ ကျွန်မ၏ အစတေဒေါသက 'ငါဘာလဲသက်သေပြရန်' လှုံ့ဆော်သည်။ ကျွန်မ၏ ကျောင်းမှာ စစ်ဘက်တာဝန်ထမ်းဆောင်မှုမှာ ကျွန်မအပေါ် မယုံသင်္ကာသံသယရှိသူများ၊ ကျွန်မကို အထင်သေးသောသူများ အပေါ် အောင်မြင်ရန် လိုအပ်သည့်ခွန်အားကို ထိုမန္တန်က လောင်စာဖြည့်ပေးသည်။

ကျောင်းတွင် ကျွန်မ၏ အစွမ်းအစကိုပြရန် ကျွန်မရွေးချယ်သောနေရာမှာ စာသင်ခန်းပင်ဖြစ်၏။ (elementry school) တွင် ကျွန်မသည်စာတော်၍ နောက်ပိုင်းတွင် စင်ဒီရယ်ဂို (San Diego) အထက်တန်းကျောင်းမှ အမှတ်ကောင်းဖြင့် အောင်လက်မှတ်ရသည်။ 'ဟိုနိုလူလူ'(Honolulu)ရှိ Nimitg Elementary School တွင် ကျွန်မသည် ကြိုးကုတ်နာခံ၍ စာတော်သောကြောင့် ဆရာ၏ အချစ်တော်ဖြစ်သည်။ ကျွန်မ၏ ကလေးဘဝရှိ နိမိတ်ပြဖြစ်ရပ်တစ်ခုမှာ ကျွန်မကို အငယ်တန်းရဲအရာရှိအဖြစ် အရွေးချယ်ခံရသောအခါတွင်ဖြစ်၏။ ကျွန်မတို့မှာ နံနက်တိုင်းအလံကိုင်ကာ သစ္စာခိဋ္ဌာန်တိုင်ပေးရ၍ လမ်းကူးသူများကို စောင့်ရှောက်ရသော ကျောင်းသားများ၏ ထိပ်တန်းအုပ်စုဖြစ်သည်။ ဤကိစ္စသည်လည်း အဆင်ပြေ ချောမောစွာ စတင်ခဲ့သည်တော့မဟုတ်ပါ။ သို့သော် ကျွန်မသည် နိုင်နင်းအောင်လုပ်နိုင်ခဲ့ပြီး ကပ္ပတိန်ဘဝသို့ ရောက်သွားသည်။ ကပ္ပတိန်ရာထူးမှာ အိမ်ဖြူတော်နှစ်အများစုတွင် ကျွန်မကိုင်စွဲခဲ့သည့် ရာထူးဖြစ်သည်။

အဖြစ်ကဤသို့ဖြစ်၏။ ယာဉ်သွားယာဉ်လာကိုစောင့်ကြည့်နေသော ကျွန်မလက်ထောက်လူက လမ်းဖြတ်ကူးနေသော လူကူးမျဉ်းကျားရှေ့တွင် 'ရပ်'ဟူသောစာတန်းကတ်ပြားကိုနှိမ့်ချပေးရန် ကျွန်မကိုအချက်ပေးနေတာ ကျွန်မကြားသည်။ ကျွန်မက 'စာတန်း'ကိုနှိမ့်ချနေစဉ်တွင် ကားတစ်စီးက အရှိန်နှင့်ဝင်လာကာ လမ်းဖြတ်ကူးမည်လုပ်နေသော ကလေးတစ်ယောက်ကို တိုက်လုနီးပါး ဖြစ်သွားသည်။ ကလေးက ဘာမှဖြစ်မသွားသော်လည်း ကျွန်မက သည်အဖြစ်ကို လန့်သွားသည်။ ကလေးကိုကားတိုက်ခံရလျှင် သူမကို ကျွန်မဘာမှလုပ်ပေးနိုင်မည် မဟုတ်ချေ။ တစ်စုံတစ်ခုသော အနေအထားတွင်၊ အကူအညီမဲ့သောနေရာတွင် နောက်တစ်ခါ ဘယ်တော့မှမနေရန် ကျွန်မဆုံးဖြတ်ချက်ချခဲ့သည်ဟု ထင်သည်။

ကျွန်မမိဘများ ကယောင်ကတမ်းနှင့် အကူအညီမဲ့နေမှုကို ကျွန်မ အကြိမ်ပေါင်းများစွာ မြင်ဖူးသည်။ တစ်ခါတွင် ကျွန်မအမေ၏ မတတ်တတတ်အင်္ဂလိပ်စကားဖြင့် ရောဂါသတ်မှတ်မှုများနေသည်ကို ပြင်ပြောမပေးနိုင်သောကြောင့် ကျွန်မညီမအငယ်လေး အသက်ဆုံးသည်နီးပါးအထိ ဖြစ်ဖူးသည်။ အခန်းထဲရှိ ကလေးကစားခွက်ထဲတွင် ထည့်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မညီမလေးကို အလည်အပတ်ရောက်နေသော အဒေါ်က အပြင်ထုတ်ပေးလိုက်သည်။ ကျွန်မညီမလေးက အတားအဆီးမရှိ နောက်ဖေးဘက်သို့လျှောက်သွားသည်။ နောက်ဘက်တွင် အဖေက ကားကိုဆေးသုတ်နေသည်။ ဖုန်းမြည်လာသည်။ အဖေက ဆေးပုံးကို မြေကြီးပေါ်တွင်ချ၍ ဖုန်းပြောရန် အိမ်ထဲပြေးဝင်သွားသည်။ ကျွန်မညီမလေးက အရောင်တလက်လက်ထွက်နေသာ ဆေးပုံးကိုမြင်သွားကာ ဆေးများကို သောက်ပစ်လိုက်သည်။ မိနစ်အနည်းငယ်အကြာမှာ ကျွန်မကစားကွင်းမှပြန်လာသောအခါ မြေကြီးပေါ်တွင် သတိမေ့မြော၍ လဲနေသောသူမကို ကျွန်မတွေ့ရသည်။ ကျွန်မက မိဘများဆီပြေးပြောသည်။ မိသားစုတစ်စုလုံး ကားထဲထည့်၍ အဖေက (Tripler) စစ်ဆေးရုံသို့ ကားကိုခြေမကိုင်မိလက်မကိုင်မိနှင့်မောင်းချသွားသည်။

ဆေးရုံတွင် သမားတော်များက ရောဂါရာဇဝင်ကို ကျွန်မအမေထံမှသိအောင် ကြိုးစားနေစဉ် ကျွန်မက လူနာကိုစမ်းသပ်သောစားပွဲ၏ ခြေရင်းတွင်ထိုင်နေသည်။ အမေကဖြစ်ခဲ့သမျှကို ကြိုးစား၍ပြောပြနေစဉ် ညီမလေးက စားပွဲပေါ်တွင်မှေ့မြောနေသည်။ အမေပြောသည်ကို ရှင်းရှင်းလင်းလင်း နားမလည်သောကြောင့် ဆရာဝန်များက ညီမလေးသည်ဝက်ရူးပြန်နေသည်ဟု သူနာပြုများကိုပြောသည်။ ကျွန်မက ခြောက်နှစ်သမီးအရွယ် ဆေးကျောင်းမှဘွဲ့ရရန် အနှစ်နှစ်ဆယ်နီးပါးလိုသေးသည်ဖြစ်၍ ဝက်ရူးပြန်သည့်အကြောင်းကို ကျွန်မ မသိပါ။ သို့သော် ဖြစ်သမျှအကြောင်းကို ဆရာဝန်များအားပြောရသေးသည်ကို ကျွန်မသိသည်။ ကျွန်မက မတ်တတ်ထရပ်ကာ အမေ့စကတ်ကိုဆွဲ၍ 'အဆိပ်သောက်တဲ့အကြောင်းကို ဆရာဝန်ကို ပြောပြပါ'ဟု အော်လိုက်သည်။ ဤအခါကျမှ ဆရာဝန်ကတန့်၍ ကျွန်မတို့ဘက်သို့ လှည့်ကြည့်သည်။ အမေက ကျွန်မညီမလေးသည် ကားသုတ်သည့် ဆေးဖျော်ရည်များကိုသောက်ထားကြောင်း၊ ဝက်ရူးပြန်တာမဟုတ်ကြောင်း အတည်ပြုပေးသည်။ ကျွန်မ၏ညီမလေးကို ဗိုက်ကိုစုပ်ထုတ်သည့် ဆေးရုံသို့ပို့သည်။ သူမက သုံးရက်ကြာအောင်နေပြီးမှ အသက်ချမ်းသာရာရသွားသည်။ နောက်ပိုင်းတွင် ကျွန်မ ဘယ်နေရာတွင် ရောက်နေစေကာမူ ကိုယ့်အမြင်အယူအဆကို ပြောရန်၊ အင်္ဂလိပ်စကားနားပေါက်အောင် မပြောနိုင်သောကြောင့် လျစ်လျူရှုခံရသူများကို ကူညီရန် ကျွန်မမိဘများက ကျွန်မကို ချီးကျူးစကား တစ်ပုံတစ်ခေါင်းနှင့် အားပေးသည်။

ကျွန်မ၏ ကလေးဘဝတွင် အမှတ်ရဆုံးအချိန်ကတော့ ရေတပ်ဗိုလ်ချုပ်၏ မီးဖိုချောင်ထဲတွင် နေရသောအနေ တနင်္ဂနွေနေ့ရက်များဖြစ်၏။ မီးဖိုချောင်များနှင့်ပတ်သက်၍ မှော်ဆန်သောတစ်စုံတစ်ခု အမြဲရှိသည်။ ချက်ပြုတ်နေသောဟင်းနံ့ ကျွေးနံ့များ၊ ရေတပ်ဗိုလ်ချုပ်နှင့်မိသားစုအတွက် ပြင်ဆင်ချက်ပြုတ်နေကြစဉ် ကျွန်မအဖေနှင့် သူ၏လုပ်ဖော်ကိုင်ဖက်များက ပြောဆိုကျီစယ် နောက်ပြောင်ကြသော (Tagalog) ဒေသစကားတို့ ဖြစ်သည်။ ဤသည်မှာ စစ်မှုထမ်းဘဝ၏ အထတ်လူချင်း ချစ်ခင်ယုံကြည်မှု ၊ ညစာပြင်သော အလုပ်ပင်ဖြစ်လင့်ကစား၊ တစ်ခုတည်းသောရည်ရွယ်ချက်ဖြင့် အတူတကွ

www.burmeseclassic.com
the bookhouse we bring your future

www.burmeseclassic.com



အလုပ်လုပ်နေသော လူအများ၏ချစ်ခင်ယုံကြည်မှုကို ကျွန်မ စတင်တွေ့ရှိခြင်းပင်ဖြစ်၏။ ရေတပ်ဗိုလ်ချုပ်၏အိမ်တွင် ကျွန်မအဖေ တာဝန်ကျနေသည့် တစ်ခုသောခရစ္စမတ်နံနက်ခင်းတွင် ကျွန်မနှင့် အဖေအမေဆီသို့ သွားလည်သည်။ တွဲလောင်းကျနေသော မီးဖိုချောင်တံခါးထဲရှိပြတင်းပေါက်မှန်၏ တစ်ဖက်ကိုချောင်းကြည့်ရန် အဖေက ကျွန်မကို မချီ၍ပြသည်ကို ကျွန်မမှတ်မိနေသည်။ ထိုပြတင်းပေါက်မှနေ၍ ထမင်းစားခန်းမကြီးကို မြင်ရသည်။ ကျွန်မတို့သည် ထိုပြတင်းပေါက်နှင့် အိမ်၏ ကျန်သောနေရာများသို့ ကျော်ဖြတ်မသွားနိုင်ပါ။ ကျွန်မတို့၏ တစ်ခုတည်းသောမြင်ကွင်းမှာ သေးငယ်သောမှန်ပြတင်းပေါက်ကလေးတစ်ဆင့်မှသာ ဖြစ်၏။ တခြားကမ္ဘာထဲသို့ အဖိုးတန် ရီးတိုးရိပ်တိတ်မြင်ကွင်းကိုပေးသော အပေါက်ဝငယ်လေးတစ်ခုဖြစ်၏။ အဆင့်အတန်းအခွင့်ထူးနှင့် တန်ခိုးအာဏာတို့ရှိရာ ကမ္ဘာဖြစ်၏။ ထိုအသက်အရွယ်က ကျွန်မ မိဘများနှင့်လည်းကောင်း၊ ကျွန်မနှင့်လည်းကောင်း လုံးဝ အလှမ်းဝေးသည့် ကမ္ဘာတစ်ခုပင်။ မီးအိမ်ပန်းဆိုင်များ၊ နက်ပြောင်နေသည့် ထမင်းစားပွဲပေါ်မှ ကြွေထည်ပန်းကန်များ၊ ခပ်လှမ်းလှမ်းတွင် (ဧည့်ခံကျွေးမွေး သူများ) မွမ်းမံထားသော ခရစ္စမတ်အတွက် အမြဲစိမ်းသစ်ပင်ကြီးတစ်ပင်ကို အပေါက်ဝမှနေ၍ ချောင်းကြည့်ရာမြင်ရသည်။

ရေတပ်ဗိုလ်ချုပ်နှင့် သူ၏မိသားစုဘဝ ဖျတ်ခနဲမြင်ရသည်ကို ကျွန်မ ဝမ်းသာသည့်အကြောင်းမှာ သူတို့သည် ကျွန်မတို့အဖို့ တော်ဝင်မိသားစုသဖွယ် ဖြစ်သည်။ စည်းစိမ်ခံစရာ ပစ္စည်းများနှင့် ပြည့်လျှံနေသည့် ထည်ဝါကြွယ်ဝသော ဘဝဖြစ်သည့်အပြင် အဖြစ်ဆိုးသည်လည်း ရောပြွမ်းနေသည်။ ရေတပ်ဗိုလ်ချုပ်နှင့် သူ့မိသားစု၏ မရေမတွက်နိုင်သော ဇာတ်လမ်းများကို ကျွန်မအဖေက ပြောပြသည်။ သူတို့သည် ပုံပြင်စာအုပ်ထဲမှ ရှေးဟောင်းဒဏ္ဍာရီလာ ဇာတ်ကောင်များကဲ့သို့ ဖြစ်၏။ ကျွန်မ စောစောပိုင်းက ဖော်ပြခဲ့သလို၊ ကျွန်မအဖေ၏အချစ်ဆုံး ရေတပ်ဗိုလ်ချုပ်မှာ ဒုတိယရေတပ်ဗိုလ်ချုပ် (Goodwin)ဖြစ်၏။ ပြန်လည်သုံးသပ်ကြည့်လျှင် သူသည် ကျွန်မဖခင်၏ ပုံသွင်ဖြစ်၏။ 'ဂွတ်ဝင်'မိသားစုက ပြောစရာမရှိအောင် ပြီးပြည့်စုံသည်။ တင့်တယ်ခံ့ညားသည့် အကြည်လင်ဆုံး ကောင်းစွာဆင်ယင်ထားသည့်ဗိုလ်ချုပ်၊ ခေတ်ကို သိမြင်နှံ့စပ်သည့်ဇနီး၊ ထက်မြက်၍ ပြေပြစ်ပျူငှာသောသမီး ဆစ်ဒနီ(Sydney)၊ ချောမောလှပသည့်သားငယ် ဟက်ဂျူနီယာ (Hgh Jr)က ရေတပ်လေယာဉ်မှူး ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ ကျွန်မအဖေက ရေတပ်ဌာနချုပ်က တယ်လီဖုန်းသတင်းရရှိသော ညစာစားပွဲချိန် တစ်ညနေတွင် သူတို့၏ ပြီးပြည့်စုံသောဘဝမှာ တစ်စစီ ကြေကွဲသွားတော့သည်။ သူ့သား လေယာဉ်မှူးသည် ပင်လယ်ပြင်တွင် လေကြောင်းတာဝန်ထမ်းဆောင်နေစဉ် နောက်လေယာဉ်တစ်စင်းနှင့် ဝင်တိုက်မိသည်။ ဤအဖြစ်ဆိုး၏ ပြောစမှတ်ပြုရသည်မှာ သေဆုံးသွားသည့် နောက်လေယာဉ်မှူးမှာလည်း ရေတပ်ဗိုလ်ချုပ်၏ သားတစ်ယောက် ဖြစ်နေခြင်းပင်။ သူသည် စစ်ပွဲကာလအတွင်းတွင် မရေမတွက်နိုင်သော တာဝန်ဖြင့် ဘေးမသီရန်မခ ပျံသန်း ခဲ့ဖူးသည်။ အခု ငြိမ်းချမ်းသောကာလ လုပ်ရိုးလုပ်စဉ် တာဝန်ထမ်းဆောင်နေခါမှ ရေတပ်ဗိုလ်ချုပ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးစလုံးသည် တစ်ဦးတည်းသောသားများ ကိုယ်စီဆုံးရှုံးကြရသည်။

ညစာစားပွဲတွင် အဖေက သတင်းဆိုးကို ဗိုလ်ချုပ်အား တီးတိုးပြောသည်။ ဗိုလ်ချုပ်က ဖြစ်သမျှကို သူ့ဇနီးနှင့် သမီးကိုပြောရင်း ရှိုက်ကြီးတငင် ငိုကြွေးသည်။ မိသားစုတစ်ခုလုံးက ခေါင်းကိုငုံ့၍ ဘာမှမရှိသော ပန်းကန်ပြားပေါ်တွင် ငိုကြသည်။ ဖိလစ်ပိုင် ဒေသ့်ခံကျွေးမွေးရေးမှူးက ဘာမှမတတ်နိုင်ဘဲ မတ်တတ်ရပ်နေသည်။ ရာထူးနှင့် ယှက်နွယ်နေသော အာဏာနှင့်အခွင့်ထူးများက ကြေကွဲမှုနှင့်အဖြစ်ဆိုးမှ ကင်းပအောင် လွတ်ငြိမ်းခွင့် မပေးစွမ်းနိုင်ပါတကားဟု ဤအဖြစ် အပျက်က ကျွန်မကို ကလေးဘဝမှာပင် သင်ကြားပေးသည်။

နောက်ပိုင်း ကျွန်မ အိမ်ဖြူတော်သမားတော်အနေနှင့် သမ္မတမိသားစုကို တာဝန်ယူရသောအခါ အလားတူ သင်ခန်းစာကို နောက်ထပ် လေ့လာရသေးသည်။

■

ဒေသ့်ခံကျွေးမွေးရေးမှူး သမီးတစ်ယောက်အနေနှင့် ကျွန်မသည် ကိုယ့်'နေရာ'ကို ကိုယ်သိသည်ဟု ဆိုသော်လည်း ကျွန်မ အမွေခံရလိုက်သော 'နေရာ'သည် ဂုဏ်နှင့်သိက္ခာကို ပေးနိုင်သည်ဟု ကျွန်မ ယုံကြည်ပါသည်။ မိသားစုက အလွန် ဆင်းရဲသော ကျွန်မအဖေသည် ရည်မှန်းချက်ရှိသည်၊ ကြံရည်ဖန်ရည်ရှိသည် ရေတပ်က သူ၏ရည်မှန်းချက်ကို ချီးမြှင့်ပေးသည်။ သူ့ကို အမြင့်ဆုံး ဒေသ့်ခံကျွေးမွေးရေးမှူး ရာထူးအဆင့်အထိ ရာထူးတိုးမြှင့်ပေးသည်။ ကျွန်မအဖေက ဒေသ့်ခံကျွေးမွေးရေးမှူး ဖြစ်ရသည်ကို ဂုဏ်ယူသည်။ သူသည် သူ့ရာထူးသည် လူသားတစ်ယောက်အနေနှင့် သူ၏တန်ဖိုးကို ပြသော အညွှန်းလက်တံဟူ၍ သူ မယူဆပေ။ ထိုသို့ ယူဆမည့်အစား ရေတပ်ရှိသည့် သူ့နေရာကို အလုပ်တစ်ခုဟူ၍မျှသာ သူက ရှုမြင်သည်။ စစ်တပ်တွင် စစ်ရာထူးများ၏အမြင်ကို ပုံဖော်ရာတွင် ဤသဘောထားသည် အလွန်အရေးကြီးသည်။ သဘောပေါ် ကျွန်မ၏ဌာနတွင် စစ်မှုထမ်းများနှင့်အတူ ရေတပ်အရာရှိတစ်ယောက်အနေနှင့် နီးနီးကပ်ကပ် အလုပ်လုပ်လာသည့် နောက်ပိုင်းတွင် ကျွမ်းကျင်မှုပညာ၊ လုပ်ဆောင်မှုကို အခြေခံသည့် လူတိုင်းကို ကျွန်မ အကဲဖြတ်သည်။ သူတို့၏ ရာထူးကို လူသားတစ်ယောက်အနေနှင့် မည်သူမဆို၏ တန်ဖိုးပြအညွှန်းလက်တံဟူ၍ ကျွန်မ လုံးဝမယူဆပေ။ ရာထူးသည် တန်ဖိုးသတ်မှတ်ချက် မဟုတ်ပေ။ ကျွန်မဆေးခန်းရှိ လုပ်ဖော်ကိုင်ဖက် အရာရှိများအကြားတွင် ယင်းသည် မကြာခဏ ဖြစ်လေ့ရှိသည့် ပြဿနာမဟုတ်ပါ။

အပတ်တကုတ်လုပ်ခြင်းသည် နှိမ့်ချခြင်းနှင့် တန်ဖိုးညီသော ကောင်းခြင်းလက္ခဏာတစ်ခုဟူ၍ ကျွန်မမိဘများက

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို သင်ကြားသည်။ ဘယ်အရာမဆို အပတ်တကုတ် ကြိုးပမ်းခြင်းဖြင့် ရရှိနိုင်သည်ဟု သူတို့ယုံကြည်ကြသည်။ သို့သော် သင်သည် ပန်းတိုင်ကို ရောက်ရှိပြီဆိုသည်နှင့် တစ်ပြိုင်နက် ယင်းနှင့်ပတ်သက်၍ အသင့် နှိမ့်ချဖို့လိုသည်။ လူကြီးသူမများကို လေးစားရန်နှင့် ဆွေမျိုးသားချင်းများကို စောင့်ရှောက်ခြင်းသည် ဂုဏ်ရှိသည်ဟူ၍လည်း သူတို့က ကျွန်မကို သင်ကြားသည်။ ကျွန်မ၏မိဘများသည် ဖိလစ်ပိုင်ရှိ သူတို့၏မိဘများဆီသို့ လစဉ်ငွေပို့သည်။ ထိုငွေကို အတိုးအတွားအား ထောက်ပံ့ရန်လည်း သုံးစွဲသလို၊ အဒေါ်နှင့်ဦးလေးများကို မနီလာရှိ ကောလိပ်သို့ပို့ရန်လည်း သုံးစွဲသည်။ သူတို့၏ စီးပွားရေး အကျပ်အတည်းကာလတွင် ကျွန်မ၏မိဘများကို ထိန်းသိမ်းဖေးမထားသောအရာမှာ ယုံကြည်မှုပင်ဖြစ်၏။ ဘုရားသခင်က သူတို့နှင့် သူတို့၏မိသားစုကို လုံး၀ အသေအချာ ထောက်ပံ့လိမ့်မည်ဟူသော ယုံကြည်မှုပင်။

ကျွန်မကြီးပြင်းမှု၏ ပြောစရာတစ်ခုကတော့ ကျွန်မ၏ ကလေးဘ၀တစ်လျှောက်လုံးတွင် ကျွန်မမိဘများ၏ ဖိလစ်ပိုင်ယဉ်ကျေးမှုတွင် ကျွန်မသည် သက်သောင့်သက်သာနှင့် လုံး၀အံ၀င်ခြင်း မရှိရုံတင်မက အမေရိကန်ယဉ်ကျေးမှုတွင်လည်း ကျွန်မသည် လုံး၀ စိတ်ချလုံခြုံမှုမရှိပါပေ။ အိမ်တွင် ကျွန်မသည် ဖိလစ်ပိုင်ဘာသာစကားကိုပြော၍ ကျောင်းသွားသောအခါ အမူအရာ၊ အတွေးအခေါ်စကားအားဖြင့် ကျွန်မသည် အမေရိကန်မလေးဖြစ်သည်။ ဆယ်ကျော်သက်အရွယ်တွင် ကျွန်မသည် ကမ္ဘာလောကနှစ်ခုကို ခွနေသည်။ သို့သော် အချိန်တော်တော်များများတွင် ကျွန်မသည် ကျွန်မ၏ အာရှဇာစ်မြစ်ကိုရှက်နေကြောင်း တွေ့ရသည်။ ၁၉၉၂ ခုနှစ်၊ ဇွန်လတွင် အိမ်ဖြူတော်သို့ ကျွန်မ သတင်းပို့သောအခါ ကျွန်မသည် အိမ်ဖြူတော်သမားတော်၏နေရာကိုယူရန် စိတ်ထက်သန်နေသောရာထူးအဆင့်ရှိ ရေတပ်ကွန်မင်ဒါတစ်ဦးဖြစ်သည်။ ကျွန်မ၏ ဆေးဘက်ဆိုင်ရာသင်တန်းနှင့်စစ်ဘက်ဆိုင်ရာအတွေ့အကြုံများက ကျွန်မ၏အလုပ်အတွက် လိုအပ်သော်လည်း အံ့သြစရာပါပေ၊ အိမ်ဖြူတော်ရှိ ကျွန်မ၏အစောဦးအောင်မြင်မှုများမှာ ကျွန်မ၏ ဖိလစ်ပိုင်ဇာစ်မြစ်ကြောင့်သာ ဖြစ်ပေသည်။ ကျွန်မ၏ ဇာစ်မြစ်ထက်ကြီးသော တခြား အထောက်အပံ့ အကြောင်းအချက်များမရှိပေ။

ပထမနေ့မှာပင် ကျွန်မ၏ အရင်တာ၀န်ထမ်းဆောင်သော အိမ်ဖြူတော်ဆေးအဖွဲ့တွင် ကျွန်မ အစားထိုးနေရာယူရမည့်သူ ရေတပ်သမားတော် ဒေါက်တာရောဘတ် (Al Roberts)က…

"ဒီအလုပ်ကို အစေခံတစ်ယောက်ရဲ့ စိတ်ထားနဲ့ချဉ်းကပ်ပါ" ဟု သမ္မာရင့်သည့်အကြံဉာဏ်ကို ပေးသည်။

ကျွန်မကြီးပြင်းရာ ကာလတစ်လျှောက်လုံး ကျွန်မရင်ထဲတွင် စွဲ၀င်နေသည့် သဘောတရားကို ကျွန်မ ကောင်းကောင်းသိပါသည်။ ကျွန်မသည် အမေရိကန်ဆေးကျောင်းမှ ဘွဲ့ရသော ရေတပ်အရာရှိသမားတော်ဖြစ်ပြီး သဘော်ပေါ်တက်ခွင့်ရသူ ဖြစ်သည်။ ယင်းတို့အပြင် ကျွန်မမှာ သတ္တိနှင့်ဆင်ခြင်ဉာဏ် ရှိသည်။ ရေတပ်ဆေးရုံနှင့် ဆေးခန်း ကျွန်မ၏ စစ်မှုထမ်းကာလ တစ်လျှောက်လုံး ကျွန်မ၏ သတ္တိနှင့်ဆင်ခြင်ဉာဏ်ကို အားကိုးသည်။ အချိန် တော်တော်များများတွင်

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် သီးသီးသန့်သန့် ဌာနတစ်ခုတွင် ခံယူတည်ဆောက် ကျွမ်းကျင်သော အမျိုးသမီးဖြစ်သည်။ တခြားလူများနှင့် တော့ တစ်မူထူးခြားနေတာ ဘယ်လိုဖြစ်နေသည်ကို ကျွန်မသိသည်။ လိင်အရ၊ လူမျိုးအရမတူဘဲ တစ်မူထူးခြားနေလျှင် ထူးချွန်ဖို့လိုအပ်သည်ဟု ကျွန်မ ယုံကြည်သည်။ အဘယ်ကြောင့်ဆိုမူ ကျွန်မသည် တစ်ဦးတည်းအတွက်သာမက များစွာ သောလူများကို ကိုယ်စားပြုနေသည်။

အိမ်ဖြူတော်သို့ ကျွန်မရောက်ရှိသည့် ပထမ ရက်သတ္တပတ်တစ်ပတ်အတွင်းတွင် ကျွန်မကို 'ဆရာဝန်အသစ်' တစ်ယောက်အနေနှင့် မျက်လုံးဒေါက်ထောက် ကြည့်ကြသည်။ ကျွန်မသည် အမေရိကန်ရေတပ်ကို ကိုယ်စားပြုရုံသာမက ယေဘုယျအားဖြင့် အမျိုးသမီးသမားတော်များကိုလည်း ကိုယ်စားပြုသည်။ အိမ်ဖြူတော်သမားတော် ဖြစ်သွားခဲ့ဖူးသော တခြားတစ်ဦးသော အမျိုးသမီးမှာ ဒေါက်တာ ဂျနက်ထရဗဲလ် (Dr. Janrt Travell) ဆိုသူဖြစ်၏။ သူက စိတ်ဝေဒနာပညာရှင် ဖြစ်သလို၊ သမ္မတကနေဒီ၏ ကိုယ်ရေးသမားတော်လည်း လုပ်သွားခဲ့ဖူးသည်။ သူမနှင့်ပတ်သက်၍ ဆေးအဖွဲ့မှ ယောကျ်ား ဆရာဝန်များက အားမနာပ ပြောကြဆိုကြသည်ကို ကျွန်မ ကြားဖူးသည်။ ဒါကို ကျွန်မက မအံ့သြပါ။ အိမ်ဖြူတော်သမား တော်ဆိုသည်မှာ အားလုံးယောကျ်ားများသာ ဖြစ်သည်ဆိုသော အစဉ်အလာကို သူမက ချိုးဖောက်လိုက်သောကြောင့် ယောကျ်ားသားတို့၏ကလပ်တွင် သူမကို ပျူပျူငှာငှာမရှိကြပေ။ ဒါကို သူမကလည်း ဂရုမစိုက်။ နောက်ပိုင်း နှစ်ပေါင်း နှစ်ဆယ်ကြာသောအခါ ကျွန်မက သူမ၏နေရာတွင် ရောက်လာကာ ဆီလိုအပေါက်ရှာ၍ ကြည့်ရှုမှု၊ စစ်ဆေးမှုနှင့် သာမ လအနည်းငယ်အတွင်း ဖြစ်နိုင်လျှင် အလုပ်ဖြုတ်ခံရဖို့အထိ ပြင်ဆင်ထားသည်။ ဒေါက်တာလီ၏ နှိပ်ကွပ်သော လူတွေ့စစ်ဆေး မှုကို ကျွန်မ သည်ကျမှ သဘောပေါက်တော့သည်။ ဒေါက်တာလီ၏ နှိပ်ကွပ်သော တွေ့ဆုံမေးမြန်းမှုကို ခံနိုင်ရည်ရှိပြီဆိုမှ တော့ ဆေးအဖွဲ့တွင် ဆရာဝန်အသစ် တစ်ယောက်အနေနှင့် တင်းတင်းကျပ်ကျပ် စမ်းသပ်စစ်ဆေးမှုကို ခံနိုင်ရည်ရှိပေလိမ့် မည်။

အိမ်ဖြူတော်၌ ပထမဆုံးရက်သတ္တပတ်များတွင် ကျွန်မကို အဆင်ပြေပြေနေနိုင်အောင် အထောက်အပံ့ပြုသော အကြောင်းများမှာ ကျွန်မ၏ 'အထူး'အဆက်အသွယ်များပင် ဖြစ်သည်။ သို့သော် အင်အားကြီးရှိပြီး သြဇာအာဏာရှိသော သူများတော့ မဟုတ်ပေ။ ထိုသြဇာအာဏာရှိသော လူများကို စောင့်ရှောက်ရသောလူများနှင့်ကျွန်မ ချက်ချင်းကြီးရင်းနှီးကျွမ်း ဝင်သူချင်းဖြစ်၏။ အိမ်မှုကိစ္စ သန့်ရှင်းထိန်းသိမ်းသူများ၊ အချက်အပြုတ်ဆရာများ၊ လမ်းပြများ၊ အများအားဖြင့် သမ္မတကို အိမ်တော်အကူအဖြစ် အမှုထမ်းသော စစ်တပ်စားသောက်ခန်း ကျွမ်းကျင်သူများ ဖြစ်၏။ သူတို့က အိမ်ဖြူတော်တွင် စကားတစ်ခွန်းမျှမဟဘဲ အလုပ်လုပ်သော ဝန်ထမ်းလူတန်းစား ဖြစ်သည်။ လွှတ်လပ်သောကမ္ဘာက ခေါင်းဆောင်ကို သူ၏ ကိုယ်ပိုင်အခန်းတွင် နေ့ရှိသရွေ့ အမှုထမ်းရသောလူများ ဖြစ်၏။ သူတို့က သမ္မတကိုနှိုးရသည်။ ကျွေးမွေးရသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစား ပြင်ဆင်ပေးရသည်။ အိတ်ထဲတွင် ထည့်သိုထုပ်ပိုး၍ သမ္မတနှင့်အတူ ခရီးသွားရသည်။ သူတို့သည် ကျွန်မ၏ အရှိန်အဝါကြီးသော အိမ်ဖြူတော်အဆက်အသွယ်များပင် ဖြစ်၏။ ကျွန်မငယ်ငယ် အဖေရေ တပ်မိုလ်ချုပ်အား လုပ်ကိုင်ဆောင်ရွက်ပေးသည်ကို ကြည့်ရသည့်အဖြစ်က ကျွန်မထံသို့ ရောက်ရှိလာပေတော့သည်။ ကျွန်မ၏မိသာစုတွင် သမိုင်းဘီးက အလိုလို တစ်ပတ်ပြန်လည်လာသည်။ သည်တစ်ခါတော့ အဆင့်မြင့်အပိုင်းတွင် လုပ်ဆောင်ရပြီး အမေရိကန်နိုင်ငံတွင်းမှာပင် ဖြစ်၏။

ဝါရှင်တန်နှင့် အိမ်ဖြူတော်သို့ ကျွန်မ စတင်အမှုထမ်းရခြင်းသည် ကြီးမားသော စွန့်စားမှုတစ်ခုပါပေ။ နံနက်တိုင်း အသက်ရှူရပ်ခမန်း လှပသော အထိမ်းအမှတ်အဆောက်အအုံများနှင့် သစ်ပင်များ စီရရီစိုက်ထားသော Potamc တစ်လျှောက် ဂျော့ဝါရှင်တန် လမ်းမကြီးပေါ်တွင် ကျွန်မက ကားကိုမောင်းသွားရသည်။ ရွှေရောင်ရုပ်တုများရှိသော Arlington Me-morial တံတားပေါ်မှ သွားသောအခါ လင်ကွန်းအမှတ်တရ (Lincoln Memorial)နှင့် ဗီယက်နမ်စစ်ပြန်များ အောက်မေ့ဖွယ် vietnam Veterans Memorial အဆောက်အအုံကို လေးနက်တည်ကြည်စွာ လှမ်းမျှော်ကြည့်သည်။ Pennsylvania Avenue လမ်းမကြီးသို့ဝင်ရန် ၁၅-လမ်းကို ချိုးကွေ့ကာ Constitution Avenue လမ်းမပေါ်သို့ မိနစ်အနည်းငယ်အတွင်း ကျွန်မရောက်လာသည်။ အိမ်ဖြူတော်ဝင်းထဲရှိ လမ်း၏တစ်ဖက်တွင် ကားရပ်ခွင့်ရရန် ကျွန်မကံကောင်းသည်။ အပေါက်ဝရှိ ယူနီဖောင်းဝတ်ထားသော အစောင့်ကို ကျွန်မ၏ လုံခြုံရေးတံဆိပ်ကတ်ပြားကို ဝှေ့ယမ်းပြလျက် OEBC(old Executive office Building)ကို ဖြတ်ကာ ခြံဝင်းထဲသို့ ကျွန်မဝင်သွားသည်။ အရင်ကဝတ်လေ့ရှိသော ကာကီရောင် ရေတပ်ဝတ်စုံကို ကျွန်မ မဝတ်တော့ပါ။ အရပ်ဝတ်ကိုသာ ဝတ်တော့သည်။ ဒေါက်မြင့်ဖိနပ်၊ မိတ်ကပ်ပါးပါး စိတ်ကြိုက်လက်ဝတ် ရတနာနှင့် ဖြစ်၏။ ကျွန်ုံဝတ်စုံအသစ်ကို ဖက်ရှင်တစ်ခုလို့ ကျွန်မနှစ်သက်ပါသည်။ စစ်ဝတ်စုံမှာ သမ္မတ၏ ခရီးလမ်းကြောင်းပေါ်တွင် ပစ်မှတ်နှင့်ပိုတူသည်ဟု နောက်ပိုင်းတွင် ကျွန်မကို ပြောပါသည်။

ကျွန်မ၏ နေ့စဉ်လုပ်ငန်းသုံး အဝတ်အစားနှင့် ဖိနပ်လဲရန် OEBC ရှိ ဆေးအဖွဲ့သို့ စောစောရောက်ရန်ဖြစ်သည်။ ပြီးနောက် အိမ်ဖြူတော်မှ လမ်း၏တစ်ဖက်ရှိ Mall တစ်လျှောက် သုံးမိုင်မှငါးမိုင်အထိ ပြေးမည်။ ကျွန်မ ပြေးနေစဉ် ဝါရှင်တန်ကျောက်တိုင်နှင့် လင်ကွန်းအောက်မေ့ဖွယ် အဆောက်အအုံ၏ အံ့မခန်းလှပသော မြင်ကွင်းကို မြင်ရသည်။ ဤအချိန်တွင် D.C ရှိ ကျွန်မမိသားစု၏ ဘဝသစ်ကို ပြန်လည် စဉ်းစားသုံးသပ်ခွင့် ရသည်။

ကျွန်မ၏ခင်ပွန်း 'ရစ်ချတ်'က San Diego ရှိ သူ၏ဥပဒေအဖွဲ့မှ ခွင့်ပြုချက်ဖြင့် ဂျော့ဝါရှင်တန်တက္ကသိုလ် ညနေပိုင်းအတန်းတွင် စာသင်နေသည်။ နေ့လယ်တွင် 'ရစ်ချတ်'က အိမ်မှာနေရသော အဖေဖြစ်သည်။ ကလေးတွေအတွက် လုပ်ကိုင်ပေးရသည်။ ကျောင်းပို့ကျောင်းကြို လုပ်ပေးရသည်။ Alexandria တွင် အတော်အတန်ကောင်းသည့် အိမ်တစ်လုံး

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ငှားထားသည်။ ကလေးများ၏ Montessori ကျောင်းကလည်း ထိုနေရာမှာပင်ရှိသည်။ 'ရစ်ချတ်'၏တစ်နေ့တာမှာ ကလေးများ ဝေယျာဝစ္စ လုပ်ပေးခြင်း၊ သူ၏ညနေတန်းအတွက် ပြင်ဆင်ခြင်းနှင့် အိမ်မှုကိစ္စ ဆောင်ရွက်ခြင်းတို့ဖြင့် အချိန်ကုန်သည်။ သူ့ဘဝသည် ဘယ်ရွေ့ဘယ်မျှ အထီးကျန်ဆန်ခဲ့ကြောင်း နောက်ပိုင်း နှစ်တော်တော်များများကြာမှ ကျွန်မ သဘောပေါက်သည်။ သူသည် သူ၏ဥပဒေအဖွဲ့မှ မိတ်ဆွေသင်္ဂဟများနှင့် ရင်းနှီးကျွမ်းဝင်မှုကို ပျော်ရွှင်နှစ်ခြိုက်ခြင်း မရှိတော့ပေ၊ သို့တည်းမဟုတ် San Diego ရှိ သူ့မိခင်နှင့် ညီအစ်ကိုမောင်နှမများထံ မကြာမကြာ သွားရောက်လည်ပတ်ရသည်ကိုလည်း ပျော်ပျော်ရွှင်ရွှင် မခံစားနိုင်တော့ပေ။ ကျွန်မက မကြာမကြာ နာရီပေါင်းများစွာ ခရီးသွားနေရသောကြောင့် ရစ်ချတ်သည် အလိုလိုနေရင်း မသိမသာ အိမ်ဖြူတော်မုဆိုးဖိုတစ်ယောက် ဖြစ်လာသည်။

ကျွန်မအလုပ်က နှစ်နှစ်ကြာတွင် ပြီးဆုံးသွားသောအခါ ပြန်လာမည်ဟု မျှော်လင့်၍ ဆန်ဒီရယ်ဂို (San Die-go)ရှိ အိမ်ကို ငှားထားခြင်းဖြစ်သည်။ မိသားစုနှင့် မိတ်ဆွေများကို လွမ်းဆွတ်သော်လည်း အရှေ့ပိုင်းကမ်းခြေ (East Coast)တွင် ဘဝကို ပျော်အောင်နေရန် ကျွန်မတို့ ဆုံးဖြတ်ထားကြသည်။ ကျွန်မသားများကတော့ ရာသီအပြောင်းအလဲကို မျှော်နေကြသည်။ အထူးသဖြင့် နှင်းများကျသည့် ကျောင်းပိတ်ရက်ကို မျှော်ကြသည်။

အိမ်ဖြူတော်သို့ရောက်၍ တတိယပတ်အတွင်းရှိ နေ့တစ်နေ့၊ နံနက်ပိုင်း ပြေးရာမှပြန်လာပြီး ရေချိုးသည်။ OEBC အဆောက်အအုံ မြေအောက်ခန်းထဲရှိ အမျိုးသမီးအခန်းထဲတွင် ကျွန်မ အဝတ်လဲသည်။ ထို့နောက် ပထမထပ်ဆေးအဖွဲ့ ဆေးခန်းထဲသို့ ကျွန်မ ရောက်သည်။ ထိုနေရာတွင် စစ်သူနာပြုတစ်ယောက်နှင့် ရေတပ် ဆေးတပ်သားတစ်ယောက်က ကျွန်မကို ကူညီသည်။ အိမ်ဖြူတော်ရှိ အရပ်ဘက် စစ်ဘက်အမျိုးမျိုးသော သူနာများကို ကြည့်ပေးရသည်။ အသားအရေယားယံသောရောဂါမှ ရင်ဘတ်အောင့်သော ရောဂါအထိ ကြည့်ပေးသည်။ လူနာများက အချိန်ကြာကြာ မစောင့်ရဘဲ ဆေးခန်းမှ ထွက်သွားကြသည်။ စစ်ဘက်သူနာပြု၊ ရေတပ်ဆေးတပ်သားနှင့် ကျွန်မတို့သုံးယောက်သာ လူနာများမရှိတော့သည့်အခါ အခန်းထဲတွင် အနားယူ စကားစမြည် ပြောနေစဉ် ဒေါက်တာလီထံမှ ဖုန်းဝင်လာသည်။ သူနာပြုက ဖုန်းကို ကျွန်မဆီသို့ လှမ်းပေးသည်။

'ကော်နီ… ဆယ်နာရီမှာ ကွန်မင်ဒါ အစည်းအဝေးရှိတယ်' ဒေါက်တာလီက ပြောသည်။ သူက သူ့ထုံးစံအတိုင်း အေးသံမာမာဖြင့် ထပ်ပြောသည်။

'ကျွန်တော် အလုပ်သိပ်များလို့ အဲဒီအစည်းအဝေးပြီးအောင် မထိုင်နိုင်ဘူး။ ကျွန်တော့်အတွက် ခင်ဗျား ဝင်ထိုင်ပေးပါလား'

နာရီကိုကြည့်လိုက်တော့ ၁၀ နာရီ၊ ၈မိနစ် ရှိနေပြီ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မလာပါပြီ ဆရာ'ဟု ပြောပြီး အရှေ့ဘက်ခြမ်းသို့ ကျွန်မ အမြန်သွားလိုက်သည်။ ဆေးအဖွဲ့စီမံရေးအဖွဲ့ လက်ထောက်ရှာလီကယ်လ်လီ (Shirley Kelly)က ကျွန်မကို ဗုံးခိုကျင်းအခန်းထဲသို့ လိုက်ပို့သည်။ ထိုမှတစ်ဆင့် သမ္မတ အရေးပေါ်စစ်ဆင်ရေးဗဟို PEOC (Presidential Emergency operations Center)အခန်းထဲသို့ ရောက်သည်။ ထိုနေရာတွင် အိမ်ဖြူတော်အဖွဲ့ ကွန်မင်ဒါအစည်းအဝေးက အစုံအညီရှိနေကြသည်။

အခန်းထဲဝင်လိုက်ပြီး ယောက်ျားရယ်မောသံများ ကြားရသည့်အခါ သင်္ဘောပေါ်ရှိ ဆေးခန်းကို သတိရမိသွားသည်။ ထောက်ပံ့ရေးတပ်အရာရှိက ကျွန်မကို တံခါးဝတွင်ဆီးကြိုကာ အိမ်ဖြူတော်စစ်ရုံး အရပ်သားခေါင်းဆောင် John Gaughan နှင့် မိတ်ဆက်ပေးသည်။ ကျွန်မက ဒေါက်တာလီ၏ ခုံတွင်ဝင်ထိုင်တော့ Gaughanက အဖွဲ့၂၀မှ ကွန်မင်ဒါ အုပ်စုနှင့် မိတ်ဆက်ပေးသည်။ အများအားဖြင့် အကြီးတန်းစစ်ဘက်အရာရှိများ ဖြစ်သည်။ သူတို့ကို ကျွန်မအား တစ်ယောက်ချင်းမိတ်ဆက်ဖို့ Gaughanက ပြောသည်။ ဒီအုပ်စုတစ်ဝက်လောက်ကို ကျွန်မ တွေ့ပြီးသား။ သူတို့အားလုံးမှာ လေးစားခံ့ညားဖွယ် နောက်ခံနှင့် စစ်ဘက်အနေအထားများ ရှိသည်။ ခင်မင်စရာကောင်းပြီး စိတ်နေစိတ်ထား မြင့်မား တည်ကြည်သူများ ဖြစ်သည်။ အခန်းထဲတွင် တခြားသောအမျိုးသမီးဆို၍ နှစ်ဦးသာရှိသည်။ တစ်ယောက်မှာ စစ်ဘက်မှ ဗိုလ်မှူးလုံခြုံရေးအ ရာရှိ၊ နောက်တစ်ယောက်က အိမ်ဖြူတော်ရုပ်/သံအဖွဲ့ တာဝန်ခံ၊ ရေတပ်ဒုဗိုလ် အငယ်တန်းအဆင့် ဖြစ်သည်။ ရင်းရင်းနှီးနှီးရှိနေကြသော ယောကျ်ားများကြားတွင် သူတို့ကိုကြည့်ရသည်မှာ အနေကျပ်နေပုံရသည်။ ကျွန်မ အဖို့ကတော့ ရေတပ်စစ်သင်္ဘောပေါ်တွင် ဌာနမှူးများ အစည်းအဝေးထိုင်ရသလိုသာ ခံစားရသည်။ တကယ်တော့ ယခု တက်ရောက်လာသူများမှာ အကြီးတန်းအရပ်ဘက် အရာရှိကြီးများ၊ ဗိုလ်မှူးကြီးများ၊ ရေတပ်ကပ္ပတိန်များ၊ လေတပ် နံပါတ်-၁နှင့် ဖရင်းနံပါတ်-၁မှ လေယာဉ်မှူးများ ဖြစ်သည်။

မိတ်ဆက်ပေးနေစဉ်အတွင်း အဖွဲ့ကွန်မင်ဒါထဲမှ တစ်ယောက်က ကျွန်မကို လှမ်းပြောသည်။

'ကျွန်တော်ကို မှတ်မိလား၊ ဆေးခန်းထဲမှာ ခင်ဗျားကို ရင်ဘတ်လှန်ပြခဲ့တဲ့ သူလေ' တစ်ခန်းလုံးရယ်သံဖြင့် သိမ့်သိမ့်တုန်သွားသည်။

'ဆေးခန်းမှာ ကျွန်မကို ရင်ဘတ်လှန်ပြတဲ့ သူတွေက အများကြီး၊ ကျွန်မက ဘယ်လိုလုပ်မှတ်မိပါ့မလဲ' ကျွန်မက ချက်ချင်းတန်ပြန်တော့ ရယ်သံကပိုကျယ်သွားသည်။ အမျိုးသမီးအရာရှိနှစ်ယောက် မျက်နှာသိရဲရကာ ငြိမ်နေကြသည်။

မိတ်ဆက်ပြီးတော့ လုံခြုံရေးနှင့် ပတ်သက်၍ လျှပ်စစ်လိုင်းအလုံပိတ်ထားသော ဗီဒီယိုကို ကြည့်ကြသည်။ ဗီဒီယိုကြည့်ပြီးချိန်တွင် ဒေါက်တာလီ အခန်းထဲသို့ဝင်လာသည်။ သူ့ကိုမြင်တော့ နေရာပေးရန် ကျွန်မ ခုံမှ မတ်တတ်ရပ်သည်။ သူကပြန်ထိုင်ဖို့ ခြေဟန်လက်ဟန်ဖြင့် ပြသည်။ သူက အနားလာ၍ တိုးတိုးပြောသွားသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'အဆင့်မြင့်အစည်းအဝေးမှာ အဆင့်နိမ့်ကိစ္စတွေ ပြောနေတာ၊ ကျွန်တော်က ခင်ဗျားကိုကြည့်စေချင်တယ်'

သူက မျက်စိမှိတ်ပြပြီး အခန်းထဲက ထွက်သွားသည်။ သူ စကားလေးဝင်ပြောပြီး ပြန်ထွက်သွားသည်ကို ဘယ်သူမှ ဘာမျှမပြောကြချေ။

ဒေါက်တာလီ ထွက်သွားပြီးနောက် အခန်းကငြိမ်သက်သွားသည်။ သမ္မတ၏လက်ထောက်နှင့် အိမ်ဖြူတော် စစ်ရုံးအကြီးတန်း အရပ်သားတာဝန်ခံ တင်မက်ဘရိုက်ဒ် Tim McBride ကို စောင့်နေကြသည်။ အပြောအဆို ခပ်ကြမ်းကြမ်း ဝါရင့်နိုင်ငံရေးသမားတစ်ယောက် ဖြစ်မည်ဟု ကျွန်မ မျှော်လင့်ထားသည်။ သို့သော် အခန်းထဲရှိ အရာရှိအားလုံး အမတ်တတ် ရပ်လိုက်သောအခါ အရပ်ရှည်ရှည် ဆံပင်ရွှေရောင်နှင့် သေသပ်သားနားသော လူတစ်ယောက်ဖြစ်နေသဖြင့် ကျွန်မ အံ့သြသွားသည်။

ကျွန်မ အံ့သြနေသည်ကို သတိပြုမိသော ကျွန်မဘေးရှိ အရာရှိတစ်ဦးက တိုးတိုးပြောသည်။

'သူက အသက် ၂၀မှာ နိုင်ငံရေးစလုပ်တယ်လို့ ပြောကြတယ်'

မက်ဘရိုက်ဒ် (McBride)က အဖွဲ့အစည်းအနေနှင့် အလုပ်လုပ်ခြင်း၊ ဆက်သွယ်မှု သေချာကောင်းမွန်အောင် လုပ်ခြင်းနှင့် ပတ်သက်၍ အနည်းငယ် မှတ်ချက်ပေးသည်။ ကျွန်မ စစ်မှုထမ်းကာလ တစ်လျှောက်တွင် သည်စကားမျိုးက ကျွန်မကြားဖူးနေကျ ဖြစ်သည်။ ပြောရိုးပြောစဉ် နမူနာပုံစံစကားများ ဖြစ်သည်။ အခုသည်စကားကို သမ္မတ၏ အကြီးတန်း ကိုယ်ရံတော်ထံမှ ကြားနေရပြန်ပြီ။ ကျွန်မ အနည်းငယ် စိတ်ပျက်မိသည်။

အနားယူသောအချိန်တွင် ကော်ဖီနှင့်မုန့်များကို ဖိလစ်ပိုင်ဝန်ထမ်းများက လာချပေးနေစဉ် 'မက်ဘရိုက်ဒ်'က ကျွန်မဆီလာ၍ သူ့ကိုယ်သူ မိတ်ဆက်သည်။ အရင်အပတ် ရုရှားသမ္မတ ယဲ့ဆင်ရောက်ရှိစဉ် တောင်ဘက်မြက်ခင်းပြင်တွင် သူတကျွန်မကို လှမ်းမြင်လိုက်ကြောင်း ပြောသည်။

'ခင်ဗျားက အရေးပေါ် နှလုံးနှိုးစက်ယူလာတာ ကျွန်တော် သတိထားမိတယ်'။

သူက 'ယဲ့ဆင်'၏ နှလုံးရောဂါ အခြေအနေကို ရည်ညွှန်းကာ ပြောလိုက်သည်။

တကယ်တော့ အရေးပေါ်နှလုံးနှိုးစက် ကိုင်ထားသည်မှာ သူနာပြုတစ်ယောက် ဖြစ်၏။

'ဘာလဲ၊ ရှင့်မှာလည်း နှလုံးကြေကွဲနေလို့လား' ကျွန်မက ပြန်၍နောက်လိုက်သည်။ သူက ပြုံးပြသည်။ ညည်ဝါတင့်တယ်သော အပြုံးဖြစ်သည်။ ဤလူ၏ သူတစ်ပါးအပေါ် ဩဇာလွှမ်းမိုးနိုင်သော ကောင်းခြင်းလက္ခဏာကို ကျွန်မ ခံစားမိသည်။ 'ရီပတ်ဘလီကန်' အိမ်ဖြူတော်တွင် ကျွန်မသည် အနီးကပ်ဆုံး 'ဒီမိုကရက်'ဖြစ်နေလင့်ကစား၊ သူ့အတွက်သာဆိုလျှင် ကျွန်မ မဲထည့်ခဲ့မိမည် ဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အနားယူချိန်ပြီးနောက် 'မက်ဘရိုက်ဒ်' (McBride)က သွားတွင် သတိအနေအထားနှင့် ရပ်နေသောအရာရှိများနှင့်အတူ ထွက်သွားသည်။ ကျွန်မတို့က သုံးနာရီအစည်းအဝေးကို ဆက်ထိုင်သည်။ အစည်းအဝေးအဖွဲ့က စိတ်ဝင်စားဖွယ်ကောင်းသည့် နိုင်ငံရေးပတ်သက်၍ ခန့်အပ်ထားသူများက ပြေပြစ်ကြသည်။ ပညာရည် မြင့်မားကြသည်။ ယဉ်ကျေးမှုရှိကြသည်။ စာယန်းထိုးသောအင်္ကျီများကို ဝတ်ဆင်ထားကြကာ အဝတ်အစားနှင့် အမူအရာပါ အဆင့်မြင့်ကြသည်။ အလုပ်သမားများများက တောင်ဘက်မှ နှစ်သုံးဆယ်ကြာ လုပ်သက်ရှိ စစ်ဘက်ဝန်ထမ်းများ ဖြစ်သည်။ မကြာမီ နောက်တန်းဗိုလ်ချုပ်ကြီးဖြစ်တော့မည့် ရေတပ်ကပ္ပတိန် 'ဂျေ ယာကဲလီ' (Jay Yakeley)က အကြီးတန်းစစ်ဘက်အရာရှိ ဖြစ်သည်။ သူက အောက်ပိုင်းတောင်ပိုင်းသားဖြစ်ပြီး အရပ်သားအကြီးအကဲက အခန်းထဲမှ ထွက်သွားသောအခါ သူကပို၍ ပွင့်ပွင့်လင်းလင်းပြောလာသည်။

'ကြည့်လို့ရှုလို့ မကောင်းတာထက် သေသာသေလိုက်ချင်တယ်' ကပ္ပတိန် 'ဂျေ ယာကဲလီ' (Jay Yakeley)က စာနယ်ဇင်းပုဂ္ဂိုလ်များအတွက် သေသေသပ်သပ် ဝတ်စားဖို့ကို ရည်ညွှန်း၍ပြောလိုက်သည်။

'သတိထားဖို့က ခင်ဗျား ဝက်နဲ့ဖက်နပန်းလုံးရင် ဝက်ရော၊ ခင်ဗျားရော ရွှံ့ပေမှာပဲ။ ဒါပေမဲ့ ဝက်ကတော့ ပျော်နေမှာပေါ့'

အိမ်ဖြူတော်ရှိ စစ်ဘက်ဦးစီးတစ်ယောက်ထံမှ အာဝဇ္ဇန်းရွှင်ရွှင် ပြောလိုက်သောစကား ဖြစ်သည်။ အဆင့်မြင့်အစည်းအဝေးတွင် ဆွေးနွေးကြမည့် ခေါင်းစဉ်များမှာ ဆက်၍ပြုလုပ်မည်နှင့် Tailhook စုံစမ်းစစ်ဆေးရေးနှင့် သမ္မတ၏ လာမည့်မြင်းခွာပြိုင်ပွဲ ဖြစ်သည်။ ရေတပ်အတွင်းရေးမှူးက Tailhook ညီလာခံတွင် ဖြစ်ခဲ့သည့် မဖွယ်မရာပြုလုပ်မှုစုံစမ်းစစ်ဆေးရေးကို ကာကွယ်ရေးဌာန၏ အထွေထွေစစ်ဆေးရေးမှူးထံသို့ လွှဲပြောင်းပေးသည်။ ယင်းအမှုမှာ ရေတပ်အတွက် ကောင်းသောနိမိတ်လက္ခဏာ မဟုတ်ပေ။ အစည်းအဝေးတွင် စစ်ဘက်အမျိုးသမီးများ ရှိနေခြင်းကြောင့် ဖြစ်ကောင်းဖြစ်မည်။ Tailhook နှင့်ပတ်သက်၍ မည်သည့်ယောကျာ်းအရာရှိကမျှ နားနှင့်မနာ ဖဝါးနှင့်နာရမည့် စကားမျိုးကို မပြောကြချေ။ အိမ်ဖြူတော်စစ်ရုံးတွင် ကျွန်မသည် အကြီးတန်းအရာရှိ စစ်ဘက်အမျိုးသမီး ဖြစ်သော်လည်း တစ်ယောက်မှ ကျွန်မကို အထင်အမြင်လည်း မတောင်း၊ ပေးလည်းမပေးချေ။ ထိုနေ့လယ်ပိုင်းအတွက် အစီအစဉ်ရေးဆွဲလိုက်သော မြင်းခွာပြိုင်ပွဲသို့ ခေါင်းစဉ်ကပြောင်းသွားသောကြောင့် တော်ပါသေးသည်။ အဆင့်နိမ့်ခေါင်းစဉ်တွေနှင့် အဆင့်မြင့်အစည်းအဝေး- ဒေါက်တာလီ ပြောတာမှန်သည်။ နှောင်နှစ်ပေါင်းများစွာအကြာ အိမ်ဖြူတော်ကို West wing၏ပုံစံဖြင့် ရိုက်ကူးထားသော အကူအရေးပေါ်ခန်း၏ ရုပ်မြင်သံကြားဇာတ်လမ်းကို ကျွန်မ ကြည့်ရသောအခါ ကျွန်မ ပထမဆုံးတက်ခဲ့သောအဖွဲ့ကွန်မင်ဒါအစည်းအဝေးနှင့် နှစ်ပေါင်းကိုးနှစ်ကြာ ကျွန်မ တက်ခဲ့ရသော တခြား အဆင့်မြင့်အစည်းအဝေးများကို သတိရနေ

www.burmeseclassic.com

www.burmeseclassic.com



သေလိမ့်မည်။ စစ်ဘက်နှင့် အစိုးရအဖွဲ့၏ထိပ်ဆုံးတွင် ရှိသည်ဟု တချို့ကယူဆသော အစည်းအဝေးတွင်ထိုင်သည့် ခေါင်းဆောင်မှုနှင့် အဖွဲ့အစည်းများနှင့် ပတ်သက်၍ ကျွန်မသည် ရယ်သွေးသမ်းတတ်လာသည်။ ကျွန်မ လေ့လာမိသမျှ တော်တော်များများမှာ တမင်လုပ်ပြခြင်း၊ နေရာရမှုအတွက် ယှဉ်ပြိုင်ခြင်း၊ ကိုယ်ရည်သွေးခြင်းနှင့် တကယ်လုပ်ရမည်ထက် အပိုကများခြင်း စသည်တို့ ဖြစ်၏။ မြင်းခွာပြိုင်ပွဲအတွက် သုံးနာရီကြာ ထိုင်ပြောမည့်အစား သည့်ထက်မက အရေးကြီးတာ တွေ ရှိသည်။

■

အစည်းအဝေးပြီး၍ အခန်းထဲကိုပြန်တော့ အခန်းက တိတ်ဆိတ်နေသည်။ နေ့လယ်စာ လွတ်သွားသည်ဖြစ်၍ ကျွန်မ ဆာလောင်နေသည်။ ဆေးခန်းတွင် စောင့်နေသော လူနာမရှိသောကြောင့် အတော်ဖြစ်သွားသည်။ စားစရာတစ်ခုခုတော့ 'ဆွဲ' လိုက်နိုင်သည်။ အခန်းထဲတွင် စောင့်နေသူတစ်ဦးသာ ရှိသည်။ သမ္မတ၏ အိမ်တော်အကူ Master Chief ဖာမာ (Fama) ဖြစ်သည်။

'ကွန်မင်ဒါ မာရီယာနီ…၊ အိမ်ဖြူတော် စားဖိုမှူးတွေက ခင်ဗျားကိုတွေ့ချင်လို့တဲ့' သူက ကျွန်မ၏ နောက်ဆုံး အည်ကို ပီပီသသခေါ်၍ ပြောသည်။

'ကျွန်မကလည်း သူတို့ကို တွေ့ချင်ပါတယ်'ဟု ကျွန်မက ပျော်ပျော်ရွှင်ရွှင် ပြန်ပြောသည်။ မုန့်ပဲသရေစာဖြင့် ညှိခံသောအဖွဲ့ ကွန်မင်ဒါအစည်းအဝေးမှ ပြီးပြတ်ခဲ့သည်ကို ကျွန်မ စိတ်သက်သာရာ ရနေသည်။

'ဒါပေမဲ့ စားသောက်ခန်းကနေ မုန့်လေးတစ်ခုလောက် စားလိုက်ပါရစေဦး။ သည်နေ့ ကျွန်မ နေ့လယ်စာလွတ်သွားလို့'

'ဒေါက်တာ'သူက အပြစ်တင်သည့် လေသံမျိုးပေါက်အောင် အသံကိုရှည်ရှည်ဆွဲ၍ ပြောသည်။

'ကျွန်တော်တို့ ဖိလစ်ပိုင်သားတွေကို သိတယ်မဟုတ်လား။ ကျွန်တော်တို့က ဒေါက်တာကို ဖိတ်ခေါ်တယ်ဆိုရင် ကျွန်တော်တို့က ကျွေးမွေးမယ်ဆိုတဲ့ သဘောပဲ။ ကျေးဇူးပြုပြီး ကျွန်တော်တို့နဲ့ လိုက်သာလိုက်ခဲ့ပါ'

မာစတာချိဖ် (Master Chief) ဖာမာက ကျွန်မကို OEOB ၏ နောက်ဖေးအခန်းထဲသို့ လိုက်ပို့သည်။ ဤ အခေါက်သည် တစ်နေ့တည်းတွင် ကျွန်မ မြေအောက်ခန်းထဲသို့ရောက်သည့် ဒုတိယအခေါက်ဖြစ်သည်။ သည်တစ်ခါမှာ တော့ ကျွန်မနှင့်ရင်းနှီးနေသည့် ဆီသတ်ထားသော ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် ပုစွန်တုပ်အနံ့များက ကျွန်မကို

the bookhouse we bring you future
www.burmeseclassic.com

www.burmeseclassic.com



ရိုက်ခတ်လာသည်။ ဒါတင်မက ကျွန်မ၏အဖေ အလုပ်လုပ်ခဲ့ရာ ရေတပ်ဗိုလ်ချုပ်၏ မီးဖိုချောင်ကို ကျွန်မ သတိရမိသွားပြန်သည်။ သည်တစ်ခါမှာတော့ ကျွန်မသည် ဖိလစ်ပိုင်သားဆယ်ယောက် ဝိုင်းရံထားလျက် မာစတာချိဖ်၏ စားသောက်ခန်းထဲတွင် ဖြစ်၏။ သူတို့သည် အိမ်ဖြူတော်တွင် တာဝန်ပေးခြင်းခံရသော လုပ်သက်ရင့် စစ်မှုထမ်းများဖြစ်ကြသည်။ သူတို့အားလုံးကို ကျွန်မ ကြည့်လိုက်သည်။ အားလုံးမှာ ကျွန်မ၏ ဆွေမျိုးသားချင်းများကဲ့သို့သာ ဖြစ်ကြသည်။ ကျွန်မတို့အားလုံးသည် အသားညိုညို၊ ဆံပင်နက်နက်၊ အလွယ်တကူပြုံးနိုင်၍ ရိုကျိုးသော စရိုက်သဘာဝ ရှိကြသည်။ ယင်းအချက်များက ကျွန်မတို့၏ ကြောက်ခမန်းလိလိ ရည်စူးအလေးထားမှုနှင့် ဂုဏ်မာနကို အလွယ်တကူမမြင်နိုင်ရန် ဖုံးကွယ်ထားသည်။

မာစတာချိဖ် ဘယာနီနဲလ်ဗစ် (Bayani Nelvis)က ဖိလစ်ပိုင်သားတို့ အသည်းစွဲ အစားအစာကို ချက်ပြုတ်ထားသည်။ ကျွန်မတို့က pancit ဟုခေါ်သော ရိုးရာခေါက်ဆွဲဟင်း (lumpia)၊ သို့မဟုတ် ဖိလစ်ပိုင်ကြက်ဥလိပ် ကြက်စတူးနှင့် ထမင်းတို့ ဖြစ်သည်။ PEOC တွင် အဆင့်မြင့်စစ်ဘက်အရာရှိများနှင့် နံနက်ခင်းကော်ဖီကို သောက်ပြီး အခု ဖိလစ်ပိုင်မောင်ဖွားများနှင့် အိမ်ထမင်း၊ အိမ်ဟင်းကို စားနေသည်။ မာစတာချိဖ် တော်တော်များများ အိမ်ဖြူတော်တွင် အမှုထမ်းနေသည်မှာ ခြောက်နှစ်ခန့်ရှိပြီ။ မာစတာချိဖ် လီတိုဘောတစ်တာ (Lito Bautista)က သမ္မတဘွတ်ရှ်မတိုင်မီ သမ္မတသုံးယောက်အတွက် အမှုထမ်းခဲ့သည်။ ကျွန်မ လေ့လာမိသရွေ့ မာစတာချိဖ်များသည် သမ္မတ ခရီးသွားသည့်အခါ အတူလိုက်ရသည်။ အဝတ်အစားများ ပြင်ဆင်ပေးရသည်။ အိတ်များကို ထည့်သိုပေးရသည်။ အစားအသောက် ပြင်ဆင်ပေးရပြီး အစားအစာများ မယို့ယွင်းအောင်၊ မလိုအပ်သည်များ မပါအောင် ဂရုစိုက်ရသည်။ သမ္မတကို အဆိပ်ခတ်မည့်အန္တရာယ်၊ သို့မဟုတ် ဘေးဥပဒ်ဖြစ်နိုင်ဖွယ်ရှိလျှင် အစားအစာကို နမူနာယူ၍ စစ်ဆေးရသည်။

ကျွန်မက မာစတာချိဖ်ထဲက တစ်ယောက်အား သူ့အကြိုက်ဆုံး သမ္မတနှင့် သမ္မတကတော်ကို မေးသောအခါ 'ဘွတ်ရှ်' မိသားစုဟု သူက မှတ်ချက်ပေးသည်။ ''ဘွတ်ရှ်တို့က ကျွန်တော်တို့အပေါ် သိပ်ကောင်းတယ်။ ကျွန်တော်တို့ကို အသိအမှတ်လည်း ပြုတယ်''

'ရီဂင်မိသားစုနဲ့နေရတာတော့ ကျွန်တော်တို့ မပျော်ဘူး' ဟု အေးအေးဆေးဆေးနှင့် ထည့်ပြောသည်။ အကျယ်တဝင့်တော့ သူ မပြောပါ။ သူတို့ ဝန်ဆောင်မှုပေးသောလူများကို အပြစ်ပြောခြင်း၊ ဝေဖန်ခြင်းမှာ ဖိလစ်ပိုင်သားတို့၏ ဓလေ့မဟုတ်ပါပေ။

မြင်းခွာပြိုင်ပွဲနှင့် ပတ်သက်၍ အဆင့်မြင့်အစည်းအဝေးကို တက်လိုက်ရသည်ထက် အိမ်ဖြူတော်အကူ မာစတာချိဖ်များနှင့်အတူ ထိုညနေ ထိုင်လိုက်ရသည်ကား ဤတိုင်းပြည်ကို ဝန်ဆောင်မှုပေးခြင်းနှင့် ပတ်သက်၍ ကျွန်မ ခံစားမိနားလည်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်သွားသည်။

'ဒေါက်တာ… ခင်ဗျားက တခြားအရာရှိတွေလို ဘာကြောင့်ဟန်ကြီးပန်ကြီး မနိုင်တာလဲ' သူတို့ထဲမှ တစ်ယောက် ကျွန်မကို ပွင့်ပွင့်လင်းလင်း မေးလိုက်သည်။

'ကျွန်မ ဘယ်ကလာတယ်ဆိုတာ ကျွန်မ သိလို့ပေါ့ရှင်။ ကျွန်မရဲ့ဇာစ်မြစ်က ရှင်တို့လိုပါပဲ။ ကျွန်မအဖေက လည်း ရှင်တို့လို ဧည့်ခံကျွေးမွေးရေးမှူးပါ' ကျွန်မက သူတို့ကို ဝန်ခံသည်။ သူတို့က ဖိလစ်ပိုင်မှ ကျွန်မဦးလေးများလို ဖြစ်သည်။

'ကျွန်မတို့ဟာ တူညီတဲ့အလုပ်ကို လုပ်ဖို့ ဒီမှာရှိကြတာ။ အဲဒါကတော့ သမ္မတကို ဂရုစိုက်ဖို့ပါ'

သမ္မတ၏ အိမ်တော်အကူများက ကျွန်မကို ကူညီပံ့ပိုးမည်ဟု ကတိကဝတ်ပြုကြသည်မှာ အိမ်ထမင်း၊ အိမ် ဟင်းစားနေသည် ကာလမှာပင် ဖြစ်သည်။ ကျွန်မကလည်း အပြန်အလှန်အနေဖြင့် သူတို့ထံမှသင်ယူရန် ကျောင်းသားကောင်း တစ်ယောက် ဖြစ်စေရပါမည်ဟု ကတိပေးကာ သူတို့ကို ကျွန်မ၏ 'ခေါင်းကိုင်ဖခင်များ'ဟု ခေါ်လိုက်ပါသည်။ သူတို့ နာမကျန်းဖြစ်လျှင်လည်း ကျွန်မက ကြည့်ပါမည်။ သူတို့၏ ဆရာဝန်လည်း ဖြစ်ပါမည်ဟု ကျွန်မက ပြောလိုက်သည်။

ထို့ကြောင့် ၁၉၉၂-ခုနှစ် ထိုနွေရာသီနှောင်းပိုင်းတွင် ဝါရှင်တန်သည် ပူအိုက်ပူဒဏ်ကို အလူးအလဲခံနေရစဉ် ကျွန်မကတော့ အလုပ်အမှုဆောင်ဟောင်း ရုံးခန်းအဆောက်အအုံ OEBC (Old Executive office Building)ထဲ စား သောက်ခန်းထဲတွင် ဆွေမျိုးသားချင်း ရင်းနှီးမှုများနှင့် နွေးထွေးနေသည်။ အိမ်ဖြူတော်အကူနှင့် သူ၏ ဆရာဝန်အသစ်တို့ကြား၊ မီးဖိုချောင်နှင့် ဆေးဗီရိုတို့ကြား အထူးမဟာမိတ်ဖွဲ့နေသည်ကို သမ္မတ သိချင်မှသိပေမည်။ ဤမဟာမိတ်ဖွဲ့မှုကြောင့် သမ္မတအပေါ် စောင့်ရှောက်မှုက ပိုမိုထိရောက်လာမည် ဖြစ်ပေသည်။

■

the bookhouse we bring you letters
www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၄
## သမ္မတက ခင်ဗျားကို အခု တွေ့လိမ့်မယ်

'ဒေါက်တာ ကျွန်တော်တို့မှာ ပြဿနာပေါ်ပြီ။' ရေတပ်စစ်ဘက်ကိုယ်ရံတော်က နားတွင်တပ်ထားသော ကိရိယာကို နားထောင်ရင်းပြောသည်။ ခေါင်းပေါ်တွင် ရန်သူလေယာဉ်ကိုများ တွေ့ရမလား အောက်မေ့ကာ ကျွန်မက အပေါ်သို့မော့ကြည့်သည်။ ကိုယ်ရံတော်က ကျွန်မဘက်သို့လှည့်၍ အော်ပြောသည်။

'သမ္မတက ပလာစတာလိုချင်လို့တဲ့'

သူက အိန္ဒိယသမုဒ္ဒရာထဲတွင် ဖျက်သင်္ဘောပေါ်တွင် ရောက်နေသလို ပြောလိုက်ခြင်းဖြစ်၏။

သို့သော် မဟုတ်ပါ။ ကျွန်မတို့သည် မေရီလင်းပြည်နယ် Holly Hills ဂေါက်ကွင်းရှိ မြက်ခင်းနံပါတ်-၁၅တွင် ဂေါက်ကွင်းစီး ကားလေးပေါ်၌ စကားပြောခြင်းကို ရှောင်ရှားလျက် ဘေးချင်းယှဉ်ထိုင်နေကြသည်။ သမ္မတ ဂျော့ရှ်ဒဗလျူဘွတ်ရှ် (George H.W.Bush)ကျင်းကို စိန်လိုက်ပြီး သူ့ဖနောင့်ကို ကိုင်ကြည့်နေသည်။ ဇူလိုင်လ၏ လေးပတ်မြောက် ရုံးပိတ်ရက်မတိုင်မီ တစ်ရက်အလို၊ ထိုနေ့နံနက်ပိုင်း တောင်ဘက်မြက်ခင်းပြင်မှ မရင်းနံပါတ်-၁ (Marine one) လေယာဉ်ဖြင့် ကျွန်မတို့ ထွက်လာခဲ့ကြသည်။

ဤအခေါက်သည် သမ္မတ ဂေါက်ရိုက်ရာကို လျှောက်လိုက်ရသည့် ပထမဆုံးအကြိမ် ဂေါက်ကွင်းတာဝန်ဖြစ်သည်။ ထို့ကြောင့် ကျွန်မ ရင်ထိတ်နေသည်။ အိမ်ဖြူတော်မှာရောက်တာ တစ်လရှိပြီ။ ဂေါက်ကွင်းတာဝန်နှင့် ပတ်သက်၍ တခြားဆရာဝန်များထံမှ ရရှိသည့် တစ်ခုတည်းသော အကြံဉာဏ်မှာ သမ္မတ၏ ဂေါက်သီးလမ်းကြောင်းမှ လွတ်လွတ်ရှောင်နေရန်ဖြစ်သည်။ သမ္မတ ဂေါက်ရိုက်နေစဉ် နောက်ကတစ်ကောက်ကောက် လျှောက်လိုက်ရန် ကျွန်မ အပြည့်အဝ ပြင်ဆင်မထားပါ။ ကျွန်မ၏လုပ်ဖော်ကိုင်ဖက်



www.burmeseclassic.com

www.burmeseclassic.com



သမားတော်များနှင့်မတွဘဲ သည်ကစားနည်းကိုလေ့လာဖို့ ကျွန်မမှာ အချိန်လည်း မရှိ၊ လေ့လာချင်စိတ်လည်း နည်းနည်းမှ မရှိပါ။ သမ္မတ အရေးပေါ် အကြောင်းတစ်ခုခုဖြစ်လာသော် ဆေးပညာအရ ဘာလုပ်ရမည်ဆိုသည်ကိုသာ ကျွန်မ သိသည်။ သို့သော် ဝလေ့ထုံးစံ လူမှုဆက်ဆံရေးများနှင့် ပတ်သက်၍ ကျွန်မ ကသိကအောက်ဖြစ်သည်။

ကိုယ်ရှိနေကျနေရာ၏ အပြင်ကို ရောက်နေသည်ဟု ခံစားမိသော်လည်း ကျွန်မသည် သမ္မတအခြံအရံများ၏ တစ်စိတ်တစ်ပိုင်း ဖြစ်နေသည်ပုံ ပေါ်ပါသည်။ အင်္ကျီကော်လာတွင် အိမ်ဖြူတော်ဆေးအဖွဲ့ White House Medical Unit (WHMU) တံဆိပ်ကို အပ်နှင့်ထိုးထားသော အပြာရင့်ရောင် ဂျက်ကက်ခပ်ယဉ်ယဉ်၊ အပြာရောင် ဘလောက်စ် လက်ရှည်နှင့် ဘောင်းဘီအရောင်ရင့်ရင့်ကို ကျွန်မ ဝတ်ဆင်ထားသည်။ အပြာရောင် ဂျက်ကက်အညိုရောင် Dockers ဘောင်းဘီ၊ နားထောင်ကိရိယာများ တပ်ဆင်ထားသည့် အရုပ်ရှည်ရှည် ဝဝဖိုင်းဖိုင်း လျှို့ဝှက်ထောက်လှမ်းရေး တပ်ဖွဲ့ ဝင်အကြားတွင် ကျွန်မက သူတို့နှင့် ခပ်ဆင်ဆင်ဖြစ်နေသည်။ ကျွန်မက အရွယ်အသေးဆုံးဖြစ်နေသည်မှာ သေချာသည်။ သူတို့ကလည်း အစီအစဉ်ပြင်ပ Off The Record (OTR) သမ္မတ၏ လှုပ်ရှားမှုနောက်သို့ အမှတ်တမဲ့လိုက်နေကာ သေိလိုက်မသိဘာသာ သာမန် country club သို့ သွားနေသည့်အသွင်ပေါ်အောင် ကြိုးစားနေကြသည်။

သမ္မတ၏ နောက်ပါအခြံအရံအဖွဲ့တွင် ဂေါက်ကွင်းစီး ကားဆယ်စီးပါဝင်သည်။ ဤမျှကြီးမားသော အဖွဲ့နှင့်အတူ သွားသောအခါ မထင်မရှား ဖြစ်နေဖို့ခက်ခဲပါသည်။

ဤအခါသည် အိမ်ဖြူတော်သမားတော်အနေနှင့် ပထမဆုံးအခါများထဲမှ ပထမဆုံးအခါ ဖြစ်ပါသည်။ ဒါကို အိမ်ဖြူတော်ရှိ လူတိုင်းကသိကြသည်။ ကျွန်မက အတွေ့အကြုံနည်းသည့် ဆရာဝန်ဖြစ်သောကြောင့် အိမ်ဖြူတော်မှ ချက်သည့် လုပ်ရိုးလုပ်စဉ်များကို ကျွန်မ လုပ်သောအခါ လူတိုင်းက ကျွန်မကို မျက်စိဒေါက်ထောက် ကြည့်ကြသည်။ သမ္မတနှင့် ပထမဆုံးတွေ့ဆုံမှု၊ ပထမ သမ္မတမော်တော်ယာဉ်တန်းတွင် လိုက်ပါမှု၊ ပထမဆုံး အစီအစဉ်ပြင်ပဖြစ်ရပ်နှင့် ဆခုကြုံနေရသည့် ဂေါက်ကွင်းဖြစ်ရပ်တို့ ဖြစ်သည်။ ကျွန်မ၏ဘေးတွင်ထိုင်နေသော စစ်ဘက်ကိုယ်ရံတော်က အိမ်ဖြူ တော်အမှုထမ်းသက် နှစ်နှစ်ရှိ အတွေ့အကြုံရင့်ကျက်သည့် လူဟောင်းဖြစ်ပြီး သူ၏ တာဝန်သက်တမ်းကာလ ကုန်ဆုံးလျှင် မိခင်တပ်ရင်းရှိရာ ပင်လယ်ပြင်သို့ ပြန်မည်။ သူ၏ အသိပညာနှင့် အတွေ့အကြုံကို ကျွန်မအားမျှဝေဖို့ ရည်ရွယ်ချက် ရှိပါ။ ကျွန်မကိုတော့ အရင်သူဖြစ်သလို၊ ကျွန်မသည် ရာထူးတက်မည်ဟူ၍သာ သူ မျှော်လင့်နေမည်။

မြက်ခင်းပေါ်ရှိ သမ္မတကိုကြည့်နေရင်း လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်က သူနှင့် ပထမဆုံးအကြိမ် တွေ့ခဲ့သည်ကို ကျွန်မ သတိရနေသည်။

အိမ်ဖြူတော်မှာ အမှုထမ်းလို့ နှစ်ရက်မြောက်နေ့ တစ်ညနေတွင် ညစာစားချိန်တစ်ဝိုက် ကျွန်မ အိမ်မှာရှိနေသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ကျွန်မထက်စော၍ အလုပ်လုပ်နေသော 'အယ်လ် ရောဘတ်' (Al Roberts)ထံမှ ဖုန်းဝင်လာသည်။ 'အထူးဖုန်းလိုင်း' တပ်ဆင်ထားသော ဖုန်းမြည်သံကိုကြားတော့ ကျွန်မ လန့်သွားသည်။ အိမ်ဖြူတော် ဆက်သွယ်ရေးအေဂျင်စီက အိမ်ဖြူတော် ဆရာဝန်များအတွက် လိုအပ်ချက်ဖြစ်သော အထူးဖုန်းလိုင်းကို ကျွန်မအိမ်တွင် တပ်ဆင်ပေးထားသည်။ ဖုန်းသံက သိသာပေါ် လွင်ပြီး အာရုံစားသည်။ ဖုန်းသံကြားရသည်နှင့် ကျွန်မက နှလုံးခုန်မြန်လာကာ တစ်ပြိုင်နက်တည်းမှာ စိတ်လှုပ်ရှားထိတ်လန့် သွားသည်။ ဤဖုန်းသံကြားလျှင် ကျွန်မ ဘာပဲလုပ်နေနေ ထား၍ထွက်သွားမည်ကို ကျွန်မ၏ မိသားစုကသိနေသည်။ အထူးလိုင်း ဖုန်းမြည်လာလျှင် ကျွန်မ၏ လူနာတစ်ယောက်ယောက် သေသွားပြီဟု ကြောက်လန့်လျက် ထိုင်ခုံမှ ချက်ချင်း ထခုန်၍ ဖုန်းကို ပြေးဆွဲလိမ့်မည်ဟူသော စကားမှာ ကျွန်မမိသားစု၏ ရယ်စရာစကား ဖြစ်လာသည်။

'မနက်ဖြန်မနက် ဖြနာရီ ၄၅မိနစ်မှာ ဒေါက်တာလီရဲ့ရုံးခန်းကို အရောက်လာခဲ့ဖို့ ခင်ဗျားကို မေတ္တာရပ်ခံပါတယ်' 'အယ်လ်'က အစီပွာယ်ဝှက်ထားသော အသံလဲဝမ်းသာသံဖြင့် ပြောသည်။

'ဆိုးဆိုးရွားရွား တစ်ခုခုဖြစ်လို့လား' ကျွန်မက မေးလိုက်သည်။ စကားလုံးတစ်လုံးချင်းကို အဆိုးဆုံးမှတ်ယူရင်း ကျွန်မတို့ပြောစကားကို တစ်ယောက်ယောက်က ချောင်းနားထောင်မည်လား စိုးရိမ်သေးသည်။

'ကျွန်တော်တို့ လူနာတွေထဲက တစ်ယောက်က ခင်ဗျားကိုတွေ့ချင်လို့ပါ။ ဒေါက်တာလီက မိတ်ဆက်ပေးပါလိမ့် မယ်။ အဲဒီကိုသွားပါ။ ဒါမှမဟုတ် အဆင်ပြေအောင် လုပ်ပါ'သူက ဖုန်းချသွားသည်။ ကျွန်မဘက်ကတော့ ပျာယာခတ် သွားသည်။ သူ၏အတွေးရသောစကား၏ ဖုံးကွယ်ထားသော သဘာဝကို အစီပွာယ်ဖော်ဖို့ 'အယ်လ်' ကျွန်မကို စကားဝှက် များပေးလေသလား မျှော်လင့်သလို ဖြစ်သွားသေးသည်။

နောက်တစ်နေ့ ကျွန်မအိမ်ဖြူတော်သို့သွားကာ ဖြနာရီခွဲတွင် သတင်းပို့သည်။ ကျွန်မ၏ လူနာ ဘယ်သူဖြစ်မလဲ သိရန် ဒေါက်တာလီ၏ရုံးခန်းတွင် မတ်တတ်ရပ်စောင့်နေသည်။ သမ္မတကိုယ်တိုင်ပင် ဖြစ်လိမ့်မည်ဟု ကျွန်မ ယူဆသည်။ ထိုနေ့နံနက် တာဝန်ကျသူနာပြုမှာ ရေတပ်ဒုဗိုလ် မေရီဂျက်ဆင်ဖြစ်သည်။ ကျွန်မက ငြိမ်ငြိမ်သက်သက် စိတ်မသက်မသာ ဖြစ်နေသည့် အမူအရာကို သူမ သတိပြုမိသည်။

'လွန်ခဲ့တဲ့ ရက်သတ္တပတ်အနည်းငယ်က သမ္မတဘွတ်ရှ်က ဒေါက်တာအကြောင်း မေးတယ်သိလား'သူမက ကျွန်မ စိတ်သက်သာလိုသက်သာငြား နှစ်သိမ့်ဖို့ ကြိုးစားသည်။

'ဒေါက်တာက တာဝန်အတွက် သတင်းပို့မယ်လို့ သူ သိတဲ့အခါမှာပေါ့'

သူ့စကားကြောင့် ကျွန်မ စိတ်သက်သာ မသွားသည့်အပြင် နည်းနည်းပို၍ စိတ်ပူသွားသည်။

'သူက ကျွန်မအကြောင်းကို မေးတယ်လား' ကျွန်မ အံ့သြသွားသည်။ သူ့ခေါင်းထဲမှာ အီရတ်၊ လက်ချားကဲ့သို့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အရာများနှင့် နောင်လာမည့် ရွေးကောက်ပွဲလိုက်စွမ်များ အသေအချာ ရှိနေသည့် လူတစ်ယောက်ကများ။

'သူက ဘာသိချင်တာလဲ မေရီ' ကျွန်မက စိုးရိမ်စိတ်ကို သိအောင်ကြိုးစားရင်း အသာအယာ မေးလိုက်သည်။

'ကျွန်မ စာရွက်စာတမ်း အထောက်အထားတွေလား။ ဘယ်မှာ ဆေးကျောင်းတက်ခဲ့တယ် ဆိုတာလား။ အရင်က ထမ်းဆောင်ခဲ့တဲ့ စစ်ဘက်တာဝန်ကလား'

မေရီက အသံထွက်မတတ် ရယ်ရင်းပြောသည်။

'မဟုတ်ပါဘူး။ ဒေါက်တာက ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သလားလို့ သူက သိချင်တယ်။ ပြီးတော့ ဒေါက်တာမှာ ဟာသဓာတ်ခံရှိမရှိလည်း သိချင်တယ်တဲ့'

သူ့ကို မတွေ့မီကပင် သမ္မတဘွတ်ရှိသည် ဉာဏ်ပညာရှိသူတစ်ဦးဖြစ်ကြောင်း ကျွန်မ ခံစားမိသည်။ အိမ်ဖြူတော်တွင် ကိုးနှစ်ကြာနေပြီးနောက်မှ ကျွန်မလေ့လာသိရှိရသည်မှာ ရုပ်ပိုင်းဆိုင်ရာ ခံနိုင်ရည်၊ ရယ်မောနိုင်သော စွမ်းရည်က ရှင်သန်ရပ်တည်ဖို့ရန် မရှိမဖြစ်လိုအပ်ချက် ဖြစ်သည်ဟူ၍ပင် ဖြစ်သည်။

'ဒါက ခင်ဗျား သမ္မတနဲ့ ပထမဆုံးအကြိမ် တွေ့ဆုံမှုလား'

ကျွန်မနှင့် အခန်းချင်းကပ်လျက် စမ်းသပ်စစ်ဆေးရေး အခန်းထဲတွင်ရှိ ပျော်ပျော်နေတတ်သော ရေတပ်ကပ္ပတိန် ဒေါက်တာ ဒေးဗစ်ကောဘက် (Dr.David Corbett)က ကျွန်မကို မေးသည်။ သူက Belhesda ရေတပ်ဆေးရုံမှ ကိုယ်အရေးပြားဆိုင်ရာ ရောဂါဌာနမှူးဖြစ်ပြီး ထိုနေ့နံနက်ကမှ သမ္မတကိုကြည့်ရှုရန် ခေါ်ထားခြင်းဖြစ်၏။

စိတ်မလှုပ်ရှားတတ်၊ တည်တည်ငြိမ်ငြိမ် ယုံကြည်မှုရှိသော ဒေါက်တာကောဘက်သည် လွယ်လွယ်ကူကူ၊ ပေါ့ပေါ့ပါးပါး နေတတ်သော သဘာဝရှိသည်။ သူ့ကို မြင်လိုက်သည့်ခဏမှာပင် ကျွန်မက ခင်မင်စိတ်ဖြစ်ပေါ်ကာ ချက်ချင်း သက်သောင့်သက်သာ ဖြစ်သွားသည်။

ကျွန်မ၏ နောက်ချင်ပြောင်ချင်သော ဟာသဓာတ်ခံက ပြန်ပေါ်လာသည်။

'ဟုတ်ပါတယ်၊ ပထမအကြိမ်ပါ။ သူက ညင်သာလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်' မေရီရော၊ ဒေးဗစ်ပါ နှစ်ယောက်စလုံးရယ်ကာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ကြည့်ကြသည်။ သူတို့စိတ်ထဲတွင် 'သူက ငါတို့လိုပဲ'ဟု ပြောသံကို ကျွန်မ ကြားသည်။

'အိုး… သမ္မတနဲ့ ပထမဆုံးတွေ့တဲ့အချိန်ကို လူတိုင်း မှတ်မိနေပါတယ်' ဒေးဗစ်က ပြောလိုက်သည်။

မိနစ်အနည်းငယ်ကြာတော့ ဒေါက်တာလီ ရောက်လာသည်။ သူက မေရီကို နှုတ်ဆက်သည်။ ဒေါက်တာကောဘက်ကို ခေါင်းညိတ်ပြကာ ကျွန်မကို မသိကျိုးကျွန်ပြု၍ သူ့အိတ်ကို စားပွဲပေါ်တွင်တင်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၇ နာရီ အတိအကျတွင် သမ္မတသည် သူ၏ကိုယ်ပိုင်နေရာမှ မြေညီထပ်သို့ စက်လှေကားဖြင့် လာနေပြီဖြစ်ကြောင်း ခေါင်းလောင်းသံရှည်ချက်မြည်သံကို ကျွန်မတို့ ကြားရသည်။

'တင်ဘာဝုဖ် (Timberwolf)မြေညီထပ်မှာ' ဟုသော အကြောင်းကြားသံက လျှို့ဝှက်လုံခြုံရေး ရေဒီယိုမှထွက်လာသည်။ တင်ဘာဝုဖ် (Timberwolf)မှာ သမ္မတအတွက် လျှို့ဝှက်လုံခြုံရေးကပေးထားသော လျှို့ဝှက်အမည် ဖြစ်သည်။ အခုခန်းမလမ်းတွင် ခွေးများဟောင်သံကို ကျွန်မ ကြားနေရပြီ။ ခွေးများ၏အသံပေါ်မှ သူတို့သခင်၏ လေချွန်သံပြင်းပြင်းကို ကျွန်မ ကြားရသည်။

စက္ကန့်အနည်းငယ်အတွင်း သမ္မတ ဒေါက်တာလီ၏အခန်းထဲသို့ ဝင်လာသည်။ သူ လမ်းလျှောက်ဝင်လာရင်း အင်္ကျီကို ချွတ်လိုက်ကာ သူ့နောက်က ကပ်လိုက်လာသော ခပ်ငယ်ငယ်ချောချော ကိုယ်ရေးအရာရှိကို ပေးလိုက်သည်။ ဂျေဖွန်ချ်ဘွတ်ရှ်က အရပ်ခြောက်ပေရှိပြီး သာမန်လူထက် အရွယ်ကြီးကာ တောက်ပကြည်လင်သော မျက်လုံးများရှိသည်။ အင်္ကျီချွတ်လိုက်သည်အခါမှာပင် သူသည် ဂုဏ်သိက္ခာ၏ သရုပ်ပေါ်နေသည်။ ဒေါက်တာလီက သမ္မတကို လူနာကြည့်ခန်းထဲသို့ ခေါ်လာသည်။ အခန်းထဲတွင် ဒေးဗစ်၊ မေရီနှင့် ကျွန်မတို့က အသင့်အနေအထားဖြင့် ရပ်နေကြသည်။

သမ္မတဘွတ်ရှ်က အခန်းထဲရှိ မျက်နှာများကို အကဲခတ်လိုက်သည်။ ကျွန်မကလွဲ၍ အားလုံးက သူနှင့် ရင်းနှီးနေသည်။ သူ့အင်္ကျီကို ကိုယ်ရေးအရာရှိအားပေးရင်း သမ္မတက ဒေါက်တာလီကို ခပ်တိုးတိုးပြောသည်။

'ခင်ဗျား ဒေါက်တာအသစ်နဲ့ ကျွန်တော် ဘယ်လိုတွေ့ရမှာလဲ။ ဒီလို အင်္ကျီချွတ်ပြီးတော့လား၊ သူက အိမ်ထောင်ရှိလား' သူက အသေအချာပြုံးလိုက်ပြီး ကျွန်မကို ညွှန်ပြကာမေးသည်။ ကျွန်မက ထုံးစံအတိုင်း မိတ်ဆက်ပေးမည်ကို စောင့်ရင်း ဘာမှမပြောဘဲ မတ်တတ်ရပ်နေသည်။

'မပူပါနဲ့။ သူက အိမ်ထောင်နဲ့ပါ' ဘက်က သမ္မတကို ပြန်ပြောသည်။ အထက်လူကြီးကို သူ ပြောလိုက်သော ရုတ်တရက်အမူအရာကြောင့် ကျွန်မ အံ့သြသွားသည်။

'သူ့ကို နောက် နည်းပညာရှင်တစ်ယောက်လိုပဲ ဆက်ဆံပါ' သူက သမ္မတကို ပြောသည်။ ထို့နောက် သူ ထုံးတမ်းစဉ်လာအတိုင်း ကျွန်မကို သမ္မတနှင့် မိတ်ဆက်ပေးသည်။ သမ္မတက လက်ကိုဆန့်တန်းသည်။

'ခင်ဗျားနဲ့ပတ်သက်လို့ ကောင်းတာတွေ တော်တော်များများ ကြားထားပါတယ်၊ ဒေါက်တာ' သမ္မတက လူနာကြည့်စားပွဲပေါ်တွင်ထိုင်ရင်း ကျွန်မကို တိုးတိုးသက်သက် ပြောလိုက်သည်။ သမ္မတက စကားပြောနေစဉ် ဒေးဗစ်ကျော ဘက်က အလုပ်လုပ်သည်။ သမ္မတ၏ ကျောဘက်အရေပြားကို စစ်ဆေးကာ သူရှာတွေ့သည့် အရေပြားပေါ်ရှိ အနာများကို နိုက်ထရိုဂျင်အရည်ဖြင့် သုတ်လိမ်းပေးသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ်။ သမ္မတကြီးကိုတွေ့ရတာ ကျွန်မ ဂုဏ်ယူပါတယ်ရှင်' ဟု ကျွန်မကပြန်ပြောရင်း သမ္မတကို ဆက်ခွဲနှုတ်ဆက်သည်။ သမ္မတ၏ ချီးမွမ်းပြောဆိုမှုဖြင့် အလွန်ချီးမြှောက်ခံရသည့် တစ်ပြိုင်နက်တည်းမှာပင် နည်းပညာရှင် တစ်ယောက်လို ဆက်ဆံပါဟုပြောသော ဒေါက်တာလီ၏ မှတ်ချက်ကြောင့် ကျွန်မ နှိမ့်ချခံလိုက်ရသည်။

သူ့အရေပြားပေါ်တွင် ဆေးရည်အေးအေး အလူးခံရမှုကြောင့် သမ္မတ အနည်းငယ်တွန့်သွားသည်။

'ဖြည်းဖြည်းလုပ်ပါ ဒေါက်တာ' သမ္မတက ညည်းတွားသည်။

ဒေးဗစ်ကောဘက်က ညင်ညင်သာသာရယ်သည်။

'ဆောရီးပါ ခင်ဗျာ။ ဒါက နည်းနည်းတော့ စပ်တယ်။ ဒါပေမဲ့ ကျောဘက်က အရေပြားကင်ဆာကို ပျောက်နိုင်ပါတယ်'

ဒေးဗစ်က ကုသမှုပြီးသောအခါ သမ္မတဘွတ်ရှ်က ထလိုက်သည်နှင့် ကိုယ်ရေးအရာရှိက သူ့အင်္ကျီကို လှမ်းပေးသည်။ သမ္မတက အင်္ကျီကြယ်သီးတပ်ရင်း ဒေါက်တာလီ၏ ဘေးခန်းထဲသို့ဝင်သွားကာ နံရံတွင်ချိတ်ထားသော ဓာတ်ပုံကို စစ်ဆေးသည်။ သူက ကျွန်မကိုခေါ်သည်။

'ကော်နီ၊ ခင်ဗျားဗိုလ်ချုပ် Scowcroft ကို တွေ့ဖူးလား' သမ္မတဘွတ်ရှ်က သူ၏ အမျိုးသားလုံခြုံရေးအကြံပေး Scowcroft ၏ ဓာတ်ပုံကို တလေးတစား ကြည့်နေသည်။

'သူဟာ တော်တော်အံ့သြဖို့ကောင်းတဲ့ ပုဂ္ဂိုလ်ပဲ'

ကျွန်မက သမ္မတ၏ဘေးသို့ တိုးသွားသည်။

'မတွေ့ဖူးပါဘူး သမ္မတကြီး။ တွေ့ဖို့ ကျွန်မ မျှော်လင့်ပါတယ်'

ထို့နောက် ကျွန်မက သမ္မတသည် သူ့ခွေးများကို မည်မျှချစ်ကြောင်း သတိရသွားသည်။

'ဒါပေမဲ့ ကျွန်မ Millie နဲ့ Ranger ကို တွေ့ချင်ပါတယ်'

သမ္မတက ရွှင်ရွှင်ပျပျဖြစ်သွားသည်။

'အို… သူတို့က အပြင်ဘက် ခန်းမလမ်းထဲမှာ။ သူတို့ ဒီအခန်းထဲကို ဝင်မလာချင်ဘူး။ ဒီမှာ တိရစ္ဆာန်ဆေးကု ဆရာဝန်တွေက သူတို့သွေးကို ထုတ်ယူပြီး ဆေးထိုးပေးလို့ဗျ။ ဒါနဲ့ပတ်သက်လို့ သူတို့က သဘောမကျကြဘူး။ ကျွန်တော် သူတို့ကို အပြစ်မတင်ပါဘူး'

ဂေါက်ကွင်းစီးကားထဲတွင် ထိုင်ရင်း ကျွန်မက သမ္မတနှင့် သူ၏ခွေးများကို ပထမဆုံးအကြိမ် တွေ့ဆုံရတာကို တွေးမိရင်းပြုံးမိသည်။ သမ္မတနှင့် အမြန်ဆုံး ရင်းနှီးသောနည်းမှာ သူ့ခွေးများမှတစ်ဆင့် ဖြစ်သည်ဟု ကျွန်မ စောစော

www.burmeseclassic.com

the bookhouse we bring you future

www.burmeseclassic.com



ကတည်းက လေ့လာထားသည်။

'ပလာစတာ တဲ့၊ ဒေါက်တာ' ရေတပ်ကွန်မင်ဒါက ကျွန်မကို တတောင်နှင့်တို့ရင်း ကျွန်မ၏ စိတ်ကူးကမ္ဘာမှ လှုပ်နှိုးလိုက်သည်။ ထို့နောက် သူ ရေဒီယိုကို ခလုတ်ဖွင့်၍ သူ့ကိုဖုန်းခေါ်ထားသော လုံခြုံရေးအဖွဲ့ဝင်ကို စကားပြန် ပြောသည်။

သည်အစိုးရအဖွဲ့နှင့် ပလာစတာက ဘယ်လိုဖြစ်တာပါလိမ့်။ လွန်ခဲ့သောကိုးလက ဒေါက်တာလီ ကျွန်မကို လူတွေ့စစ်ဆေးမှုလုပ်သည်ကို ပြန်လည်သတိရကာ စဉ်းစားမိသည်။ ဒေါက်တာလီ၏ နဖူးပေါ်က ပလာစတာကို ကျွန်မမြင် သည်။ ခုတစ်ခါလာပြန်ပြီ။ ရှေးဦးသူနာပြု အခြေခံ၏ အရေးအကြီးဆုံးသော ဤပစ္စည်းလေးက အိမ်ဖြူတော်သမားတော် အနေနှင့် တာဝန်ရှိသော ကျွန်မ၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးတော့မည်။ ကျွန်မနှင့် စစ်ဘက်ကိုယ်ရံတော်ကြားတွင် ချထားသည့် အသင့်ထုပ်ပိုးလာသော ဆေးအိတ်ကို ကျွန်မဖွင့်လိုက်သည်။ ဆရာဝန်၏ အိတ်အဖြစ်သုံးသည့် အပြာရောင် ကင်းဘတ်စ်အိတ်က နျူကလီယ လျှို့ဝှက်သင်္ကေတများ ထည့်ထားသော သားရေသေတ္တာအနက်၏ ဘေးတွင်ရှိသည်။ အိမ်ဖြူတော်တွင် ကျွန်မ၏ ပထမဆုံးသော တာဝန်များထဲမှ တစ်ခုမှာ ကိုယ်ပိုင်ဆေးအိတ်ကို ထည့်သွိုထုပ်ပိုးရန် ဖြစ်သည်။ ထိုအိတ်ကို ယနေ့ကဲ့သို့သော သမ္မတ၏ လှုပ်ရှားသွားလာမှုတွင် ကျွန်မနှင့်အတူ ယူဆောင်သွားရမည်။

အိတ်ထဲတွင် ဘာထည့်ရမည်ဆိုတာနှင့် ပတ်သက်၍ တိတိကျကျ သတ်မှတ် စာရင်းလုပ်ထားခြင်း မရှိပေ။ နောက်တစ်နှစ်ကြာမှ ဆေးအဖွဲ့အတွက် တိတိကျကျ သတ်မှတ်ထားသော စာရင်းကို ကျွန်မဖန်တီးလိုက်သည်။ အဆိုးဆုံး ဖြစ်လာနိုင်သော အခြေအနေများအတွက် လိုအပ်မည့်ပစ္စည်းများကို သမားရိုးကျ အိမ်ဖြူတော်ဆရာဝန်များ၏ ထုံးစံအတိုင်း ကျွန်မထည့်ယူခဲ့သည်။ သမ္မတ၏ လွဲချော်ပွန်းပဲ့မှုကို ကုသရလိမ့်မည်ဟု ကျွန်မ မမျှော်လင့်ခဲ့ပေ။

ကျွန်မ ဆေးအိတ်ထဲတွင် ပလာစတာကို ရှာသည်။ နှလုံးရောဂါဆိုင်ရာ ဆေးဝါးများ၊ အိပ်ဆောင်မျက်နှာဖုံးစွပ်၊ လေပြွန်ကြည့်ကိရိယာ၊ ထိပ်ချွန်ဓား၊ နှလုံးနှိုးစက်၊ Bretylium တို့ကို တွေ့သည်။ ဘယ်မှာလဲ ပလာစတာ၊ အိတ်၏အောက် ခြေပိုင်းအထိ နက်သထက်နက်အောင် နှိုက်ကြည့်သောအခါ ကျွန်မ ချွေးပြန်စ ပြုလာသည်။ အဆင့်မြင့်နည်းပညာဖြင့် လုပ်ထားသော ဆေးဘက်ဆိုင်ရာကိရိယာ၊ သို့မဟုတ် နှလုံးရောဂါဆိုင်ရာ ဆေးဝါးများကိုသာ တွေ့သည်။ နောက်ပိုင်းတွင် ကျွန်မ၏ ဝန်ထမ်းများကို ကျွန်မ ပြောလေ့ရှိသည်။ 'ကိုယ်ချွေးပြန်တာ သူတို့မမြင်စေနဲ့' ဆိုသော ဥပဒေကို ကျွန်မ အခု ချိုးဖောက်နေသည်။ စစ်ဘက်ကိုယ်ရံတော်က ကျွန်မကို သင်္ကာမကင်းကြည့်သည်။ ဤဆရာဝန်အသစ်အကြောင်းကို သူ စဉ်းစားနေမည်မှာ သေချာသည်။

'ဒေါက်တာက အခုပလာစတာကို ယူနေပြီ' သူက အေးဆေးသက်သာစွာ သူ့ရေဒီယိုထဲသို့ ပြောထည့်လိုက်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သည်။ သမ္မတ၏ဘေးရှိ လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင်ကို အကြောင်းကြားဖို့ကိစ္စကို ခေါင်းအေးအေးနှင့် ထိန်းနိုင်ကြောင်း သရုပ်ပြနေသည်။ မြက်ခင်းပေါ်ရှိ သမ္မတဘေးရှိ လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင်က ကျွန်မတို့ကို စိတ်မရှည်သည့်ဟန်ဖြင့် ကြည့်နေသည်။

သမ္မတဘွတ်ရှ်က ကျွန်မတို့ ဂေါက်ကွင်းစီးကားဆီသို့ လျှောက်လာနေသည်ကို တစ်ချက်လှမ်းကြည့်သည်။ ကျွန်မနှလုံးသားက ဒုံးပြေးစပြုပြီ။ ကျွန်မက ပစ္စည်းတစ်ခုစီကို ကားပေါ်ရှိခုံပေါ်တွင် ကယောင်ကတမ်း တင်နေသည်ကို စစ်ဘက်ကိုယ်ရံတော်က ရှင်ရှင်မြူးမြူးဖြင့် ကြည့်နေသည်။ သည်တစ်ခါတော့ ကျွန်မသွားပြီ။ ကျွန်မ ဦးစားပေးလူနာနှင့် အဆုံးဂေါက်ရိုက်ရာသို့ လိုက်သည့်အခေါက်၊ ဘာမဟုတ်သည့် ပလာစတာကဲ့သို့ ပစ္စည်းကိုပင် စိတ်ပျက်ဖွယ်ရာ မေ့နိုင်ဘဲ ဖြစ်နေသည်။

အိတ်၏ အောက်ခြေတစ်နေရာရှိ တစ်စုံတစ်ခုကို ရုတ်တရက် ကျွန်မမြင်လိုက်သည်။ သည်အိတ်၏ အရင်ပိုင်ရှင်က အားရစ်ခဲ့သည်လား၊ နတ်ဘုရားများ၏ မှိုင်းမမှုလားတော့ မသိချေ။ လုံးထွေးကြေနေသည့် ပလာစတာတစ်ခု။ ခုအချိန်မှာ ဘယ်ကလာသည့်က အကြောင်းမဟုတ်။ တွေ့တာကိုပင် ကျွန်မ ပျော်ရွှင် ကျေးဇူးတင်နေသည်။

ကျွန်မ ပလာစတာကို ထုတ်ယူစဉ် သမ္မတဘွတ်ရှ်က ကားပေါ်တက်လာကာ သူ့ခြေထောက်ကို သံပေါင်တန်းပေါ် သို့တင်၍ ခြေစွပ်ကို အောက်သို့ဆွဲချသည်။ ကျွန်မက ထိုင်ခုံမှခုန်ဆင်းပြီး သမ္မတ၏ဘေးသို့ သွားသည်။ သူက ခြေချောင်းပေါ်ရှိ နာသောနေရာကို ပြသည်။ ဂေါက်ရိုက်ဖိနပ်အသစ်ကြောင့် ပွန်းသည့်အရာ ထင်နေသည်။ ကျွန်မက အခွံ ကိုခွာကာ ဒဏ်ရာပေါ်တွင် ကပ်ကာ အသာအယာဖိပေးလိုက်သည်။ သမ္မတက အပြောရောင်မျက်လုံးများ အရောက်လက် တောက်လျက် ပြုံးပြသည်။ သူက ကျွန်မကျောကို ပုတ်လိုက်သည်။

'ကျေးဇူးပဲ၊ အဆိုးဆုံးအဖြစ်က ဒီလောက်ပဲ ရှိပါစေလို့ မျှော်လင့်ရတာပဲ'

ကျွန်မက ကားပေါ်ရှိ ထိုင်ခုံသို့ပြန်သွားသည်။ ထိုနေရာတွင် စစ်ဘက်ကိုယ်ရံတော်က ပြုံး၍ထိုင်နေသည်။

'အိမ်ဖြူတော်က ကြိုဆိုပါတယ် ဒေါက်တာ။ ဒီနေရာမှာတော့ သေးသေးလေးက အကြီးကြီးဖြစ်သွားတယ်'ဟု သူက ပြောလိုက်သည်။

နောက်ဆုံးတော့ အိမ်ဖြူတော်တွင် ကျွန်မထက် နှစ်နှစ်စောရောက်နေသော သူတစ်ယောက်ထံမှ အသုံးဝင်လှသည့် အကြံဉာဏ်ကို ကျွန်မရလိုက်သည်။

'ကျွန်မ သဘောတူတယ် ကွန်မင်ဒါ' ကျွန်မက သူ့ကို ပြုံးပြရင်းပြောသည်။ ဤအရာမှာ သူနှင့် ပြောခဲ့ရသည့် တစ်ခုတည်းသော စကားအပြန်အလှန် ပြောဆိုမှုဖြစ်၏။ သူ၏ နှစ်နှစ်တာ အိမ်ဖြူတော်တာဝန်က ပြီးဆုံးတော့မည်။

the bookhouse we bring you future
www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူပြောခဲ့သောစကားက အိမ်ဖြူတော်ရှိ ကျွန်မ၏ကျန်ရှိသော နောက်ပိုင်းနေ့ရက်များတွင် ကျွန်မနှင့်အတူ ရှိနေပေလိမ့်မည်။

■

အနက်ရောင် ဇိမ်ခံကားအရှည်က ခပ်လှမ်းလှမ်းမှ စိုးရွံ့သံပေါက်နေသည့် ဗုံလိုမ့်ခေါက်သံအတိုင်း တောင်ဘက်မြက်ခင်း ကားလမ်းပေါ်သို့ တဖြည်းဖြည်း တက်လာသည်။ ကျည်ကာယာဉ်၏ ရှေ့ထိပ်တွင် စိုက်ထားသော အမေရိကန်အလံနှင့် ရုရှားအလံများက သိပ်သည်းသောလေထဲတွင် လေးလေးတွဲတွဲ လွင့်မျောနေသည်။ အမေရိကန်ပြည်ထောင်စု စစ်တပ်၊ ရေတပ်၊ လေတပ်နှင့် ကမ်းခြေစောင့်မှ စစ်သည်ငယ်များသည် ပြည်နယ်ငါးဆယ်ကို ကိုယ်စားပြုသည့် အလံတိုင်များကိုကိုင်ကာ သတိအနေအထားဖြင့် အိမ်ဖြူတော် ကားလမ်းတစ်လျှောက် စီတန်းရပ်နေကြသည်။ သမ္မတ၏ မရင်းတပ်ဖွဲ့တီးဝိုင်းကို ဝတ်စုံအပြည့် ဆင်ယင်လျက် တောင်ဘက် မြက်ခင်းပြင်တွင် နေရာချထားသည်။ သို့သော် နာမည်ကျော်တီးဝိုင်းမှ ထွက်လာသော တစ်ခုတည်းသောအသံမှ ဗုံငယ်မှာ တုန်ခါသံတစ်ခုသာ ဖြစ်သည်။ တောင်ဘက်မြက်ခင်းပြင်ကို မျက်နှာမူလျက်ရှိသည့် ဒေါက်တာလီ၏ ရုံးခန်းပြတင်းပေါက်ရှေ့ တတိုင်းမွှေးပင်၏ ခပ်ကျဲကျဲ အရိပ်အောက်တွင် ကျွန်မ ရပ်နေသည်။

ရုရှားသမ္မတဘောရစ်ယဲ့ဆင် (Boris Yeltsin)၏ နိုင်ငံတော်ကြိုဆိုပွဲကို ကျွန်မ လေ့လာစောင့်ကြည့်နေသည်။ လေက အသက်ရှုကျပ်သည်။ ရေတပ်တပ်ဖွဲ့ဝင် 'မေရီအန်းချန်ဒလာ' (Mery Ann Chandler)နှင့် ရေတပ်မှ သမားတော်အကူ 'ဂီဒန်ဟန်' (Gary Dunham)ကို ထိုနေ့နံနက် ကျွန်မကိုကူညီရန် တာဝန်ချထားပေးသည်။ သူတို့ နှစ်ယောက်စလုံးက အိမ်ဖြူတော်ဆေးအဖွဲ့တွင် ကျွန်မထက် နှစ်နှစ်စော ရောက်နေသူများ ဖြစ်၏။ ဒေါက်တာလီ၏ ပြောစကားအရ ဤကဲ့သို့သော အခါသမယတွင် ဖြစ်တတ်သည့် ကြိုတင်ခန့်မှန်းမထားသော အရေးပေါ်ကိစ္စများအတွက် သူတို့ အလွန် အတွေ့အကြုံရှိကြသည်ဟု ဆိုသည်။ တကယ်တော့ 'ဂရီ' နှင့် 'မေရီအန်း' တို့သည် ကျွန်မ အသစ် လေ့လာဆည်းပူးနေသော ဖြစ်စဉ်တွင် ပါဝင်ကူညီနေကြသည်။ အိမ်ဖြူတော်အချိတ်အဆက်ကို ကျွန်မအား သင်ကြားရန် သူတို့က အလွန်အရေးပါသည်။ ကျွန်မတို့က ကင်မရာရိုက်ကွင်းမှ လွတ်ရာတွင် မတ်တတ်ရပ်နေကြသည်။ ကျွန်မတို့၏ ဆေးအိတ်များက သခင်၏ခြေရင်းတွင်ရှိ နာခံသောသတ္တဝါများလို ကျွန်မတို့၏ခြေရင်းတွင် အသီးသီးဝပ်နေကြသည်။ ကျွန်မတို့အားလုံးက တမျိုးတမည်ဖြစ်နေသည်။ ဆိုလိုသည်မှာ နားထောင်ကိရိယာများကို နားတွင်တပ်ကာ လျှို့ဝှက်လုံခြုံရေးအဖွဲ့၏ ခေါ်သံကို နားထောင်နေရသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



နားထောင်ကိရိယာကို နားထဲတွင် အဆင်ပြေပြေ အသံဖမ်းမိအောင် တစ်နေကုန် ကြိုးစားနားထောင်နေရသည်။ ထိုသို့လုပ်နေခြင်းကြောင့် ကျွန်မ လုံး၀ အကြားအာရုံ ဆုံးရှုံးသွားပြီလားဟု တွေးမိသည်။ ဆရာဝန်ကိုင် နားကြပ်ဖြင့် ဖျော့တော့အားနည်းသော နှလုံးခုန်သံကို ကျွန်မ ကြားနိုင်စွမ်းမရှိလျှင်တော့ အကျိုးသက်ရောက်မှုမှာ သည်နိုင်ငံကို အလုပ်အကျွေးပြုဖို့ အခွင့်အရေး ကျွန်မ ထာဝရ ဆုံးရှုံးသွားမည်။

သမ္မတဘွတ်ရှ်ကို ကျွန်မ လှမ်းကြည့်သည်။ သူက ကားလမ်းကို မျက်နှာမူသော နေကာအရိပ်အောက်တွင် မတ်တတ်ရပ်နေသည်။ နံနက်ခင်းနေနှင့် ဝါရှင်တန်ရေငွေ့ထဲတွင် ဒီဇိုင်နာဝတ်စုံကို ဝတ်ဆင်လျက် မတ်တတ်ရပ်နေသော သမ္မတသည် ပင်ပန်းနွမ်းနယ်နေဟန်တူလျက် အနည်းငယ် ဖျော့တော့အားနည်းနေသည်။ ကျွန်မ၏ အဝတ်အစားအောက်တွင် ချွေးပြန်နေသောကြောင့် သူသည် အဝတ်အစားအောက်တွင် ချွေးပြန်နေမည်လားဟု ကျွန်မ စဉ်းစားသည်။ နှစ်ပေါင်လေးသော လျှို့ဝှက်လုံခြုံရေးရေဒီယိုကို ကျွန်မ၏ခါးတွင် ချိတ်ထားသည်။ အင်တင်နာတိုင်က ကျွန်မ၏ ကျောဘက်နံရိုးကို ထောက်သည်က အာရုံနောက်စရာဖြစ်သည်။ (သမ္မတကတော့ ရေဒီယို တပ်မထားလောက်ပါဘူး။)ဟု ကျွန်မကတွေးသည်။ သို့သော် အပြင်ထွက်သည့်အတွက် ကျည်ကာအင်္ကျီဝတ်ဖို့တော့ လျှို့ဝှက်လုံခြုံရေးက သူ့ကို အကြံပေးလိမ့်မည်ဟု ကျွန်မ တွေးမိသည်။

နှစ်ရာထက်မကသော ဧည့်ပရိသတ်များက တောင်ဘက်မြက်ခင်းပြင်တွင် စုဝေးရောက်ရှိနေကြသည်။ ဤပုဂ္ဂိုလ်များသည် သမိုင်းဝင်ဖြစ်ရပ်တစ်ခုတွင် ပါဝင်ဆင်နွှဲနေသူများ သက်သက်သာမဟုတ်၊ ကျွန်မ၏ လူနာဖြစ်လာနိုင်သူများလည်း ဖြစ်သည်။ ယနေ့ ကျွန်မ၏ လူနာဖြစ်နိုင်သည့်သူများမှာ သမ္မတနှင့် သမ္မတကတော်၊ ရုရှားသမ္မတနှင့် ရုရှားသမ္မတကတော်တို့သာမက၊ ဒုတိယသမ္မတနှင့် ဒုတိယသမ္မတကတော်၊ ကွန်ဂရက်အဖွဲ့ဝင်ဆယ်ဦး၊ အမေရိကန်နှင့် ရုရှားသံအမတ်ကြီးများ ပူးတွဲဦးစီးချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အိမ်ဖြူတော်စာနယ်ဇင်းတပ်ဖွဲ့နှင့် ရုရှားသမ္မတ၏ အခြံအရံနှင့် ကိုယ်စားလှယ်တစ်ဖွဲ့လုံး ပါဝင်သည်။

ကားက သမ္မတဘွတ်ရှ်နှင့် သမ္မတကတော်တို့၏ရှေ့ သံတမန်ဧည့်ကြိုခန်း အဝင်ဝတွင် ရပ်လိုက်သည်။ ယူနီဖောင်းအပြည့်ဝတ်ဆင်ထားသော စစ်ဘက်အရာရှိတစ်ယောက် ဗုံတီးသံနှင့်အညီ ကားနောက်ဘက်တံခါးဆီကို ကြော့ကြော့မော့မော့ ချီတက်သွားသည်။ သူက အဖြူရောင် လက်အိတ်ဝတ်ထားသော လက်ကို ကားတံခါးပေါ်တွင်တင်လျက် တံခါးဖွင့်ရန်ပြင်သည်။ ကြန့်ကြာမှု ဖြစ်သွားသည်။ သူက တံခါးကိုဖွင့်၍မရ။ ကျွန်မ အသက်ရှူရပ်သွားသည်။ ဗုံသံဆက်မြည်နေသည်။ တောင်ဘက်မြက်ခင်းပြင်က လူအုပ်ကလည်း ဗီဒီယိုရိုက်နေသော အဓိကသတင်းဌာန ကင်မရာများကို ကြည့်နေသည်။ စစ်ဘက်အရာရှိသည် တံခါးလက်ကိုင်ရှိ အထူးခလုတ်အကြောင်းကို မေ့နေသည်ဟု ကျွန်မထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းကို ကျွန်မက လျှို့ဝှက်လုံခြုံရေးနှင့် ကနဦးသိစရာများကို လေ့လာစဉ်က သိခဲ့သည်။ ဗုံတီးသံက မသက်မသာ နောက်ထပ် စက္ကန့်အနည်းငယ် ပိုကြာသွားသည်။ အရာရှိက ခလုတ်ကိုတွေ့၍ တံခါးကိုဖွင့်လိုက်ခါမှ လူအုပ်ထဲမှ မသိမသာ သက်ပြင်းချသံ တစ်ခု ထွက်လာသည်။ ဗုံသံက ရိုက်တံနှင့် ထိကာရပ်သွားသည်။

'ဘောရစ်ယဲ့ဆင်'က ကားထဲမှ အရင်ထွက်လာသည်။ ကြီးမားသော နှာခေါင်းအောက်ရှိ တောက်ပသောအပြုံးနှင့် အတူ ဝက်ဝံနှင့်တူသော ခေါင်းပေါ်တွင် ငွေရောင်ဆံပင်က ထူထူထဲထဲပေါက်နေသည်။ သူက ဆူထွက်နေသောဗိုက်ကြောင့် လုံးဝိုင်းသောသဏ္ဍာန် ပေါက်နေသည်။ ခံ့ညားသောအနက်ရောင်ဝတ်စုံကို ကြိုးသိုင်းတပ်ထားသည်။ သည်လူသည် 'ဗော့ဒ်ကာ' (vodka)ကို ခုံမင်နှစ်သက်သူဖြစ်ကြောင်း သူ့ကိုမြင်မြင်ချင်း ကျွန်မ အကဲခတ်မိသည်။ သမ္မတကတော် မစ္စစ်ယဲ့ဆင်က သာမန်လူထက် ထွားကြိုင်းသော သူ့ယောကျ်ားနှင့်စာလျှင် သေးသေးလေး ဖြစ်နေသည်။ သမ္မတကတော် ကားမှထွက်ရာတွင် စစ်ဘက်အရာရှိက ကူညီသည်။

သမ္မတဘွတ်ရှ်နှင့် သမ္မတကတော်က သမ္မတဘောရစ်ယဲ့ဆင်နှင့် သမ္မတကတော်ကို ယဉ်ကျေးစွာ လက်ဆွဲနှုတ်ဆက်သည်။ ရုရှားနှင့် အမေရိကန်စကားပြန်များက သမ္မတများ၏ဘေးတွင် နေရာအသီးသီးယူကာ ခေါင်းဆောင်များ စကားပြောလိုက်သည်နှင့် မိမိတို့၏ခေါင်းဆောင်များကို တစ်ပြိုင်နက်တည်း ဘာသာပြန်ပေးကြသည်။ ထို့နောက် သမ္မတများကို တောင်ဘက်မြက်ခင်းပြင်တွင် ပြင်ထားသောစင်မြင့်ပေါ်သို့ ခေါ်သွားကြသည်။ ထိုနေရာတွင် ရုရှားနှင့် အမေရိကန်နိုင်ငံတော်သီချင်းများကို တီးမှုတ်ကာ အခမ်းအနားစတင်တော့သည်။

တောင်ဘက်မြက်ခင်းပြင်ရှိ လူအုပ်ကို ကျွန်မ လေ့လာကြည့်လိုက်သည်။ အများစုမှာ အလယ်အလတ်အရွယ်နှင့် လူကြီးပိုင်းများဖြစ်ကြသည်။ ကျွန်မ၏ လူနာဖြစ်မည့်သူများသည် စောစောပိုင်းနှစ်များက ကျွန်မ သဘော်ဆရာဝန်လုပ်ခဲ့စဉ်ကလို ငယ်ငယ်ရွယ်ရွယ်၊ ဖျတ်ဖျတ်လတ်လတ် သဘော်သားများ မဟုတ်တော့ပေ။ ယခု ကျွန်မတွေ့နေသော လူစုသည် စင်ဒီရယ်ဂို (San Deigo)တွင် ကျွန်မ ထားခဲ့သောဌာနတွင်း လူကြီးပိုင်းဆိုင်ရာဆေးဝါး၊ ကုသမှုများနှင့် ပို၍ကိုက်ညီသည်။ သို့သော် ဤလူများကို ဆေးရုံပေါ်တွင် သက်သောင့်သက်သာနှင့် လုံခြုံစိတ်ချစွာ ကုသရမည်မဟုတ်ဘဲ ကွင်းပြင်တွင် ပထမဦးဆုံး ကုသမှုအနေနှင့် ပြုစုပေးရမည်ဖြစ်သည်။ လူနာကို တည်ငြိမ်အောင်လုပ်ပြီးနောက် ဆေးဝါးပစ္စည်းများရှိရာ အနီးဆုံးဆေးရုံသို့ ပို့ပေးရမည်။ စစ်တပ်ဆေးကျောင်းတွင် စစ်မြေပြင်ဆေးကုသပုံကို လေ့လာခဲ့ပြီးဖြစ်၍ ဤအခြေအနေမှာ ကျွန်မနှင့် ရင်းနှီးပြီးသား လုပ်နည်းလုပ်ဟန် ဖြစ်သည်။ သဘော်ဆရာဝန်တစ်ယောက်အနေနှင့် ကျွန်မ ကြုံတွေ့ရသော အခြေအနေမှာ ကျွန်မဆေးတပ်ဖွဲ့နှင့် ကျွန်မက လူနာကို ရှေးဦးပြုစုနည်းဖြင့် ပြုစုကာ ပင်လယ်ပြင်ရှိလေယာဉ်မှ မြေပြင်ရှိ ဆေးရုံသို့ပို့ရန် ပြင်ဆင်ပေးရသည်။ ထို့ကြောင့် စစ်ဆရာဝန်များသည် အိမ်ဖြူတော်ဆရာဝန်ဖြစ်ရန် အသင့်တော်ဆုံးဖြစ်သည်ဟု

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မထင်သည်။ စစ်ဘက်ဆေးကုထုံးက တောင်းဆိုသည်မှာ ဆရာဝန်များသည် လူနာများကို စစ်မြေပြင်တွင် ရသမျှ ဆေးဝါးအထောက်အကူနှင့် ငြိမ်သက်အောင်လုပ်ကာ သေချာသောကုသမှုရှိရာသို့ ပို့ဆောင်ပေးရန်ဖြစ်သည်။ အိမ်ဖြူတော် ဆေးကုထုံးသည် စစ်မြေပြင်ဆေးကုထုံးနှင့် ဆင်ဆင်တူသည်။ သည်တစ်ခါတော့ ကျွန်မ၏စစ်မြေပြင်သည် အိမ်ဖြူတော်ဖြစ်သည်။ ကျွန်မ၏ စစ်သည်များမှာ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ၊ အလွန်အရေးကြီးသော ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်ခေါင်းဆောင်များ ဖြစ်သည်။ ကျွန်မ၏လက်ထောက်များမှာ ဆေးတပ်ဖွဲ့နှင့် သမားတော်လက်ထောက် ဖြစ်သည်။

တီးဝိုင်းက 'Ruffles and Flourishes'နှင့် နောက်ဆက်တိုက် 'Hail to the Chiefs' သီချင်းကို တီးမှုတ်သည်။ တပ်မှူးချုပ်ကို တာဝန်ထမ်းဆောင်စဉ် ကိုးနှစ်ကာလတစ်လျှောက် သည်သီချင်းကို အကြိမ်ပေါင်း ရာနှင့်ချီ၍ ကျွန်မ ကြားခဲ့ရသည်။ 'Ruffles and Flourishes' သီချင်းကိုကြားတော့ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလကို ကျွန်မ ပြန်သတိရမိသွားသည်။ ကျွန်မအဖေက ဝါရှင်တန်ဒီ·စီ ရေတပ်ဝင်းထဲတွင် တာဝန်ကျနေသည်။ သူ၏ညီအစ်ကိုဝမ်းကွဲ 'မာစီယာနို မာရီယာနို' (Marciano Mariano)က အိမ်ဖြူတော်တွင် စည့်ခံကျွေးမွေးရေးမှူး ဖြစ်သည်။ 'မာစီယာနို'က သမ္မတကနေဒီ၏ အိမ်တော်အကူများထဲမှ တစ်ယောက်ဖြစ်ပြီး ကျွန်မတို့ကို သမ္မတနှင့် ပတ်သက်၍ ဇာတ်လမ်းပေါင်းများစွာ ပြောသည်။ အေးမြသော နိုဝင်ဘာတစ်နံနက်တွင် ကျွန်မအိပ်ရာမှထကာ သမ္မတ၏ဈာပနကြောင့် ကျောင်းမသွားရသည်ကို ကျွန်မမှတ်မိနေသည်။ ကာတွန်းကားကြည့်ရအောင် ကျွန်မအခန်းထဲသို့ ဝင်သွားသည်။ သတင်းဌာနများက သမ္မတ၏ ဈာပနကို ထုတ်လွှင့်ပြသနေသည်။ သမ္မတ၏ရုပ်ကလပ်ထည့်ထားသည့် သေတ္တာကို Capital Rotundo သို့ သယ်သွားသောအခါ ကျွန်မအမေက ရုပ်မြင်သံကြားရှေ့တွင် ငိုနေသည်။

'သူက တော်တော်ငယ်သေးတယ်' အမေက တမ်းတမ်းတတပြောသည်။ ကျွန်မက အမေ့ကိုနှစ်သိမ့်ဖို့ ကြိုးစားကာ သူမကို သိုင်းဖက်လိုက်သည်။ သူမကို နှစ်သိမ့်၍မရပေ။ ရုပ်မြင်သံကြားက ကွယ်လွန်သူသမ္မတ၏ သားငယ်နှစ်ယောက်ကို ပြသည်။ သူတို့အတွက် ကျွန်မ စိတ်မကောင်းပါ။ ထိုနေ့က လူများစွာ၏ ရှေ့မှောက်တွင် သူတို့ ပူဆွေးနေကြသည်။

ထို့နောက် အမြောက်ဖောက်သံကြောင့် သမ္မတကနေဒီဈာပန အခမ်းအနား အတွေးစများ တစ်စစီလွင့်စဉ်သွားသည်။

'အမြောက် နှစ်ဆယ့်တစ်ချက်ဖောက် အလေးပြုကာ' လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင်၏ ရေဒီယိုမှ ကွဲရှရှအသံ ထွက်လာသည်။ အမြောက်သံကြောင့် ကျွန်မလန့်သွားသည်ကို သူ သိနေသလို ဖြစ်သည်။ လူအုပ်ထဲမှ လူတချို့က အမြောက်သံကြား၍ ထခုန်လိုက်ချိန်တွင် 'ဂရီ' ကျွန်မ၏ဘေးနားတွင် ရပ်လျက် နားကို လက်ဖြင့်ပိတ်ထားသည်။ ခပ်လှမ်းလှမ်းမှ ပစ်လိုက်သောအမြောက်သံက လေထဲတွင် သိမ့်သိမ့်တုန်ခါသွားသည်။ အမြောက်သံမခံမရပ်နိုင်အောင် ဖြစ်လုနီးပါး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်လှသည်။ အမြောက်သံကြားတိုင်း သည်အသံမျိုးကို သည်လိုအခမ်းအနားမျိုးတွင်သာ ကြားပါရစေ၊ ကျွန်မ ဂရုစိုက်ရသောလူကို ထိခိုက်အနာရစေသော အခြေအနေမျိုး လုံးဝမဖြစ်ပါစေနှင့်ဟု ကျွန်မ ဆုတောင်းသည်။

အမြောက်နှစ်ဆယ့်တစ်ချက်ဖောက် အလေးပြုမှုပြီးသောအခါ ကျွန်မ၏ မြန်နေသောသွေးခုန်နှုန်းက အနည်းငယ် နှေးသွားသည်။ ကျွန်မက အခမ်းအနားအစီအစဉ် စာစောင်ကို ကြည့်လိုက်သည်။ အဖုံးတွင် သမ္မတတံဆိပ်ကို ဖောင်းကြွရိုက်နှိပ်ထားပြီး (Royal Blue)အပြာရောင်ဖြင့် အစိကအစီအစဉ်များကို လက်ရေးစာလုံးပုံစံ ဖော်ထားသည်။ သို့သော် အစီအစဉ်တွင်မပါသော အရာများကတော့ တစ်ယောက်ပြီးတစ်ယောက် ပြုတ်ကျသွားသော လူများဖြစ်သည်။ ယင်းကို ကျွန်မက နောက်ပိုင်းကျတော့ 'အခမ်းအနားဆိုင်ရာ ထိခိုက်မှု'ဟု နာမည်ပေးလိုက်သည်။

လျှို့ဝှက်လုံခြုံရေး ရေဒီယိုမှ လူတစ်ယောက်၏ တင်းမာသောအသံက ရုရှားနိုင်ငံတော်သီချင်း တီးလုံးသံကို ဖောက်၍ထွက်လာသည်။

'လူတစ်ယောက် ကျသွားပြီ၊ လုံခြုံရေးမှတ်တိုင်နားက ကားလမ်းမှာ' ဘဲဥပုံရုံးခန်း၏ ရှေ့ကားလမ်းတစ်လျှောက် လုံခြုံရေးမှတ်တိုင်ကိုကျော်၍ ကျွန်မ လှည့်ကြည့်လိုက်သည်။ သတိအနေအထားနှင့် ရပ်နေသော သင်္ဘောသားတစ်ယောက် ပြုတ်ကျသွားသည်။ 'ဂရီ'က ထိုသူကိုမြင်လိုက်ပြီး ကျွန်မဘက်သို့ တစ်ချက်ကြည့်ကာ သင်္ဘောသားဆီသို့ ခပ်သုတ်သုတ် ထွက်သွားသည်။ 'မေရီအန်း'နှင့် ကျွန်မက ဘာမှမပြောဘဲ ကင်မရာရိုက်ကွင်းများကို ရှောင်ကာ 'ဂရီ'၏ နောက်သို့လိုက်သည်။ အမေရိကန်နိုင်ငံတော်သီချင်းကို တီးမှုတ်သောအခါ မြက်ခင်းပေါ်ရှိ လူတိုင်းငြိမ်သက်နေကြသည်။ ကျွန်မတို့သုံးယောက်သာ လဲကျသွားသော သင်္ဘောသားဘေးတွင် အမြန် လှုပ်ရှားနေကြသည်။ သန့်ရှင်းသစ်လွင်သော အဖြူရောင် Cracker Jack ဝတ်စုံကို ဝတ်ဆင်ထားသော သင်္ဘောသားသည် ကတ္တရာစေးကားလမ်းပေါ်တွင်ထိုင်နေကာ ချွေးဒီးဒီး ထွက်နေသည်။ 'ဂရီ'က အလံမြေသို့မကျရန် သူ့လက်ထဲမှ အလံတိုင်ကိုဆွဲယူသည်။ မေရီအန်းနှင့်ကျွန်မက သူ၏အင်္ကျီ ကော်လံကို လျှော့ပေးသည်။

'သက်သာလား' ကျွန်မက လူငယ်သင်္ဘောသားကို မေးသည်။ သူက အသက်ဆယ့်ရှစ်နှစ်လောက်ပဲ ရှိပုံရသည်။

'ကျွန်တော်က ဒူးကို တောင့်ထားလိုက်လို့ ထင်ပါတယ်'သူက သူ့ခြေထောက်ကို ကြည့်ရင်း ဝန်ခံသည်။

'မာစတာချိဖ် (Master Chief)က အဲဒီလိုမလုပ်ဖို့တော့ ပြောသား…၊ ကျွန်တော် မေ့သွားတယ် ထင်တယ်'

'ငါတို့မင်းကို အေးအေးဆေးလုပ်ဖို့လိုတယ်။ သောက်စရာတစ်ခု ပေးမယ်' ကျွန်မက သူ့ကိုပြောရင်း သွေးခုန်နှုန်းကို စမ်းကြည့်သည်။ သွေးခုန်နှုန်းကမြန်ပြီး အားနည်းနေသည်။ 'မေရီအန်း'က သွေးဖိအားတိုင်းကိရိယာကို ဆေးအိတ်ထဲမှထုတ်ကာ သူ့သွေးဖိအားကို တိုင်းသည်။ ယူဒီ (UD)အရာရှိတစ်ယောက်က သောက်ရေတစ်ပုလင်း လာပေးသည်။ သူက

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းသောက်သည်။ ထို့နောက် ကျွန်မတို့က ကားလမ်းပေါ် သူလဲနေရာမှာ ပေအနည်းငယ်ကွာရှိ လေအေးစက်ပေးထားသော လုံခြုံရေးအစောင့်၏ နေရာသို့ ပို့ပေးလိုက်သည်။

ရေဒီယိုမှ နောက်ထပ် အသံတစ်သံ ပေါ်လာပြန်သည်။

'ဒေါက်တာ··· မြက်ခင်းပြင်ဘေးနားမှာ နောက်ထပ်တစ်ယောက် ကျသွားပြန်ပြီ'

သမ္မတ၏ ကျင်းစိမ်းသော မြက်ခင်းပြင်၏ဘေး တောင်ဘက်မြက်ခင်းပြင် လူအုပ်နှင့် တော်တော်ဝေးသော နေရာတွင် အရွယ်ကြီးကြီး ဝဝလူကြီးတစ်ယောက် ခုံတန်းဆီသို့ ဖြည်းဖြည်း လမ်းလျှောက်သွားနေသည်။ ကျွန်မက သူ့ကိုကြည့်လိုက်တော့ သူမက သဘော်သားကို လုပ်ကိုင်ပေးနေသည်။ ထို့နောက် 'ဂရီ'ကိုကြည့်လိုက်တော့ သူက ကျွန်မကို ခေါင်းညိတ်ပြသည်။ ကျွန်မက ဆေးအိတ်ကိုဆွဲကာ ထိုသူကြီးရှိရာသို့ သွားသည်။ သမားတော်လက်ထောက်နှင့် ဆေးတပ်ဖွဲ့သား က အခမ်းအနားဆိုင်ရာ ထိခိုက်မှုကို ကြည့်ရှု လုပ်ကိုင်ပေးနေသည်ဖြစ်၍ သမ္မတမှာ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကိစ္စဖြစ်ပွားလျှင် ကြည့်ရှုရန် ဆေးဝန်ထမ်းဆို၍ ကျွန်မတစ်ယောက်သာ ကျန်တော့သည်။

ကျွန်မက သမ္မတဆီ လှမ်းကြည့်လိုက်တော့ အမေရိကန်နိုင်ငံတော်သီချင်း ပြီးဆုံးသွားပြီး သမ္မတနှင့်သမ္မတကတော်က လက်များကို ရင်ဘတ်ပေါ်တင်လျက် မတ်တတ်ရပ်လျက် ရှိနေသည်။ စင်မြင့်၏ နောက်ဘက်နေရာသို့ ကျွန်မ အလိုလို ရောက်သွားသည်။ သမ္မတ နေထိုင်မကောင်း၊ သို့မဟုတ် ဒဏ်ရာရလျှင် လျှို့ဝှက်လုံခြုံရေးက သမ္မတကို ထိုနေရာသို့ သယ်လာမည်ဖြစ်၏။ ကျွန်မ ဘယ်နေရာတွင်ရှိရမည်ကို ကျွန်မ၏ စစ်သင်တန်းမှတစ်ပါး မည်သူကမျှ ပြောထားသည်မဟုတ်ပါ။ မမျှော်လင့်ဘဲ ဖြစ်လာတတ်သည့်ကိစ္စကို ကြိုတင်စဉ်းစား ပြင်ဆင်ထားဖို့ ကျွန်မကို သင်ကြားထားခဲ့သည်။ သို့သော် 'သေကွင်းမှ ဘေးထွက်နေပါ' 'သေကွင်း'ဆိုသည်မှာ လျှို့ဝှက်လုံခြုံရေးအဖွဲ့သုံးသော ဘာသာစကားဖြစ်သည်။ သမ္မတ၏ ဘေးပတ်ပတ်လည်နေရာသည် လွင့်စဉ်လာသော ကျည်ဆန်ဖုံးဆန်ကြောင့် အပြစ်မဲ့ ဘေးကရပ်ကြည့်သူတစ်ယောက် သေနိုင်သောနေရာကို ဆိုလိုသည်။ သမ္မတ 'ရီဂင်'ကို ရည်ရွယ်၍ ပစ်လိုက်သောကျည်ဆန်က ဘေးကရပ်နေသော 'ဂျိမ်းစ်ဘရက်ဒီ' (James Brady)ကို ထိမှန်သွားသောနေရာသည် သေကွင်းဖြစ်သည်။ ယင်းကို ရှင်းရှင်းလင်းလင်းသိရန် ဆေးဝန်ထမ်းတစ်ယောက်အနေနှင့် အရေးကြီးသည်။ ကျွန်မက သမ္မတရပ်နေသော နေရာကိုကြည့်ကာ သူ၏လုံခြုံရေးအဖွဲ့ဝင်များ နေရာယူထားသောနေရာကို အကဲခတ်ကြည့်လိုက်သည်။ 'မင်းသေရင်'မင်း သမ္မတကို ဆေးကုမပေးနိုင်တော့ဘူး'ဟု ကျွန်မက မိမိကိုယ်မိမိ သတိပေးလိုက်သည်။

ရေဒီယိုမှ အကူအညီခေါ်သံနှစ်ခု ပေါ်ထွက်လာပြန်သည်။ တနင်္ဂနွေ လက်ဝတ်တန်ဆာများ ဝတ်ဆင်ထားသော အဘွားကြီးတစ်ယောက် အစီအစဉ်စာစောင်ဖြင့် သူ့ကိုယ်သူ ယပ်ခတ်လျက် ကုလားထိုင်တွင် မှိန်နေသည်။ 'ဓေရီအန်း'က

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူ့သင်္ဘောသားကို ပြုစုပြီးပြီ။ သင်္ဘောသားက လုံခြုံရေးအဆောက်အအုံလေးထဲတွင် ထိုင်ကာ တတိယမြောက် ရေအေးပုလင်းကို သောက်နေသည်။ အကူအညီ ဖုန်းဝင်လာတော့ မေရီအန်းက အဘွားကြီးဆီသို့ သွားသည်။ အဘွားကြီးက စင်မြင့်မှ ခုံတန်းခြောက်တန်းတွင် ထိုင်နေသည်။ 'ဂရီ'က ဝဝလူကြီးကို သမ္မတ၏ ကျင်းစိမ်မြက်ခင်းဘေးရှိ ခုံတန်းသို့ ပို့ပေးသည်။ အဘိုးကြီးက အော်ဂလီဆန်သည်၊ ရင်ဘတ် နည်းနည်းအောင့်သည်ဟု ပြောသောကြောင့် သူ့ကို ကျွန်မတို့က ဂျော့ဝါရှင်တန်ဆေးရုံ အရေးပေါ်အခန်းသို့ ပို့ပေးပါရန် ရေဒီယိုဖြင့် အကြောင်းကြားသည်။ ကျွန်မက သဘောတူသည်။ လူဝကြီးက ဤအခမ်းအနားကို သူ ကြည့်ချင်သည်။ နောက်ကျမှ ကိုယ်ပိုင်ဆရာဝန်နှင့် ပြမည်ဟု ပြောကာ ကုသမှုကိုငြင်းဆိုသည်။ ကျွန်မ 'ဂရီ'ကို ထိုအဘိုးကြီးနှင့် အတူနေကာ သူသည် အရေးကြီးကုသမှု လိုအပ်ကြောင်း နားပေါက်အောင် ကြိုးစားပြောရန်ပြောသည်။ ထိုအဘိုးကြီး အောက်ဆီဂျင်ပေးတာရော နိုက်ထရိုဂလင်းစရင်း (Nitrogly cerine) ပေးတာကိုပါ လက်မခံပေ။ ရေအေးတစ်ပုလင်းနှင့် မျက်နှာသုတ်ရန် အဝတ်အေးအေးပေးသည်ကိုသာ လက်ခံသည်။

အခမ်းအနားဆိုင်ရာ ထိခိုက်မှုကို ကျွန်မတို့ ကြည့်ရှုလုပ်ဆောင်နေစဉ် နိုင်ငံတော်ကြိုဆိုမှု အခမ်းအနားက အစီအစဉ်အတိုင်း ဆက်လုပ်သည်။ သမ္မတနှစ်ယောက်က တောင်ဘက်မြက်ခင်းပြင်တွင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ထို့နောက် ခေါင်းဆောင်နှစ်ဦး မိန့်ခွန်းများပြောကြသည်။ ဂရီ၊ မေရီအန်းနှင့် ကျွန်မက မလိုလားအပ်သည့် သူတစ်ပါး အာရုံစိုက်မှုမရှိစေဘဲ ကင်မရာရိုက်ကွင်းမှ အသာလေးမြန်မြန် ရှောင်ထွက်သွားကြသည်။ တစ်ပြိုင်နက်တည်းမှာပင် လိုအပ်ပါက သမ္မတ၏ ဘေးသို့သွားရန် သမ္မတရှိသည့်နေရာကို မပြတ်သတင်းယူနေသည်။

ကံအားလျော်စွာပင် သမ္မတကို ကျွန်မတို့ ဘာမှစောင့်ရှောင်မှု ပေးစရာမလိုပါ။ သူက နိုင်ငံတော်ကြိုဆိုပွဲတွင် ဘေးမသီးရန်မခဘဲ၊ သမ္မတဘောရစ်ယဲ့ဆင်နှင့်အဖွဲ့ကို သံတမန်ကြိုဆိုခန်းမှ ဖြတ်ကာ အိမ်ဖြူတော်ထဲသို့ ခေါ်သွားသည်။ ကျွန်မက ဧည့်ပရိသတ်များနှင့် မျက်နှာချင်းဆိုင်လမ်းကြောင်းရှိ Palm Room မှဖြတ်ကာ ဒေါက်တာလီ၏အခန်းသို့ သွားသည်။ ဂရီက အဘိုးကြီးကို စစ်ဆေးပြီးသွားပြီ။ စောစောပိုင်းက သူ့အခြေအနေက စိုးရိမ်စရာရှိသော်လည်း အခုတော့ မာမာချာချာ ရှိနေသည်။ ထိုနေ့နံနက် သူ့ကို ဆရာဝန်ဆီခေါ်သွားမည်ဟု သူ့ဇနီးက အာမခံသည်။ အားလုံးသော ဧည့်သည်များ ထွက်သွားသည်အထိ မေရီအန်းက တောင်ဘက်မြက်ခင်းပြင်တွင် စောင့်နေသည်။ သူတို့ ထွက်သွားသည်နှင့် မေရီအန်းက old Executive Office Building ရှိ ဆေးခန်းသို့ သွားသည်။ ဤပြင်ပလူနာ အစီအစဉ်တွင် နိုင်ငံတော်ကြိုဆိုပွဲ မပြီးဆုံးသေးမီ အိမ်ဖြူတော်ဆေးအဖွဲ့က လူနာကို လုပ်ရိုးလုပ်စဉ်အတိုင်း ကြည့်ပေးရသည်။

နံနက်ပိုင်းလှုပ်ရှားမှုကြောင့် ချွေးပြန်လျက် ဒေါက်တာလီ၏အခန်းသို့ ကျွန်မ ရောက်သွားသည်။ ဒေါက်တာလီက စာရွက်စာတန်းများနှင့် အလုပ်လုပ်ရင်း စားပွဲတွင် ထိုင်နေသည်။ ကျွန်မက အခန်းဝမှာ ရပ်သောအခါ သူက ကျွန်မကို

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မော့ကြည့်သည်။

'အခြေအနေက ဘယ်လိုလဲ' စာကြည့်မျက်မှန်ပေါ်မှ ကျော်ကြည့်ကာ သူက မေးလိုက်သည်။

'သမ္မတက ကောင်းပါတယ်။ အပူဒဏ်ကြောင့်ခံရတာ လူလေးယောက်ရှိတယ်။ ဒါပေမဲ့ သူတို့လည်း ကောင်းပါတယ်။ အားလုံးခြုံကြည့်ရင် ဘာမှ ထူးထူးခြားခြားမရှိတဲ့ အဖြစ်အပျက်ပါ'

ဒေါက်တာလီက ခနဲ့တဲ့တဲ့ပြုံးသည်။

'ဘာမှထူးထူးခြားခြား မရှိတဲ့အဖြစ်အပျက် ဟုတ်လား' သူက လှောင်ပြောင်သလို ကျွန်မစကားကို ထပ်ပြောသည်။

'အဲဒါက ခင်ဗျားအလုပ်ပဲ ဒေါက်တာ။ ဆေးဘက်ဆိုင်ရာ အဖြစ်အပျက်မရှိဘဲ တစ်ခုချင်း အသေအချာပြီးသွားဖို့ပဲ' သူက စက္ကူများပေါ်သို့ငုံ့ကာ စာ ဆက်ဖတ်နေသည်။

'ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်' ကျွန်မ လှည့်ထွက်ခဲ့သည်။ သူ၏ အရေးမစိုက်သလို ပြောသည့် လေသံကြောင့် အပြစ်တင်ခံရသလို၊ စိတ်အနှောင့်အယှက် ပေးခံရသလို ဖြစ်မိသည်။ သူသည် ကျွန်မအရင်က တပ်မှူးများ၊ ဆရာများနှင့် မတူပါ။ ထိုသူများက ကျွန်မကို ပွင့်လင်းစွာ အားပေးထောက်ခံကြသည်။ သို့သော် သူ မည်ကဲ့သို့ပင် တုံ့ပြန်စေကာမူ တောင်ဘက်မြက်ခင်းပြင်ရှိ ကျွန်မ၏ နံနက်ပိုင်းတာဝန်ကြောင့် ကျွန်မ စိတ်လှုပ်ရှားပျော်ရွှင်နေသည်။ ဆေးခန်းထဲတွင် လူနာများကို ဆယ့်ငါးမိနစ်တစ်ကြိမ် ကြည့်ရင်း၊ သို့မဟုတ် ဆေးဝါးစာရင်း တသီတတန်းကြီးပါသော သက်ကြီးရွယ်အို ရှုပ်ထွေးသောရောဂါရှင် လူနာများနှင့် တစ်နာရီကြာ အချိန်ကုန်ရင်း၊ သူတို့ကို ပြန်တွေ့ဖို့ချိန်းရင်း ချောင်ပိတ်မိမနေတော့ပေ။ ကျွန်မ၏ လုပ်ဖော်ကိုင်ဖက်များနှင့် မတူတော့ဘဲ အဓိကသင်ကြားရေး ဆေးရုံ၏ လုံခြုံသော [illegible]၏ အပြင်ဘက်တွင် ဆေးကုသရသည်ကို ကျွန်မပျော်ရွှင်သည်။ အိမ်ဖြူတော် တောင်ဘက်မြက်ခင်းပြင်တွင် ဖြစ်စေ၊ နိုင်ငံခြားမြို့တော်၏လမ်းထဲတွင် ဖြစ်စေ ကွင်းပြင်တွင် လူနာများကို ကုသရတာ ကျွန်မ ပို၍သက်ဝင်လှုပ်ရှားမှုရှိသည်။ ဤနေရာများသည် ယခု ကျွန်မ၏ ကတုတ်ကျင်းများ ဖြစ်သည်။

မိမိ ရေပိုင်နက်အလွန် ပင်လယ်ပြင်တွင် သင်္ဘောဆရာဝန်လုပ်ခဲ့သည့် အဖြစ်များကို ကျွန်မ ပြန်သတိရမိသည်။ အနီးဆုံးဆေးရုံသို့ သင်္ဘောဖြင့် ခုနစ်ရက်ခရီးသွားရသော နေရာတွင် တပ်ဖြန့်သည့်အခါ၌ သင်္ဘောဝန်ထမ်းများကို ကျွန်မ ကြည့်ရှုရသည်။ စင်ဒီရယ်ဂိုရှိ ဆေးရုံနှင့်ဆေးခန်းများကို လှည့်လည်ကြည့်ရှုရာတွင် ကြိုတင်ခန့်မှန်းလို့ရသော နေ့စဉ်လုပ်စဉ်များဖြင့် ကျွန်မ ပိတ်လှောင်မွန်းကျပ်နေသည်။ အိမ်ဖြူတော် ပထမရက်သတ္တပတ် အနည်းငယ်အတွင်း ဤ ဆေးကုသမှုဆိုင်ရာ နေရာများတွင် ကြိုတင်ခန့်မှန်း၍မရ၊ မျှော်လင့်မထားသော ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့် အရသာကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရသည်။ အိမ်ဖြူတော်ရှိ စွန့်စားမှုကြီးသော ဆေးဘက်ဆိုင်ရာလုပ်ငန်း၏ စိတ်လှုပ်ရှားမှုက နောက်ထပ်တာဝန်များကို ထမ်းဆောင်လိုသောစိတ်ကို နှိုးဆွပေးသည်။ ထိုနေ့နံနက် ကျွန်မ လုပ်ဆောင်ခဲ့ရသည်များက အိမ်ဖြူတော်ဆရာဝန်တစ်ယောက်ဖြစ်ရန် လိုအပ်သော အရည်အချင်းဟုဆိုလျှင် ရှေ့တွင်ပေါ်ပေါက်လာမည့် စွန့်စားမှုကို ကျွန်မ မျှော်လင့်ကြိုဆိုနေမည်ဖြစ်သည်။ ဤဆရာဝန်သည် ရှေ့ကို ဆက်လက်လုပ်ဆောင်ရန် သင့်တော်သည်။

■

ကျွန်မက အိမ်ဖြူတော်ရှိ ဘဝနှင့်တာဝန်များကို အသားကျအောင် လုပ်နေစဉ် ရစ်ချတ်၊ ကျွန်မသားများဖြစ်သည့် အင်ဒရူး (Andrew)နှင့် ဂျေဆင် (Jason)တို့က ဗာဂျီးနီးယားရှိ အလက်ဇန္ဒြီးယားတွင် သူတို့ဘဝကို အဆင်ပြေကိုက်ညီအောင် လုပ်နေကြသည်။ သူတို့ (ကလေးများ)၏ ကျောင်းမှ သုံးမိုင်ဝေးသော ကျွန်မတို့ရှာ ထားသည့်အိမ်ကိုသူတို့သဘောကျသည်။ အိမ်၏ မြေအောက်ခန်းက ရစ်ချတ်အတွက် အိမ်တွင်းရုံးခန်းလုပ်ဖို့ အဆင်ပြေသည်။ ထိုနေရာတွင် ဂျော့ဝါရှင်တန် တက္ကသိုလ် ဥပဒေဌာန ညနေတန်းအတွက် သင်ကြားဖို့ ပြင်ဆင်သည်။ သူက ဥပဒေကင်းလွတ်ခွင့်ဆိုင်ရာ သုတေသနနှင့် စာရေးခြင်းကို သင်ကြားသည်။ အထူးစီမံကိန်းများ ကို ကိုင်တွယ်ရန် အချိန်ပိုင်း ရှေ့နေလိုအပ်သော မြို့ထဲရှိ ဥပဒေအဖွဲ့များကိုလည်း သူချဉ်းကပ်သည်။ သူက စာသင်ကြားခြင်းနှင့် ဥပဒေလုပ်ငန်းမှအားလျှင် သားများကို ပြုစုစောင့်ရှောက်သည်။

အင်ဒရူးနှင့် ဂျေဆင်က အိမ်နီးနားချင်း ကလေးသူငယ်များနှင့် အပေါင်းအသင်း ဖြစ်သွားသည်။ ရာသီဥတု အပြောင်းအလဲကို သူတို့ ပျော်ရွှင် နှစ်ခြိုက်ကြသည်။ စင်ဒီရယ်ဂိုဒ္ဒ နေအကြာကြီး ပူနေသည်။ သူတို့ မကြုံဖူးပေ။ ထိုနှစ် ဆောင်းရာသီ နှင်းများကျသော ပထမဆုံး ကျောင်းပိတ်ရက်များကို သူတို့ သဘောကျသည်။

အိမ်ဖြူတော်ရှိ ပထမနှစ်အတွင်း ခရီးမသွားသော ရုံးပိတ်ရက်များတွင် ကျွန်မက အိမ်ပြန်၍ မိသားစုနှင့်အတူ နေပေးသည်။ တစ်ညတွင် လတ်ဆတ်သော အိမ်ထမင်း၊ အိမ်ဟင်း ချက်ပြုတ်ပေးသည်။

'ညစာ အသင့်ဖြစ်ပြီး' စားပွဲပေါ်တွင် ပန်းကန်များကိုချပြီးနောက် ကျွန်မက မီးဖိုချောင်ထဲမှ ဂုဏ်ယူဝင့်ကြွားစွာ ကြေညာလိုက်သည်။ 'ရစ်ချတ်က သူ၏မြေအောက်ခန်း ရုံးခန်းဂူလေးထဲက ထွက်လာသည်။ အင်ဒရူးနှင့်ဂျေဆင်က နောက်ဘက်ကွက်လပ်ထဲက ထွက်လာပြီး လက်ဆေးရန် လက်ဆေးကန်ဆီသို့ ပြေးသွားကြသည်။

ကျွန်မက သားတို့အကြိုက် 'စပါဂတီ' (Spaghetti)နှင့် အသားလုံး (Meat ball)ချက်ထားသည်။ အရင်က ကျွန်မသုံးခဲ့သော ရေးရိုးအသားချဉ်ရေ (Meat sance)ကို မသုံးတော့ဘဲ၊ ဈေးကြီးသောဆိုင်မှ အဆင့်မြင့် လတ်ဆတ်သော

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စားမပါသည့် အချဉ်ရည်ကို သုံးသည်။

လေးယောက်သား စားပွဲတွင် ဝင်ထိုင်လိုက်ကြသည်။ ကျွန်မက 'ရစ်ချတ်'ကို လှမ်းကြည့်လိုက်သည်။ ကျွန်မ အိမ်မှာ အနည်းဆုံး တစ်ရက်ရှိလိုက်သည်ကို 'ရစ်ချတ်'က ကြည်လင်ရွှင်ပျနေသည်။ ကျွန်မ အလုပ်အားသည့်ရက်တွင် အိမ်မှာကလေးများနှင့် အတူနေဖို့ သဘောတူသည့်အတွက် 'ရစ်ချတ်'ကို ကျေးဇူးတင်မိသည်။ တစ်ချိန်မှာ တစ်ခါ ညစာ ချက်ပြုတ်ခြင်းဖြင့် ကျွန်မ၏ မိသားစုဘဝတွင် မှုမှန်အခြေအနေကိုထိန်းသိမ်းနိုင်ရန် သေးငယ်သော စိတ်တစ်ဒေသကို ကျွန်မ ဆောင်ရွက်နေသည်။ ဒါပေမဲ့ ကျွန်မ စဉ်းစားသည်။ (စစ်မှုထမ်းအမျိုးသမီး အိမ်ဖြူတော်သမားတော် တစ်ယောက်၏ ဘဝတွင် မှုမှန်အခြေအနေဆိုသည်မှာ ဘာလဲ။)

ကလေးများအတွက် ညစာသည် ကျွန်မအဖို့ အထူးတလည် ကျေးဇူးမွေးပြုရခြင်း ဖြစ်သည်ကို သဘောပေါက်လျက် ကျွန်မက သူတို့ကို ပြုံးကြည့်သည်။ ဤညစာမျိုး ကျွန်မ နောက်တစ်ခါ လုပ်ပေးနိုင်မည်ဟု တထစ်ချ ပြော၍မရပါ။ ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းပြီးနောက် ကလေးများက အားရပါးရ စားပါလေတော့သည်။

ပါစတာ (pasta)ကို ကိုက်လိုက်ပြီးနောက် ဂျေစင်က မချိမဆန့်ကုန်းအော်သည်။ လျှာကို ကိုက်မိသွား၍များလား ဟင်းက မတရားပူ၍များလားဟု ကျွန်မ ထင်သည်။ ကျွန်မ သူ့ဆီသွားတော့ သူက ကျွန်မချက်သမျှ အားလုံးကို ထွေးထုတ်ပစ်နေသည်။

'ဒါ တော်တော်မကောင်းတာဘဲ' သုံးနှစ်သားအရွယ်က အော်သည်။

'ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာ ဒါဟာ အဆိုးဆုံး အစားအစာပဲ'

အဖေသည် ရေတပ်ဗိုလ်ချုပ်များနှင့် ဗီဇကြောင်သော သူတို့၏ဇနီးများအတွက် ချက်ပြုတ်ပေးခဲ့ရသူ ဖြစ်သည်။ ကျွန်မသည် အဖေ့ထံမှ ချက်နည်းပြုတ်နည်းကို မလေ့လာခဲ့သော်လည်း သုံးနှစ်သားအရွယ် ကလေးတစ်ယောက်အတွက်တော့ အဆင်ပြေအောင် လုပ်ပေးနိုင်ဖို့ ကောင်းသည်။ သို့သော် ကျွန်မမိသားစုတွင် ဖြစ်မလာခဲ့ပါ။

ကျွန်မက 'ဂျေဆင်'ကို ဖက်၍ ပါးစပ်တွင် ပေကျံနေသည်များကို သုတ်ပေးသောအခါ ရစ်ချတ်က ကျွန်မကို ကြည့်နေသည်။

'စိတ်မကောင်းပါဘူး ကလေးရယ်' သူက ကရုဏာသက်နေသည်။

'ကလေးတွေက မင်း'စင်ဒီရယ်ဂို'မှာ လုပ်ပေးခဲ့တဲ့ 'စပါဂတီအဟောင်း'ကိုပဲ ကြိုက်တာ ထင်ပါရဲ့'

သူ့မျက်လုံးထဲတွင် မလိုလားသည့် အရိပ်အယောင်တစ်ခု လက်ခနဲ မြင်လိုက်ရသည်ဟု ကျွန်မထင်သည်။ ကျွန်မသည် ကျရှုံးသူတစ်ယောက်ကဲ့သို့ ခံစားရသည်။ မိခင်တစ်ယောက်၏ အခြေခံဝတ္တရားတစ်ခုကို လုပ်ကိုင်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြင့် မိသားစုကို ကျွန်မ ပျော်ရွှင် ကျေနပ်စေချင်ပါသည်။ ယင်း အခြေခံဝတ္တရားမှာ ချက်ပြုတ်ခြင်းဖြစ်၏။ ထိုကိစ္စကလေးကိုပင် သူတို့ကျေနပ်အောင် ကျွန်မ လုပ်မပေးနိုင်ပေ။ ထိုအချိန်တွင် ကျွန်မသည် ကျွန်မကို လိုအပ်ပြီး တန်ဖိုးထားနားလည်သည့်နေရာ၊ ကျွန်မအလုပ်ရှိရာကို အမြန်ပြေးထွက်သွားချင်သည်။ ထိုအချိန်တွင် အိမ်ဖြူတော်အလုပ်ကို လက်ခံမိသည်အတွက် နောင်တရနေမိပြန်သည်။ သည်အလုပ်ကြောင့် ကျွန်မဘဝသည် အရင်လို ဘယ်တော့မှပြန်ဖြစ်လာတော့မည်မဟုတ်တော့ကြောင်း ကျွန်မသိသည်။ ထိုအလုပ်သည် ကျွန်မ၏ မိသားစုဘဝတွင် အကျိုးပြုနိုင်လိမ့်မည်ဟုလည်းပဲ ကျွန်မ မျှော်လင့်၍မရတော့ပါ။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



**အခန်း-၅**
**အသိုင်းအဝိုင်းဖွဲ့ဝင်များထဲမှ တစ်ယောက်**

'သမ္မတ သေနတ်နဲ့ အပစ်ခံရရင် အစီအစဉ်က ဘာလဲဆိုတာ ခင်ဗျားသိလား၊ ဒေါက်တာ'

ဆံအနက်ရောင်၊ ကြွက်သားဖုထစ်၊ နှုတ်ခမ်းမွေးစစနှင့် ကြည့်၍ကောင်းသော အနက်ရောက်ဝတ်စုံကို ဝတ်ဆင်ထားသည့် လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင်က ကျွန်မကို မေးလိုက်သည်။ သူက ဘာ အမှတ်အသားတံဆိပ်မှ တပ်ဆင်မထားသော ကျည်ကာမီးခိုးရောင်မှန်ကာ ဆူဘာဘင် (Suberban)ကားနောက်ခန်းတွင် ထိုင်နေသည်။ ကျွန်မက သမ္မတတပ်ဖွဲ့မှ တစ်ယောက်နှင့်တစ်ယောက် ခပ်ဆင်ဆင်တူသည့် ကျားကျားလျားလျား သတ္တိပြောင် ထောင်ထောင်မောင်းမောင်း လုံခြုံရေးအဖွဲ့ဝင် နှစ်ဦးအကြားတွင် ဝင်ထိုင်နေသည်။ ယင်းမှာ လျှို့ဝှက်လုံခြုံရေးများနှင့်အတူ လေ့ကျင့်ရသော အစဦး ကျွမ်းကျင်မှု မိတ်ဆက်သင်တန်းတက်ရာတွင် ကျွန်မ၏ အစပိုင်း သင်တန်းကာလ ဖြစ်ပါသည်။ ၁၉၉၂ ခုနှစ် နွေရာသီအချိန် သမ္မတနှင့် သူ့မိသားစုအားလပ်ရက် အနားယူနေသည် မိန်း(Maine) ပြည်နယ် 'ကင်နီဘန့်ခ်ပို့ (Kenne Bunk Port)အရပ်သို့ ကျွန်မ ရောက်နေသည်။

သမ္မတ၏ လုံခြုံရေးခေါင်းဆောင်နှင့် ဒေါက်တာလီ၏ ထောက်ခံမှုဖြင့် လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင်များနှင့် လေ့ကျင့်ရန် ထိုဒေသသို့ ကျွန်မကို လွှတ်လိုက်သည်။ ထိုနေရာသို့မသွားမီ 'ဆရာဝန်ဟာ လုံခြုံစိတ်ချရတဲ့ အဖွဲ့ရဲ့ အစိတ်အပိုင်း ဖြစ်တယ်။ လုံခြုံစိတ်ချရတဲ့အဖွဲ့ဆိုတာ သမ္မတနဲ့အတူ ရှိဖို့လိုအပ်တဲ့၊ အလွန်အရေးပါတဲ့ အဖွဲ့ဖြစ်တယ်။ လုံခြုံစိတ်ချရတဲ့ အဖွဲ့ထဲမှာ ခင်ဗျားရဲ့ အခန်းကဏ္ဍကို လေ့လာဖို့ အရေးကြီးတယ်။ အကောင်းဆုံးနည်းကတော့ ခင်ဗျားအတွက် လုံခြုံရေးအဖွဲ့ဝင်များနဲ့အတူ အလုပ်လုပ်ဖို့ပဲ


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်'ဟု သမ္မတတပ်ဖွဲ့၏ အထူးတာဝန်ခံ 'ရစ်ချတ်မေလာ'(Rich Miller)က ကျွန်မကို ပို့ချလိုက်သည်။

သာယာလှပသော အင်္ဂါနေ့ ညနေ၏တစ်ညတွင် ဖြစ်၏။ သမ္မတက သီးခြားစားသောက်ဆိုင်တစ်ခုတွင် ညစာစားနေသည်။ လုံခြုံရေးနှစ်ယောက်က သူနှင့်အတူ ရှိသည်။ ကျန်သော လုံခြုံရေးအဖွဲ့ဝင်များက စားသောက်ဆိုင်၏ရှေ့ အမှတ်အသားမပါသော ကားများထဲတွင် ထိုင်နေကြသည်။ တာဝန်ကျ စစ်ဘက်ကိုယ်ရံတော်က ထိန်းသိမ်းကားထဲတွင်နေပြီး တာဝန်ကျသူနာပြုက ထောက်ပံ့ရေးကားထဲတွင် ရှိသည်။ ကျွန်မက Half Back ဟုခေါ်သော လျှို့ဝှက်လုံခြုံရေးကားထဲတွင် အလှည့်ကျ လုံခြုံရေးအဖွဲ့ဝင်များနှင့် အတူနေရန် ဖြစ်သည်။

'ပြောစမ်းပါ ဒေါက်တာ၊ ကျွန်တော်တို့လုပ်ဖို့ အစီအစဉ်က ဘာလဲ' မာကျောလေးနက်သော အသံက ကားနောက်ခန်းမှ ကျွန်မကို လှမ်းမေးသည်။ ကျန်လုံခြုံရေးအဖွဲ့ဝင်များက ကျွန်မကို လမ်းမကိုကြည့်ရန် ခုံပေါ်မှ လှည့်လိုက်ကြသည်။ ပြောသူ၏ မျက်နှာကိုမြင်ရန် ကျွန်မက ရှေ့သို့ကဲကြည့်သည်။ ကား၏ နောက်ကြည့်မှန်ထဲတွင် အေးစက်ပြာရီသော သူ့မျက်လုံးများကို ရိပ်ခနဲ မြင်လိုက်ရသည်။ ကျန်သော မျက်နှာ အစိတ်အပိုင်းများကိုတော့ မမြင်ရပေ။ သူ ကျွန်မကို တကယ်အတည်ပေါက် ပြောနေတာလား၊ နောက်နေတာလား သူ့မျက်လုံးကိုကြည့်၍ ကျွန်မ ပြော၍မရပါ။ လုံခြုံရေးအဖွဲ့ဝင်က ခံစားမှုကို ဖုံးအုပ်ထားရာတွင် အလွန်ကျွမ်းကျင်ပုံရသည်။ ကွယ်ဝှက်လုပ်ရသော အလုပ်များတွင် သူသည် အလွန်တော်သော လူဖြစ်ခဲ့ရမည်ဟု ကျွန်မ ယူဆသည်။

'ပထမ၊ အန္တရာယ်က လွတ်အောင်ရှောင်၊ နောက်ပြီး သမ္မတကို လုံခြုံတဲ့နေရာကို ယူသွား၊ အဲဒီမှာ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတွေက‥'

Belhesdo ရေတပ်ဆေးရုံက မထွက်မီ ဒေါက်တာ 'အယ်လ်ရောဘတ်' (Al Reberts)ပို့ချသော သင်တန်းမှ လုပ်ထုံးလုပ်နည်းများကို ကျွန်မက ရွတ်ပြသည်။

'မဟုတ်ဘူး၊ ခင်ဗျား လုံးလုံးမှားပြီး ဒေါက်တာ' လုံခြုံရေးအဖွဲ့ဝင်က ကြားဖြတ်ပြောလိုက်သောအခါ သူ့လူများက ခိုးခိုးခစ်ခစ် ရယ်ကြသည်။

ကျွန်မ စိတ်ကသိကအောက် ဖြစ်သွားမှုကို ဖုံးကွယ်ထားနိုင်သော်လည်း ကျွန်မ၏ပါးများ နီမြန်းသွားသည်။ လွန်ခဲ့သောဆယ်နှစ်က၊ ကျွန်မသည် သင်္ဘောဆရာဝန် တစ်ယောက်အနေနှင့် USS Praire ဖျက်သင်္ဘောပေါ်တွင် သတင်းပို့ခဲ့စဉ်က ကျွန်မသည် သင်္ဘောဆရာဝန်တစ်ယောက် လိုအပ်သောအရည်အချင်း ရှိမရှိ ခြောက်လကြာ သက်သေပြခဲ့ရသည်။ အခုတစ်ဖန် အိမ်ဖြူတော် ဆရာဝန်တစ်ယောက်၏ ရှိသင့်ရှိထိုက်သည့် အရည်အချင်းရှိမရှိ အိမ်ဖြူတော် လျှို့ဝှက်လုံခြုံရေးတပ်ဖွဲ့၏ စစ်ဆင်ခြင်းကို ခံနေရပြန်ပြီ။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ၊ ကျွန်မ ဘာများလွဲသွားသလဲ' ကားနောက်ခန်းရှိ မေးခွန်းရှင်ကို ကျွန်မ မေးလိုက်သည်' ကျွန်မဟာ ဒီအလုပ်မှာ လူသစ်ဖြစ်ပြီး သင်ယူနေဆဲ ဖြစ်ပါတယ်''

'အိုကေ…၊ ဒေါက်တာ' သူ့လူများက ရယ်ကြသောကြောင့် သူက နှစ်ကိုယ်ကြားပင် ပြောလိုက်သည်။

'ဒီမှာ လျှို့ဝှက်တဲ့ အစီအစဉ်ရှိပါတယ်။ သမ္မတ သေနတ်နဲ့ အပစ်ခံရရင် ကျွန်တော်တို့ ပထမဆုံးလုပ်တဲ့ အလုပ်ကတော့ ဒေါက်တာလီကို ဘေးဖယ်ထားလိုက်ဖို့ပါပဲ။ ပြီးတော့မှ သမ္မတကိုကြည့်ဖို့ တခြားဆရာဝန်တစ်ယောက်ကို သွားရှာတယ်'

လူတွေက အခုမှ ခွက်ထိုးခွက်လန် ရယ်လိုက်ကြသည်။

သည်စကားကိုကြားတော့ ကျွန်မ တုန်လှုပ်မသွားပါ။ အရေးပေါ်ကိစ္စတစ်ခု ကိုင်တွယ်တော့ ဒေါက်တာလီ ပြဿနာပေါ်ခဲ့ဖူးကြောင်း အိမ်ဖြူတော်ဝင်းထဲတွင် ကောလာဟလတစ်ခု ကျွန်မကြားဖူးသည်။ ဒေါက်တာလီအပေါ် ကျွန်မ၏ သစ္စာရှိမှုကို လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင်များက စစ်ဆေးနေတာလား။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ရေတပ်မှာ ပြောကြသလို၊ သူက ကျွန်မ၏ အထက်အရာရှိ ဖြစ်နေသေးသည်။

'အိုကေ… ကျွန်မတို့မှာ ဘယ်သူဟာ အရေးကြီးဆုံး လူနာလဲဆိုတာ ဆုံးဖြတ်ပြီး ကြည့်ရမယ့်ပြဿနာရှိပြီ ဆိုပါတော့' ကျွန်မက မျက်နှာပြောင်ပြောင်ဖြင့် တုံ့ပြန်လိုက်သည်။

'အရေးကြီးဆုံး လူနာလို့ ဆုံးဖြတ်ရမယ် ဟုတ်လား' ကျွန်မ ချေပချက်ကြောင့် အံ့သြသွားပြီး သူက ကျွန်မကို အလေးအနက်မေးသည်။

'ဟုတ်တယ်၊ သမ္မတကို သေနတ်ပစ်ခံရတယ်။ ရှင်က ဒေါက်တာလီကို ဖယ်ထားတယ်။ လဲကျသွားသူ အနည်းဆုံး သုံးယောက်ရှိမယ်။ သမ္မတကို ကျွန်မက အပြည့်အဝ ဂရုစိုက်ရမယ်။ ကျွန်မရဲ့သူနာပြုကို ကျွန်မက တခြား လူနာတွေထဲက တစ်ယောက်ကြည့်ဖို့ တာဝန်ပေးမယ်'

လုံခြုံရေးအဖွဲ့ဝင်က လုံးဝကြောင်သွားသည်။

'တခြားလူနာတွေ ဟုတ်လား…'

'ခြေထောက်မှာ ခွဲစိတ်တဲ့ဓား ဆူးနေတဲ့ လုံခြုံရေးအဖွဲ့ဝင်'

ခဏငြိမ်သက်သွားသည်။ လုံခြုံရေးအဖွဲ့ဝင်က ဘာပြန်ပြောရမှန်းမသိ။ ခေါင်းဆောင်လုပ်သူ ရယ်ပြီး ဝင်မေးသည်။

အဲဒီလူတွေထဲက ဘယ်သူ့ကို ကျွန်တော်တို့ ဦးစားပေးရမလဲ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'လုံခြုံရေးအဖွဲ့ဝင်ကိုပေါ့။ ကျွန်မက ကိုယ့်လူနာကို ကာကွယ်ရမှာ'

ရယ်သံက ပိုပြီး ကျယ်လောင်လာသည်။

'ဒေါက်တာ… ခင်ဗျားက ကိုယ့်ဘာသာကိုယ် စဉ်းစားပြီး ရပ်တည်လို့ရပါတယ်။ တဖြည်းဖြည်း အထာကျလာပါလိမ့်မယ်'

သူ၏အပြုံးတွင် မကျေချမ်းသည့် လက္ခဏာတစ်ခု ကွက်ခနဲပေါ်သွားသည်။

'ဒါပေမဲ့… သတိထားဦး၊ မနက်ဖြန် ခင်ဗျားရဲ့ ပင်လယ်ပြင်စွမ်းရည်ကို စစ်ဆေးမယ်…'

ရယ်မောသံက လှောင်ပြောင်သံအဖြစ်သို့ လျှောကျသွားသည်။ ကျွန်မ၏ မခန့်တရန့် သူလိုငါလို သဘောထားတုံ့ပြန်မှုအတွက် နောင်တရတော့မည်ကို ကျွန်မ သဘောပေါက်လိုက်သည်။

■

လှေလှော်ကျင့်မှုအတွက် ကျွန်မ သတင်းပို့ရမည်ဖြစ်သည်။ ဆိပ်ကမ်းရှိရာသို့ ကားမောင်းအသွားတွင် 'ကင်နီဘန့်ခ်' (Kenne Bbunk)မြစ်ပြင်တစ်လျှောက် ရွက်လှေများက မြူးတူးယိမ်းနွဲ့နေကြ သည်။ မိန်း (Maine) ပြည်နယ်ရှိ ချစ်စရာကောင်းသော သြဂုတ်လ၏ နံနက်ခင်းတစ်ခု ဖြစ်သည်။ ရေထွေ့က အရှိန် မသိပ်သည်း၊ ကောင်းကင်က ပြာလဲ့နေသည်။ ရေတပ် အခေါ်အဝေါ်အားဖြင့် 'ရေထဲလှေကျင့်ခန်း'ဟု ခေါ်သော လှေကျင့်မှုအတွက် ရာသီဥတုက လုံးဝကောင်းမွန်နေသည်။

လျှို့ဝှက်လုံခြုံရေးအဖွဲ့နှင့် ယနေ့လှေကျင့်မှုက ရေထဲ ကယ်ဆယ်မှုလုပ်ငန်းကို အထူးလေ့လာကြမည်။ သမ္မတဘွတ်ရှ်က လှိုင်းတွေကြား သူ့မော်တော်ဘုတ်ကလေးနှင့် ဖြတ်မောင်းရသည်ကို အထူးဝါသနာထုံသူ ဖြစ်သည်။ Walker's Point ရှိ မိသားစုပိုင် ပင်လယ်ပြင်သို့ မော်တော်ဘုတ်ဖြင့် ထွက်တတ်သည်။ ထို့ကြောင့် သည်နေ့လုပ်ရမည့် လှေကျင့်ခန်းမှာ လှေမှောက်သည့် သဏ္ဍာန်ပြုလုပ်၍ ရေထဲရှိ သမ္မတကို ကျွန်မတို့ ကယ်တင်မည်။ ရှေးဦးသူနာပြုလုပ်ထုံးကို ကျွန်မက တာဝန်ယူရမည်။

'လှေပေါ်က ကြိုဆိုပါတယ်၊ ကွန်မင်ဒါ' ရေစိုခံ အနက်ရောင်ဝတ်စုံနှင့် ball cap ဦးထုပ်ဆောင်းထားသော လုံခြုံရေးအဖွဲ့ဝင်က ကျွန်မကို နှုတ်ဆက်သည်။ ကျွန်မက လှေများအစီအရီ ဆိုက်ကပ်ထားသော တံတားလေးပေါ်သို့ အမြန်ခုန်ဆင်းလိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားက ရေတပ်ကလာတာလို့ ကြားတယ်' သူမ ကျွန်မဝတ်ပုံစားပုံကို ကြည့်ရင်း ပြောလိုက်သည်။ ရှာဖွေကယ်တင်ရေး တာဝန်ထက် အပျော်စီးရွက်လှေနှင့် ခရီးထွက်ဖို့ ကျွန်မ ဝတ်စားထားသည်ဟု သူက ထင်ကောင်းထင်မည်။

'ခင်ဗျား သည်နေ့ ရေစိုလိမ့်မယ်'

'ကျွန်မ ရေ မကြောက်ပါဘူး'

ကျွန်မက တံတားလေးပေါ်မှ လှေပေါ်သို့ တက်လိုက်သည်။

'အိန္ဒိယသမုဒ္ဒရာထဲက ဖျက်သင်္ဘောပေါ်မှာ ကိုးနှစ်နေလာတာ'

'ဒါဆို ခင်ဗျားမှာ ပင်လယ်ပြင် စွမ်းရည်ရှိတယ်ပေါ့'

သူက ခနဲ့တဲ့တဲ့ ပြောလိုက်သည်ကို ကျွန်မ သိသည်။

'ကဲ… ဆရာရေ ထွက်မယ်' သူက တခြားလုံခြုံရေးတစ်ယောက်ကို ပြောလိုက်တော့ ထိုသူက အင်ဂျင်စက်နှိုးသည်။

'ကျွန်မက လှေနောက်ပိုင်းတွင် ဝင်ထိုင်သည်။ လှေက ပေလေးဆယ်ရှည်ပြီး အောက်ခြေပြားသည်။ အလယ်တွင် လူနာတင် ကိရိယာ၊ သစ်သားကတ်ပြား၊ ရှေးဦးသူနာပြုပစ္စည်း၊ အောက်ဆီဂျင်ဘူးတို့ ပါသည်။ ဝါယာကြိုးဖြင့် ယှက်ထားသော လူနာတင်ကိရိယာပေါ်တွင် သမ္မတနှင့်တူအောင် လုပ်ထားသော အရုပ်ရှိသည်။

အနာတရဖြစ်သော လူနာကို ထည့်သွင်းချည်နှောင် ပို့ဆောင်ပေးမည့် လူနာတင်ကိရိယာနှင့် ကတ်ပြားကို ကျွန်မ စစ်ဆေးကြည့်ရင်း ဖျက်သင်္ဘောပေါ်တုန်းက ပင်လယ်ပြင်တွင် ဒဏ်ရာရှိသောလူများကို ကိုင်တွယ်ဖို့ ဆေးအဖွဲ့နှင့် ကျွန်မကော သင်္ဘောဝန်ထမ်းများအား သင်တန်းပေးခဲ့သည်ကို သတိရသွားသည်။ သည်တစ်ခါတော့ကျွန်မသည် အိမ်ဖြူတော် လုံခြုံရေး အဖွဲ့ဝင်များ၏ စစ်ဆေးကြည့်ရှုခြင်းကို ခံနေရသည့် အငယ်တန်းလူသစ် အိမ်ဖြူတော်သမားတော် တစ်ယောက် ဖြစ်သည်။

နက်ပြောင်နေသော လျှို့ဝှက်လုံခြုံရေးလှေလေးစင်း ခြံရံလျက် ကျွန်မတို့လှေက အတ္တလန္တိတ် သမုဒ္ဒရာထဲသို့ ထွက်ခဲ့သည်။ လှေတစ်စင်းတွင် လူနှစ်ယောက်မှ သုံးယောက်အထိပါသည်။ ရေတပ်ရေငုပ်သမားများ (SEAL) အဖွဲ့များ ဖြစ်သည်။ ရေငုပ်သမားအများစုမှာ ရင်ဘတ်ဗလာနှင့် ဆေးမင်ကြောင်များကို ထူထူထဲထဲ ထိုးထားသည်။ တောင့်တင်း သန်မာ၍ ကြောက်ဖွယ်လန့်ဖွယ် ပုံစံပေါက်အောင် လုပ်ထားသည့် တိုက်ခိုက်ရေးသမားများ ဖြစ်၏။ ဤလှေကျင့်ခန်းတွင် ထိုလူတွေနှင့် ကျွန်မ ဘယ်လိုလုပ် အဆင်ပြေအောင် အလုပ်လုပ်ရမှာလဲဟု ကျွန်မတွေးသည်။ ကျွန်မတို့က ထူးထူးခြားခြား အဖွဲ့ဖြစ်နေသည်။ ကျွန်မက ခပ်နုံနုံ။ ခပ်အအ ကာက်သလစ်ကျောင်းသူလေးလို ဖြစ်နေပြီး သူတို့က လက်ရဲဇက်ရဲ

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ဘာမထီလူသားများ ဖြစ်ကြသည်။

ကျွန်မတို့ အဝါရောင်မော်တော်တုတ် တခြားလှေများနှင့်အတူ ရေမိုင်နှုန်း စဝဖြာထက်ပို၍ မောင်းနှင်နေသည်။ လှေနောက်ဘက်နှင့် ဘေးဘက်တွင် အပြာရင့်ရောင် ရေပန်းများက ဖွားခနဲဖွားခနဲ ဖြာထွက်နေသည်။ သတ္တုလက်ကိုင်ကို ကျွန်မ မြဲမြဲကိုင်ထားရသည်။

ကျွန်မတို့ ကယ်ဆယ်ရေးလှေက သတ်မှတ်ထားသောနေရာသို့ ရောက်လာသည်။ အနက်ရောင် လှေလေးစင်းက ကျွန်မတို့လှေကို ဝိုင်းရံထားသည်။ ကျွန်မတို့လှေမှ အကြီးတန်းလုံခြုံရေးက ရေဒီယိုနှင့် ပြောလိုက်သည်။

'လှေ့ကျင့်ခန်း… စမယ်'

နောက်တစ်ယောက်က သမ္မတရုပ်ကို ရေထဲပစ်ချလိုက်သည်။ အရုပ်က ရေထဲဗွမ်းခနဲကျသွားပြီး ပေါ်လောပေါ်နေသည်။ ဘာခံစားမှုမှမရှိသော မျက်နှာက ကျွန်မတို့ကို မော့ကြည့်နေသည်။ သည်အချိန်မှာ အရုပ်နေရာတွင် တကယ့်သမ္မတသာဆိုလျှင် ကျွန်မတို့ ဘယ်လိုဖြစ်နေမည်ကို ကျွန်မ စဉ်းစား၍မရချေ။ ရေငုပ်သမားနှစ်ယောက်က သတ္တုကြေးနန်းလူနာတင် ကိရိယာနှင့်အတူ ရေထဲသို့ခုန်ချကာ သမ္မတအရုပ်ဆီသို့ ရေကူးသွားသည်။ အရုပ်ဆီသို့ ရောက်သွားသည်နှင့် သူတို့က အရုပ်ကို လူနာတင်ကိရိယာပေါ်သို့ တင်သည်။ ပြီးတော့ လူနာတင်ကိရိယာကိုကိုင်ကာ လှေဆီသို့ ကူးလာသည်။ တခြား လုံခြုံရေးအဖွဲ့ဝင်နှစ်ဦးက လူနာတင်ကိရိယာကို ကျွန်မတို့ ကယ်ဆယ်ရေးလှေထဲသို့ မတင်သည်။

'ဟောဒီမှာ… လူနာ' ခင်ဗျား လုပ်စရာရှိတာ လုပ်ပေတော့' အကြီးတန်းလုံခြုံရေးက ကျွန်မကိုပြောသည်။

ပထမ ကျွန်မ လုပ်ရမှာက လူနာကို လေအဝင်အထွက်လမ်း၊ အသက်ရှူမှု၊ စွမ်းအင်ယုတ်လျော့မှုနှင့် ထိခိုက်ဒဏ်ရာ၏ အခြေအနေများကို အကဲဖြတ်သည်။ နှစ်ပေါင်းများစွာ ပင်လယ်ပြင် လေ့ကျင့်လှုပ်ရှားခဲ့သော အကျိုးကျေးဇူးကြောင့် တစ်ခုမှ စဉ်းစားစရာမလိုဘဲ ကျွန်မက အလိုအလျောက် လှုပ်ရှားလိုက်သည်။

သမ္မတအရုပ်၏ မျက်နှာကိုကြည့်သည်။ အရုပ်၏နေရာတွင် မျက်လုံးပြာပြာ ပြုံးရွှင်နေသော တကယ့်သမ္မတကို မြင်ယောင်လိုက်သောအခါ ကျွန်မသွေးများ ဆူတက်လာသည်။ လူနာကို အကဲဖြတ်တွေ့ရှိသော အချက်တစ်ချက်ချင်းကို ကျွန်မက ကျယ်ကျယ်အော်ပြောသည်။

အကြီးတန်းလုံခြုံရေးက ကျွန်မ၏နောက်တွင် မတ်တတ်ရပ်ကာ ကျွန်မ ဇယ်ဆက်သလို လုပ်ကိုင်နေသည်ကို ခေါင်းတညိတ်ညိတ်ဖြင့် ကြည့်နေသည်။ လူနာ၏လည်ပင်းကို ကော်လာမာမာဖြင့် လှုပ်ရှားမရနိုင်အောင် လုပ်ကာ ရင်ဘတ်ကို နားကြပ်ကိရိယာဖြင့် နားထောင်ဟန်ပြုသည်။ မျက်လုံးသူငယ်အိမ်ကို ဖောင်တိန်ဓာတ်မီးသေးဖြင့် ထိုးကြည့်သည်။ ကျွန်မအနေနှင့် ပုံမှန်လုပ်ရိုးလုပ်စဉ် ဖြစ်သည်။ သို့သော် အခင်းအကျင်းကတော့ ပုံစံတကျမဟုတ်ပါချေ။ လုံခြုံရေး

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ဝင်များထံမှ ကျွန်မလုပ်ကိုင်နေတာ မှန်ကန်ကြောင်း ပြောဆိုသည့် မပွင့်တစ်ပွင့်အသံများကို ကြားရသည်။ ကျွန်မကို စောင့်ကြည့်နေသော ရေငုပ်သမားများက လူနာ၏ ဘေးပတ်လည်တွင် အမြန် လှုပ်ရှားနေကြသည်။

'ဒီအဆင့်မှာ ကျွန်မက လူနာကို အနီးဆုံး အဆင့်တစ် ကုသရေးနေရာကို ရွှေ့ပေးမယ်။ ဒီကိစ္စမှာ ကျွန်မ ဟယ်လီကော်ပတာခေါ်မယ်'

မှော်ပညာအစွမ်းနီးပါးပင်၊ ကျွန်မစကား 'ဟယ်လီ- မဆုံးသေးခင် ခပ်လှမ်းလှမ်းမှ ဟယ်လီကော်ပတာ အတောင်ပံခတ်သံကို ကြားရသည်။ မိုးကုပ်စက်ဝိုင်းဆီ ကြည့်လိုက်တော့၊ အဝါနှင့်အဖြူရောင် ကမ်းခြေစောင့်တပ် ကယ်ဆယ်ရေးဟယ်လီကော်ပတာက လှေဆီသို့ လာနေသည်။

'ခင်ဗျားဖြစ်စေချင်တာရပြီ-ဒေါက်တာ၊'

'အကြီးတန်းလုံခြုံရေးက ပြောသည်။ 'ငါးမိနစ်အတွင်း- မဖို့ပြင်'

လူနာတင်ကိရိယာထဲရှိ သမ္မတအရုပ်၏ဘေးတွင် ကျွန်မဒူးထောက်နေစဉ် ဟယ်လီကော်ပတာက တဖြည်းဖြည်း ကျလာသည်ကို မြင်ရသည်။ သည်ဟယ်လီကော်ပတာက သမ္မတအရုပ်ကို ကယ်ဆယ်ရန် လာခြင်းမဟုတ်၊ ကျွန်မကိုပါ ကယ်ခြင်းဖြစ်သည်။ 'ဟယ်လီကော်ပတာဆိုသည်မှာ ကျွန်မအတွက် ကယ်ဆယ်ရေးသင်္ကေတ ဖြစ်သည်။ ကျွန်မ နှစ်သမီးအရွယ်မှာပင် ရောဂါအဖြစ်သည်း၍ ရေတပ်ကလေးဆေးရုံသို့ ဟယ်လီကော်ပတာဖြင့် ယူသွားရသည်။ ဘဝ၏ အစောဆုံးအရွယ်မှာပင် ဟယ်လီကော်ပတာက ကျွန်မအသက်ကို ကယ်ခဲ့သည်။ အိမ်ဖြူတော်ရှိနေစဉ် အပြောင်းအလဲ များသော အလုပ်များမှနေ၍ မရင်း-၁ လေယာဉ်က ကျွန်မကို ခဏတစ်ဖြုတ် အပြောင်းအလဲဖြစ်ရန် ခေါ်ထုတ်သွားသည်။ ယခုလည်း ကျွန်မကို တစ်လျှောက်လုံး လျှော့ပေါ့တွက်ထားသော ပင်လယ်ပြင်လှေကျင့်ရေးမှ ကယ်တင်ရန် လာနေသည်။ လေ့ကျင့်ပေးထားသည့်အတိုင်း ကောင်းကောင်း ဆောင်ရွက်နိုင်ခြင်းကြောင့် အစောဦးပိုင်းက ကျွန်မ၏ အရည်အချင်းနှင့် ကို လျှော့တွက်ထားသည့် လုံခြုံရေးအဖွဲ့ဝင်များထံမှ ထောက်ခံလေးစားမှုကို ကျွန်မ ရရှိပါသည်။

နောက်ဆုံးတွင် အဝါအဖြူလေယာဉ်က ကျွန်မတို့လှေလေးပေါ်တွင် ပျံဝဲလာသည်။ ဟယ်လီကော်ပတာအတောင် ပံက ကျွန်မတို့ဘေးဝန်းကျင်မှ ရေများကို ရိုက်ခတ်သည်။ ဟယ်လီကော်ပတာပေါ်ရှိ လူများက ကျွန်မတို့ လှေထဲသို့ ကြိုးတစ်ချောင်း ချပေးသည်။ ကြိုးထိပ်မှ သတ္တုချိတ်ကွင်းက လှေပေါ်သို့ အသံကျယ်ကျယ်လောင်လောင် ထွက်အောင် ရိုက်ခတ်လိုက်သည်။ ဟယ်လီကော်ပတာမှ လျှပ်စစ်ဓာတ် ရပ်လိုက်သောအခါတွင် ကျွန်မတို့၏ရှေ့ ပေအနည်းအကျွာတွင် ကျခြင်းဖြစ်၏။ ရေငုပ်သမားများနှင့် လုံခြုံရေးအဖွဲ့ဝင်များ တစ်စုံပုတ်ချင်း လှုပ်ရှားလိုက်ကြသည်။ သမ္မတအရုပ်ထည့် ထားသော လူနာတင်ကိရိယာ၏ဘေးတွင် ကြိုးများချည်လိုက်ကြသည်။ ထိုကြိုးများကိုဆွဲ၍ ကမ်းခြေစောင့်တပ် ဟယ်လီ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကော်ပတာမှ ချလိုက်သောကြိုးဖြင့် ချိတ်ဆက်သည်။ ကျွန်မက နောက်သို့ဆုတ်ကာ အနက်ရောင်ရေစိုခံဝတ်စုံများ ဝတ်ထားသော လူများ သံစုံတီးဝိုင်းမှ လူများလို အချက်ကျကျ လှုပ်ရှားနေပုံကို စောင့်ကြည့်သည်။ ခေါင်းဆောင် လုပ်သူက တဖြည်းဖြည်း မယူသည်။ လူနာတင်ကီရိယာ မြင့်တက်သည်ကို ကျွန်မကြည့်နေတော့ လုံခြုံရေးအဖွဲ့ဝင်တစ် ယောက်ဘေးသို့ ဆွဲဖယ်သည်။ သူက အော်ပြောသော်လည်း လေယာဉ်ပန်ကာသံကြောင့် မကြားတကြား ဖြစ်နေသည်။

'ခင်ဗျားပြောသလို ဒါက လှေကျင့်မှုရဲ့ အန္တရာယ်အကြီးဆုံး အပိုင်းဖြစ်မယ်'

ကျွန်မက သူ့ဆီက နောက်ထပ်ကြားရမည်ကို ပိုသိချင်၍ သူ့ကိုစူးစိုက်ကြည့်က ခေါင်းညိတ်ပြသည်။

'မနှစ်က ဒီလိုလှေကျင့်မှုမှာ ကြိုးပြတ်ကျပြီး လူနာတင်ကီရိယာ ရေထဲကျသွားတယ်။ လုံခြုံရေးအဖွဲ့ဝင်တစ် ယောက် ဆေးရုံတင်လိုက်ရတယ်။ မေးရိုးကျိုးပြီး တော်တော်ဒဏ်ရာရသွားလို့ အချိန်တော်တော်ကြာ ပြန်ကုယူရတယ်'

သည်လှေကျင့်မျိုးက အန္တရာယ်နှင့် ယှဉ်တွဲနေသည်ကို ကျွန်မ သဘောပေါက်သည်။

'ဒါမျိုး နောက်ထပ် မဖြစ်ပါစေနဲ့လို့ မျှော်လင့်ရတာပဲ' ကျွန်မက စိတ်မသက်မသာဖြင့် ပြောလိုက်သည်။

'ကျွန်တော် တာဝန်ရှိနေတဲ့အချိန်မှာ မဖြစ်စေရဘူး' လုံခြုံရေးအဖွဲ့ဝင်က အခိုင်အမာပြောသည်။

'သမ္မတကြီးနဲ့ ဒီလို တကယ်ဖြစ်ရပ်မျိုးလည်း ဘယ်တော့မှ လုပ်ရမှာ မဟုတ်ဘူးလို့ ကျွန်မမျှော်လင့်ပါတယ်'

အခုအချိန်တွင် လူနာတင်ကီရိယာက ဟယ်လီကော်ပတာထဲတွင် အသေအချာ ရောက်သွားသည်။ လုံခြုံရေးအဖွဲ့ ဝင်က လက်မထောင်ပြလိုက်သည်။ ဟယ်လီကော်ပတာထွက်ရန် အချက်ပေးလိုက်ခြင်း ဖြစ်၏။

ဘေးအန္တရာယ်ကို မမှုသည့် လုံခြုံရေးအဖွဲ့ထံမှ ချီးမွမ်းပြောဆိုမှု တစ်စွန်းတစ်စကို မျှော်လင့်သည့်ပုံ မပေါ်အောင် ကြိုးစားကာ ကျွန်မ၏မာနဖြင့် ထိန်းထားသည်။

'ကျေးဇူးတင်ပါတယ်၊ ကျွန်မလည်း ဒီအလုပ်ကို ရဲဘော်တို့မပါဘဲ မလုပ်နိုင်ပါဘူး'

သူက တစ်ဖက်သို့လှည့်ကာ ပြုံးသည်။ သူကလှည့်ရင်း ဟယ်လီကော်ပတာကို မော့ကြည့်သည်။ ဟယ်လီကော် ပတာက ထွက်ရန်ပြင်နေပြီ။

'ရေစိုခံအဝတ် ဝတ်မထားတာ ခင်ဗျား နောင်တရတော့မယ်'

ကျွန်မ ဘာမှပြန်မပြောမီ ပန်ကာက မြန်မြန်လည်လာကာ ကျွန်မတို့ဘေးတဝိုက်ရှိ ရေများကို လေဟပ်သည်။ ရေများ လှေထဲသို့ဝင်လာသည်။ အေးမြငန်ကျိုကျို ရေများထဲတွင် ကျွန်မ ရွှဲနစ်သွားသည်။ သွားကို တင်းတင်းစေ့ မျက်လုံးထဲဝင်သော ဆားငန်ရည်စပ်စပ်များကို သုတ်ပစ်ရသည်။ အသက်ရှူ အောင့်ထားရသည်။ ဟယ်လီကော်ပတာ ပျံ ထွက်သောအခါ ရေများက ပိုဝင်လာပြီး ကျွန်မတစ်ကိုယ်လုံး ရွှဲနစ်သွားသည်။ အားလုံး ရယ်သံများ ထွက်လာ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သည်ကို ကြားရသည်။

သည်နေ့နံနက် ကျွန်မသည် ကိုယ့်အရည်အသွေးကို သက်သေပြဖို့ ကြိုးစားကာ၊ ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်အောင် ကြိုးစားကာ ထိတ်ထိတ်လန့်လန့်နှင့် အစပြုခဲ့သည်။ နောက်ဆုံးတွင် တစ်ကိုယ်လုံး တုတ်တုတ်ကျ ရွှဲစိုပြီး တုန်တုန်ယင်ယင်ဖြင့် အဆုံးသတ်သွားသည်။ ပွဲက ချောချောမောမောနှင့် ပြီးသွားကာ လုံခြုံရေးအဖွဲ့ဝင်များအား ကျွန်မကိုယ်ကို သက်သေပြ လိုက်သည်ကို ကျေးဇူးတင်မိသည်။ ကျွန်မသည် အစစအရာရာ မသိပေ၊ ကျွန်မ အလုပ်အဆင်ပြေရန် အိမ်ဖြူတော်အဖွဲ့ကို အားကိုးမှဖြစ်မည်ဟူသော နိမ့်ချစိတ် အနည်းငယ်ဖြစ်သွားသည်။ ယနေ့ ရာဖွေကယ်တင်ရေး လေ့ကျင့်မှုသည် ကျွန်မကို "ကန်နီဘန့်ခ်ပို့" (Kennebunkport) မြစ်ရေဖြင့် သွန်းဖြန်းကာ အိမ်ဖြူတော်အဖွဲ့ဝင်အဖြစ် သွတ်သွင်းချီးမြှင့်သော ပွဲ ဖြစ်ပေသည်။

ကျွန်မတို့ ကမ်းခြေသို့ ပြန်ခဲ့ကြသည်။ ထိုနေ့ညနေတွင် Nonantun ဟိုတယ်သို့ ပြန်ရောက်သည်။ ရေမိုးချိုးလိုက်တော့ ကျွန်မ ပြန်လည် လန်းဆန်းသွားသည်။ မှန်ထဲကြည့်ကာ ဆံပင်တွေကိုခြောက်ရန် တဘက်ဖြင့် သုတ်နေစဉ် အပြင်ဘက်လမ်းမှ ငိုသံကြားရသည်။ ငိုသံက ရင်းလည်းရင်းနှီးနေသည်။ အနှောင့်အယှက်လည်း ပေးသည်။ ကလေးငယ် တစ်ယောက်၏ ငိုသံဖြစ်သည်။

ကျွန်မ တံခါးဖွင့်လိုက်တော့ ကျွန်မဆီသို့ ငါးနှစ်သားအရွယ် ဆံပင်နီရဲရဲနှင့် တရှုပ်ရှုပ်ငိုနေသော ကလေးငယ်တစ် ယောက် ကျွန်မဆီသို့ ပြေးလာသည်။ သူက ကျွန်မခြေထောက်ကို ဖျစ်ညှစ်ထားတော့၊ ကျွန်မကလည်း သူ့ကို အလိုလို ဖက်လိုက်မိသည်။ 'ဗာဂျီးနီးယား'က ကျွန်မသားနှစ်ယောက်အကြောင်း တွေးမိသွားပြီး ကျွန်မနှလုံးသားက နာကျင်လာ သည်။

'မေမေ ဘယ်မှာလဲ၊ မေမေ့ဆီ သွားချင်တယ်'

ကလေးက တရှုပ်ရှုပ်နှင့်ငိုကာ ကြို့ထိုးလာသည်။

ကျွန်မက သူ့ဘေးနားတွင် ထိုင်ချလိုက်သည်။

'မင်းအမေကို ငါရှာပေးပါ့မယ်။ မင်းနာမည် ဘယ်လိုခေါ်သလဲ'

သူက သူ့နာမည်ကို ပြောပြသည်။

သူ့ကို ခန်းမလမ်းထဲတွင် ခဏနေဖို့ပြောကာ ကျွန်မက ဖုန်းဖြင့် သူ့မိသားစုအကြောင်း စုံစမ်းကြည့်သောအခါ ကျွန်မအောက်ထပ် အခန်းတွင်နေသော မိသားစုဖြစ်ကြောင်း သိရသည်။ ကလေးက စက်လှေခါးမှနေ၍ အထပ်များဆင်းလာ ခြင်း ဖြစ်သည်။ ကျွန်မက သူ့ကို လိုက်ပို့သည်။ သူ့အမေကိုမြင်တော့ ကလေးက သူ့အမေထံ ပြေးသွားသည်။ သား

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



အခန်းထောက် ပြန်လည်ဆုံတွေ့တာကို မြင်ပြီး ကျွန်မရင်ထဲ နင့်ခနဲဖြစ်သွားသဂည်။ ကျွန်မ သည်ကို ရောက်ကတည်းက သားတွေကို မတွေ့တာ တစ်ပတ်ရှိတော့မည်။

ကျွန်မအခန်းသို့ပြန်ကာ တံခါးကိုပိတ်၍ ငိုချပစ်လိုက်သည်။ နေ့မှာ ရှည်လျားဆက်ခဲ့ပြီး ညနေခင်း၏ နောက်ဆုံးပိုင်းမှာ မိသားစုကိစ္စ ဖြစ်လာတော့သည်။ နံနက်ပိုင်းတုန်းက လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင်များ၏ စမ်းသပ်မှုဖြင့် စတင်ခဲ့ပြီး အောင်မြင်မှုနှင့် ပြီးဆုံးသွားခဲ့သည်။ သို့သော် New England ရှိ မှောင်မိုက်သော ဩဂုတ်လ ဟိုတယ်အခန်းထဲတွင် ကျွန်မ ငိုကြွေးနေသည်။ ကလေးတစ်ယောက်၏ ငိုသံက ကျွန်မကိုယ်ကျွန်မ၊ မိန်းမတစ်ယောက်နှင့် အမေတစ်ယောက်ဖြစ်ကြောင်း သတိရသွားစေသည်။ ကျွန်မသည် အမေတစ်ယောက်တော့ ဖြစ်သည်။ သို့သော် တာဝန်ထမ်းဆောင်ချိန်တွင် ပျောက်ဆုံးသွား သော အမေသာဖြစ်သည်။ ထိုသို့ သဘောပေါက်လိုက်ခြင်းကြောင့် ကျွန်မ ပိုမိုနာကျင်စွာ ငိုကြွေးမိသည်။ အဲသည့်နေရာမှာ ကျွန်မသည် သားများအတွက် မဟုတ်သည်မှာ ရှင်းသည်။ စစ်မှုထမ်းအလုပ်က ကျွန်မကို ကလေးများနှင့် ဝေးရာသို့ ရောက်အောင်လုပ်လိုက်သည်။ ကျွန်မသည် သူတို့ နေထိုင်မကောင်းဖြစ်မှု၊ ထိခိုက်ဒဏ်ရာရမှုအတွက် အဲသည့်နေရာမှာမရှိ။ ညအိပ်ပျော်ရာမှ လန့်နိုး၍ ကျွန်မနာမည်ကို ယောင်ယမ်းခေါ်မိလျှင်တောင်မှ သူတို့ကို နှစ်သိမ့်ရန်မရှိ။ သူတို့ မျက်ရည်များကို သုတ်ပေးရန် အဲသည်မှာ ကျွန်မမရှိပေ။ ထိုသို့ဖြစ်ရမည့်အစား ကျွန်မသည် သမ္မတမိသားစု၏ မကျန်းမာမှုနှင့် ထိခိုက်ဒဏ်ရာရမှုအတွက် အဲသည်မှာရှိပေးနေရသည်။ အိပ်ရာပေါ်မှာထိုင်၍ ကျွန်မ ငိုနေသည်။ သမားတော်နှင့် ရေတပ်အရာရှိတစ်ယောက်အနေနှင့် ကျွန်မ၏ ကြီးမားသောအောင်မြင်မှုသည် ဇနီးနှင့် အမေတစ်ယောက်အနေနှင့် အနာကျင်ဆုံးသော ဆုံးရှုံးမှုကြောင့်ဖြစ်ကြောင်း ကျွန်မ သဘောပေါက်လိုက်ပါသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၆
## အိမ်ဖြူတော်၏ မျက်နှာသစ်

ဂျော့ဘွတ်ရှ်က ၁၉၉၂ ခု၊ နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ဘေလ်ကလင်တန်ကို ရှုံးနိမ့်သွားသောအခါ ကျွန်မက အလက်ဇန္ဒြားယားရှိ အိမ်တွင် ရွေးကောက်ပွဲသတင်းကို ကြည့်နေသည်။ ၁၉၉၃-ခု၊ ဇန်နဝါရီတွင် ကျွန်မ၏ ပထမလူနာ (သမ္မတ)သည် ဘယ်သူဖြစ်မည်လဲ သိချင်စိတ်စောနေသည်။ ဒေါက်တာဘတ်လီ (Dr.Burt Lee)က ရွေးကောက်ပွဲနေ့တွင် ဟျူစတန်(Houston)သို့ သမ္မတဘွတ်ရှ်နှင့်အတူ လိုက်သွားသည်။ သမ္မတက ရွေးကောက်ပွဲရှုံးသောအခါ သူက ထိုနေရာမှာပင် ရှိသည်။ ကျွန်မလို အငယ်တန်းသမားတော်တစ်ယောက်အနေနှင့် ဆေးခန်းနှင့် ရွေးကောက်ပွဲအတွက် လုံးပန်းသောနေ့များရှိ အိမ်ဖြူတော် ခရီးစဉ်များအတွက် တာဝန်ပေး ထားသည်။ ဒေါက်တာလီနှင့် သူ၏ဝန်ထမ်းသူနာပြုများသည် သမ္မတမိသားစုနှင့် နှစ်ပေါင်းများစွာ အတူနေခဲ့သည်။ ကျွန်မ အိမ်ဖြူတော်သို့ရောက်သည်မှာ တစ်နှစ်ပင် မကြာသေးသောအချိန်မှာပင် 'ဘွတ်ရှ်'မိသားစုအတွက် ကျွန်မ စိတ်မကောင်းဖြစ်နေမိသည်။ သူတို့သည် ဂုဏ်သရေရှိသော လူများဖြစ်ပြီး အလွန်ကျက်သရေရှိသည်။ ထို့နောက် ကလင်တန်၏ အောင်ပွဲခံမိန့်ခွန်းကိုကြားရန် ရုပ်/သံလိုင်း ပြောင်းကြည့်သည်။ သူသည် လူများကို အသေအချာ လွှမ်းမိုးဆွဲဆောင်နိုင်ပြီး ရုပ်မြင်သံကြားဖန်သားပြင်တွင် ပေါ်လွင်ထင်ရှားသည်။ ကလင်တန်ကို ထောက်ခံသော လူအုပ်အား ကင်မရာက ချိန်ပြလိုက်သောအခါ 'ဟစ်ပင်နစ်'များ၊ အာရှတိုက်သားများ၊ အမေရိကန်၊ အာဖရိက ကပြားစသည်တို့၏ မျက်နှာများကို လူအုပ်ထဲတွင် မြင်လိုက်ရ၍ ကျွန်မ အလွန်အံ့သြသွားသည်။ ကျွန်အစိုးရအသစ်တွင် ကျွန်မသည် ပိုမို၍ အံဝင်ခွင်ကျဖြစ်နိုင်ပါသည်။

the bookhouse we bring your future
www.burmeseclassic.com

www.burmeseclassic.com



'ချော့ရှ်'နှင့် 'ဘာဘရာဘွတ်ရှ်'တို့ ရွေးကောက်ပွဲပြီးနောက် အိမ်ဖြူတော်သို့ ပြန်လာသောအခါ တောင်ဘက်မြက်ခင်းပြင်တွင် ကြိုဆိုပွဲဝါတီလုပ်၍ နှုတ်ဆက်ကြပါသည်။ ကြိုဆိုပွဲကို ဘောလုံးများ၊ အလံများဖြင့် မွမ်းမံပြင်ဆင်ထားသည်။ တီးဝိုင်းက အပြင်းထွက်၍ ဆီးကြိုနေသည်၊ ယင်းမှာ ရှုံးလာသော ဘောလုံးအသင်း အားပေသောလူအုပ်နှင့် တူနေသည်။ အေးချမ်း၍ တိမ်ထူသော ထိုနေ့တွင် စုဝေးနေသောလူအုပ်က ဇန်နဝါရီလတွင် သူတို့ အလုပ်ပြုတ်မည်ဆိုသည်ကို သဘောပေါက်ကြသည်။ ထို့ကြောင့် ကြိုဆိုမှုက အနည်းငယ် စနိုးစနောင့်ဖြစ်နေသည်။ ကျွန်မက မြက်ခင်းပေါ်တွင် မတ်တတ်ရပ်ကာ သမ္မတဘွတ်ရှ်နှင့် သမ္မတကတော်တို့ ကားပေါ်မှဆင်း၍ ထရူးမင်းဆင်ဝင်သို့ သွားသည်ကို ကြည့်နေသည်။ သူ့အတွက် ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ပေးသူများကို တစ်ဦးချင်းလိုက်၍ ကျေးဇူးတင်စကား ပြောသည်။ ပျော်စရာတေးသံများ၊ အားပေးစကားသံများ ရှိသော်ငြားလည်း လူများ၏ အသွင်အပြင်က ပူဆွေးနေသည်။ နောက်ပိုင်းတွင် 'ဂျော့ဘွတ်ရှ်'က 'ဘာဘရာ'ကိုပွေ့ဖက်ကာ လူအုပ်ကိုလက်ပြသည်။ သူ့မျက်လုံးက မျက်ရည်များဖြင့် ပြည့်နေသည်။ ဆေးအဖွဲ့က နောက်ပိုင်း ရက်သတ္တပတ် အနည်းငယ် ကြာသည်တိုင်အောင်ပင် သူတို့ကို သမ္မတအသစ်နှင့် မိသားစုက ဘယ်လိုလက်ခံမည် ဆိုသည့်အကြောင်းကို မသိချေ။ သမ္မတအသစ်သည် စစ်တပ်ကို မနှစ်သက်ဟူသော ကောလာဟလများ ကြားထားသည်။ စစ်အိမ်ဖြူ တော်ဆေးအဖွဲ့ကို Arkensas မှ အရပ်သားဆေးအဖွဲ့နှင့် အစားထိုးမည်ဟုလည်း ကြားထားသည်။ အိမ်ဖြူတော်တွင် ဆရာဝန်နှင့်သူနာပြုများသည် အလုပ်ပြုတ်ကာ တခြားစစ်ဖက်ဌာနတွင် ပြန်လည် ခန့်ထားခံရမည့် အရေးကို ထိတ်လန့်နေကြ သည်။ ပို၍ဆိုးသည်ကတော့ အိမ်ဖြူတော် စစ်တပ်ဝန်ထမ်းများအထဲတွင် ဆေးအဖွဲ့ကိုချစ်၍ ဦးစားပေးသော သမ္မတနှင့် သမ္မတမိသားစုကို ဆုံးရှုံးခြင်းပင် ဖြစ်၏။ ကျွန်မတို့အတွက် မျှော်လင့်ချက်ရှိမည့်ပုံ မပေါ်ချေ။

'ကလင်တန်'အား ကြိုဆိုမိတ်ဆက်ပွဲ အခမ်းအနား နီးကပ်လာသောအခါ အိမ်ဖြူတော်တွင် ကောလာဟလများ ပွက်လောရိုက်လာသည်။ ရွေးကောက်ပွဲ၏ ရလဒ်ကို မကျေနပ်မှုက ဆေးအဖွဲ့ထဲတွင် လောင်မြိုက်နေသည်။ တစ်ခါတစ်ခါတွင် တက်လာမည့်အစိုးရကို ပြောင်ဝေဖန်မှုများပင် ဖြစ်လာသည်။ ရေတပ်ဆေးအရာရှိ တစ်ယောက်အနေနှင့် ကျွန်မသည် မည်သည့်အခါမျှ လူနာကို မရွေးချယ်ပါ။ ကျွန်မကို တာဝန်ချထားသည်သာ ဖြစ်သည်။ သူနာပြုများက သမ္မတသစ်ကို ပြုစုစောင့်ရှောက်ရန် ငြင်းဆိုပြီး သမ္မတသစ် ကြိုဆိုဧည့်ခံပွဲမတိုင်မီ တာဝန်အသစ်ပေးရန်ကိုပင် တောင်းဆိုလာကြသည်။ ဤကိစ္စတွင် အမေရိကန်ပြည်သူများက ဘေလ်ကလင်တန်ကို သမ္မတအသစ်အဖြစ် ရွေးချယ်ပေးလိုက်ပါသည်။ ရီပတ်ဘလီကန်ဖြစ်စေ၊ ဒီမိုကရက်ဖြစ်စေ၊ စာနယ်ဇင်းကပင်ဖြစ်စေ လူနာသည် လူနာသာဖြစ်သည်။ ထိုသို့ဖြစ်လင့်ကစား ဆေးအဖွဲ့ရှိ ကျွန်မ မိတ်ဆွေရောင်းရင်းများက ကျွန်မမြင်သလို မမြင်နိုင်ကြပါပေ။

၁၉၉၃၊ ဇန်နဝါရီလ၊ ၁၉ ရက်နေ့ ဘွတ်ရှ်အစိုးရ၏ နောက်ဆုံးနေ့တစ်နေ့လုံး ဗိုလ်မှူးလာရီမိုး (Colonel

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



Rarry Mohr)က Old Executive Office Building တွင် ဆေးအဖွဲ့ကိုခေါ်ယူ၍ စုံညီစုဝေးစေသည်။ ဤသည်မှာ သမ္မတသစ်မရောက်မီ နောက်ဆုံးတွေ့ဆုံမှု ဖြစ်သည်။ 'လာရီ'မှာ အိမ်ဖြူတော်ရှိ အကြီးတန်း စစ်ဘက်သမားတော်ဖြစ်ပြီး အုပ်ချုပ်မှုဆိုင်ရာအဖွဲ့၏ လုပ်ဆောင်မှုအတွက် တာဝန်ရှိသည်။ 'လာရီ'က ကျွန်မတို့ကိုခေါ်၍ တက်လာမည့်အစိုးရနှင့် ပတ်သက်၍ နောက်ဆုံးသတင်းကို ပြောသည်။ မြင့်မားသော မျက်နှာကြက်နှင့် ဖုန်တက်ဟောင်းနွမ်းသော အပြာရောင်ကော်ဇော ခင်းထားသည့် အခန်းထောင့်၏ စားပွဲထိပ်တွင် သူ ထိုင်နေသည်။ သူပြောသော နောက်ဆုံးသတင်းတွင် အရေးတကြီးကိစ္စ အရာတစ်ခုမျှမပါပေ။ အဲသည်နောက် သူက သူ့နေရာတွင် အစားထိုး ဝင်ရောက်လာမည့် စစ်တပ်ဗိုလ်မှူး ဘော့ရမ်ဆေး (Colonel Bob Ransey)နှင့် မိတ်ဆက်ပေးသည်။ 'လာရီ'က အစည်းအဝေးကို ဦးဆောင်ပြောနေစဉ် သူက ငြိမ်ငြိမ်ထိုင်နေသည်။ ဘော့က ကျွန်မတို့ကဲ့သို့ပင် ပျင်းရိနေပုံပေါ်သည်။ ဆေးအဖွဲ့၏ ဝန်ဆောင်မှုနှင့် ပတ်သက်၍ သမ္မတနှင့်မိသားစုကို သူ ရှင်းလင်းပြောပြမည်ဟု 'လာရီ'က ကြေညာသည်။ သူက ဤနေရာတွင် တာဝန်မထမ်းဆောင်လျှင် 'ရမ်ဆေး'က ထိုတာဝန်ကို ယူမည်။ ဆေးအဖွဲ့ ပတ်သက်၍ သမ္မတမိသားစုကို ပြောရမည့် အဓိကအချက်များကို 'လာရီ'က ကျွန်မတို့ကို ပြောပြထားရန် ကျွန်မက အကြံပြုသည်။ အကယ်၍ ကျွန်မအထဲမှ တစ်ယောက်ယောက်က သမ္မတသစ်၊ သို့မဟုတ် သူ့မိသားစုနှင့်တွေ့လျှင် ပြောပြနိုင်ရန် ဖြစ်သည်။ 'လာရီ'က သဘောမတူပေ။ သမ္မတနှင့် သူ၏မိသားစုကို ရှင်းပြရန်မှာ သူ့အလုပ်၊ သို့မဟုတ် 'ဘော့ရမ်ဆေး'၏ အလုပ်ဟူ၍ ခံယူထားသည်။

အစည်းအဝေးကို အရေးတကြီး ဖုန်းခေါ်သံက နှောင့်ယှက်လိုက်သည်။ သမ္မတမိသားစုနေထိုင်ရာ ဆရာဝန်၏ [illegible]ဖုန်းဖြစ်သည်။ ဒေါက်တာလီ၏အတွင်းရေးမှူး Debbie Sudduth က ခေါ်ခြင်းဖြစ်သည်။ ဆရာဝန်က သမ္မတကတော် ဘာဘရာဘွတ်(ရှ်)ကို ပြုစုနေသည်။ သမ္မတကတော် ချော်လဲ၍ လက်မောင်းကွဲရှသွားသည်။ ချုပ်ဖို့လိုအပ်သည်ဟု အကြောင်းကြားသည်။ ကျွန်မတို့အထဲမှ ဘယ်သူသမ္မတကတော်၏ ဒဏ်ရာကို ချုပ်ပေးနိုင်မည်လဲဟု မေးသည်။

ကျွန်မက လက်ထောင်ပြလိုက်သည်။

'ဒဏ်ရာကို ချုပ်တဲ့အလုပ်ကို ကျွန်မ အများကြီးလုပ်ဖူးပါတယ်။ ထုံးစံအတိုင်း အရက်မူးနေတဲ့ သင်္ဘောသားတွေ [illegible]ပါ။ သမ္မတကတော်ကို ချုပ်ရတာက လွယ်ကူလိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်'

'လာရီ'က ကျွန်မကို အစည်းအဝေးမှ ထွက်သွားခွင့် ပေးလိုက်သည်။ ကျွန်မ အကြီးအကျယ် သက်သာရာ ရသွားသည်။ စစ်တပ်မှ ပီအေ (PA)တွန်မီလီကင် (Milikin)က သူ့သဘောနှင့် သူ လိုက်လာသည်။ သူ့ကိုအရိုးအကြောဆိုင်ရာ ရောဂါများအတွက် အထူးလေ့ကျင့်ထားသည်။ ဆရာဝန်၏ရုံးခန်းသို့ ကျွန်မတို့ရောက်သောအခါ 'ဘာဘရာ'က အနက်ရောင် [illegible]ဆင်ထားလျက် စမ်းသပ်သောခုံပေါ်တွင် ထိုင်နေသည်။ သူမ၏ လက်မောင်းပေါ်ရှိ ဒဏ်ရာမှာ အနီရောင်သွေးများကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မြင်ရသည်။ သူမနေထိုင်ရာ အခန်းထဲရှိ စိုရွှဲနေသောကြမ်းပြင်ပေါ်တွင် ချော်လဲပြီး စားပွဲအစွန်းနှင့် တိုက်မိခြင်း ဖြစ်သည်။

"ဒီပြဿနာနဲ့ ဒုက္ခပေးမိတာ စိတ်မကောင်းပါဘူး ဒေါက်တာ" သူမက တောင်းပန်သည်။

"ကျွန်မလည်း စိတ်မကောင်းပါဘူး မစ္စဘွတ်ရှ်။ အိမ်ဖြူတော်နောက်ဆုံးနေ့မှာ သမ္မတကတော် ဒီလိုဖြစ်ရမှာ မဟုတ်ပါဘူး" ကျွန်မကပြုံး၍ သူမ၏လက်မောင်းကို စမ်းကြည့်သည်။

ရေတပ်အဖွဲ့အကြီးအမှူး မေရီအန်းချန်ဒလာ (Mary Ann Chandler)ကလည်း ကျွန်မကိုဝင်ကူသည်။ ခွဲစိတ်ပစ္စည်းသေတ္တာကို ကျွန်မက ဖွင့်ခိုင်းလိုက်ပြီး လင်ပန်းကို စားပွဲ၏ဘေးတွင် ထားလိုက်သည်။ မစ္စဘွတ်ရှ်ကို စမ်းသပ်ကုလားထိုင်ကိုမှီ၍ထိုင်ရန် ကျွန်မပြောသည်။ ပိုးသတ်ဆေးဖျန်းထားသည့် လက်အိတ်ကိုဝတ်၍ ဒဏ်ရာကို ကျွန်မစမ်းသပ်သည်။ ဒဏ်ရာကနက်သည်။ သို့သော် ကံကောင်းထောက်မစွာပင် သွေးကြောမြင်များနှင့် ကြွက်သားကိုမထိပေ။ ချုပ်ရန်လိုအပ်သည်။ ကျွန်မက လူနာကို လုပ်ဖို့လိုအပ်သည့် ကိစ္စကို ရှင်းပြသည်။ သူမက သဘောတူသည်။

ထုံဆေးလိမ်း၊ အနာကို သန့်ရှင်းပြီးနောက် ကျွန်မ ဒဏ်ရာကိုချုပ်သည်။ 'ဘတ်လီ'က သမ္မတဘွတ်ရှ်၊ သူ၏ ဓာတ်ပုံဆရာ (Dave Valdeg)နှင့်အတူ ဝင်လာသည်။ ချုပ်ပြီးသွားသောအခါ ကျွန်မက 'တွန်'ကို ဒဏ်ရာအား ဆေးထည့်ဖို့ ပြောလိုက်သည်။ ဒေ့ဗ် (Dave)က အဖြစ်အပျက်ကို ဓာတ်ပုံရိုက်သည်။ ဓာတ်ပုံများထဲတွင် 'ဘတ်'က မစ္စဘွတ်ရှ်၏ လက်ကိုကိုင်လျက် အဓိကနေရာများကို လွှမ်းမိုးထားသည်။ ထို့နောက် 'ဘတ်'က သမ္မတကို ပြောလိုက်သည်။

'တွန်'က ဒဏ်ရာကို တောတော်ဂရုတစိုက် လုပ်လိုက်ပါတယ်'

'တွန်'က ကျွန်မကိုကြည့်သည်။ သို့သော် ကျွန်မက ခေါင်းခါပြလိုက်သည်။ နာမည်ကောင်းယူဖို့ထက် လူနာကို ကုသဖို့က ပို၍အရေးကြီးပါသည်။

သူတို့၏ နောက်ဆုံးနေ့တွင် ကျွန်မက သမ္မတနှင့် သမ္မတကတော်ကို နှုတ်ဆက်စကား ပြောလိုက်ချင်သည်။ သို့သော် ကျွန်မတို့ ပြီးစီးသောအချိန်တွင် နှုတ်ဆက်စကား မပြောနိုင်လောက်အောင် အခန်းထဲတွင် လူတွေက တစ်အားများလာသည်။ ကျွန်မက အခန်းထဲမှ တိတ်တဆိတ် ထွက်ခွာသွားသည်။ အခန်းထဲတွင် လူနာကို သူနာပြုများ၊ ဆေးဝန်ထမ်းများနှင့် 'ဘတ်လီ'တို့က ဝိုင်းအုံနေကြသည်။

ညနေငါးနာရီခွဲသွားပြီ။ အိုအီးအိုဘီ (OEOB)အဆောက်အအုံထဲသို့ ကျွန်မအင်္ကျီနှင့် လက်ဆွဲအိတ်ယူရန်သွားသည်။ ထိုနေ့က ကြိုဆိုနှုတ်ဆက်ရေး အခမ်းအနားပြင်ဆင်မှုကြောင့် ကားရပ်သည့်နေရာ မရနိုင်သည့်နှင့် အိမ်ဖြူတော်ဝင်းထဲသို့ ကျွန်မ ကားမောင်း မလာခဲ့ပေ။ မြေအောက်မီးရထားကိုသာ စီးလာခဲ့သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



၁၇လမ်းနှင့် မျက်နှာချင်းဆိုင် အိုအီးအိုဘီ (OEOB)အဆောက်အအုံမှ ထွက်လာကာ နောက်တစ်နေ့ ကြိုဆိုညည့်ခံပွဲအတွက် ရောက်လာကြသော လူများဖြင့်ပြည့်နေသော လမ်းတစ်လျှောက် ကျွန်မ လမ်းလျှောက်သွားသည်။ လေကအေး၍ ထန်နေသည်။ ကျွန်မ နှလုံးသားကလည်း ထို့အတူ ခံစားရသည်။ ကျွန်မ၏လူနာဟောင်း သမ္မတမိသားစုနှင့် ခွဲခွာ၍ နောက်သမ္မတအသစ်နှင့် ဆက်ဆံရတော့မည် ဖြစ်သောကြောင့် အေးစက်စက်ဖြစ်နေသည်။ သမ္မတအသစ်က ကျွန်မတို့ကို ထိုနေရာတွင် ရှိစေချင်မှ ရှိစေချင်မည်။ အိမ်ဖြူတော်ဆေးအဖွဲ့အတွက် ကျွန်မလုပ်ခဲ့သော အရာအတွက် 'ဘတ်'နှင့် ''လာရီ''က ကျေးဇူးမတင်၊ အသိအမှတ်မပြုမှုကို ခံစားရသောကြောင့် ကျွန်မ နာကြည်းမိသည်။

၁၇လမ်း အချက်ပြမီးနှင့် ပင်ဆင်လ်ဗင်နီးယားလမ်းသို့ ရောက်သောအခါ ရဲတပ်ဖွဲ့ ဥသြဆွဲသံကို ကြားရသည်။ လမ်းထောင့်တွင်ရပ်၍ မော်တော်ယာဉ်တန်း ဖြတ်သွားသည်ကို ကျွန်မ သတိထားကြည့်သည်။ ဤမော်တော်ယာဉ်တန်းသည် သမ္မတဘွတ်ရှ်၏ မော်တော်ယာဉ်တန်း မဟုတ်သည်ကို ကျွန်မသိသည်။ ဘွတ်ရှ်နှင့် သူ့မိသားစုက ထိုအိမ်တော်ဝင်းထဲတွင် ထိုနေ့ညနေသာ နေဖို့ရှိတော့သည်။ မော်တော်ယာဉ်များက Blair House မှနေ၍ အိမ်ဖြူတော်က လမ်းကိုဖြတ်လျှက်လာနေကြသည်။ ကားများဖြတ်သည်ကို ကြည့်ရန် ကျွန်မရပ်လိုက်သည်တွင် ရှေ့ဆုံးမှ ရဲကား၊ နောက်မှ လျှို့ဝှက်လုံခြုံရေးကား ဆူဘာဘင်(Suberban)၊ ထိုကား၏နောက်မှ အလံနှင့် သမ္မတတံဆိပ်မပါ၊ မည်သည့်အမှတ်အသားမျှ လုပ်မထားသော လင်မိုဆင်း (Limousine)ကားကြီးတစ်စင်းကို ကျွန်မ မြင်ရသည်။ ကားထဲ၌ အရောင်သွင်းထားသော ကျည်ကာမှန်၏ နောက်တွင် ပခုံးထက်ဝဲကျနေသော ရွှေရောင်ဆံပင်နှင့် အမျိုးသမီးတစ်ယောက်၏ ပုံရိပ်ခပ်ဝါးဝါးက ကျွန်မ၏ ရှေ့တည့်တည့်တွင် ရှိနေသည်။ ထို့နောက် ကျွန်မ တစ်ခါမှမလုပ်ဖူးသော အရာတစ်ခုကို ကျွန်မ လုပ်လိုက်မိသည်။ ကျွန်မ လက်ပြလိုက်သည်။ ဖြတ်သွားသောကားမှနေ၍ 'ဟီလာရီရောဒ်ဟန် ကလင်တန်'က ကျွန်မကို ပြန်၍လက်ပြသည်။

■

၁၉၉၃၊ ဇန်နဝါရီလ ၂၀ရက်နေ့တွင် 'ဘေလ်'၊ 'ဟီလာရီ'နှင့် 'ချဲလ်ဆီးကလင်တန်'တို့ အိမ်ဖြူတော်သို့ ပြောင်းရွှေ့လာသောအခါ သူတို့သည် စစ်ဆရာဝန်များ၊ သူနာပြုများ၊ လက်ထောက်သမားတော်များ သူတို့ကို စောင့်ရှောက်ရန် တာဝန်ချထားသော ဆေးတပ်အဖွဲ့ စသည် တစ်ရှာလုံးကို အမွေရလိုက်ကြောင်း သူတို့မသိပေ။ သို့သော် ဤရှာရှိ အသခံအများစုသည် ဆက်မနေချင်သော ရီပတ်ဘလီကန်များဖြစ်သည်ကို သူတို့မသိပေ။ ထိုသူများထဲမှ အနည်းဆုံး တစ်ယောက်သောသူက အရင်သမ္မတဟောင်းကို ဝန်ဆောင်မှုပေးသလို၊ သမ္မတသစ်ကို ဝန်ဆောင်မှုပေးရမည်ကို စိုးရွံ့နေ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သည်ကိုလည်း သူတို့မသိပေ။

'ကျွန်မတို့နဲ့ပတ်သက်လို့ သူတို့ ဘာကြောင့် မမေးကြတာလဲ'

ကလင်တန် ကြိုဆိုဧည့်ခံပွဲပြီးနောက် တတိယမြောက်နေ့တွင် ဆေးအဖွဲ့သူနာပြုများထဲက တစ်ယောက်က ကျွန်မကိုမေးသည်။ ဤရေတပ်ဒုဗိုလ်လေးနှင့် ကျွန်မသည် မြေညီထပ်၊ ဆရာဝန်၏ ရုံးခန်း 'ဘတ်လီ' (Burt Lee)၏ ပထမနေ့ဖြစ်သည်။ ထိုနေ့တွင် သူ ဘာလုပ်ချင်မှန်း ကျွန်မတို့မသိပေ။

'ဗိုလ်မှူးက ဆေးအဖွဲ့နဲ့ပတ်သက်လို့ သမ္မတကို ရှင်းပြဖို့ ကြိုးစားနေတယ်' 'ခုအထိ ကျွန်မတို့နဲ့ ပတ်သက်လို့ မေးမြန်းရအောင် ဘယ်သူကမှ မခေါ်သေးဘူး'

သူမက ထပ်ပြောလိုက်သည်။

'ဆေးအဖွဲ့ ရှေးဦးလေ့လာရေးက သူတို့စာရင်းရဲ့ ထိပ်ဆုံးမှာမရှိဘူးလို့ ငါခံစားရတယ်' ကျွန်မက ခပ်ပြတ်ပြတ် ပြောလိုက်သည်။ သူမ၏အသံထဲတွင် ညည်းတွားသော လေသံပါနေသည်ကို ရိပ်စားမိပြီး ကျွန်မ အနှောင့်အယှက် ဖြစ်သွားသောကြောင့် ထိုသို့ ပြောလိုက်ခြင်း ဖြစ်သည်။

'ကိုယ့်အလုပ်ကိုပဲ လုပ်ကြရအောင်။ ဆေးအဖွဲ့ရဲ့အကြောင်း သူတို့သိချင်ရင် ငါတို့ကို မေးလိမ့်မယ်'

'ဒီနည်းမျိုးလုပ်တာ မဟုတ်ဘူး' သူနာပြုက ကျွန်မပြောတာကို ကန့်ကွက်သည်။

'အဲဒီလို နောက်ထပ် ဘယ်တော့မှ မပြောပါနဲ့' ကျွန်မ အငယ်တန်းအရာရှိကို အပြစ်တင်လိုက်သည်။

'ဒီအစိုးရအသစ်က ငါတို့ 'ဒီနည်း'အမြဲတမ်းလုပ်နေကျဆိုတာကို ကြားချင်တာမဟုတ်ဘူး။ ငါတို့ဟာ တခြား တစ်ယောက်ကို ပြုစုခဲ့တယ်ဆိုတာ သတိထားပါ။ အဲဒီ တခြားလူဆိုတာက သမ္မတဟောင်း။ ကလင်တန်ရဲ့ လူတွေက 'ဘွတ်ရှ်'ဘယ်လိုလုပ်ခဲ့တယ်ဆိုတာနဲ့ ပတ်သက်လို့ မကြားချင်ဘူး။ လုပ်စရာတွေကို သူတို့နည်းသူတို့ဟန်နဲ့ လုပ်ချင်ကြ တယ်ဆိုတာ ငါသေသေချာချာ သိတယ်။

သည်နေ့အဖို့ အစပိုင်းမကောင်းပါပေ။ တာဝန်ကျသူနာပြုကို ကျွန်မ ပြစ်တင်ကြိမ်းမောင်းလိုက်သည်။ အ ကျွန်မတို့ စိတ်လက်မသက်မသာနှင့် ငြိမ်ငြိမ်ထိုင်နေကြသည်။ ကျွန်မတို့ ဘွတ်ရှ်မိသားစုကို အောက်မေ့တမ်းတသည် ကလင်တန်အစိုးရသစ်နှင့် အလုပ်ပြုတ်မှာ ကြောက်သည်။ သမ္မတက သည်နေ့ဘာလုပ်ချင်မှန်း မသိပေ။ ယခုဆိုလျှင် ဒီမိုကရက်များ ကျူးကျော်ဝင်ရောက်လာသော အိမ်ဖြူတော်ဝင်းသို့ နံနက် ၆ နာရီတွင် ကျွန်မ ရောက်လာခဲ့သည် အိမ်ဖြူတော်ဝင်းထဲသို့ ကျွန်မ လမ်းလျှောက်ဝင်ရောက်စဉ် တက်ကြွထက်သန်၍ ငယ်ရွယ်သော အိမ်ဖြူတော်ဝန်ထမ်း တော်တော်များများက ကျွန်မကို နွေးနွေးထွေးထွေး နှုတ်ဆက်ကြသောအခါ ကျွန်မက ပြန်ပြုံးပြသည်။ သူတို့အများစု

www.burmeseclassic.com

www.burmeseclassic.com



အသားညှိကြသည်။ ကျွန်မကိုလည်း သူတို့ထဲက တစ်ယောက်ဟု ထင်ကောင်းထင်မည်။

'ဒေါက်တာ၊ ခင်ဗျားက သူတို့ထဲက တစ်ယောက်နဲ့တူတယ်' ဘွတ်ရှ်အစိုးရ ထွက်ခွာခါနီးနေ့များတွင် အိမ်ဖြူတော်အကြီးတန်း PA တစ်ယောက် ကျွန်မကို ထိုသို့မှတ်ချက်ချသည်။ အိမ်ဖြူတော်ကို သိမ်းပိုက်တော့မည် ဖြစ်သည်။ ဒီမိုကရက်များထဲက တစ်ယောက်ကို ဆိုလိုခြင်း ဖြစ်သည်။ တကယ်တော့ ကျွန်မကလည်း သူတို့ထဲက တစ်ယောက်ဖြစ်ချင်ပါသည်ဟု ကျွန်မ တွေးမိသည်။

ယခင်အစိုးရအဖွဲ့နှင့် ပတ်သက်သော အရာမှန်သမျှသည် ယေဘုယျအားဖြင့် သံသယရှိစရာ ဖြစ်သည်။ သင်သည် အာဏာရှိသော ပုဂ္ဂိုလ်ဖြစ်လျှင် သင်သည် မည်သူ့အပေါ်တွင် သစ္စာရှိသည်ဆိုမည်ကို သမ္မတသစ်၏လူများက ဆုံးဖြတ်စားလိမ့်မည်။ စစ်ဘက်ဝန်ထမ်းဖြစ်လျှင်တော့ ကျွန်မတို့သည် နိုင်ငံရေးနှင့် ဘာမှမပတ်သက်ဘဲ နိုင်ငံရေးအသွေးအရောင်ကို ဂရုမထားလျက် သမ္မတကို အမှုထမ်းနေသော ဝန်ထမ်းများသာ ဖြစ်သည်။ သို့သော် သမ္မတအသစ်တစ်ဦးစီကိုလိုက်၍ အိမ်ဖြူတော်သည် အသစ်ပြန်စရသည်။ တစ်ခါတစ်ရံ ထိုအသစ်ပြန်စမှုသည် စစ်ဘက်ဝန်ထမ်းများကိုလည်း ရိုက်ခတ်သွားတတ်သည်။

သူနာပြုနှင့် ကျွန်မက ထိုနေ့သမ္မတ ဘာစီစဉ်ထားသည်ကိုသိရန် လျှို့ဝှက်လုံခြုံရေးရေဒီယိုကို နားထောင်ရင်း ငြိမ်သက်စွာ ထိုင်နေကြသည်။ ကျွန်မတို့ တောင်းတသောအဖြေက ရေဒီယိုကနေ ထွက်လာသည်။

'လင်းယုန်က လျှောက်လမ်းပေါ်မှာ ပြေးချင်တယ်'

လုပ်ငန်းစဉ်ကို ကျွန်မတို့သိသည်။ လျှို့ဝှက်လုံခြုံရေးကားများက တောင်ဘက်မြက်ခင်း ကားလမ်းပေါ်တွင် ရပ်ထားမည်။ အရေးပေါ် လူနာတင်ယာဉ်၊ ထောက်ပံ့ရေးနှင့် စာနယ်ဇင်းကားများလည်း ပါမည်။ ဗင်(Van)ကားကလည်း ခေါ်မည်။ တာဝန်ကျသူနာပြုနှင့် ဆေးပစ္စည်းများပါမည်။ အစီအစဉ်က သမ္မတပြေးရာနောက်သို့ လိုက်ရန်ဖြစ်သည်။ သို့သော် အပေါ်ထပ် သမ္မတသစ် နေထိုင်ရာမှ ဘာသတင်းမှမရဘဲ ကျွန်မတို့ နာရီပေါင်းများစွာ စောင့်နေကြသည်။ ဖိုင်နိုင် အိမ်ဖြူတော်အကူများသည်ပင်လျှင် သတင်းကွင်းဆက်၏ ပြင်ပတွင်ရောက်နေသည်။ အိမ်ဖြူတော်အကူများသည် အိမ်ဖြူတော်မိသားစုအသစ်က သူတို့ကို ဘယ်သူတွေမှန်းမသိ၊ သူတို့ ဘာလုပ်နေမှန်း မသိသော်လည်း အိမ်ဖြူတော်မိသားစု သွားသည့် လမ်းကြောင်းပေါ်တွင် ရှိနေကာ သူတို့ကို မမြင်နိုင်အောင် ကြိုးစားကြသည်။

ဖြတ်သန်းသွားသော သုံးရက်တာက မွန်းကျပ်သည်။ ဆေးအဖွဲ့အတွက် ကနဦးလေ့လာခြင်းလည်း မဟုတ်ဘဲ ရှုပ်ထွေးနေသည်။ ပထမနေ့က West Executive လမ်းမကြီးပေါ် ရပ်ထားသောကားများတွင် Bush-Qyaule 'စတစ်ကာ'များ ကပ်ထားပြီး နောက်နေ့ကျတော့ ကားများပေါ်တွင် Clinton-Gore 'စတစ်ကာ'များနှင့် သတင်းစာတပ်ပုံများ

the bookhouse we bring you future
www.burmeseclassic.com

www.burmeseclassic.com



ကို Usher's Office က ထုံးစံအတိုင်း ဖြုတ်ပစ်လိုက်ကြသည်။ ယင်းပုံများကို သမ္မတအသစ်၏ ပုံများနှင့် အစားထိုးလိုက်ပြီး ပြောင်းနိုင်ရာများပေါ်တွင် ဒုသမ္မတ၏ပုံကို ချိတ်ဆွဲထားသည်။ ကျန်သောနေရာများကို ကလင်တန် ကြိုဆိုဌေ့ခံရေးမှ သတင်းဓာတ်ပုံများဖြင့် နေရာအပြည့် ဖြည့်လိုက်သည်။

'လင်းယုန်၊ မြေညီထပ်၊ ကားတွေဆီကို သွားနေ…' ရေဒီယိုမှ အသံပေါ်လာသည်။ သူနာပြုနှင့် ကျွန်မက အမြန်ထ၊ အိတ်များနှင့် အရေးပေါ် နှလုံးခုန်နှုန်းတိုင်း ကိရိယာကိုဆွဲကာ ခန်းမလမ်းထဲသို့ သွားသည်။ 'ဘေလ်ကလင်တန်' က လမ်းလျှောက်ဘောင်းဘီကို ဝတ်လျက် စက်လှေကားမှဆင်းလာသည်။ သူ့ကို သည်လောက် အနီးကပ်မြင်ဖူးသည်မှာ ဒါပထမဆုံး အကြိမ်ဖြစ်သည်။ သူက အရပ်ရှည်ရှည်၊ အသားလတ်လတ် နှပျိုသည်။ ဆံပင်အနက်ရောင် လှိုင်းတွန့်နှင့်ဖြစ်သည်။ သူ့ကိုကြည့်ရသည်မှာ ပင်ပန်းနေပုံပေါ်လျက် ဤကဲ့သို့အေးမြသော ဇန်နဝါရီနံနက်ခင်းတွင် ပြေးခြင်းကို မလုပ်ချင်သလို စိတ်စောနေပုံရသည်။ အရပ်ရှည်ရှည်၊ ကလေးရုပ်သွင်ပေါက်နေသော ဝန်ထမ်းတစ်ဦးက သူ့ဘေးတွင်ရပ်လျက် သူ့ကို တောင်ဘက်မြက်ခင်းသို့ သွားသောအခါ ထိုသူက သမ္မတနှင့်အတူ လမ်းလျှောက်သွားသည်။

ဘယ်အချိန်အထိ စောင့်ရမည်မှန်းမသိဘဲ စောင့်ပြီးမှ ဖြန်းခနဲကားဆီသို့ အပြေးအလွှား သွားကြပြန်သည်။ ယင်းမှာ အိမ်ဖြူတော်၏ ဖြစ်ရိုးဖြစ်စဉ် သဘာဝဖြစ်သည်။ စက္ကန့်အနည်းငယ်အတွင်း မော်တော်ယာဉ်တန်းက အိမ်ဖြူတော် ဝင်းကိုဖြတ်လျက် လျှောက်လမ်းဆီသို့ ထွက်သွားကြသည်။ ထိုနေရာတွင် သမ္မတက ကားမှဆင်းကာ လျှို့ဝှက်လုံခြုံရေး အဖွဲ့များ ဝဲယာနောက်ဘက်တွင် ခြံရံလျက် လမ်းစလျှောက်တော့သည်။သူနာပြုနှင့်ကျွန်မက သူ့ကိုကြည့်ရင်း ကားထဲမှာ ထိုင်နေသည်။ သူက လမ်းပေါ်ရှိလူများကို လက်ပြနှုတ်ဆက်သည်။ ထိုလူများက သူ လမ်းလျှောက်နေသည်ကို ကြည့်ရတာ အံ့သြနေကြသည်။ လူများနှင့် တွေ့ဆုံရတာ သူ ပျော်ရွှင်နှစ်သက်သော လူတစ်ယောက်ဖြစ်သည်။ ဘေလ်ကလင်တန်နှင့် ပတ်သက်၍ ကျွန်မ၏ လေ့လာသင်ကြားရေးက စတင်ပါတော့သည်။

သမ္မတ၏ လမ်းလျှောက်ခြင်းက မိနစ်သုံးဆယ်အတွင်း ပြီးသွားသည်။ သူက လမ်းပေါ်ရှိ ခုံရှည်တစ်ခုတွင် ခြေဆန့်လက်ဆန့် လုပ်သည်။ ထိုအချိန်တွင် သူ၏လျှို့ဝှက်လုံခြုံရေးအဖွဲ့က ဖြတ်သန်းသွားနေသော လူများကိုကြည့်ရင်း သူ့ကိုဝိုင်းထားကြသည်။ အိမ်ဖြူတော်အကူတစ်ယောက်က သမ္မတဆီသို့သွားကာ မျက်နှာသုတ်ပဝါနှင့် ရေပုလင်းပေးသည်။ သမ္မတက ထိုအပြုအမူကို အံ့အားသင့်သွားပြီး အကူကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ နာမည်ကို မေးသည်။ ပခုံးကို ကိုင်သည်။ သူနာပြုနှင့်ကျွန်မက ကားထဲမှာထိုင်ရင်း သူ့ကိုကြည့်နေသည်။

'ကျွန်မတို့ကားထဲမှာ ထိုင်နေတာကို သူ မသိဘူး' သူမက ဆွေးဆွေးမြည့်မြည့် ပြောသည်။

'ဟေး…၊ စစ်ရုံးကပြောတာကို သတိရပါ။ မမြင်အောင်နေပါ။ ငါတို့ဟာ မမြင်နိုင်တဲ့ သူနာပြုနဲ့ဆရာဝန်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက သူ၏လက်မောင်းကိုဖျစ်လျက် အသေအချာပြောလိုက်သည်။ သူမက အားတုံ့အားနာ ပြန်ပြုံးပြသည်။

ထိုနေ့နောက်ပိုင်းထိ ကလင်တန်ကို ကျွန်မ မတွေ့ရတော့ချေ။ ဖြစ်ချင်တော့ ရုံးခန်းထဲတွင် လူနာအနည်းငယ်ကို ကြည့်ရှုကာ အလုပ်များတော့သည်။ လူနာများထဲတွင် ပထမအမျိုးသမီး (သမ္မတကတော်)၏ မိသားစုလည်း ပါသည်။ သမ္မတကတော်၏ဖခင်သည် သမ္မတသစ်ညွှန့်ခံကြိုဆိုပွဲသို့ လာရင်းဖျားသည်။ ဟတ်ဂ်ရော့ဒ်ဟမ်အကြီး (Hugh Rodhan Sr.)သည် ဆေးကုသမှုရာဇဝင် တသီတတန်းကြီးရှိသည့် ပျော်ပျော်ရွှင်ရွှင်နေတတ်သော စိတ်တိုတတ်သည့် ရေးလူကြီး ဖြစ်သည်။ သွေးစစ်ပြီးသောအခါ သူ့ကိုသောက်ရန် ပေးထားသောဆေးများကို အနည်းငယ် ပြောင်းရမည်။ ဆေး၏ပြင်းအား [illegible] ပြန်ချိန်ဆပေးရမည် ဖြစ်ကြောင်း ကျွန်မတွေ့ရသည်။ သူ့ကျန်းမာရေးက ကောင်းသွားမည်။ သို့သော် ကျွန်မက သူ့ အခြေအနေကို သူ့သမီးအား ရှင်းပြပေးပါဟု သူက တောင်းဆိုသည်။

သူ့သမီး။ အမေရိကန်ပြည်ထောင်စု၏ ပထမအမျိုးသမီး၊ 'ဟီလာရီ ရော့ဒ်ဟန် ကလင်တန်'။

သမ္မတ ကြိုဆိုနှုတ်ဆက်ပွဲမတိုင်မီ ကားထဲရှိသူမကို ခဏတာလေး လက်ပြနှုတ်ဆက်လိုက်သည်မှတစ်ပါး [illegible] သည် သမ္မတကတော်နှင့် လုံးဝအဆက်အသွယ်မရှိချေ။ တကယ်တော့ သမ္မတမိသားစု အိမ်ဖြူတော်ကို ရောက်က [illegible] မည်သည့်ဆေးအဖွဲ့ဝန်ထမ်းမှ သမ္မတကတော်၊ သို့မဟုတ် သမ္မတနှင့် တိုက်ရိုက်ဆက်သွယ်မှု မရှိပေ။ ဆေးအဖွဲ့၏ [illegible]နှစ်ယောက်က သမ္မတကို သူရှင်းပြမည်၊ ငါရှင်းပြမည်ဟု ငြင်းခုံခဲ့ကြသည်။ အခုတစ်ဖန် အိမ်ဖြူတော် စစ်ရုံးတာဝန်ခံ [illegible]ကပ္ပတိန်က သူ ရှင်းပြမည်ဟု ပြန်ပြောသည်။ သို့သော် မည်သည့်ပုဂ္ဂိုလ် ကြီးကြီးမားမားကမှ သမ္မတနှင့်တကွ [illegible]ကို ရှင်းလင်းပြသမှု မပြုရသေးချေ။ ဖြစ်ချင်တော့ ထိုအလုပ်က အိမ်ဖြူတော် အငယ်တန်းဆရာဝန်ဆီသို့ ရောက်သွား [illegible]သည်။ အေးဆေးငြိမ်သက်သော၊ လျှော့တွက်ခြင်းခံထားရသော (ထိုနေ့က အိမ်ဖြူတော်တာဝန်ကျ)အမျိုးသမီးငယ် [illegible] ဖြစ်သည်။

ဆရာဝန်၏ ရုံးခန်းဖုန်း မြည်လာသည်။ တာဝန်ကျသူနာပြုက ဖုန်းကိုင်သည်။ သူမ၏မျက်နှာက ဖြူဖပ်ဖြူရော် [illegible] ဖုန်းကိုကိုင်ထားသည်။

'ဒေါက်တာ၊ သမ္မတကတော်က ဖုန်းခေါ်နေတယ်လို့ ထင်တယ်'

'ဘာပြောတယ်။ မင်း ထင်တယ်ဆိုတာ' သူက ဘာပြောလဲ 'ကျွန်မက ဖုန်းပေါ်တွင် ပေါ်နေသော နံပါတ်ကို ကြည့်ရင်း ထပ်မေးလိုက်သည်။

'သူမက ဟဲလို…။ ဟီလာရီကလင်တန်ပါ။ ဒေါက်တာကို စကားပြောပါရစေလို့ ပြောပါတယ်'

ကျွန်မက ဖုန်းကို ကောက်ယူလိုက်သည်။ အသက်ဝအောင်ရှူပြီး ရွှင်ရွှင်လန်းလန်း ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်တာ မာရီယာနိုပါ။ ကူညီပါရစေ'

သူမ၏အသံက တည်ငြိမ်ညက်ညော၍ တစ်ဖက်သားကို သက်သာရာရစေသည်။

'ဟဲလို… ဒေါက်တာ၊ ဟီလာရီကလင်တန်ပါ။ ဒီမနက် ဒေါက်တာ ကျွန်မရဲ့အဖေကို တွေ့ခဲ့တယ်နော်'

'ဟုတ်ပါတယ်ရှင်'ဟု ကျွန်မက ပြန်ပြောသည်။ ကျွန်မ၏ဆေးခန်းထဲတွင် စမ်းသပ်လိုက်သည်ကို သူ့အဖေက ပြောပြီးပုံရသည်ဟု ကျွန်မ သဘောပေါက်လိုက်သည်။

'သူ့အခြေအနေနဲ့ ပတ်သက်လို့ သမ္မတကတော်ကို ပြောပြပေးဖို့ သူက ကျွန်မကို တောင်းဆိုပါတယ်'။

'အို… ဟုတ်တာပေါ့၊ ဒေါက်တာ အပေါ်ထပ်ကိုလာပြီး ကျွန်မကို တွေ့နိုင်မလား' သူမ၏အသံက ကျွန်မ ငြင်းမယ်ဆို ငြင်းလို့ရနိုင်သလို ယဉ်ကျေးသည်။

'ရပါတယ်… သမ္မတကတော်၊ ကျွန်မ လာပါပြီ'

သူနာပြုက ကျွန်မကို ကြည့်သည်။

'ဒေါက်တာ… အပေါ်ထပ်ကို သွားမလို့လား'

'ဟုတ်တယ်။ ပြဿနာက တစ်ခုတည်းပဲရှိတယ်'

'ဘာပြဿနာလဲ' သူမက ကူညီလိုလျက် အားတက်သရော မေးသည်။

'ငါ အပေါ်ထပ်ကို ဘယ်လိုတက်ရမှာလဲ'

သမ္မတဘွတ်ရှ်၏ တာဝန်သက်တမ်းအတွင်း ကျွန်မသည် ဒုတိယထပ်ကို မရောက်ဖူးခဲ့ပေ။ သမ္မတနှင့် သမ္မတကတော်တို့ကို စောင့်ရှောက်ရန် 'ဘတ်လီ'နှင့် သူနာပြုများကိုသာ အပေါ်ထပ်သို့ တက်ခွင့်ပြုသည်။ သည်တစ်ခေါက်သည် ကျွန်မအတွက် ပထမဆုံးအကြိမ် ဖြစ်သည်။ ကံကောင်းထောက်မစွာပင် သွားရမည့်ကိစ္စက ရှင်းရှင်းလင်းလင်း ဖြစ်နေသည်။ ခန်းမလမ်းကိုဖြတ်ကာ စက်လှေကားဆီသို့ လျှောက်သွားသည်။ ထို့နောက် ဒုတိယထပ်အတွက် ခလုတ်ကိုနှိပ်သည်။ စက်လှေကားက ပထမထပ်တွင် အလိုလိုရပ်သွားကာ၊ စက်လှေကားပေါ်တွင်ပါလာသော အိမ်ဖြူတော်လမ်းပြက သမ္မတ မိသားစုနေထိုင်ရာ ဒုတိယထပ် မိသားစု၏ သီးသန့်အတွင်းခန်းထဲသို့ ခေါ်သွားသည်။ ကျွန်မ၏အလုပ်မှာ သမ္မတကို ပြုစုစောင့်ရှောက်ရန် ဖြစ်သော်လည်း အိမ်ဖြူတော်တွင် လုပ်သွားသော ကျွန်မအရင် ဆရာဝန်ကြီးများ၏ လျှို့ဝှက်ချက်ကို ကျွန်မလေ့လာခဲ့ပြီး ဖြစ်သည်။ သမ္မတကတော်၏ လိုလားအားပေးမှုမရှိဘဲ သင်သည် သမ္မတကို မပြုစု မစောင့်ရှောက်နိုင်သည့် ထုံးစံဖြစ်သည်။ သမ္မတကတော်၏ သဘောတူညီမှုမရဘဲ အိမ်ဖြူတော်တွင် ဘာမှမဖြစ်ပေ။ ဆေးအဖွဲ့မှ တစ်ယောက် သောသူက သမ္မတ မိသားစုကို သီးခြား ပထမဆုံးအကြိမ် စကားပြောရမည်ဖြစ်သောကြောင့် ယခုတွေ့ဆုံမှုသည်လည်း

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသောလက္ခဏာ ရှိသည်။ ယင်းမှာ (သမ္မတမိသားစုနှင့်) အပြုသဘောဖြင့် စတင်ရန် ကျွန်မတို့အတွက် အခွင့်အရေး တစ်ခု ဖြစ်ပါသည်။

ဒုတိယအထပ်သို့တက်၍ ကျွန်မက ဘေးပတ်ပတ်လည်ကို ငေးကြည့်သည်။ ကျွန်မသည် တခြားကမ္ဘာတစ်ခုသို့ ဝင်ရောက်လာခဲ့သည်။ ကတ္တီပါမွေးရှည်နှင့် ပြောင်လက်နေသော ကြမ်းခင်း၊ တောက်ပသော ကော်ဇောများ၊ ရွှေရောင်ပေါင် ချုပ်ထားသော ပန်းချီကားများ၊ လက်ရာမြောက်သည့် ရှေးဟောင်း အိမ်ထောင်ပရိဘောဂများ၊ အသက်ရှူရပ်ခမန်းလှသော ဇာခက်ပန်းနွယ်ဖော်ထားသည့် စားပွဲပေါ်ရှိ အခင်းအကျင်းများ၊ တဖျတ်ဖျတ်တောက်နေသော မီးအိမ်ပန်းဆိုင်းများဖြင့် ခြယ်မှုန်းထားသော ကမ္ဘာတစ်ခုဖြစ်သည်။

အတိတ်ကိုဖြတ်ကာ သတိရလိုက်မိသည်။ ကျွန်မသည် အဖေ့၏ မီးဖိုချောင်တံခါးကို ဖြတ်ကျော်လျက် ရေဘယ်ဗိုလ်ချုပ်၏ အဆောင်များထဲသို့ လှမ်းကြည့်ကာ ဗိုလ်ချုပ်၏ သီးသန့်အခန်းများထဲသို့ မယောင်မလည် လျှောက်ကြည့်နေသော ရှစ်နှစ်သမီးလေး ပြန်ဖြစ်သွားပြန်သည်။ သည်တစ်ခါတော့ အမေရိကန်ပြည်ထောင်စုသမ္မတ၏ သီးသန့်အဆောင်များ ဖြစ်သည်။ သို့သော် ကျွန်မ အရင်ရှစ်နှစ်သမီးအရွယ်က ကြောက်သလိုတော့ မကြောက်တော့ပေ။ ကိုယ်နှင့် မပတ်သက်သော နေရာကို ရောက်လာ၍ တစ်စုံတစ်ယောက်က မောင်းထုတ်မည်ကို ကျွန်မ မကြောက်တော့ပေ။

ခန်းမလမ်း၏ နောက်ဘက်သို့ငုံ့ကြည့်သောအခါ သူမကို ကျွန်မ ပထမဆုံးအကြိမ် မြင်လိုက်ရသည်။ မိတ်ကပ် ခြယ်၊ ကိုင်းကြီးကြီးနှင့် မျက်မှန်ထူထူကို တပ်ထားသည်။ ဆံပင်များက ဖြောင့်စင်း၍ သူ့ပခုံးပေါ်သို့ ဝဲကျနေသည့် ရွှေရောင်အမျိုးအစား ဖြစ်သည်။ သို့သော် စည်းနှောင်မထား၊ ဖရိုဖရဲ ပျော့ခွေကျနေသည်။ အခန်းထဲသို့ ဝင်လိုက်သောအခါ ဟီလာရီကလင်တန်က ကျွန်မကို မမြင်ပေ။ မိသားစုနေသော အခန်းထဲရှိနံရံပေါ်မှ ပန်းချီကားတစ်ချပ်ကို သူမက အလေးတစား ကြည့်ရှုနေသည်ကို တွေ့ရသည်။ သူမက ပင်ပန်းနွမ်းနယ်လှနေပုံပေါ်သည်။ နံရံပေါ်ရှိ ပန်းချီကားကို ငေးကြည့်နေသောအခါ သူမ၏ အသွင်အပြင်မှာ 'ဒါက ဒီလောက် တန်ဖိုးရှိသလား'ဟု မေးမြန်းနေသယောင်။

'မစ္စကလင်တန်' ယဉ်ကျေးအောင်နှင့် ကျွန်မကို မပေါ်လွင်အောင်ကြိုးစားထားလျက် ကျွန်မအသံက နူးညံ့နေသည်။ သို့သော် အိမ်ဖြူတော်တွင် ကျွန်မတို့ ပြောလေ့ရှိသလို၊ ကျွန်မ ရင်ဆိုင်ရမည့်အချိန်က စတင်တော့မည် ဖြစ်သည်။

'အို… ဟဲလို ဒေါက်တာ'

ကျွန်မကို သူနာပြုဟုမခေါ်ဘဲ ဒေါက်တာဟု မှန်မှန်ကန်ကန်ခေါ်၍ နှုတ်ဆက်သည်။ ကျွန်မဆီသို့ လျှောက်လာသော သူမက လက်ကမ်းပေးသည်။ ခိုင်မြဲ၍ တင်းတင်းဖျစ်ညှစ်မထားသော ကောင်းမွန်သည့် လက်ဆွဲနှုတ်ဆက်ခြင်းဖြစ်၏။ သူမ၏အပြုံးက ရွှင်ရွှင်ပျပျရှိသည်။ မျက်လုံးများက ပင်ပန်းနေသော်လည်း အပြာရောင်တောက်ပလျက် ကြည်လင်နေသည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



'တွေ့ရတာ ဝမ်းသာပါတယ် မစ္စကလင်တန်။ ကျွန်မက ဒေါက်တာ ကော်နီမာရီယာနိုပါ။ အိမ်ဖြူတော် ဆရာဝန်တွေထဲက တစ်ယောက်ပါ' ကျွန်မက စတင်ပြောလိုက်သည်။

ဟီလာရီကလင်တန်က ကျွန်မ၏လက်ကိုကိုင်ကာ အနောက်ဘက်သို့ လှည့်နေသောမှန်ဦးခုံ ပြတင်းပေါက်အောက်ရှိ ဆိုဖာပေါ်တွင် ထိုင်ရန်ညွှန်ပြသည်။ ကျွန်မတို့ ဆိုဖာပေါ်တွင်ထိုင်ကာ ကျွန်မက သူမအဖေ၏ အခြေအနေ၊ ဆေးများအား ပြင်ဆင် ပြောင်းလဲပေးထားသည်ကို အစီရင်ခံသည်။ သူမက ကျွန်မကို ကျေးဇူးတင်စကားပြောပြီး သူမအဖေ၏မြို့က သမားတော်ကို ဆက်လက်ညွှန်ကြားစာ ရေးပေးရန်ပြောသည်။ ထို့နောက် 'ဟီလာရီကလင်တန်'က အမှတ်တမဲ့ မသိမသာ ရှေ့နေတို့ဟန်ပန် လေသံဖြစ်မှန်းမသိ ဖြစ်သွားကာ ကျွန်မကို ယဉ်ယဉ်ကျေးကျေး မေးခွန်းများ ထုတ်တော့သည်။

'ဆရာဝန် ဘယ်နှယောက်ရှိလဲ'

'လောလောဆယ် လေးယောက်ရှိပါတယ်။ ခြေမြန်ကနှစ်ယောက်၊ တစ်ယောက်က မကြာခင် အနားယူတော့မယ့် လေတပ်က တစ်ယောက်၊ ပြီးတော့ ရေတပ်ကတစ်ယောက် အဲဒါက ကျွန်မပါ'

'ဒေါက်တာက စစ်တပ်ကလား'

ကျွန်မ၏ အပြာရင့်ရောင်၊ ဘောင်းဘီအဖြူရောင်၊ ဘလောက်စ်အင်္ကျီနှင့် အင်္ကျီရင်ဘတ်ပေါ်က လျှို့ဝှက်လုံခြုံရေး 'ရင်ထိုး'ကိုကြည့်ရင်း သူမက မေးသည်။

'ဟုတ်ပါတယ် သမ္မတကတော်။ ကျွန်မတို့ တာဝန်ထမ်းဆောင်နေတဲ့အခါ သမ္မတအဖွဲ့နဲ့ ရောထွေးသွားအောင် အရပ်ဝတ်ကို ဝတ်ပါတယ်'

'ဒေါက်တာက သည်နေ့တာဝန်ကျလား။ အဲဒါက ဘာတွေလုပ်ရသလဲ'

ခြေမြန်မှ ဗိုလ်မှူးများနှင့် စစ်ရုံးညွှန်ကြားရေးမှူးက သမ္မတကို သူတို့ပြောပြရမည်ဟု ထင်ထားသော ရှင်းလင်းမှုကို ပြောပြရင်း ကျွန်မ မိနစ်နှစ်ဆယ် အချိန်ကုန်သွားသည်။ သည့်အပြင် ကျွန်မက သမ္မတကတော်ကို သိချင်သောသတင်းများ ပြောလိုက်သေးသည်။ သူမက ခေါင်းညိတ်သည့်အခါညိတ်၊ 'အာဟာ'ဟု ပြောသည့်အခါပြောလျက် ကျွန်မ၏တင်ပြမှုကို ကျေနပ်ကြောင်း ပြသည်။ ကျွန်မ သူမကို စကားပြောသောအခါ သက်သောင့်သက်သာ ခံစားရပါသည်။ သို့သော် သူမ၏ရှေ့တွင် အမှတ်တမဲ့တော့ မနေပါ။ သူမသည် ဖျော့တော့သော လမ်းလျှောက်ဝတ်စုံကို ဝတ်ထားပြီး မိတ်ကပ်မလိမ်းခြယ်ထားဘဲ အခန်းထဲရှိ ဆိုဖာပေါ်တွင် ထိုင်နေစေကာမူ ထည်ဝါခံ့ညားသော ဂုဏ်သိက္ခာ အမူအရာရှိနေသည်။ သို့လင့်ကစား သူမသည် အေးစက်စက်နှင့် လေးနက်နေသည်ပုံ မပေါက်ပေ။ ကျွန်မအဖို့ ထိုအချိန်တွင် သူမသည် အကျင့်အကျ အခက်အခဲထဲတွင် တည်ငြိမ်နေနည်းကားမျိုး တည်ငြိမ်နေသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ တည်ငြိမ်သောသဘာဝကို လှုပ်ခါစေနိုင်မည့် အရာတစ်ခုမျှ ကျွန်မ မမြင်မိပေ။ ထို့နောက် သူမက သည်။ ကျွန်မ ပြောလိုက်သည့်အထဲတွင် ရယ်စရာ ဘာပါသွားသည် မသိပေ။ သို့သော် ရယ်သံကို ကျွန်မ ဘယ် အခါမျှ မေ့၍ရတော့မည်မဟုတ်ပေ။ အံ့သြလောက်သည့် အလိုက်အသည်းလိုက် ရယ်သံဖြစ်သည်။ ပြန်လည် ဆန်း၍ ချစ်ခင်စရာ ကောင်းသော အားပါးတရ ရယ်သံဖြစ်သည်။

ထိုအချိန်တွင် အခန်းထဲသို့ သမ္မတကလင်တန် ဝင်လာသည်။ နံနက်ပြေးသည့် လမ်းလျှောက်ဝတ်စုံကို ဝတ်ထား ဖြစ်သည်။ လျှာထိုးဦးထုပ်ကို ဆောင်းထားကာ လမ်းလျှောက်ပုံက အနည်းငယ် ကျားကျားလျားလျား ရှိသည်။ သူ သောအခါ ကျွန်မက ချက်ချင်းမတ်တတ်ရပ်လိုက်သည်။

ဟီလာရီက သူ့ကို တစ်ချက်စောင့်ကြည့်ပြီး ပြောလိုက်သည်။

'ဘီလ်၊ ဒေါက်တာ မာရီယာနိုကို တွေ့လိုက်ပါဦး။ အိမ်ဖြူတော်က ကျွန်မတို့ ဆရာဝန်အသစ်လေ'

သမ္မတကလာပြီး ကျွန်မကို လက်ဆွဲနှုတ်ဆက်သည်။

ဘယ်လိုထင်လဲ ဒေါက်တာ။ ကျွန်တော် နောက်ထပ်လေးနှစ် လုပ်နိုင်ပါ့မလား'

သူက ကျွန်မကို အရွှန်းဖောက်၍ မေးသည်။ သူ့မျက်လုံးများက တောက်ပသော်လည်း ပင်ပန်းနေသည်။

'သမ္မတကြီးရှင့်၊ သမ္မတကြီးကို မနက်မြင်ပြီးတဲ့နောက်၊ အမြန်အစားအစား (Fast Food)တွေကို (ကျွန်မကြား ကို ပြောတာ) ဖြတ်တောက်နိုင်မယ်ဆိုရင် နောက်ထပ် ရှစ်နှစ်တောင် လုပ်နိုင်ဦးမယ်'

သမ္မတနှင့် သမ္မတကတော်က အကြည့်ချင်းဖလှယ်ကာ ရယ်ကြသည်။ ထိုအကြည့်ထဲတွင် သူတို့နှစ်ယောက်ကြား ဆက်သွယ်မှုကို မြင်နိုင်သည်။ လူများနှင့် လူအများ၏ရည်ရွယ်ချက်ကို အကဲဖြတ်သည့် အသံမထွက်သော အနေနှင့် ထိုအကြည့်ကို နှစ်ပေါင်းများစွာကြာကြာ သူတို့ ကျင့်သုံးလာကြောင်း လူတော်တော်များများက သိကြသည်။ သည်အကြည့်က အဓိပ္ပာယ်များစွာ ပါသည်။ နောက်ပိုင်းတွင် ဘေလ်ကလင်တန်က နှုတ်ဆက်စကားဆိုကာ သမ်းထဲသို့ ဆင်းလာ၍ ရှေ့သို့ နည်းနည်းတိုးလျှောက်သည်။ သူသည် လူအများကို နှစ်သက်သည်။ လူအများနှင့် ဆိုဖလှယ်လိုက်ရသည်က သူ့ကို အင်အားတိုးပွားစေသည်။

သူတို့ တကယ်ပင် ရှစ်နှစ်ကြာ နေသွားပါသည်။ ကျွန်မက ထိုနေရာတွင် သူတို့နှင့်အတူ အောင်ပွဲခြိမ့်ခြိမ့်များနှင့် ရေးများကိုပါ ဖြတ်သန်းလျက် တစ်လျှောက်လုံးနေခဲ့သည်။ ကျွန်မသည် ဟီလာရီ၏ဖခင်ကို ပြုစုရခြင်း၏ ဆက်အနေနှင့် သူမကို တွေ့ဆုံခဲ့သည်။ ထိုတွေ့ဆုံမှုက ကံကြမ္မာကို အပြောင်းအလဲဖြစ်စေမည့် တွေ့ဆုံမှုဖြစ်သည်။ တွေ့ဆုံမှုသာ မရှိပါက ကျွန်မသည် ကလင်တန်မိသားစုနှင့် ရှစ်နှစ်ကြာ နေဖြစ်ချင်မှ နေဖြစ်ခဲ့ပေမည်။ ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



စကားပြောကြသောအခါ တကယ်တော့ ကျွန်မကို အင်တာဗျူးလုပ်နေခြင်း ဖြစ်သည်။ ကျွန်မသည် သူတို့မိသားစုနှင့် သူမကို စောင့်ရှောက်ရန် စိတ်မှန်သောလူတစ်ယောက် ဟုတ်မဟုတ် စစ်ဆေးဆုံးဖြတ်နေခြင်းသာ ဖြစ်သည်။ သူတို့နှစ်ယောက်အတွက် ကျွန်မပြောလိုက်သော မှတ်ချက်က သူမ ယောက်ျားအတွက် ကျွန်မ၏ တုံ့ပြန်စကားဖြစ်သည်ဟု ကျွန်မထင်သည်။ သူမက ဘောလ်ကို ပြောလိုက်တာ ကျွန်မ ကြားမိသလို ရှိသည်။

'ရှင့်ကို လိုက်မီတဲ့၊ ဘယ်ဆရာဝန်မဆို အလုပ်လုပ်လို့ ရပါပြီ'

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၇
## ပြောင်းလဲခြင်းက
## ကျွန်ုပ်တို့မိတ်ဆွေ

'ဟေး… ဒီမှာ'အသံက မိန်းမသံ၊ ရုတ်တရက်နှင့် အမိန့်ပေးသံ။ ပိုဆိုးသည်မှာ ကျွန်မကို ဦးတည်ပြောသလို ဖြစ်နေသည်။

ကျွန်မ နောက်ကို တွန့်သွားသည်။ ကျွန်မသည် အတွေ့အကြုံရင့်ကျက်၍ ထုသားပေသားကျသော စစ်အရာရှိတစ်ယောက် ဖြစ်နေစေကာမူ ကျွန်မကို အလိုမကျသည့် မိတ်ဆက်လေသံနှင့် ပြောလျှင် အပြစ်ရှိသော ကလေးလို ကျုံ့သွားတတ်သည်။ ကျွန်မကို ဤအမူအရာနှင့် ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံလိမ့်မည်မဟုတ်ဟု မျှော်လင့်ကာ ပြောဆိုသူဘက်သို့ ဖြည်းဖြည်း လှည့်ကြည့်လိုက်သည်။ ကြည့်လိုက်တော့မှ ခက်ထန်သောလေသံကို ကြားရပြန်သည်။

'ဟော့… သမ္မတက ရေလိုချင်နေတယ်'

ထိုအချိန်မှာ ဘေလ်ကလင်တန်၏ သမ္မတအဖြစ်သို့ ရောက်ရှိပြီး ပထမလတွင် ဖြစ်သည် ။ သူ ရုံးထိုင်သည့် တစ်လတာအတွင်းတွင် မြို့တွင်းပွဲများထဲမှ တစ်ခုဖြစ်သည်။ ဝါရှင်တန် ဒီစီပွဲ ဖြစ်သည်။ မြို့ထဲရှိ ဟိုတယ်တစ်ခုတွင် သူ မိန့်ခွန်းပေးနေသည်။ ဤပွဲမှာ ကျွန်မက တာဝန်ကျသမားတော်အဖြစ် သူနှင့်အတူ လိုက်ပါရသော ဒုတိယအခေါက် ဖြစ်သည်။ သမ္မတသစ်ရောက်သည့် ပထမနေ့မှစ၍ ဆယ်ရှစ်ကေကျယ်သော သမ္မတအိမ်တော်ဝင်းရှိ အလုပ်သည် အသားမကျသေးချေ။ ဘေလ်ကလင်တန်ကို ခန့်မှန်းခြင်းအားဖြင့် ကြိုတင်ခန့်မှန်း၍မရမှန်း အစောဦးကပင် ကျွန်မ လေ့လာမိသည်။ မှတ်တမ်းတင်မထားသော တွေ့ဆုံပွဲများသို့ မကြာခဏ သွားရောက်ရာမှနေ၍ သမ္မတနှင့် သမ္မတကတော်သည် မိတ်ဆွေများနှင့် မြို့ထဲတွင် တွေ့ဆုံမည်၊ သို့မဟုတ် ဒေသခံစားသောက်ဆိုင်များတွင် စားသောက်မည်။ သူ၏ ကိုယ်ပိုင်အစီအစဉ်အရ လျှို့ဝှက်လုံခြုံရေးအဖွဲ့၊ အိမ်ဖြူတော်ရုံးနှင့် အိမ်ဖြူတော်ဆေးအဖွဲ့ အသင့်နိုးကြားနေ

the bookhouse we bring your future

www.burmeseclassic.com

www.burmeseclassic.com



စေမည်။

သမ္မတအစိုးရအဖွဲ့၏ ပထမနှစ်သည် အခက်ခဲဆုံး ဖြစ်သည်။ စပ်ကူးမပ်ကူးကာလသည် သမ္မတ၏ ဝန်ထမ်းများနှင့် အိမ်ဖြူတော်ရှိ နိုင်ငံရေးနှင့် ပတ်သက်သော ဝန်ထမ်းများ၏ ပျားရည်ဆမ်းခရီးနှင့် မတူဘဲ သားသမီးများ၏ မျက်နှာကြောင့် ပေါင်းသင်းနေရသော၊ သဟဇာတမဖြစ်သော၊ အကြင်လင်မယား၏ မသာယာသော အိမ်ထောင်ရေးနှင့် ပို၍တူသည်။ ယခင်အစိုးရလက်ထက်မှ အခွင့်အာဏာ ရှိသူများအတွက်ကတော့ အောင်ပွဲရသည့်စစ်တပ်ကို ကြို့ဆိုနေရသလို၊ သူတို့အတွက် သိသိသာသာ ခံပြင်းစရာ ဖြစ်နိုင်သည်။ အိမ်ဖြူတော်သို့ ကလင်တန် ရောက်လာသောအခါ ဆေးအဖွဲ့သည် ယခင်သမ္မတဟောင်းအပေါ် သံယောဇဉ်ကိုခွာချ၍ သမ္မတသစ်နှင့် ဝန်ထမ်းသစ်များ၏ ချစ်ခင်မှုကိုရရန် လုံးပန်းရသည်။ ယင်းမှာ မဖြစ်နိုင်သောအလုပ်လို ဖြစ်နေသည်။ အကြောင်းမှာ ကျွန်မတို့တစ်ယောက်မှာမှ နိုင်ငံရေး အသွေးအရောင်မရှိဘဲ အနည်းငယ်မျှသော လူများသာ ဒီမိုကရက်များ ဖြစ်နေသည်။ ကလင်တန်၏ လှုပ်ရှားမှုနှင့် တစ်ယောက်မှ အဆက်အသွယ် မရှိပေ။ ဆေးအဖွဲ့က အစဦးမှာပင် ကျဆုံးသလို ဖြစ်နေသည်။

'ဟော့··· ကျွန်မ ရှင့်ကိုပြောနေတာ'

အမျိုးသမီး၏ စူးစူးရှရှအော်သံက ပိုကျယ်လာသည်။ လူ၏ခန္ဓာကိုယ်ပိုင်း တုတ်တုတ်ခိုင်ခိုင် အာဖရိက၊ အမေရိကန်ကပြား အမျိုးသမီးကို ကျွန်မကလှည့်၍ မျက်နှာချင်းဆိုင်လိုက်သည်။ သူမက ချွေးဒီးဒီးကျနေပြီး သူမ၏မျက်မှန် အခိုးများဖြင့် ဝေနေသော မှန်များကြားမှ ကျွန်မကို စူးစူးရဲရဲ ကြည့်နေသည်။

သမ္မတသစ်၏ ဒုတိယ ရက်သတ္တပတ်အတောအတွင်း ယခင်မြို့တွင်း တွေ့ဆုံပွဲတစ်ခုတွင် ကျွန်မ သူမကိုတစ်ကြိမ် သတိပြုမိခဲ့ပါသည်။ သူမသည် ထိုတွေ့ဆုံပွဲအတွက် ဝန်ထမ်းအဖွဲ့ခေါင်းဆောင်ဖြစ်ကာ သမ္မတကို စာရွက်စာတမ်းများ ပြေးယူပေးလိုက်၊ လူများကို ဓာတ်ပုံရိုက်ရန် တန်းစီခိုင်းလိုက်နှင့် အချိန်ကုန်နေကြောင်း ကျွန်မ သတိထားမိခဲ့သည်။ ကလင်တန်က ခန်းမလမ်းကြီးထဲတွင် နှုတ်ဆက်သူများကို စကားပြောနေစဉ် ကျွန်မ၏သူနာပြုနှင့် ကျွန်မက သမ္မတ၏ တွေ့ဆုံသော အခန်းအပြင်ဘက်တွင် မတ်တတ်ရပ်နေကြသည်။ သမ္မတက သူပြောသော စကားလုံးတိုင်းကို ခေါင်းစားနား ထောင်နေသော ချစ်ခင်သူအပေါင်းဝန်းရံလျက် သူ့လူအုပ်ထဲတွင် သူ ရောက်နေသည်။ သူက စကားကို အဆက်မပြတ်ပြောနေ သည်။ အရာအားလုံး တည်ငြိမ်အေးချမ်းကာ ဘာပြဿနာမျှမရှိ၊ ပိုးသားလို ချောမွေ့နေသည်မှာ ဤဝန်ထမ်းအမျိုးသမီးက စူးစူးဝါးဝါးနှင့် ကျွန်မဆီသို့ ရေလာတောင်းမှသာ အခြေအနေက တစ်မျိုးတစ်ဖုံ ပြောင်းသွားတော့သည်။

ကျွန်မက သမ္မတကို လှမ်းကြည့်သည်။ ရယ်ရယ်မောမော ဖြစ်နေသည်။ သူ၏အသံတွင် အသံဝင်သွားသော လက္ခဏာ မတွေ့ရ။ သူက ရေလိုနေပုံမပေါ်၊ အသက်ရှူဖို့သာ လိုနေသည်။ ထို့နောက် ကျွန်မက ထိုအမျိုးသမီးလက်ထဲမ်းဘက်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သို့ 'ဒီကိစ္စက သမ္မတရဲ့ ဆေးဘက်ဆိုင်ရာ အရေးပေါ်အခြေအနေ မဟုတ်ဘူး'ဟု အဓိပ္ပာယ်ရသောအကြည့်ဖြင့် ကြည့်လိုက်သည်။ အိမ်ဖြူတော် စစ်ရှုံးအဖွဲ့ဝင်နှင့် အစိုးရအဖွဲ့အသစ်၏ ဝန်ထမ်းတို့အကြား ပထမဆုံးသော အငြင်းပွားမှုကို ကျွန်မ ဆင်နွဲတော့မည့် အလုပ်တွင် သမ္မတ၏ အိမ်ဖြူတော်အကူ 'လီတိုဘောတစ်ခ်တော' (Lito Bautista)က ကယ်တင်ရန် ရောက်လာသည်။ 'လီတို'က သမ္မတ၏ တွေ့ဆုံသောအခန်းထဲတွင် စောင့်နေရင်း ခန်းမလမ်းထဲတွင် ဆူဆူညံညံပြောသံများကို ကြား၍ သောက်ရေဘူးကိုကိုင်ကာ အပြေးအလွှား ရောက်လာခြင်း ဖြစ်သည်။ သူက ဘာမှမပြောဘဲ ရေဘူးကို ဝန်ထမ်းအမျိုးသမီး၏ လက်ထဲသို့ထည့်ပေး၊ အမျိုးသမီးက ရေဘူးကိုဆွဲယူ၊ ကျေးဇူးတင်စကားမျှ မပြော၊ ချာခနဲလှည့်ကာ စောင့်နေသည်ဟုဆိုသော သမ္မတဆီသို့ ဒုန်းစိုင်းပြေးသွားတော့သည်။

'ကျေးဇူးတင်ပါတယ်၊ မာစတာချိဖ်' ကျွန်မက အံ့အားသင့်လျက် ပြောလိုက်သည်။

'ကျွန်မ ဒီနေရာမှာ အမှားများ လုပ်လိုက်မိသလား'။

ဤအချိန်သည် သမ္မတအသစ်နှင့် ကျွန်မ၏ ပထမဆုံးလ ဖြစ်သည်။ ဝန်ထမ်းအမျိုးသမီးနှင့် ပြဿနာဖြစ်ပြီး အခြေအနေကို ညစ်နွမ်းမသွားစေပါ။ 'ဆရာမ' သူက ကျွန်မ၏လက်မောင်းကို ထိထိမိမိပုတ်လိုက်ကာ ညင်ညင်သာသာ ပြောလိုက်သည်။ နှစ်သိမ့်သော ဖိလစ်ပိုင်လေသံကို ကြားလိုက်ရတာ ကျွန်မအဖေကို သတိရလိုက်မိသည်။

'စိတ်မပူပါနဲ့။ ကျွန်တော့်အနေနဲ့ ဒါမျိုးတွေ့ရတာ ပထမဆုံးအကြိမ် မဟုတ်ပါဘူး'

'သူက ကျွန်မကို ဘာ၍ ဒီလိုကြီးဆက်ဆံရတာလဲ' ကျွန်မက လုံးဝနားမလည်စွာဖြင့် မေးလိုက်သည်။

မာစတာချိဖ် 'လီတို'သည် ယခင်သမ္မတ လေးဆက်တိုင်တိုင် အမှုထမ်းခဲ့သော ဝါရင့်ဝန်ထမ်း ဖြစ်သည်။ ပြီး ကျွန်မ အင်္ကျီရင်ဘတ်ပေါ်ရှိ လျှို့ဝှက်လုံခြုံရေးရင်ထိုးကို လက်ညှိုးထိုးပြသည်။ သဘောပေါက်လိုက်ပါသည်။ ဆောင်းသူများ၊ အိမ်ဖြူတော်အကူများမှနေ၍ အိမ်ဖြူတော်ဆရာဝန်များအဆုံး၊ အိမ်ဖြူတော် စစ်ရှုံးအဖွဲ့ဝင်အားလုံးသည် လျှို့ဝှက်လုံခြုံရေးရင်ထိုးကို ဝတ်ဆင်ကြရာ ယင်းမှာ ကျွန်မတို့သည် စစ်ဘက်ဝန်ထမ်းများဖြစ်ပြီး သမ္မတနှင့် နီးနီးကပ်ကပ် ဝင်လမ်းထွက်လမ်း ဖွင့်ထားသည်ဟူသော သဘောသက်ရောက်သည်။ အိမ်ဖြူတော်အကူအားလုံးသည် ထိုအထူးရင်ထိုးကို တပ်ဆင်ထားပြီး ကျွန်မသည် ဖိလစ်ပိုင်အနွယ် ဖြစ်သောကြောင့် အိမ်ဖြူတော်ဝန်ထမ်းသစ်က ကျွန်မသည် သမ္မတကို ရှောက်ရေကမ်းဖို့ တာဝန်ရှိသော လူတွေထဲမှ တစ်ယောက်ဟူ၍ မှတ်ယူပုံရသည်။

ကျွန်မက ကျွန်မအဖေအကြောင်းကို တွေးမိသည်။ ဖိလစ်ပိုင်နိုင်ငံသားများနှင့် အာဖရိက၊ အမေရိကန်ကပြားများ သို့ ဧည့်ခံကျွေးမွေးရေးမှူး၊ သို့မဟုတ် စားသောက်ဆောင် အထူးဝန်ထမ်းအဖြစ် တိုက်ရိုက်ခန့်ထားသော နှစ် ၁၉၄၀ အလုပ်နှစ်များတွင် ကျွန်မအဖေက အမေရိကန်ပြည်ထောင်စု ရေတပ်သို့ဝင်ခဲ့သည်။ သမားတော်လည်းဖြစ်၊ အမေရိကန်ပြည်

www.burmeseclassic.com

www.burmeseclassic.com



ထောင်စု ရေတပ်ကွန်မင်ဒါလည်းဖြစ်သော သူ့သမီးကို သူမ၏မျိုးရိုးအမွေ အရောင်အသွေးကြောင့် အိမ်ဖြူတော် ဧည့်ခံကျွေးမွေးရေးမှူးနှင့် လူမှားခံရသည်ကို ကျွန်မအဖေသာ သိလျှင် စိတ်တိုလိမ့်မည်။ ဤအဖြစ်သည် ဘဝတူ အသားမဖြူသောသူနှင့် ကိစ္စဖြစ်လာလိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။ သူမကိုသာ ထိုသို့ လူမှားခဲ့ပါလျှင် သူမသည် မခံမရပ်နိုင်တုံ့ပြန်ပြောဆိုမည်မှာ သေချာသည်။ သို့သော် ရုတ်ရုတ်သဲသဲဖြစ်မည့်အစား စိတ်ကိုထိန်း၍ ကိုယ့်မာနကို မျိုချလိုက်ပါသည်။ ထိုအမျိုးသမီးက သမ္မတဆီသို့ ရေသွားပေးသည်ကို ကျွန်မကြည့်နေသည်။ သမ္မတက ၎င်းမကို လက်ကာပြပြီး စကားပြောမြဲတိုင်းသာ ဆက်ပြောနေသည်။ သူမက ဘေးသို့ဆုတ်ကာ ခေါင်းကိုယမ်းသည်။ ထို့နောက် ရေကို သူမဘာသာ သောက်သည်။ 'လီတို' က ရယ်ရယ်မောမောဖြင့် ပြောလိုက်သည်။

'ကြည့်ပါဦး… ဆရာမ၊ သမ္မတက ရေမလိုပါဘူး။ ဒီလို အမျိုးသမီးကတော့ သွားပြီ'

ဤအဖြစ်မှာ ရှည်ကြာ၍ နာကျင်ခံခက်သော အသွင်ကူးပြောင်းရေး ဖြစ်လိမ့်မည်ဟု ကျွန်မဘာသာတစ်ယောက်တည်း တွေးမိသည်။ သမ္မတနှင့် သူ၏ဝန်ထမ်းများသည် သမ္မတ၏လုပ်ငန်းနှင့် နေ့စဉ်ဖြစ်ရပ်များကို မည်သို့ဆောင်ရွက်ရမည်ကို တဖြည်းဖြည်း လေ့လာနေကြသည်။ အရင်အစိုးရအဖွဲ့မှ အရေးပါသောလူများနှင့် ပတ်သက်၍ သူတို့ အသေအချာမသိချေ။ ထိုအရေးပါသောသူများက သမ္မတနှင့်အဖွဲ့ကို ကြိုဆိုဧည့်ခံရေးနေ့က သံသယရှိသလို နှုတ်ဆက်ကြသည်။ ထိုအချိန်တွင် ဆေးအဖွဲ့နှင့် စစ်ရုံးမှ ကျွန်မတို့က သမ္မတ၏ ဝန်ထမ်းများနှင့်အတူ အလုပ်လုပ်ရန် လေ့လာနေကြသည်။ သူ့ကို ကျွန်မတို့မဲမထည့်ခဲ့သော်လည်း သူ့အစီအစဉ်များကို ပြီးမြောက်ရန် အတူတူ အလုပ်လုပ်ရမည်ဖြစ်သည်။ သမ္မတကို ကျွန်မတို့အမှုထမ်းပါမည်ဟု ပြသရန် ကျွန်မတို့ထံမှ သစ္စာခံမှုပြကွက်ကို သူတို့က မျှော်လင့်ကြသည်။ ဤသည်မှာ နူးညံ့သိမ်မွေ့သောကကွက်ဖြစ်သည်။ ထိုကကွက်တွင် နှစ်ဖက်စလုံးရှိ သူများက တစ်ယောက်ခြေထောက်အပေါ် တစ်ယောက်တက်မနင်းမိဖို့ ကြိုးစားရှောင်ရှားကြသည်။ သို့သော် ပထမဆုံး ကျွန်မတို့ သေချာရမည်မှာ ကိုယ့်ခြေထောက်ကို ကိုယ်ပြန်တက်မနင်းမိဖို့ပင်ဖြစ်သည်။

■

ကလင်တန်အစိုးရအဖွဲ့သို့ အသွင်ကူးပြောင်းရေးသည် ခက်ခဲသောကာလတစ်ခု ဖြစ်သည်။ သမ္မတဟောင်းဘွတ်ရှ်၏ သမားတော်အတွက် ပို၍ သိသာထူးခြားသည်။

'ဘတ်'လား ကျွန်မကမေးသည်။ ဆရာဝန်အခန်းရှိ ကုသရေးအခန်းမှ ဖုန်းဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ရှူး' ဖုန်း၏တစ်ဖက်မှ ယောက်ျားသံက ပေါ်လာသည်။ 'ကျွန်တော် ဖုန်းဆက်နေတယ်၍ ဘယ်သူမှ မသိစေချင်ဘူး'

သမ္မတ'ဘွတ်ရှ်' အိမ်ဖြူတော်မှ ထွက်သွားသောအခါ သူ၏ နိုင်ငံရေးဝန်ထမ်းများက သူနှင့်အတူ ထွက်သွားကြသည်။ တစ်ဦးသောသူသာ ကျန်ရစ်ခဲ့သည် သူ၏ ဆရာဝန်ဖြစ်သည်။ 'ဘတ်'က သူ ပိုင်ဆိုင်သောပစ္စည်းပစ္စယများကို နေထိုင်ရာ မြေညီထပ်တွင် ရွှေ့ပြောင်းထားပြီးပြီ ဖြစ်၏။ သို့သော် သူကိုယ်တိုင်ကတော့ ဆေးအဖွဲ့မှ မထွက်ခွာသေးပေ။ နိုင်ငံရေးဝန်ထမ်း တစ်ယောက်အနေနှင့် သူ၏သမ္မတ ထွက်သွားသောအခါ သူ့မှာ ရုံးခန်းလည်းမရှိ၊ အလုပ်လည်းမရှိတော့ပေ။ သို့သော် 'ဘတ်'က ထွက်ခွာဖို့ ငြင်းဆန်နေသည်။ ထွက်ခွာမည့်အစား သူက နေ့မြဲတိုင်းနေကာ သမ္မတသစ်က သူနာပြုများကို ဘယ်လိုဆက်ဆံသည်၊ ဆေးအဖွဲ့က တစ်ခုလုံးအနေနှင့် ဘယ်လို ညှိနှိုင်းဆောင်ရွက်နေသည်ကို နေ့တိုင်းလာ၍ သူနာပြုများကို မေးသည်။ မိဘတစ်ယောက်၏ စိုးရိမ်ပူပန်သော အမူအရာနှင့်တော့ တူသည်။ သို့သော် တယ်လီဖုန်းခေါ်သံက ဓါသူကို ပြောင်ကျကျ စောင့်ကြည့်သလိုနှင့် တကယ်ပင် ပိုတူသွားသည်။

'ဘတ်၊ ရှင်မှန်း ကျွန်မသိပါတယ်။ အခြေအနေကိုသိချင်၍ ဖုန်းဆက်တာ မဟုတ်လား' ကျွန်မက စိတ်မရှည်နိုင်တော့ဘဲ ပြောလိုက်သည်။

'ကော်နီ၊ ခင်ဗျားသမ္မတကို 'အလာဂျီ' (allergy)ဆေးထိုးပေးလိုက်သလား၊ ကျွန်တော်က ထိုးဖို့ငြင်းခဲ့လို့ အလုပ်ဖြုတ်ခံရတယ်'

'ဘတ်'က သမ္မတသစ် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုနှင့်အတူ အိမ်ဖြူတော်ဆေးအဖွဲ့၏ ပထမဆုံးပတ်သက်မှုကို ရည်ညွှန်းပြောဆိုနေသည်။ ဘေလ်ကလင်တန်က သူ 'အလာဂျီ'ဆရာဝန်ဒေါက်တာ (Kesley Caplinger)ထံမှ (Little Rock)တွင် လုပ်ရိုးလုပ်စဉ်နည်းအားဖြင့် အလာဂျီဆေးထိုးမှုကို ခံယူခဲ့သည်။ ကလင်တန်အိမ်ဖြူတော်သို့ ရောက်သောအခါ သမ္မတ၏ ပုံမှန် အလာဂျီဆေးထိုးမှုအတွက် Caplinger ၏ ရုံးခန်းမှ သွေးရည်ကြည်ပါသော အထုပ်တစ်ထုပ်ကို ယူဆောင်လို့သူတစ်ယောက်က လာပို့သွားသည်။ သမ္မတအသစ်၏ စောင့်ရှောက်မှု မည်သည့်အနေအထားတွင်မှ တာဝန်တိတိကျကျ ရှိပါသော်လည်း ထိုဆေးကုစီမံခန့်ခွဲဖို့ ဘတ်က သွေးရည်ကြည်ကို စစ်ဆေးဖို့ ဆေးအဖွဲ့ကို ခွင့်ပြုရန်ငြင်းဆိုသည်။ သွေးရည်ကြည်က စစ်မှန်မှု ရှိမရှိ ကျွန်မက ဒေါက်တာ Caplinger နှင့်အတူ စစ်ဆေးကာ ကလင်တန်၏ ဆေးကုသမှုဆိုင်ရာ မှတ်တမ်းနှင့်ပတ်သက်၍ သူ၏ဆရာဝန် Susan Sauta Crug ကို စကားပြောပြီးပြီ။ ကျွန်မက မည်သည့်ဒုက္ခကို မျှခံလိုသည့်သဘောမရှိဘဲ သမ္မတကို အလာဂျီ ဆေးထိုးပေးသည်။ တစ်ခုတည်းသော ပြဿနာကတော့ 'ဘတ်'က ထွက်မသွားဘဲနေသည်နှင့် သမ္မတ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆေးကုသမှု ပြဿနာများတွင် ပတ်သက်နေခြင်း ဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဘတ်--- ရှင့်ကိုထွက်သွားဖို့ ပြောကြတယ်။ ရှင်က သမ္မတဘွတ်ရှ်ရဲ့ ဆရာဝန်ပဲ။ ဒီမှာရှိနေဖို့ အကြောင်းမရှိဘူးလေ'

ပြိုင်ဘက်လိုဖြစ်လာနေသော ကျွန်မ၏ အထက်လူကြီးဟောင်းကို ကျွန်မကကြိုးစား၍ အကျိုးသင့်အကြောင်းသင့် ရှင်းပြသည်။

'ရှင့်ကို သမ္မတနဲ့ သူ့ဝန်ထမ်းတွေက အလုပ်ဖြုတ်တာ မဟုတ်ဘူး။ အိမ်ဖြူတော်စစ်ရုံးက ရှင့်ကို ဝင်ထွက်ခွင့် ရုပ်သိမ်းလိုက်တာ တစ်ခုခုဖြစ်ရင်တော့ သူတို့က ရှင့်ကိုဖြုတ်ပြီ'

'အလကား စစ်ရုံး' ဘတ်က ဟိန်းဟောက်သည်။

ကျွန်မ စိတ်မကောင်းဖြစ်သွားသည်။ သူ့ကြောင့် ကျွန်မ အလုပ်ရခဲ့သည်။ ကျွန်မကို 'အင်တာဗျူး' လုပ်ကာ တစ်သက်တစ်ခါကြုံသော အခွင့်အလမ်းကို ချက်ချင်း ကျွန်မရခဲ့သည်။ ဆေးအဖွဲ့တွင်ကျန်ခဲ့သော ခြေမြန်တပ်မှ ဗိုလ်မှူးများ ထက်ပို၍ သူက ကျွန်မကို ထောက်ခံသည်။ အစိုးရအဖွဲ့ အပြောင်းအလဲနှင့်အတူ 'ဘတ်'က ထွက်သွားရမည်။ သို့သော် သူက ထွက်ခွာမည့်ပုံ မပေါ်ပေ။ အာဏာနှင့် နီးနီးကပ်ကပ်ရှိမှုသည် အာဏာကဲ့သို့ပင် ယစ်မူးစေနိုင်မည်။ ယခု 'ဘတ်'ကို သူချစ်လှစွာသော သမ္မတနန်းတော်မှ ဖယ်ထုတ်နေသည်။ ကျွန်မကတော့ အိမ်ဖြူတော်တွင် တခြား ဆေးအဖွဲ့ဝင်များနှင့်အတူ ကျန်ရစ်သည်။ သူတို့ တော်တော်များများမှာလည်း 'ဘတ်'က ခန့်ထားသောသူများ ဖြစ်သည်။ ယခု သူသည် သမ္မတ အိမ်တော်ကွင်းဆက်ထဲတွင် မရှိတော့ပေ။ အဖွဲ့ဝင်များထဲမှ တစ်ယောက် မဟုတ်တော့ပေ။ သူ့အတွက် ရင်နာဖွယ်ကောင်းသည်။ ကျွန်မအထက် လူကြီးဟောင်းကို ကျော်ခိုင်းလိုက်ရသည်မှာလည်း ကျွန်မအတွက် ရင်နာစရာကောင်းသည်။ သို့သော် ယင်းသည် စစ်တပ်တွင် ဖြစ်ရိုးဖြစ်စဉ်အရာသာ ဖြစ်သည်။ တပ်အပြောင်းအလဲ၊ သစ္စာခံမှု အပြောင်းအလဲ။

'ကျွန်တော်က ဒီကိစ္စကို ငြိမ်ခံနေမှာ မဟုတ်ဘူး' သူ့လေသံက အန်တုဖီဆန်သံ ပါလာသည်။

'စာနယ်ဇင်းအဖွဲ့က ဒီအကြောင်းကို သိဖို့လိုတယ်'

'ဘာအကြောင်းကိုလဲ 'ဘတ်' စာနယ်ဇင်းအဖွဲ့ဟူသော အသံကိုကြားရုံမျှနှင့် ကျွန်မ၏ ထိတ်လန့်မှုက မြင့်တက်လာသည်။ ဆေးအဖွဲ့၏ အကြီးတန်း စစ်ဘက်သမားတော် 'လာရီမိုး' (Larry Mohr)က ကျွန်မ၏ အိမ်ဖြူတော် ကနဦးမိတ်ဆက် လေ့လာရေးကာလအတွင်းတွင် ကျွန်မအား-

'ဘာမှမကြားရတာ သတင်းကောင်းပဲ' ဟု ပို့ချခဲ့သည်။ ဆိုလိုသည်မှာ အိမ်ဖြူတော် စာနယ်ဇင်းသတင်းမှ လွတ်လွတ်ရှောင်နေရန် ဖြစ်သည်။ သတင်းဆိုးတစ်ခုကတော့ မိုးကုပ်စက်ဝိုင်းတွင် ပေါ်ထွက်လာရန် ဆူပွက်နေပြီဖြစ်ကြောင်း ကျွန်မ ခံစားမိသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'မနက်ဖြန် ပို့စ်(Post)မှာ ဖတ်ကြည့်ပေါ့ ကော်နီ'။ 'ဘတ်'က နာနာကြည်းကြည်းပြောကာ ဖုန်းကိုချလိုက်သည်။

သမ္မတဟောင်း၏ ဆရာဝန်က 'ဝါရှင်တန် ပို့စ်' (Washing ton Post)၊ သို့မဟုတ် 'ဝါရှင်တန် တိုင်း(မ်)' (Washington Times)တွင် ဖွင့်ချလိုက်သောသတင်းက ဆေးအဖွဲ့နှင့် သမ္မတသစ်၊ ဝန်ထမ်းတို့အား ချစ်ခင်ကြည်ရင်းနှီးမှုကို ဖြစ်စေလိမ့်မည် မဟုတ်ပေ။ ဘေလ်ကလင်တန်က ဘွတ်ရှ်၏ ဆရာဝန်အား အလုပ်ဖြုတ်သည်ဟု စွပ်စွဲသောဆောင်းပါးက အားလုံး ပျက်စီးရာပျက်စီးကြောင်း ဖြစ်နိုင်သည်။ နေရာမှ အပြီးအပိုင် ထွက်ခွာခိုင်းခံရသော 'ဘတ်'နှင့်ပတ်သက်၍ မမှန်မကန်သော သတင်းကြောင့် သမ္မတက ကျွန်မတို့ တော်တော်များများကိုပါ စိတ်ပျက်ကာ ကျွန်မတို့အားလုံး အလုပ်ဖြုတ်ခံရမည်ကို ကျွန်မ ကြောက်နေသည်။ တစ်ခုခုတော့ လုပ်မှဖြစ်မည်။ ဤအချိန်သည် ပျက်စီးမှုကိုထိန်းချုပ်ရန်၊ သို့မဟုတ် အနည်းဆုံး တားဆီးကာကွယ်ရန် အချိန်ဖြစ်သည်။

ကျွန်မက ဖုန်းကိုကောက်ကိုင်ကာ 'လာရီမိုး' (Larry Mohr)ကို စကားပြောသည်။

'လာရီ'၊ ဘတ်က 'အလာကျီ'ဆေးကြောင့် သူ့ အလုပ်ပြုတ်တယ်၍ ပြောဖို့၊ စာနယ်ဇင်းကို သွားဖို့လုပ်နေတယ်'

ကျွန်မက ပြောစရာရှိတာကို ပြတ်ပြတ်သားသားနှင့် အဆောတလျင် ပြောလိုက်သည်။

'လာရီ'သည် နှိုင်းနှိုင်းချိန်ချိန်ရှိလှသော လူကြီးသူကောင်းဖြစ်သော်လည်း တိုးတိုးသက်သက် ဆဲရေးလိုက်သေးသည်။

'သမ္မတနဲ့ သူ့ဝန်ထမ်းတွေက ကျွန်တော်တို့ သမ္မတကို သစ္စာမရှိဘူး၍ မထင်ခင် ကျွန်တော်တို့ တစ်ခုခုလုပ်ဖို့လိုတယ်'

'စာနယ်ဇင်း အတွင်းရေးမှူး ဒီးဒီးမိုင်ယာ (Dee Dee Myers)ဆီ သွားပြီး 'ဘတ်'ရဲ့အစီအစဉ်ကို ပြောလိုက်ရင် ကောင်းမလား။ အနည်းဆုံးတော့ စာနယ်ဇင်းရှင်းလင်းပွဲမှာ အငိုက်မိသွားမှာ မဟုတ်ဘူး'

'သိပ်ကောင်းတဲ့ စိတ်ကူးပဲ' 'လာရီ'က တစ်လုံးချင်း ပြောလိုက်သည်။

'ငါးမိနစ်အတွင်း စာနယ်ဇင်း အတွင်းရေးမှူးရဲ့အခန်းမှာ ခင်ဗျားကို တွေ့မယ်'

ကျွန်မက တစ်အားကုန် သုတ်ခြေတင်သည်။ ကျွန်မကို အနောက်ပိုင်း (West Wing)တွင် သူမ၏ရုံးခန်းသို့ ညွှန်ပြသောအခါ 'ဒီးဒီးမိုင်ယာအပေါ် ဆေးကုခန်းက လူနာကို အကဲဖြတ်သလို အကဲဖြတ်မိသည်။ ဒီးဒီးသည် ပထမဦးဆုံးသော စာနယ်ဇင်းအမျိုးသမီး အတွင်းရေးမှူးအနေနှင့် မီးဖြင့်နှစ်ခြင်းခံ၍ ဖြစ်လာသူဖြစ်သည်။ သို့သော် အိမ်ဖြူတော်တွင် သူမနှင့်ပတ်သက်၍ ကြားဖူးသည်ကတော့ သူမသည် မှုမှုတတရှိပြီး အတူ ပူးပေါင်းလုပ်ကိုင်ဖို့ လွယ်ကူသည်ဟူ၍

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဖြစ်သည်။ ထိုနေ့ သူမ၏ အလုပ်ဇယားက သမ္မတနှင့် တွေ့ဆုံမှုများရသမျှ သတင်းယူမည့် စာနယ်ဇင်းအဖွဲ့နှင့် တွေ့ဆုံရှင်းလင်းပွဲများဖြင့် ပြည့်နေသည်။ သို့သော် 'ဘတ်'ကို ကျွန်မက အရေးတကြီး ဖုန်းဆက်ပြီးနောက် ကျွန်မတို့ကို သူမ၏ အစီအစဉ်ထဲတွင် အခက်အခဲမရှိ ထပ်ထည့်ပေးသည်။ သူမ၏ရုံးခန်းထဲသို့ 'လာရီမိုး'နှင့် ဝင်လိုက်သောအခါ ကျွန်မက သူမ၏ ကျပ်တည်းနေသော အလုပ်ဇယားထဲသို့ ကျူးကျော်ဝင်ရောက်ခြင်း မပြုလိုပါ။ သို့သော် 'ဘတ်လီ'ထံမှ သတင်းဆိုး ဖြစ်လာနိုင်သည့် အလားအလာကို သူမ သိထားသင့်သည်ဟု ကျွန်မတွေးမိသည်။

အရပ်ရှည်ရှည်၊ နှစ်လိုဖွယ်အမူအရာနှင့် ဆံပင်ရွှေရောင် သပ်သပ်ရပ်ရပ်ရှိလျက် ဒီးဒီးသည် ကျွန်မနှင့် 'လာရီ'က စကားပြောဖို့ ထိုင်လိုက်တော့ အလွန် အလုပ်များနေသည်။

'ရှင်တို့က အိမ်ဖြူတော်က ဆရာဝန်တွေလား' သူမက သေသေချာချာ မသိသည့်ဟန်ဖြင့် မေးသည်။

'ဟုတ်ပါတယ်။ ဒီးဒီး' 'လာရီ'က ဖြည်းဖြည်းချင်း ဖြေလိုက်သည်။ 'လာရီ'က အကြီးတန်းအရာရှိ ဖြစ်သောကြောင့် သူ့ကိုပဲ စကားပြောဖို့ ကျွန်မ ကြည့်နေလိုက်သည်။

'ကျွန်တော်တို့က သမ္မတကလင်တန်၊ သူ့မိသားစုနဲ့ ဝန်ထမ်းတွေရဲ့ ကျန်းမာရေးအတွက် တာဝန်ရှိပါတယ်'

ဒီးဒီးကိုကြည့်ရတာ ရှုပ်ထွေးနေသည်။ ကျွန်မတို့နှစ်ယောက်ကို အရင်မြင်ဖူးခြင်း မရှိဘဲ၊ သမ္မတသစ်၏ ဘဝထဲတွင် ကျွန်မတို့က ဘယ်လို အံဝင်ခွင်ကျ ဖြစ်နေသည်ကို သိဖို့ကြိုးစားနေသည်။

'စစ်တပ်ကနေပြီး ခြေမြန်၊ ရေတပ်နဲ့ လေတပ်က ဆရာဝန်တွေကို သမ္မတနဲ့မိသားစုကို စောင့်ရှောက်ဖို့ ခန့်ထားပါတယ်' ကျွန်မက ရှင်းပြသည်။

ရေတပ်ဟူသောအသံ ကြားသောအခါ ဒီးဒီးက ဝင်းလက်သွားသည်။

'အို… ကျွန်မအဖေက ရေတပ်ကပဲ၊ ကျွန်မက ရေတပ်ထဲမှာမွေးတဲ့သူ' သူမကပြုံးပြီး ကျွန်မဘက်သို့ကြည့်ရန် လှည့်သည်။

'အံ့သြစရာပဲ' သူမနှင့် ကျွန်မမှာ ယေဘုယျတူညီသော အချက်ရှိသောကြောင့် ကျွန်မ သက်သာရာရသွားသည်။

'ကျွန်မက ရေတပ်သမားတော်၊ ဗိုလ်မှူး 'မိုး'က၊ ခြေမြန်ကပါ'

ကျွန်မရှင်းပြတော့ သူမက နားလည်သဘောဖြင့် ခေါင်းညိတ်ပြသည်။

'လာရီ'က လည်ချောင်းကိုရှင်း၍ ဆက်ပြောသည်။

'ဒီးဒီး၊ သမ္မတဘွတ်ရှ်ရဲ့ သမားတော်ဟောင်းက သမ္မတကလင်တန်ကို မဟုတ်တမ်းတရမ်းစွပ်စွဲပြီး စာနယ်ဇင်းကို သွားပြောမယ့် သတင်းကိုကြား၍ ကျွန်တော်တို့ ဒီကိုရောက်လာတာပါ'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဒီးဒီးက ရှုပ်ထွေးသွားပြန်သည်။

'သမ္မတဘွတ်ရှ်ရဲ့ ဆရာဝန်က သမ္မတကို ဘာလုပ်မှာလဲ'

သိပ်ကောင်းတဲ့မေးခွန်းပဲဟု ကျွန်မစိတ်ထဲ တွေးမိသည်။ 'အရပ်သားဆရာဝန်ဖြစ်တဲ့ ဒေါက်တာလီက အိမ်ဖြူတော်မှာ သူ နေသင့်တာထက် ဆက်နေနေပါတယ်။ Little Rock ကနေ သမ္မတရဲ့ အလာကိုသွေးရည်ကြည် ရောက်လာတော့ သူက သမ္မတကို ဆေးထိုးပေးဖို့ ငြင်းတယ်' သူက ဖြည်းဖြည်းချင်း ပြောပြသည်။

'ဒေါက်တာလီဟာ သမ္မတသစ်ရဲ့ ကျန်းမာရေး စောင့်ရှောက်မှုမှ ပတ်သက်မနေသင့်ဘဲ၊ ထွက်ခွာဖို့ သူ့ကို ပြောပါတယ်' လာရီက ဆက်၍ရှင်းပြသည်။

'ဘယ်သူက သူ့ကိုပြောသလဲ'သူမက မေးသည်။

'အိမ်ဖြူတော် စစ်ရုံးကပါ'

စစ်ရုံး၏ ဒါရိုက်တာအသစ်ဆီသို့ ကျွန်မတို့ ပထမဆုံးသွားလိုက်ရရင် အကောင်းသားဟု အလွန်နောက်ကျမှ ငြိုးစားရင်း ကျွန်မက ပြောလိုက်သည်။ ကျွန်မတို့ အဆင့်ကျော်နေသည်လား။ ကျွန်မ၏ အထက်လူကြီးဟောင်းနှင့် ...သက်၍ စာနယ်ဇင်း အတွင်းရေးမှူး၏အခန်းတွင် အစီရင်ခံနေရင်း 'လာရီ'နှင့် အတူထိုင်နေသောအခါ ကျွန်မစိတ်ထဲတွင် အတွေးများနှင့် ချာချာလည်နေသည်။ သည်ကိစ္စကို ကျွန်မတို့ဘာသာ ကျွန်မတို့ ကိုင်တွယ်နေသင့်သလား။ ကျွန်မသည် ...အဆက်နှင့် လုပ်နေရသော တာဝန်ရှိနေပြီး ကျွန်မ၏ အထက်အရာရှိကို သတင်းပို့ရန် တာဝန်ရှိသည်ဟု ကျွန်မကို ... သတိပေးမိသောအခါ စိတ်လက် မကြည်မသာ ဖြစ်သွားသည်။ 'လာရီ'နှင့် ကျွန်မသည် နောက်တစ်ခါ အလုပ်ဖြုတ်ခံရ... ဆရာဝန်များ ဖြစ်လိမ့်မည်။

'သမ္မတက သူ့ကို အလုပ်ဖြုတ်တယ်လို့ ပြောဖို့ 'ဘတ်'က စာနယ်ဇင်းကိုသွားမှာ' 'လာရီ'က အဓိကအချက်ကို ...လျက် ထပ်ပြောလိုက်သည်။

'ဒါမျိုး ခုမှပဲ ပထမဆုံး ကြားဖူးတော့တယ်' ဒီးဒီးက အလေးအနက် ပြောသည်။ 'မနက်ဖြန် ပို့စ် (Post)ဒါမှ ... တိုင်း(မ်) (Times)သတင်းစာထဲမှာ ဒီသတင်းပါမလာခင် ကျွန်မတို့က ရှင့်ကို သတင်းကြိုပေးချင်တာပါ' ကျွန်မက ဆက်ပြောသည်။

'ဘတ်က သူ့ အလုပ်ပြုတ်တာကို မဖွယ်မရာ တုံ့ပြန်နေတာ'

'နားလည်ပြီ' ဒီးဒီးက ခေါင်းညိတ်ပြသည်။

'သတင်းကြိုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါဟာ အကြီးအကျယ် အထောက်အကူရတာပဲ။ ရှင်တို့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သိပ်တော်တာပဲ'

ကျွန်မတို့ သိပ်တော်တာပဲ ဟုတ်လား။ ကျွန်မတို့ သစ္စာဖောက်တွေဟု ကျွန်မ ခံစားမိသည်။ ဤနေရာတွင် ကျွန်မတို့ကို အလုပ်ပေးသော ကျွန်မတို့၏ အထက်လူကြီးဟောင်းကို ဒုက္ခရောက်အောင် ကျွန်မတို့ လုပ်နေသည်။ ကျွန်မတို့ ထိုသို့လုပ်နေခြင်းသည် ကျွန်မတို့ အဆင့်ခုန်ကျော်နေခြင်း၊ စစ်ရုံးကို သတင်းမပို့ဘဲနေခြင်းပင် ဖြစ်သည်။

လာရီနှင့်ကျွန်မက ဒီးဒီးကို လက်ခွဲနှုတ်ဆက်ကာ အနောက်ပိုင်းရုံးခန်းမှထွက်ကာ နေထိုင်ရာ ဆရာဝန်ဆေးခန်းဆီသို့ ပြန်ခဲ့သည်။ ကိုလိုနိတ် (Colonade)တစ်လျှောက် ကျွန်မတို့ လမ်းလျှောက်ကြသောအခါ ကျွန်မ၏ ကြောက်ရွံ့မှုကို 'လာရီ'အား မျှဝေပေးလိုက်ပါသည်။

'ကျွန်မတို့ စစ်ရုံးကို ဒီကိစ္စမှာ ထည့်သွင်းမစဉ်းစားခဲ့တာဟာ ပြဿနာတစ်ခု ဖြစ်လာလိမ့်မယ်၍ ကျွန်မသဘော ပေါက်တယ်'

'အဲဒီကိစ္စကို ကျွန်တော် ကိုင်တွယ်မယ်' 'လာရီ'က တာဝန်ယူလျက် ပြောသည်။ အိမ်ဖြူတော်တွင် ကျွန်မ လေ့လာသိသော အကြောင်းများထဲမှ တစ်ခုကတော့ အစိုးရနှင့်ပတ်သက်၍ မကောင်းသတင်းက ပထမစာမျက်နှာတွင် ပါလာသောအခါ ထိုသတင်းသည် ကြာကြာမခံပေ။ အနေးနှင့် အမြန်ဆိုသလို မကောင်းသတင်းကို တခြားတစ်ခုခု၏ မကောင်းသတင်းတစ်ခုဖြင့် မလွဲမသွေ အစားထိုးလိုက်သည်။ 'ဘတ်'က ဒေသတွင်းသတင်းစာသို့ တကယ်ပင် သွားခဲ့သည်။ 'ကလင်တန်'က ထုတ်ပစ်သည်ဆိုသော သူ၏စွပ်စွဲချက်ကို ပြည်တွင်းသတင်းဌာနများက ယူသည်။ သို့သော် ထိုသတင်းက ရှေ့စာမျက်နှာတွင် တခြား မကောင်းသတင်းများဖြင့် အစားထိုး ဖယ်ရှားလိုက်သည်။ ထို့ပြင် ထိုနေ့ညနေ သတင်းထောက်များက သူမကို အလာဂျီထိုးဆေးပြဿနာနှင့် မေးသောအခါ ကျွန်မတို့ပေးသော သတင်းများကြောင့် ဒီးဒီးသည် စာနယ်ဇင်းနှင့် ရင်ဆိုင်ရာတွင် အငိုက်မမိတော့ချေ။ ကြိုတင်တားဆီးမှုအတွက် ဒီးဒီးနှင့် ကျွန်မတို့ တွေ့ဆုံမှု မစ၍ သူမနှင့် ဆေးအဖွဲ့ဝန်ထမ်းများအကြား ရင်းနှီးမှုမှာ ကြီးထွားလာသည်။ သူမသည် ဝန်ထမ်းကားထဲတွင် ကျွန်မတို့ သူနာပြုများ၊ ဆေးဝန်ထမ်းများနှင့် အတူထိုင်ကာ ဆေးအဖွဲ့၏ လူသားမျက်နှာများကို ကြည့်စပြုလာသည်။ ကျွန်မသည် လမ်းပေါ်တွင် သမ္မတ၊ ဒီးဒီးတို့နှင့် အတူရှိတိုင်း သူမသည် အမြဲတရင်းတနှီးရှိပြီး ကျွန်မကို ကျေးဇူးတင်နားလည်နေသည်။ နောက်ဆုံးတွင် သမ္မတသစ်ကို ဒုက္ခပေးဖို့ ဘတ်၏ ပြောင်ပြောင်တင်းတင်း ကြိုးပမ်းမှုသည် တကယ်တော့ ဆေးအဖွဲ့ကို အစိုးရသစ်က လက်ခံဖို့အတွက် ထောက်ပံ့ကူညီလိုက်ခြင်းသာ ဖြစ်တော့သည်။ သမ္မတကို မဟုတ်တမ်းတရမ်း မကောင်းသတင်း ပြောခံရခြင်းမှ ကာကွယ်ရန် ကျွန်မတို့ ရှေ့ထွက်လိုက်သောကြောင့် ကျွန်မတို့ကို သမ္မတ၏ဘက်တွင် ရှိသည်ဟု ယူဆသွားသည်။ သမ္မတဘွတ်ရှ်မှ သမ္မတကလင်တန်သို့ အကူးအပြောင်းတွင် ကျွန်မတို့ ရရှိလိုက်သည်မှာ ခိုင်မာဖွယ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



[illegible]သောနှင့် အမြဲတမ်း ကွေးညွတ်နိုင်မှု (Semper Gumby)ပင် ဖြစ်သည်။

■

အမြဲတမ်း ကွေးညွတ်နိုင်မှု (Semper Gumby)၊ ယင်းသည် ဘွတ်ရှ်မှကလင်တန်အစိုးရသို့ အကူးအပြောင်း [illegible] ကျွန်မကို ကယ်တင်ခဲ့သော စကားလုံးနှစ်လုံးပါ 'မန္တန်'ဖြစ်သည်။ ကျွန်မတက်ခဲ့သော ဆေးကျောင်း(Uniformed Services University School of Medicine)မှ ကျွန်မ၏ အတန်းဖော်များက စပ်ပေးလိုက်သော မန္တန်ဖြစ်သည်။ Semper မှာ လက်တင်ဘာအားဖြင့် အမြဲတမ်းဟု အဓိပ္ပာယ်ရ၍ အဏ္ဏဝါတပ်ဖွဲ့၏ ဆောင်ပုဒ်မှာ

Semper Fidelis= Always Faithful 'အမြဲသစ္စာရှိပါ'ဟူ၍ဖြစ်သည်။

Gumby ကဘာလဲ။ ကျွန်မတို့ ကလေးဘဝတုန်းက အစိမ်းရောင်ရော်ဘာအရုပ်ကလေးကို သတိရပါသေး [illegible] Gumbyကို အသင် ကွေး၍ရသည်။ သို့သော် ချိုးဖွဲ့၍မရပေ။ သည်သဘောက ကျွန်မအတွင်းတွင် စူးနစ်နေလျက် [illegible]ဘဝတစ်လျှောက်လုံး Gumby ဖြစ်ခဲ့သည်။ အစဉ်တစိုက် ပြောင်းရွှေ့နေသည်။ ကျောင်းများ၊ သူငယ်ချင်းများ [illegible]ပြောင်းနေသည်။ ပတ်ဝန်းကျင်သစ်နှင့် အမြဲ လိုက်လျောညီထွေဖြစ်အောင် နေရသည်။ အမြဲတမ်း ပျော့ပျောင်းညင်သာနေ [illegible]သည်။ ရေတပ် အဆွယ်အပါးအနေနှင့် ကျွန်မသည် ကွေးညွတ်နိုင်သောကြောင့် အသက်ရှင်သန်ခဲ့သည်။ ထို့ကြောင့် [illegible]အပြောင်းအလဲတွင် အမြဲတမ်း ကွေးညွတ်နိုင်မှု (Semper Gumby)သည် ရှင်သန်ကြီးထွားမှုဆိုင်ရာ စကားစု [illegible]သည်။ အမြဲကွေးညွတ်နိုင်မှု။ 'သင် ကျွန်ုပ်ကို ကွေး၍ရသည်။ သို့သော် ချိုးဖွဲ့၍တော့ မရပေ'။

ကလင်တန်မရောက်ရှိမီ ကျွန်မ၏လူနာများ ဖြစ်လာနိုင်သည့် အစိုးရသစ်အဖွဲ့မှ လူများ၏ သတင်းများအား [illegible]တည်းက သူတို့ကို ကျွန်မ နှစ်သက်နေကြောင်း ကျွန်မသိသည်။ သူတို့သည် ရယ်စရာမောစရာများပြောကာ [illegible]ရွှင်ရွှင်၊ ပေါ့ပေါ့ပါးပါးနေတတ်သော သူများဖြစ်ပြီး အမေရိကန်အလုပ်သမား လူတန်းစားကိုအမှန်တကယ် [illegible]ကြသည်။ သူတို့အတွက် စိန်ခေါ်မှုမှာ ဆေးအဖွဲ့ရှိ ကျွန်မတို့ကို နှစ်သက်လက်ခံဖို့ဖြစ်ပြီး နေ့စဉ် ဆေးကုသ [illegible]မှုနှင့်အတူ ကျွန်မတို့အပေါ် ယုံကြည်စိတ်ချနိုင်သည်ဟု ဘဝင်ကျကျ သဘောပေါက်ရန် ဖြစ်သည်။ သမ္မတ [illegible] ဆေးအဖွဲ့ကို သမ္မတသစ်နှင့် သူ့မိသားစုက ယုံကြည်စိတ်ချအောင် မည်သို့လုပ်ရပါမည်နည်း။ ပထမအချက်။ [illegible] အမှုထမ်းရွက်လိုသည်ဆိုသည့် ရည်ရွယ်ချက် သင့်မှာရှိကြောင်း သမ္မတ၊ သမ္မတ၏မိသားစုနှင့် သူတို့၏ဝန်ထမ်း [illegible] သက်သေပြပါ။ ဒုတိယအချက်- ယင်းကို ကြည်ကြည်သာသာ၊ မှတ်မှတ်ရရနှင့် အပိုဆာလာမပါဘဲ လုပ်ဆောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ကျွန်မ ဘယ်လိုလုပ် သိခဲ့ပါသလဲ။ သည်လိုလုပ်ရမည်ဟု ဘယ်သူက ကျွန်မကို ပြခဲ့ပါသလဲ။ သမ္မတ အပြောင်းအလဲ လုပ်ငန်းနယ်ပယ်ရှိ ကမ္ဘာ့ကျွမ်းကျင်သူများဖြစ်သော အိမ်ဖြူတော် ထိန်းသိမ်းသန့်ရှင်းရေး ရေးဝန်ထမ်းများထံမှ ကျွန်မ လေ့လာသိရှိခဲ့ပါသည်။

အိမ်ဖြူတော် စားပွဲထိုးများ၊ ထိန်းသိမ်းသန့်ရှင်းရေး ဝန်ထမ်းများ၊ ထမင်းချက်များ၊ အိမ်ဖြူတော်လမ်းပြများ သူတို့အားလုံး၏ ကျွမ်းကျင်မှုကို ကျွန်မ အကဲခတ်လေ့လာသည်။ သူတို့သည် အမြဲတမ်း ကွေးညွှတ်နိုင်မှု ပညာတွင် အလွန် ကျွမ်းကျင်လိမ္မာကြသည်။ သူတို့သည် အိမ်ဖြူတော်တွင် အရင်က နေထိုင်သွားသူများနှင့် ပတ်သက်၍ ပြောခဲ့ဆိုခဲ့ ကြသည်။ နောက်လူများကို နှိုင်းယှဉ်မှုများ ပြောမပြကြ၊ သူတို့အချင်းချင်း ကြားမှာလည်း မပြောပေ။

ကျွန်မတို့သည် နိုင်ငံရေးအရ ခန့်ထားသောလူများ မဟုတ်သော်လည်း ကျွန်မတို့၏ သစ္စာခံမှုက လူသစ်များ အတိုင်းပင် ဖြစ်သည်။ 'ပြောင်းလဲခြင်းသည် ကျွန်ုပ်တို့ မိတ်ဆွေဖြစ်သည်'ဟူသော စကားမှာ ဘေလ်ကလင်တန် သမ္မတလောင်းဘဝက သူ မဲဆွယ်ပွဲတစ်လျှောက်လုံးတွင် ပြောနေကျ လက်သုံးစကားဖြစ်သည်။ ယင်းစကားကို ဆေးအဖွဲ့ မှာလည်း ထပ်ခါတလဲလဲ ပြောကြသည်။ သို့မဟုတ် ကျွန်မတို့အားလုံးသည် စပ်ကူးမပ်ကူးကာလ၏ အပြောင်းအလဲကို ကြုံဆိုကြရမည် ဖြစ်သောကြောင့် အနည်းဆုံး ကျွန်မက ဤစကားကို ပြောရသည်။ ကျွန်မတို့၏ ရှေ့လက်ငင်း အနာဂတ်နှင့် ရှေ့လာမည့်နှစ်များတွင် ယင်းစကားရပ်သည် နေ့စဉ်အလုပ်လုပ်နေသော ဝန်းကျင်ကို အကြီးအကျယ် ရိုက်ခတ်ပါသည်။ ကျွန်မအတွက်ကတော့ အပြောင်အလဲဟူသည် အမှန်တကယ်ပင် ကျွန်မ၏မိတ်ဆွေ ဖြစ်ပါသည်။ သို့သော် နောက်ပိုင်းတွင် ကျွန်မ၏ရန်သူအဖြစ် ပြောင်းသွားပါလိမ့်မည်။

ပထမတွင် ပြောင်းလဲမှုက ကျွန်မ၏ အလုပ်မိတ်ဆွေဖြစ်မည်။ သမ္မတသစ်နှင့် သူ၏ဝန်ထမ်းများသည် အပြောင်း အလဲကိုရှာ၍ ပြဿနာများကို တခြားအနေအထားမှ ကြည့်ရှုသောကြောင့် ကျွန်မက သူတို့ကို တန်းတူထားကြည့်သည်။ ကျွန်မကိုယ်ကျွန်မ သူတို့အား သက်သေပြရန် ကြိုးစားသည့်စိန်ခေါ်မှုကို ကျွန်မ ကြိုဆိုသည်။ ပို၍အရေးကြီးသည်မှာ ဆေးအဖွဲ့သည် သမ္မတ၊ ဒုသမ္မတနှင့် သူတို့၏ မိသားစုများကို ပို၍ကောင်းစွာ အမှုထမ်းရွက်နိုင်သည့် နည်းလမ်းများကို ရှာရန်ဖြစ်သည်။ အိမ်ဖြူတော်သို့ ရောက်သည့်နေ့မှစ၍ ကျွန်မသည် လက်ရှိဖြစ်နေသော လုပ်ပုံလုပ်နည်းများ၊ သို့မဟုတ် တစ်ခါတစ်ရံ လုပ်ပုံလုပ်နည်းနှင့် စံပုံစံမရှိမှုများကို မကြာခဏ မေးမြန်းသည်။ ကျွန်မ ကနဦး မိတ်ဆက်လေ့လာခဲ့သည့် အရာတော်တော်များများသည် အိမ်ဖြူတော်သမားတော်များ၏ မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းပေးသွားသော အရာများဖြစ်သည်။ သို့သော် ထိုအရာများမှာ ထိရောက် အသုံးကျပါသေးရဲ့လား။ လက်ရှိသမ္မတအတွက် အသုံးချ၍ ရပါသေးရဲ့လား။ ယနေ့ခေတ်အခါတွင် အသက်အန္တရာယ်ကို ခြိမ်းခြောက်မနေဘူးလား။ ကျွန်မတို့ ဒီလိုလုပ်ရင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်မှာလဲ' ဟူသော ကျွန်မအယူအဆကို တာဝန်ခံ စစ်တပ်ဗိုလ်မှူးကြီးများက သတိထားလာကြသည်။ 'ကျွန်တော်တို့ကတော့ ဒီလို အမြဲလုပ်နေကျပဲ' ဟု သူတို့က ထုံးစံအတိုင်း တုံ့ပြန်မည်ဖြစ်သည်။ ကျွန်မက သည်အဖြေကို မကျေနပ်ပါ။ အစဉ်အလာအရ ပေါ်ထွက်လာသော လုပ်ပုံလုပ်နည်းများကိုလည်း ကျွန်မ နှစ်သက်လက်ခံမနေနိုင်ပါ။ သို့သော် လုပ်ပိုင်ခွင့်အာဏာလုပ်ဖို့ အချိန်မရှိဘဲနှင့် လုပ်ထုံးလုပ်နည်းများကို ကျွန်မ မပြောင်းလဲနိုင်ပါ။ ကျွန်မသည် အကြီးတန်းသမားတော်တစ်ယောက် မဟုတ်ပါ။ ကျွန်မကို ခန့်အပ်ထားသော နှစ်နှစ်ကာလသည်လည်း ကုန်ဆုံးခါနီးနေပြီ။ နိုင်ငံရေး ချင်းနှိုင်းမှုအရဆိုလျှင် ကျွန်မသည် ခြေတစ်ဖက်နာနေသော ဆရာဝန်ဖြစ်သည်။

'ကော်နီ- သမ္မတလုပ်ကြံခံရလျှင် ဆိုတာက အရေးမကြီးဘူး' ဘွတ်ရှ်၏ အကြီးတန်းလျှို့ဝှက်လုံခြုံရေး 'ရစ်ချ်မေလာ (Rich Miller)'က တုံးတိပြောချလိုက်သည်။ သူ့မျက်လုံးများက အေးစက်သော်လည်း ရိုးသားသည်။

'သမ္မတ လုပ်ကြံခံရတဲ့အခါ ဆိုတာသာ အရေးကြီးတယ်'။ အမှတ်-၁ လေတပ်လေယာဉ်ပေါ်တွင် သမ္မတဘွတ်ရှ်၏ နောက်ဆုံးအခေါက်များထဲမှ တစ်ခေါက်၌ ကျွန်မက ရစ်ချ်ကို ချောင်းပိတ်မေးခဲ့ဖူးသည်။ လျှို့ဝှက်လုံခြုံရေး အသန့်ခန်းထဲတွင် ကျွန်မက 'ရစ်ချ်'နှင့်အတူ ထိုင်နေသည်။ သူသည် သမ္မတပေါင်းများစွာအတွက် လျှို့ဝှက်လုံခြုံရေး လုပ်ခဲ့သူ ဖြစ်သည်။ သူ့အတွေ့အကြုံကို ကျွန်မ လေးစားသည်။ သူသည် ဆေးအဖွဲ့နှင့် နီးနီးကပ်ကပ် နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့သည်။ ထို့ကြောင့် ကျွန်မ၏ အရင်လူများနှင့် ဆေးအဖွဲ့ ဘယ်လို လုပ်ကိုင်ဆောင်ရွက်သည်ကို သူသိသည်။ ကျွန်မက သူ့ကို ရိုးစင်းသော မေးခွန်းတစ်ခု မေးလိုက်သည်။

'အိမ်ဖြူတော်ဆေးအဖွဲ့က သူ့အလုပ်ကို ဒီထက် ပိုကောင်းကောင်း ဘယ်လိုလုပ်နိုင်မလဲ'

သမ္မတ လုပ်ကြံခံရလျှင် မဟုတ်၊ သမ္မတလုပ်ကြံခံရသောအခါ ဆိုသော သူ့စကားက ကျွန်မကို ခြောက်လှန့်ပါတော့သည်။ လုပ်ကြံမှုဟူသော တစ္ဆေက ကျွန်မတို့အားလုံးအပေါ် ရစ်ဝဲနေသည်။ ရုံးခန်းတွင် သမ္မတ၏ သေဆုံးမှုသည် အိမ်ဖြူတော် သမားတော်တိုင်းအတွက် မပြောပြနိုင်သော၊ မငြင်းကွယ်နိုင်သော ကြောက်ရွံ့မှုဖြစ်သည်။ မည်သည့်ဆရာဝန်မဆို လူနာတစ်ယောက် ဆုံးရှုံးမှုသည် ကြေကွဲဖွယ်ဖြစ်သည်။ သမ္မတဆုံးရှုံးမှုကတော့ ပျက်စီးယိုယွင်းသော လူထုဆိုင်ရာ ဆုံးရှုံးမှုဖြစ်သည်။ စစ်တပ် ဆရာဝန်တစ်ယောက်အနေနှင့် တပ်မှူးချုပ် ဆုံးရှုံးခြင်းသည် တာဝန်ကိုထမ်းဆောင်ရန် ဆောင်ခြင်းမှု၏ ဂုဏ်သရေမဲ့မှု ဖြစ်သည်။ 'ရစ်ချ်'က ဆေးအဖွဲ့ဆောင်ရွက်ပုံနှင့် ပတ်သက်၍ သူ၏စိုးရိမ်မှုကို ကျွန်မအား ခွဲခြားပြောပြသောအခါ ကျွန်မ သွေးခုန်နှုန်း မြန်လာသည်။ သူ့အတွေးများက ကျွန်မ၏အတွေးနှင့် ဆင်တူသည်။

သမ္မတ၏ အကြီးတန်း လုံခြုံရေးအဖွဲ့ဝင်ထံမှ ဤတည်ငြိမ်မှန်ကန်သည့် သဘောထားမှတ်ချက်များက ဆေးအဖွဲ့သည် လျှို့ဝှက်လုံခြုံရေးနှင့် အရင်ကထက် ပိုမိုနီးကပ်စွာ အလုပ်လုပ်ရမည်ဟူသော နားလည်သဘောပေါက်မှုကို ခိုင်မာ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



လာစေသည်။ လမ်းပေါ်တွင် ဆောင်ရွက်ချက်နှင့် လှုပ်ရှားမှုများကို အတူယှဉ်တွဲလုပ်ကြရသည်။ လုပ်ထုံးလုပ်နည်းများတွင် ပို၍ နည်းဗျူဟာဆန်လာသည်၊ ပို၍ သိပ္ပံနည်းကျလာသည်။ အဆင့်အမြင့်ဆုံး နည်းပညာများကို သုံးရသည်။ သူတို့နှင့်အတူ လုပ်ရိုးလုပ်စဉ် သင်တန်းများကို လေ့ကျင့်ရသည်။ ကျွန်မတို့သည် လျှို့ဝှက်လုံခြုံရေးအဖွဲ့၏ ဆေးဘက်ဆိုင်ရာယှဉ်ဘက်အဖြစ် ဖွံ့ဖြိုးဖို့လိုအပ်လာပြီး ကာကွယ်ရေး ဆေးဘက်ဆိုင်ရာ ထောက်ပံ့မှုဟု ကျွန်မတို့ သတ်မှတ်ထားသောအရာကိုပေးဖို့ လိုအပ်လာသည်။

သို့သော် ကျွန်မ၏လက်ဖျားကို ချည်နှောင်ထားသည်။ 'လာရီမိုး' (Larry Mohr)က ဆေးအဖွဲ့တွင် ခြောက်နှစ်ကြာသွားပြီး အနားယူဖို့ ပြင်ဆင်နေသည်။ သူ၏နောက် ဆက်ခံသူမှာ ခြေမြန်တပ်ဗိုလ်မှူးကြီး ဘော့ရမ်ဆေး (Bob Ramsey)ဖြစ်ပြီး Latternman စစ်ဆေးရုံမှ Hamatologist-oncologist ဖြစ်သည်။ ရမ်ဆေး (Ramsey)သည် အိမ် ဖြူတော်ဆေးအဖွဲ့တွင် စတင်တာဝန်ခန့်အပ်သည့် အချိန်မှာပင် ကျဆုံးသွားတော့သည်။ သူသည် အစိုးရအဖွဲ့က လိုအပ်သည် ထက်ပို၍ ရှေးရိုးဆန်သည်။ အေးဆေးငြိမ်သက်၊ တခြားသူများနှင့် ရောရောနှောနှော မနေ၊ ခင်မင်စရာ မကောင်းပေ။ သူရောက်သည့် အချိန်မှစ၍ 'မြတ်သုံးပါး'၏ နှစ်သက်ထောက်ခံမှုကို မရခဲ့။ 'မြတ်သုံးပါး'ဆိုသည်မှာ လျှို့ဝှက်လုံခြုံရေး၊ စစ်ရုံးနှင့် အရေးကြီးဆုံးမှာ သမ္မတဖြစ်သည်။ 'ရမ်ဆေး'ကို စစ်ဘက်ကိုယ်ရံတော်များက ကိုးရို့ကားရားနှင့် နေရာမရဖြစ်သူဟု တံဆိပ်ကပ်ထားသည်။ အဆိုးဆုံးကတော့ သမ္မတနှင့် ရင်းနှီးချစ်ခင်မှု မတည်ဆောက်နိုင်ခြင်း ဖြစ်သည်။

'ဘော့ ရမ်ဆေး'၏ နောက်ဆုံးပြဿနာ သေခြင်းတရားကို မွေးမွေးပေးမိသည့် အဖြစ်ကတော့ သမ္မတ၏ သွေးအမျိုးအစားနှင့် ပတ်သက်နေသည်။ ပင်လယ်ရပ်ခြား ခရီးစဉ်တစ်ခုတွင် 'ဘော့'က အိမ်ဖြူတော်ရှေ့ပြေးအဖွဲ့တွင် လိုက်ပါရသည်။ ထိုအဖွဲ့တွင် သူက ဆေးအဖွဲ့ကို ကိုယ်စားပြုသည်။ သူ့အလုပ်က နိုင်ငံခြားခရီးစဉ်အတွင်း သမ္မတ၏ အရေးပေါ်ကိစ္စတွင် အသုံးပြုနိုင်သော ဆေးရုံများကို သတ်မှတ်၍ ညွှန်ကြားရန်ဖြစ်သည်။ ရှေ့ပြေးအကြိုအဖွဲ့၏ အစိတ်အပိုင်းတစ်ခုအနေနှင့် 'ဘော့' ဆေးရုံဝန်ထမ်းများကို တွေ့ဆုံပြီး ဆေးရုံမှ ပံ့ပိုးနိုင်သော ဆေးဝါးပစ္စည်းကိရိယာများကို အဆုံးသတ်စစ်ဆေးရန် ဖြစ်သည်။ ရွေးချယ်ထားသော ဆေးရုံများနှင့်အညီ သိသင့်သိအပ်သော အချက်အလက်များကို ပြောဆိုပေးရန် သူ့မှာ အခွင့်အာဏာရှိသည်။ သမ္မတ၏ အသက်၊ အရပ်အမြင့်၊ အလေးချိန် သွေးအမျိုးအစား စသည်တို့ကို သူက ပြောရန်ဖြစ်သည်။ ကံဆိုးချင်တော့ မည်ကဲ့သို့ ဖြစ်သွားသည်မသိ၊ သမ္မတသွေးအမျိုးအစားကို သူက မှားပေးလိုက်သည်။ ယင်းကို နောက်ပိုင်းတွင် 'ဘော့'၏နောက်က လိုက်လာသော ရှေ့ပြေး ဆေးဝန်ထမ်းများက တွေ့ရှိသွားပြီး သတင်းပို့သည်။ စစ်ရုံးက သည်ပြဿနာကို ချက်ချင်းသိသွားသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်တာ၊ ဗိုလ်မှူးကြီး ရမ်ဆေးကို ကျွန်တော်နေရာ ပြောင်းပစ်တော့မယ်'

အိမ်ဖြူတော် စစ်ရုံးညွှန်ကြားရေးမှူး ဂျွန်ဂေါဟန် (John Gaughan)က ကျွန်မကို လူသိရှင်ကြား မကြေညာမီ ဆိုယုံကြည်ကြည် ပြောလိုက်သည်။ သမ္မတကလင်တန်၏ မိခင်အသုဘအခမ်းအနားကို ကျွန်မတို့တက်နေသော ဘုရားရှိခိုး ကျောင်း (Arkansas Church)၏ရှေ့တွင် သူနှင့်ကျွန်မ ထိုင်နေစဉ် ပြောလိုက်ခြင်းဖြစ်သည်။

ဤကာလသည် ကောင်းသော ရက်သတ္တပတ် မဖြစ်ခဲ့ပါ။ သမ္မတ၏ ချစ်လှစွာသော မိခင်ကြီး 'ဗာဂျီးနီးယား ကယ်လီ' (Virginia Kelley) အိပ်ပျော်နေရင်း အသက်ထွက်သွားသည်။ ကျွန်မတို့က သူမကို ကြေကွဲဖွယ်အခမ်းအနားနှင့် နှုတ်ဆက်သဂြိုဟ်ရန် Arkansas သို့ ရောက်ခဲ့ကြသည်။ ဆေးအဖွဲ့နှင့်ကျွန်မက 'ဗာဂျီးနီးယား ကယ်လီ'ကို ချစ်ကြသည်။ သူမက စိတ်ဝင်စားဖွယ် ကောင်းသည်။ ရိုသေလေးစားခံရမှုကို မခံမင် ရင်းရင်းနှီးနှီး ရှိသည်။ အသိဉာဏ်ကြွယ်၍ အက်ဝင်လှုပ်ရှားသည်။ သူမသည် ယခင်က မေ့ဆေးဆိုင်ရာ သူနာပြုဖြစ်သည့် အားလျော်စွာ ကျွန်မတို့က သူမကို အထူးဆောင် အိမ်ဖြူတော် သူနာပြုအဖြစ် ခန့်အပ်ကြသည်။ အခုတော့ သူမ၏သား သမ္မတဖြစ်သည်ကို မြင်ပြီးနောက် အိမ်ဖြူတော် သက်တမ်းမှာ တစ်နှစ်မျှမပြည့်သေးမီ သူမ ကွယ်လွန်သွားရာသည်။

ဂျွန်ဂေါဟန် (John Gaughan)က ကျွန်မကို ပြောသောစကားများအား ကျွန်မ ကြိုးစား အာရုံစိုက်နားထောင် သည်။ သည်အချက်ကို ကျွန်မ သိပ်အလေးဂရုမထားပါ။ 'ဘေလ်'နှင့်'ဟီလာရီကလင်တန်'တို့အပေါ် ကျွန်မ၏ ချစ်ခင် လေးစားမှု၏ ပြင်ပကိစ္စ ဖြစ်နေသောကြောင့် ဖြစ်သည်။ ကျွန်မ၏ တာဝန်သက်တမ်းက ကုန်ဆုံးတော့မည်။ စင်ဒီရယ်ဂို (San Dirgo)မှ တာဝန်ခန့်အပ်မှုအသစ်ကို ကျွန်မ လက်ခံယူပြီးပြီ။ ကျွန်မသည် စိတ်မပေါ့တပါးနှင့် ထွက်ခွာရတော့မည်။ အိမ်ဖြူတော် ဆေးအဖွဲ့ကို တိုးတက်ကောင်းမွန်အောင် လုပ်နိုင်သည့် လိုအပ်မှုတွေ အများကြီးရှိသည်။ လက်ထောက်ဝန်ထမ်း အဆောက် အနေနှင့် ဒီအပြောင်းအလဲများကို အကောင်အထည်ဖော်ရန် ကျွန်မ လုံးဝအခွင့်အရေးမရခဲ့ပါ။ ကျွန်မက သူတို့ကို ကိုယ်တိုင်ကိုယ်ကျ မလုပ်ပေးနိုင်သလို ခံစားရသည်။ အခု 'ဘော့ရမ်ဆေး'က ဆေးအဖွဲ့ ညွှန်ကြားရေးမှူးနေရာကို ယူခဲ့တော့မည်။ နောက် ဗိုလ်မှူးကြီးတစ်ယောက်က သူ့နေရာကို အစားထိုး ဝင်ရောက်လာမည်မှာ သေချာသည်။

'သူ့နေရာကို ဘယ်သူ ရောက်မှာလဲ'

ဂျွန်နှင့်ကျွန်မက ဘုရားကျောင်းနံရံမှီ၍ ထိုင်နေရင်း ကျွန်မစိတ်ထဲ မကျေမချမ်းဖြစ်သလို ပြောလိုက်သည်။

'ဘယ်သူမှ မလာဘူး' ဂျွန်က ခေါင်းကိုယမ်းသည်။ 'သမ္မတက ခင်ဗျား သူ့ရဲ့ဆရာဝန်လုပ်ပြီး ဆေးအဖွဲ့ကို ဦးစီးစေချင်တယ်။ ခင်ဗျားဥစ္စာဖြစ်သွားပြီး ခင်ဗျားဆက်နေချင်တယ် ဆိုရင်ပေါ့'

သူဖွင့်ပြောလိုက်သော စကားကြောင့် ကျွန်မမှာ ပျော်ရွှင်မှုရော၊ ကြောက်ရွံ့ထိတ်လန့်မှုများပါ ရောပြွမ်းခံစားလိုက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ကျွန်မသည် ဆေးအဖွဲ့ကို လူမသိသူမသိ ဦးဆောင်ချင်ပါသည်။ သို့သော် မဖြစ်နိုင်ပေ။ ကျွန်မက ရေတပ်ကွန်မင်ဒါ တစ်ယောက်သာ ဖြစ်သည်။ ညွှန်ကြားရေးမှူးနေရာအတွက် ကပ္ပတိန်၊ သို့မဟုတ် ဗိုလ်မှူးကြီးများကိုသာ ပေးသည်။ ကျွန်မကိုသာ အိမ်ဖြူတော် စစ်ဘက်ညွှန်ကြားရေးမှူးအဖြစ် ခန့်လိုက်လျှင် ဆေးအဖွဲ့တွင် ယခင်က တစ်ကြိမ်တစ်ခါမျှ မဖြစ်ဘူးတာ တစ်ခုဖြစ်သွားမည်။ အိမ်ဖြူတော်ဆိုင်ရာ အစဉ်အလာကို ချိုးဖောက်သည့် စကားဖြစ်သည်။

ကျွန်မက 'ဂျွန်'ကို မယုံမကြည်ဖြင့် ကြည့်မိသည်။ သူ့မျက်နှာပေါ်တွင် ပြုံး၍ ခေါင်းညိတ်ပြသည်။

'ကျွန်မကို ရေတပ်က အမိန့်အသစ် ထုတ်ထားတယ်။ Marine Corps Recruit Depot မှာ ဆေးအဖွဲ့ ညွှန်ကြားရေးမှူးလုပ်ဖို့ San Dirgo ကို ကျွန်မ သတင်းပြန်ပို့ရမှာ'

'ဂျွန်'က ပို၍ပြုံးပြလိုက်ပြီး ကျွန်မကို မျက်စိမှိတ်ပြသည်။

'မဟုတ်ဘူး။ အဲဒီအမိန့်ကို ပယ်ဖျက်လိုက်ပြီး ကွန်မင်ဒါချုပ်က အမိန့်အသစ် ထွက်ပေးပြီးပြီ။ ခင်ဗျားက သမားတော်ဆေးအဖွဲ့ ညွှန်ကြားရေးမှူးအနေနဲ့ အိမ်ဖြူတော်မှာ ဆက်နေရမှာ'

ကျွန်မသည် အရပ်ဝတ် ဝတ်ထားသော်လည်း မတ်တတ်ရပ်၍ အလေးပြုလိုက်သည်။

'သမ္မတ စိတ်ချမ်းသာမယ်ဆိုလျှင် ကျွန်မ အမှုထမ်းပါတယ်၊ ဆရာ'

ကျွန်မကပြုံးပြကာ ဆေးအိတ်ကိုကောက်ယူ၍ လူနာများကိုစစ်ဆေးရန် ဘုရားကျောင်းဆီသို့ ထွက်သွားလိုက်ပါသည်။ သည်ကိစ္စသည် ကျွန်မ၏ခင်ပွန်းနှင့် မိသားစုကို တစ်စုံတစ်ရာ သက်ရောက်နိုင်သောကြောင့် သူနှင့် ဆွေးနွေးကြည့်ရန် ကျွန်မတွေးမိသည်။ သို့သော် ကျွန်မတို့မှာ စစ်တပ်မိသားစု ဖြစ်သည်။ ကျွန်မ၏ နှစ်နှစ်သက်တမ်းကလေး နှစ်သက်တမ်းထိ တိုးသွားသည်။ သမ္မတသက်တမ်းနှင့် အတူတူပင် ဖြစ်သည်။

'ဒါဆို ဘယ်သူက ငြင်းချက်ထုတ်ဦးမှာလဲ'

■

'တောက်… အဲဒီစစ်ရုံးကလေ' ကျွန်မ၏ အုပ်ချုပ်ရေးမှူး လက်ဖတင်နက်'ဘေလ်' (Bill Mcgee)ရှေ့တွင် ကျွန်မက လွတ်လွတ်လပ်လပ် ဆဲရေးလိုက်သည်။ ဆေးအဖွဲ့အတွက် ကျွန်မ ညွှန်ကြားရေးမှူးဖြစ်တာ ခြောက်လရှိသွားပြီ။ ဗိုလ်မှူးကြီး 'ရမ်ဆေး'ကို ပင်တာဂွန် (Pentagon)မှာ အမြန်ခန့်လိုက်သည်။ ဗိုလ်မှူးကြီး၏ထွက်ခွာမှုနှင့် ကျွန်မရာထူးတိုးမှုကို (အားလုံးမဟုတ်ရင်တောင်) ဆေးအဖွဲ့၏ တော်တော်များများက စိတ်သက်သာရာရစွာဖြင့် ကြိုဆိုကြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



‘ဘာဖြစ်လို့လဲ ကွန်မင်ဒါ’ ဘောလ်က ကျွန်မရုံးခန်း၏အပြင် သူ့စားပွဲကွန်ပျူတာမှနေ၍ ကျွန်မကို တည်တည်ငြိမ်ငြိမ် လှမ်းမေးလိုက်သည်။

ညွှန်ကြားရေးမှူးအသစ်နှင့်၊ သမ္မတ၏ သမားတော်အနေနှင့် အိမ်ဖြူတော်မြေညီထပ်ရှိ ‘ဘတ်လီ’ (BurtLee)၏ ရုံးခန်းသို့ ကျွန်မ ပြောင်းရွှေ့ခဲ့သည်။ ခြောက်လဆိုသောကာလသည် မြန်မြန်ဆန်ဆန် ကုန်သွားသည်။ တစ်သမတ်တည်း ဖြစ်နေခြင်း တစ်ခုသာ ပြောင်းလဲသွားသည်။ သို့သော် ယင်းသည် ပိုကောင်းဖို့အတွက် ပြောင်းလဲမှုဖြစ်သည်ဟု ကျွန်မကိုယ် ကျွန်မ ပြောလိုက်သည်။ ညွှန်ကြားရေးမှူး တစ်ယောက်အနေနှင့် ပထမဆုံး လုပ်စရာများထဲမှ တစ်ခုမှာ သမ္မတကို ၂၄ နာရီ ချက်ချင်း ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုပေးရန် လျှို့ဝှက်လုံခြုံရေးနှင့် အစီအစဉ်များ ညှိနှိုင်းလုပ်ဆောင်ရန် ဖြစ်သည်။ ဤအစီအစဉ်ကို လျှို့ဝှက်လုံခြုံရေးအဖွဲ့က ထောက်ခံအားပေးသည်။ သူတို့က ဤပြောင်းလဲမှုဖြစ်ရန် နှစ်ပေါင်းများစွာ ကြိုးစားလာခဲ့ကြသည်။ ယင်းကို ကျွန်မအရင်လုပ်သွားသော လူများက ကန့်ကွက်ခဲ့ကြသည်။ သူတို့က အိမ်ဖြူတော်တွင် တစ်ယောက်ယောက်ကို ညအိပ်ညနေ တာဝန်မပေးလိုကြပေ။ ယင်းမှာ ပိုကောင်းဖို့အတွက် လုံခြုံရေးနှင့် ဆေးဘက်ဆိုင်ရာ အမြန်ကုသရေး ပြဿနာဖြစ်ကြောင်း ကျွန်မက ရှင်းပြသည်။ သမ္မတသည် အိမ်ဖြူတော်တွင် ညဥ့်လယ်ယံ အချိန် နှလုံးရောဂါဖြစ်လျှင် လျှို့ဝှက်လုံခြုံရေးအဖွဲ့က အရေးပေါ် လူနာတင်ကားပေါ်တင် ဆေးရုံပို့လျှင် ဆေးဘက်ဆိုင်ရာအရ အန္တရာယ်မရှိချေ။ ထိုသို့သော အရေးပေါ်အခြေအနေတွင် သူ့ကို အသက်ရှုအောင်လုပ်ပြီး တည်ငြိမ်စေရန် ကျွန်မတို့ကို သူ၏ဆေးအဖွဲ့အနေနှင့် ခန့်ထားခြင်းဖြစ်သည်။ စက္ကန့်များကို ရေတွက်ကာ သမ္မတ၏သမိုင်းကိုသိ၍ ချက်ချင်း ကုသနိုင်သော ဆေးဘက်ဆိုင်ရာ စောင့်ရှောက်သူထားရှိကာ ချက်ချင်းကုသမှုပေးခြင်းက အသက်ကယ်ရာ ရောက်လိမ့်မည်။

ရယ်စရာကောင်းသည်ကတော့ သမ္မတက မြို့အပြင်ဘက်၊ သို့မဟုတ် နိုင်ငံ၏အပြင်ဘက်ထွက်လျှင် သူ့မှာ သမားတော်များ၊ သူနာပြုများနှင့် ဆေးဝန်ထမ်းများ တစ်လှေကြီးက သူ့အနားတွင် တစ်ချိန်လုံးရှိနေသည်။ သို့သော် သမ္မတအိမ်ဖြူတော်မှာ ညအိပ်လျှင်· ရှေးဦးသူနာပြုသင်တန်းသာ တက်ဖူးသော လျှို့ဝှက်လုံခြုံရေးအဖွဲ့၏ လက်ထဲတွင် သမ္မတကို ဝကွက်အပ်ခဲ့ကာ ဆေးအဖွဲ့ရှိသူတိုင်း အိမ်ပြန်သွားကြကုန်သည်။ ဆေးအဖွဲ့က သမ္မတကို စွန့်ခွာသွားကြသည်ဟု ကျွန်မ ခံစားရသည်။ နှလုံးရောဂါသည် မြို့အပြင်မှာ ဖြစ်လေ့ဖြစ်ထမရှိပေ။ သမ္မတနှင့် သူ့မိသားစုသည် ‘ဘာဘာရာဘွတ်ရှ်’ သူမ၏ နောက်ဆုံးနေ့တွင် ဖြစ်သလို ထိုနေရာတွင် ချော်လဲနိုင်သည်၊ လဲကျနိုင်သည်။ ဆရာဝန်များက အိမ်နေစဉ် သမ္မတအိမ်ဖြူတော်မှာ သေဆုံးလျှင် ကွန်ဂရက်မှာ ရှင်းပြဖို့ ကျွန်မ ဒုက္ခရောက်လိမ့်မည်။ အပြောင်းအလဲ၏ အကျိုးသက်ရောက်မှု အနေနှင့် အိမ်ဖြူတော်တွင် ဆေးအဖွဲ့ကိုယ်စားလှယ်များသည် တစ်နေ့မှာ ၂၄-နာရီ၊ ခုနစ်ရက်တစ်ပတ်လုံး ရှိသွားတော့သည်။ အစီအစဉ်သစ်တွင် ပထမဆုံးည တာဝန်ကျသူမှာ ကျွန်မ ဖြစ်သည်။ ယင်းသည် ထိုနေ့မှာပင် စတင်သက်ဝင် အာထာ

www.burmeseclassic.com
the bookhouse we bring your future

www.burmeseclassic.com



တည်သည်။

လျှို့ဝှက်လုံခြုံရေးအဖွဲ့သည် ကျွန်မ၏အင်အားရှိသော မဟာမိတ်ဖြစ်ပြီး လျှို့ဝှက်လုံခြုံရေး၏ ပုံရိပ်တွင် ဆေးအဖွဲ့ကို အသစ်ပြန်လည်ဖန်တီးရန် ကျွန်မ၏ကြိုးပမ်းမှုကို အထောက်အပံ့ပေးသည်။ အဟန့်အတားအများစုကတော့ အိမ်ဖြူတော် စစ်ရုံး၏ စစ်ဘက်ကိုယ်ရံတော်များထံမှ လာသည်။ ပြဿနာက အာဏာနှင့်၊ သမ္မတနှင့် နီးကပ်မှုတို့ ပါဝင်နေသည်။ စစ်ဘက်ကိုယ်ရံတော်များက စစ်တပ်၏ အရေးပေါ်လှုပ်ရှားမှု အခန်းကဏ္ဍအတွက် တာဝန်ရှိသည်ဟု ယူဆပြီး ဆေးအဖွဲ့က သူတို့၏ လက်အောက်တွင်ရှိသည်ဟု ယူဆသည်။ အကြောင်းအချက်နှစ်ခုအတွက် ထိုသို့ယူဆမှုကို ကျွန်မ ခံပြင်းသည်။ သမ္မတ၏ သမားတော်အနေနှင့် ကျွန်မသည် စစ်ဘက်ကိုယ်ရံတော်များထက် ရာထူးမြင့်သည်ဖြစ်၍ သူတို့ထံမှ ကျွန်မအမိန့်နာခံရန်မလို၊ ဒုတိယအချက် ဆေးအဖွဲ့သည် သမ္မတနှင့် သမ္မတမိသားစုကို စောင့်ရှောက်ရန် ပုဂ္ဂိုလ်ရေးဆိုင်ရာ အထူးတာဝန်ရှိပြီး သမ္မတနှင့် သူ့မိသားစု၏ ကိုယ်ပိုင်လွတ်လပ်မှုကို လေးစားဖို့တာဝန်ရှိသည်။ သမ္မတ၏ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးဘက်ဆိုင်ရာ သတင်းမှန်သမျှ သိဖို့လိုအပ်သော အကြောင်းများဖြစ်ပြီး သမ္မတသည် သာမန်ရောဂါမှနေ၍ ခွဲစိတ်ဖို့လိုသော အခြေအနေ ရောက်မှသာလျှင် သမ္မတ၏ ကျန်းမာရေးသတင်းကို စစ်ဘက်ကိုယ်ရံတော်များကို အသိပေးရသည်။

နောက်ဆုံး ခွဲခြမ်းစိတ်ဖြာကြည့်သော စစ်ရုံးနှင့် ကျွန်မ၏ ပဋိပက္ခ (ကျွန်မအရင် လူများ၏ ပဋိပက္ခ)သည် အမိန့်အာဏာ အချိတ်အဆက်နှင့် တာဝန်နှင့်ပတ်သက်သော ပြဿနာကြောင့် မဟုတ်ပေ။ သဟဇာတ မဖြစ်မှုမှာ အတ္တမာနများ၏ တိုက်ခိုက်မှုကြောင့်၊ ပေါ်ထွက်လာသည်။ သမ္မတနှင့် တွေ့ထိမှုနှင့် ပေးအပ်ထားသော အရေးပါမှု အသိစိတ်ဓာတ်တို့ ဖြစ်သည်။ စစ်ဘက်ကိုယ်ရံတော်က စက်လှေကားပေါ်တွင် ပေါ်ပေါ်လွင်လွင် မရှိလျှင် စက်လှေကားစီးခြင်းကဲ့သို့သော အသေးအဖွဲ့အဖြစ်က စစ်မြေပြင် ဖြစ်သွားမည်။ စက်လှေကားပေါ်တွင် နေရာအလုံအလောက် မရှိသောအခါ စစ်ဘက်ကိုယ်ရံတော်ကို သမ္မတနှင့် စက်လှေကားစီးခြင်းမှ ဖယ်ရှားနိုင်သည်။ ဆရာဝန်နှင့် လျှို့ဝှက်လုံခြုံရေး အဖွဲ့ဝင်က သမ္မတနှင့် အမြဲ အတူလိုက်ရသောကြောင့် ဖြစ်သည်။

ကျွန်မက ဆေးအဖွဲ့နှင့် ယင်း၏တာဝန်ကို ကာကွယ်ပေးလာရသည်။ သမ္မတနှင့် သူ၏မိသားစုအတွက် တစ်ကမ္ဘာလုံးတွင် မြင်သမျှအားလုံးကို ချက်ချင်းကုသနိုင်သော အီလက်ထရွန်နစ်နည်းဖြင့် ချိတ်ဆက်ထားသော ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုမှတစ်ဆင့် အဆင့်မြင့်ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှု ကမ္ဘာ့မှတ်တိုင်တစ်ခု ဖန်တီးရန် ကျွန်မကြိုးစားသည်။ အဆင့်အမြင့်ဆုံး ဆေးအဖွဲ့ဖြစ်ရန်အတွက် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်း၊ အဆင့်မြင့်အောင် လုပ်ခြင်း၊ ဖန်တီးခြင်းများကို နာရီပေါင်းများစွာကြာကြာ ကျွန်မလုပ်သည်။ ကျွန်မကို နှောင့်ယှက်သူမှန်သမျှကို ကျွန်မ ဒေါသထွက်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'တောက်… ဒီစစ်ရုံးကလေ'

ကျွန်မက ဘောလ်ကို မြည်တွန်လိုက်သည်။ ကျွန်မက သူ့ရုံးခန်းထဲသို့ ကဆုန်ပေါက် ပြေးဝင်သွားသောအခါ သူက မတ်တတ်ရပ်နေသည်။

'သူတို့က အမှတ်-၁လေတပ် (Air Force One)ကနေပြီး တာဝန်ကျသူနာပြုကို ဖယ်ပစ်ဖို့ ကြိုးစားနေကြတယ်။ သူမကို ထောက်ပံ့ရေးလေယာဉ်ပေါ်မှာ ထားမ၍တဲ့။ ဆေးဘက်ဆိုင်ရာ အခန်းထဲမှာ စစ်ဘက်ကိုယ်ရံတော်ကို ထည့်ထားတယ်။ ဒါက သမ္မတရဲ့ ထိတ်တန်းယုံကြည်မှုကို ချိုးဖောက်တာပါ။ တကယ်လို့ အမှတ်-၁လေတပ်ပေါ်မှာ သူနာပြုမရှိရင် အရေးပေါ်အခြေအနေမှာ ကျွန်မကို ကူညီမယ့်သူ ရှိမှာမဟုတ်တော့ဘူးလို့ ကျွန်မက စစ်ရုံးကိုပြောခဲ့တယ်။ သမ္မတ နှလုံးခုန် ရုတ်တရက်ရပ်သွားရင် စစ်ဘက်ကိုယ်ရံတော်က ကျွန်မကို ကူညီမှာလား'

'ဘောလ်'၏ မျက်နှာက နီမြန်းသွားသည်။ ကျွန်မ ဒေါသထွက်နေသည့်အချိန်တွင် သူက ဘာမှမသိဘဲ မတ်တတ်ရပ်နေသူဖြစ်သည်။

'မဟုတ်သေးပါဘူး။ ကျွန်တော်ဖြင့် စဉ်းစားကြည့်လို့မရဘူး'

'တာဝန်ကျသူနာပြုကို ဖယ်ရှားပစ်ရန် တောင်အမေရိက အာဏာရှင်တွေအတွက်တောင်မှ ရှိသင့်တဲ့ အမေရိကန် ပြည်ထောင်စု သမ္မတရဲ့ ဆေးဝါးစောင့်ရှောက်မှု အဆင့်အတန်းကို တားဆီးလျှော့ချနေတာ ဖြစ်တယ်လို့ ကျွန်မ သူတို့ကို ပြောတယ်' အိမ်ဖြူတော်မြေညီထပ်ရှိ လက်ဖတင်နစ် ဘောလ်(Bill Mcgee)၏ ရုံးခန်းတွင် ကျွန်မက တပြစ်တောက်တောက် ပြောနေသည်။ 'ဘတ်လီ' (BurtLee)က အိမ်ဖြူတော်မှထွက်ခွာရန် ငြင်းဆန်သောအခါ ကြောက်စရာလန့်စရာ ကောင်းသောသူကို ကျွန်မ ခုခံပြောဆိုခဲ့သည်မှာ နှစ်နှစ်ကျော်နေပြီ။ အခု သည်နေရာတွင် ကျွန်မသည် စစ်ရုံးကို သူပြောဆိုသလို ပြောဆိုနေသည်။

ကျွန်မ ပြောဆိုနေသည်မှာ မည်သူနှင့်တူနေကြောင်း သဘောပေါက်လိုက်သောအခါ ပြောရင်းဆိုရင်းတန်းလန်းက [illegible] ခဏရပ်လိုက်သည်။

'ဘုရားရေ' ကျွန်မက ဖြည်းညင်းစွာ ပြောလိုက်သည်။

'ဘတ်' (Burt)က စစ်ရုံးကို စိတ်ပေါက်ပေါက်နဲ့ ကြမ်းကြမ်းတမ်းတမ်းပြောတာကို ကျွန်မ အမြဲ မကျေမနပ် [illegible]ခဲ့တာ၊ အခု ကျွန်မကို ကြည့်စမ်းပါဦး။ ကျွန်မက 'ဘတ်'ဖြစ်နေပါလား'

ဘောလ်က ခေါင်းခါပြသည်။ 'ကျွန်တော်တော့ အဲဒီလိုမထင်ပါဘူး၊ ဒေါက်တာ'

အိမ်ဖြူတော်ကို ရောက်၍ ပထမအပတ်ကတည်းက 'ဘောလ်'က ကျွန်မကို သိခဲ့သည်။ ကျွန်မ၏ ငယ်ငယ်က၊

www.burmeseclassic.com

www.burmeseclassic.com



ရေတပ်သမားတော် ဘဝက(Bethesda)ရှိ သူ့ထံသို့ ကျွန်မ ရောက်ဖြစ်သည်။ သူက သမ္မတခန်းမဆောင်၏ လက်ထောက် ညွှန်ကြားရေးမှူးအဖြစ် ထိုနေရာတွင် တာဝန်ထမ်းဆောင်နေသည်။ သူက ဆေးအဖွဲ့ကို ရေတပ်မှရန်ပုံငွေ ဆေးဝါးနှင့် ဝန်ဆောင်မှုများ ထောက်ပံ့ပေးရသော ဆေးဘက်ဝန်ဆောင်မှု အရာရှိ လုပ်ခဲ့ဖူးသည်။ သမ္မတအတွက် ၂၄ နာရီလိုအပ်သော ဆေးဘက်ဆိုင်ရာ အချက်အလက်များ စီစဉ်စုဆောင်းနေသည်မှာ ညွှန်ကြားရေးမှူးတစ်ယောက်အတွက် ကျွန်မ၏ ပထမ လုပ်ဆောင်မှု ဖြစ်သလို၊ ထိုအချိန်တွင် ကျွန်မ၏ ဒုတိယအလုပ်မှာ အိမ်ဖြူတော်ဆေးအဖွဲ့၏ ပထမအုပ်ချုပ်ရေးမှူးနှင့် ကျွန်မ၏ ညာလက်ရုံးအဖြစ် ဘေလ် (Bill Mcgee)ကို ခန့်ထားရန်ဖြစ်သည်။

'ဒေါက်တာ၊ ခင်ဗျားက မကြာမကြာ 'ဘတ်လီ'၍ ပြောဆိုနေပေမယ့် ခင်ဗျားက ပိုပြီးမျှတပါတယ်။ ပိုပြီး စစ်မြေပြင်ဆရာဝန် ဆန်ပါတယ်'

ကျွန်မက 'ဘေလ်'ပြောတာကို ငြိမ်၍နားထောင်သည်။ ဤအချက်တွင် သူ ပြောတာမှန်ပါသည်။ သို့သော် အဲဒါနဲ့ပဲ ပြီးရောလား။

'အဲဒါ သူ့ကို ခုခံပြောဆိုပြီးတော့ ဒီအလုပ်ကို ကျွန်မ ဘယ်လိုရခဲ့တယ် ဆိုတာပေါ့။ သူ့အလုပ်ကိုလုပ်ဖို့ ခက်ထန်မာကျောမယ်ဆိုတာနဲ့ နေ့စဉ်ကိုယ့်တာဝန်ကို ကာကွယ်ရမယ်ဆိုတာ အတွေ့အကြုံကနေ သူ သိတယ်။ ဒါပေမဲ့ ဒီအဖွဲ့ကို ဦးဆောင်ဖို့ကကျတော့'

'ဘေလ်'က ကွဲပြားခြားနားမှုကို သဘောပေါက်ကာ ခေါင်းညိတ်သည် ကျွန်မက 'ဘတ်'ကို သည်ထက်ပိုပြီး အသိအမှတ်ပြုခဲ့ဖို့ကောင်းတယ်'

ကျွန်မက နောက်ပြန်လှည့်ကာ တောင်ဘက်မြက်ခင်းကို မျက်နှာမူထားသော ပြတင်းပေါက်ကို ငေးကြည့်လျက် ကျွန်မအခန်းဆီသို့ ဖြည်းဖြည်းလျှောက်သွားသည်။ သည်ရုံးခန်းကို ကျွန်မရောက်ခါစ မျက်လုံးအဝိုင်းသားနှင့် အလုပ်လုပ်ရန် အသင့်ဖြစ်နေသည့် အချိန်မှစ၍ ကျွန်မ ဘယ်လောက် ပြောင်းလဲသွားသည်ကို ကျွန်မ တွေးမိသည်။ သည်အလုပ်က ကျွန်မ ဆရာဝန်ကောင်းတစ်ယောက်ဖြစ်ဖို့ထက် ပို၍တောင်းဆိုသည်။ ကျွန်မမှာရှိသည်ဟု ကျွန်မ မသိသော အစွမ်းအစများကို ထုတ်ယူသုံးစွဲရသည်။ သမ္မတအသစ် ရောက်ရှိမှုကို ကြိုဆိုလက်ခံကာ တခြားသူများက အတိုက်အခံလုပ်နေစဉ်တွင် စပ်ကူးမပ်ကူးကာလကို အဆင်ပြေအောင် လုပ်ခဲ့သည်။ ဤသို့လုပ်ရာတွင် ကျွန်မက ပိုမိုမြင့်မားသည့် တာဝန်ရှိသော ဝန်ထမ်းတစ်ယောက် ဖြစ်စေကာမှု အိမ်ဖြူတော် သန့်ရှင်းထိန်းသိမ်းရေး ဝန်ထမ်းများ၏ နမူနာကို ယူခဲ့သည်။ အခုတော့ ကျွန်မကို တာဝန်ယူဦးဆောင်ရန် တောင်းဆိုနေသည်။ 'အမြဲတမ်း ကွေးညွှတ်နိုင်မှု'ကို တကယ်ပင် ကျင့်သုံးရလိမ့်မည်။ 'ဘတ်လီ'၏ နေရာဖြစ်ခဲ့သော စားပွဲတွင် ကျွန်မထိုင်လိုက်သောအခါ ယခင်က သမ္မတသမားတော်များကဲ့သို့ပင် အရင်ထက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



[illegible]လုပ်ရန်လိုကြောင်း ကျွန်မ သဘောပေါက်သည်။ ကျွန်မသည် ပို၍မာကျောခက်ထန်လာသည်။ ပို၍ ဟောဟောဒိုင်းဒိုင်း ပြောတတ်လာသည်။ ကျွန်မ၏ခေါင်းဆောင်မှုမှာ ပို၍ယုံကြည်မှု ရှိလာသည်။ စစ်ဘက်ကိုယ်ရံတော်များကို မကျေမနပ်နှင့် ကျွန်မပြောသောအခါ ကျွန်မ၏ အတ္တကို ဘေးဖယ်ထားရသည်။ ကျွန်မသည် ကြို့ခိုင်သော်လည်း နှိမ့်ချရသည်။ ကျွန်မ သည် ကျွန်မ၏ စာစ်မြစ်ထက်ပို၍ ထိုးထွက်လာသော်လည်း ကျွန်မသည် ကျွန်မအဖေနှင့် ဦးလေးများကဲ့သို့ပင် နေထိုင်သည်။ ကျွန်မမှာ ဇာစ်မြစ်ရှိသည်။ အခုတစ်ခါ ကျွန်မ၏ အတောင်များကို စမ်းသပ်ရန် လိုအပ်သည်။

■

the bookhouse
we bring your desire
www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၈
## သမ္မတ လမ်းထွက်ပွဲ

တိုကျိုမြို့ရှိ 'ဟိုတယ် အိုကူရာ' (Hotel Okura)ကား ဂိုဒေါင်မှ ကျွန်မတို့ မော်တော်ယာဉ်တန်း ထွက်ခွာသောအခါ ထွက်ဆဲနေကို ကိုယ်စားပြုသော နယ်မြေတွင် နေလုံးက ကျစပြုနေ ပေပြီ။ ကျည်ကာ လင်မိုဆင်း (Limousine)ကား၏ အရောင်သွင်း ထားသော ပြတင်းပေါက်မှ ကျွန်မငေးကြည့်ကာ နောက်ဘက်ထိုင်ခုံ ထဲသို့ ကျွန်မမှီချလိုက်သည်။ ကျွန်မက အနက်ရောင်ကတ္တီပါ ညနေ ခင်းဝတ်စုံကို ဝတ်ထားကာ ရေဒီယိုကို ခါးပတ်မှာထိုးလျက် အပေါ် အင်္ကျီဖြင့် ဖုံးအုပ်ထားသည်။ ကျွန်မ၏ဝတ်စုံက ဆွဲဆောင်မှု ရှိကောင်း ရှိနေမည်။ သို့သော် ကျွန်မမှာ ဆေးအိတ်နှင့် နှလုံးအရေးပေါ်နှိုးစက် ကို ကိုင်စွဲထားရသည်ဖြစ်၍ ကျွန်မသည် အိတ်သယ်သည့် သား သားနားနား အမျိုးသမီးကြီးနှင့် ပို၍တူနေတော့သည်။ ယင်းမှာ သည်ညနေ ညစာစားပွဲအတွက် တာဝန်ဝတ်စုံ ဖြစ်သည်။

တာဝန်ကျ ဆရာဝန်တစ်ယောက်အနေနှင့် ကျွန်မက အရန်ကား၊ သို့မဟုတ် နောက်ဘက် အားဖြည့်ကားနှင့် လိုက်ပါရ သည်။ လျှို့ဝှက်လုံခြုံရေး အချင်းချင်း ပြောစကားအရ 'တည် ကြက်'ကားဟု အများအားဖြင့် သိကြသည်။ ဤနာမည်ကို ကျွန် ကြားသောအခါ လုပ်ကြံသူကို မျှားခေါ်သော 'ငါးစာ'အဖြစ် အ ထမ်းရမည့်အရေးတွေကို တွေး၍ ကျွန်မရင်လေးသွားမိသည် သို့သော် အိမ်ဖြူတော်သမားတော်အနေနှင့် တစ်နှစ်၊ သမ္မတအသင် ပင်တိုင်သမားတော်အဖြစ် မကြာသော လအနည်းငယ်ခန့် ကြ အောင် လုပ်လိုက်ပြီးသည့်နောက်တွင် တည်ကြက်ကားထဲရှိ ကျွ နေရာကို လုပ်ရိုးလုပ်စဉ် အလုပ်တစ်ခုအနေနှင့် တည်ငြိမ်အေး စွာပင် သဘောထားလိုက်ပါသည်။ ဤခွန့်စားမှုကို ကျွန်မ ရှောင်လွှဲ၍မရသော အခြေခံအစိတ်အပိုင်းအဖြစ် ကျွန်မ လက်ခံလိုက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သည်။ စစ်ဘက်အရာရှိ တစ်ယောက်အနေနှင့် အိမ်ဖြူတော် တာဝန်ထမ်းဆောင်ရသည်မှာ စစ်မက်ဒေသတွင် တာဝန်ထမ်းဆောင်ခြင်းနှင့် အတူတူသာ ဖြစ်သည်။ ယူနီဖောင်းဝတ်စုံ ဝတ်ရသည်နှင့် အရပ်ဝတ် လုပ်ငန်းဝတ်စုံ ဝတ်ရခြင်းသာ ကွာခြားသည်။ သွားရေးလာရေးတွင် လင်မိုဆင်း (Limousine)ဇိမ်ခံကားစီးရသည်သာ ကွာခြားသည်။ အမှတ်-၁ လေတပ် (Air Force One)၊ မရင်း-၁ (Marine One)သည် သမားရိုးကျ စစ်တတ်ဖြန့်ခွဲ ရွှေ့ပြောင်းမှုအတွင်းရှိ ကျွန်မ ကြုံတွေ့ခဲ့ရသော ယာဉ်များနှင့် နှိုင်းယှဉ်သော် အလွန် စည်းစိမ်ရှိပါသည်။

လူများ ကြိတ်ကြိတ်တိုးနေသော တိုကျိုလမ်းများကို ကျွန်မတို့ မော်တော်ယာဉ်တန်း ဖြတ်သောအခါ ရာပေါင်းများစွာ အမေရိကန်နှင့် ဂျပန်အလံငယ်များ ကိုင်ထားသော ဂျပန်များက အနက်ရောင်တောက်ပနေသော လင်မိုဆင်းကားတန်းကြီးကို ဝှေ့ယမ်းပြကြသည်။ ကျောင်းသားကျောင်းသူလေးများက အလံကို ဝှေ့ယမ်းကာခုန်ပေါက်နေကြသည်။ အချို့က အမေရိကန်ကားတန်းကို လက်ညှိုးထိုးပြကာ သူတို့၏ ပြုံးနေသောပါးစပ်ကို ဖုံးကာထားကြသည်။ မြို့တွင်းခြောက်နိုင်ငံမှာ ခေါင်းဆောင်နှင့် အဖွဲ့များ၊ သတင်းထောက်များ ရောက်ရှိနေသောကြောင့် တိုကျိုတွင် ထိုကဲ့သို့ နိုင်ငံတကာ ယာဉ်တန်းများ သွားလာနေ သည်မှာ တစ်ပတ်ရှိပေပြီ။

ကျွန်မသည် အိမ်ဖြူတော်၏ ရှေ့ပြေး အကြိုအဖွဲ့အနေနှင့် သုံးလကြို၍ ပထမဆုံး ရောက်နေခဲ့သည်။ နိုင်ငံခြားခရီးစဉ်တိုင်းတွင် သမ္မတ၏ လည်ပတ်မှုအတွက် ကြိုတင်ပြင်ဆင်၍ မြို့ကိုလေ့လာရန် ရှေ့ပြေး အကြိုဝန်ထမ်းများကို အိမ်ဖြူတော်က တာဝန်ချထားသည်။ ဤအဖွဲ့၏ ဆေးဘက်ဆိုင်ရာ အကူအပံ့ပစ္စည်းများကို အကဲဖြတ်ရန်၊ သမ္မတအရေးပေါ်ကိစ္စဖြစ်သော် အသုံးပြုရန်၊ ဆေးရုံတစ်ခုကို ရာထားသတ်မှတ်ရန်၊ ထိပ်သီးဆွေးနွေးပွဲတွင် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုနေရာတွင် ပါဝင်သော အိမ်ရှင်သမားတော်များနှင့် တွေ့ဆုံရန်ဖြစ်သည်။ ထို့ပြင် သမ္မတ သွားရောက်မည့် နေရာများကို ကျွန်မက အဖွဲ့နှင့် သွားလာရသည်။ သမ္မတအတွက် ဘေးဥပဒ်ဖြစ်လာနိုင်ဖွယ်ရာရှိသော နေရာတိုင်းရှိ ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးထိခိုက်ဖွယ်များကို ကျွန်မက အနီးကပ် ကြည့်ရှုရသည်။ အပူလွန်ကဲ၍ နွမ်းနယ်ခြင်း၊ လေထုမကောင်းသောကြောင့် အသက်ရှုကျပ်ခြင်း၊ ဖြစ်ပွားလျက်သော ရောဂါများ၊ လဲပြိုခြင်း၊ သို့မဟုတ် ခလုတ်တိုက် ခြေချော်ခြင်းစသည့် ဂုဏ်သိက္ခာကို ထိပါးစေသော အန္တရာယ်အားလုံးကို ကျွန်မ လိုက်ကြည့်ရသည်။

'ရှင် ဘာကိုရှာနေတာလဲ' အမေရိကန်သံရုံးဆူနာပြုက ကျွန်မကို မေးလိုက်သည်။ သမ္မတသွားရောက်မည့်နေရာတိုင်းကို စစ်ဆေးနေသော ကျွန်မ၏ အမူအရာကို သူမ၏ မျက်လုံးပြာများက သိချင်စိတ်ဖြင့် လိုက်ကြည့်နေသည်။

'သမ္မတရဲ့ နေရာမှာ ကျွန်မကိုယ်ကျွန်မ ထည့်ပြီးတော့ နေရာတိုင်းမှာ သူ့ခြေလှမ်းအတိုင်း သွားကြည့်နေတာ။ ကျွန်မရဲ့ လျှို့ဝှက်လုံခြုံရေး ရဲဘော်တွေက ကျည်ဆန်တွေ၊ ဗုံးတွေကို ရှာနေတဲ့အချိန်မှာ ကျွန်မက အန္တရာယ်ဖြစ်လာနိုင်တဲ့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပိုးမွှားကောင်တွေ၊ ပတ်ဝန်းကျင်အခြေအနေတွေကို ရှာနေတာ'

သူမက နားလည်သည့်သဘောဖြင့် ခေါင်းညိတ်ပြသည်။

'ဒီကိုရောက်နေတဲ့ အတောအတွင်း သမ္မတ မဖျားမနာနေဖို့၊ အန္တရာယ်မဖြစ်ဖို့ ကျွန်မ သေချာစေချင်ပါတယ်'

'ကျွန်မတို့လည်း အဲဒီလိုပဲ ဖြစ်စေချင်ပါတယ်'။ သူမက ပြုံး၍ပြောသည်။ ထို့နောက် ထပ်ပြောလိုက်သေးသည်။

'ကျွန်မတို့က ရှင်တို့အဖွဲ့လို လုပ်ကိုင်နေရပြီး သမ္မတအသစ် ရောက်လာမှာကို ရင်မောနေရပေမယ့် ကျွန်မတို့ ချစ်စရာမြို့လေးက ရှင်တို့ ထွက်သွားမှာကိုပဲ ကျွန်မတို့ တကယ် မျှော်လင့်နေမိတယ်'

'ကျွန်မ ကောင်းကောင်း သဘောပေါက်ပါတယ်'။ ကျွန်မက စာနာမှုဖြင့် ပြောလိုက်သည်။ သမ္မတ၏ လည်ပတ်မှုအတွက် ပြင်ဆင်မှုများကို လပေါင်းများစွာကြာအောင် လုပ်ပြီးနောက် သံရုံးဝန်ထမ်းများက အတန်ငယ် ပင်ပန်း နွမ်းနယ်ကုန်ကြပြီဖြစ်၍ ထိပ်သီးတွေ့ဆုံပွဲ၏ နောက်ဆုံးနေ့တွင် သမ္မတလေယာဉ် လေတပ်အမှတ်-၁ (Air Force One)၏ ဘီးများကြွတက်သွားမည့်နေ့ကို မျှော်လင့်နေကြသည်။

ကျွန်မသည် ဆေးရုံများ၊ သမ္မတသွားမည့်နေရာများကို စစ်ဆေးနေသည်။ ထိုသို့မဟုတ်လျှင် ဟိုတယ်ရှိ အိမ်ဖြူတော် ဝန်ထမ်းများကို ကြည့်ရှုစောင့်ရှောက်ပေးရသည်။ သည်အလုပ်က ဘယ်တော့ဆုံးမည် မဟုတ်သည်ကို ကျွန်မ၏ ရှေ့ပြေးအကြို ခရီးစဉ်အတွင်းတွင် ကျွန်မ လေ့လာသိရှိလိုက်သည်။ နာရီပေါင်းများစွာကြာသော ပြင်ဆင်မှုခရီးစဉ် တွင် လူနာစောင့်ရှောက်မှုလည်း ရောယှက်ပါဝင်နေသည်။ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံပြီး သမ္မတ သွားရောက်နိုင်ခြေရှိ သော နေရာများကို ရှာဖွေပြီးနောက် အိမ်ဖြူတော်သတင်းအဖွဲ့ 'WHCA' (White House Communication Agency)ဝင်တစ်ဦး၊ သို့မဟုတ် ရှေ့ပြေးအဖွဲ့ဝင် တစ်ဦးဦး ဝမ်းလျှော၊ လေပြွန်ရောင်၊ ကျောနာဖြစ်နေသည်ဟုရေး၍ ကျွန်မ၏အခန်းတံခါးတွင် တိပ်နှင့်ကပ်ထားသော စာရွက်ကိုတွေ့ရန် ကျွန်မ ဟိုတယ်သို့ပြန်ရမည် ဖြစ်သည်။

ကျွန်မ၏ ရှေ့ပြေးအကြို ခရီးစဉ်အတွက် ကျွန်မဆေးအိတ်ထဲတွင် နားကြပ်၊ သွေးဖိအားတိုင်း ကိရိယာ၊ ပဋိ ဇီဝဆေးအစုံစုံနှင့် analgies ဆေးများသာ ထည့်ယူခဲ့သည်။ မူးယစ်ထုံထိုင်း (Narestics)ဆေးများကိုတော့ မယူခဲ့ပါ။ အကယ်၍ လူနာတစ်ယောက်ယောက်က ကျွန်မ မကုသနိုင်အောင် ဟိုတယ်မှာ အသည်းအသန်ဖြစ်လျှင် သူ၊ သို့မဟုတ် သူမကို ဒေသတွင်းရှိ အမေရိကန်စစ်ဆေးရုံသို့ ကျွန်မလွှဲပေးမည်၊ သို့မဟုတ် အရပ်ဘက်ကုသမှုကို ခံယူစေရန် သံရုံးသူနာ ပြု၏ အကူအညီဖြစ်စေ၊ သံရုံးသမားတော်၏ အကူအညီကိုဖြစ်စေ ကျွန်မ ယူမည်။ တစ်ပတ်ကြာ ရှေ့ပြေးအကြို ခရီး စဉ်ပြီးနောက် ကျွန်မတို့တွေ ရှိသည်ကို အစီရင်ခံရန်၊ ဆေးအဖွဲ့ကို လုပ်သင့်သည်များကို ပြောပြရန် ကျွန်မ ဝါရှင်တန်သို့ ပြန်ခဲ့သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တိုကျိုခရီးစဉ်မှာ ပြန်ခဲ့ပြီး နောက်ပိုင်း လများတွင် သမ္မတကလင်တန်၏ အကြီးတန်း သမားတော်နေရာနှင့် အိမ်ဖြူတော်ဆေးအဖွဲ့၏ ဒါရိုက်တာအဖြစ် ကျွန်မ ဆောင်ရွက်သည်။ အကြီးတန်း သမားတော်အနေနှင့် ၁၉၉၃ခုနှစ်၊ ဇူလိုင်လတွင် ဤ G-7 စီးပွားရေးထိပ်သီးဆွေးနွေးပွဲသို့ ကျွန်မ သမ္မတနှင့်အတူ လိုက်ပါခဲ့သည်။ ကျွန်မက ရှေ့ပြေးအကြို အဖွဲ့ကို ဦးစီး၍ မမျှော်လင့်ဘဲ ဖြစ်လာမည့် ပြဿနာအတွက် ကြိုတင်ပြင်ဆင်မှု အစီအစဉ်များကို ကောင်းကောင်းသိခဲ့ရသည်မှာ အကျိုးရှိပါသည်။ အခုဆိုလျှင် ကျွန်မက ဆေးအဖွဲ့အကြို အဖွဲ့ဝင်တစ်ယောက်အနေနှင့် အိမ်ဖြူတော်သူနာပြုတစ်ယောက်ကို တာဝန်ပေးထားသည်။ သူမက ကျွန်မတို့မရောက်မီ နောက်ဆုံးပြင်ဆင်မှုလုပ်ရန် တိုကျိုသို့ နှစ်ပတ်ကြိုထွက်သွားနှင့်သည်။

အရန် လင်မိုဆင်းကားထဲတွင် ထိုင်ရင်း ကျွန်မသည် ကလေးငယ်များကို လက်ပြန်ပြလိုက်သည်။ သူတို့ကတော့ ကျွန်မကို ဂျပန်အမျိုးသမီးတစ်ဦးဟု ထင်မှာသေချာသည်။ သမ္မတအတွက် ရာထားသတ်မှတ်လိုက်သော Reb တက္ကသိုလ်ဆေးရုံရှိ ဝန်ထမ်းတော်တော်များများသည် ထိုအမှားမျိုးကိုမှားကာ ကျွန်မကို သူတို့ဘာသာစကားနှင့် ပြောဆိုပါလေတော့သည်။ ကျွန်မကပြုံး၍ ခေါင်းကိုညွှတ်ကာ ‘ဝါကာရီ မာဆန်’ (Wakarimasen)ဟု ယဉ်ယဉ်ကျေးကျေး ပြန်ပြောလိုက်ပါသည်။ ယင်းမှာ ‘ကျွန်မ နားမလည်ပါဘူး’ဟု အဓိပ္ပာယ်ရသည်။ သူတို့ စိတ်ရှုပ်ထွေးသွားသည့် အသွင် ပေါက်သွားကြသည်။ စိတ်ရှုပ်ထွေးပါသည် ဆိုကာမှ ကျွန်မသည် တကယ်တော့ အမေရိကန်သမ္မတ၏ ဖိလစ်ပိုင်လူမျိုး ဆရာဝန်ဖြစ်ကြောင်း ရွှေရောင်ဆံပင်ပိုင်ရှင် အမေရိကန်သံရုံးဝန်ထမ်း သူနာပြုက ဂျပန်လို သွက်သွက်လက်လက် ထပ်၍ ရှင်းပြလိမ့်မည်ဖြစ်သည်။

တိုကျိုတွင် နေလိုက်ရသည့် ရက်သတ္တပတ်သည် ထိပ်သီးခေါင်းဆောင်များ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ နှစ်ဖက်တွေ့ဆုံ ဆွေးနွေးပွဲများ၊ စုပေါင်း ဓာတ်ပုံရိုက်ပွဲများနှင့်သာ ပြည့်လျှံ၍နေသည်။ ယင်းသည် သမ္မတ၏ ပထမဦးဆုံးသော နိုင်ငံခြားခရီးစဉ်ဖြစ်ပြီး နိုင်ငံတကာ ထိပ်သီးခေါင်းဆောင်များကြားတွင် အမြင်ကောင်းရရှိဖို့ သူ့အတွက် အရေးကြီးသည်။ တိုကျိုသို့ ကျွန်မ ရောက်ရှိနေစဉ်အတွင်း အမေရိကန်ကိုကိုယ်စားပြုသူ တစ်ယောက်အနေနှင့် ကျွန်မ၏ အခန်းကဏ္ဍကို အဓိကကျသော နေရာမဟုတ်ပေမယ့် ကျွန်မ သဘောပေါက်ပါသည်။ ကျွန်မတို့အိမ်ရှင်ကို ထိခိုက်စေမည့် ယဉ်ကျေးမှုတွင်းပေါက်များထဲသို့ ခြေချော်မကျအောင် ကျွန်မ သတိထား ရှောင်ပါသည်။

သို့သော် တိုကျိုရှိ ကြယ်စုံ၍ စိုစွတ်ပူအိုက်သော ဤညတွင် အားသွန်ခွန်စိုက် ပြင်ဆင်မှုများနှင့် ခြေလှမ်းမှန်မှန်မည့်အဖြစ်က ‘ကလင်တန်၏ အချိန်’ကြောင့် ချော်ထွက်သွားမလို ဖြစ်သွားသေးသည်။

■

ကေရာဇ်နန်းတော်၏ ကျောက်စရစ်တုံးများ ခင်းထားသော ဝင်းထဲသို့ ကျွန်မတို့ယာဉ်တန်းက တစ်လှိမ့်ချင်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တက်လာသောအခါ ဂျပန်ဝန်ကြီးချုပ်က သွားကို တင်းတင်းစေ့၍ စိတ်ကိုယဉ်ကျေးစွာ ထိန်းချုပ်ထားသည်။ ဘေလ်ကလင်တန် က ရောက်လာခဲ့ပါပြီ။ သူသည် ဂျပန်ကေရာစီနှင့် ညစာသုံးဆောင်ရန် ခုနစ်မိနစ် နောက်ကျသည်။

ကျွန်မသည် အရှေ့ကားထဲရှိ နောက်ခုံတွင် ထိုင်နေသောကြောင့် ဝန်ကြီးချုပ်၏ အသွင်အပြင်ကို လှမ်းမြင်နေရသည်။ ကျွန်မ၏ဘေးတွင် သမ္မတ၏ ကိုယ်ရံတော် 'အင်ဒရူးဖရင့်ဒလီး' (Andrew Frendly)ထိုင်နေသည်။ သူက ငယ်ရွယ်သားသားနားနားနှင့် စိတ်အားထက်သန်မှု ရှိသည်။ သူက သူ့တာဝန်ကို သူသိသောကြောင့် လွတ်လပ်သောကမ္ဘာက ခေါင်းဆောင်ကြီးနောက်ကျနေမည်ကို သူ စိုးရိမ်ပူပန်သည်။ 'သွားဖို့အချိန်တန်ပါပြီ သမ္မတကြီးခင်ဗျား'ဟု ဟိုတယ်အိုကူရာ (Hotel Okura)တွင် စောစောပိုင်းက သမ္မတကို သူ ထပ်ခါထပ်ခါ သတိပေးခဲ့ပါသည်။ သို့သော် တယ်လီဖုန်းခေါ်ဆိုမှုများနှင့် အကြီးတန်းဝန်ထမ်းများနှင့် ခဏတာ တွေ့ဆုံလိုက်မှုများက သမ္မတ၏ ပြင်ဆင်မှုအချိန်ကို စားသွားသည်။ မိနစ်များက တရွေ့ရွေ့ပြောင်းသွားသည်နှင့် ကျွန်မတို့က သမ္မတ ဘေလ်ကလင်တန်ကို ခေတ်လှေကားထဲသို့ တွန်းတွန်းထိုးထိုး ထည့်လိုက်ရတော့သည်။

တကယ့် အချိန်ရောက်ပြီ၊ နိုင်ငံတကာစင်မြင့်တွင် ကျွန်မတို့၏ လုပ်ဆောင်မှုများ အထစ်ထစ်အငေါ့ငေါ့နှင့် စတင်လိုက်သည်။ ဂျပန်လူမျိုးများအဖို့ 'သန့်ရှင်းမှု' ပြီးလျှင် နောက် 'အချိန်မှန်'မှုက ဒုတိယလိုက်သည်။ တကယ်တော့ နန်းတော်ဝင်းထဲတွင် အမေရိကန် ကိုယ်စားလှယ်အဖွဲ့ကို စောင့်၍ မတ်တတ်ရပ်နေသော ဂျပန်ဝန်ကြီးချုပ်သည် လွန်ခဲ့သော တစ်နှစ်က နိုင်ငံတော် ညစာစားပွဲတွင် မိုက်မအီမသာ ဖြစ်နေသော သမ္မတဂျော့ဘွတ်ရှ်၏ နံဘေးတွင် တောက်လျှောက်ထိုင်နေခဲ့ရသူ ဖြစ်သည်။ အခု သမ္မတအသစ်က အရင်လူထက်ပို၍ ရုပ်ပျက်အောင် လုပ်ပေတော့မည်။ သမ္မတ 'ဂျော့ဘွတ်ရှ်' ဂျပန်ဝန်ကြီးချုပ်၏ ပေါင်ပေါ်သို့ အန်ချလိုက်သောကြောင့် ဘုရင်နှင့် ညစာစားပွဲ နောက်ကျသွားခဲ့သည်။

'လင်းယုန်နဲ့ ထာဝရအစိမ်းက နန်းတော်ကိုရောက်ပြီ' ကျွန်မတို့၏ နေးကွေးမှုကို ဂျပန်များက စိတ်နှင့် သိပ်မတွေ့ကြသည်ကို လျှို့ဝှက်လုံခြုံရေး သိထားကြသလိုမျိုး ကျွန်မ၏ ရေဒီယိုနားထောင်ကိရိယာတွင် အသံက တုံ့ဆိုင်းတိုး သက်စွာ ပေါ်လာသည်။ သမ္မတ၏ကား Stagecoach က ခည့်ကြိုခန်းမရှေ့သို့ ရောက်လာကာ ဂျပန်ဝန်ကြီးချုပ်က ဘေလ်နှင့် ဟီလာရီကလင်တန်ကို နှုတ်ဆက်ရန် ရှေ့သို့တိုးသွားသည်။ သမ္မတက သူ့ဝတ်စုံနှင့် လိုက်ဖက်တင့်တယ်နေလျက် ဟီလာရီက ညနေခင်းဝတ်စုံနှင့် ပြုံးပြုံးပြက်ပြက် လက်နေသည်။ ထိုညနေ ဟိုတယ်ခေတ်လှေကားနှင့် ဆင်းလာသောအခါ သမ္မတက အနက်ရောင်ဝတ်စုံများ ဝတ်ထားသော လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့ဝင်များကို သမ္မတ တစ်ချက်လှည့်ကြည့်ကာ 'ငါတို့ အချိန်မမှန်သလို ဖြစ်နေသလား'မေးခဲ့သေးသည်။ သမ္မတက စကားပြောအခါ ကျွန်မ လူကွယ်သူကွယ် ခေတ်လှေကား၏နောက်ထဲတွင် မတ်တတ်ရပ်နေသည်။ လုံခြုံရေးအဖွဲ့ဝင်များသည် ကျည်ကာအင်္ကျီနှင့် လည်ပင်းနက်များ



www.burmeseclassic.com

www.burmeseclassic.com



တတ်ဆင်ထားသည်ကို သိထားသောကြောင့် လူများက သတိမထားမိအောင်၊ သေသပ်လှပစွာ စိတ်ဝင်စားအောင် တတ်ဆင်ထားကြသည်ဟု ကျွန်မစိတ်ထဲ တွေးမိသည်။

ဝန်ကြီးချုပ်က ခပ်ဆတ်ဆတ် ဦးညွှတ်လိုက်ပြီး သမ္မတနှင့် သမ္မတကတော်ကို လက်ဆွဲနှုတ်ဆက်သည်။ ထို့နောက် တင်းမာမှုကို ခံစားမိသည်နှင့် ဘေလ်ကလင်တန်က သူ၏ပညာစွမ်းကို ပြပါတော့သည်။ သူက ဝန်ကြီးချုပ်စိတ်ထဲရှိ နီးရိမ်စိတ်ကို ရအောင်ဖော်ထုတ်ယူသည်။ သူပြောသည့်စကားကိုတော့ ကျွန်မ မကြားရပေ။ သူပြောသမျှက ဝန်ကြီးချုပ်က အောက်သက်သက်နှင့် ပြုံးနေသည်သာ ဖြစ်၏။ ဝန်ကြီးချုပ်က သူတို့ကို တခြား ထိပ်သီးခေါင်းဆောင်များ၊ ဇနီးများနှင့် တွေ့ပေးရန် ခန်းမကြီးထဲသို့ ဦးဆောင်ခေါ်သွားသည်။

'အင်ဒရူး'နှင့် ကျွန်မက အရှေ့ကားထဲမှ ခုန်ဆင်းကာ နန်းတော်ထဲသို့ လျှို့ဝှက်လုံခြုံရေး ခေါင်းဆောင်နောက်မှ လိုက်၍ ဝင်သွားသည်။ နန်းတော်ရှိ ထိပ်သီးခေါင်းဆောင်များ ညစာစားပွဲအတွက် လျှို့ဝှက်လုံခြုံရေး ခေါင်းဆောင်မှာ 'စတိဗ်ဘာချာ' (Steve Bachar)ဖြစ်သည်။ ရုပ်ရှင်မင်းသား ရုပ်ရည်ရှိသော 'စတိဗ်'မှာ စောစောပိုင်းရောက်ခါစ ချတ်ချော်မှုများ ရှိသော်လည်း တည်တည်ငြိမ်ငြိမ်နှင့် ထိန်းချုပ်နိုင်အားရှိသည်။ သမ္မတနှင့်၊ သမ္မတကတော်နှင့် အာရုံသွေးပါသော လျှို့ဝှက်လုံခြုံရေး တစ်ယောက်တို့ ခန်းမကြီးထဲသို့ ခေါ်သွားသည်ကို သူက စောင့်ကြည့်နေသည်။ ခန်းမကြီးထဲတွင် တခြားခေါင်းဆောင်များ စောင့်နေကြသည်။ အခန်းကို တတ်ဆင်ထားသည့် ထူထဲသည့် တံကားကြီးများက ပိတ်သွားကာ လျှို့ဝှက်လုံခြုံရေးများက ထိုတံကားရှေ့တွင် နေရာယူထားကြသည်။

'ဒီလမ်းပါ၊ ဆရာမ'အဝင်ပေါက်ဘေးရှိ အခန်းတစ်ခုကို 'စတိဗ်'က ကျွန်မကိုညွှန်ပြသည်။ ယင်းမှာ ဂျီ-ခုနစ်င်း (G-7)ခေါင်းဆောင်များ၏ ဝန်ထမ်းများအတွက် ပွဲပိုးနားနေခန်း ဖြစ်သည်။ ကျွန်မတို့အတွက် ခေါင်းဆောင်များ အကူအညီလိုအပ်လျှင် အသင့်စောင့်နေရန် အခန်းဖြစ်သည်။ အရေးအကြီးဆုံး အရာတစ်ခုရှိသည်။ အစားအစာဖြစ်သည်။ အိမ်ဖြူတော်ဝန်ထမ်းများက ဒါကို အချက်အလက်တစ်ခုအနေနှင့် သိထားကြသည်။ အတူသဖြင့် နိုင်ငံခြားခရီးစဉ်များတွင် သူတို့သည် အစဉ်သဖြင့် အလုပ်ပိုလုပ်၍ အစားနည်းနည်း စားကြရသည်။ ဆေးအဖွဲ့တွင် ကျွန်မတို့ကြုံတွေ့ရမည့် ပွဲပိုးမှု အဆင့်အတန်းကို ကျွန်မ ခွဲခြားထားသည်။ ပြင်းထန်စွာ ဒဏ်ရာရပါက အဆင့်-၁ ဖြစ်သည်။ ပွဲပိုးမှု-၁သည် အဆိုးဆုံးက ဖြစ်သည်။ အကောင်းဆုံး၏ အကောင်းဆုံးဖြစ်၍ သည်ထက်ကောင်းတာ ဘာမျှမရချေ။ မာရီယာနီ အဆင့်-အတွက်ကတော့ အစားအစာပူပူနှင့် သောက်စရာအေးအေး ပေးရန်ဖြစ်သည်။ အမြင့်ဆုံးပွဲပိုးမှုမှာ ဖြစ်စဉ်နှင့် သင်၏ခေါင်းဆောင်ကို စောင့်ကြည့်နိုင်သည့် ရုပ်မြင်သံကြားပါသည့် အဆင့်-၁ဖြစ်သည်။ နန်းတော်ထဲရှိ အခန်းထဲရှိ အခန်းလေးထဲသို့ ဝင်လိုက်သောအခါ အဆင့်-၁ ပွဲပိုးမှုကို ကျွန်မ မျှော်လင့်တောင်းတမိသည်။ တိုကျိုရှိ အကောင်းဆုံး အစားအစာကို

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ကျွေးမည်ဟု ပေးထားသောကတိကြောင့် ကျွန်မ သွားရည်ယိုသည်။ ကျွန်မတို့ အခန်းထဲသို့ လှမ်းဝင်လိုက်သောအခါ ရေတပ်စစ်ဘက် ကိုယ်ရံတော်သည် ထိုနည်းအတိုင်း စဉ်းစားနေသည်။

'ဒီညတော့ ကျွန်တော်တို့ 'ဆူရှီ'ကောင်းကောင်းလေး ရလောက်ပါတယ်' သူက မသက်မသာနှင့် ပြောလိုက်သည်။ ထိပ်သီးဆွေးနွေးပွဲရှိ နိုင်ငံတစ်ခုစီကို ကိုယ်စားပြုထားသည့် အလံများစိုက်ထားသော စားပွဲခုနစ်ခုထဲမှ တစ်ခုဆီသို့ 'စတိဗ်'က ကျွန်မတို့ကို ဦးဆောင်ခေါ်သွားသည်။ အခန်း၏ အလျားတစ်လျှောက် ကျွန်မ ကြည့်လိုက်တော့ အစွန်းတွင် ရုရှားအလံ စိုက်ထားသည်ကို မြင်လိုက်ရသည်။ ထိုစားပွဲတွင် ပင်ပန်း၍ ပျင်းရိပုံပေါက်နေသော တုတ်တုတ် ခိုင်ခိုင် လူသုံးယောက် ထိုင်နေကြသည်။ အမေရိကန်အဖွဲ့ဖြစ်သော 'စတိဗ်'၊ 'အင်ဒရူး' စစ်ဘက်ကိုယ်ရံတော် 'အိမ်ဖြူတော် ဆက်သွယ်ရေးအရာရှိနှင့် ကျွန်မက ကျွန်မတို့စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ကိုယ်စားလှယ်တစ်ဖွဲ့စီကို ကျွန်မ ငုံ့စောင်းကြည့်သည်။ မျိုးတူလူမျိုးချင်း အသွေးအသွင် တူနေသည့် အံ့သြဖွယ်ရာတွေ့ရသည်။ အများအားဖြင့် ယောကျ်ားများဖြစ်ပြီး 'ကော့ကေးဆပ်'၊ သို့မဟုတ် အာရှသားများက အစိုးကလွှမ်းမိုးနေသည်။ တခြားတစ်ဖက်တွင် အမေရိကန်ကိုယ်စားလှယ် အဖွဲ့၌ အမေရိကန်၊ အာဖရိက အိမ်ဖြူတော် ဆက်သွယ်ရေးအရာရှိနှင့် အာရှတိုက်သား အမျိုးသမီးလည်းဖြစ်သော ကျွန်မ ရှိနေသည်။ လူမျိုးရောစပ်မှုကြောင့် ကျွန်မတို့က ပေါ်လွင်နေသည်။ အမေရိကန်နိုင်ငံသားဖြစ်ရသည်ကို ကျွန်မ ဂုဏ်ယူပါသည်။

ကျွန်မတို့၏ လေးထောင့်စားပွဲတွင် စားပွဲခင်းအဖြူ ရှိုးရှိုးရှင်းရှင်းအုပ်ထားလျက် အစွန်းရှိ စင်မြင့်လေးပေါ်တွင် အမေရိကန်အလံ စိုက်ထားသည်။ စားပွဲပေါ်တွင် သုံးမျိုးသော အရာသာရှိသည်။ စီးကရက်ထည့်ထားသော Waterf[illegible] ခရစ္စတယ် သေတ္တာ၊ ရေခဲနှင့် Kirin ဘီယာငါးပုလင်း ထည့်ထားသော အစွန်းအထင်းမရှိသည့် သံမဏိခြင်း၊ ငှက်ပျောသီး ထည့်ထားသော ငွေလင်ပန်း 'ကျွန်မတို့က စီးကရက်နှင့်ငှက်ပျောသီးကို မထိကြချေ။ ကျွန်မတို့ အဆုတ်နှင့်ခံတွင်း[illegible] အပျက်မခံနိုင်။ ကျွန်မတို့သည် တာဝန်ထမ်းဆောင်နေချိန်ဖြစ်၍ ဘီယာ မသောက်နိုင်ကြပါ။

သို့သော် နန်းတော် ပုံပိုးနားနေခန်းထဲတွင် ကျွန်မတို့ သုံးနာရီကြာ နေခဲ့စဉ်အတွင်း မည်သည့်အစားအသောက်[illegible] လာမကျွေးပါ။ ထမင်းတစ်ပွဲမျှပင် မပေးပါ။ စီးကရက်၊ ဘီယာနှင့်ငှက်ပျောသီးသာ ရှိသည်။ ညနေပိုင်းရောက်ခါနီးသော အခါ အနက်ရောင်ဝတ်စုံဝတ်ထားသော နန်းတော်ဝန်ထမ်းများက ငှက်ပျော်သီး ပန်းကန်ကို လာသိမ်းသွားသည်။ တခြား ကိုယ်စားလှယ်များကတော့ စီးကရက်နှင့် ဘီယာကို အားမနာ ပါးမနာ သုံးဆောင်နေကြသည်။ ကျွန်မ၏ ရဲဘော်များ[illegible] ကျွန်မကတော့ စီးကရက် မီးခိုးမွှန်နေသည့် အခန်းတွင် ဆာလောင်မွတ်သိပ်၊ ပင်ပန်းခရီးကြောင့် ကြောင်စီစီ[illegible] ထိုင်နေကြသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'လင်းယုန်နဲ့ ထာဝရအစိမ်းရောင် ကားတွေဆီကို သွားနေပြီ'

လျှို့ဝှက်လုံခြုံရေးက ပြောလိုက်သောအခါ ကျွန်မတို့ စားပွဲကပေါ့ပါးသွားကြသည်။ ကျွန်မတို့သည် နန်းတော်မှ ထွက်ခွာကာ ဟိုတယ်သို့ပြန်ကြသည်။

'အခန်းထဲမှ သုံးဆောင်ဖို့၊ ဒီမှာ ကျွန်တော်တို့ လာပါပြီ'

သမ္မတနှင့် သမ္မတကတော်တို့၏ ရှေ့သို့ရောက်အောင် သွားလျက် မော်တော်ယာဉ်တန်းဆီသို့ ကျွန်မတို့ သွားနေစဉ် စစ်ဘက်ကိုယ်ရံတော်က အရှန်းဖောက်လိုက်သည်။

ဟိုတယ်သို့ပြန်သောခရီးက စီစဉ်ထားသည်ထက် ပို၍ကြာသလိုရှိသည်။ ကျွန်မက သမ္မတ၊ သမ္မတကတော်နှင့်အတူ ဓာတ်လှေကားနှင့် တက်သောအခါ သမ္မတက တစ်ချက်ငဲ့ကြည့်ကာ ကျွန်မကို ကွဲရှရှအသံနှင့် မေးပါသည်။

'ဒေါက်တာ... နန်းတော်မှာ ပျော်ခဲ့ရဲ့လား'

ကျွန်မ၏ဘေးတွင် မတ်တတ်ရပ်နေသော ရေတတ်စစ်ဘက်ကိုယ်ရံတော်က အဝေးသို့ ကြည့်နေသည်။

'ဟုတ်ကဲ့။ အမှတ်ရစရာ အကောင်းဆုံး ညနေခင်းပါ' ကျွန်မက သံခင်းတမံခင်းအားဖြင့် မှတ်ချက်ပေးလိုက်ပါသည်။ ထိုညက ကျွန်မတာဝန်မှာ ညစာစားရန်၊ ပျော်စရာကောင်းရန် မဟုတ်၊ ကျွန်မ၏တာဝန်က လူနာများကို စောင့်ရှောက်ရန် ဖြစ်ကြောင်း ကျွန်မ သိပါသည်။ သမ္မတ၏အသံကြောင့် ကျွန်မ၏ရည်ရွယ်ချက်ကို အာရုံစိုက်မိသွားသည်။

'သမ္မတကြီး၊ ဒီညအသံက ကွဲရှရှဖြစ်နေတာ ကျွန်မ သတိထားမိပါတယ်၊ အစစအရာရာ အဆင်ပြေပါရဲ့လား'

သမ္မတကတော်က ကျွန်မကိုလှည့်ကြည့်ကာ ဘာမှမပြောဘဲ ခေါင်းညိတ်ပြသည်။

'ကျွန်တော်ပင်ပန်းသွားတယ် ဒေါက်တာ၊ အိပ်ပြီး ပင်ပန်းနေတဲ့ အသံအိုးလေပြွန်တွေကို အနားပေးဖို့လိုတယ်' သူက ပင်ပန်းနွမ်းနယ်စွာ ပြောနေချိန်တွင် သမ္မတကတော်က ဓာတ်လှေကားထဲမှ ထွက်လိုက်သည်။

'ကောင်းသောညပါ... အားလုံးကို နှုတ်ဆက်ပါတယ်'

လျှို့ဝှက်လုံခြုံရေးများက သမ္မတနှင့်သမ္မတကတော်ကို သူတို့အခန်းသို့ လိုက်ပို့သည်ကို ကျွန်မ စောင့်ကြည့်သည်။ ထို့နောက် ရေဒီယိုမှ ကြေညာချက် ထွက်ပေါ်လာသည်။

'လင်းယုန်နဲ့ ထာဝရအစိမ်း အိပ်ယာဝင်သွားပြီ'

သမ္မတ၏ အခန်းဘေးရှိ အိမ်ဖြူတော်အကူများနေသော အခန်းတွင် ကျွန်မ ရပ်လိုက်သည်။ အခန်းတံခါး ဖွင့်နေပြီး လီတို (Lito Bautista)က သမ္မတ၏ အင်္ကျီများကို မီးပူတိုက်နေသည်ကို မြင်ရသည်။ ဖာမာ (Fama)အိတ်များကို ထုပ်ပိုးနေပြီး ဖရက် (Fred Sanchez)က ကော်ဖီငှဲ့နေသည်။ ကျွန်မက အထဲသို့ ဒယိမ်းဒယိုင် ဝင်သွားပြီး ဆေးအိတ်ကို

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ကုလားထိုင်တစ်ခုပေါ်တွင် တင်လိုက်သောအခါ သုံးယောက်သား ကျွန်မကို မော့ကြည့်သည်။

'ဒေါက်တာ၊ ခင်ဗျားကြည့်ရတာ ဆာနေပုံရတယ်' ဂျိုး (Joe)က ကျွန်မကို နှုတ်ဆက်သည်။

ဤအိမ်ဖြူတော်အကူများသည် အံ့ဩဖွယ်ကောင်းသော လူကဲခတ်သမားများပါလားဟု ကျွန်မတွေးမိသည်။ ဂျိုးက ကျွန်မ မီးဖိုချောင်ငယ်လေးဆီသို့ ခေါ်သွားသည်။ ထိုနေရာတွင် သူက ရေနွေးငွေ့ကိုယူကာ ခေါက်ဆွဲခွက်ထဲသို့ လောင်းထည့်သည်။ ထို့နောက် ငွေဇွန်းတစ်ခုနှင့် ကျွန်မကို လှမ်းပေးသည်။

'ဖရက်'က ကိုကာကိုလာတစ်ခွက် ယူလာသောအခါ ကျွန်မက မီးဖိုဘေးက စားပွဲသေးသေးလေးတွင် ဝင်ထိုင်လိုက်သည်။ ဆာဆာနှင့် ကျွန်မ မျိုချလိုက်သောအခါ အာခေါင်ပူသွားပြီး ခေါက်ဆွဲပူပူငွေ့များက နှာခေါင်းထဲဝင်လာသည်။ အိမ်ဖြူတော် အကူများက ကျွန်မကို ကြည့်၍ပြုံးကြသည်။

ထိုညရှိ တိုကျိုကို ကျွန်မ ပြန်တွေးကြည့်လျှင် နန်းတော်၏ ခံ့ညားထည်ဝါမှုနှင့် G-7 ထိပ်သီးဆွေးနွေးပွဲ၏ အခမ်းအနားပွဲများကို သတိရပါသည်။ သို့သော် ကျွန်မ အမြင့်တန်းတွေးမိသည်မှာ ကျွန်မအတွက် ရိုးရိုးရှင်းရှင်း ခေါက်ဆွဲပြုတ် လေးတစ်ခွက်က ထိုညတိုကျိုတွင် စားလိုက်ရသော အကောင်းဆုံးအစားအစာ မည်သို့မည်ပုံ ဖြစ်သွားရသည်ဟူသည့် အကြောင်းပင် ဖြစ်သည်။

■

ပွဲကြီးလမ်းကြီးများကို ကျွန်မက သမ္မတနှင့်အတူ မကြာခဏ တက်ရသည် မဟုတ်ပါ။ ဆေးအိတ်များကို တနင့်တပိုး လှည့်လည်ဆွဲကိုင်လျက် ဘေးတွင် စောင့်ဆိုင်းနေရသည့်အခါမျိုးက မကြာခဏရှိသည် မဟုတ်ပါ။ အိမ်ဖြူတော်ပွဲတွင် ဧည့်သည်တစ်ယောက်အနေနှင့် ကျွန်မ၏အချိန်မှာ သတိရဖွယ်အဖြစ်ဆုံးနှင့် မှတ်မှတ်ရရဖြစ်စရာ အကောင်းဆုံး ဖြစ်ပါသည်။ နိုင်ငံတော် ထမင်းစားခန်းထဲတွင် ခမ်းနား၍ တောက်ပလင်းလက်နေသော မီးအိမ်ပန်းဆိုင်းကြီးများ အောက်တွင် ကျွန်မတို့ မတ်တတ်ရပ်နေကြသည်။ ၁၉၉၄ခုနှစ်၊ ခရစ္စမတ်မတိုင်မီ တစ်ပတ်အလိုတွင် ဖြစ်သည်။ အိမ်ဖြူတော် တစ်ခုလုံး နှစ်ရာ၊ သို့မဟုတ် နှစ်ရာထက်ပိုသော သမ္မတ၏ မိတ်ဟောင်းဆွေဟောင်းများက သမ္မတအိမ်ဖြူတော်မှ မထွက်ခွာမီ နောက်ဆုံးနှုတ်ဆက်ပွဲ အားလပ်ရက် ပါတီကျင်းပရန် အိမ်တော်တစ်ခုလုံး အပြည့်ရောက်ရှိနေသည်။

ကတ္တီပါအင်္ကျီအနီရောင်နှင့် အနက်ရောင် ပိုးစကတ်ဝတ်ထားသော ကျွန်မသည် ကြော့ကြော့မော့မော့ ဖြစ်နေပြီး တင်ပါးတွင် လျှို့ဝှက်လုံခြုံရေး ရေဒီယိုကြီး၏ ဝန်ထုပ်ဝန်ပိုး၊ သို့မဟုတ် ကျွန်မ၏ ညနေခင်းဝတ်စုံမှ ထိုးထိုးထောင်ထောင်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ချွက်နေသော ဒုက္ခမှ သည်ညနေတွင် ကျွန်မ ကင်းလွတ်နေသည်။ လက်ထဲတွင် လင်ပန်းငယ်ကို ကိုင်လျက် လူတန်းထဲတွင် ကျွန်မ မတ်တတ်ရပ်နေသည်။ အမဲကင်၊ ဟင်းသီးဟင်းရွက်နှင့် အိမ်ဖြူတော် စားဖိုမှူး၏ နာမည်ကျော် သစ်သီးရည်များ ပါသော ပုစွန်တုပ်ကြီး ကော့တေးကို ပန်းကန်တွင်ဖြည့်ရန် အသင့်ဖြစ်နေသည်။

'သူ ပုစွန်တုပ်ဆို့နေပြီ ထင်တယ်'

ကျွန်မ ပန်းကန်ချလိုက်သောအခါ ကျွန်မနားကို တိုးတိုးလာပြောသံ ကြားရသည်။ 'ဘူဖေး' စားပွဲကိုပတ်၍ ချွက်လိုက်သောအခါ၊ ပုပြတ်ပြတ်၊ တောင့်တောင့်၊ မျက်နှာနီနီနှင့် လူလတ်ပိုင်းအရွယ်ရှိ လူတစ်ယောက် သူ့လည်ပင်းကို သူဖျစ်ညှစ်နေသည်ကို ကျွန်မ မျက်စောင်းထိုးနေရာတွင် မြင်လိုက်ရသည်။ သူ့ကိုမြင်တော့ 'စင်တာ ကလော့' ငယ်ငယ်ကို သွားသတိရမိသည်။ အိမ်ဖြူတော်၏ နိုင်ငံတော်ထမင်းစားခန်းထဲတွင် ပျော်ရွှင်စားသောက်နေသူများ၏ အလယ်၌ သေမ တတ် ဆို့နင့်နေသည်ကို သူက တတ်နိုင်သမျှ ဖုံးဖုံးဖိဖိလုပ်ဖို့ ကြိုးစားနေရှာသည်။ ဧည့်သည်တော်များက အချင်းချင်း ဒိုင်နာဝတ်စုံနှင့် ပြိုးပြိုးပြက်ပြက်လက်နေသော အားလပ်ရက်ဝတ်စုံများကိုကြည့်ကာ ပခုံးချင်း ယှဉ်တန်းလျက် မတ် တတ်ရပ်နေကြသည်။ မျှော်လင့်တောင့်တသော သမ္မတဖိတ်ကြားမှုကို ရရှိထားသည့် အခန်းထဲရှိလူတိုင်း ဂုဏ်ယူဝင့်ကြွား နေကြသည်။ ဤအချိန်အခါသည် အေးဆေးတည်ငြိမ်၍ ထည်ဝါတင့်တယ်သော အခါသမယ ဖြစ်သည်။ အကယ်၍ အစိုးရတစ်ယောက်ကသာ လည်ပင်းနင်နေသော လူကို လူတိုင်း သတိထားမိခဲ့ပါလျှင် သူတို့သည် သူနှင့်သူ၏ ဖြစ်လုဆဲ အရှုံးနောက်စရာ ပြဿနာကို မသိကျိုးကျွန် ပြုကြမည်သာ ဖြစ်သည်။

'ရှင်… စကားပြောနိုင်သလား'

ကျွန်မက လူတန်းမှထွက်၍ သူ့ဘေးသို့ဝင်လိုက်ကာ ထိုလူကိုရည်ညွှန်း၍ မေးလိုက်သည်။ အနီရောင်နှင့် ရွှေရောင်ကြမ်းခင်း ကော်ဇောကိုသာ တစ်ချိန်လုံး ငုံ့ကြည့်လျက် သူက ချောင်းဆိုးဖို့ ကြိုးစားနေသည်။ ကျွန်မကို မော့ မကြည့်ချေ။ သူ့ဆီက ကြားရသည်ကတော့ တရှုံရှုံ မြည်နေသော အသံကျယ်ကျယ်ပင် ဖြစ်၏။ အတိတ်နိမိတ် မကောင်း သောအသံကြောင့် ကျွန်မ သွေးခုန်နှုန်းများ ပိုမြန်လာသည်။

'ရှင်… စကားပြောနိုင်သလား'

ဤအရေးပေါ် အခြေအနေကုသရန် ကျွန်မကိုယ်ကျွန်မ ပြင်ဆင်လျက် သူ့ကို တစ်ကြိမ်ထပ်မေးလိုက်သည်။

သူက ခေါင်းယမ်းလျက် သူ့လည်ပင်းကိုသာ ဖျစ်ညှစ်နေသည်။ ကျွန်မက အားလပ်ရက်ဝတ်စုံကို သားနားနား သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားသော်လည်း သူ့ကို ကယ်တင်ဖို့အသွင်သို့ ပင်ကိုအသိဖြင့် ပြောင်းလဲလိုက်သည်။ ပတ်ဝန်းကျင်ကို သတိထားလျက် ဆို့နင့်နေသောလူ၏ နောက်ဘက်သို့ ကျွန်မ အသာလေးသွားကာ သူ့ဝမ်းဗိုက်ရှေ့သို့ သိုင်းဖက်လိုက်ပြီး

the bookhouse
we bring your dreams
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ လက်သီးနှစ်ဖက်ကို သူ၏ ရင်ဘတ်နံရိုးနှင့် ဝမ်းဗိုက်ခြေကြားတွင် ထားလိုက်သည်။ ထို့နောက် နောက်ဘက်ရှိ ရေတပ်တီးဝိုင်းက တီးခတ်နေသော သံစုံတီးဝိုင်း စီးချက်နှင့် ကိုက်ညီလုနီးပါး၊ ထိုသူ၏ ဗိုက်ကို ခပ်သာသာလေး သုံးချက်ထိုးလိုက်သည်။ အခန်းက ရယ်မောသံများ၊ သာယာသောစကားသံများဖြင့် ပြည့်လျှံကာနေသည်။ သို့သော် ကျွန်မကြားနေရသည်ကတော့ ကျွန်မ၏ အသက်ရှူသံနှင့်၊ ထိုးချက်နှင့်အတူ 'တစ်' 'နှစ်' 'သုံး'ဟူသော ကျွန်မ၏ ရေတွက်သံပင်ဖြစ်၏။ တတိယမြောက်ထိုးချက်တွင် ထိုသူက ရှေ့သို့ကိုင်းညွတ်သွားကာ သူ့လက်များက စားပွဲပေါ်သို့ ထောက်လိုက်သည်။ သည်လူတော့ သတိလစ်ပြီး ရှေ့ဘက်သို့ ပြုတ်ကျသွားတော့မည်အထင်ဖြင့် ကျွန်မက ချွေးများ ထွက်လာကာ ကျွန်မအနေအထားကို ချိန်ဆလိုက်သည်။ ကျွန်မ၏ လှုပ်ရှားမှုက သူ့ကို ကြမ်းပြင်ပေါ်သို့ ညင်ညင်သာသာကျအောင် လုပ်ပေးမည်။ သူ့ကို ကျွန်မက ကားရားခွ၍ ပိုမိုပြင်းပြင်း လေထိုးပေးရန် လိုသည်။ သမ္မတဂျော့ဘွတ်ရှ်၏ ခရစ္စမတ်ပွဲတော်ကြီးအလယ်တွင် အရေးပေါ်လှုပ်ရှားနေသည့် ကိုးရိုးကားရားပုံစံကို ကျွန်မ တကယ်ပင် မြင်ယောင်ကြည့်မိပါသည်။ လည်ပင်းနင်နေသောလူကို ကားရားခွနိုင်ရန် ထိုနေ့ညနေက ကျွန်မ ဝတ်ဆင်ခဲ့သော်လည်း ထိုလူကို ကျွန်မ သေခွင့်ပေးမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် လူမှုရေးအရကြည့်လျှင် မသက်မသာ ဖြစ်နေသောကြောင့် ဖြစ်သည်။

ကံကောင်းထောက်မစွာပင် သူက ရှေ့သို့ကုန်းကာ အရည်ရွှမ်းသော ပုစွန်တုပ်ကြီးကို ထွေးချလိုက်သည်။ ကျွန်မ လုပ်ကိုင်နေစဉ် တစ်လျှောက်လုံးငြိမ်နေသော သူ့အဖော်က သူ့ကို လက်သုတ်ပဝါ ကမ်းပေးသည်။ ကျွန်မ၏ ဒုက္ခသည်က သူ့နှုတ်ခမ်းကို သုတ်သည်။ ကျွန်မကို ခုအထိ မျက်နှာချင်းမဆိုင်သေးချေ။

'အခု အဆင်ပြေသွားပြီလား' ကျွန်မ၏ နဖူးမှချွေးများကို သုတ်ရင်း သူ့ကိုမေးလိုက်သည်။ ကော်ဖော ငုံ့ကြည့်ရင်း သူက ခေါင်းညိတ်သည်။ 'ဟော့… ဒေါက်တာ' အုတ်အုတ်ကျက်ကျက် ဆူညံနေသော အသံတွေကြား အမျိုးသမီးတစ်ဦး၏အသံက ပေါ်ထွက်လာသည်။

'ဒေါက်တာ… အကူအညီလိုသလား'

ဆေးအဖွဲ့ရှိ အကြီးတန်းအဖွဲ့ဝင်၊ အကြီးတန်းမှူး 'မေရီအန်းချန်ဒလာ' (Mary Ann Chandler)ဖြစ်သည်။ ထိုညက 'မေရီအန်း'သည် လေတပ်လက်ထောက်သမားတော် 'ဂါရီ ဒန်ဟန်' (Gary Dumham)နှင့်အတူ တာဝန်ကျသည်။ ထိုပွဲ၏ တာဝန်ကျသမားတော်က အားလပ်ရက်ခါတ်ပုံ ရိုက်ပွဲများတွင် သမ္မတ၏နောက်ကို လျှောက်လိုက်နေ သံတမန်ညှော့ကြိုခန်း၏ အောက်ထပ်တွင် ရှိနေသည်။ မကြာမီ 'ဂါရီ'က ကျွန်မ၏ဘေးသို့ ရောက်လာသည်။ သူ ထိုလူကို လှမ်းကြည့်ရင်း ပြောသည်။

'ကျွန်တော် သူ့ကို သန့်စင်ခန်းထဲမှာ ကြည့်လုပ်ပေးလိုက်မယ်'

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ဂါရီ'က ထိုသူနှင့် အတူလိုက်သွားပြီး ထိုသူ၏အဖော်က ထမင်းစားခန်းထဲမှ ထွက်ခွာသွားတော့သည်။ အခန်းထဲရှိ တစ်ဦးတစ်ယောက်မျှ အရေးပေါ်ကိစ္စကို သတိထားမိပုံမရဟု ကျွန်မကမှတ်ချက်ချရင်း သူတို့ထွက်သွားသည်ကို ကြည့်နေမိသည်။

ကျွန်မက 'မေရီအန်း'ကို စိုက်ကြည့်လိုက်သည်။

'မင်း… ဘယ်ရောက်သွားတာလဲ' ကျွန်မကမေးသည်။ 'စောစောက ငါ မင်းကိုသုံးမလို့'

'ကျွန်မတို့ အစားအသောက်စားပွဲဆီသို့ ရောက်ဖို့ လူတန်းထဲမှာ စောင့်နေတာ။ ကျွန်မ ဒေါက်တာကို လူတစ်ယောက်နဲ့အတူ မြင်တယ်။ ဘာဖြစ်နေတာလဲလို့ စဉ်းစားနေတာ၊ ပြဿနာတစ်ခု ဖြစ်နေတယ်လို့တော့ လုံးဝမထင်ဘူး'

'မင်း ငါ့ကိုမြင်တယ် ဟုတ်လား။ အဲဒီလူက လည်ပင်းနင်နေတာ။ ငါသူ့ကို လုပ်ကိုင်ပေးနေတာလို့ မင်းသဘောပေါက်ဘူးလား' ကျွန်မက ခေါင်းကိုယမ်းကာ သူမကိုမေးလိုက်သည်။

'တကယ့်ကို သဘောမပေါက်တာပါ ဒေါက်တာ။ ဒေါက်တာက သိပ်တည်ငြိမ်နေတော့။ သူက ဒေါက်တာရဲ့ မိတ်ဆွေတစ်ယောက်လို ထင်ပြီး သူ့ကို ပယ်ပယ်နယ်နယ်ကြီး ဖက်နေတယ်လို့ ထင်လိုက်တာ'

'သူမမှတ်ချက်ကို ကျွန်မအား ချီးမွမ်းဂုဏ်ပြုသော စကားဟုသာ မှတ်ယူလိုက်ပါတော့သည်။ ကျွန်မက ဤ (Heimlich)လှုပ်ရှားဆောင်ရွက်မှုကို ဆေးကျောင်းကတည်းက လုပ်ခဲ့သည်။ ကျွန်မသည် ထိုလူ၏အသက်ကို ကယ်ခဲ့သည်ဟု တချို့က ဆိုကောင်းဆိုမည်။ သို့သော် သူ၏နာမည်ကို ကျွန်မ လုံးဝမသိခဲ့ပါချေ။ ညနေခင်းတစ်လျှောက်လုံး State Floor တွင် တခြားအခန်းများထဲသို့ ကျွန်မ လှည့်လည်သွားလာသောအခါ ထိုသူနှင့် သူ၏အဖော်သည် ပေအနည်းငယ်အဝေးတွင်သာ ရှိသော်လည်း သူသည် ကျွန်မအား ကျေးဇူးတင်စကားပြောရန် လုံးဝ ပြန်လှည့်မလာတော့ပါ။

ညနေခင်းမကုန်ဆုံးမီ နိုင်ငံတော်ထမင်းစားခန်းထဲသို့ ကျွန်မက ကော်ဖီသောက်ရန် ပြန်လာသည်။ ကျွန်မ ခန်းထဲသို့ နို့လောင်းထည့်နေစဉ် 'ဘူဖေး' စားပွဲဆီသို့ ကျွန်မ တစ်ချက်လှမ်းကြည့်မိသည်။ ထိုသူနှင့် သူ့အဖော်က ဒုတိယအကြိမ် စားရန်ပြန်လာကြသည်။ သူ့အား ပုစွန်တုပ်ပန်းကန်ကို လှမ်းပေးသောအခါ သူ့မိတ်ဆွေပြောသံကို ကျွန်မကြားလိုက်ရသည်။

'ခင်ဗျား ပုစွန်တုပ် နောက်ထပ် မယူတော့ဘူးဆိုတော့ သေချာတယ်နော်' ကျွန်မက မယုံကြည်နိုင်စွာဖြင့် ခေါင်းကိုယမ်းမိသည်။ ဤကိစ္စတွင် အိမ်ဖြူတော်ခရီးစဉ် ခြောက်လတာတွင် ထိုလည်ပင်းနင်သော လူ၏ ကျွန်မအား ကျေးဇူးတင်စကားပြောရန် မေ့လျော့ပျက်ကွက်မှုမှာ သူ၏ညံ့ဖျင်းသော လူမှုရေးပုံစံကြောင့်သာ ဖြစ်ရသည်ဟု ကျွန်မ ယုံကြည်လိုက်ပါသည်။ သို့သော် မကြာမီကာလတွင် ဤအလုပ်ကို လူမသိသူမသိ အကောင်းဆုံး လုပ်လိုက်ရပါလား

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဟူ၍ ကျွန်မ သဘောပေါက်လာပါသည်။ တကယ်တော့ အိမ်ဖြူတော်တွင် သမ္မတနှင့် သမ္မတမိသားစုကို ကုသပေးသော ပထမဦးဆုံး သမားတော်၏ အမည်ကို သမိုင်းက မှတ်တမ်းမတင်ခဲ့ပါ။ John နှင့် Abigail Adams တို့သည် ၁၈၀၀ ပြည့်နှစ် အိမ်ဖြူတော်ပြီးစီးခါနီးတွင် ပထမဦးဆုံး ရောက်ရှိနေထိုင်သူများ ဖြစ်ကြသည်။ သူတို့နေထိုင်သည့် သက်တမ်းတွင် Adamses ၏ ကလေးများထဲမှ တစ်ယောက်ကို ကုသရန် တစ်ညနေတွင် အမည်မသိ သမားတော်တစ်ဦးအား အိမ်ဖြူတော်သို့ ခေါ်သည်ဟု ဆေးဘက်ဆိုင်ရာ အစဉ်အဆက် ပြောစကားတစ်ခု ရှိခဲ့သည်။ ထိုသမားတော်အား မည်သို့ ကျေးဇူးတုံ့ပြန်သည်၊ သူ့ဝန်ဆောင်မှုအတွက် မည်သို့ချီးမြှင့်သည်ကို တစ်ဦးတစ်ယောက်မျှ မသိကြချေ။

ဘယ်ဘက်ကကြည့်ကြည့် အိမ်ဖြူတော်ဆရာဝန်၏ အလုပ်မှာ ကြိုးဆိုတေးဂီတမရှိ၊ ငြိမ်ငြိမ်သက်သက် အကောင်းဆုံးပံ့ပိုးပေးရသော တိတ်ဆိတ်သည့် ဝန်ဆောင်မှုဖြစ်သည်။ နောက်ပိုင်း ဤရာဇဝင်ကို တစ်စွန်းတစ်စ ကျွန်မ လေ့လာမိသောအခါ ထိုရက်စွမတ်နေ့က နိုင်ငံတော် ထမင်းစားခန်းတွင် လည်ပင်းနှင်နေသော ဒုက္ခသည်ကို သတိရလိုက်ပါသည်။ အရေးပေါ် အခြေအနေ ဖြစ်သွားသောကြောင့် သူ့နာမည်ကို ကျွန်မ မသိလိုက်၊ ကျွန်မနာမည်ကိုလည်း သူသိမည် မဟုတ်ပေ။ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ဖို့ ကျွန်မ လျစ်လျူရှုလိုက်ပါသည်။ ထိုအားလက်ရက်၊ချိန်ခါတွင် သူ့ရော ကျွန်မပါ ဘာမှမဖြစ်ဘဲ အေးအေးဆေးဆေးနှင့် ပြီးသွားသည်ကိုပင် ကျွန်မ ကျေးဇူးတင်နေမိသည်။ သည်နေ့တွင်တော်မှ ကျွန်မ ဘူဖေးစားပွဲကို ဖြတ်လျှောက်သွားသောအခါ သည်အဖြစ်အပျက်ကြောင့် သူသည် ပုစွန်တုပ်ကြီးကြီး သွားထိရဲပါ မလားဟု မကြာခဏ စဉ်းစားမိသည်။ တစ်စုံတစ်ယောက် သူ့အပေါ် အများကပိုင်း၍ အာရုံစိုက်လာမည်ကို ရှောင်ဖယ်ရသည်မှာ လည်ပင်းနှင်၍ သေချင်လောက်အောင် စိတ်အာရုံနောက်စရာ ကြောက်ဖွယ်ဖြစ်ကြောင်း နိုင်ငံရေးဆိုင်ရာ ထိပ်တန်းအသိုက်အဝန်းရှိ အဖြစ်အပျက်တချို့ကြောင့် ကျွန်မ သိလိုက်ပါသည်။ ဤအတွေးနှင့်ပင် ကျွန်မအတွက် အံ့သြစရာအကြောင်း ဖြစ်ဖို့ လုံလောက်သွားပါသည်။

■

သမ္မတကလင်တန်၏ သမားတော်အဖြစ် ရှစ်နှစ်တာ ကာလအတွင်းတွင် ပင်လယ်ရပ်ခြား သမ္မတခရီးစဉ်ပေါင်း ၁၃၂ ခု ကျွန်မ လိုက်ခဲ့သည်။ ခရီးစဉ်တိုင်းတွင် ကျွန်မလူနာများ ကျန်းမာစေကြောင်း ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများ ကျွန်မ ရင်ဆိုင်ရသည်။ အမေရိကန်သမ္မတ၏ သမားတော်တစ်ယောက်အနေနှင့် ကျွန်မသည် အမေရိကန်ပြည်ထောင်စုကို ကိုယ်စားပြုကြောင်းကိုလည်း နက်နဲစွာ သဘောပေါက်ပါသည်။ အထူးသဖြင့် တတိယကမ္ဘာကဲ့သို့သော နိုင်ငံများ

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



သွားသောအခါ ဒါကို ကျွန်မစိတ်ထဲတွင် စွဲမှတ်ထားသည်။ အနောက်နိုင်ငံ စံနှုန်းနှင့်စာလျှင် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှု နိမ့်ကျသော နိုင်ငံများတွင် ကျွန်မတို့၏ ရှေ့ပြေးအကြိုအဖွဲ့ကို ကြိုဆိုနှုတ်ဆက်ကြသည်။ စိတ်အားထက်သန်သည့် သမားတော်များ၊ ဆေးရုံဝန်ထမ်းများက သူတို့၏ 'အကောင်းဆုံး' ပစ္စည်း ကိရိယာများကို ဂုဏ်ယူကြသည်။ ထမင်းချက်အပြီး လူအညစ်အကြေးနံ့များ၊ ဟောင်နေအောင် နံစော်နေသော ဒဏ်ရာဝေဒနာ ခံစားနေသည့်နေရာများဖြစ်နေသော ခွဲစိတ်ခန်းများကို လေ့လာပြီးသောအခါ သူတို့က သူတို့ဆေးရုံကို အမေရိကန်သမ္မတအတွက် ရာထားသတ်မှတ်ရန် ကျွန်မတို့ ဆေးအဖွဲ့ကို တိုက်တွန်းပါလိမ့်မည်။ သူတို့၏ ရက်ရောသော ကမ်းလှမ်းမှုကို ကျက်သရေရှိစွာ ငြင်းပယ်၍ တခြားနေရာရှိ ဖြစ်နိုင်ခြေသင့်တော်သော ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုကို ရှာဖွေကာ ကြိုတင်စီမံမှု အစီအစဉ်ကို ဆောင်ရွက်လိုက်ရ သည်။ သို့သော် အရေးကြီးဆုံးမှာ နူးညံ့သိမ်မွေ့သည့် ယဉ်ကျေးမှုဆိုင်ရာ အကင်းပါး နားလည်ခံစားမှု အပ်ခြင်းဖြစ်သည်။ သံခင်းတမန်ခင်း ဆက်ဆံရေးကို တောင်းဆိုသော အချိန်များတွင် ကျွန်မက နိုင်ငံရပ်ခြားတွင် ခဲ့သော ရေတပ် ငယ်မွေးခြံပေါက် တစ်ယောက်အနေနှင့် ကြီးပြင်းလာခဲ့ခြင်း အပေါ်တွင် အားထားသည်။

ထိုင်ဝမ်နှင့် ဖိလစ်ပိုင် စစ်တတ်အခြေစိုက်စခန်းတွင် ကျွန်မ ကြီးပြင်းခဲ့သည်။ ကျွန်မ၏ ဆယ်ကျော်သက် စောပိုင်းကာလများတွင် အမေရိကန် စစ်တပ်မိသားစုများ လိုက်ပါသော ကားပေါ်တွင် ကျွန်မအမေ၊ ညီအစ်ကိုမောင်နှမများနှင့်အတူထိုင်ကာ 'တိုင်ပေ'မြို့ လမ်းများထဲသို့ လျှောက်သွားခဲ့ပုံကို ကျွန်မ သတိရမိသည်။ ကားက ကျေးလက်ဒေသသို့ သွားသောအခါ ထိုင်ဝမ်လယ်သမားများ လယ်ထွန်နေသော၊ ရွှံ့ထူသော လယ်ကွင်းများကို ဖုန်များ၊ များကပ်နေသော ကားပြတင်းပေါက်မှနေ၍ ကျွန်မ လှမ်းကြည့်သည်။ လယ်ကွင်းများကိုမြင်တော့ ဖိလစ်ပိုင်ရှိ ကျွန်မ မှုန်ရပ်မြေကို သတိရမိသည်။ အမေရိကန် ကားပေါ်တွင် သက်သောင့်သက်သာ ထိုင်နေရတာ ကံကောင်းပေစွဟု တွေးမိသည်။ ပြတင်းပေါက်၏ တခြားတစ်ဖက်မှနေ၍ ကောင်းချီးထောမနာ ခံစားရသော ကျွန်မဘဝ၏ အကြိမ်ပေါင်းများစွာထဲတွင် ဤအခေါက်သည် တစ်ခုအပါအဝင် ဖြစ်သည်။

၁၉၄၄-ခုနှစ် ဖိလစ်ပိုင်သို့ သမ္မတကလင်တန် လာရောက်လည်ပတ်စဉ် ကာလအတွင်းတွင် ဤခံစားမှုက ပို၍ အတိကျကျဖြစ်သွားသည်။ ကျွန်မတို့ မော်တော်ယာဉ်တန်းက မနီလာလမ်းများထဲသို့ ဖြတ်မောင်းသောအခါ လမ်းများ ရှိ ဖိလစ်ပိုင်သားများက ကျည်ကာမှန်မှတစ်ဆင့် ကြည့်လျက် အရှန်လင်မိုဆင်း (Limousine)ကားထဲတွင် ကျွန်မ ထိုင်နေသည်။ လမ်းပေါ်တွင် အောက်ပိုင်းအဝတ်မပါသော ကလေးငယ်မှ၍ တုန်တုန်ချိချိ သွားမရှိသော တောင်းရမ်းစားသောက် သူအထိ ဘယ်သူမဆို ကျွန်မ၏ ဆွေမျိုးသင်္ဂဟများ ဖြစ်ကောင်းဖြစ်နေမည်။ သို့မဟုတ် ထိုသူတို့သည် တခြားဘဝတွင် ရောက်နေသည့် ကျွန်မပင်လျှင်ဖြစ်နေမည်။ သို့သော် ဘုရားသခင်က ကျွန်မကို မှန်၏တစ်ဖက်တွင်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ထားပေးသည်။ သည်အခွင့်အရေးကို အချည်းနှီးမဖြစ်ရန် ကျွန်မ စိတ်ပိုင်းဖြတ်ထားသည်။

ကျွန်မအတွေးများက ထိုင်ဝမ်၏ ဘတ်စ်ကားစီးနေသည့် အချိန်သို့ ပြန်ရောက်သွားသည်။ တိုင်ပေမြို့ အပြင်ဘက် လယ်ကွင်းများကို ကျော်ဖြတ်၍ ကျွန်မတို့ မောင်းသွားသောအခါ ဟောင်ဖွာဟောင်ဖွာ ပြောတတ်သော အမေရိကန် ဆယ်ကျော်သက်တစ်ယောက်က ထိုင်ဝမ်လယ်သမားများကို လက်ညှိုးထိုး၍ "အဲဒီ အသုံးမကျတဲ့ နိုင်ငံခြားသားတွေကို ကြည့်စမ်း" ဟု မှတ်ချက်ချသည်။ အသားအရေ ဖျော့တော့တော့၊ မှဲ့ခြောက်များရှိသည့် ဝတုတ်တုတ်ထိုလူငယ်ကို ကျွန်မ လှည့်ကြည့်လိုက်သည်။ ဤနိုင်ငံတွင် သူသည် နိုင်ငံခြားသားဖြစ်သည် ဆိုသည်ကို ထိုအရူး သဘောမပေါက်ပေ။ သူ၏ ရိုင်းပျသော မှတ်ချက်က အကျည်းတန်သော အမေရိကန်ဆိုသည့် အများသိ သရုပ်သဏ္ဍာန်ကို ရုပ်လုံးပေါ်စေသည်။ သမ္မတ၏ သမားတော်အနေနှင့် ခရီးတွင် ကျွန်မ မရှောင်ကြဉ်ရန် ဝန်ခံကတိပြုထားသော ပုံရိပ်မှာ အကျည်းတန်သော အမေရိကန်မဖြစ်ရန်ပင် ဖြစ်သည်။ သို့သော် ကတိပြုထားသော်ငြားလည်း မော်ရိုကိုနိုင်ငံ စိုထိုင်းသောနွေနေ့တစ်နေ့တွင် တာဝန်သိစိတ်ဓာတ်က ကျွန်မကို အကျည်းတန်သော အမေရိကန်အဖြစ် ပြောင်းလဲသွားအောင် လုပ်ခဲ့ပါသည်။

အမှတ်-၁လေတတ်လေယာဉ် (Air Force One)က မြေပြင်ကွင်းကို ထိသောအခါ ၁၉၉၉ ခု၊ ဇူလိုင်လ Ra bat မြို့တွင် လေက ထူထဲ၍ ပူလောင်နေသည်။ မော်ရိုကို နိုင်ငံကို ၃၈-နှစ်ကြာ အုပ်စိုးသွားသော ဘုရင်ဟူစိန် (၂)ကို ဂါရဝပြုရန် ကမ္ဘာပေါ်ရှိ ခေါင်းဆောင်များက ရှေးဟောင်း မြောက်အာဖရိကမြို့တော်တွင် စုဝေးရောက်ရှိနေကြသည်။ ဘုရင်၏ ရုတ်တရက် သေဆုံးမှုကြောင့် လုပ်ရိုးလုပ်စဉ်ဖြစ်သော ဆေးဘက်ဆိုင်ရာ ရှေ့ပြေးအကြိုအနေနှင့် မြို့အား လေ့ လာမှုလုပ်ခြင်းကို မလုပ်နိုင်တော့ပေ။ ထိုသို့လုပ်မည့်အစား ကျွန်မတို့၏ အကောင်းဆုံးရှေ့ပြေးအဖွဲ့ဝင် လေတတ်ဆေးအဖွဲ့ ဆရာ၊ တတ်ကြပ်ကြီး ဂျင်မက်ကလောက် (Jim Mcleod)ကို လွှတ်လိုက်သည်။ သူ၏ စကော့တလန်အမည် သူက "မက်ကလောက်" (Mac Cloud) ဟု အသံထွက်သည်။ ကျွန်မတို့က သူ့ကို "မက်" (Mac) ဟုခေါ်သည်။ သို့သော် သူ့ကို "တိမ်မည်း" "Black Cloud" ဟု နာမည်ပြောင်ပေးထားသည်။ အဘယ်ကြောင့်ဆို သော် သူ တာဝန်ကျသည့်အခါ ဘယ်အခါမဆို ဆိုးရွားသော အဖြစ်များ ကျရောက်သလို ရှိတတ်သောကြောင့် ဖြစ်သည်။ အခက်အခဲအကျပ်တည်းဆုံး အခြေအနေတွင် တည်ငြိမ်အေးဆေးသည့်အတွက် သူက နာမည်ကောင်း ရနေပါသည်။ နှလုံး ရုတ်တရက် ရပ်ဆိုင်းမှု၊ သို့မဟုတ် အဓိက ဒဏ်ရာအနာတရဖြစ်မှုတွင် ဆေးရုံ၊ သို့မဟုတ် အရေးပေါ်ခန်း၌ "မက်"က မုန်တိုင်း၏ အလယ်တည့်တည့်တွင် ရှိသည်။ အိမ်ဖြူတော်တွင် အကြီးတန်း ဆေးအဖွဲ့ဝင်အဖြစ် သူ့ကို ကျွန်မခေါ်သောအခါ သူ၏ ဂုဏ်သတင်းကို ကျွန်မသိရသည်။ ကံဆိုးမိုးမှောင်ကျမှုကို သူက သံမဏိမျက်လုံး ဖြင့်ဖြတ်၍ ဓားသွားလိုထက်သော ဆေးဘက်အမြင် နက်နဲမှု၊ လျှပ်စီးလက်သလို အရေးပေါ် ကျွမ်းကျင်မှုတို့ဖြင့် ကိုင်တွယ်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းသည်။ 'တိမ်မည်း' (Black Cloud)သည် ဆေးဘက်ဆိုင်ရာ ဘေးဒုက္ခကို ပင့်ဆောင်သူဟု ဖြစ်သလို၊ သူရှိလျှင် သူ ဖြေရှင်းလိုက်သည့် သက်ရောက်မှုကလည်း စံနမူနာတင်စရာ အံ့ဖွယ်လုပ်ရပ် ဖြစ်သည်။

Rabat ရှိ ဘုရင်၏ရှာပနအတွက် ဆေးဘက်ဆိုင်ရာ သတင်းအချက်ယူရန် ကျွန်မက 'မက်'ကို တာဝန်ပေးလိုက်သည်။ 'မော်ရိုကို' သို့ထွက်ခွာရန် အမှတ်-၁ လေတပ်လေယာဉ် (Air Force One)ပေါ်သို့ မတက်မီ ဆယ့်နှစ်နာရီအလိုအတွင်းတွင် ဆေးဘက်ဆိုင်ရာ ရှေ့ပြေးသတင်းပေးရန် 'မက်'က ကျွန်မဆီ အိမ်သို့ လုံခြုံရေးလိုင်းမှ ဖုန်းဆက်သည်။

'ဒေါက်တာ၊ ရှာပနအတွက် Rabat မှာရှိတဲ့ ရာသီဥတုကတော့ 'ဂါနာ' (Ghana)လို ပူပြီး၊ 'မနီလာ' (Manila)လို စိုစွတ်ထိုင်းမှိုင်းတယ်'သူက အေးစက်ကာအမှတ်တမဲ့ ဖြည်းဖြည်းချင်း ပြောသည်။

'ဒီခရီးမှာ ကျွန်မတို့ ချွေးတိတ်အားဖြည့်ဆေး ထည့်ယူခဲ့ရမယ် သဘောပေါ့' ကျွန်မက ခပ်ရွှင်ရွှင်ကလေး ပြောလိုက်ပြီး ရေးမှတ်လိုက်သည်။

သူက ကျွန်မကို ရဲရဲဝံ့ဝံ့ တုံ့ပြန်လိုက်သည်။

'ဒေါက်တာ... ခင်ဗျား ကျွန်တော် ချွေးပြန်တာကို လုံးဝမမြင်စေရဘူး'

သို့သော် ဤခရီးတွင် 'တိမ်မည်း' (Black Cloud) ကမ်းကုန်အောင် ချွေးပြန်ခဲ့ပါသည်။ ကျွန်မတို့လည်းပဲ ချွေးပြန်ခဲ့ပါသည်။

ကျွန်မတို့ မော်တော်ယာဉ်တန်းက နန်းတော်သို့ ရောက်သောအခါ ထောင်ပေါင်းများစွာသော အသုဘရှုများက မြေလိမ်မြွေကောက် လမ်းတစ်လျှောက် စီတန်းနေကြသည်။ သမ္မတနှင့် သမ္မတကတော်က သမ္မတဟောင်း 'ဂျော့ဘွတ်ရှ်' (Gorge H.W Bush) နိုင်ငံတော်အတွင်းရေးမှူးဟောင်းများ ဖြစ်ကြသော 'ဘိတ်ကာ' (Baker)နှင့် 'ဝါရင်းခရစ္စတိုဖာ' (Warren Christopher)တို့နှင့်အတူ ထူထဲသော လျှို့ဝှက်လုံခြုံရေး အစောင့်အရှောက်များ ဝန်းရံထားသော ကားများထဲမှ ဆင်းလိုက်ကြသည်။ သမ္မတ၏ကားဘေး နန်းတော်အပေါက်ရှေ့တွင် ကျွန်မက မတ်တတ်ရပ်လိုက်သည်။ နန်းတော်တစ်ခုလုံး ခေါင်းဆောင်များဖြင့် ပြည့်နေသည့်ဖြစ်၍ လုံခြုံရေးက အလွန်တင်းကျပ်သည်။ ဤနေရာသည် ကျွန်မကိုယ်ကျွန်မ နေရာချထားရန် အကောင်းဆုံးနေရာ ဖြစ်သည်။ အကယ်၍ သမ္မတ အတိုက်ခိုက်ခံရပါက သူ့ကို လုံခြုံသော ကျည်ကာယာဉ်ဆီသို့ ခေါ်သွားမည်။ ကျွန်မက ထိုနေရာတွင် သူ့ကို စောင့်နေမည်။

နေ့လယ်ခင်းနေသည် အကာအကွယ်မဲ့သော ကျွန်မ၏ဦးခေါင်းနှင့် အနက်ရောင်ဝတ်စုံပေါ်သို့ တိုးစိုက်ကျလျက်ရှိသည်။ အားအကောင်းဆုံး ချွေးတိတ်ဆေးပြားသည်ပင်လျှင် ကျွန်မ၏ ရွှဲနစ်နေသော ဝတ်စုံကို ထိုနေ့က ဘာမျှမတတ်နိုင်ချေ။ ကျွန်မက တစ်နေရာဆီသို့ ငေးငိုင်ကြည့်ကာ ခေါင်းငိုက်စပြုလျက် ခရီးပန်းသောကြောင့် ငြီးစီစီဖြစ်စပြုနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



'အင်ဒရူး' (Andrews)မှ လာခဲ့သော ရှစ်နာရီကြာ ခရီးတွင် ကျွန်မ ကောင်းကောင်း မအိပ်ခဲ့ရပေ။ ဤခရီးသည် ကျွန်မအတွက် ပူလောင်သော ပင်လယ်ရပ်ခြား လေ့လာရေးခရီး ဖြစ်တော့မည်။ အိပ်ရေးမဝခြင်း၊ ခရီးပန်းခြင်း၊ ဆာလောင်ခြင်းနှင့် ချွေးထွက်ခြင်းတို့ ရောပြွမ်းနေသော ခရီးဖြစ်သည်။ လူနာအား ထိခိုက်မှုကို ရှောင်ရှားရန် ဆရာဝန်တစ်ယောက်သည် ရှစ်နာရီထက် ပိုအလုပ်မလုပ်ရဟု သတ်မှတ်ထားသော ဆေးဘက်ဆိုင်ရာ သင်တန်းပို့ချမှုကို ကျွန်မ စဉ်းစားမိသည်။ ကျွန်မ အလုပ်ချိန်သည် နာရီငါးဆယ်နား နီးလာကြောင်း တွက်မိသောအခါ ကျွန်မ ရယ်မိသည်။ ဒီအလုပ်က အန္တရာယ်ရှိသည်ကို ကျွန်မသိသည်။ ကျွန်မ ပင်ပန်းမှုကြောင့် ကျွန်မလူနာများအတွက် အန္တရာယ်ဖြစ်ဖို့ ကျွန်မ လုံးဝမမျှော်လင့်ပါ။ ကျွန်မခံစားနေသည့်နည်းမှ အကယ်၍ 'မော်ရိုကို'တွင် ကျည်ဆန်များက ဝဲပျံနေလျှင် လျှို့ဝှက်လုံခြုံရေး ကျွန်မ၏ 'တိမ်မည်း' (Black cloud)နှင့် သမ္မတကိုစောင့်ရှောက်ဖို့၊ ကျွန်မ၏ သွေးသားထဲက ခွန်အားကိုအားကိုးဖို့ လိုအပ်သည်။

ကျွန်မ ရေဒီယိုမှကြေညာချက်နှင့်အတူ အသံထွက်လာသည်။

'လင်းယုန်၊ နန်းတော်က ထွက်နေပြီ'။

ဤသည်မှာ ဂူသချိုင်းဗိမာန်သို့သွားရန် မော်တော်ယာဉ်တန်းကို စက်နိှုးဖို့ အချက်ပေးခြင်းဖြစ်သည်။ ဒုတိယအကြိမ် ကြေညာချက်လာသောအခါ ကျွန်မ၏လက်က အရန်ကား၏ တံခါးပေါ်တွင် ရှိသည်။ သည်တစ်ခါတော့ အထူးလျှို့ဝှက် လုံခြုံရေးထံမှ ကြေညာချက်လာခြင်း ဖြစ်သည်။

'လင်းယုန်က လူတန်းထဲမှာ လမ်းလျှောက်ချင်တယ်လို့ ပြောတယ်'

'ဘာ' ကျွန်မက ကျယ်ကျယ်လောင်လောင်မေးကာ နန်းတော်မှထွက်လာသော သမ္မတနှင့် သူ၏လျှို့ဝှက်လုံခြုံရေးလူစုကို လှည့်ကြည့်လိုက်သည်။ 'မက်' က ထိုလူစု၏နောက်က လိုက်နေသည်။ ကျွန်မက ကားနှင့်အတူ ရှိနေစဉ်တွင် သူက သမ္မတနှင့် မခွာဘဲနေရန် ကျွန်မ သူ့ကို အချက်ပြလိုက်သည်။

'ဟုတ်ပါပြီ။ ဒေါက်တာ'။ 'မက်' က ကျွန်မ ခေါင်းညိတ်ပြသည်ကို နားလည်သဘောပေါက်စွာဖြင့် ပါးစပ်လှုပ်ရုံလှုပ်ကာ အသံမထွက်ဘဲပြောသည်။ ကွယ်လွန်သူဘုရင်၏ ခေါင်းနောက်တွင်လိုက်ရန် လမ်းကျဉ်းလေးများထဲသို့ ပြန့်ကျဲဝင်ရောက်သွားသော ကမ္ဘာ့ခေါင်းဆောင်များနှင့် သူတို့၏ ကိုယ်ရံတော်အသီးသီးကို ကျွန်မ စောင့်ကြည့်နေသည်။ ခေါင်းဆောင်များ၏ လူတန်းက ဘုရင့်အသုဘရှုသူများ၏ နောက်သို့လိုက်သောအခါ ရာထောင်သော မော်ရိုကို နိုင်ငံသားနိုင်ငံသားများက မြည်ကြွေးအော်ဟစ်ကြသည်။ ကွယ်လွန်သော ဘုရင်၏ခေါင်းကို 'ကိုရမ်' ကျမ်းစာစာသားများဖြင့် အလှရေးထိုးထားသော အစိမ်းရောင်အဝတ် လွှမ်းထားသည့် စစ်ကား၏ထိပ်တွင် တင်ထားသည်။ အော်ဟစ်နေသော လူအုပ်က လမ်းထဲသို့ စီးဝင်မလာနိုင်ရန် ကာရံသော ဘေးတစ်ဖက်တစ်ချက်ရှိ အကာအရံများထားသော လမ်းလျှောက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကားက တဖြည်းဖြည်းလိုမ့်၍ သွားနေသည်။ လူတန်း၏နောက်က တန်းလန်းလိုက်ပါနေသော တစ်စင်းထဲသောကားမှာ နောက်ခန်းထဲတွင် ကျွန်မထိုင်နေသော သမ္မတ၏ကားပင် ဖြစ်သည်။ ရှေ့မှသွားလေသော လူထုခေါင်းဆောင်များ၏နောက် သို့ အတင်းလိုက်နေသည့် ထိန်းမရသိမ်းမရ တိုးဝှေ့အော်ဟစ်နေသော မြင်ကွင်းက အုံ့သြဖွယ်ကောင်းနေသည်။ ဤသည်မှာ အဖြစ်ဆိုးတစ်ခုဖြစ်ရန် စောင့်ဆိုင်းနေခြင်းပင် ဖြစ်သည်။ ကျွန်မတို့၏ သမ္မတသည် နိုင်ငံခြားခေါင်းဆောင်များ ဝန်းရံလျက် ပိုင်းကာထားသော သူ၏ကိုယ်ရံတော် လုံခြုံရေး အနည်းငယ်နှင့်အတူ ကြမ်းတမ်း၍ မထိန်းနိုင်သော လူအုပ်ရှိသည့် နိုင်ငံခြားမွတ်စလင်နိုင်ငံ၏ ခေါင်းဆောင်များ ဟာလာဟင်းလင်းလမ်းထဲတွင် လမ်းလျှောက်နေသည်။ လူပေါင်းတစ်သန်း တော် Rabat ရှိ ဈာပနအခမ်းအနားသို့ ဆင်းလာကြသည်။ သမ္မတကို လူများကြားမှ၊ သို့မဟုတ် လမ်းထဲထောင်ထားသော ကား သို့မဟုတ် ခေါင်မိုးပေါ်မှ လုပ်ကြံရေးသမားများက တိုက်ခိုက်နိုင်သည်။ ခေါင်းသေတ္တာ၏ နောက်ဘက်တွင် ခေါင်းဆောင်များ ချီတက်နေသောအခါ ကျွန်မက တစ်ခုကိုတွေးမိသည်။ ဤအရာသည် ဈာပနချီတက်ပွဲ မဟုတ်ဘဲ သေမင်းတမန်ချီတက်ပွဲ ဖြစ်နေသည်။

လူအုပ်၏ စိတ်ထက်သန်မှုကိုမြင်ရတာ ကျွန်မ၏ သွေးခုန်နှုန်းများ ပိုမိုမြန်သွားသည်။ သမ္မတ၏ လျှို့ဝှက်လုံခြုံရေးများကို ကျွန်မကြည့်လိုက်သည်။ မတုန်မလှုပ်သောသူများ၊ ကျွန်မ အမြဲယူဆထားသော လူများသည် အိမ်ဖြူတော်ရှိ အချိန်နှစ်ကာလတွင် ပထမဆုံးအကြိမ် စိုးထိတ်နေသည့်အသွင် ပေါ်လျက်ရှိသည်။ သူတို့သည် သမ္မတနှင့် မကင်းမကွာ ကပ်ကြပ်လိုက်ပါလျက် ရှိသောကြောင့် နဂိုအားဖြင့် ချောမွေ့ယုံကြည်မှုရှိသော သူတို့၏ လှုပ်ရှားမှုများသည် မြန်ဆန်၍ မြန်မြန်လှုပ်ရှားရန် အသင့်ရှိနေကြသည်။ တခြားသော ကမ္ဘာ့ခေါင်းဆောင်များက ပတ်ပတ်လည်တွင် စုပြုံနေသောကြောင့် သမ္မတအနီးသို့ ရောက်ရှိဖို့ကိုပင်လျှင် ခက်ခဲလှသည်။ ထိုအချိန်တွင် နိုင်ငံတော် အတွင်းရေးမှူးနှစ်ယောက်သားသည် ချွေးထွက်နေသော နေရောင်ထဲတွင် သူတို့၏ အနက်ရောင်ဝတ်စုံများနှင့် ဖြူဖပ်ဖြူရော်ဖြစ်နေကြသည်။ သမ္မတဟောင်း 'ဂျော့ဘွတ်ရှ်'၏ နောက်မှ လမ်းလျှောက်လိုက်နေသော အတွင်းရေးမှူး 'ဘိတ်ကာ'၏ ဘေးမှ လျှောက်နေသော 'ကော်' ၏ ခေါင်းနောက်ပိုင်းကို ကျွန်မ လှမ်းမြင်ရသည်။ ဗုံးတစ်လုံးပေါက်သည်နှင့် ကျွန်မတို့၏ သမ္မတ၊ သမ္မတဟောင်း၊ နိုင်ငံတော်အတွင်းရေးမှူးဟောင်း နှစ်ယောက်အပြင် အစိုးရနှင့် အာရပ်ခေါင်းဆောင်များအားလုံး ကျွန်မတို့ဆုံးရှုံးရမည်။ ယခုအခါသည် ငရဲမှလာသော ချီတက်ပွဲဖြစ်သည်။ ကျွန်မ လုပ်နိုင်သည်ကတော့ သမ္မတ၏ကားထဲတွင် အကူအညီမဲ့စွာ ထိုင်နေရုံပင် ဖြစ်သည်။ ကျွန်မသည် ကျည်ကာကားထဲတွင် ရှိသော်လည်း မေရီကန်သမ္မတတံဆိပ် ခတ်နှိပ်ထားသော အနက်ရောင်ပစ်မှတ်ထဲတွင် ထိုင်နေသောကြောင့် ပြုသမျှ နုရမည်ဆိုသည်ထက် ပို၍လုံးဝမခံစားမိပေ။

စိတ်လှုပ်ရှားချောက်ချားနေသော အသုဘရှုသူများက ရဲများ တားဆီးထားသောကြိုးကို တိုးဝှေ့ဝင်ကြသည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



လူတန်းကြီး၏အလယ်တွင် သမ္မတကလင်တန် ဘုရင်အသစ်၊ ဘုရင်မိုဟာမက် ၆နှင့် ဘေးချင်းယှဉ်၍လျှောက်နေသည်။ ဘုရင်သစ်က လျှော့ရဲရဲကျနေသော အဖြူရောင်အင်္ကျီနှင့် ခေါင်းတွင် ဦးထုပ်နီအချွန်လေးကို ဆောင်းထားသည်။ ဘုရင်ငယ်က အမေရိကန်သမ္မတ၏ဘေးတွင် ဖြည်းဖြည်းချင်းလျှောက်နေသည်။ နှစ်ယောက်စလုံးမှာ လူအုပ်၏ လှုပ်ရှားထက်သန်မှုကြောင့် အနှောင့်အယှက်မဖြစ်ချေ။ လူတန်းက သချိုင်းဂူဗိမာန်တွင် အဆုံးသတ်သွားပြီး ထိုနေရာတွင် ယောကျ်ားကိုယ်စားလှယ်များက မြင့်မြတ်သော နေရာအတွင်းသို့ ဝင်သွားကြသည်။ ထိုအချိန်တွင် သမ္မတကတော် မစ္စကလင်တန်နှင့် တခြားဧည့်များအား သီးသန့်နေရာသို့ ခေါ်ဆောင်သွားကြသည်။ သမ္မတ၏လုံခြုံရေးကို လုံးဝ အာရုံစိုက်နေရသည်ဖြစ်၍ ကျွန်မ တခြားတာဝန်ရှိသော သူဖြစ်သည့် သမ္မတကတော်ကို မေ့လျော့သွားသည်။ ကံကောင်းထောက်မစွာပင် သူမကို အိမ်ဖြူတော်တာဝန်ကျ သူနာပြုက ကာကွယ်ပေးထားသည်။ သူနာပြုက သမ္မတကတော်နှင့် အမျိုးသမီးကိုယ်စားလှယ်များ၏အနီးတွင် ကပ်နေသည်။

ကွယ်လွန်သူဘုရင်၏ မြုပ်နှံသောနေရာက ဂူဗိမာန်၏ အတွင်းတွင်ရှိသည်။ ဂူဗိမာန်သည် အမျိုးသမီးများအတွက် နေရာမဟုတ်ဟု ရှေ့ပြေးခရီးစဉ် ရှင်းလင်းပြောကြားချက်မှ ကျွန်မသိခဲ့သည်။ အထူးသဖြင့် မြင့်မြတ်သောနေရာသို့ ဝင်သော အမျိုးသမီးအများအတွက် ခေါင်းတွင် ပဝါခြုံဖို့ ဂရုမစိုက်သော အနက်ရောင်ဘောင်းဘီ ဝတ်စုံဝတ်သော မိန်းမတစ်ယောက်အတွက် ပို၍ဝင်ခွင့်မရှိဖြစ်မည်။ ကျွန်မသာ သမ္မတနောက်ကိုလိုက်၍ ဂူဗိမာန်တွင်းသို့ လိုက်ဝင်ရပါလျှင် အာရှအမေရိကန်ကပြား မိစ္ဆာဒိဋ္ဌိက မြင့်မြတ်သောနေရာသို့ ကျူးကျော်ဝင်ရောက်သည်ဟု အတွင်းရှိ အသုဘရှုသူများက အော်ဟစ်ကြသည်ကို ကျွန်မမျက်စိထဲတွင် ပေါ်မြင်ယောင်ပါသည်။ ဤကဲ့သို့သော အဖျက်သဘောဆောင်သည့် ရည်ရွယ်ချက်သည် မွတ်စလင်ကမ္ဘာတွင် ကျွန်မတို့၏ပုံရိပ်ကို မည်သို့မျှ အကျိုးမပြုနိုင်ပါ။

ထို့ကြောင့် ဗိမာန်တွင်းသို့ သမ္မတ၏နောက်သို့ လိုက်သွားမည့်အစား ယောကျ်ားဆေးအဖွဲ့ဝင် 'တိမ်မည်း' (Black Cloub) ကို ကျွန်မ လွှတ်လိုက်ကာ Air-conditioned ဖွင့်ထားသော ကားထဲတွင်ထိုင်နေလိုက်သည်။ ကျွန်မ ကားထဲတွင် အသုဘအခမ်းအနား ပြီးဆုံးစေကြောင်းနှင့် ကျွန်မတို့အတွက် လေဆိပ်သို့ ပြန်လာနိုင်စေကြောင်း ငြိမ်ငြိမ်သက်သက် ဆုတောင်းနေချိန်တွင် မွတ်စလင် အသုဘရှုလာသောသူများက ဗိမာန်ထဲတွင် ကြွေးကြော်ဆုတောင်းနေကြသည်။

မိနစ်အနည်းငယ် ငြိမ်သက်သွားပြီးနောက် ရေဒီယိုတွင် လုံခြုံရေးအဖွဲ့ခေါင်းဆောင်၏ တိုးသက်တင်းမာသော အသံက ပေါ်လာသည်။

'တစ်ယောက်ယောက်က ဒေါက်တာကော်နီကို တွေ့မိလား' ကျွန်မ နှလုံးသား ရပ်သွားသည်။

'အခုပြောတာ ဒေါက်တာကော်နီပါ။ တိုက်ရိုက် ဖမ်းမိပါတယ်'

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်တာ၊ လင်းယုန်က ခင်ဗျားကို ဒီမှာ လိုအပ်နေပါတယ်'

'အခု လာပါပြီ ရေဒီယိုကိုပိတ်လိုက်ရင်း ကျွန်မပြောလိုက်သည်။ 'လင်းယုန်က ခင်ဗျားကို လိုအပ်တယ်' ဆိုသော စကားက ဘာအဓိပ္ပာယ်ကို ဆိုလိုသလဲဟု ကျွန်မက ကြိုးစားမြင်အောင်ကြည့်ရင်း ကျွန်မခြေထောက်က ကျွန်မစိတ်ထက် မြန်နေသည်။ ကျွန်မက ကားတံခါးကိုဖွင့်ကာ ခါတိုင်းထက် ပိုလေးလံနေပုံရသည့် ဆေးအိတ်ကိုဆွဲလိုက်သည်။ မော်ရိုကို နိုင်ငံ၏ ထူထဲသောလေထဲသို့ ကျွန်မ ထွက်လိုက်သောအခါ ကျွန်မ၏ဘောင်းဘီဝတ်စုံ ချွေးနှင့်ရွှဲနစ်သွားသည်။ ကျွန်မ၏ ငယ်ထိပ်ကို စမ်းကြည့်သောအခါ ကျွန်မမှာ အပြစ်ရှိမှန်း သိလိုက်သည်။ ကျွန်မသည် ဤမြင့်မြတ်သည့် နေရာသို့ ဘာအဖုံးအကာမှမရှိဘဲ ကျူးကျော်ရန် ပြင်ဆင်နေသည်။

အခုတော့ ကျွန်မသည် အကျည်းတန်သော အမေရိကန် ဖြစ်ရတော့သည်။ ယဉ်ကျေးမှုဆိုင်ရာ အကင်းပါးနားလည်မှု၏ ကောင်းမြတ်သော တရားများကို ကျွန်မ ထားရစ်သည်။ သံခင်းတမန်ခင်းက မြောင်းထဲ ရောက်သွားသည်။ ကျွန်မ၏ လူနာသမ္မတဆီသို့ရောက်ရန် တာဝန်ကို အခု ကျွန်မထမ်းဆောင်နေသည်။ 'တာဝန်က ပထမ'ဟူသည် ကျွန်မ၏ ဆေးကျောင်းနှင့် လှုပ်ရှားရသော တာဝန်ထမ်းဆောင်ချိန်တွင် သံပြိုင်ရွတ်ဆိုရသော ယုံကြည်ချက် ဖြစ်သည်။

ဂူဗိမာန်သို့သွားရာ တံကားကြီးတွင်ရှိသော ဝါဖိုင့်ဖိုင့် လျှို့ဝှက်လုံခြုံရေးက ကျွန်မကိုတွေ့သည်။ ဗလီဝတ်ကျောင်းထဲသို့ ကျွန်မက သူ့နောက် လိုက်သွားသောအခါ 'လင်းယုန်က ခင်ဗျားကို လိုအပ်နေတယ်ဟု သူက အမြန်ပြန်ပြောသည်' လုံခြုံရေးက လေးလံသော တံကားကြီးကို ဖွင့်လိုက်သောအခါ လှုနံ့များ၊ ချွေးနံ့များ အော်ကလီဆန်စရာ အနံ့များက ချက်ချင်း ကျွန်မကိုဖုံးလွှမ်းသွားသည်။ လုံခြုံရေးအဖွဲ့က ကျွန်မလက်ကိုဆွဲ၍ လူများကို ဖြတ်ခေါ်သွားသည်။ အသုဘရှုသူများက ရွတ်ဖတ်နေကြလျက် မတ်တတ်ရပ်ပြီး ကျွန်မရှေ့တွင် လမ်းကိုပိတ်ဆို့ကာ မရွေ့မလျားဘဲ ဖြစ်နေသည်။ ကျွန်မက လှုပ်ရှားဖြတ်သန်းကာ တွန်းနိုင်ထိုးနိုင်သလောက် သူတို့ကြားထဲ တိုးဝင်သည်။ သူတို့ကို ဆေးအိတ်နှင့် ဆောင့်တွန်းရင်း တံတောင်နှင့်တွယ်ရင်း လမ်းကို ထွင်းသွားရသည်။ အော်ဟစ်မြည်တမ်းနေသော အသံကြောင့် သူ မကြားရဘဲ ကျွန်မပြောတာကိုလည်း နားလည်မည် မဟုတ်သောကြောင့် ယဉ်ကျေးသော 'ခွင့်ပြုပါ' ဟူသောစကားက အချည်းနှီးပင်။

ခြေလှမ်းတိုင်း ကိုယ်ခန္ဓာတစ်ခုက ကျွန်မလမ်းကြောင်းထဲ ဝင်လာသည်။ ကျွန်မက တွန်းထိုးထုတ်လိုက်ရသည်။ လမ်းတစ်လျှောက် ကျွန်မ ဘယ်သူ့ကို ထိခိုက်လိုက်မိမှန်း ဂရုမစိုက်နိုင်ပေ။ သမ္မတက ကျွန်မကို လိုအပ်နေသည်။ သူ၏အခန်းသို့ ကျွန်မ ရောက်သွားသောအခါ ဘယ်လိုဘယ်ပုံတွေ့ရမည်ကိုသာ ကျွန်မစိတ်ထဲ မှန်းကြည့်နေသည်။ တစ်ချိန်လုံး သူတန်းနှင့် လမ်းလျှောက်ပြီးနောက် ရင်ဘတ်အောင့်၍ ကျွန်မကို ခေါ်နေသည်လား၊ ရေဓာတ်ခန်းခြောက်၍ ခရီးပန်းသောကြောင့် ခေါင်းမူးနောက်နောက် ဖြစ်နေသည်လား။ နောက်ကျောက သူ့ကို ဒုက္ခပေးနေသလား။ သမ္မတက သူ၏

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကို ချက်ချင်းလိုအပ်ရအောင် ဘာက အရေးတကြီးဖြစ်နေပါလိမ့်။ လုံခြုံသောနေရာသို့ပြန်ပြီး ကားထဲရှိ သီးခြား လွတ်လပ်သော နေရာသို့ ပြန်သည်အထိ သူ မစောင့်နိုင်တော့ဘူးလား။

ကျွန်မက ရှေ့တိုးလေ၊ အနံ့တွေက ဆိုးရွားလာလေလေ။ ကျွန်မကို ဖုံးလွှမ်းလာလေလေ ဖြစ်သည်။ မအန်မိအောင် ကျွန်မ ကြိုးစားသည်။ ကျွန်မကို လူနာဆီရောက်အောင် ပို့ပါ။ လုံခြုံရေးအဖွဲ့ဝင်က နောက်ဆုံးလူစုကိုဖြတ်၍ ကျွန်မကို ခေါ်သွားကာ သမ္မတဆီသို့ အရောက်ပို့ပေးလိုက်သည်။ သူက မြေမြုပ်သောနေရာမှ ပေအနည်းငယ် အကွာအဝေးရှိ ဝူဇီမာန်၏ ထောင့်တွင်ရှိသည်။ လုံခြုံရေးခေါင်းဆောင်က ကျွန်မ၏ဘေးသို့ ရောက်လာသည်။

လုံခြုံရေးအဖွဲ့ဝင်၏ မျက်နှာက တည်ငြိမ်သည်။ သို့သော် ကျွန်မ ရောက်လာသည့်အတွက် စိတ်သက်သာရာ ရသွားသည်။

'ဟေး‥ ဒေါက်တာ' သမ္မတက ရေသောက်နေရင်းက အသံတိုးတိုးဖြင့် ပြောလိုက်သည်။ 'ကျွန်တော် အခု သက်သာသွားပါပြီ။ အပူမိသွားတာပါ'

ကျွန်မက သမ္မတကို စစ်ဆေးကြည့်သည်။ သူ့နဖူးပြင်တွင် ချွေးသီးချွေးပေါက်ငယ်များ တွဲခိုနေသည်။ သူ၏ စိုစွတ်နေသော မျက်နှာက အနက်ရောင်ဝတ်စုံနှင့် ဆန့်ကျင်ဘက် ဖြစ်လေသည်။ လက်ကိုစမ်းကြည့်တော့ သူ့လက် ချောင်းများက သွေးတိုးနေသည်။ သွေးခုန်နှုန်းက မြန်သည်။ သို့သော် ပြင်းသည်။

ကျွန်မက နားလည်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။ သူ၏ လုံခြုံရေးအဖွဲ့ဝင် ခေါင်းဆောင်ဘက်သို့ ကျွန်မက လှည့်ပြောလိုက်သည်။

'အခုတော့ သူ ကောင်းသွားပါပြီ' ထို့နောက် သမ္မတ၏ မျက်စိကို နီးကပ်စွာကြည့်ကာ ကျွန်မက သူ့ကို မေးသည်။

'ရင်ဘတ်နာနေပါသလား။ ခေါင်းမူးသလား'

သမ္မတက ခေါင်းခါပြသည်။ ကျွန်မစိတ်ထဲ ပေါ့သွားသည်။ 'ကျွန်မတို့ သွားလို့ရပါတယ်' ကျွန်မက သူ့လုံခြုံရေးအဖွဲ့ဝင်ကို သတင်းပို့လိုက်သည်။

'အသင့်ဖြစ်ပါသလား ခင်ဗျား'

သမ္မတကိုကြည့်ရင်း လုံခြုံရေးအဖွဲ့ဝင်က မေးသည်။

သမ္မတက ရေကို အပြီးသတ်သောက်ကာ ခေါင်းညိတ်ပြသည်။

'လင်းယုန်ကားဆီသို့ သွားနေပြီ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ လူအုပ်ဆီသို့ ပြန်လှည့်သွားသောအခါ ကျွန်မက လုံခြုံရေးအဖွဲ့ဝင်၏ အင်္ကျီနောက်မြီးကို ဆွဲထားသည်။ မိနစ်ဝက်ခန့်မျှ လူအုပ်က တစ်စုမှတစ်စုသို့ အော်ဟစ်မြည်တမ်းနေသော ခေါင်းမာသော လူအုပ်က ကျွန်မတို့၏ လမ်းကြောင်းထဲသို့ ရောက်လာခြင်းသည်။ သမ္မတကို ဝန်းရံထားသော လုံခြုံရေးအဖွဲ့ဝင်များကို ကျွန်မက မလွှတ်တမ်းဆွဲထားကာ ကျွန်မရှေ့ရောက်လာသမျှ ဘယ်သူ့ကိုမဆို တွန်းထိုးသည်။ ကျွန်မသည် အဖွဲ့ထဲမှ လူကွဲကျန်ခဲ့ပြီး အသုဘရှုသူ လူပင်လယ်၏နောက်တွင် တွေ့နေရစ်ခဲ့ချင်ပါ။

နောက်ဆုံး ကျွန်မတို့ဘာသာ ကျွန်မတို့ ကိုယ်လွတ်ရုန်း၍ ဂူဗိမာန်မှထွက်သောအခါ ကားများက စက်နှိုး၍ စောင့်နေကြသည်။ ကျွန်မက ကျွန်မ၏ကားဆီသို့သွားသော မက် (Mac) က ကျွန်မဆီသို့ ပြေးလာသည်။

''သမ္မတက အဲဒီနေရာမှာ နည်းနည်း အားပျော့သွားတယ်။ သူ့အနားကို ကျွန်တော် ကပ်လို့တောင် မရဘူး'' သူက အမြန်သတင်းပို့သည်။ 'မက်' (Mac) က ချွေးတွေနှင့် ရွှဲနစ်နေသည်။

'သူ ကောင်းသွားမှာပါ' ကျွန်မက ကားတံခါးကိုဖွင့်ရင်း သူ့ကို ပြောလိုက်သည်။

မက်က ထောက်ပံ့ရေးကားဆီသို့ သွားသောအခါ ကျွန်မကိုလှည့်၍ လက်မထောင်ပြသည်။

'အိမ်ပြန်ကျစို့။ ကျွန်မက ကားမောင်းသူကိုပြောပြီး နောက်ခန်းထဲရှိခုံတွင် ခြေပစ်လက်ပစ် ထိုင်လိုက်တော့သည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



# အခန်း-၉
# သတ်ကွင်းထဲက ဘဝ

'သေနတ်'

ကျွန်မတို့ မော်တော်ယာဉ်တန်းရှိရာလမ်း၏ တခြားဘက်ရှိ လူသူကင်းမဲ့သော အဆောက်အအုံထဲမှ သေနတ်သံ ထွက်ပေါ်လာပြီ။ လုံခြုံရေးအဖွဲ့ခေါင်းဆောင်က သူ၏ အင်္ကျီလက်ပတ်ခေါက်ရှိ စကားပြောခွက်ထဲသို့ အော်လိုက်သည်။

သမ္မတက ကြိုးလိုင်းအတိုင်း သွားနေသည်။ လျှို့ဝှက်လုံခြုံရေးသမား ထိတ်လန့်ဖွယ် သတိပေးချက်ကို ပြောလိုက်သည်နှင့် အလှည့်ကျ လျှို့ဝှက်လုံခြုံရေးက သမ္မတကို သူ့ကိုယ်ခန္ဓာနှင့် အုပ်လိုက်ပြီး ဒိုင်းသဖွယ်ပြုကာ ကျည်ကာကားဆီသို့ အမြန်ခေါ်သွားသည်။

သမ္မတက ကြိုးလိုင်း၏ အစွန်းတွင်ရှိသည့် အချိန်တွင် ကျွန်မက ကား၏ဘေးဘက်ခြမ်းတွင် နေရာယူထားသည်။ လျှို့ဝှက်လုံခြုံရေး၏ အချက်ပေးကြေညာချက်ကို ကြားလျှင်ကြားချင်း ကျွန်မက ကားထဲသို့ ချက်ချင်းခုန်ဝင်လိုက်ပြီး ဆေးအိတ်ကို ကျွန်မခြေထောက်နားမှာ ထားလျက် ဒရိုင်ဘာ၏ နောက်ဘက်ရှိ ခုံအစွန်းတွင် နေလိုက်သည်။ စက္ကန့်ပိုင်းအတွင်း လျှို့ဝှက်လုံခြုံရေးများက သမ္မတကို ကားနောက်ဘက်ခုံထဲသို့ ထိုးသွင်းလိုက်သည်။ သူ့ခေါင်းက ကျွန်မပေါင်ထဲတွင် ရှိနေသည်။ သူ့မျက်နှာက ဖြူဖပ်ဖြူရော်ဖြစ်လျက် အသက်ကို ပြင်းပြင်းရှူနေသည်။

ကားဘီးပွတ်တိုက်သံနှင့်အတူ ထူထဲသောကားကြီးက အခင်းဖြစ်ပွားသော နေရာမှနေ၍ ရှေ့သို့တစ်ဟုန်ထိုး ပြေးထွက်သွားသည်။ ခေါင်းဆောင် လျှို့ဝှက်လုံခြုံရေးက ရှေ့ဘက်ခုံသို့ အသာလေး ခုန်ကူးသွားသည်။

'သူ... ဘယ်လိုနေလဲ ဒေါက်တာ'

the bookhouse we bring your future

www.burmeseclassic.com

www.burmeseclassic.com



နောက်ကြည့်မှန်ထဲမှနေ၍ ကျွန်မကိုကြည့်ကာ သူက အမောတကော မေးလိုက်သည်။

'ဆေးဘက်ဆိုင်ရာ အကဲဖြတ်ချက် ကျွန်မ လုပ်နေတယ်။ ခဏလောက် အချိန်ပေးပါ'

ကျွန်မက ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။ ကျွန်မ ပေါင်ကြားတွင် သေမလိုဖြစ်နေသော လူနာကို ကျွန်မ အာရုံစိုက်နေရသည်။

ဖြစ်ပွားရာနယ်မြေထဲတွင် ထိခိုက်ဒဏ်ရာရမှုကို စမ်းသပ်သောအခါ အစဦး အကဲဖြတ်ချက်၏ အခြေခံ အေ-ဘီ-စီ-ဒီကြို လိုက်နာဖို့ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများကို သင်ကြားထားသည်။ အေ-ဘီ-စီ-ဒီ (A-B-C-D မှာ) Air way- လေလမ်းကြောင်း- Breathing- အသက်ရှူခြင်း- Circulation-သွေးလည်ပတ်မှု- Disalulity အင်္ဂါချို့ယွင်းမှု တို့ဖြစ်သည်။ ကျွန်မ၏ ဆေးဘက်ဆိုင်ရာ လုပ်ငန်းဘဝတွင် ရယူခဲ့သော အဆင့်မြင့် ထိခိုက်ဒဏ်ရာရမှုနှင့် နှလုံးဆိုင်ရာ အသက်ကယ် အသိအမှတ်မှု သင်တန်းအားလုံးမှ ပြေးနေသော လင်မိုဆင်းကား၏ နောက်ခန်းထဲတွင် အဆုံးသတ်ပေါင်းစုံ ထုပ်ကိုင်နေရပေတော့သည်။

ကျွန်မက လူနာကို ငုံ့ကြည့်လိုက်သည်။ သူက ရုတ်တရက် အတိုက်ခိုက်ခံလိုက်ရသူ ဖြစ်သည်။ သူက ညည်းတွားနေကာ စကားအနည်းငယ် မပီမသ ကြိုးစားပြောနေသည်။ သူ အသက်ရှူနေသည်၊ သို့သော် သူ့အသက်ရှူသံက မြန်၍ မျှင်မျှင်လေး ဖြစ်နေသည်။ သူ့လည်ချောင်းရှိ သွေးလွှတ်ကြောကို ကျွန်မ လက်ချောင်းနှစ်ချောင်းဖြင့် စမ်းကြည့်သောအခါ သွေးခုန်နှုန်းမြန်နေသည်ကို တွေ့ရသည်။ သူ့မျက်လုံးများက ပြူးကျယ်နေသည်။ သို့သော် သူငယ်အိမ်ကတော့ ကျုံ့နိုင်သေးသည်။ ဆေးအိတ်ထဲမှ နားကြပ်ကိရိယာကိုထုတ်၍ အဆုတ်ကို နီးနီးကပ်ကပ် နားထောင်ရန် အင်္ကျီကိုလှန်လိုက်သောအခါ သူ၏ ဘယ်ဘက်ရင်ဘတ်ရှိ ဒဏ်ရာအပေါက်ကလေးမှ အနီရောင်သွေးစက်များ ထွက်နေသည်ကို တွေ့ရသည်။

'ရင်ဘတ် ဒဏ်ရာ' ကျွန်မက အော်ပြောလိုက်သည်။

ကျည်ဆန် အပိုင်းအစ ဖြစ်ပုံရတယ်။ ဖန်ကွဲစ ဖြစ်နိုင်တယ်။ ဒါပေမဲ့ အဆင့်-၁ ထိခိုက်ဒဏ်ရာဌာနကို ချက်ချင်းပို့ရလိမ့်မယ်'

သွေးစက်များက ကျွန်မ အဖြူရောင်ဘလောက်စ်အင်္ကျီပေါ်သို့ ကျနေသည်။ 'အင်္ကျီတစ်ထည်တော့ သွားပါပြီ' ဟု ကျွန်မတွေးမိသည်။

ကားက ထောင့်ချိုးတစ်ခုတွင် ကွေ့လိုက်သည်။ ကျွန်မက ဘယ်ဘက်သို့ ယိမ်းထိုးသွားသည်။ ကျွန်မ၏ နားကြပ်ကိရိယာက သူ့အသက်ရှူသံကို နားထောင်ရင်း သမ္မတ၏ ရင်ဘတ်မှ ကပ်ထားသည်။

ထို့နောက် အတွေးတစ်ခုဝင်လာ၍ သူ့ကို လှမ်းမကြည့်နိုင်တော့ပေ။ လူနာကိုကျော်၍ ကြည့်လိုက်ကာ လျှို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဝှက်လုံခြုံရေးခေါင်းဆောင်ကို ကျွန်မက ပြောလိုက်သည်။

'စစ်ဘက် ကိုယ်ရံတော်ကို အသင့်ရှိဖို့ ပြောလိုက်ပါ။ ဒဏ်ရာငယ်လေးတစ်ခုပေမယ့် ခွဲစိတ်မှု၊ မေ့ဆေးပေးမှု လိုကောင်းလိုလိမ့်မယ်။ အဲဒါဟာ နှစ်ဆယ့်ငါး ပြင်ဆင်ပြောင်းလဲမှု ဖြစ်နိုင်တယ်'

'ရပါပြီ' လျှို့ဝှက်လုံခြုံရေးတပ်ဖွဲ့ဝင်က သူ့မျက်နှာပေါ်တွင် ကျေနပ်သောအသွင်ဖြင့် ပြောလိုက်သည်။ သူက သည်အကြောင်းကို လျှို့ဝှက်လုံခြုံရေး ရေဒီယိုဖြင့် သတင်းပို့လိုက်သည်။

'နေရာမှာ တာဝန်ရှိအားလုံး။ လေ့ကျင့်ခန်းပြီးဆုံးပြီ'

ကျွန်မတို့ စီးနေသောကားမှာ လွန်ခဲ့သောငါးနှစ်က အနားယူထားသော လေ့ကျင့်ရေး မော်တော်ယာဉ် ဖြစ်ပါသည်။ ကျွန်မ၏ လက်မောင်းပေါ်တွင် သွေးထွက်၍လဲနေသော 'သမ္မတ' မှာ သည်နေ့၏ လေ့ကျင့်ခန်းတွင် သမ္မတအဖြစ် တာဝန်ချထားခံရသူ လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင် တစ်ယောက်ဖြစ်ပါသည်။ သူက ဘယ်ဘက်ရင်အုံရှိ ဒဏ်ရာကို သဏ္ဌာန် လုပ် သရုပ်တူအောင် ထိတ်လန့်ဖွယ်ရာ အတိအကျ ဝတ်ဆင်ထားသည်။ သမ္မတ၏ ရင်ဘတ်ဒဏ်ရာ အပေါက်ကြီးက တကယ့် အသက်ဘေးနှင့်နီးသော သေနတ်ဒဏ်ရာကို ကျွန်မ ကြည့်ရှုကုသရန် လွယ်ကူအောင် လုပ်ထားသည်။ သို့သော် ဒီထက်ပိုကောင်းတာ တစ်ခုခု မရှိတော့ဘူးလား၊ ဒါကို အရေးပေါ်ကိစ္စအနေနှင့် ကုသကာ၊ ပြင်ဆင်ပြောင်းလဲမှု ဥပဒေ နှစ်ဆယ့်ငါးကို တောင်းဆိုနေဆဲပဲလား။ မေရီလင်းပြည်နယ် Beetsville တွင် လျှို့ဝှက်လုံခြုံရေး ခြံဝင်းထဲ၌ သမ္မတအား တိုက်ခိုက်မှု လေ့ကျင့်ခန်းနောက်တစ်ခုကို ကျွန်မတို့ လုပ်ခဲ့သည်။ ကျွန်မ ညွှန်ကြားရေးမှူးဖြစ်သည့် အချိန်မှစ၍ ဆေး အဖွဲ့ဝင်တိုင်းသည် တစ်လလျှင်တစ်ကြိမ် အလှည့်ကျ လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင်များနှင့်အတူ သမ္မတအား တိုက်ခိုက်မှု လေ့ကျင့်ခန်းတွင် ပါဝင်လေ့ကျင့်ရန် ကျွန်မက ညွှန်ကြားထားသည်။ တကယ့်အဖြစ်နှင့် သရုပ်သဏ္ဌာန်တူအောင် လုပ်ထား သည့် ဤလေ့ကျင့်ခန်းတွင် လုံခြုံရေးအဖွဲ့ဝင် အားလုံးပါဝင်ရန် လိုအပ်သည်။ ဆေးအဖွဲ့သည် ကာကွယ်ရေးဆိုင်ရာ တပ်ဖွဲ့၏ ခလေ့နည်းနာများနှင့် ရင်းနှီးကျွမ်းဝင်နေစေရန် လုပ်ရိုးလုပ်စဉ် အခြေခံမူများနှင့် ပတ်သက်၍ လျှို့ဝှက်လုံခြုံရေး အဖွဲ့နှင့်အတူ လေ့ကျင့်ရန် အရေးကြီးသည်ဟု ကျွန်မ သဘောပေါက်သည်။ သို့သော် ပို၍အရေးကြီးသည်ကတော့ ကျွန်မ တို့၏ ထိခိုက်ဒဏ်ရာကုသရေး ကျွမ်းကျင်မှုကို အမြဲခေတ်မီအောင် လုပ်ထားရန်ပင် ဖြစ်သည်။ သမ္မတကိုကုသဖို့ ကြုံ လာသောအခါ ဆေးအဖွဲ့သည် ခေတ်မီသော နည်းပညာဆေးဝါးများဖြင့် ကျင့်သုံးဖို့ရန် အလွန် အရေးကြီးသည်သာမက ကျွန်မတို့၏ လူနာသည် လွတ်လပ်သောနိုင်ငံနှင့် နျူကလိယ စက်ရုံများပိုင်သော နိုင်ငံ၏ခေါင်းဆောင် ဖြစ်နေသောကြောင့် သမ္မတ ရုံး၏ သမ္မတတစ်ဦးပြီးတစ်ဦး ဆက်ခံများမှုများကိုပါ စိတ်ထဲတွင် ထည့်ထားရသည်။ သမ္မတအား တိုက်ခိုက်မှု လေ့ကျင့်ခန်း တစ်ခုစီက ဖြစ်ပွားရာနယ်ပယ်ထဲတွင် ထိခိုက်ရောဂါကု အကဲဖြတ်ကုသသော အိမ်ဖြူတော်သမားတော်များ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နှုန်းရည်ကို စမ်းသပ်ပေးသည်။ သို့သော် သမ္မတသည် ဆေးဘက်ဆိုင်ရာ သဘောအရ မစွမ်းမသန်ဖြစ်မဖြစ်ကို ဆုံးဖြတ်သတ်မှတ်ရန် အိမ်ဖြူတော်သမားတော်များ၏ စွမ်းရည်ကို အကဲဖြတ်ခြင်းသည် အရေးကြီးပြီး ထိုသို့ဖြစ်ခဲ့လျှင် နှစ်ဆယ့်ငါး ပြင်ဆင်ပြု ပြင်မှုကို စတင်ဆောင်ရွက်ဖို့ လိုသည်။

၁၉၆၃ ခုနှစ် သမ္မတဂျွန်ကနေဒီ လုပ်ကြံခံရသောအခါ တာဝန်ကျ အိမ်ဖြူတော်သမားတော်မှာ ရေတပ်ဗိုလ်ချုပ် ဂျော့ဘာကလီ (Admiral Gorge Burkley)ဖြစ်ပြီး သူက ယာဉ်တန်း၏ နောက်ဘက်ကားထဲတွင် စီးနင်းလိုက်ပါလာသည်။ လဲကျသွားသော သမ္မတကို ခွဲစိတ်ခန်းထဲသို့ ဘီးနှင့် တွန်းခေါ်သွားပြီးနောက် Dallas ရှိ 'ပတ်လင်းဆေးရုံ' (Parkland Hospital) အရေးပေါ်အခန်းသို့ ဗိုလ်ချုပ် 'ဘာကလီ' ရောက်လာသည်။ ကနေဒီ လုပ်ကြံခံရမှု၏ အကျိုးသက်ရောက်မှုအနေနှင့် အိမ်ဖြူတော်ဆေးအဖွဲ့သည် လျှို့ဝှက်လုံခြုံရေးအဖွဲ့နှင့် (သမ္မတအား တိုက်ခိုက်မှုလေ့ကျင့်ခန်း အပါအဝင်) နီးနီးက အလုပ်လုပ်စပြုလာသည်။ သို့သော် နောက်ပိုင်းအစိုးရများနှင့် ဆေးအဖွဲ့၏ အမျိုးမျိုးသော ခေါင်းဆောင်များအတစ်ဆင့် သမ္မတဖို့ဒ် (Ford)နှင့် သမ္မတရီဂင် (Kegan)တို့ကို လုပ်ကြံရန် ကြိုးပမ်းမှုများ ရှိသော်လည်း သမ္မတ၏ ကာကွယ်မှုဆိုင်ရာ တပ်ဖွဲ့နှင့် လေ့ကျင့်မှုမှာ လမ်းဘေးသို့ ကျသွားခဲ့သည်။

၁၉၉၄ ခုနှစ် ဆေးအဖွဲ့ကို ကျွန်မ ကြိုးကိုင်သောအခါ သမ္မတ ဂျော့အိတ်ချ်ဒဗလျူဘွတ်ရှ် (Gorge H.W Bush) ၏ အထူးကိုယ်စားလှယ် SAIR ရစ်ချ်မီလာ (Rich Miller)၏စကားက ကျွန်မကို ခြောက်လန့်လျက်ရှိသည်။ သမ္မတ အတိုက်ခံရလျှင် ဆိုတာက ကိစ္စမရှိ၊ သမ္မတအတိုက်ခံရသောအခါ ဆိုတာက ကိစ္စရှိသည်။ ကျွန်မ၏အလုပ်မှာ အဆိုးဆုံး အဖြစ်နှင့် ကြုံကြိုက်လာလျှင် ထိထိရောက်ရောက် ကုသမှုပေးနိုင်ရန် ဆေးအဖွဲ့ကို ပြင်ဆင်ပေးထားရန်ဖြစ်သည်။ ထို သို့လုပ်ရန် လျှို့ဝှက်လုံခြုံရေးအဖွဲ့နှင့် ဘေးချင်းယှဉ်၍ သူတို့၏ ကာကွယ်မှုဆိုင်ရာ လှုပ်ရှားမှုကိုသိကာ၊ ဖြစ်ပွားရာနယ်မြေ တွင် အန္တရာယ်၏ အတိုင်းအတာကို လျှို့ဝှက်လုံခြုံရေးအဖွဲ့က ဘယ်လို အကဲဖြတ်သည်ဆိုသည်ကိုသိကာ၊ လုံခြုံရေးအဖွဲ့ဝင်များ ဘယ်လိုစဉ်းစားသည်ကို သိကာ အလုပ်လုပ်ရန်ဖြစ်သည်ဟု အဓိပ္ပာယ်ထွက်သည်။

ဖြစ်ပွားရာနယ်မြေတွင် ဆေးအဖွဲ့နှင့် ကျွန်မကိုခေါ်၍ ထိခိုက်ဒဏ်ရာကို အကဲဖြတ်ပြီး တည်ငြိမ်အောင် လုပ်ခြင်းသည် စစ်ပွဲအခြေအနေများတွင် ကျွန်မတို့မြင်တွေ့ရပုံနှင့် ဆင်ဆင်တူသည်။ စစ်ပွဲဒေသနှင့် ကွာခြားသည်မှာတော့ ကျွန်မတို့စီးသွားသော ယာဉ်အမျိုးအစား (ကျည်ကာ လင်မိုဆေး မရင်း၊ အမှတ်-၁လေတပ်လေယာဉ်)၊ ယူနီဖောင်း (ကျည်ကွယ်ရှက်ကွယ်) စစ်ယူနီဖောင်းအစား ကျွန်မတို့က အရပ်ဝတ်ဝတ်သည်။ ပြီးတော့ ဆေးရုံတွင်း ဖြစ်သည်။

စစ်တပ်တွင် ဖြစ်ပွားရာနယ်မြေရှိ ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများကို ဆိုးရွားသော ထိခိုက်ဒဏ်ရာရမှုနှင့်၊ နီးစပ်သော များပြားသည့် ထိခိုက်မှုများနှင့် လူနာ အသက်ရှင်မှု ဖြစ်နိုင်ခြေကို ကုသရန်သင်ကြားသည်။ ကယ်တင်ရန်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



အနည်းဆုံးဖြစ်နိုင်ခြေကို ဘေးဖယ်ထားရသည်။ ကယ်တင်နိုင်ရန် အခွင့်အရေး အများဆုံးရှိသောသူကို ပထမဦးစားပေးရသည်။ အိမ်ဖြူတော် သမားတော်အတွက်ကတော့ အကြီးဆုံးပုဂ္ဂိုလ်ကို ထိပ်ဆုံးဝါရင့်မှာ ထားရသည် အချိန်ကာလပိုင်း။ လုံခြုံရေးအဖွဲ့ဝင်များနှင့် ဆေးအဖွဲ့သည် သမ္မတ၏ ရှင်သန်မှုအတွက် သေချာအောင်လုပ်ရန် တည်ရှိရသည်။ သို့သော် ဖြစ်ပွားရာနယ်မြေတွင်း သင့်မှာ များပြားသော ထိခိုက်မှုများရှိနေလျှင် ဘာဖြစ်မည်နည်း။

■

အိမ်ဖြူတော် သူနာပြုအသစ်သည် နောက်ထပ် စမ်းသပ်မေးခွန်းကို စောင့်မျှော်ရင်း ခုံတွင်ထိုင်ကာ ဂနာမငြိမ်ဖြစ်နေသည်။ သူမသည် ဆေးအဖွဲ့၏ အုပ်ချုပ်မှုရုံးခန်းရှိ အနက်ရောင် သစ်သားစားပွဲတွင် ထိုင်နေသည်။ ဆေးအဖွဲ့၏ အုပ်ချုပ်မှုရုံးခန်းက အိမ်ဖြူတော်လမ်း၏ တစ်ဖက်ရှိ OEBC (OF) Excutive Office Building အဆောက်အအုံ၏ အပေါ်ဆုံးထပ်တွင် ရှိသည်။ သူ့ဘေးပတ်ပတ်လည်တွင် ထိုင်နေသူများကတော့ ဆေးအဖွဲ့၏ သူနာပြုများ၊ ဆေးဝန်ထမ်းများ လက်ထောက်သမားတော်များ၊ သူမကို မေးခွန်းတွေမေးနေသည် သမားတော်များ ဖြစ်သည်။ မေးလာသမျှ မေးခွန်းကို သူမက တုန်ယင်သောခွန်အားဖြင့် ပြန်လည်ဖြေကြားသည်။ အချက်ကျကောင်းမွန်သည့် သူမ၏ တုံ့ပြန်ပြောဆိုမှုတိုင်းတွင် တစ်ဖက်လူ အာရုံနောက်လောက်အောင်ပင် သူမ၏ယုံကြည်မှုက ခိုင်မာသည်။ သူမက နှုတ်မေးခွန်းအဖွဲ့နှင့် ယှဉ်ပြိုင်ကစားနေသည်။ ဆေးအဖွဲ့ဝင်တိုင်းသည် နှုတ်မေးခွန်းအဖွဲ့ကို ဖြတ်ကျော်သည်။ ယင်းတွင် သူတို့ကိုပေးသော လုပ်ဆောင်ရမည့် သီးခြားဖြစ်ရပ်၊ မြင်ကွင်းတစ်ခုနှင့် ပတ်သက်၍ သူတို့ကိုယ်တိုင် စဉ်းစားရသော စားပွဲပေါ် လေ့ကျင့်ခန်းတစ်ခု ပါဝင်သည်။ ယခုအချိန် သူနာပြုက မေးခွန်းတိုင်းကို အောင်မြင်စွာ ဖြေကြားနေသည်။ သူမက လေးစားခံ့ညားလောက်သော ထောက်ခံချက်နှင့်အတူ၊ CU သူနာပြုဘွဲ့ အပ်နှင်းခံထားရသူ ဖြစ်သည်။

ထို့နောက် နောက်ဆုံးမေးခွန်းသို့ ရောက်လာသည်။

အားလုံးသောအဖွဲ့ဝင်များက သူနာပြုအသစ်ကို ဝိုင်းကြည့်နေစဉ်မှာ အကြီးတန်းသူနာပြုက စာရွက်ကို ဖတ်ပြသည်။

'သမ္မတ၊ သမ္မတကတော်နဲ့ သမ္မတမိသားစုဝင်တွေ ထိုင်နေတဲ့နေရာ စင်မြင့်နားမှာရှိတဲ့ လူအုပ်ကြားမှာ သေနတ်တစ်ခုက ကျည်ထွက်သွားတယ်။ သမ္မတရဲ့ ညာဘက်လက်မောင်းကို မှန်တယ်။ သူက အသက်ရှူပြီး သတိရှိနေပါပေမဲ့ နာနေတယ်။ မင်း… ဘာလုပ်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သမ္မတဘေးနားသို့ ပြေးသွားမှာပေါ့' သူနာပြုက အမြန် ပြောချလိုက်သည်။

'ဒိုင်း… မင်း သေပြီ'

အကြီးတန်း ဆေးအဖွဲ့ဝင်က ခပ်စေ့စေ့ပြုံးလျက် သူနာပြု၏ခေါင်းကို လက်ချောင်းဖြင့် ချိန်ရွယ်ထားသည်။

'သတိထားပါ… မြင်ကွင်းထဲမှာ သေနတ်သမား ရှိနေတယ်။ နေရာက မလုံခြုံသေးဘူးလေ'

တုံ့ပြန်ပြောဆိုရန် သူနာပြုက ပါးစပ်ဖွင့်သွားသည်။ သို့သော် မေးခွန်းအဖွဲ့ရှိ အကြီးတန်းသမားတော်က စကားပြောလိုက်သောအခါ သူမ ရပ်သွားသည်။

'ဆေးအဖွဲ့ရဲ့ ရှေးဟောင်းစဉ်လာ စကားတစ်ခုကို ငါတို့သင်ရတယ်။ 'မင်းသေရင် သမ္မတကို မင်း မပြုစုနိုင်တော့ဘူး။ လုံခြုံမှုက ပထမ။ မြင်ကွင်းက လုံခြုံကြောင်းရှင်းတဲ့အထိ စောင့်ပါ'

'ကောင်းပါပြီ' သူနာပြုအသစ်က ခေါင်းညိတ်သည်။

သူနာပြုအသစ်ကလေးတော့ မေးခွန်းနွံတွင်းထဲသို့ ချော်ကျတော့မည်ကိုသိလျက် အကြီးတန်းသူနာပြုက မေးခွန်းကို ဆက်မေးကာ တိတ်တဆိတ်ပြုံးလိုက်သည်။

'မြင်ကွင်းက စိတ်ချရလုံခြုံသွားပြီး သေနတ်သမားကိုလည်း နှိမ်နင်းထိန်းသိမ်းလိုက်ပြီ။ သမ္မတကို သူ့လှို့ဝှက်လုံခြုံရေးအဖွဲ့တွေက စင်မြင့်ကနေ ဆွဲခေါ်သွားပြီ။ အိမ်ဖြူတော်သမားတော်က သူနဲ့အတူရှိနေပြီး Stage Coach နဲ့ ဆေးရုံကို သွားဖို့လုပ်နေတယ်'

မေးခွန်းသည် မကြာမီ ပြီးဆုံးတော့မည်ဟု မျှော်လင့်လျက် ဆံစတွင်ရှိသော ချွေးများကို လက်ဖြင့်သပ်ကာ သူနာပြုက ခေါင်းညိတ်ပြသည်။

'ဒါပေမဲ့ ထပ်တိုးလာတဲ့ ထိခိုက်မှုတွေက ရှိတယ်။ သမ္မတကတော် နဖူးမှာကွဲပြီး လဲကျနေတယ်။ သမ္မတရဲ့ မိသားစုဝင်တွေလည်း ဒဏ်ရာရနေတယ်။ သမ္မတရဲ့ ဦးကြီးတစ်ယောက်က ရင်ဘတ်ထိမှန်ထားလို့ ထိတ်လန့်နေတယ်။ မင်းက သမ္မတကတော်ကို အခြေအနေကြည့်ရအောင် သွားတော့၊ သူမက မင်းကို ဦးကြီးကိုဂရုစိုက်ဖို့ လက်ယမ်းပြတယ်။ မင်း ဘာလုပ်မှာလဲ'

'ဦးကြီးဆီကို သွားမယ်' သူနာပြုက မေးခွန်းကို တုံ့ပြန်လိုက်သည်။

'ဒါပေမဲ့ သမ္မတကတော်က ဒဏ်ရာရထားတယ်။ သူမရဲ့ခေါင်းမှာ သွေးတွေထွက်နေတယ်'

အကြီးတန်းသူနာပြုက 'သွေးထွက်နေသည်' ဆိုသော စကားလုံးကို အထူးဂရုစိုက် ပြောလိုက်သည်။

'ဒါဆို ကျွန်မသမ္မတကတော်ဆီကိုပဲ သွားမယ်' သူနာပြုက သူဖြေကြားချက်ကို အတည်ပြုချက် တစ်ခွန်းတစ်စ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



တွေ့လိုတွေ့ငြား အဖွဲ့ဝင်လူကြီးများ၏ မျက်နှာကို အကဲခတ်ကြည့်သည်။

'ဒါပေမဲ့ သမ္မတရဲ့ဦးကြီးက ရင်ဘတ်မှာ ထိမှန်ထားပြီး ထိတ်လန့်နေတယ်ဆိုတာကို သတိပြုပါ'

အကြီးတန်း လက်ထောက်သမားတော်က သူမကို သတိပေးလိုက်သည်။

'ဒါဆို သူ့ဆီကို အရင်သွားမယ်' သူနာပြုအသစ်က ကြိုးစားကြည့်ပြန်သည်။ စိတ်အားလျှော့မှုနှင့် ရှုပ်ထွေးမှုက မြင့်တက်လာသည်။

'ဘာဖြစ်လို့လဲ'

အကြီးတန်း သမားတော်က မေးသည်။

'ဘာဖြစ်လို့လဲဆိုတော့… ဘာဖြစ်လဲဆိုတော့ သူက ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားတယ်။ သူ့ အသက်ရှူတာက အဆုတ်၊ ဒါမှမဟုတ် နှလုံးမှာရထားတဲ့ ဒဏ်ရာနဲ့ ဆက်သွယ်နေပုံရတယ်'

မေးခွန်းရှင်အုပ်စုက သူ့ကို မှင်သေသေသောမျက်နှာထားဖြင့် သူမကို ကြည့်ကြသောအခါ သူနာပြုအသစ် စိုးရိမ်စိတ်များလာပြီး သူမ၏ ပြုမူဆောင်ရွက်မှုကို ခုခံပြောဆိုသည်။

'အဲဒီလူဆီကို အရင်သွားဖို့ မင်းမှာ တခြားအကြောင်းပြချက် ရှိသေးလား' အကြီးတန်းသူနာပြုက သူမကို မေးသည်။

'မရှိပါဘူး' သူနာပြုက ပြန်ပြောသည်။ ခေါင်းများကို ခါယမ်းနေသော စစ်ဆေးရေးအဖွဲ့ဝင်များကို သူမ ကြည့်သည်။

'ဟုတ်ပါပြီ… ကျွန်မ ဒီနေရာမှာ တစ်ခုခုလိုနေတယ် ထင်ပါတယ်'

'သဲလွန်စ၊ မင်းကို အိမ်ဖြူတော်အတွက် ခန့်ထားတယ်ဆိုတာ သတိရပါ' အကြီးတန်းဆေးအဖွဲ့ဝင်က ဝင်ထောက် ပေးသည်။

အဖြေကိုစဉ်းစားရင်း သူနာပြုက မျက်လုံးကို ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။

အကြီးတန်းသမားတော်က သူမကို ဝင်ကယ်လိုက်သည်။

'အိုကေ… နောက်ထပ် အဖြေတစ်ခုရှိတယ်။ ဒါပေမဲ့ နိုင်ငံရေးဆိုင်ရာ နားလည်မှုရှိတဲ့ အဖြေ'

အကြီးတန်းသမားတော် လက်ထောက်က ဝင်ပြောလိုက်သည်။

'ဟောဒီမှာ၊ မင်းက ဒဏ်ရာရထားတဲ့သူ့ဆီကို သွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့….

စစ်ဆေးရေးအဖွဲ့ဝင်အားလုံးက ပြောလိုက်ကြသည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲဆိုတော့ သမ္မတကတော်က သွားခိုင်းလို့'

■

လျှို့ဝှက်လုံခြုံရေးက ယင်းကို 'သတ်ကွင်း' ဟုခေါ် သည်။ သမ္မတရှိသော နေရာတစ်ဝိုက်တွင် ရှိနေခြင်းသည် သတ်ကွင်းထဲတွင် မတ်တတ်ရပ်နေခြင်းပင် ဖြစ်၏။ သိမ်မွေ့ စိတ်လှုပ်ရှားဖွယ်နှင့် ဖြစ်လာနိုင်သော အသက်အန္တရာယ်နှင့်ဆိုင်သော အတွေ့အကြုံကို ခံစားသိရှိနေခြင်းလည်း ဖြစ်သည်။

ကျွန်မ နေ့စဉ်အလုပ်၏ အစိတ်အပိုင်းအနေနှင့် သတ်ကွင်းထဲတွင်နေ၍ အလုပ်လုပ်ခဲ့သည်မှာ ကိုးနှစ်ရှိပေပြီ။ ဤအချိန် အတောအတွင်းတွင် သမ္မတ၏အသက်ကို ခြိမ်းခြောက်မှုများ ရှိခဲ့သည်။ အိမ်ဖြူတော်သို့ ကျွန်မ ရောက်ခါစက သမ္မတကို 'မတည်ငြိမ်သူ'၊ သို့မဟုတ် မကောင်းဆိုးဝါးတစ်ခုက အနာတရဖြစ်အောင် လုပ်ချင်လိမ့်မည်ဟု လျှို့ဝှက်လုံခြုံရေးက ပြောသည်ကို ကျွန်မ ကြားသောအခါ စိတ်မသက်မသာ ဖြစ်မိသည်။ ဘာကြောင့်များ သမ္မတကို အနာတရဖြစ်အောင် လုပ်ချင်ရတာပါလိမ့်။ အန္တရာယ်တစ်ခုစီနှင့် ကြုံတိုင်း ကျွန်မ၏ မသိနားမလည်မှုက လျော့ပါးသွားပါသည်။ သူ၏ သမ်းများကလည်း တစ်စတစ်စ နီးကြားဖျတ်လတ်လာကြပါသည်။ သမ္မတ၏ သက်တမ်းကာလတွင် သမ္မတ၏ ကံကြမ္မာသည် အသက်အန္တရာယ်နှင့် ရင်ဆိုင်နေထိုင်ရန်သာ ဖြစ်သည်ကို ကျွန်မ လက်ခံလာရသည်။ အပြန်အလှန်အားဖြင့် သူ ထိခိုက်ဒဏ်ရာ အနာတရရရှိလျှင် ကျွန်မ၏ ကံကြမ္မာက သူ့ကိုပြုစုစောင့်ရှောက်ရန် ဖြစ်သည်။ တစ်ပြိုင်နက်တည်းမှာပင် ကျွန်မ၏လုံခြုံရေးက တစ်ချိန်လုံး အန္တရာယ်နှင့် ရောပြွမ်းနေသည်။ သတ်ကွင်းထဲတွင် နေထိုင်ရသူတိုင်းသည် ဘေးမသီရန် မ မလွတ်နိုင်ပေ။ ၁၉၈၁ ခုနှစ်တွင် သမ္မတရီဂင် စာနယ်ဇင်းအတွင်း ရေးမှူး 'ဂျိမ်းစ်ဘရက်ဒီ' (Janes Brady) သည် 'ဂျွန်ဟင်ကလီ' (John Hinkley) ၏ ပထမဆုံးကျည်ဆန်များ၏ သားကောင်ဖြစ်သွားခဲ့သည်။ သမ္မတကလင်တန်သည် ပေါင်ရင်းအကြောများ ခွဲစိတ်ကုသပြီး Bethesda ရေတပ်ဆေးရုံတွင် ရှိနေသောအခါ ကျွန်မက 'ဘရက်ဒီ' အကြောင်းကို စဉ်းစားမိသည်။ ၁၉၉၇ ခုနှစ် မတ်လတွင် ဖြစ်၏။ 'ဒေါက်တာ ကော်နီ··· ကျွန်တော်တို့မှာ ပြဿနာပေါ်ပြီ'

သမ္မတ ဆေးရုံမှမဆင်းမီ နေ့လယ်ပိုင်းတွင် တာဝန်ကျလုံခြုံရေးအဖွဲ့ခေါင်းဆောင်က ကျွန်မဆီသို့ ချဉ်းကပ်ပြောသည်။

'ကျွန်တော်တို့ရဲ့ ကားတွေက ဘီးတပ်ကုလားထိုင်နှင့် သမ္မတကို တင်လို့မရဘူး'

'ရုစဗဲ့' (Rooseveet) ခေတ်တုန်းကနေ ကျန်ခဲ့တဲ့ လျှို့ဝှက်လုံခြုံရေး ကားဂိုဒေါင်ထဲမှာ ကျန်ခဲ့တဲ့တစ်ခုခု

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



မရှိဘူးလား'

ကျွန်မက လျှို့ဝှက်လုံခြုံရေး အဖွဲ့ဝင်ကို ခပ်ငေါ့ငေါ့လေး ပြောလိုက်သည်။ သူက ကျွန်မ လက်လွှတ်စပယ် ပြောလိုက်သော စကားကို အံ့အားသင့်နေသည်။ ဖလော်ရီဒါ (Florida) ပြည်နယ်၊ ဂျူပီတာ (Jupiter) ဒေသရှိ ဂေါက်သီးရိုက်သမား ဂရက်နော်မယ် (Gregnormal)၏ အိမ်လှေကားထစ်တွင် ချော်လဲကာ သမ္မတ၏ တံတောင်ကွေးကြော ပြဲသွားကတည်းက ကျွန်မသည် သူနှင့် မကင်းမကွာ ရှိနေခဲ့သည်။ ကျွန်မသည် ပင်ပန်း၍ ရေမိုးမသန့်စင်ရဘဲ ထူထဲသော မျက်မှန်ကြီးကိုတပ်ကာ မျက်လုံးများ ရီဝေလျက်ရှိသည်။ ရည်မှန်းသိမ်မွေ့မှုများကို ပစ်ပယ်ကာ ကျွန်မသည် အခုံးစွန်သော ပင်ပန်းနွမ်းနယ်မှုတွင် ရှိနေလျက် ကျွန်မ၏ ပြက်ရယ်စကားများက တင်းမာနေသည်။ ကျွန်မက ကိုယ့်ဘာသာ သတိရသွားပြီး ခေါင်းကိုယမ်းလိုက်သည်။

'စိတ်မရှိပါနဲ့နော်။ ကျွန်မ ပြန်ပြောပါ့မယ်။ သမ္မတကို Bethesda ဆေးရုံကနေ အိမ်ဖြူတော်ကိုခေါ်ရင် ကျွန်မတို့မှာ ပြဿနာရှိတော့မယ်လို့ ရှင်ပြောနေတာ မဟုတ်လား' ကျွန်မက ဖြည်းဖြည်းချင်းပြောလိုက်သည်။

'ဟုတ်ပါတယ်… ဒေါက်တာ' သူက အလုပ်ပုံစံ တိတိကျကျဖြင့် တုံ့ပြန်သည်။ ကျွန်တော်တို့ သူ့ကို 'လင်မိုဆင်း'နဲ့ သယ်လို့ရမလား'

'မဟုတ်တာ'

ဖလော်ရီဒါ (Florida) ရှိ အမှတ်-၁လေတပ် (Air Force One) လေယာဉ်သို့ သမ္မတကို လင်မိုဆင်းကားမှနေ၍ သူ့ လျှို့ဝှက်လုံခြုံရေးအဖွဲ့က ကိုယ်တိုင်ကိုယ်ကျ မရွှေသွားခြင်းခံရမည့် သမ္မတ၏ ဣန္ဒြေထိပါးမှုကို ကျွန်မက မြင်ယောင်လိုက်ကာ ထိုအကြံပေးချက်ကို ငြင်းချက်ထုတ်၍ သူ့ကိုပြောလိုက်သည်။

'သူက Bethesda ဆေးရုံကနေ ဘီးတပ်ကုလားထိုင် (wheelchair) နဲ့ ထွက်ရမယ်။ ကျွန်မတို့ တောင်ဘက်ဆင်ဝင် (South Portico)ကို ရောက်တဲ့အခါ သူက စာနယ်ဇင်းအဖွဲ့ကို ဘီးတပ်ကုလားထိုင်ပေါ်ကနေ စကားပြောလိမ့်မယ်' ရေတပ် စစ်ဘက်ကိုယ်ရံတော် ကျွန်မတို့အနားတွင် မတ်တတ်ရပ်နေပြီး ကျွန်မတို့ ပြောဆိုနေသည်ကို ကြားသည်။

'ဘီးတပ်ကုလားထိုင် (Wheelchair) တင်နိုင်တဲ့ ကားတစ်စီးလောက် ငှားလို့မရဘူးလား' သူက အကြံပြုသည်။

'ဗီယက်နမ်စစ်ပွဲမှာ ခြေနှစ်ဖက်စလုံးပြတ်ပြီး ဘီးတပ်ကုလားထိုင် သုံးရတဲ့ လွှတ်တော်အမတ် (Congressman) တစ်ယောက်တလေများ မရှိဘူးလား'

လုံခြုံရေးအဖွဲ့ဝင်က ရွှင်လန်းအားရစွာ ပြောသည်။ 'ဟုတ်တယ… အဲဒီ အကြံကောင်းတယ်' သူက ခဏကြာ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဦးစားလိုက်သည်။

'ဂျိမ်းစ်ဘရက်ဒီ (James Brady) ဆိုရင် ဘယ်လိုနေမလဲ။ သူ့မှာ အထူးစီမံ ပြုလုပ်ထားတဲ့ကား ရှိရမယ်'

ထို့ကြောင့် သမ္မတဆေးရုံမှမဆင်းမီ နေ့လည်ပိုင်းတွင် လှိုဝှက်လုံခြုံရေးက ဂျိမ်းစ်ဘရက်ဒီ(James Brady) ကို ဆက်သွယ်သည်။ သူက လိုလားကြည်ဖြူစွာ သူ၏ဗင် (Van) ကားအား ကျွန်မတို့ကို ငှားသည်။

သမ္မတကလင်တန်သည် ဘီးတပ်ကုလားထိုင်နှင့် ကျွန်မ၏ဘေးနားတွင် မတ်တတ်အနေအထားနှင့် ရှိနေသည့်အခါသည် ဘရက်ဒီ (Brady) ၏ ကျယ်ပြန့်သော၊ သို့သော် ကျည်ကာမဟုတ်သော ကား၏နောက်ခန်းထဲတွင် သူ့အား လုပ်ကြံရန် အခွင့်သာနေသော သတ်ကွင်းထဲ ရောက်နေခြင်းကို ကျွန်မ စဉ်းစားမိသည်။ များစွာသော ခြိမ်းခြောက်မှုများခံရထားသည့် သမ္မတကလင်တန်သည် သည်တစ်ချိန်တွင် သတ်ကွင်းမှ လွတ်မြောက်သွားခဲ့ပြန်သည်။ သမ္မတလုပ်ကြံရန် ကြိုးပမ်းမှုအား သူ၏ တစ်ခုတည်းသော ကြုံတောင့်ကြုံခဲ အခွင့်အရေးမှာ အိမ်ဖြူတော်သို့ ဂျိမ်းစ်ဘရက်ဒီ၏ ဗင် (Van) ကား၏ နောက်ခန်းတွင်ထိုင်၍ လိုက်သွားသည့်အခါပင် ဖြစ်သည်။ ယင်းမှာ ကျွန်မအတွက်လည်း ကောင်းပါသည်။ ကျွန်မလိုချင်နေသော တစ္ဆေနှင့် နီးနီးကပ်ကပ် ရှိလိုက်ခြင်းပင် ဖြစ်၏။

■

ဒဏ်ရာများ၊ သေခြင်းတရားနှင့် စစ်ခင်းရန် သမားတော်များကို လေ့ကျင့်ထားသည်။ သို့သော် သမားတော်အများစုမှာ အန္တရာယ်စက်ကွင်း ကျရောက်လိမ့်မည်ဟု မျှော်လင့်မထားကြပါ။ စစ်ဘက်သမားတော်များအနေနှင့် ကျွန်မတို့သည် ကျွန်မတို့တာဝန်ကို အန္တရာယ်ရှိစွာဖြင့် ဆောင်ရွက်ရန် လက်ခံထားကြပါသည်။ ကျွန်မတို့လူနာ (သမ္မတ)၏ အသက်နှင့် လုံခြုံမှုသည် ကျွန်မတို့၏ အသက်နှင့် လုံခြုံမှု၏ ရှေ့မှာရှိသည်ဟု အိမ်ဖြူတော် သမားတော်များက ယုံကြည်ထားကြပါသည်။ ဤသနားစဖွယ် သဘောပေါက်နားလည်မှုကို ဆေးအဖွဲ့တွင် ထိတ်လန့်ဖွယ် ဟာသနှော၍ ကိုင်တွယ်ဖြေရှင်းနေကျဖြစ်ပါသည်။ ကျွန်မတို့ဆေးအဖွဲ့တွင် မိမိတို့အတွက်ကို အနီးကပ် တိုက်ခိုက်ခံရမှု ဟူသောအရာ ရှိပါသည်။ ယင်းကိုဖြေသော ဖြေဆေးလည်း ရှိပါသည်။ ယင်းဖြေဆေးမှာ အမှတ်-၁ လေတပ်လေယာဉ် (Air Force One) ပျက်ကျလျှင် သတင်းစာ ခေါင်းကြီးပိုင်းများက 'သမ္မတ'နှင့် အခြားသူများ သေဆုံးကြသည်'ဟု ရေးသားကြမည်ကို သဘောပေါက်ရန်ပင် ဖြစ်သည်။ ကျွန်မတို့သည် မကြာမီမှာပင် မေ့ပျောက်ခံကြရမည့် 'အခြားသူများ'ဖြစ်သည်ကို ကျွန်မတို့ သိပါသည်။ ယင်းက ကျွန်မတို့၏ ကျွန်မတို့မိသားစုကို မဖြစ်စလောက် နှစ်သိမ့်မှုကိုတော့ ပေးပါသည်။ သို့သော် ကျွန်မတို့၏ အထူး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ထိပါးတိုက်ခိုက်ခံနေရသည်သာ။

လေတပ်ဂျက်ကက်အင်္ကျီ၊ လေယာဉ်မှူးဦးထုပ်၊ ခေါင်းစွပ် စကားပြောကိရိယာများ ဝတ်ဆင်လျက် ကျွန်မသည် အမှတ်-၁လေတပ် (Air Force One)လေယာဉ်အနေနှင့် သတ်မှတ်ထားသော လေတပ်စီ-၁၇ Air Force- 17 လေယာဉ်ပေါ်ရှိ ပလတ်စတစ်ခုံတန်းပေါ်တွင် ထိုင်နေသည်။ အဘယ်ကြောင့်ဆိုသော် သမ္မတသည် လေယာဉ်ပေါ်တွင် ရှိနေသောကြောင့် ဖြစ်သည်။ သမ္မတကလင်တန်သည် ဘူလ်ဂေးရီးယား (Bulgaria)နိုင်ငံ၊ ဆိုဖီယာ (Sofia)မှ မက်ဆီဒိုးနီးယား (Mecedonia) မက်ကော့ကျီ (Skopje) မြို့သို့ သွားနေသည်။ တူရကီ (Turkey)နိုင်ငံ အီစတန်ဘူးလ် (Jstanbul)မြို့မှ စတင်ခဲ့သော ကျွန်မတို့ ဆယ်ရက်ခရီးစဉ်၏ နောက်ဆုံးပိတ်ခရီးတွင် ကျွန်မတို့ ရောက်နေပါသည်။ 'တူရကီ'မှ ထွက်ခွာပြီးနောက် ကျွန်မတို့ ဂရိ (Greece)သို့ သွားကာ ညအိပ်ခဲ့သည်။ သို့သော် ကျွန်မတို့မှာ ဟိုတယ်မှ မခွာဘဲနေခဲ့ရသည်။ အကြောင်းမှာ ကားများ၊ အမှိုက်ကားများကို မီးတွေရှို့နေသော ဆန္ဒပြသမားများက လမ်းများကို သိမ်းပိုက်ထားသောကြောင့် ဖြစ်သည်။ အမှတ်-၁ လေတပ် (Air Force One)လေယာဉ်က အီတလီသို့သွားရန် အေသင်မြို့ လေယာဉ်ပြေးလမ်းမှ အတက်တွင် လေယာဉ်ဝန်ထမ်းမှူးချုပ်က ကျွန်မနှင့် သူနာပြုထိုင်နေသည့် ဆေးဘက်ဆိုင်ရာ အခန်းထဲသို့ ဝင်လာသည်။

'ကျွန်တော်တို့ ဘာကူညီရမလဲ'

ကျွန်မ၏ အကြီးတန်း သူနာပြုဒုဗိုလ် ဗင့်စတပ်ခ်် (Vince Starks)က ဝန်ထမ်းမှူးချုပ်သည် မောထရင်း (Motrin)များလို့လား၊ ဆေးနှင့်ပတ်သက်သည့် ကိုယ်ရေးကိုယ်တာ မေးခွန်းများ မေးချင်လို့လားဟု အောက်မေ့ကာ မေးလိုက်သည်။

ဝန်ထမ်းမှူးချုပ် အနည်းငယ် မျက်စိမျက်နှာ ပျက်နေသည်။ ကြမ်းပြင်ပေါ်ရှိ ဆေးအိတ်များကို သူက သေသေချာချာ ကြည့်သည်။

'မဟုတ်ပါဘူး··· အိတ်တွေကို စစ်ကြည့်နေတာပါ'

'စစ်ကြည့်နေတာလား'ကျွန်မက မေးသည်။ 'ဘာအတွက်လဲ'

ကျွန်မတို့အခန်းကို ကြည့်ရှုပြီးနောက် ကျေနပ်သွားကာ သူက ကျွန်မကိုကြည့်၍ မျက်စိမှိတ်ပြသည်။

'ဒီမှာ မရှိသင့်တဲ့ဟာ တစ်ခုခုအတွက်ပါ'

'ချက်··· ချက် မြည်နေတဲ့ဟာကို ဆိုလိုတာလား' ဗင့်စ်က မေးသည်။

'ဟုတ်ကဲ့ ဆိုပါတော့' ဝန်ထမ်းမှူးချုပ်က သွယ်သွယ်ဝိုက်ဝိုက်ဖြေကာ အခန်းထဲမှ ခပ်သုတ်သုတ်ထွက်သွားသည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းကျမှ လျှို့ဝှက်လုံခြုံရေးအဖွဲ့မှတစ်ဆင့် ကျွန်မ သိလိုက်ရသည်။ အမှတ်-၁လေတပ် (Air Force One)လေယာဉ်ပြေးလမ်းသို့ ဆင်းသက်သောအခါ ရေဒီယိုမှ အသံတစ်သံ ထွက်ပေါ်လာသည်မှာ လေယာဉ်ပေါ်တွင် ဗုံးတစ်လုံးပါလာပြီး ၁၅မိနစ်အတွင်း ထိုဗုံးက ပေါက်ကွဲတော့မည်ဟူ၍ ဖြစ်၏။ လေယာဉ်မှူးများက တိကျပြတ်သားသော လုပ်ရှားမှုနှစ်ခုကို လုပ်ဆောင်လိုက်သည်။ ၁။ သူတို့က လျှို့ဝှက်လုံခြုံရေးအဖွဲ့ကို လေယာဉ်မောင်းခန်းထဲသို့ခေါ်၍ ခြိမ်းခြောက်သောအသံအား ဖမ်းယူထားမှုကို ပြန်လည်နားထောင်စေသည်။ ၂။ အချိန်မှတ်နာရီကို ၁၅မိနစ်ကြာအောင် အချိန်မှတ်လိုက်သည်။ ကံအားလျော်စွာပင် မည်သည့်ဗုံးမျှ ပေါက်ကွဲမလာဘဲ ကျွန်မတို့သည် အီတလီ၊ ဘူလ်ဂေးရီးယား၊ မက်ဆီဒိုးနီးယားနှင့် ကိုဆိုဗိုသို့ ခရီးဆက်ခဲ့သည်။

စီ-၁၇ (C-17)နှင့် မက်ဆီဒိုးနီးယားသို့သွားသော ခရီးသည် နောက်ထပ်အန္တရာယ်ရှိသော ခရီးဟု ယူဆသတ်မှတ်သည်။ ကျွန်မတို့သွားသော နေရာတော်တော်များများက စစ်ဘက်တာဝန်ရှိသူများအား ထိုကဲ့သို့ အန္တရာယ်ရှိသော နေရာသို့ ခေါ်ချခြင်းအတွက် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်ဖြင့် ပေးဆပ်ရမည်ဟုဆိုသော နေရာများသာ ဖြစ်သည်။ ကျွန်မတို့သည် 'မက်ဆီဒိုးနီးယား'တွင်ဆင်းကာ 'ကိုဆိုဗို'သို့ ဟယ်လီကော်ပတာဖြင့် သွားသည်။ ကိုဆိုဗိုတွင် သမ္မတက နှစ်နိုင်ငံတွေ့ဆုံပွဲများ တက်ရောက်သည်။ ကျွန်မတို့ ဆင်းသက်မည့် စစ်အခြေခံစခန်း၏ ပတ်လည်တွင် မိုင်းရှိသည်ဆိုသော သတိပေးဆိုင်းဘုတ်များ ထောင်ထားသည်။

အကြီးတန်းသမားတော် လက်ထောက် 'ခရေ့ဂ်ျအက်ရှ်ဘီ' (CraigAshby)က ကျွန်မတို့၏ ဟယ်လီကော်ပတာကို ဆင်းသည့်နေရာတွင် လာရောက်တွေ့ဆုံသည်။ ကိုဆိုဗိုသို့သွားသော ခရီးအတွက် လုံခြုံရေးက အဆင့်မြင့်ဆုံးနေရာတွင် စာရင်းသွင်းထားသောကြောင့် ကျွန်မက ကျွန်မလက်ထောက် ဒေါက်တာ 'ရစ်ချတ်တပ်ဘ်' (Dr. Richard Tubb)ကို ဤခရီးတွင် ခေါ်လာခဲ့သည်။ သူက နောက်မှပံ့ပိုး ဟယ်လီကော်ပတာ Nighthank Two ဖြင့် လိုက်လာသည်။ ဤခရီးတွင် အန္တရာယ်အရှိဆုံးဟု လျှို့ဝှက်လုံခြုံရေးက သတ်မှတ်ထားသော်လည်း ကျွန်မနှင့်အတူ ဝါအကြီးဆုံးနှင့် အတွေ့အကြုံအရှိဆုံး ဆေးအဖွဲ့ရှိနေသောကြောင့် နောက်ဆုံးအထိ ကျွန်မက ယုံကြည်မှုရှိနေပါသည်။ အပြန်ခရီးတွင် အကောင်းဆုံးနှင့် အထူးချွန်ဆုံးတို့ကို အန္တရာယ်ခရီးပေါ်တွင် အပါခေါ်ယူလာခဲ့ခြင်းသည် လုပ်စရာ အစစ်မှန်ဆုံး အလုပ်မဟုတ်သည်ကို ကျွန်မ သဘောပေါက်မိသည်။ အကယ်၍ ဆိုးကောင်းမြည်ကောင်း သမ္မတနှင့် ဆေးအဖွဲ့ကျဆုံးလျှင် ဆေးအဖွဲ့တွင် ဆက်ကျန်လူကောင်းများ ရှိဖို့လိုအပ်သေးသည်။

'ကိုဆိုဗို'တွင် ကျွန်မတို့ ခဏလေးသာ နားသည်။ မကြာမီ ကျွန်မတို့ ဟယ်လီကော်ပတာနှင့် C-17 သို့ သွားသည်။ C-17 နှင့် မက်ဆီဒိုးနီးယား လေယာဉ်ပြေးလမ်းသို့ သွားသည်။ ထိုနေရာတွင် အမှတ်-၁လေယာဉ် (Air

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



Force One)လေယာဉ်က ဝါရှင်တန်သို့ ပြန်ခေါ်သွားရန် ကျွန်မတို့ကို စောင့်နေသည်။ ဤခရီးတွင် ပြောင်းရွှေ့ရသော အစိတ်အပိုင်းများက များပြားလှသည်။ ဟယ်လီကော်ပတာများ၊ ကျည်ကာကားများ၊ C-17 လေယာဉ်၊ မိခင်ယာဉ် 747၊ အမှတ်-၁လေတပ် (474 Air Force One)လေယာဉ်။ သမ္မတသွားရာ နေရာနောက်လိုက်လိုက်၊ ကားထဲ ပြေးဝင်လိုက်၊ ဟယ်လီကော်ပတာပေါ် တက်လိုက်၊ လေယာဉ်ပေါ်တက်လိုက်နှင့် ကျွန်မသည် စက်ရုပ်တစ်ပိုင်း၊ ကြွက် တစ်ပိုင်း ပေါင်းစပ်ထားသည်ဟု ခံစားမိလာသည်။ အဆင့်တိုင်းတွင် ကျွန်မသည် အလိုအလျောက် လှုပ်ရှားမိနေသည်။ အိတ်များကို သယ်ခြင်း၊ သတ်ကွင်းမှထွက်၍ နေရာယူခြင်း၊ သို့သော် သမ္မတ ထိခိုက်ဒဏ်ရာရပါက ပြုစုကုသရန် သမ္မတကို မြင်လောက်သည့် နေရာတွင် နီးနီးကပ်ကပ် နေရခြင်းတို့ ဖြစ်သည်။

ကိုဆိုဗိုသွားသည့် ဤအန္တရာယ်များသော ခရီးသည် ဘာမျှမဖြစ်ဘဲ ပြီးဆုံးသွားသည်ကို ကျွန်မ ကျေးဇူးတင်မိ သည်။ ကျွန်မ၏ ဆုလာဘ်မှာ ကျွန်မအဖွဲ့နှင့်အတူ C-17 ပေါ်တွင် အမှတ်-၁ Air Force One လေယာဉ်သို့ ပြန်လာ ရန် ဖြစ်သည်။ ကြီးမားသောလေယာဉ်က လေထုထဲသို့ တက်လိုက်သောအခါ ပင်ပန်း၍ အိပ်ငိုက်နေသော ကျွန်မ၏ဆေးအဖွဲ့ ကို မေးကြည့်မိသည်။ သူတို့က ကျွန်မ၏ ရှေ့ဘက် သက်သောင့်သက်သာမရှိသော ခုံတန်းပေါ်တွင် ထိုင်နေကြသည်။ ကျွန်မက ဒေါက်တာတပ်ဘ် (Dr.Tubb)ကို လှမ်းကြည့်လိုက်သည်။ သူ့ခေါင်း၏ နောက်ဘက်မှထောင်နေသော ရွှေရောင် ဆံပင်စုအထုံးက လူငယ်တစ်ဦး၏အသွင် ဖြစ်ပေါ်နေသည်။ တကယ်တော့ သူသည် ရင့်ကျက်သည့် ဗိုလ်မှူးကြီးတစ်ယောက် ဖြစ်သည်။ သူ့ဘေးနားက ခုံပေါ်တွင် မှီ၍ထိုင်နေသည်မှာ 'ခရေ့ဂ်ျအက်ရှ်ဘီ' (Craig Ashby) ဖြစ်သည်။ ဆေးအဖွဲ့၏ အကြီးတန်းသမားတော် လက်ထောက်ဖြစ်သည်။ အမြဲတမ်း လေးနက်တည်ကြည်ပြီး Clark-Kent လို ပုံစံမျိုးဖြင့် မြင် ရ၍ ခရေ့ဂ်ျသည် ရယ်ခဲပြုံးခဲသည်။ သို့သော် သူ ပြုံးယောင်သမ်းသွားသည်ကို ကျွန်မ သတိထားမိလိုက်သည်။ 'ခရေ့ဂ်ျ' (Craig)၏ဘေးတွင် တင့်တယ်၍ ဆွဲဆောင်မှုရှိသော အကြီးတန်းသူနာပြု 'ဗင့်စတပ်စ်' (Vince Starks)က ထိုင်နေသည်။ သူက အန္တရာယ်ရှိသော တာဝန်မှန်သမျှကို စွန့်စားမှုတစ်ရပ်အနေနှင့် ကြိုဆိုလက်ခံသူ ဖြစ်သည်။ သို့သော် ဤခရီးတွင် စိတ်လှုပ်ရှားမှုများကို တောင့်ခံထားသောကြောင့် သူသည် ပင်ပန်းနွမ်းနယ်နေသည်။ သူက မျက်လုံးမှိတ်ထား ဟောက်စ ပြုနေပြီ။

ထိုလူသုံးယောက်ကို ကျွန်မ ငေးကြည့်ရင်း ကြီးမားသည့်အန္တရာယ်ရှိသော အမှားတစ်ခုကို လုပ်လိုက်မိသည်ဟု ကျွန်မ သဘောပေါက်လိုက်ပါသည်။ အကယ်၍ လေယာဉ်ပျံပျက်ကျ၍ သမ္မတနှင့် တခြားလူများ သေကျေပျက်စီးကြသည် ဆိုပါလျှင် ၂၅-ပြင်ဆင်ပြောင်းလဲရေးမူအရ ဒုသမ္မတသည် သမ္မတအာဏာကို ယူရမည်။ သို့သော် အိမ်ဖြူတော်ဆေးအဖွဲ့ မည်သူတွေက ဆက်လက်ဆောင်ရွက်ကာ သမ္မတအသစ်ကို မည်သူတွေက ဂရုစိုက်မည်နည်း။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဆက်သွယ်ရေးအရာရှိကို ကျွန်မအား စိတ်ချလုံခြုံသော ဖုန်းတစ်ခုပေးရန် အချက်ပြလိုက်သည်။ အော်ပရေတာက ကျွန်မကို လက်ဖတင်နင်ကွန်မင်ဒါ (Lirutinant Commander) ဘာဘရာအိုင်ဒန်း (Babara Idone) နှင့် ဆက်သွယ်ပေးသည်။ Old Execution Office Building ရှိ ကျွန်မတို့၏ အုပ်ချုပ်ရေးရုံးတွင် တာဝန်ကျနေသော ဆေးအဖွဲ့ အုပ်ချုပ်ရေးမှူးဖြစ်သည်။ ကျွန်မက သူမကို ဖုန်းခေါ်ကြည့်၍ သူမက ပြန်ပြောသောအခါ (ဘတ်ဘ်)က တိကျပြတ်သား၍ ရှင်လန်းနေပေသည်။ 'ကွန်မင်ဒါ အိုင်ဒန်း၊ အခုပြောမယ့် ရှေ့ဆက်လုပ်ဆောင်ရမယ့် အစီအစဉ်တွေကို လိုက်ရေးမှတ်ပါ'

ကျွန်မက ဖုန်းထဲမှနေ၍ ဖြည်းဖြည်းနှင့် ရှင်းရှင်းလင်းလင်း ပြောနေသည်။ ကျွန်မ၏ လေသံအတိမ်အနက်ကို သူမ သဘောပေါက်သည်။ ကျွန်မတို့သည် သမိုင်းတွင်သောဖြစ်ရပ်နှင့် ကြုံကြိုက်ခဲ့ပါလျှင် ဆေးအဖွဲ့ကို ဆက်လက်ဆောင်ရွက်မည့် အကြီးတန်းသမားတော်အတွက် အမည်များ၊ အကြီးတန်း သူနာပြုအတွက် အမည်များ၊ C-17 ပေါ်ရှိ လူများနေရာတွင် အစားထိုးဝင်ရောက် တာဝန်ယူမည့် အကြီးတန်းသမားတော် လက်ထောက်များ၏ အမည်များကို ကျွန်မက သူ့အား ပြောပြသည်။ ကျွန်မက နာမည်တစ်ခုကို ပြောပြတိုင်း သူက နောက်တစ်ခါ လိုက်ရေရွတ်သည်။ သူမသည် ခုံအစွန်းတွင် ထိုင်ကာ အဝါရောင် စာရေးစက္ကူပေါ်တွင် အမည်များ ရေးချနေသည်ကို ကျွန်မ မြင်ယောင်သည်။

'လိုက်ရေးလို့ရလား ကွန်မင်ဒါ' ကျွန်မက မေးသည်။

'မပြောကောင်း မဆိုကောင်းနဲ့ပဲ'၊ ကျွန်မလိုက်ရေးလို့ ရပါတယ် ဒေါက်တာ' သူမ၏အသံက ကွဲအက်နေသည်။ 'ကျွန်မ တခြား ဘာလုပ်ဖို့ရှိပါသေးသလဲ'

'ကျွန်မတို့ဟာ ဒီ ရှေ့ဆက်လုပ်ရမယ့်အစီအစဉ်ကို ဆောင်ရွက်ဖို့ မလွဲသာမရှောင်သာ ကြုံလာတယ်ဆိုရင် အာလင်တန် (Arlington)မှာ မြစ်ရဲ့တစ်ဖက်ကမ်းက နေရာတစ်ခုကို ကျွန်မအတွက် ချန်ထားပေးပါ'

ကျွန်မ ကြွင်းကျန်သော ရုပ်ကလပ်နှင့်ပတ်သက်၍ အသေးစိတ်ပြောဖို့ ရောက်လာသောအခါ စိတ်လှုပ်ရှားမှု ကင်းမဲ့စွာ ပြောနေမိသည်ကို အံ့သြလျက် ကျွန်မက သူမကို မမေ့အောင်ပြောနေသည်။ 'ကျွန်မကို မြှုပ်ဖို့အတွက် ကိုယ်ပိုင်တောင်းဆိုချက်ကတော့ အစစအရာရာ လုပ်စရာရှိတာတွေ၊ အခေါင်းကိုသယ်တာ၊ ဂီတအစရှိသည်တို့ အပါအဝင် အားလုံး စိတ်ချလက်ချ ဖြစ်ချင်ပါတယ်'

'ဟုတ်ကဲ့ပါရှင်' သူက မျက်ရည်ကိုထိန်းကာ ပြန်ပြောသည်။

'ပြီးတော့'

'ဟုတ်ကဲ့'

www.burmeseclassic.com
the bookhouse we bring your letters

www.burmeseclassic.com



'ကျွန်မရဲ့အလောင်းကို အဝတ်အစားလွှမ်းဖို့ လိုအပ်တယ်ဆိုရင် ကျွန်မနှစ်သက်တဲ့ ယူနီဖောင်းဝတ်စုံက တာဝန်ကျ ဝတ်စုံ အပြာရောင်နော်'

'ကောင်းပါပြီ… ဒေါက်တာ'

သူမက နှာခေါင်းမှ မွှတ်ထုတ်ရင်း နှာရှုံ့သံနှင့် ပြောသည်။

'တာဝန်ကျ ဝတ်စုံအပြာရောင်ကို ပြောတာနော် ဘတ်ဘ်' ကျွန်မ ပိုဂရုတစိုက် ပြောလိုက်သည်။ ကျွန်မ၏ ခါးသီးသော နောက်ဆုံးအခြေအနေအတွက် အချည်းအနှီး လုပ်ဆောင်နေမှုကို ကျွန်မဘာသာသိလျက် ထပ်ပြောလိုက်သည်။ 'တာဝန်ကျ အပြာရောင်က သိပ်ပြီး ပေါ်ပေါ်လွင်လွင် ရှိတယ်'

'ဘတ်ဘ်ကို ဖုန်းဆက်ပြီးသောအခါ ဖုန်းကိုပြန်နှိပ်၍ ခုံပေါ်တွင်တွင်ထိုင်ချကာ ခန့်တဲ့တဲ့ပြုံးမိသည်။ ကျွန်မသည် အိမ်အပြန်လမ်းတွင် ဤကဲ့သို့သော အစီအစဉ်တစ်ခုကို ပူပန်နေရသော ကမ္ဘာတစ်ဝန်းအတွင်းရှိ သမ္မတ၏သမားတော် အနည်းငယ်ထဲမှ တစ်ယောက်ဖြစ်သည်ကို ကျွန်မ သိသည်။ သမားတော်အများစုနှင့် မတူသည်မှတစ်ပါး ကျွန်မ၏ ရုံးခန်းသည် ၁၆၀၀ Pennsylvania Avenue ဖြစ်ပြီး ကျွန်မ စီးနှင်းလိုက်ပါနေသော အိမ်မှာ သမ္မတ၏ နွားသိုး မျက်လုံးတံဆိပ်ပါသော အပြာရောင်-၇၄၇- လေယာဉ်ကြီးပင် ဖြစ်သည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'ဘုရင်ဖြစ်ရတာ ကောင်းမှာပဲ' ဟူ၍ စပိန်တော်ဝင်မိသားစု၏ တောက်ပသော မဟော်ဂနီသားဖြင့် အလှဆင်ထားသော ရွက်လှေပေါ်သို့ တက်လိုက်သည့်အခါ ကျွန်မ စဉ်းစားမိသည်။ ၁၉၉၇ခုနှစ်၊ ဇူလိုင်လ၏ သင်းပျံ့သော တနင်္ဂနွေနေ့ နေ့လယ်ခင်းဖြစ်သည်။ သမ္မတကလင်တန်၊ ဟီလာရီနှင့် ချဲလ်ဆီးတို့ကို ဘုရင် 'ဂျူယန် ကားလော့စ်-၁' (King Juan Carlos I)နှင့် မိဖုရား 'ဆိုဖီယာ' (Sofia)တို့က Palma de Mallorca ကမ်းခြေပင်လယ်ပြင်တွင် Fortuna နှင့် ရွက်လွှင့်ရန် ဖိတ်ခေါ်သည်။ သမ္မတက 'မက်ဒရစ်' (Madrid)ရှိ နေတိုး (NATO) ထိပ်သီးညီလာခံတက်ရောက်ရန် သွားနေခြင်း ဖြစ်သည်။ ခရီး၏ ပထမအပိုင်းကို ဘုရင်၊ မိဖုရားနှင့်အတူ ကိုယ်ပိုင်အချိန်အဖြစ် လွတ်လွတ်လပ်လပ် နေထိုင်ရန် သမ္မတက စီစဉ်ထားသည်။ ဘုရင်တစ်ပါးနှင့် သင်မည်သို့ နေထိုင်မည်နည်း။ ယခင်ည ခရီးစဉ်ရှေ့ပြေးအဖွဲ့ အစည်းအဝေးတွင် သမ္မတ၏ နေ့စဉ် အစီအစဉ်ဇယားကို ကြေညာသောအခါ ကျွန်မက သည်မေးခွန်းကို စဉ်းစားမိသည်။

## အခန်း-၁၀
## ဘုရင်နှင့်ကျွန်မ-၁

သမ္မတ၊ ဘုရင့်မိသားစုနှင့်အတူ သင်္ဘောပေါ်သို့ တက်ခွင့်ရသော အိမ်ဖြူတော်ဝန်ထမ်းများမှာ လျှို့ဝှက်လုံခြုံရေးတစ်ဦး၊ တာဝန်ကျ ရေတပ်စစ်ဘက်ကိုယ်ရံတော်၊ အိမ်ဖြူတော် ဓာတ်ပုံဆရာနှင့် ကျွန်မဖြစ်သည်။ ကျန်သော အိမ်ဖြူတော် ဝန်ထမ်းများက ဘုရင့်ရွက်လှေတော်မှနေ၍ ခွာ၍လိုက်လာသော လှေငယ်များသို့ ပြောင်းရွှေ့လိုက်ပါသည်။ ဘုရင့်ရွက်လှေတော်က 'မာလော်ကာ' (Mallorca)ကမ်းခြေတွင် နိမ့်လိုက်မြင့်လိုက်နှင့် သွားနေသည်။

လှေပေါ်ရှိ ကုန်းပတ်ပေါ်သို့ ကျွန်မတို့ တက်သောအခါ ကျွန်မက လျှို့ဝှက်လုံခြုံရေး စစ်ဘက်ကိုယ်ရံတော်နှင့် ဓာတ်ပုံဆရာ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တို့၏ နောက်မှလိုက်သည်။ ဤနိုင်ငံတော်အဆင့် ရေယာဉ်ပေါ်သို့ တက်လိုက်ရသည်မှာ ကျွန်မနှင့် မထိုက်တန်ပါလား ဟူ၍ပင် ကျွန်မ ခံစားရသည်။

စပိန်မင်းကေရာစ်များနှင့် ရွက်လွှင့်နေခြင်းမှာ ကျွန်မ၏ နေရာမဟုတ်ပါပေ။ သူတို့သည်ကား ကျွန်မ၏ ဖိလစ်ပိုင်မျိုးရိုးအမွေနှင့် သမိုင်းအားဖြင့် ဆက်စပ်နေသည်။ ဖိလစ်ပိုင်ကျွန်းမှာ ရာစုနှစ်ပေါင်းများစွာ စပိန်ကိုလိုနီဖြစ်ခဲ့သောကြောင့် ဖြစ်သည်။ ဖိလစ်ပိုင်ဆိုသည်မှာလည်း စပိန်အိမ်ရှေ့မင်းသားဖိလစ်-၂ (Philip-2)၏ အမည်ကို ပေးထားသော နာမည်ကို ပေးထားခြင်း ဖြစ်သည်။ ယခု ကျွန်မသည် မြေထဲပင်လယ်ထဲတွင် ကျွန်မ၏ မွေးရပ်မြေ နာမည်ပိုင်ရှင်များမှ ဆင်းသက်လာသူများနှင့်အတူ ရွက်လွှင့်ရတော့မည်။ ကျွန်မ၏ တောင်သူလယ်သမား ဘိုးဘွားများက သူတို့၏ ဂူသင်္ချိုင်းများထဲတွင် ပျော်ရွှင်မြူးထူးနေပေတော့မည်။

ကျွန်မသည် အမေရိကန်သမ္မတများကို ငါးနှစ်ကြာ အေးဆေးသက်သာစွာ စောင့်ရှောက်ခဲ့သော်လည်း တော်ဝင်မိသားစုနှင့် တွေ့ဖူးသည်ကတော့ ယခုအချိန်သည် ပထမဆုံးအကြိမ် ဖြစ်သည်။ အလုပ်လုပ်နေသော အမျိုးသမီး၏ သွေးကြောထဲတွင် စီးဆင်းနေသည့် ဝန်ထမ်းသွေးများကြောင့် ကျွန်မသည် သိမ်ငယ်စိတ်ဝင်လာပြီး ဘယ်မှာနေရမှန်းမသိ ဖြစ်သွားသည်။ ကျွန်မသည် အညိုရောင် ဒီဇယ်လောင်စာသုံး သင်္ဘောကြီးကို ကိုယ့်အိပ်ရာမှတ်ကာ စီးနင်းသွားလာနေသည့် ရေတပ်သင်္ဘောဆရာဝန်တစ်ယောက် ဖြစ်ပါသည်။ ကျွန်မသည် ရေတပ်ဥဒ္ဒေသုံခံကျွေးမွေးရေးမှူး၏ သမီးအဖြစ် ကြီးပြင်းလာခဲ့ပြီး 'ကျွန်မသည် လူတန်းမစေ့' ဟူသော မနောနိက (အထူးသဖြင့် အဆင့်မြင့်၍ အင်အားကြီးသော ပုဂ္ဂိုလ်များနှင့် ဆက်ဆံရသောအခါ) ကျွန်မကို ခြောက်လှန့်လျက်ရှိနေပေသည်။ ထိုကျိန်စာကို ကျွန်မက ယုံကြည်ချက်အားဖြင့် စိစစ်ခင်းသည်။ သမ္မတနှင့် သမ္မတမိသားစုသည် အကယ်၍ ထိခိုက်မကျန်းမာရှိခဲ့ပါက ကူညီရန် ညီမက သူတို့နှင့်အတူရှိရန် လိုအပ်သည်။

'ဒေါက်တာ… ခင်ဗျား စီးနေကျသင်္ဘောထက် ဒီဟာက အများကြီး ပိုကောင်းတယ်နော်'

ရွက်လှေပေါ်တက်သော တံတားကို ဖြတ်သွားစဉ် စစ်ဘက်ကိုယ်ရံတော်က ရယ်စရာ ပြောလိုက်သည်။

'သူတို့ရဲ့ လူနာဆောင်တွေကို ကြည့်ပြီးမှ ကျွန်မ ရှင့်ကိုပြောမယ်' သင်္ဘောမောင်းသူ အခန်းသို့သွားသော နံရံကပ်လှေကားမှ သူ့နောက်သို့တက်လိုက်ရင်း ကျွန်မက ပြောလိုက်သည်။

ဆွဲဆောင်မှုရှိ၍ အသားမဲသော စပိန်တစ်ယောက်က ကျွန်မတို့ကို နှုတ်ဆက်သည်။ သူကိုယ်သူ ရွက်လှေ၏ ကပ္ပတိန်ဟု မိတ်ဆက်သည်။ ဘုရင့်ရွက်လှေကို မောင်းနှင်ရမည့် ကံထူးသည့် ရေတပ်သားပါပေ။ ကပ္ပတိန်က ကျွန်မတို့ကို အခန်းအား ခဏလိုက်ပြပေးသည်။ အကောင်းဆုံး ရေကြောင်းဂီယာကို ဂုဏ်ယူစွာ ပြသထားသည်။ ယခင်က သင်္ဘောမောင်းသူ ဖြစ်ခဲ့သော ရေတပ်ကိုယ်ရံတော်က ကပ္ပတိန်၏ အလွန်တရာ ကောင်းမွန်သောယာဉ်ကို ကြည့်၍ အားကျနေသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖြူတော်ဓာတ်ပုံဆရာက အခန်းကို ဓာတ်ပုံတချို့ရိုက်ရန် ကြိုးစားသည်။ သို့သော် ကပ္ပတိန်က လုံခြုံရေးအတွက် ထိန်းသိမ်းထားရန် ပြောသည်။ သူတို့ ဤသို့ ပြောဆိုနေကြစဉ်တွင် ကျွန်မနှင့် လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင်က နံရံကိုမှီ၍ အပေါက်မှတစ်ဆင့် ကျွန်မတို့ကို ဝိုင်းရံထားသော ပြာလဲ့နေသည့် ပင်လယ်ပြင်ကြီးကို ငေးကြည့်သည်။

'ဖော်ကျူနာ' (Fortuna)ရွက်လှေသည် လှိုင်းများပေါ်တွင် ယုံကြည်မှုရှိစွာ မြည်ဟည်းလျက် အားကောင်းသော စက်၏ တွန်းကန်မှုဖြင့် ခရီးနှင်နေသည်။ စပိန်ကျွန်းများထဲမှ အကြီးဆုံးဖြစ်သည့် Palma de Mallorca ကမ်းခြေကို တအံ့တသြ ငေးမောကြည့်မိကာ ကမ်းခြေကိုဝိုင်းရံထားသော သဲသောင်ဖြူလွလွက ကျွန်မကို ကြည့်မဝအောင် ဖမ်းစားထားသည်။ စစ်ဘက်ကိုယ်ရံတော်က ကျွန်မကို မှန်ဘီလူးပေးကာ တံတောင်နှင့်တို့၍ ကမ်းခြေဘက်သို့ ညွှန်ပြသည်။ မျက်လုံးကြီးများထဲမှ ကျွန်မ ကြည့်လိုက်သောအခါ အဖြူရောင်သောင်ပြင်ဝယ် လှုပ်ရှားသွားလာနေသော ဝဝဖိုင့်ဖိုင့် ချည့်နဲ့သော ပုံသဏ္ဍာန်များကို မြင်ရသည်။ ကိုယ်လုံးတည်း ကမ်းခြေဖြစ်သည်။ အဝတ်အစားဗလာမဲ့လျက် အသားအရေ စိုစိုပြည်ပြည် နေလောင်ခံထားသော ကိုယ်ခန္ဓာပိုင်ရှင်များ ဟိုသည်သွားလာနေသည်ကို မြင်ရလိမ့်မည်ဟု သင် မျှော်လင့်ပေလိမ့်မည်။ ထိုသို့ မဟုတ်ပါပေ။ ကိုယ်လုံးတည်းကမ်းခြေသည် အဘိုးအဘွား၊ ဦးလေးဝဝကြီးများနှင့်သာ ပြည့်လျှမ်းနေသည်။ အားလုံးမှာ အဝလွန်သူများ ကမ္ဘာမြေဆွဲအားကြောင့် အသားအရေတွဲကျမှုကို ခံရရှာသော ဒုက္ခသည်များသာ ဖြစ်ပေသည်။

'ဟေး… ဒေါက်တာ၊ ခင်ဗျား ရေတပ်မိုလ်ချုပ်ဖြစ်ရင် ရေတပ်က ခင်ဗျားကို ဒီလိုလှေမျိုး ပေးမှာလား'

အိမ်ဖြူတော် ဓာတ်ပုံဆရာ 'ရပ်လ်ဖ် အယ်လ်ဆွင်း' (Ralph Alswang)က ကျွန်မကို အရွှန်းဖောက်လိုက်သည်။ အိမ်ဖြူတော်တစ်ဝိုက်တွင် အကြောက်အလန့်မဲ့သော ဟာသဉာဏ်ကြောင့် အားလုံးက သူ့ကိုချစ်ကြသည်။ အိမ်ဖြူတော် ဓာတ်ပုံဆရာအနေနှင့် တာဝန်ကျသည့်အခါ ဘယ်အခါတွင်မဆို ရယ်စရာမောစရာ နောက်ပြောင်ရန် သူ စဉ်းစားနေသည်။ အလုပ်ခွင်တွင် အိပ်ပျော်ရဲသော အိမ်ဖြူတော်ဝန်ထမ်းများသည် သူ၏ ကျယ်လောင်သော ဓာတ်ပုံရိုက်သံကြောင့် လန့်နိုးသွားလေ့ရှိသည်။ သူ့ကို ပြုံးပြုံးကြီးလုပ်ကာ မော့ကြည့်နေပုံကို ဓာတ်ပုံရိုက်မိသွားသည်။ ဝန်ထမ်း၏မွေးနေ့၊ သို့မဟုတ် နုတ်ဆက်ပွဲတွင် ဓာတ်ပုံကို သမ္မတ၊ သို့မဟုတ် သမ္မတကတော်၏ လှပသော မှတ်ချက်လက်မှတ်နှင့်အတူ ပြန်ထုတ်ပေးသည်။ 'ရပ်လ်ဖ်' (Ralph)က တာဝန်ကျဓာတ်ပုံဆရာအဖြစ် ရှိနေစဉ်တွင် မည်သည့်အခါမျှ ငြီးငွေ့ထိုင်းမှိုင်းစရာ အချိန်ဟူ၍ မရှိချေ။

ဘုရင်နှင့်မိဖုရားက သမ္မတနှင့် သမ္မတကတော်ကို ဧည့်ခံနေသော အောက်ဘက်အခန်းမှနေ၍ ရယ်မောသံများ ထွက်စဉ်လာသည်ကို ကျွန်မတို့ မကြာခဏ ကြားနေရသည်။ ကျွန်မတို့က တော်ဝင်မိသားစုကို သူတို့နှင့် အေးနိုင်သမျှ အေးအေးနေခြင်းအားဖြင့် နေရာပေးထားချင်သည်။ သို့သော် လိုအပ်ပါက ခေါ်၍ရအောင် လက်လှမ်းမီသည့်နေရာတွင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမည်။ ရှက်လေ့ကပွဲတိန်၏ အခန်းက လုံခြုံသည့် ပုန်းအောင်းရန် နေရာဖြစ်သည်။

ရှက်လေ့ထွက်ပြီး မိနစ် ၃၀ကြာသောအခါ မိသားစုအခန်းမှ အသံများ ပိုကျယ်လာသည်ကို ကြားရသည်။ ယင်းဘက်ဆီသို့ ကျွန်မ လှည့်သွားသောအခါ သမ္မတနှင့် သမ္မတကတော်ကို လှေကားထိပ်တွင် တွေ့ရသည်။ ဘုရင်နှင့် မိဖုရားက သူတို့၏နောက်မှာ ရှိသည်။

အခန်းထဲရှိ အနေအထားက သက်သောင့်သက်သာ လေ့လာအကဲခတ်နေသော အခြေအနေမှ ထုံးတမ်းစဉ်လာ ဏ္ဍန္ဒြေသိက္ခာအခြေအနေသို့ ချက်ချင်းပြောင်းလဲသွားသည်။ ရေတပ်စစ်ဘက်ကိုယ်ရံတော်၏ တိုးတိုးလေးပြောသံကို ကျွန်မ ကြားလိုက်ရသည်။

'အားလုံး… သတိ'

အခန်းထဲရှိလူများ မတ်တတ်ရပ်လိုက်ကြသည်။

'ဟယ်လို'

သမ္မတကလင်တန်က အေးဆေးသက်သာသော အပြုံးဖြင့် နှုတ်ဆက်သည်။ ကျွန်မက သမ္မတကို ပြန်ပြုံးပြသည်။ သူက ရွှင်ရွှင်လန်းလန်းနှင့် ဉာဉ်ခရီးကို ပျော်မွေ့နေသည်ကို မြင်ရတာ ဝမ်းသာသည်။ သူ့ဘေးမှာ မိဖုရား 'ဆိုဖီယာ' (Sofia)က မတ်တတ်ရပ်နေသည်။ သူက အခန်းထဲသို့ဝင်လာသော နောက်ဆုံးလူ ဖြစ်သည်။ သူက နူးညံ့သောမျက်နှာ အသွင်အပြင်နှင့် သေးသေးသွယ်သွယ် ဖြစ်သည်။ သူ၏ နူးညံ့နီမြန်းသော ဆံပင်က သူ၏ ချစ်စရာကောင်းသော မျက်နှာတွင် တိုတိုတိတိနှင့် နေသားတကျ ရှိနေသည်။ သူ့လက်ထဲတွင် စားစရာထည့်ထားသော ငွေလင်ပန်းကို ကိုင်ထားသည်။ သူက ကျွန်မဆီသို့လျှောက်လာပြီး လင်ပန်းကို ကျွန်မဆီသို့ လှမ်းပေးသည်။ လင်ပန်းကိုယူ၍ တခြားသူများအား လိုက်၍ စားစရာများအား သူက ကျွန်မကို ပေးစေလိုသည်ဟု ကျွန်မ ခဏတာအတွင်း တွေးလိုက်မိသည်။ နောက်မှ ကျွန်မရိပ်မိသွားသည်။ မိဖုရားက ကျွန်မကို စားစရာများပေးနေမှန်း ကျွန်မ သဘောပေါက်သွားသည်။ ကျွန်မက မျက်လွှာချကာ ခေါင်းငုံ့လျက် 'ကျေးဇူးတင်ပါတယ် အရှင်မိဖုရား'ဟု နူးညံ့စွာပြောကာ ငြင်းပယ်သည်။

'တော်ဝင်အစားအစာကို စားသောက်ဖို့ ကျွန်မ မထိုက်တန်ပါဘူး အရှင်မိဖုရား'ဟု ကျွန်မ၏ အတွင်းစိတ် မင်းမှုထမ်းအသံက ပြောနေမိသည်။ သို့သော် ကျွန်မ၏ ရဲတင်းသော 'ယန်းကီး'စိတ်ဓာတ်က ကျွန်မကို ယူစားဖြစ်အောင် နှိုးဆွပေးလိုက်သည်။ ကျွန်မသည် အိမ်ဖြူတော်သမားတော် ဖြစ်သည်အထိ လူတန်းစေ့လျှင် တော်ဝင်လင်ပန်းထဲမှ ဆယ်လ်မွန်းငါးမီးကင်ကို ယူစားနိုင်လောက်တော့ အနည်းဆုံး လူတန်းစေ့ပါသည်။

မည်သို့ပင်ဆိုစေ အိမ်ဖြူတော်ဓာတ်ပုံဆရာနှင့် ရေတပ်စစ်ဘက်ကိုယ်ရံတော်က မိဖုရား၏ စားသောက်ဖွယ်များကို

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ယူငင်စားသောက်နေသည်ကို အားကျစွာ ငေးကြည့်နေမိသည်။ လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင်ကတော့ ကျွန်မတို့နှင့် ဝေးရာ ထောင့်တစ်ခုထဲတွင် မတ်တတ်ရပ်နေသည်။ တော်ဝင်မိသားစုနှင့် သူ ကာကွယ်စောင့်ရှောက်ရသူများ၏ လူမှုရေးရာအဖွဲ့တွင် မပါဝင်သော ငြိမ်သက်သည့် အစောင့်စစ်သည်တစ်ဦး ဖြစ်သည်။ ကျွန်မသည်လည်း သူ၏ဘေးနားတွင် ခြေရာဖျောက်ကာ လူမမြင်သူမမြင် ရှိနေချင်ပါသည်။ တော်ဝင်မြင့်မြတ်သူများနှင့် ရောနှောနေထိုင်ခြင်းက ကျွန်မ၏သွေးထဲတွင် မရှိပါပေ။ ကျွန်မသည် တာဝန်ကျနေပြီး အလုပ်လုပ်ရန်သာ ဖြစ်သည်။ ကျွန်မသည် သမ္မတမိသားစု သူတို့မိတ်ဆွေများနှင့် ပေါင်းသင်း ဆက်ဆံနေဖို့ မရည်ရွယ်ပါ။

ဘုရင် 'ဂျူယန်ကားလော့စ်' (Juan Carlos)က သမ္မတကလင်တန်၏ ဘေးတွင် မတ်တတ်ရပ်နေသည်။ ဘုရင်က လိုင်းတွန့်ဆံပင် အနက်ရောင်၊ ငွေရောင်ဆံစမျှင်များနှင့် ထူးခြားထင်ရှားစွာ လှပတင့်တယ်နေသည်။ 'ပိုလို' ရှပ်အင်္ကျီ နီးရိုးဘောင်းဘီ ဝတ်ထားပါလျက်နှင့်ပင် ခံ့ညားထည်ဝါနေသည်။ ကပ္ပတိန်က ခေါင်းဆောင်များနှင့် သူတို့ကြင်ရာတော်များကို အခန်းအား ခဏလိုက်ပြသည်။ အခန်းထဲရှိ ပစ္စည်းကိရိယာများအား သူတို့ လေ့လာစစ်ဆေးနေသည်ကို ကျွန်မက ငေးကြည့်နေသည်။ ထို့နောက် ကျွန်မက ထောင့်ဆီသို့ တဖြည်းဖြည်း လျှောက်သွားပြီး လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင်နှင့် နီးနီးကပ်ကပ် နေလိုက်သည်။

သမ္မတကလင်တန်က ကျွန်မလူအုပ်ထဲမှ ခွာသွားသည်ကိုမြင်ကာ သူမိတ်ဆွေများကို တမင်ပြောလိုက်သည်။

'ဘုရင်မင်းမြတ်… ကျွန်တော်ရဲ့ဆရာဝန်ကို တွေ့စေချင်ပါတယ်'

ကျွန်မက အနေကျုံ့သွားပြီး ရှက်ပြုံးပြုံးလိုက်သည်။ ထိုသူနှစ်ယောက်က ကျွန်မဆီသို့ လျှောက်လာကြသည်။

ဘုရင်မင်းမြတ်က ကျွန်မအား ခြေဆုံးခေါင်းဆုံးကြည့်ကာ 'ကလင်တန်'အား မယုံမကြည်ဖြင့် မေးလိုက်သည်။

'ဒီချစ်စရာကောင်းတဲ့ မိန်းမငယ်က အသင်ရဲ့ဆရာဝန်လား'

'ဟုတ်ပါတယ် ဘုရင်မင်းမြတ်' 'ကလင်တန်'က ဂုဏ်ယူဝင့်ကြွားစွာ ပြုံးသည်။ ကျွန်မက ပေါ်လွင်လာသည်ဟု ခံစားမိသည်။ ဖုံးကွယ်၍ မရတော့ပြီ။

ဘုရင်မင်းမြတ်က လက်ကိုဆန့်ထုတ်၍ ရှေ့တိုးလာသည်။ ကျွန်မ သူ့ဆီသို့မရောက်မီမှာပင် သူက ရှေ့သို့ကမ်းသည့်အသွင်ဖြင့် ဒူးကိုနှိမ့်သည်။ ကျွန်မက အလိုအလျောက် ရှေ့သို့တိုးသွားကာ သူ့တံတောင်ဆစ်ကို လက်တစ်ဖက်ဖြင့် ကိုင်သည်။ တခြားလက်တစ်ဖက်ဖြင့် သူ၏သွေးခုန်နှုန်းကို စမ်းသည်။ သူက မော့ကြည့်ကာ ရယ်ပါလေတော့သည်။

'ဘုရင်ဂျူယန်ကားလော့စ်'က ကျွန်မလုပ်မည့်အရာကို လန့်ချင်ယောင်ဆောင်သည်။ ကျွန်မ၏ ချက်ချင်း တုံ့ပြန်မှုက သူ့ကိုရွှင်မြူးကာ ကျွန်မကို အမြင်ကောင်း ဝင်သွားသည်။ ဘုရင်တို့၏ ကလူကျီစယ်မှုဟု ကျွန်မကတွေးမိသည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ရေတပ်ကိုယ်ရံတော်၊ အိမ်ဖြူတော် ဓာတ်ပုံဆရာနှင့် ရှက်လှေကပ္ပတိန်တို့က ဝိုင်းရယ်ကြသည်။ မိဖုရားနှင့် သမ္မတကတော်က ခေါင်းကို ယမ်းကြသည်။ ဘုရင်က မတ်တတ်ရပ်နေပြီး ရှေ့သို့အနည်းငယ် ဦးညွတ်ကာ-

'သိပ်မြန်ပြီး သိပ်ချစ်စရာကောင်းတယ်'ဟု ပြောသည်။

ကျွန်မက အနေရအထိုင်ရခက်ကာ ပါးများပူထူလာသည်။ ကျွန်မက ရှောင်တိမ်းပျောက်ကွယ်ရန် ကြိုးစားသည်။ သို့သော် ကျွန်မကို အဆိုးဆုံးအနေအထားနှင့် အာရုံစိုက်မိသွားကြသည်။ ဘုရင်က ကျွန်မကို တကယ်ပင် ကျီစယ်နေသည်လား၊ ဤကဲ့သို့သော အဖြစ်မျိုးတွင် ကျွန်မက အလုပ်နှင့်ရှင်သန်သူ အလုပ်သဘောပေါ်လွင်အောင် ကြိုးစားသည်။ ဆံပင်အနက်ရောင်ကို ရှေးရိုး 'ဘော့'စတိုင် ညှပ်ထားကာ ရေတပ်အပြာရောင် အများဆုံးဝတ်သော ဘောင်းဘီဝတ်စုံကို ဝတ်ထားသည်။ ကျွန်မသည် အလုပ်ပုံစံမှ ပေါ်ပါလေစဟု ကိုယ့်ကိုယ်ကိုယ်ပြောမိသည်။

'တွေ့ရတာ ဂုဏ်ယူပါတယ် အရှင်မင်းကြီး' ကျွန်မကပြောသည်။ ကြိုးစား၍ ဣန္ဒြေဆည်ပြီး ထပ်ပြောလိုက်သည်။

'ဘုရင်မင်းမြတ်… သွေးခုန်နှုန်းက သိပ်မြန်နေတယ်'

ဘုရင်ရော၊ သမ္မတပါ နှစ်ဦးစလုံးရယ်ကြသည်။ သူတို့၏ ကြင်ရာတော်များက ကျွန်မ၏ ပေါ်ပေါ်လွင်လွင်ဖြစ်နေမှုကို ပြုံးပြသည်။ ထို့နောက် သူတို့လေးဦးအောက်ဘက်ရှိ မိသားစုအခန်းထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားကြတော့သည်။

'ဟေး… ရှောရှောရှူရှူပါလား ဒေါက်တာ'

ခေါင်းဆောင်များ ထွက်သွားသောအခါ အိမ်ဖြူတော် ဓာတ်ပုံဆရာက ကျွန်မကိုစသည်။

'ကျေးဇူးတင်ပါတယ်' အစအနောက်ခံရတာကို ကျွန်မ ငြီးငွေ့နေလျက် ပြန်ပြောလိုက်သည်။

'ဒီတစ်ခါ ကျွန်မ သွားချင်တာကတော့ အိမ်သာကို'

ကပ္ပတိန်က ကျွန်မပြောတာကို ကြားသွားပြီး အိမ်သာသို့သွားသောလမ်းကို ပြသည်။ အိမ်သာက ရေတပ်သင်္ဘောများပေါ်တွင် ကျွန်မတွေ့ခဲ့ဖူးသော အိမ်သာများနှင့် လုံးဝမတူပေ။ 'ကမုတ်'က နံရံတွင်ရှိ ရှုပ်ထွေးပွေလီသော ပိုက်များနှင့် ဆက်သွယ်ထားကာ ခလုတ်တွေကလည်း မျိုးစုံရှိနေသည်။ အိမ်သာသုံးပုံသုံးနည်းနှင့် ပတ်သက်၍ ကပ္ပတိန်က ပြောပြနေချိန်တွင် ကျွန်မစိတ်က ဘုရင်၏ လုပ်ပုံကိုင်ပုံကို ပြန်တွေးမိနေသည်နှင့် ကပ္ပတိန်ကို အာရုံမစိုက်မိပေ။ 'တော်တော်ရှုပ်တဲ့ အိမ်သာပါလား'ကျွန်မဘာသာကျွန်မ ကြမ်းပြင်ပေါ်တွင် ထိုင်ချရင်း ပြောမိသည်။ ရေဆွဲချဖို့ အချိန်ရောက်သောအခါ လက်ကိုင်ကို ကျွန်မလိုက်ရှာသည်။ သို့သော် အိမ်သာကိုယ်တွင် တပ်ထားသော လက်ကိုင်မရှိပေ။ 'ကမုတ်' ဘေးတွင်ရှိ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နံရံပေါ်မှခလုတ်များ၊ ပိုက်များကို ကျွန်မကြည့်သည်။ ပထမခလုတ်ကို ကျွန်မလှည့်လိုက်သည်။ အိမ်သာထဲတွင် ရေကျသွားရမည့်အစား ခွက်ထဲကရေက မြင့်တက်လာသည်။ ခလုတ်ကို ပြောင်းပြန်လှည့်လိုက်သည်။ သို့သော် ရေက မြင့်တက်၍သာလာနေသည်။

ရေက မြင့်တက်လာလေ၊ ကျွန်မ ထိတ်လန့်လာလေလေ ဖြစ်သည်။ ဒုတိယခလုတ်ကို လှမ်း၍လှည့်လိုက်ပြန်သည်။ အိမ်သာထဲတွင် ရှုံရှုံသံ မြည်လာသည်။ တတိယခလုတ်ကို ကြိုးစားကြည့်သည်။ ဘာမှမဖြစ်လာပေ။ အိမ်သာထဲမှ ရေမြင့်တက်လာလေလေ၊ ကျွန်မ စိုးရိမ်ပူပန်လာလေလေ ဖြစ်သည်။ ဤခရီးစဉ်အတောအတွင်း သိုသိုသိပ်သိပ် လူမမြင်သူမမြင်အောင် ကျွန်မ ကြိုးစားထားသည်။ ထိုသို့ ဖြစ်လာမည့်အစား ဘုရင်မင်းမြတ်က ကျွန်မကို ကျီစယ်ကလူလုပ်သွားသေးသည်။ အခုဆိုလျှင် အိမ်သာကို ဘယ်လို ရေဆွဲချရမည်ကို မသိသောကြောင့် ဘုရင့်ရွက်လှေတော်တစ်ခုလုံးကို ကျွန်မ ရေလွှမ်းပစ်တော့မည်။

'လုပ်ကြပါဦး။ အခန်းတွေကို ရေလွှမ်းနေပြီ။ သင်္ဘောကို စွန့်ခွာကြပဲ' ကျွန်မ အော်လိုက်ရမည်လား။ USS Prairie သင်္ဘောပေါ်ရှိ ကျွန်မ၏ သင်္ဘောအတွေ့အကြုံကို သတိရရန် ကျွန်မကြိုးစားသည်။ သို့သော် ထိုအိမ်သာများက ရိုးရိုးရှင်းရှင်း ရေဆွဲလက်ကိုင်ပုံစံများ ဖြစ်သည်။ ရေက အိမ်သာထိုင်ခုံ၏ ထိပ်သို့ရောက်လာသည်။ နှုတ်ခမ်းသားနံရံသို့ ကျော်၍ ကုန်းပတ်သို့ ကျစပြုလာသည်။ ကံကောင်းချင်တော့ ကြမ်းပြင်တွင် ရေဆင်းမြောင်းရှိနေသည်။ ကြမ်းပြင်ပေါ်တွင် ရေများဖုံးလွှမ်းနေစပြုချိန်တွင် တံခါးခေါက်သံ ကျွန်မ ကြားရသည်။

'ဟေး… ဒေါက်တာ အဲဒီမှာ ခင်ဗျား ပြီးပြီလား' အိမ်ဖြူတော်ဓာတ်ပုံဆရာ 'ရပ်လ်ဖ်' (Ralph)ကမေးသည်။ ထိုအချိန်တွင် ကျွန်မ သူနှင့်အတူ ရှိရမည်မဟုတ်သည်ကို ကျွန်မသိသည်။ သို့သော် ကျွန်မ ဂရုမစိုက်နိုင်။ အခန်းကို ရေလွှမ်းမခံနိုင်ပေ။

ကျွန်မက တံခါးကို မြန်မြန်ဖွင့်လိုက်သည်။

'ရပ်လ်ဖ်… ကျွန်မ ဒီမှာ ပြဿနာပေါ်နေပြီ'

ရေလျှံနေသောအိမ်သာကို သူ ကြည့်လိုက်သောအခါ ကျွန်မက ဝန်ခံလိုက်သည်။

'သေချာတာပေါ့ ဒေါက်တာ'သူက ပြောသည်။ 'ကပ္ပတိန်ကို ခေါ်လိုက်ပါရစေ'

ကပ္ပတိန်ရောက်လာသည်အထိ ကျွန်မ မနေခဲ့တော့ပေ။ အခင်းဖြစ်ပွားရာ နေရာတွင် ကျွန်မရှိနေဖို့ ကောင်းခဲ့ပါသည်။ သို့သော် ရွက်လှေပေါ်တွင် ထိုနေ့လယ်ပိုင်းတွင် နောက်ထပ်လူများ အာရုံစိုက်လာမှုကို မခံနိုင်တော့ပေ။ ကပ္ပတိန်က ရေလွှမ်းမှုကို သိသိသာသာ ရပ်ပစ်နိုင်ခဲ့သည်။ 'ရပ်လ်ဖ်' (Ralph)၏ ကျေးဇူးပင် အိမ်သာရေလွှမ်းနေပုံနှင့် ထိုနေ့ဘုရင်

www.burmeseclassic.com
the bookhouse we bring your letters

www.burmeseclassic.com



ရွက်လှေပေါ်တွင် စိတ်ဆင်းရဲနေသော ကျွန်မ၏ မျက်နှာကို သူ ဓာတ်ပုံ လုံးဝမရိုက်ခဲ့ပါ။ သို့သော် ဤကိစ္စကို မှတ်တမ်းမတင်ခဲ့ရပေ။ ကျွန်မတို့နှစ်ယောက်စလုံးက ဤအဖြစ်အပျက်ကို မှတ်မိနေသည်။ ဤအဖြစ်အပျက်ဖြစ်ပြီး ရက်သတ္တပတ်များစွာကြာသောအခါ 'ရပ်လ်ဖ်'ရှိနေသည့်အချိန် ဘယ်အချိန်ဖြစ်ဖြစ် ကျွန်မသည် ရေချိုးခန်းအိမ်သာသုံးခြင်းကို ရှောင်ကြဉ်တော့သည်။ နောက်လာမည့် သဘော်ခရီးစဉ်တွင် ထိတ်လန့်တတ်သော ကျီစယ်ကလူပြုတတ်သော ဘုရင်များကိုလည်း ရှောင်ကြဉ်ပါတော့မည်။

■

ဝါရှင်တန်ဒီစီရှိ ဒီဇင်ဘာလ ဖြစ်သည်။ ဆောင်းရာသီ၏ အေးချမ်းမှုက ကျွန်မကို ဒုက္ခမပေးပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်မသည် သမ္မတ၊ သမ္မတကတော်နှင့်အတူ တောင်ဖလောရီဒါ၏ နွေးထွေးသောဒေသသို့ ခရီးသွားတော့မည်။ အမေရိကန်ပြည်ထောင်စုသည် မိုင်ယာမီတွင် (9-11,1994) ဒီဇင်ဘာတွင် အမေရိကတိုက် နိုင်ငံများ၏ ပထမဆုံး ထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံလုပ်၍ ကျင်းပပေးမည်။ ယင်းအစည်းအဝေးတွင် တောင်နှင့်မြောက်အမေရိကနိုင်ငံများမှ အကြီးအကဲ သုံးဆယ့်လေးယောက် စုဝေးတက်ရောက်ကြမည်။ ယင်းသည် ထင်ရှားခဲ့ညားသော အဖြစ်အပျက်ဖြစ်ပြီး ကလင်တန် ပထမ သက်တမ်းကာလတွင် အကြီးအကျယ်ဆုံးထဲမှ တစ်ခုဖြစ်သည်။

ဒီဇင်ဘာ ၈ ရက် အမှတ်တစ်လေတပ် (Air Force One)ပေါ်သို့ ကျွန်မတို့ တက်သောအခါ ထိုနေ့ ကျွန်မ မထွက်ခွာမီ မတိုင်မီနေ့တွင် ကျွန်မက ကပ္ပတိန်ရာထူးသို့ တိုးမြှင့်သွားသောကြောင့် ကျွန်မအဖြစ်နှင့်ကျွန်မ အောင်မြင် ပွင့်လန်းနေသည်။ အောက်တိုဘာလ ၇ ရက်နေ့၊ ပုလဲဆိပ်ကမ်း ဗုံးကြဲသောနေ့တွင် ဘဲဥပုံရုံးခန်းတွင် ကျွန်မ ရာထူးတက်အခမ်းအနားကို သမ္မတက ဦးဆောင်ကျင်းပပေးသည်။ အိမ်ဖြူတော် အကြီးတန်းသမားတော်ကို ကပ္ပတိန် သို့မဟုတ် ကာနယ်အဆင့် အလိုအလျောက်ပေးသော ၁၉၂၃ ခုနှစ် ကွန်ဂရက်ဥပဒေအပေါ်တွင် အခြေခံလျက် ကျွန်မ အိမ်ဖြူတော်သမားတော်အနေနှင့် စောစောစီးစီးပေးသော ရာထူး ဖြစ်သည်။ ရေတပ်တွင် ကျွန်မသည် အသက်အငယ်ဆုံး ကပ္ပတိန်ဖြစ်လိမ့်မည်။ ရေတပ် ဧည့်ခံကျွေးမွေးရေးမှူးအနေနှင့် အနားယူသော ကျွန်မအဖေအတွက် အထူးစိတ်လှုပ်ရှားစရာ ဂုဏ်ယူစရာတစ်ခုပင် ဖြစ်ပါသည်။

သမ္မတ၊ သမ္မတကတော်နှင့်အတူ ဖလော်ရီဒါသို့ သွားကတည်းကပင် ဤခရီးသည် ကောင်းသောခရီးဖြစ်မည်ဟု ကျွန်မ ခံစားမိသည်။ ယင်းကို တစ်ခါတလေ ကျွန်မနှင့်အတူ လိုက်ပါသော ဝန်ထမ်းများက အဆုံးအဖြတ်ပေးသည်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနှင့်အတူ အမှတ်-၁ လေတပ် တာဝန်ကျသူနာပြု၊ လေတပ်ကပ္ပတိန် 'ဝင်ဒီဗင်ဒိုက်' (Wendy Van Dyke)ကို ကျွန်မခေါ်လာသည်။ မူလဇာစ်မြစ်အားဖြင့် စိန့်ဗင့်ဆင့်နှင့် ဂရင်နာဒင်း (St. Vincent and Grenadines)မှလာသော 'ဝင်ဒီ' (Wendy)သည် သံလွင်ရောင် အသားအရေရှိကာ ပုံပန်းသဏ္ဌာန်အားဖြင့် အလွန်ထူးခြားသည်။ သူ၏နက်ပြောင် တိုင်းတွန့်နေသောဆံပင်ကို စစ်ထုံးစံအရ နောက်တွင် စုစည်းချည်နှောင်ထားသည်။ သို့သော် သူ၏ ကာရစ်ဘီယံအသွင် အပြင်က တစ်မျိုးထင်စရာ ဖြစ်သည်။ သူသည် စိတ်ဓာတ်အားဖြင့် တုံးတိုက်တိုက်ကျားကိုက်ကိုက် အမေရိကတို့၏ သဘာဝအမှန်တကယ်ရှိသည်။ အကြီးတန်းဆေးအဖွဲ့ဝင် မက်မက်လေ့ (Mac Mcleod)ကဲ့သို့ပင် ဝင်ဒီသည် ဘေးဘယာ ရောဂါပြဿနာများကို ခေါ်လာတတ်သူဖြစ်သည်။ လေယာဉ်ပေါ်တွင် သူနှင့်အတူ ရှိစဉ်ကပင် ကျွန်မ သိလိုက်သည်။ သူနာတော်တော် များများကို ကျွန်မ တွေ့ရတော့မည် ဟူ၍ပင်။ သူက နာမကျန်းသူ၊ ဒဏ်ရာရသူများကို ဆွဲဆောင်နိုင်သော အတွေ့ထူးရှိသည်။ လူနာပြုစုစောင့်ရှောက်ရေး ကျွမ်းကျင်မှုအပြင် သူ့မှာ ကြီးမားသည့် ဟာသဉာဏ်ရှိသည်။ နိုင်ငံခြားခရီးတွင် ကျွန်မ မည်မျှပင်ပန်းနေစေကာမူ သူ့ဟာသက ကျွန်မရယ်မောအောင် စွမ်းဆောင်နိုင်သည်။

'မိုင်ယာမီ' (Miami) ထိပ်သီးဆွေးနွေးပွဲသည် မှတ်မှတ်ရရဖြစ်စရာအကြောင်း ပါလာသည်။ အဘယ်ကြောင့်ဆို သော် ကျွန်မက မေဂျာ အက်ဒ်လူမီနာတီ (Major Luminati)ကို ရှေ့ပြေးဆေးအဖွဲ့ တာဝန်ကျအနေနှင့် တာဝန်သတ်မှတ် ပေးထားသောကြောင့် ဖြစ်သည်။ (အက်ဒ်)က လေတပ်သမားတော် လက်ထောက်ဖြစ်သည်။ ငွေရောင်ဆံပင်နှင့် ရင့် ကျက်ပြည့်ဝသော အနေအထိုင်ရှိပြီး အမြဲတမ်း လေးနက်နေတတ်သည်။ သို့သော် သူသည် 'ဝင်ဒီ' (Wendy)ကဲ့သို့ပင် ပုံပန်းသဏ္ဌာန်က လှည့်စားတတ်သည်။ တည်တံ့သည့် အသွင်ရှိသော်လည်း ရွှေရောင်နှလုံးသားနှင့် ငွေရောင်လျှာရှိသည်။ ဆေးအဖွဲ့က သူ၏နောက်ဆုံးအမည် 'လူမီနာတီ' (Luminati)မှနေ၍ အချင်းချင်းသာသိသော နာမည်ပြောင် လူမာ (Loomer)ဟု ခေါ်ကြသည်။

သူ့နာမည်က တစ်ခါတစ်ရံ သမ္မတ၏ အထူးလုံခြုံရေးတာဝန်ခံ 'လူမာလက်တီ' (Lew Merletti)နှင့် မှားတတ် သည်။ 'လူ'က ဗီယက်နမ်တွင် အထူးဆေးအဖွဲ့တာဝန် ထမ်းဆောင်ခဲ့သည်။ ထို့နောက် သူက ကလင်တန်၏ လုံခြုံရေး အဖွဲ့ခေါင်းဆောင်အနေနှင့် တာဝန်ချမှတ်ပြီးနောက် ထိုအဖွဲ့၏ ဒါရိုက်တာဖြစ်လာသော လျှို့ဝှက်လုံခြုံရေး၏ 'စူပါစတား' ဖြစ်သည်။ 'လူ'က အလွန် ဟာသဉာဏ်ကောင်းသော လူဖြစ်သည်။ သူက သမ္မတကို အကာအကွယ်ပေးသည့်အခါတိုင်း တွင် စတင်လုပ်ဆောင်သည့်နေ့မှစ၍ ကျွန်မမှာ လုံခြုံစိတ်ချမှုရှိနေသည်။ နောက်ပိုင်းမှာတော့ အကျဉ်းအကျပ်ထဲတွင် ရောက်နေ သည့် အချိန်များပင် ဖြစ်စေကာမူ ကျွန်မတို့သည် ရယ်ရွှန်းပတ်ရွှန်း ပြောနိုင်ကြသည်။

ထို့ကြောင့် ကျွန်မသည် ရောဂါဘယ ဘေးဒုက္ခကို ဆွဲဆောင်တတ်သော 'ဝင်ဒီ' (Wendy)၊ လူမီနာတီ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



(Lumunati)နှင့် လူမာလက်တီ (Lew Merletti) 'လူ'နာမည်ရှင်နှစ်ယောက်တို့နှင့်အတူ အမေရိကန်၏ ထိပ်သီးညီလာခံတွင် ရှိနေပေတော့မည်။ ထူးထူးခြားခြား တစ်ခုခုတော့ ဖြစ်ကိုဖြစ်ရပေမည်။

'ကပ္ပတိန်'

ကျွန်မတို့က ဝန်ထမ်းနားနေခန်းတွင် ထိုင်နေကြစဉ် ထိပ်သီးညီလာခံ၏ ပထမနေ့တွင် ဗိုလ်မှူးလူမီနာတီ (Luminati)က ကျွန်မကို ခေါ်လိုက်သည်။

ကျွန်မကို ဒေါက်တာ၊ သို့မဟုတ် ကွန်မင်ဒါဟု ခေါ်မည့်အစားက ကပ္ပတိန်ဟူ၍ အခေါ်ခံရတာ ကျွန်မ ယဉ်ပါးနေသည်။ ကပ္ပတိန်ဟူသော အသုံးအနှုန်းက ကျွန်မအတွက် ပို၍နားဝင်ချိုသည်။

'ဟုတ်ကဲ့… ပြောပါ မေဂျာ'

ကျွန်မက အချိုသန့်စင်ပြီး coke ကို သောက်နေရင်း ပြန်ပြောလိုက်သည်။ နေ့စဉ်ဖြစ်ရပ်များကို ရေးဆွဲမှတ်သားထားသည့် ထိပ်သီးညီလာခံ ခရီးစာအုပ်ကို ကျွန်မ လှန်လှောနေသည်။

'ကျွန်တော် ဘာမှ ညည်းမှာညူမှာ မဟုတ်ဘူးနော်' လူမီနာတီက ပြောသည်။

'ဟုတ်ပါတယ်… ရှင်မလုပ်ပါဘူး'

သူ၏ မသက်မသာ ညည်းညူသောလေသံကို ကျွန်မနားထောင်ရင်း စိတ်မသက်မသာပုံစံ ဖြစ်သွားကာ ကျွန်မက ပြောလိုက်သည်။

'ကဲ… ပြောပါ'

'ကျွန်တော်က ဒုသမ္မတနဲ့ ခရီးတော်တော်များများ သွားနေတော့၊ သမ္မတက ကျွန်တော်နာမည်ကို သိတောင်သိမှာ မဟုတ်ဘူး။ သူ နေထိုင်မကောင်းလို့ ပြုစုရမယ့်သူက ကျွန်တော်ဖြစ်နေမယ်ဆိုရင် ဘယ်နှယ့်လုပ်မလဲ။ သူက ကျွန်တော့်ကို မော့ကြည့်ပြီး 'ခင်ဗျား ဘယ်သူလဲလို့' မေးမှာ'

'လူမီနာတီ'က စိုးရိမ်သံ၊ မျက်နှာမသာမယာနှင့် တကယ်ပင်ပူပန်နေသည်။

'ဟုတ်တယ်… 'အက်ဒ်' ကျွန်မတို့ ရှင့်ကို သူနဲ့မိတ်ဆက်ပေးရဦးမယ်' ကျွန်မက မိခင်တစ်ယောက်၏ လေသံဖြင့် ပြန်ပြောလိုက်သည်။

'ဝင်ဒီ'က ကျွန်မတို့ ပြောဆိုနေသည်ကို ကြားသွားပြီး-

'အက်ဒ်၊ ဒီကိစ္စအတွက် ကျွန်မကို ဆောင်ရွက်ခွင့်ပေးပါ' သူက ရေးနွေးငွေ့ စက်ခေါင်းသဏ္ဌာန်လေသံကာ ပြောလိုက်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'သမ္မတကြီး··· သမ္မတကြီးရှင့်၊ သမ္မတကြီးကို ကျွန်မ အက်ဒ်-နဲ့ မိတ်ဆက်ပေးပါရစေ'

'လူမှာ' 'အက်ဒ်'က ကြားဖြတ်ဝင်ပြောသည်။

'လူမီနာတီ' ကျွန်မတို့အားလုံး ရယ်လိုက်ကြသည်။ အခန်းထဲတွင် ထိုင်နေသော ရှေ့ပြေးဝန်ထမ်းက ကျွန်မတို့သုံးယောက် ရယ်မောနေကြသည်ကို မော့ကြည့်သည်။ ထို့နောက် နိုင်ငံတော်ဌာနမှ ကိုယ်စားလှယ်က ကျွန်မတို့ဆီသို့ ပြုံးဘဲနှင့် လျှောက်လာသည်။

'ခင်ဗျားတို့ကို ကျွန်တော် မနှောင့်မယှက်ချင်ပါဘူး' နိုင်ငံတော်ဌာနကိုယ်စားလှယ်က ပြောသည်။ သူ၏ မျက်မှန်မည်းက ရှေ့သို့တိုးထွက်နေသော ငှက်နှုတ်သီးနှာခေါင်းပေါ်တွင် ရှိနေသည်။

'ခင်ဗျားတို့ဟာ ဆေးအဖွဲ့လို့ ကျွန်တော် ကြားလိုက်ပါတယ်'

'ဟုတ်ပါတယ်။ ကျွန်မတို့က ဆေးအဖွဲ့ပါ' ကျွန်မက ပြန်ပြောလိုက်သည်။

'ကျွန်မက ဒါရိုက်တာဖြစ်ပြီး သမ္မတရဲ့သမားတော်ပါ။ ဒီက မေဂျာ 'လူမီနာတီ'က ထိပ်သီးညီလာခံအတွက် ရှေ့ပြေးဆေးအဖွဲ့ကပါ။ ကပ္ပတိန် 'ဗင်ဒိုက်'ကတော့ အိမ်ဖြူတော်သူနာပြုပါ'

'ကျွန်မတို့ ဘာကူညီရမလဲ'ထိုလူ၏ မျက်လုံးများကိုကြည့်ရင်း 'ဝင်ဒီ'က မေးလိုက်သည်။ 'ရှင် နေမကောင်းဘူးလား။ ရှင့်ကြည့်ရတာ သိပ်နေကောင်းပုံ မပေါ်ဘူး'

'ကျွန်တော်က ဘာမှမဖြစ်ပါဘူး' သူက နှာခေါင်းမှုတ်ထုတ်လိုက်သည်။ 'ကျွန်တော်ဖြစ်တာ မဟုတ်ဘူး။ ဘာတီမာလာ သမ္မတဖြစ်တာပါ။ သူတို့သမ္မတ ခြေချောင်း တော်တော်နာနေတယ်လို့ ကြားခံဆက်ဆံရေးအရာရှိက ကျွန်တော့်ကို အကြောင်းကြားပါတယ်။ ခင်ဗျားတို့ သူ့ကို လုပ်ပေးလို့ရမလား'

'ရပါတယ်' လူမီနာတီက ချက်ချင်းတုံ့ပြန်ပြောလိုက်သည်။ 'ကျွန်တော်တို့ကို သူ့ဆီခေါ်သွားပါ။ ကျွန်တော် ဘာလုပ်နိုင်သလဲ ကြည့်ရအောင်'

'လူမီနာတီ'နှင့် 'နိုင်ငံတော်ဌာနကိုယ်စားလှယ်'တို့ အခန်းထဲမှ ထွက်ခွာသွားကြသည်။ လူတို့ လမ်းလျှောက်ထွက်သွားသည်ကို ကြည့်ရင်း နိုင်ငံခြားခေါင်းဆောင်များနှင့် ဂုဏ်သရေရှိပုဂ္ဂိုလ်များကို ဆေးဝါးအကူအညီပေးရန် ဆေးအဖွဲ့အား လာရောက်ချဉ်းကပ်သည့် ယခင်က ထိပ်သီးညီလာခံကို ပြန်လည်သတိရသွားသည်။ ဤသည်မှာ ကျွန်မတို့ဆေးအဖွဲ့၏ 'အသံမထွက်သော ဝန်ဆောင်မှု' အပိုင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် သမ္မတ၏ အရှိန်အဝါမှ အကျိုးကျေးဇူးခံစားရသော နိုင်ငံခြားခေါင်းဆောင်များကို ကူညီရသည့် အလုပ်ဖြစ်သည်။

သို့သော် တစ်ခါတစ်ရံ ထိပ်သီးညီလာခံရှိ ဤတောင်းဆိုမှုများက နိုင်ငံတကာဆက်ဆံမှု အဆင်မပြေ ဖြစ်လာနိုင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သည်အထိ ဖြစ်ရိုးဖြစ်စဉ် မဟုတ်သည့်ကိစ္စများနှင့် ကြုံရတတ်သည်။ အေပီအီးစီ ညီလာခံအတောအတွင်းတွင် (၁၉၉၇ခုနှစ် Vancouver တွင် ကျင်းပသည့် အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ညီလာခံ Asia Pacfic Economic Cooperation Summit) အမျိုးသားလုံခြုံရေး အကြံပေးရုံး၏ ကိုယ်စားလှယ်က ကျွန်မကို ကျွန်မတို့မှာ Chapstick ပါလာသလားဟု မေးပါသည်။ ဘရူနိုင်း၏ 'ဆော်လ်တန်' (Sultan)က လိုအပ်သည်တဲ့။ 'သူ့ကိုယ်ပိုင် Chapstick များကို ယူမယ်ဆို ယူလာနိုင်ခဲ့ရဲ့သားနဲ့'ဟု ကျွန်မက တကယ်ပင်တွေးမိပါသည်။ ကုမ္ပဏီတစ်ခုလုံးကိုတောင် သူယူမယ်ဆို အလွယ်တကူ ယူနိုင်ခဲ့သည်။ 'Chapstick'က ဆေးအဖွဲ့၏ ယူလာရမည့် စာရင်းထဲတွင်မပါချေ။ သို့သော် တာဝန်ကျ သူနာပြု 'ဂျီနာ' (Lieutenant Gina Kirfer)သူ့ဘာသာသူ ယူလာတာဖြစ်ပြီး တစ်ခုထုတ်ပေးလိုက်သည်။ မိနစ်အနည်းငယ် ကြာတော့ နိုင်ငံတော်လုံခြုံရေး အကြံပေးအဖွဲ့ (NSC)ကိုယ်စားလှယ်က Chapstick ကို ယူလာပြီး 'ဂျီနာ' (Gina)ကို ပြန်ပေးသည်။

'ကျေးဇူးတင်ပါတယ်။ 'ဆော်လ်တန်'ကပြောတယ်။ အဲဒါက သုံးပြီးသားကြီး ဖြစ်နေတယ်တဲ့' ထိုလူက အသံတစ်မျိုးဖြင့် ပြောသည်။ ကျွန်မတို့အားလုံး အံ့သြသွားကြသည်။ Chapstick ကို ကြည့်လိုက်တော့ တံဆိပ်က ပြုတ်ထွက်နေသည်။ တစ်ခါတစ်ရံ ကျွန်မတို့သည် လူတိုင်းကို ကျေနပ်အောင် လုပ်မပေးနိုင်ပါပေ။

ကျွန်မတို့ ဖြည့်ဆည်းပေးလိုက်သော တောင်းဆိုမှုများနှင့် ပတ်သက်၍ သတိထားနေရသော အချိန်အခါများ ရှိသည်။ ထိုညီလာခံမှာပင် နိုင်ငံတော်ဌာနကိုယ်စားလှယ်က ကျွန်မတို့ဆီသို့ ထူးဆန်းသော စုံစမ်းမှုနှင့်အတူ ရောက်လာသည်။

'ဒေါက်တာ၊ ခင်ဗျားတို့မှာ ချောင်းဆိုးပျောက်ဆေးပါလား' သူက အလေးအနက်လေသံဖြင့် မေးသည်။ ဤ ထိပ်သီးညီလာခံတွင် နိုင်ငံတော်ဌာနမှ လူအားလုံး တစ်ယောက်မျှ ပြုံးရယ်ခြင်းမပြုကြပါ။ ပြုံးရယ်ခြင်းက သူတို့အတွက် နာကျင်သောခံစားမှု ဖြစ်နေပုံရသည်။ 'ဟုတ်ကဲ့… ပါပါတယ်' ကျွန်မ ဆေးအိတ်ထဲကိုလိုက်စမ်းရင်း ကျွန်မက ပြန်ပြောလိုက်သည်။

'ကိုရီးယားတွေအတွက်ပါ။ ကိုရီးယားတွေကို ချောင်းဆိုးပျောက်ဆေးပေးလိုက်ဖို့ ဂျပန်ကိုယ်စားလှယ်တွေက တောင်းဆိုပါတယ်။ ကိုရီးယားတွေ ချောင်းအရမ်းဆိုးနေတယ်လို့ ဂျပန်တွေက ပြောပါတယ်'

ကျွန်မက ချောင်းဆိုးပျောက်ဆေးကို ဆက်မရှာတော့ပေ။

'အို… တောင်းပန်ပါတယ်။ ကျွန်မ ချောင်းဆိုးပျောက်ဆေးတွေ ယူလာခဲ့မိပုံ မပေါ်ဘူး'ဟု ကျွန်မက ပြောလိုက်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၊ သို့မဟုတ် အမေရိကန်ကိုယ်စားလှယ်အဖွဲ့မှ တစ်ယောက်ယောက်က ကိုရီးယားကိုယ်စားလှယ်များထံ သွား၍ မမေးမစမ်းဘဲ ချောင်းဆိုးပျောက်ဆေး သွားပေးပါလျှင် ကိုရီးယားကိုယ်စားလှယ်များက သူတို့ကို စော်ကားသည်ဟု ခံစားမိမည်ကို ကျွန်မ တွေးကြည့်မိသည်။ အဓိက နိုင်ငံတကာ ဆက်ဆံရေး အဆင်မပြေမှုတစ်ခုကို ကျွန်မ ရှောင်ဖယ်လိုက်သည့် သဘောဖြစ်သွားသည်။

Vancouver ရှိ ထိပ်သီးညီလာခံအကြောင်း တွေးနေသည်ကို 'လူမီနာတီ'ကြောင့် အတွေးအမျှင် ပြတ်သွားသည်။ နာရီဝက်ကြာပြီးနောက် သူက အခန်းသို့ ပြန်လာသည်။

'ဗွာတီမာလာ သမ္မတ ဘယ်လိုနေသလဲ' နိုင်ငံခြားထိပ်သီးခေါင်းဆောင်များကို ဆေးဝါးဆိုင်ရာ ထောက်ပံ့မှုပေးလိုသောစိတ် ထက်သန်စွာဖြင့် ကျွန်မက ပြောလိုက်သည်။ သည်တစ်ခါတော့ မကျန်းမမာ ဒဏ်ရာရသူများကို ဆွဲဆောင်တတ်သော 'ဝင်ဒီ' (Wendy)၏ သတ္တိက မစွမ်းတော့သည်ဖြစ်၍ ဆေးအဖွဲ့အတွက် ကုသရန် လူနာများကို လှည့်လည်ကြည့်ရှုဖို့ တကယ်ပင် ကြိုးစားနေပါသည်။ ထိုနေ့နံနက်က ဟိုတယ်တွင် ထုံးစံအတိုင်းရှိနေကျ တန်းစီစောင့်နေသောသူများလည်း မရှိပေ။

'အက်ဒ်' (Ed)က သူ၏ ဆေးအိတ်ကိုကြည့်ရင်း ပြောသည်။

'ဒီလူက တော်တော်ကို နာနေတယ်။ ဂေါက်ရောဂါကြောင့် ခြေချောင်းယောင်နေပြီး လမ်းတောင်လျှောက်ဖို့ခက်နေတယ်။ သောက်နေကျဆေးတွေကိုတော့ သောက်တာပဲ။ အနာအတွက် ပိုကောင်းတဲ့ဆေးများ ရှိမလားလို့ ကျွန်တော်ကြည့်နေတာ'

ကျွန်မက အိတ်ထဲသို့ လက်နှိုက်လိုက်ပြီး 'လူမီနာတီ'အား 'Bristojet of Toradol'ကို လှမ်းပေးလိုက်သည်။

'အဲဒါ... ဘယ်လိုနေမလဲ'

'လူမီနာတီ'က တံဆိပ်ကို ဖတ်သည်။

'Toradol အား ထုတ်ပြီး Motrin၊ ဒါမှမဟုတ် Advil နဲ့ထိုးတဲ့ ထိုးဆေးလိုဟာမျိုး။ ဒါပေမဲ့ ဒါက အများကြီး ပြင်းတယ်။ အယောင်လျှော့လိမ့်မယ်'

'သိပ်တော့ မပြင်းပါဘူး။ သူထိပ်သီးညီလာခံတက်ပြီး ခေါင်းအေးအေးနဲ့ ဆုံးဖြတ်ချက်ချနိုင်မှာပါ'။

ကျွန်မက ဆေးကိုယ်စားလှယ်လေသံနှင့် ထပ်ပြောလိုက်သည်။

'အက်ဒ်'က ကျွန်မလက်ထဲမှ Bristojet ကိုယူပြီး အခန်းထဲမှထွက်သွားသည်။ ခဏကြာသောအခါ ထိပ်သီးညီလာခံ ခန်းမအပြင်ဘက်ရှိ ခုံတန်းများဆီသို့ ရွေ့လိုက်သည်။ ကျွန်မတို့က ကိုယ်စားလှယ်များ ဖြတ်လျှောက်သွားသည်ကို

the bookhouse we bring your future
www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရင်း ကျွန်မတို့၏ ရေဒီယိုအသံကို နားထောင်သည်။ 'လူမာလက်တီ' (Lew Merletti) တံခါးနားတွင် နေရာယူ ထားကာ သမ္မတကို သိမ်းငှက်မျက်လုံးဖြင့် ကြည့်နေသည်။ 'လူ'က လှည့်အပြုံးနှင့် ခေါင်းညိတ်ပြမည်။ သမ္မတက ကောင်းကောင်းမွန်မွန် ရှိနေသည်ဟု ကျွန်မ သိလိုက်သည်။

မကြာမီ 'လူမီနာတီ' ပေါ်လာသည်။

'ဗွာတီမာလာ သမ္မတကို ကျွန်တော်တို့ ဆေးထိုးမပေးနိုင်သေးဘူး။' ဒါပေမဲ့ သူ့လက်ထောက်ကပြောတယ် ကျွန်တော်တို့ သန့်စင်ခန်းထဲမှာ တွေ့လိုက်ရတယ်တဲ့။ ကျွန်တော် အဲဒီမှာ သူ့ကို ဆေးထိုးပေးလို့ရတယ်'

'ဆေးထိုးဖို့ ဒီထက်ကောင်းတဲ့ နေရာ မရှိတော့ဘူးလား' ကျွန်မက မေးသည်။

'တကယ်တော့ မရှိဘူး' 'လူမီနာတီ'က ခေါင်းကိုယမ်းသည်။ 'ဒီအဆောက်အအုံထဲမှာ သီးခြားခန်းမရှိဘူး ဘာပဲဖြစ်ဖြစ် သိပ်ကြာမှာ မဟုတ်ပါဘူး'

'ဝင်ဒီ' သမ္မတအား ဆေးထိုးပေးမည့် နေရာကို ထောက်ခံအားပေးပြောလိုက်သည်။

'လူမာ' ယောက်ျားအိမ်သာထဲမှာ သူ့ကို ဆေးထိုးပေးဖို့ အတွေ့အကြုံရှိတဲ့ သူနာပြုရှင်လိုလူ မလိုပါဘူးနော်

'လူမီနာတီ'က ရယ်သည်။ 'ခင်ဗျားက မလိုစေချင်ဘူး မဟုတ်လား'

ညီလာခံအခန်းနှင့်ကပ်လျက်ရှိ သန့်စင်ခန်းထဲသို့ 'အက်ဒ်'က တန်းဝင်သွားသည်။ ငါးမိနစ်အတွင်း ဗွာတီမာလာ သမ္မတနှင့် သူ၏ကိုယ်ရံတော်သုံးယောက် ယောက်ျားအိမ်သာထဲသို့ ဝင်သွားသည်ကို ကျွန်မတို့မြင်ရသည်။ သမ္မတက ခြေလှမ်းတိုင်းအားယူကာ နာကျင်စွာ ဖြည်းဖြည်းချင်း လျှောက်နေရသည်။ Taradol ထိုးပေးရန် လိုအပ်သော လူ ယောက်၏ ပုံစံအတိုင်းပေါ်နေသည်။ သူက အထဲဝင်သွားသောအခါ သူ့လူသုံးယောက်က အပြင်ဘက်တွင် မတ်တ အနေအထားဖြင့် စောင့်နေကြသည်။

ဗွာတီမာလာသမ္မတ ယောက်ျားအိမ်သာထဲသို့ ဝင်သွားသောအခါ လျှို့ဝှက်လုံခြုံရေး ရေဒီယိုမှ 'လူမာလက်တီ' ၏ အသံကို ကျွန်မတို့ကြားရသည်။

'နေရာယူထားသူ အားလုံး၊ လင်းယုန် သန့်စင်ခန်းသုံးဖို့ လိုအပ်တယ်။ ကျွန်တော်တို့ ယောက်ျားသန့်စင်ခန်း သွားနေကြပြီ'

'ဗွာတီမာလာ'သမ္မတနှင့် အမေရိကန်ပြည်ထောင်စု သမ္မတတို့သည် မမျှော်လင့်သော ပုံစံမျိုးဖြင့် အနီးကပ် ကြတော့မည်ဟု ကျွန်မ ချက်ချင်း သဘောပေါက်လိုက်သည်။ သမ္မတနှင့် 'လူမာလက်တီ'ဦးဆောင်သော လုံခြုံရေး ယောက်ျားသန့်စင်ခန်းထဲသို့ ဝင်သွားသည်ကို ကျွန်မက 'ဝင်ဒီ'နှင့်အတူ ခုံတန်းပေါ်တွင် ထိုင်လျက်ကြည့်နေသ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆယ်မိနစ်ကြာသောအခါ တဝါးဝါးရယ်သော အသံများကို ကျွန်မတို့ကြားရသည်။ 'လူမာလက်တီ'အသံက ပေါ်ထွက်လာသည်။

'အခု လင်းယုန် ညီလာခံခန်းမကို ပြန်သွားနေပြီ'

သမ္မတဘေလ်ကလင်တန်က ပြုံးပြုံးကြီးနှင့် 'လူမာလက်တီ'နှင့် ဘေးချင်းယှဉ်က အိမ်သာထဲမှ ပျာယီပျာယာ ထွက်သွားသည်။ ခဏကြာသောအခါ 'ဗွာတီမာလာ' သမ္မတက ပြုံးဖြီးဖြီးနှင့် ထွက်လာသည်။ သူ ပြန်သွားသောအခါ သူ့လူသုံးဦးက သူနဲ့အတူ တွဲပါသွားကြသည်။

သန့်စင်ခန်းထဲမှ နောက်ဆုံးထွက်လာသူမှာ 'အက်ဒ် လူမီနာတီ'ပင် ဖြစ်သည်။ သူက ကျွန်မတို့ဆီသို့ လျှောက်လာသည်။ သူ့မျက်နှာက သူ၏ လည်စည်းအရောင်လို နီမြန်းလျက်'

'တာဝန်ပြီးဆုံး အောင်မြင်ခဲ့ပါရဲ့လား ဗိုလ်မှူး'

'Toradol' ထိုးဆေးကို ထိုးပေးပြီးကြောင်း အတည်ပြုကာ ကျွန်မက မေးလိုက်သည်။

'ဟုတ်ကဲ့ ပြီးပါပြီ။ ဒါပေမဲ့ ရောရောရှုရှုတော့ မဟုတ်ဘူး' 'အက်ဒ်က ဆက်ပြောကာ ရှင်းပြသည်။

'ကျွန်တော်က သမ္မတကို Taradol ဆေးထိုးပေးတော့မလို့ လုပ်နေတာ။ သူက ဘောင်းဘီကို ဒူးအထိ ဆွဲချတ်ပြီး ညာဘက်တင်ပါးကို ဆေးထိုးခံဖို့ ရှေ့ကို ကိုင်းပေးနေတယ်။ အဲဒီအချိန်မှာ လင်းယုန် (သမ္မတကလင်တန်) ဝင်လာတယ်'

ကျွန်မနှင့်အက်ဒ် စကားပြောနေစဉ် လူမာလက်တီက ကျွန်မတို့ဆီသို့ လျှောက်လာပြီး 'အက်ဒ်'ကို ကြည့်သည်။ သူက ခေါင်းကိုယမ်းလျက်ပြုံးကာ သူကပင်ဆုံးအောင် ဆက်ပြောသည်။

'လူမာလက်တီ'က ထိုနေရာမှ ဇာတ်လမ်းကိုဆက်သည်။

'လင်းယုန်နဲ့ကျွန်တော် ယောကျ်ားသန့်စင်ခန်းထဲကို လျှောက်ဝင်သွားကြတယ်။ ပထမဆုံး ကျွန်တော်တို့ မြင်လိုက်ရတာတော့ လူနှစ်ယောက်၊ တစ်ယောက်က ဘောင်းဘီကိုချွတ်လို့ တစ်ယောက်က ဆေးထိုးအပ်နဲ့။ လင်းယုန်က 'အက်ဒ်'ကို မသိဘူး။ ကျွန်တော်က ဗွာမီမာလာ သမ္မတကို မမှတ်မိဘူးဆိုတာကို ကျွန်တော် သဘောပေါက်တယ်'

'တစ်မျိုးတော့ မထင်ပါဘူးနော်' အက်ဒ်က အရွှန်းဖောက်လိုက်သည်။

'လူမာလက်တီ' က ခစ်ခနဲ ရယ်လိုက်ပြီး ဆက်ပြောသည်။

'လူနှစ်ယောက် အပေးအယူတည့်နေတဲ့ ပုံစံကိုမြင်တော့ သမ္မတက သွားရင်းရပ်သွားပြီး ကျွန်တော်ကို လက်ဆွဲပြီး 'ဟူး'သူတို့ဒီမှာ ဆေးဝါးသုံးစွဲတော့မယ် ထင်တယ်'လို့ ပြောတယ်'

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



'လူ'နှင့် 'လူမီနာတီ'က ခွက်ထိုးခွက်လှန် ရယ်နေကြသည်။

'ကျွန်တော်က လင်းယုန်ကို ပြောတယ်။ သမ္မတကြီး ဒါက ဆေးအဖွဲ့က 'အက်ဒ် လူမီနာတီ'ပါ။ သူက ဆေးထိုးပေးမလို့ လုပ်နေတာပါ'

'အဲဒီမှာ၊ ဂွာတီမာလာသမ္မတက သမ္မတကလင်တန်ရဲ့အသံကို ကြားပြီး သူ့ဘောင်းဘီကို မတင်ပြီး သမ္မတက လင်တန်ကို လက်ဆွဲနှုတ်ဆက်ရအောင် လျှောက်လာတယ်'

လူမီနာတီနှင့် လူမာလက်တီတို့က မျက်ရည်များထွက်အောင်ပင် မထိန်းနိုင်မသိမ်းနိုင် ရယ်နေကြတော့သည်။ 'လူ'နှစ်ယောက်သည် မိုင်ယာမီရှိ ထိပ်သီးညီလာခံတွင် ယောကျ်ားသန့်စင်ခန်းတွင် ဖြစ်သောအဖြစ်က အိမ်ဖြူတော်တွင် ပြောစမှတ်ပြု ကျန်ခဲ့ပေတော့မည်ကို ကျွန်မ သိသည်။

■

ဘုရင်ဖြစ်ရတာကောင်းသည်ဟု ဆိုလျှင် 'ဂျွန်ကလပ်' (John Klug)ဖြစ်ရတာက ပိုကောင်းပါတကားဟု ကျွန်မ သိလာပြန်သည်။ ဒါကို ကျွန်မ သဘောပေါက်လိုက်သည်မှာ Biscayne Bay ရှိ တစ်ခုသော ညနေခင်းတွင် ဖြစ်ပါ၏။ အမေရိကန် ဘီလျံနာသူဌေးပိုင်သော ပေ ၂၀၀ ရှည် ရွက်လှေသို့ အမေရိကန်သမ္မတနှင့် အမေရိကတိုက် မြောက်နှင့်တောင်မှ အကြီးအကဲ သုံးဆယ်လေးယောက်ကို ခေါင်းဆောင်များနှင့် ဇနီးများအတွက် နေဝင်ချိန် ပင်လယ်ပြင် ညစာဖြင့် တည့်ခင်းဧည့်ခံနိုင်ရန် ဖြစ်သည်။

'လှေကို... ကြည့်စမ်းပါဦး' ဝီစီသံအရှည်ကြီး ထွက်လာပြီးနောက် ကျွန်မတို့ကားက ရွက်လှေဆီသို့ တံတား တစ်လျှောက် လိမ့်ဆင်းသွားစဉ် သမ္မတ၏ကိုယ်ရေးကိုယ်ရံတော် 'အင်ဒရူးဖရင့်ဒလီး' (Andrew Friendly)က တအံ့ တသြပြောလိုက်သည်။

'ဘုရင့်ရွက်လှေထက် ပိုကြီးတယ်နော်'

အင်္ဂလန်မှ 'ဘရစ်တန်နီ' (Britan)ကိုသတိရ၍ ကျွန်မက ပြောလိုက်ခြင်း ဖြစ်သည်။ ထိုနှစ် ဇွန်လပိုင်းက ကျွန်မသည် သမ္မတ၊ သမ္မတကတော်နှင့်အတူ ထိုရွက်လှေဖြင့် သွားခဲ့ဖူးသည်။ လှေ၏ အရွယ်အစားကိုသာမက ပြောင်လက်နေသော ကုန်းပတ်နှင့် 'ဖလော်ရီဒါ' (Florida) နေရောင်တွင် တလက်လက်တောက်ပနေသော တောက်သည့် ကြေးဝါစသည်တို့ကိုပါ ကျွန်မ ငေးမောအံ့သြရသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'Stagecoach က ဆိပ်ကမ်းနားကို ရောက်ပြီ' လျှို့ဝှက်လုံခြုံရေး ခေါင်းဆောင်က ရေဒီယိုဖြင့် ပြောလိုက်သည်။ သမ္မတ၏ ကားရောက်ရှိပြီဖြစ်ကြောင်း ရည်ညွှန်းလိုက်ခြင်း ဖြစ်၏။

နောက်တစ်ခါ ကျင်းပနေကျ ညစာစားပွဲတစ်ခုဟူ၍ ကျွန်မတွေးမိသည်။ 'မိုင်ယာမီ'ရှိ ထိပ်သီးညီလာခံကာလသည် အလုပ်များသော ရက်သတ္တပတ် ဖြစ်ခဲ့သည်။ ရှည်ကြာသော အလုပ်နာရီချိန်များ၊ ဆေးဘက်ဆိုင်ရာ အကူအညီအတွက် ခန့်မှန်းမထားသော တောင်းဆိုမှုများထက် ပို၍ ကျွန်မကို စိန်ခေါ်သည့်အရာမှာ သုံးရက်တာကြာသော တာဝန်ချိန်အတွက် ဝတ်ဆင်ရန် တစ်မျိုးနှင့်တစ်မျိုး မထပ်အောင် အဝတ်အစားများကို ထည့်သိုရသည့်အလုပ် ဖြစ်သည်။ ခါတိုင်းဆိုလျှင် သက်ဆွဲသေတ္တာငယ်တစ်လုံးက ငါးရက်စာ၊ သို့မဟုတ် ပြည်တွင်းမဟုတ်သော သမ္မတခရီးစဉ်အတွက် လောက်လောက်ငငထည့်၍ရသည်။ ယူနီဖောင်းလိုဝတ်သော ရေတပ်အပြာရောင် ဘောင်းဘီဝတ်စုံ ရိုးရိုးနှစ်ထည်ထက် ပို၍လိုသည်။ ထိပ်သီးလူမှုရေးကိစ္စများတွင် ရောနှောပါဝင်ရန် ကျွန်မက ကော်ကတေးဝတ်စုံ၊ ညစာစားပွဲဝတ်စုံ၊ နေ့စဉ်အလုပ်လုပ်သော ဘောင်းဘီဝတ်စုံထက်ပို၍ အနည်းငယ် ပုံစံတကျရှိသော ရုံးအလုပ်ဝတ်စုံကို ထည့်ယူခဲ့သည်။ တာဝန်ကျဝတ်စုံတစ်ခုတည်းသည်လဲဝတ်နေစရာ မလိုတော့သည်ကို ကျွန်မ အံ့သြမိသည်။

ညနေခင်းရှက်လေ့စီးဖို့ ကျွန်မ၏ဝတ်စုံက အနက်ပိုးသားစကတ်ရှည်ပါးပါးနှင့် ပိုးသားအနက်နှင့် ရွှေရောင်ရောထားသည့် 'ဂျက်ကက်' (jacket)ဖြစ်သည်။ ထုံးစံအတိုင်း ယူနေကျ အတိုအထွာပစ္စည်းများကိုလည်း ယူလာရသည်။ ခါးရှိရွှေနားကပ်၊ 'ဂျက်ကက်' အင်္ကျီ၏အောက် ခါးပတ်ထိုးကာ ဖုံးကွယ်ထားသော လျှို့ဝှက်လုံခြုံရေး ရေဒီယို၊ ရွှေဘက်ဘော်လံပေါ်တွင် တပ်ထားသော ဆေးအဖွဲ့တံဆိပ်နှင့်အတူ တာဝန်ကျ ဆေးလွယ်အိတ်။ ကျွန်မသည် သစ်ကော်ရိုလူပုံစံအတိုင်းသာ ဝတ်ဆင်ထားသော်လည်း လိုအပ်၍ ကျွန်မကိုခေါ်ယူလျှင် အလုပ်တာဝန်ထဲသို့ ခုန်ဝင်ရန် ပြင်ဆင်ထားသည်။

မရင်း (Marine)တပ်ဖွဲ့ တာဝန်ကျ စစ်ဘက်ကိုယ်ရံတော်နောက်သို့ ကျွန်မက ခပ်သုတ်သုတ် လမ်းလျှောက်လိုက်သွားသောအခါ နူးညံ့သော လေပြည်လေညင်းက ကျွန်မ၏ စကတ်အသားအယာအောက်မှ ဝင့်၍တိုက်ခတ်သည်။ 'မရင်း' တပ်ဖွဲ့ စစ်ဘက်ကိုယ်ရံတော်က ညနေခင်းပွဲအတွက် စားသောက်ခန်းဝတ်စုံကို ဝတ်ထားသည်။ ကျွန်မတို့နှစ်ယောက် သမ္မတနှင့်သမ္မတကတော်၏ ရှေ့ကနေ လှေပေါ်သို့ အရင်တက်သည်။ နောက်မှပါလာသော တခြားခေါင်းဆောင်များနှင့်အတူ သမ္မတနှင့် သမ္မတကတော် တက်လာသည်ကို ကြည့်ရန် ပွဲပိုင်း၏ အဝေးလမ်းတစ်လျှောက်တွင် ကျွန်မတို့က နေရာယူထားသည်။ ကင်မရာရိုက်ကွင်းနေရာများ၏ အပြင်ဘက်မှာလည်း ကျွန်မတို့ရှိနေချင်သည်။ ကင်မရာရိုက်ကွင်းများက ရှက်လှေပေါ်သို့ ဆင်းလမ်းတစ်လျှောက်နှင့် နေရာယူထားသော စစ်ဘက်ဂုဏ်ပြုတပ်ဖွဲ့၏ ဘေးတွင် ကြိုဆိုနေရာရှိ အရန်လူများအနေနှင့် နေရာယူထားကြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သမ္မတနှင့် သမ္မတကတော်က ရှက်လေ့ဆီသို့ ကော်ဇောနီတစ်လျှောက် လမ်းလျှောက်လာသည်။ သမ္မတကလင်တန့်မှာ အနီရောင်မျက်လုံး၏အောက် ယောင်ကိုင်းနေကာ ပင်ပန်းသည့်အသွင် ပေါ်နေသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း များစွာသော အစည်းအဝေးများတွင် သူ့အသံက ဝင်သွားခဲ့သည်။ ထိပ်သီးညီလာခံတွင် ဝန်ထမ်းပေါင်းများစွာက ကျွန်မအား ချဉ်းကပ်ကာ သူ၏အသံဝင်မှုကို တစ်ခုခု လုပ်မပေးနိုင်ဘူးလားဟု မေးသည်။

'သူက တစ်ခုပဲလိုတယ်။ ပါးစပ်ကို အနားပေးဖို့ပဲ' ကျွန်မက အဖြေပေးလိုက်သည်။ သမ္မတ၏ အသံအိုးများသည် အသုံးပြုလွန်းသောကြောင့်၊ တစ်စုံတစ်ရာနှင့် မတည့်သောကြောင့်၊ သို့တည်းမဟုတ် reflux ကြောင့် နာနေသော အခါသမယပေါင်းများစွာတွင် ဤမေးခွန်းကို ကျွန်မဖြေခဲ့ပြီး ဖြစ်သည်။ သမ္မတ၏ဝန်ထမ်းများက ကျွန်မ၏ တိကျသော အဖြေကို မယုံမကြည်နှင့် အမျိုးမျိုး တုံ့ပြန်ပြောဆိုကြပါသည်။ အပြောအဆို စွမ်းအားအံ့ဖွယ်ဖြစ်သည့် ကလင်တန်အား စကားမပြောဖို့ မည်သို့မျှမှ တားဆီးနိုင်မည် မဟုတ်ပေ။ သူ့အား စကားမပြောဘဲ နေခိုင်းခြင်းသည် အသက်မရှူဘဲ နေခိုင်းသည်နှင့် အတူတူပင် ဖြစ်မည်။

'ဒါဆို ကောင်းပြီးလေ။ ရှောက်ချိုသီးနဲ့ လက်ဖက်ရည်ပူပူ၊ Altoids နဲ့ အခန်းအပူချိန်ရှိတဲ့ ရေတစ်ခွက်သာ ပေးလိုက်ပါ'ဟု ကျွန်မက ပြောလိုက်ရသည်။ ငြိမ်ငြိမ်အိပ်နေကာ သမ္မတ၏အသံကို ထုံးစံအတိုင်း လှုပ်ရှားမှုများတွင် ထိန်းသိမ်းထားနိုင်လျှင် ထိုကုထုံးက အလုပ်ဖြစ်ပါသည်။ လှပသေသပ်သော အနက်ရောင် ခပ်တိုတို ညနေခင်းဝတ်စုံကို ဝတ်ဆင်ထားသည့် ဟီလာရီကလင်တန်က သမ္မတနှင့် ဘေးချင်းယှဉ်လျက် လမ်းလျှောက်သည်။ သူမ၏ ဝတ်စုံအပေါ်ပိုင်းကို တစ်ခုတည်းသောအလှဖြင့် အသေအချာ ဖုံးလွှမ်းထားသည်။ ပခုံးထိဝဲသော ရွှေရောင်ဆံပင်က နောက်ပိုင်းတွင် ရှုချည်ထားသည်။ သမ္မတကတော်က ယုံကြည်မှုရှိ၍ တင့်တယ်ထည်ဝါနေသည်။ အိမ်ဖြူတော်တာဝန်တွင် ဤနေရာ၌ ကျွန်မသည် သမ္မတနှင့် သမ္မတကတော်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ သမားတော်ဖြစ်လာခဲ့သည်မှာ တစ်နှစ်နီးပါးရှိပြီ။ သူတို့ နေထိုင်ရာကို ကျွန်မ အကြိမ်ပေါင်းများစွာ သွားရောက်ဖူးသည်။ ထိုသို့သော အိမ်သို့သွားသော အခေါက်များတွင် သူတို့သည် သာမန်အဝတ်အစား၊ သို့မဟုတ် ညအိပ်အဝတ်အစားများကို ဝတ်ဆင်လေ့ရှိသည်။ သည်ညနေ ဟီလာရီကလင်တန် သည်လောက် သားနားစွာ ဝတ်ဆင်ထားသည်ကို ကြည့်ကာ ကျွန်မသည် နှစ်မျိုးသောမြင်ကွင်းကို မြင်လိုက်ရသည်။ သူမသည် ဤမျှ ထီးနန်းဆန်၍ လှပတင့်တယ်နေသည်ကို ကျွန်မ တစ်ခါမျှ မမြင်ဖူးချေ။

ကျွန်မ၏ ခေတ်မဆန် အသုံးတည့်ရုံမျှသာဖြစ်သည့် ဝတ်စုံကို ကျွန်မ ငုံ့ကြည့်လိုက်သည်။ ကျွန်မသည် အလုပ်လုပ်ဖို့ ဝတ်ဆင်ထားခြင်းသာ ဖြစ်၏။ ဖျော်ဖြေရန်၊ ဓာတ်ပုံအရိုက်ခံရန် ဝတ်ဆင်ထားခြင်း မဟုတ်ပေ။ လှပတင့်တယ်သော ညနေခင်းဝတ်စုံကို ဝတ်ဆင်လျက် ဤညှော်ခံပွဲများကို တက်ရောက်ရသည်ဟု ကျွန်မ စိတ်ကူးယဉ်ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်မရာတွေကို ရှောင်ကွင်းရသည် ဟူ၍တော့ စိတ်ကူးယဉ်သည့်အထဲတွင် မပါပေ။ ကိုယ့်ကို သူများမမြင်နိုင်အောင် ကြိုးစားလျက် လူမြင်ကွင်းမှဝေးရာတွင် နေသည့်အခါ၊ ကျွန်မ ငယ်စဉ်တောင်ကျေး ဘဝကတည်းက ရင်းနှီးသော 'မင်း လူတန်းမစေ့ဘူး' ဟူသော စကားသံကို ကြားယောင်လာသည်။ ကျွန်မ၏တန်ဖိုးကို ပြပြီးပြီဟု သဘောပေါက်ကာ အတိတ်မှ ထိုပြစ်တင် ကဲ့ရဲ့သံကို သည်နေ့တော့ ကျွန်မ ခါချလိုက်ပြီဖြစ်၏။ ပြီးခဲ့သည့် ရက်သတ္တပတ်က ဘဲဥပုံရုံးခန်းတွင် အမေရိကန်ပြည်ထောင်စု သမ္မတကိုယ်တိုင် ကျွန်မကို ကပ္ပတိန်အဆင့်သို့ ရာထူးတိုးမြှင့်ပေးခဲ့သည် မဟုတ်ပါလား။ အနည်းဆုံးတော့ ကျွန်မ လူတန်းစေ့ပြီဟု ကျွန်မ စဉ်းစားမိသည်။

ခေါင်းဆောင်ဝန်ထမ်းက ကျွန်မနှင့် စစ်ဘက်ကိုယ်ရံတော်ကို ဝန်ထမ်းနားနေခန်းဖြစ်သော ကုန်းပတ်အောက်ဘက် အခန်းကို ညွှန်ပြကာ အချက်ပြလိုက်သည်။ ကျွန်မတို့က ကော်ဇောခင်းထားသော လှေကားအတိုင်း ဆင်းသွားသည်။ လျှောက်သွားရင်း လူနေသော နေရာများနှင့် လမ်းများကို လှမ်းကြည့်သည်။ မဟော်ဂနီနံရံပေါ်တွင် ခံ့ညားထည်ဝါသော ဆီဆေးပန်းချီကားများ ချိတ်ဆွဲထားလျက် ကုန်းပတ်ပေါ်တွင် ကော်ဇောထူများကို ခင်းထားသည်။ မီးဖိုချောင်ထဲတွင် မြင်ဆင်ထားသော လင်ပန်းများမှ ခရုစ္စတယ်လ်နှင့် ငွေရောင်များ တဖိတ်ဖိတ်တောက်နေသည်။ ဝန်ထမ်းနားနေခန်းကို ကျွန်မတို့မဝင်မီ အလွန် ခမ်းနားကြွယ်ဝစွာ ခင်းကျင်းထားသော လူနေခန်းများကို မြင်လိုက်မိသည်။

အိမ်ဖြူတော် ဝန်ထမ်းအနည်းငယ်က အသားညှပ်မုန့်များကိုဝါးကာ ရုပ်မြင်သံကြားမှ သတင်းကိုကြည့်ရင်း ဘတ္တီပါမွေးရှည် ဆိုဖာပေါ်တွင် သက်သောင့်သက်သာ ထိုင်နေသည်။ ကျွန်မ၏လူနာများဖြစ်သော သမ္မတ၊ သမ္မတ ကတော်နှင့် ဧည့်သည်များက လူမှုရေးအားဖြင့် ဆက်ဆံပေါ်လွင်နေလျက် ထိပ်တန်းတွင်ရှိနေစဉ် ကျွန်မသည် နားနေခန်းထဲ တွင် ကျောက်ချ၍ မနေချင်တော့ပေ။ ကျွန်မ၏ ကိုယ်ပိုင်နေ့များအနေဖြင့် ရွက်လှေပေါ်တွင် ရောက်နေသလို၊ မိုးကုပ်စက်ဝိုင်း ထို ကျော်နေသည့် နေလုံးကိုကြည့်ကာ ကျွန်မမျက်နှာကို ဆားငန်ရည်ပါသော လေပြည်လေညင်းနှင့် ထိတွေ့ချင်သည်။ ကျွန်မ၏ ပင်လယ်ခြေထောက်များက စွမ်းအင်ပြည့်ဖြိုးနေသည်။ ကျွန်မက ကုန်းပတ်ပေါ်သို့ လှေကားအတိုင်း တက်လိုက် သည်။ ထိုနေရာတွင် သိုသိုသိပ်သိပ် နေရာတစ်ခုကို တွေ့သည်။ ထိုနေရာမှနေ၍ Biscayne Bay ပင်လယ်အော်ကို ငေးကြည့်နိုင်တော့သည်။ ကံအားလျော်စွာပင် ထိုနေရာက ပင်မအခန်းနှင့် ပေအနည်းငယ် ဝေးသည်။ ထိုနေရာတွင် အလင်တန်တို့ ဇနီးမောင်နှံက တခြားဧည့်သည်များနှင့် ယင်းတို့၏ ဇနီးများကို ဖျော်ဖြေနေသည်။

အခန်းဆီမှ ပျံ့လွင့်လာသော ရယ်သံများ၊ ဂီတသံများကို ကျွန်မ နားထောင်နေစဉ်တွင် ရွက်လှေက ပင်လယ်ပြင် တွင် ပိုးသားစလို လွင့်မျောနေသည်။ မီးရှူးမီးပန်းများကို ကျွန်မတို့ အထက်ကောင်းကင်ပြင်တွင် ပစ်ဖောက်ကြကာ ကုန်းပတ် ပင်မအခန်းမှ စားသောက်ပျော်ရွှင်နေသူများက တအံ့တသြနှင့် ငေးကြည့်ကြသည်။ အရှိန်အဝါ အကြီးမားဆုံး

www.burmeseclassic.com
the bookhouse we bring your future

www.burmeseclassic.com



လူများအဲတွင်ဆောင်မှ ညနေခင်းပင်လယ်ပြင် ခရီးအတွက် မီးရှူးမီးပန်း ပစ်လွှတ်မှုကို ကလေးငယ်များသဖွယ် တအံ့တဩ ဖြစ်နေကြသည်။ ကျွန်မက နာရီကိုကြည့်လိုက်သည်။ ပင်လယ်ပြင်ခရီးသည် နောက်ထပ် တစ်နာရီ ကြာပါလိမ့်ဦးမည်။ ရွက်လှေပေါ်တွင် သန့်စင်ခန်းသို့သွားရန် ကျွန်မ လိုအပ်သည်။ ပင်မကုန်းပတ်ပေါ်ရှိ အမျိုးသမီးသန့်စင်ခန်းသို့ သွားသောလမ်းကို ကျွန်မ တွေ့သည်။ သန့်စင်ခန်းသို့သွားသည့် တံခါးလက်ကိုင်ဘုကို လှည့်ရန် ကျွန်မရောက်သောအခါ သမ္မတကတော်က ထွက်လာသည်။ 'ဟယ်လို၊ ဒေါက်တာကော်နီ' ဟီလာရီက ရွှင်လန်းအားရသော အသံဖြင့်ဆိုသည်။ သူမ၏ မျက်နှာပေါ်တွင် အပြုံးရှိနေသော်လည်း သူမ၏ မျက်လုံးများတွင် အနည်းငယ် ဝမ်းနည်းမှု အရိပ်အယောင်ကို ကျွန်မ တွေ့လိုက်သည်။

'ဒီအပတ် ရှင့်ရဲ့ရာထူးတက်မှုကို ဝမ်းသာချီးကျူးပါတယ်။ ဘေလ်က ကျွန်မကို ဒီအကြောင်းပြောပြတယ်။ ကျွန်မတို့ ရှင့်အတွက် သိပ်ဂုဏ်ယူပါတယ်'

ကျွန်မက သမ္မတကတော်နှင့် သူမ၏ပိုင်နက်ထဲတွင် ပက်ပင်းတိုးနေတာ လန့်သွားသည်။ ကျွန်မစောင့်ရှောက်ရမည့်သူများနှင့် ဝေးရာတွင်နေကာ တခြား ပိုကောင်းသော အလုပ်တစ်ခုကို လုပ်မနေခဲ့သည့်အတွက် ကျွန်မကိုယ်ကျွန်မ အပြစ်တင်ပါသည်။ သို့သော် ဤအရွယ်ရှိသော ရွက်လှေပေါ်တွင် တစ်ယောက်ယောက်ကို မတွေ့အောင်ရှောင်ရန် မလွယ်ပါ။

'ကျေးဇူးတင်ပါတယ် သမ္မတကတော်' ဝမ်းနည်းကြေကွဲမှု၏ အကြောင်းရင်းကို ရှာကြည့်ရင်း ကျွန်မက ဖြေလိုက်သည်။ 'ဘဲဥပုံရုံးခန်းမှာ သမ္မတက ကျွန်မကို ရာထူးတက်ပေးတာ ကြီးကျယ်တဲ့ ဂုဏ်သိက္ခာတစ်ခုပါ ကျွန်မ ဒါကိုဘယ်တော့မှ မမေ့ပါဘူး' သူမကပြုံးပြကာ ကျွန်မကို လက်ဖြင့်သိုင်းဖက်လိုက်သည်။ သူမ ထိုသို့လုပ်လိုက်သောအခါ အိမ်ဖြူတော်ဓာတ်ပုံဆရာက ဘယ်နေရာမှ ထွက်လာမှန်းမသိဘဲ ကျွန်မတို့ကို ဓာတ်ပုံရိုက်လိုက်သည်။ ခဏအတွင်းမှာပင် 'ဟီလာရီ'က ကျွန်မ၏ဘေးမှ ပျောက်ကွယ်သွားကာ ပင်မအခန်းထဲသို့ ဝင်သွားသည်။ 'ဟီလာရီ'က ခေါင်းဆောင်တစ်ဦးမှ တစ်ဦးသို့သွားကာ ပြုံးရင်း၊ လက်ဆွဲနှုတ်ဆက်ရင်း၊ ရယ်မောရင်း၊ ကျက်သရေရှိသော အိမ်ရှင်တစ်ယောက်အနေနှင့် သက်သောင့်သက်သာ ဖြစ်နေသည်။ ကျွန်မက အပြင်မှာမတ်တတ်ရပ်ကာ ငေးကြည့်နေသည်။ သမ္မတကလည်း သူ့ကို စောင့်ကြည့်နေသည်ကို ကျွန်မမြင်ရသည်။ သူတို့အိမ်ထောင်ရေး ခက်ခဲမှုကတော့ ရှိနေသည်။ ယင်းမှာ မကြာမီ လူသိရှင်ကြားဖြစ်တော့မည်။ သူတို့နှစ်ယောက်မှာ လေးနက်ခိုင်မာသော နိုင်ငံရေးဇနီးမောင်နှံအဖြစ် အမြဲရှိနေပေလိမ့်မည်။

ခေါင်းဆောင်များနှင့် သူတို့၏ဇနီးများ ပင်မအခန်းထဲတွင် စုဝေးနေသည်ကို ကျွန်မ ကြည့်နေသောအခါ မျက်နှာဖုံးစွပ် ပါတီခန်းမကို ကြည့်နေရသလို ကျွန်မ ခံစားရသည်။ အားလုံးသော ပါဝင်ဆင်နွှဲသူများက သူတို့ကို လူတွေက မြင်စေချင်သလို ဝတ်ဆင်ကာ ပြုမူလှုပ်ရှားနေကြသည်။ အလုပ်သဘောအားဖြင့် လျှင်မြန်သောလက်၌

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဟောဟောဒိုင်းဒိုင်း ပြောဆိုတတ်သည့် ရှေ့နေဖြစ်သည့် 'ဟီလာရီ'သည် ဆွဲဆောင်မှုကင်းသော ရိုးရိုး အိမ်ရှင်မတစ်ဦး အနေနှင့် ဝတ်ဆင်ကာ သူမ၏ အခန်းကဏ္ဍကို ပါဝင်ဆင်နွှဲနေသည်။ သေးငယ်၍ မဖွံ့ဖြိုးသောနိုင်ငံများမှ လာသောသူများ ဖြစ်ကြသည့် ခေါင်းဆောင်များနှင့် သူတို့၏ဇနီးများက သူတို့သည် ကြီးမား၍ အင်အားရှိသော နိုင်ငံများမှလာသော သူများကဲ့သို့ ဝတ်ဆင်ပြုမူနေကြသည်။

အခန်း၏အပြင်တွင် မတ်တတ်ရပ်ကာ အထဲသို့ကြည့်နေရင်း ကျွန်မသည် ဘဝ၏ ဟန်ဆောင်လောကထဲတွင် စောင့်ကြည့်လေ့လာသူ ဖြစ်ရုံသာမက ပါဝင်လှုပ်ရှားသူ တစ်ယောက်ဖြစ်ကြောင်း သဘောပေါက်လိုက်သည်။ သမားတော် တစ်ယောက်အနေနှင့် အောင်မြင်ပြည့်စုံသော ကျွန်မ၊ ရေတပ်အရာရှိအနေနှင့် အကြီးတန်းဖြစ်ပြီး ဆုတံဆိပ်များ အပ်နှင်းခံရ သော ကျွန်မသည် ဇနီးနှင့် မိခင်တစ်ယောက်အနေနှင့် အတိအလင်း ဆုံးရှုံးသူတစ်ယောက် ဖြစ်နေပါသည်။ ကပ္ပတိန်အဖြစ် ကြောသေးမီကမှ ရာထူးတက်ခြင်းနှင့်အတူ အိမ်ဖြူတော်မှ ခရီးထွက်ရခြင်းအလုပ်ပိုထွက်လာသည်။ အနားယူပြီး လျှင် 'စင်တီရယ်ဂို' (San Diego)သို့ ပြန်ပြီး သာမန်ဘဝတွင် နေထိုင်ရန် ကျွန်မခင်ပွန်းနှင့် မိသားစုကို ဘာကတိတွေပဲ ပေးထားထား၊ ပျက်ပြယ်သွားခဲ့သည်သာ ဖြစ်၏။ အိမ်ဖြူတော်မှ ကျွန်မ၏ လုပ်ဖော်ကိုင်ဖက်အရာရှိများ၊ မိတ်ဆွေအပေါင်း အသင်းထံမှ ချီးကျူးဂုဏ်ပြုစကားများ လက်ခံရရှိနေချိန်တွင် ကျွန်မခင်ပွန်းကတော့ ကျွန်မ၏ရာထူးတက်မှုနှင့် ပတ်သက်၍ စိတ်အားထက်သန်မှု သိပ်မရှိလှပေ။

နှစ်အချို့ကြာပြီး ကျွန်မအိမ်ထောင်ရေးက မလွဲမသွေ ပြိုကွဲသွားသောအခါ ထိုညနှင့် ကျွန်အတွေးများကို ကျွန်မ ပြန်လည်သတိရနေပေသည်။ သမ္မတမိသားစုကို စောင့်ရှောက်ရန် နောက်ထပ်တိုးသော ကျွန်မ၏အချိန်သည် ကျွန်မ၏ အိမ်ထောင်ရေးနှင့် မိသားစုပေါင်းစီးမှု၏ အဆုံးပင် ဖြစ်ပါတော့သည်။ ဤကဲ့သို့သော ကံကြမ္မာမှာ အလုပ်ကိုခံယူ လုပ်ကိုင်သူ ယောကျ်ား၊ မိန်းမများအပေါ် ကျရောက်တတ်ပါသည်။ ထိုညက 'ဟီလာရီ'မျက်လုံးထဲတွင် ကျွန်မမြင်ရသော ဝမ်းနည်းကြေကွဲမှုကို ကျွန်မ အခုမှတ်မိသည်။ ထိုကြေကွဲမှုကို ကျွန်မမျက်လုံးထဲတွင် မြင်နေရသည်မှာ ကြာလှပြီဖြစ်၏။

■

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၁၁
## အိမ်ဖြူတော်က အိတ်ကြီးနှင့် အမျိုးသမီး

'ကျွန်မ တစ်သက်လုံး ဒီနေရာကို လာချင်နေတာ'

ဆစ်ဒနီ (Sydney)လေဆိပ်တွင် အားပေးထောက်ခံနေသော လူအုပ်ကို 'ဟီလာရီ'က ဝန်ခံပြောကြားလိုက်သည်။ သူတို့က ၁၉၉၆ ခု၊ နိုဝင်ဘာလတွင် ဩစတြေးလျကို အလည်အပတ်ရောက်ရှိလာသော သမ္မတကလင်တန်ကို နှုတ်ဆက်ရန် ထိုနေရာသို့ ရောက်နေသော လူအုပ်ဖြစ်သည်။ ကျွန်မသည်လည်း ဤနယ်မြေသို့ အမြဲတမ်း ရောက်ချင်နေပါသည်။ သို့သော် သမ္မတ၊ သမ္မတကတော်ရာနှင့်ချီသည့် အိမ်ဖြူတော် ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့များ၊ ခရီးသွား စာနယ်ဇင်းအဖွဲ့နှင့်အတူ သွားရမည့်ခရီး ဖြစ်လိမ့်မည်ဟု ကျွန်မ လုံးဝ မမျှော်လင့်ခဲ့ပါ။ ၁၉၈၃ ခုနှစ်က USS Prairie သင်္ဘောဖြင့် အနောက်ဘက် ပစိဖိတ်ပင်လယ်ခရီး Tasmania ၌ ကျွန်မ တစ်ထောက်နားဖူးသည်။ သစ်သားကုန်ပတ်နှင့် ကိုးရိုးကားရား အညိုရောင် ဒီဇယ်လောင်စာသင်္ဘောကြီးက ပြောင်လက်တောက်ပသော ၇၄၇ ဂျက်လေယာဉ်နှင့် ကွာချင်တိုင်းကွာခြားပါသည်။ ထိုဂျက်လေယာဉ်ကြီးက ကျွန်မတို့အား ကမ္ဘာကိုပတ်ကာ သည်နေရာသို့ ဆောင်ကြဉ်း ခေါ်ဆောင်လာသည်။ ဩစတြေးလျသို့ ပထမဆုံး ရောက်ရှိသည့်ခရီးတွင် သမ္မတ လာရောက်မှုကို ကျယ်လောင်သော အမြောက်နှစ်ဆယ့်တစ်ချက် ပစ်ဖောက်၍ ကြိုဆိုဂုဏ်ပြုသည်။

ဩစတြေးလျနိုင်ငံသားများက သမ္မတမိသားစုကို လှိုက်လှိုက်လှဲလှဲ အားပါးတရ ကြိုဆိုကြသည်။ ဩစတြေးလျ လုံခြုံရေးများက ကျွန်မတို့နှင့် ကျွန်မတို့အဖွဲ့ဝင်များအပေါ် ရိုင်းပင်းကူညီကာ မိတ်ခွေဆန်ကြသည်။ ထို့ကြောင့် လျှို့ဝှက်လုံခြုံရေး အဖွဲ့ဝင်များပင် သည်လျှင် ကိုးရက်သမ္မတခရီးကို မျှော်လင့်နေကြသည်။ ယင်းခရီး

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မနီလာရှိ အာရှဖစ်ဖိတ် စီးပွားရေးကော်ပိုရေးရှင်း ထိပ်သီးညီလာခံတွင် သမ္မတ၏ တက်ရောက်မှုနှင့် ကြုံကြိုက်ရသည်။ ည်နေရာရှိ ဆေးရုံများက သိသာကောင်းမွန်သည်။ တိုင်းပြည်က အင်္ဂလိပ်စကားပြော နိုင်ငံဖြစ်သည်။ အိမ်ရှင်များက ထွေး၍ ဖော်ရွေသည်။ ဤခရီးမှာ သာယာဖြောင့်ဖြူးသော ခရီး၏ နမူနာပုံစံဖြစ်သည်။ ထုံးစံအတိုင်း တွေ့ဆုံနှုတ်ဆက်၊ ားပြော၊ တရားဝင်တွေ့ဆုံပွဲများအပြင် သမ္မတနှင့် သမ္မတကတော်အတွက် အားလပ်ချိန်သည်လည်း အစီအစဉ်မှာပါ ည်။ သို့သော် ပင်လယ်ရပ်ခြား တာဝန်ထမ်းဆောင်နေသော ဆေးအဖွဲ့အတွက် ဒီကိစ္စက ရှင်းပါသည်။ 'သမ္မတ းသောအခါ ကျွန်မတို့ အလုပ်လုပ်ကြသည်'

ခရီးပန်းခြင်းက ကျွန်မအတွက် ဘဝနေထိုင်နည်းတစ်ခု ဖြစ်ပါသည်။ ကျွန်မ၏ အစားအစာနှင့် အိပ်ချိန်ကို ားရောက်ရမည့်နေရာနှင့် ညှိနှိုင်းချိန်ကိုက်ထားသည်။ ပင်လယ်ရပ်ခြားခရီးတွင် လေယာဉ်ဝန်ထမ်းများက ခရီးသည်များကို ောက်ဆုံး သွားရောက်ရမည့်နေရာနှင့် လိုက်လျောညီထွေသော အစားအစာကို ကျွေးမွေးရန် တတ်သိနားလည်ကြသည်။ စ်ခါတစ်ရံ အကြာကြီးအိပ်နေရာမှ ညစာစားဖို့ အနှိုးခံရသည်မှာ၊ သို့မဟုတ် ညခရီးရှည်ပျံသန်းမှုတွင် အိပ်ပျော်ဖို့ ကြိုးစားနေရင်း ဗိုက်ထဲမှ တဂွီဂွီမြည်လာသည်မှာ ကြောင်တောင်တောင်နိုင်သည်။ အရေးပေါ်ကိစ္စများတွင် ပြုစုကုသပေးရန် စ်ချိန်လုံး အသင့်ဖြစ်နေရန် လိုအပ်သောကြောင့် အိပ်ဆေးသောက်ခြင်းကို ကျွန်မ ရှောင်ကြဉ်သည်။ ကျွန်မ တာဝန်ထမ်း ောင်ရန် လိုအပ်နေချိန်တွင် ကျွန်မ အိပ်မောကျမနေချင်ပါ။

ဩစတြေးလျရှိ တတိယမြောက်နေ့တွင် ကျွန်မ၏ ခရီးပန်းမှုများ အပြင်းထန်ဆုံး ဖြစ်သွားသည်။ အရန်ကားဘေး မတ်တတ်ရပ်၍ သမ္မတကလူအုပ်နှင့် အလုပ်လုပ်နေသည်ကို ကြည့်ရင်း၊ မိမိ၏သမ်းဝါးမှုကို ဖုံးကွယ်ကာ ကျွန်မ ငိုက်နေသည်။ ဩစတြေးလျတွင် သူတို့သည် ကလင်တန်ကို အသည်းအသန်ဖြစ်နေကြသည်။ ထုံးစံအတိုင်း သူသွားလေ တွင် သူက ပရိသတ်ကို ချမ်းမြေ့အောင်လုပ်နေသည်။ အိပ်ငိုက်နေသော မျက်လုံးမှတစ်ဆင့် ပရိသတ်ထဲတွင် လက်ဆွဲနှုတ် က်နေသော ကလင်တန်ကို ကျွန်မ ကြည့်နေမိသည်။ သူက မည်သည့်အခါမျှ မောပန်းသည့်အသွင် မပေါ်ချေ။ ယ်တော့ သူ့ကိုကြည့်နေခြင်းကြောင့် ကျွန်မသာလျှင် ပင်ပန်းလာသည်။ လုံခြုံရေးအဖွဲ့ဝင်များ ဝန်းရံကာ ပရိသတ်ထဲသို့ င်လိုက်ပြီးနောက် ကလင်တန်က လက်များနှင့် ပိုမိုထိတွေ့ရလေလေ၊ ပိုမို၍ ရှင်သန် လှုပ်ရှားလာလေလေ ဖြစ်သည်။ သတ်ထံမှ စွမ်းအင်ကို ကူးပြောင်းယူလိုက်သည့်နှယ် ဖြစ်သည်။ လူအများ၏ အားပေးချီးမြှောက်မှုက နိုင်ငံရေးသမား ယောက်၏ အသက်သွေး ဖြစ်ပါသည်။

ထိုအချိန်အတွင်းမှာပင် နေ့တာက ကုန်ဆုံးသွားပြီး ကျွန်မ၏ စွမ်းအင်များသည်လည်း ထို့အတူပင် ကုန်ခန်းသွား ည်။ Cairns ရှိ Port Douglas သို့သွားရန် သမ္မတနှင့် သမ္မတကတော်က Sikorsky ဟယ်လီကော်ပတာပေါ်သို့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အတက်တွင် ကျွန်မ၏ ရုပ်ပိုင်းဆိုင်ရာသက်လုံက လုံးဝကျဆင်းနေသည်။ ကျွန်မတို့စီးနင်းသော ဟယ်လီကော်ပတာများ တောင်ဘက်မြက်ခင်းမှ ကျွန်မတို့ကို သယ်ယူပေးနေကျ နံ့ကောင်လုံးလုံး ဟယ်လီကော်ပတာများထက် ငယ်သည်။ ဤ ခရီးတွင် တစ်ခါသယ်လျှင် ဟယ်လီကော်ပတာပေါ်၌ လူရှစ်ယောက်သာဆံ့သည်။ နောက်ဘက်ခန်းတွင် ပြွတ်သိပ်အောင် ထိုင်ကြရကာ သမ္မတနှင့် သမ္မတကတော်က အထူး ဆိုလည်ကုလားထိုင်တွင် မျက်နှာချင်းဆိုင် ထိုင်ကြသည်။

ဤဟယ်လီကော်ပတာမှ ထွက်ရမှာ တံခါးပေါက်သို့ရောက်အောင် ဤအသေစွဲထားသော ကုလားထိုင်များ ဖြတ်သန်းကာ လူများက တိုးကြိတ် သွားရပေလိမ့်မည်။ လေယာဉ်မှထွက်သော သမ္မတကို ဓာတ်ပုံရိုက်ကြသောကြောင့် ကင်မရာများ၏ရှေ့မှဖြတ်၍ ရှောင်သွားရသောအလုပ်မှာ လွယ်ကူသော အလုပ်မဟုတ်ပါပေ။ ထို့ကြောင့် ကျွန်မတို့သည် သမ္မတ အရင်တက်၍ သမ္မတ၏နောက်မှ ထွက်သည်။ ဤအရာအားလုံးမှာ ချိန်သားကိုက် သိမ်မွေ့သော လှုပ်ရှားမှုပင် ဖြစ်သည်။ နောက်ပိုင်းတွင် နာကျင်စွာ လေ့လာမိသည်မှာ လက်အပိုနစ်ဖက်ပါ လိုအပ်သည်ဟူ၍ ဖြစ်သည်။ သင်သည် အိမ်ဖြူတော်၏ ဆေးအိတ်အမျိုးသမီး ဖြစ်ခဲ့ပါလျှင် ဤအရာသည် အမှန်တကယ်ပင် ဖြစ်ပါသည်။

ကျွန်မတို့ Port Dougla သို့ ထွက်ခွာသွားသောအခါ ဟယ်လီကော်ပတာက ညင်သာသောအသံကို မြည်နေသည်။ သမ္မတ၏ရှေ့ ခုံတန်းပေါ်တွင်ရှိ တာဝန်ကျစစ်ဘက်ကိုယ်ရံတော်က ကျွန်မကို တံတောင်ဆစ်နှင့်ထိနေသည်။ သူက အားရပါးရအိပ်ငိုက်နေသည်။ ဟီလာရီကိုတော့ ကျွန်မမမြင်နိုင်ပေ။ သူမ၏ ခုံနောက်ကျောက ကျွန်မနှင့် မျက်နှာချင်းဆိုင်နေသည်။ ကျွန်မသမ်းနေသည်ကို မမြင်ရန် ပါးစပ်ကိုဖုံးကွယ်ထားသည်။ ကျွန်မလည်း အားရပါးရ ငိုက်လိုက်ချင်သည်။ ဤပုံသန်းမှု ခရီးတိုများတွင် ကလင်တန်က စိတ်ထဲရှိသလို အချိန်ကို အကျိုးရှိရှိ အသုံးချနိုင်သည့် စွမ်းရည်မှာ ပါရမီတစ်ခုပင် ဖြစ်ပါသည်။ သူ အိပ်ရာကနိုးသောအခါ သူ့မျက်လုံးများ ပြူးကျယ်ကာ အရောင်များ တောက်လာသည်။ ထို့နောက် သူက ပြုံးကာ လက်များကိုဆန့်ထုတ်လျက်။

'အချိန်ကျပြီ'ဟု ကြေညာမည် ဖြစ်သည်။

'ခင်ဗျား အချိန်ပိုင် အလုပ်လုပ်တယ်လား၊ ဒေါက်တာ' ကျွန်မ မျက်လုံးမှေးစင်းနေသည်ကို သတိထားမိသည့် စစ်ဘက်ကိုယ်ရံတော်က မေးလိုက်သည်။

သိပ်တော်တဲ့လူပါလားဟု ကျွန်မက တွေးမိသည်။ သူက ခရီးပန်းသည့်ဒဏ်ကို ခံစားမနေရပေ။ သူ၏အလှည့် အပြောင်း တာဝန်ကျသူက 'ဘောလုံး'ကို ကိုင်ဆွဲကာ သမ္မတနောက် ခရီးတစ်လျှောက် လိုက်နေစဉ်တွင် စစ်ဘက်ကိုယ်ရံတော်က 'ဆစ်ဒနီ' (Sydney)တွင် အိပ်လိုက်ရသည်။

'ကျွန်မ အမြဲတမ်း အချိန်ပိုင် အလုပ်လုပ်ပါတယ် ဗိုလ်မှူး'ကျွန်မက ခပ်ပြတ်ပြတ် ပြန်ပြောလိုက်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သည်းခံမှုက တိုတောင်းနေသည်။ ထို့နောက် ကျွန်မ၏ သက်သာမှုက အလုပ်နယ်ပယ်ထဲတွင် ရှိသည်ကို ကျွန်မ သတိရသွားသည်။ 'ကံကောင်းချင်တော့ လေယာဉ်ဆင်းမယ့်နေရာမှာ ဒေါက်တာ အက်စ်ဘက်ခ် (Dr. Eschback) ရှိတယ်။ အဲဒီမှာတစ်ခါ ကျွန်မဆေးအိတ်တွေကို သူ့ဆီလွှဲပေးရဦးမယ်။ အရေးကြီးဆုံးကတော့ သမ္မတကို သူ့ဆီလွှဲပေးရဦးမယ်'

ကျွန်မ၏ ခြေထောက်နှင့် ကျွန်မတို့ထိုင်နေသော ခုံတန်း၏ဘေးတွင် စုပုံနေသော အဝတ်အိတ်ကြီးများကို ကျွန်မက လက်ဟန်ဖြင့်ပြလိုက်သည်။ အခန်းပတ်ပတ်လည်ရှိ ပစ္စည်းကိရိယာများကို ကျွန်မ စစ်ကြည့်သည်။ ကျွန်မ သားရေအိတ်တို၊ ကိုယ်ပိုင် ကျောပိုးအိတ်၊ တာဝန်ကျ ဆေးအိတ်၊ အရေးပေါ် နှလုံးနှိုးစက်၊ သမ္မတနှင့် သမ္မတကတော်အတွက် သွေးများ သိုးသန့်ထားသော သေတ္တာနှစ်လုံး၊ ကျွန်မတို့ ဆစ်ဒနီ (Sydney)မှ ထွက်လာသောအခါ ရှေ့ပြေးအဖွဲ့ သမားတော်လက်ထောက်သည် သမ္မတနှင့် သမ္မတကတော် လေယာဉ်ပေါ်မတက်မီ အိတ်များကို ဟယ်လီကော်ပတာထဲသို့ ထည့်ပေးသည်။ Port Douglas သို့ ရောက်လျှင် ကျွန်မသည် အိတ်များကိုဆွဲကာ မော်တော်ယာဉ်တန်းဆီသို့ အမြန်သွားရန် လိုအပ်သည်။

'သယ်စရာတွေက များလှချည်လား၊ ဒေါက်တာ'

ကျွန်မတို့ ဘေးပတ်ပတ်လည်ရှိ အိတ်များကိုရေတွက်ပြီး စစ်ဘက်ကိုယ်ရံတော်က မယုံတဝက်၊ ယုံတဝက်ဖြင့် မှတ်ချက်ချသည်။ ကျွန်မ၏ ကိုယ်ဟန်အနေအထား၊ သေးသွယ်၍ နေလောင်ထားသော လက်မောင်းများကို သူက ကြည့်သည်။

'မြေပြင်မှာ ကူညီမယ့်သူရှိလား'

'အက်စ်ဘက်ခ် (Eschback)နဲ့ ကျွန်မတို့ဆေးအဖွဲ့ဝင် ဂါရီ (Gary Hoertz)က လေယာဉ်ဆင်းတဲ့နေရာမှာ ရှိမှာ' ကျွန်မက သေချာပေါက် ပြောလိုက်သည်။

'စိတ်မပူပါနဲ့။ အိတ်ကြီးနဲ့ အမျိုးသမီးဖြစ်ရတာ ကျင့်သားရနေပါပြီ'

အိမ်ဖြူတော်က အိတ်ကြီးနဲ့အမျိုးသမီး သည်ဘွဲ့ဂုဏ်ထူးကို ငေါ့တော့တော့ ဟာသဖြင့် ကျွန်မစဉ်းစားကြည့်သည်။ ကျွန်မ၏ သမားတော်မိတ်ဆွေများက ကျွန်မ၏ အနေအထားကို ထည်ဝါခံ့ညား လှုကြိုက်များသည်ဟု မှတ်ထင်ကြသည်။ သမ္မတကို ပြုစုစောင့်ရှောက်၊ ကမ္ဘာပတ်၍ ခရီးသွား၊ ကြီးကျယ်ကောင်းမွန်သော လူမှုရေး အခမ်းအနားများကို တက်ရောက်၊ သမိုင်းဝင်အဖြစ်အပျက်များကို မျက်စိနှင့် တပ်အပ်မြင်လိုက်ရ၏။ ကျွန်မသည် ဇိုက်မျည်း၊ ပင်ပန်း၊ စိတ်မကြည်မလင်နှင့် ဆေးအိတ်ကို မနိုင့်တနိုင်ဆွဲကာ ကား၊ ဟယ်လီကော်ပတာနှင့် လေယာဉ်ထဲသို့ ခုန်ဝင်လိုက်၊ ခုန်ထွက်လိုက်နှင့် အချိန်များကို ကုန်ဆုံးနေစေသည်ကို သူတို့ သဘောမပေါက်ကြပေ။ ဆေးဝါး၊ ရှေ့ဦးသူနာပြု ပစ္စည်းကိရိယာများ၊ သွေး၊ လွှင့်စေ

The bookhouse
www.burmeseclassic.com

www.burmeseclassic.com



(သမ္မတနှင့် သမ္မတကတော်အတွက် လိုရမည်ရဆောင်ထားသော ပစ္စည်းများ) ထည့်ထားသောအိတ် တစ်ပုံတစ်ခေါင်းကြီး ကျွန်မက လျှောက်ဆွဲနေသည်။ ဤဝန်ထုပ်ဝန်ပိုးများ ရှိနေစေကာမူ သမ္မတ၏ ဆရာဝန်ဖြစ်ရသည်ကို ကျွန်မဂုဏ်ယူပါသည်။

ဟယ်လီကော်ပတာက Port Douglas သို့ ဆိုက်ရန် ဆင်းသက်စပြုနေပြီ။ ဒေါက်တာ ဂျက်ဖ်အက်စ်ဘက် (Dr. Jeff Eschback)က ဆင်းသက်မည့်နေရာတွင် စောင့်နေလိမ့်မည်။ မိသားစုလေ့ကျင့်မှုအားဖြင့် ရေယာဉ်ပေါ်တက်ခွင့် လျက် ဂျက်ဖ် (Jeff)သည် ဆေးအဖွဲ့တွင် တခြားသော ရေတပ်သမားတော် ဖြစ်သည်။ ကလေးမျက်နှာနှင့် ဆံပင်တို ညှပ်ထားသောကြောင့် သူက ရုပ်မြင်သံကြား ဇာတ်လမ်းတွဲထဲ ဇာတ်ကောင် "ဒူးဂီ" (Doogie)နှင့် ဆင်ဆင်တူသည်။ မည်သို့ပင်ဖြစ်စေ လျှို့ဝှက်လုံခြုံရေး အဖွဲ့ဝင်များက "ဒူးဂီ"ဟု ရည်ညွှန်းနေချိန်တွင် တချို့ဝန်ထမ်းများက "ဆရာပေါက်စ" (Baby Doc)ဟုခေါ်ကြသည်။ ပြတင်းပေါက်မှ ငုံ့ကြည့်လိုက်သောအခါ အပူပိုင်းဇုန်ဒေသတွင် နေဝင်နေသည်ကို မြင်ရ သည်။ ကျွန်မတို့၏ အောက်ဘက်တွင် ဘောလုံးကွင်းအရွယ်ရှိ မြက်ခင်းထူသော လေယာဉ်ဆင်းသက်သည့် နေရာရှိသည်။ ဘေးဘက်၌ ယာဉ်တန်းများရပ်ထားသည့် ဖုန်ထူသောလမ်း ရှိသည်။

"ဂျက်ဖ်" (Jeff Eschback)က Port Douglas တွင် မာစတာဆာဂျင်"ဂါရီ" (Master Sergeant Gary Hoertz)နှင့်အတူ တစ်ပတ်ကြို၍ ရောက်နှင့်နေသည်။ "ဂါရီ"သည် ထိုခရီးစဉ်အချိန်က အကြီးတန်းဆေးအဖွဲ့ဝင် ဖြစ်သည်။ သူ့အရင်လူ "ဂျင်" "တိမ်မည်း" (Black Cloud)-Mcleod ကဲ့သို့ပင်၊ သူ့မှာ "တိမ်ဖြူ" (White Cloud)ရှိသည်။ ဆံပင်ရွှေရောင်၊ နှင်းဆီရောင် ပါးဖောင်းဖောင်းနှင့် စိတ်နှလုံးကောင်းရှိသည်။ "ဂါရီ"က အတူပူးပေါင်းလုပ်ကိုင်ရ လွယ်ကူသည်။ သို့သော် သူ၏လှပသော အသားအရေက နေရောင်ထိမခံ ဖြစ်နေသည်။ ခရီးမထွက်မီ နေရောင်ခံအဆီလိမ်းရန် ကျွန်မက သူ့ကို သတိပေးခဲ့သည်။ သို့မဟုတ်ပါလျှင် သူ့ကို ကျွန်မတို့က "ပန်းနုရောင်တိမ်" (Pink Cloud)ဟု ခေါ် ပေလိမ့်မည်။

တခြား Sikorsky ဟယ်လီကော်ပတာများက ကျွန်မတို့၏ရှေ့တွင် တစ်စင်းပြီးတစ်စင်း ဆင်းကြသည်။ တာဝန်ကျသူနာပြုက Mighthauk Two ပေါ်တွင်ရှိသည်။ စစ်ဘက်ကိုယ်ရံတော်ကို ကျော်လျက် ဟယ်လီကော်ပတာ ပြတင်းပေါက်မှ ကျွန်မကြည့်သည်။ မြေပြင်ပေါ်တွင် Mighthauk Two မှ ထွက်နေသော သူနာပြုကိုရှာရသည်မှာ ကျွန်မ မျက်စိကျိန်းလာသည်။ သူမကို ဟိုတယ်သို့ပို့ပေးမည့် ထောက်ပံ့ရေးကား Support Van သို့ သွားနေပေလိမ့်မည်။ "ဂါရီ" (Gary)နှင့် ဒေါက်တာ "အက်စ်ဘက်ခ်" (Dr. Eschback)က ဟယ်လီကော်ပတာဘေးတွင် ကျွန်မကို လာကြိုပေလိမ့် မည်။

"မရင်း-၁"(Marine One)ဟယ်လီကော်ပတာက ကွင်းပြင်တွင် ဆင်းလိုက်သည်။ မညီညာသော မြေပြင်ပေါ်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



တွင် ဘယ်ညာယိမ်းထိုးသွားသေးသည်။ ကျွန်မက ခုံရှည်ကို ကိုင်ထားသည်။ ပန်ကာရပ်သွားသောအခါ ကျွန်မခါးပတ်ကို ဖြုတ်သည်။ စက္ကန့်ပိုင်းအတွင်းမှာ 'မရင်း-၁'အစောင့်က မျက်နှာချင်းဆိုင်အပေါက်မှ ထွက်ကာ သမ္မတနှင့် သမ္မတကတော်နှင့် မျက်နှာချင်းဆိုင်နေသော တံခါးရှက်ဆီသို့ သွားသည်။ ကွက်တိအချိန်ကိုက်မှုဖြင့် အစောင့်က တံခါးကိုဖွင့်ပေးသည်။ စိုထိုင်းစေးကပ်သောလေက လေအေးစက်ပေးထားသော အခန်း သက်သောင့်သက်သာ အေးမြမှုကို ဖြိုခွင်းပစ်လိုက်သည်။ တွင်းထဲမှ စီကေဒါး (Cicadas)အင်းဆက်ပိုးအော်သံများ၊ စာနယ်ဇင်းသမားများထံမှ အလုအယက် ပြောဆိုကြသံများနှင့် သူတို့၏ ကင်မရာများမှ ခလုတ်နှိပ်သံများမှာ သမ္မတနှင့်သမ္မတကတော် ဟယ်လီကော်ပတာမှ ဆင်းသည်နှင့် ပေါ်ထွက်လာသည်ကို ကျွန်မ ကြားလိုက်ရသည်။

တခြား အကြီးတန်းဝန်ထမ်းများက သမ္မတနှင့် သမ္မတကတော်နောက်မှလိုက်၍ ထွက်ခွာသွားကြသည်။ ကျွန်မက ခုံရှည်မှထကာ အိတ်များကို တစ်နေရာတည်းတွင် စုလိုက်သည်။ စစ်ဘက်ကိုယ်ရံတော်က အနက်ရောင်ဘောလုံးကို ဆွဲ၍ သူက ဟယ်လီကော်ပတာမှ ထွက်သောအခါ ကျွန်မ ဘက်သို့ လှည့်ကြည့်ပြီး -

'အကူအညီလိုသလား ဒေါက်တာ'

'ရပါတယ် ဗိုလ်မှူး' ကျွန်မက သူ့ကို ကျိန်းသေပေါက်ပြောလိုက်ကာ အိတ်ကြီးများကို တစ်အိတ်ပြီးတစ်အိတ် တောင်ဆွဲတော့သည်။ ကျွန်မနဖူးပေါ်တွင် ချွေးများက သီးလာသည်။ ကျွန်မကအိတ်များကို အတူတူပူး၍ လက်ကိုင်များမှ ဆွဲကြည့်သောအခါ အိတ်အကုန်လုံးဆိုလျှင် ကျွန်မ ဘယ်လိုမှမ၍မရအောင် အလွန်လေးကြောင်း သဘောပေါက်သွားသည်။ ကျွန်မသည် တံခါးပေါက်ဝသို့ လှည့်ကာ ရှေ့သို့တိုးမရ ဖြစ်နေသည်။ အိတ်များမှာ ဆုံလည်ကုလားထိုင် နှစ်ခုကြားမှ ဖြတ်၍ ယူ၍မရအောင် ဖောင်းကားနေသည်။

ဟယ်လီကော်ပတာ အပြင်ဘက်သို့ကြည့်လိုက်တော့ တစ်ယောက်မျှမမြင်ပေ။ ကျွန်မက အိတ်များကို တစ်လုံးပြီး တစ်လုံး ကုလားထိုင်များကို ကျော်ဖြတ်ယူကာ နွံ့ထူသောမြေကြီးပေါ်သို့ ပစ်ချလိုက်သည်။ ကျွန်မ ထိုသို့လုပ်နေစဉ် ဆေးဟာပြင်ကွင်းထဲမှ အော်သံကြားရသည်။ ကျွန်မလှည့်ကြည့်လိုက်တော့ 'ဟီလာရီ'၏ အမျိုးသမီးဝန်ထမ်းများ သွားကြတော့ ဖားများက သူတို့ရှေ့မှ ထခုန်သည်။ လန့်ဖျပ်၍ အမျိုးသမီးများက ထိတ်လန့်တကြား အော်ဟစ်ပါတော့သည်။ ဤဒေသအကြောင်း ကြိုတင်ရှင်းပြသည်ကို ကျွန်မက မှတ်မိလိုက်သည်။ ဤဒေသတွင် အသက်ကို အန္တရာယ်ပေးနိုင်သည့် အဆိပ်မြွေအမျိုးပေါင်း နှစ်ဆယ့်ခုနစ်မျိုးကို တွေ့နိုင်သည်။ ထိုမြွေမျိုးထဲမှ တစ်ကောင်ကောင်သည် မြက်ခင်းရှည်များထဲတွင် ချောင်းမြောင်းနေမလားဟု ကျွန်မ စဉ်းစားသည်။ ရေငွေ့များက ကျွန်မ၏အရေပြားကို လာကပ်သည်။ သားရဲတိရစ္ဆာန်များ အသံက ကျွန်မတို့သည် ဒီစီ (DC)၏ တကယ့်တောနက်နှင့် မည်မျှအဝေးတွင်ရှိကြောင်း ပြသည်။ အေးမြသော ရေချိုး

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



သန့်ငင်မှုကို ကျွန်မတောင့်တသည်။ လောလောဆယ်တွင် ဘယ်အရာမဆိုထက် ကျွန်မ ပို၍လိုအပ်သောအရာမှာ အပိုလက်နှစ်ဖက်ဖြစ်သည်။

ကျွန်မက မော်တော်ကားယာဉ်တန်းကို ကြည့်လိုက်သောအခါ အတိတ်နိမိတ်ကောင်းသော စကားများက ကျွန်မ၏ ရေဒီယိုနားထောင်ကိရိယာထဲသို့ ဝင်လာသည်။

'ထွက်ခွာ… အချက်ပြ'

ဤအစီပွာယ်မှာ မော်တော်ယာဉ်တန်းက ထွက်တော့မည်။ ကျွန်မ မပါဘဲနှင့်။ ကျွန်မက အိတ်များကိုဆွဲ၍ ပြေးလိုက်သည်။ သို့သော် အိတ်များကို ကျွန်မ ဆွဲမမြှောက်နိုင်ပေ။ ရှေ့သို့ဆက်ရန် ကျွန်မက အလွန်အမင်း မောပန်းနွမ်းနယ်နေသည်မှာ ရှင်းသည်။ ကျွန်မ၏ ဆေးဝန်ထမ်းတွေ ဘယ်ရောက်နေပါလိမ့်။ ကျွန်မလူတွေ ဘယ်မှာလဲ။ ဖြတ်သွားသော မော်တော်ယာဉ်များကို ကျွန်မ ကြည့်လိုက်သည်။ ကျွန်မထိုင်ရမည့် နေရာဖြစ်သည့် အရန်ကားထဲမှ ဝှေ့ယမ်းပြနေသောလက်ကို မြင်ရသည်။ ယင်းမှာ ဒေါက်တာ 'အက်စ်ဘက်ခ်' (Dr. Eschback)ဖြစ်သည်ကို ကျွန်မ ယူဆပါသည်။ ကားထဲတွင် သူသည် သမ္မတနှင့်အတူ ရှိသည်ဖြစ်၍ ကျွန်မ စိတ်သက်သာရာ ရသွားသည်။ သူသည် သမ္မတနှင့် ညအိပ်မည့်နေရာသို့ လိုက်သွားမည် ဖြစ်သည်။ ကားများက ကျွန်မကို ဖြတ်သွားသောအခါ ထောက်ပံ့ရေးကားမှ တခြားလက်နှစ်ဖက်က ကျွန်မကို စိတ်လှုပ်ရှားစွာဖြင့် ဝှေ့ယမ်းပြသွားသည်။ ထိုလက်များသည် 'ဂါရီ' (Gary)၏လက်နှင့် တာဝန်ကျသူနာပြု၏ လက်များဖြစ်မည်ဟု ကျွန်မထင်သည်။ အနည်းဆုံးတော့ သူတို့ မော်တော်ကားတစ်စင်းစီတွင် ဆေးအိတ်များပါသွားပြီဖြစ်၏။ အပိုဆေးပစ္စည်းများကတော့ ယာဉ်တန်း၏ နောက်ဆုံးတွင်ရှိ လူနာတင်ကားထဲတွင် ရှိသည်။

အခု ကျွန်မခြေရင်းတွင်ရှိ အိတ်အစုအပုံကြီးကို ကျွန်မက ငုံ့ကြည့်သည်။ ကျွန်မသည် အောက်ဘက်မြေပြင်ပေါ်သို့ ရောက်ပြီ။ အချိန်တော်တော်ကြာအတွင်း ကျွန်မရှိခဲ့သော အောက်ထက် ပိုနိမ့်သောအောက်သို့ ရောက်နေသည်ဟု ကျွန်မ ခံစားရသည်။ မော်တော်ကားယာဉ်တန်းကို ကျွန်မ လွဲခဲ့သည်။ ယင်းမှာ ဆေးအဖွဲ့တွင် အာရုံနောက်စရာတစ်ခုဖြစ်ပြီး စစ်ဘက်ကိုယ်ရံတော်များကြားတွင် ရယ်စရာဟု ထင်ကြသည်။ သည်နေရာမှာတော့ ကျွန်မ ဂရုမစိုက်ပေ။ ကျွန်မသည် မောပန်းခရီးပန်း ဆာလောင်နေသော ဗာဂျီးနီးယား (Virginia)ရှိ ကျွန်မမိသားစုကို လွမ်းနေသည် ကျွန်မ အမြဲလည်ပတ်ရန် တောင့်တနေသော နေရာတွင် ရှိသည်လျက်နှင့်ပင် ကွင်းပြင်ထဲတွင် ချောင်ပိတ်မိနေကာ စိတ်မချမ်းမသာ ဖြစ်နေသည်။ ခုန်နေသောဖားများ မြက်ပင်ရှည်များကြားမှ ကျွန်မဆီ မုချလာနေမည်ဖြစ်သည့် အဆိပ်ရှိမြွေများက ကျွန်မကိုဝန်းရံထားသည်။

ကျွန်မသည် မော်တော်ယာဉ်တန်းနှင့် လွဲချော်သွားသော်လည်း ဤကိစ္စသည် သေရေးရှင်ရေးကိစ္စ မဟုတ်ပါ။ သမ္မတသည် လူကောင်းသူကောင်းများ၏ လက်ထဲတွင်ရှိသည်။ ပို၍နာကျင်စရာကောင်းသည်ကတော့ ကျွန်မကို ချိုးနှိမ်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သည်၊ နှိမ်ချသည်ဟု ခံစားရခြင်းပင် ဖြစ်၏။ ကျွန်မသည် စစ်ဘက်ကိုယ်ရံတော်ကို အကူအညီတောင်းခဲ့ဖို့ ကောင်းသည်။ သို့သော် အကူအညီတောင်းခံခြင်းသည် တကယ်တော့ ကျွန်မ တစ်ယောက်ယောက်ကို လိုအပ်သည်ဟု ဝန်ခံခြင်းပင် ဖြစ်သည်။ ကိုယ့်အားကိုယ်ကိုးရန် ကျွန်မ၏ခေါင်းမာမှုတွင် ကျွန်မသည် စူပါဝူးမင်း (Superwoman)ဖြစ်ရန် အလွန်မြင့်မားသည့် စံနှုန်း သတ်မှတ်ထားသည်။ ကွင်းပြင်ထဲတွင် ဘာမှမရှိသော ဟယ်လီကော်ပတာဘေးတွင် ရပ်နေလျက် ကျွန်မသည် စူပါဝူးမင်း (Superwoman)နှင့် တူလည်းမတူ ခံလည်းမခံစားမိပါပေ။ ကျွန်မသည် တကယ်ပီပြင်သော အိတ်ကြီးနှင့် ဖိလစ်ပိုင်အမျိုးသမီးနှင့်သာ ပိုတူနေသည်။

ထို့နောက် ကျွန်မသည် ကြားနေကျ ကြိုဆိုသည့်အသံကို ကြားလိုက်ရသည်။

'ဟေး… ဒေါက်တာ အကူအညီလိုပါသလား'

မာစတာချိဖ် ဂျိုးဖာမာ (Master Chief Joe Fama)က ကျွန်မဆီသို့ ပြုံး၍လျှောက်လာသည်။ သူက လေယာဉ်ဆင်းသောနေရာတွင် သမ္မတနှင့် သမ္မတကတော်၏ အိတ်များကိုယူရန် နောက်မှချန်နေခဲ့သည်။

နောက်တစ်ကြိမ် အိမ်ဖြူတော်အကူများ၊ ကျွန်မကို စောင့်ရှောက်သော နတ်သားများက ကျွန်မကို ကယ်တင်ရန် ရောက်လာကြပြန်သည်။ ကျွန်မတို့သည် အိတ်များကို ကားထဲသို့ထည့်ကာ မြို့သို့မောင်းနှင်သွားသော ညချမ်းခရီးတွင် အားရပါးရ ရယ်မောကြပါတော့သည်။

■

ဘေလ်ကလင်တန် (Bill Clinton)က သူ့ဦးလေးဘတ်ဒီ (Uncle Buddy)ကို 'ဘေလ်ကလင်တန်'က ချစ်သည်။ သမ္မတသည် သူ့ဦးလေးအား မည်သည့်အုပ်ချုပ်နေသော သမ္မတမဆို ပေးနိုင်သော အမြင့်ဆုံးဂုဏ်ပုဒ် ပေးထားသည်။ သူ၏ အချစ်ဆုံးတိရစ္ဆာန်ကို သူ့ဦးလေး၏ နာမည်ပေးထားသည်။ သမ္မတတာဝန် ထမ်းဆောင်စဉ် အပြင်းထန်ဆုံး ခံစားနေရသော ကာလများတွင် သူ့အား နှစ်သိမ့်မှုပေးသော ချော့ကလက်ရောင် Labrador ခွေးကို 'ဘတ်ဒီ' (Bud -dy)ဟု နာမည်ပေးထားသည်။ ဦးလေး 'ဟင်နရီ အိုရင်ဘတ်ဒီ' ဂရစ်ရှမ် (Henry Oren Buddy Grisham) သက်ကိုးဆယ်အရွယ်တွင် ကွယ်လွန်ပြီး ခြောက်လအကြာတွင် ထိုသို့ နာမည်ပေးခြင်း ဖြစ်၏။

၁၉၉၇ ခု အာကင်ဆန် (Arkansas)ရှိ ပူအိုက်သောနေ့တစ်နေ့တွင် 'ဦးလေး ဘတ်ဒီ'ကို နောက်ဆုံးဂါရဝပြုရန် သမ္မတ၏ မွေးရပ်မြေ 'ဟုတ်' (Hope)မြို့တွင် သမ္မတကလင်တန်နှင့် သမ္မတကတော်က မိသားစုမိတ်ဆွေများနှင့်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



တွေ့ဆုံကြသည်။ သမ္မတက သူ၏ ဖခင်ရင်းဖြစ်သူ 'ဝီလီယံ' (William Blythe)ကို မမြင်ဖူးလိုက်ချေ။ သူ့ကိုမမွေးမီ သူ့ဖခင်က ယာဉ်တိုက်မှုတွင် အသက်ဆုံးရှုံးသွားသည်။ ဦးလေးဘတ်ဒီက သူ့အတွက် အမျိုးမျိုးသောနည်းဖြင့် ဖခင် လိုနေခဲ့သည်။ သူကလည်း သူ့ ဦးလေးကို ကလေးဘဝကတည်းက လေးစားချစ်ခင်ခဲ့သည်။

'အာကင်ဆန်' (Arkansas)သို့ သွားသော ခရီးတစ်ခုလုံး ကျွန်မ သမ္မတနှင့်အတူ လိုက်သွားခဲ့သည်။ ပြည်နယ်သို့ သွားရတာ ကျွန်မ အမြဲပျော်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုဒေသရှိ မြို့များကိုတွေ့သောအခါ ဖိလစ်ပိုင်နိုင်ငံ 'ပမ်ပန်ဂါ' (Pampanga)ပြည်နယ်ရှိ ကျွန်မမိဘများ၏ မွေးရပ်မြေ 'ဆန်တာရီတာ' (Santa Rita)ကို သတိရမိသောကြောင့် ဖြစ်ပါသည်။ အာကင်ဆန် (Arkansas)ရှိ မြို့သူမြို့သားများ၏ ရိုးရှင်း၍ ဟန်မဆောင်တတ်သော သဘာဝက ကျေးလက် 'ပန်ပင်ဂါ' (Pampanga)ဒေသရှိ လူများနှင့် ဆင်ဆင်တူသည်။ ဤသို့သော လူအသိုက်အဝန်း သေးသေးလေးတွင် လူတိုင်းက သင့်ကိုသိမည်။ သင်သည် မိတ်ဆွေတစ်ယောက်ကို အလည်အပတ်ခေါ်သွားသည် ဆိုပါစို့။ မြို့သူမြို့သားများက လူစိမ်းကို အယ်လဲဝမ်းသာ ကြိုဆိုကြမည်။ 'အာကင်ဆန်' (Arkansas)တွင် ကျွန်မကို သမ္မတကလင်တန်၏ မိတ်ဆွေများက ထိုသို့သော အယ်လဲဝမ်းသာမှုမျိုးဖြင့် ကြိုဆိုကြသည်။

'ခင်ဗျားက ဘေလ်(ကလင်တန်)ရဲ့ ဆရာဝန်လား' သူ့သူငယ်ချင်းများထဲမှ တစ်ယောက်က မေးသည်။

ကျွန်မက ခေါင်းညိတ်၍ ပြုံးပြသည်။

'သူ့ကို ဂရုစိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့က သူ့ကို တကယ်ချစ်ကြတာ'

ဤ တကူးတက မွေးရပ်ပြန်သောအခေါက်တွင် ဘေလ်ကလင်တန်၏ လေးနက်၍ ကြောက်ခမန်းလိလိ သစ္စာရှိသော မိတ်ဆွေများက ကျွန်မကို နေရာပေးကြ၊ ကျွေးမွေးကြ၊ ကားဖြင့်လိုက်ပို့ကြ၊ အကြိမ်ကြိမ်အခါခါ ပွေ့ဖက်နှုတ် ဆက်ကြသည်။ သို့သော် တောင်ဘက် 'အာကင်ဆန်' (Arkansas)တွင် ကိုယ့်အိမ်ကိုယ့်ရာလို ရင်းရင်းနှီးနှီး ဖြစ်နေသည်။ ယင်းမှာ 'လူစီယာနာ' (Louisiana)၏ မြောက်ပိုင်းဒေသဖြစ်ပြီး ထိုသို့ ရင်းရင်းနှီးနှီးဖြစ်ရန် အချိန်များစွာ ကြာခဲ့သည်။ ထိုနေရာသို့ ကျွန်မ ပထမရောက်ခဲ့စဉ်က ၁၉၆ဝ ကျော်နှစ်များတွင် လူမျိုးရေးခွဲခြားသော တောင်ဘက်သို့ ဖြတ်သွားသော ခရီးမှ ရရှိသော အမှတ်ရစရာ တစ်ထုပ်တစ်ပိုးကြီး ကျွန်မ ရရှိခဲ့သည်။

ရေတပ်စစ်မှူးတစ်ယောက်အနေနှင့် ကျွန်မ၏အဖေကို ၁၉၆၁ ခုနှစ်တွင် ဝါရှင်တန်ဒီစီ(Washington D.C)သို့ ပြောင်းရွှေ့သည်။ ထိုအချိန်က ကျွန်မတို့သည် 'ဟာဝိုင်ယီ' (Hawaii)မှာ ရှိနေသည်။ ကျွန်မတို့မိသားစုက ဆန်ဖရန်စစ္စကို သို့ USS Sultan သင်္ဘောမှ ပြောင်းရွှေ့ပေးသော သင်္ဘောကို စီးရသည်။ ဆန်ဖရန်စစ္စကိုမှနေ၍ ကျွန်မတို့၏ ကားဖြင့် ဆက်သွားသည်။ ကျွန်မတို့မိသားစုကို အဖေက ကားမောင်းလိုက်ပို့သည်။ တိုင်းပြည် ပြည်နယ်များကို ဖြတ်ရသော

the bookhouse we bring your future

www.burmeseclassic.com

www.burmeseclassic.com



ခရီးဖြစ်သည်။

ဤခရီးမှာ ကျွန်မတို့မိသားစုအတွက် ခက်ခဲသောခရီးဖြစ်၏။ ကျွန်မသည် ခြောက်နှစ်အရွယ်ရှိပြီး တကယ့်အမေရိကန်စစ်စစ်မိသားစုနှင့် ကျွန်မတို့ ကွာခြားကြောင်းကို ကျွန်မသိသည်။ ဖိလစ်ပိုင်လူမျိုးများ၊ တရုတ်များ၊ ဂျပန်များ ရောနှောနေသော ဟာဝိုင်ယီ (Hawaii)နှင့် မတူပဲ အမေရိကနိုင်ငံ၏ အလယ်ပိုင်းတွင် ကျွန်မတို့သည် အသားအရောင်အရေးယဉ်ကျေးမှုအရ သိသာနေသည်။ တောင်ဘက်အတွင်းကျကျ (Deep South)ကို ကျွန်မတို့ ဖြတ်မောင်းသွားသောအခါ ကျွန်မတို့ရောက်သော မြို့များထဲတွင် အသားညိုသော လူများမရှိကြောင်း ကျွန်မ သဘောပေါက်သည်။ လူဖြူနှင့်လူမည်းသာလျှင် ရှိသည်။ ထိုလူမျိုးနှစ်မျိုးသည်လည်း လုံးဝရောယှက်ခြင်း မရှိပေ။ အများသုံး ရေချိုးခန်းများ၊ ရေခပ်သည်နေရာများတွင် ဆောင်မှ 'လူဖြူ'နှင့် 'အရောင်'များအတွက် ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ ထို့ကြောင့် ကျွန်စနစ်ဇယားထဲတွင် ဖိလစ်ပိုင်လူမျိုးများကို ဘယ်နေရာမှာ ထားမည်လဲဟု ကျွန်မ၏မိသားစုက စဉ်းစားသည်။ ကျွန်မတို့၏ အညိုရောင်သမ်းသည့် အဝါရောင်အသားအရေကို အမည်းရောင်၏အထက်မှာထား၍ လူဖြူများက စဉ်းစားကြလိမ့်မည်ဟု ကျွန်မတို့ ဆင်ခဲ့ကြသည်။ သို့သော် လူမည်းများက ဖိလစ်ပိုင်သားများထက် အမေရိကားတွင် ပို၍ကြာကြာနေလာခဲ့ကြသည်။ ထို့ကြောင့် ကျွန်မတို့က သူတို့ထက် နိမ့်သည်ဟု သူတို့က ယူဆကြသည်။ အမေရိကားတွင် ကျွန်မတို့ ဘယ်ကိုပဲသွားသွား ကျွန်မတို့ကို နိုင်ငံခြားသား လူစိမ်းလိုသာ မြင်ကြသည်။

တောင်ဘက်ဒေသသို့ဖြတ်၍ ခရီးသွားနေစဉ်အတွင်း ညမိုးချုပ်လာပြီဆိုလျှင် ကျွန်မတို့ အိပ်စရာ 'မိုတယ်' ရှာရတော့သည်။ ကျွန်မအဖေက အနီးတစ်ပိုက်တွင် လူမည်းများကို ကားမောင်း၍လိုက်ရှာသည်။ ဤဒေသတွင် သူတို့ရှိလျှင် ဆင်း မိုတယ်က ကျွန်မတို့ကို လက်ခံမည်ဟူသော လက္ခဏာဖြစ်သည်။ မှန်ကန်သောနေရာကို ကျွန်မတို့တွေ့ပြီဆိုလျှင် အနားတွင်ဆက်နေသော စားသောက်ဆိုင်ကို အဖေက တစ်ချက်ကြည့်မည်။ စားသောက်ခန်းထဲတွင် လူမည်းများရှိမရှိသိရန် ဖြစ်သည်။ လူမည်းများရှိလျှင် မိုတယ်သည် ကျွန်မတို့အတွက်ဖြစ်သည်ဟု နောက်ထပ် အတည်ပြုချက်ရလိုက်ခြင်း ဖြစ်သည်။ ကျွန်မအဖေက ဟိုတယ်တွင် စာရင်းသွင်းကာ ကျွန်မတို့ငါးယောက်အတွက် လေအေးစက်မပါသော အခန်းငယ်လေးတစ်ခုကိုယူမည်။ စားသောက်ဆိုင်တွင် ကျွန်မတို့ စားမည်မဟုတ်ပါ။ ကျွန်မတို့မိသားစု၏ 'ဒါမပါရင် အိမ်ကမထွက်နဲ့' ဟူခေါ်သော ထမင်းပေါင်းအိုးနှင့် အမေက ထမင်းချက်ကာ သွယ်ယူရသော မီးဖိုပေါ်တွင် အမေက ကြက်ဥကို မာမာကျော်သည်။ လက်ကိုင်အကြော်ခွက်နှင့် အမေက ကြက်သားကြော်မည်။ ကျွန်မတို့ စားမကုန်၍ ကျန်သောစားစရာများက မနက်တွင် နောက်ထပ် ရက်ပေါင်း တော်တော်ကြာအောင် ကျွန်မတို့အတွက် လုံလောက်သည်။

၁၉၆၀ ပြည့်နှစ်လွန်များ၏ ပြင်းထန်သော လူမျိုးရေးတင်းမာမှုကို သတိရကာ သမ္မတကလင်တန်၏

the bookhouse we bring you future
www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကာလတွင် သူနှင့်အတူ အာကင်ဆန် (Arkansas)သို့ ပထမအကြိမ် လည်ပတ်သောအခါ သိပ်လိုက်လိုက်လှဲလှဲ မဟုတ်သည့် ကြိုဆိုမှုကိုသာ ကျွန်မမျှော်လင့်ခဲ့သည်။ ကျွန်မ ထင်ထားသကဲ့သို့ မဟုတ်ပဲ ကျွန်မရခဲ့သည်မှာ သမ္မတ၏ မိတ်ဆွေများထံမှ ခင်မင်ငဲ့ညှာမှုနှင့် ဒေသခံ အာကင်ဆန် (Arkansas)သားများ၏ လက်ခံမှုပင် ဖြစ်ပါသည်။ ဤခရီးတွင် တာဝန်ကျ စစ်သူနာပြုမှာ အလွန်ဆွဲဆောင်မှုရှိသော အာဖရိကန်၊ အမေရိကန် ကပြားဖြစ်သည်။ သူမတွင်လည်း စိတ်ထဲတွင် မျိုးသိပ်ထားမှုကို ကျွန်မမြင်ရသည်။ မိတ်ဆွေမဆန်နိုင်ဖွယ်ရာရှိသော ပတ်ဝန်းကျင်တွင် ကိုယ့်ကို လက်သင့်မခံမှုကို မသေချာသောအခါ အရောင်ရှိသော လူဖြူမဟုတ်သည့် လူများသည် ထိုမျိုးသိပ်မှုများ ဖြစ်ပေါ်တတ်သည်။ သမ္မတအဖွဲ့တွင် ပါသော တခြားလူများကဲ့သို့ပင် ကျွန်မတို့ကို နှုတ်ဆက်သည့်အခါ သူနာပြုနှင့်ကျွန်မကို ကြည်သာချမ်းမြေ့စွာ လက်ခံကြပါသည်။

ဤအချိန် 'ဟုတ်' (Hope)သို့ ပြန်လာခြင်းသည် သမ္မတအတွက် သံယောဇဉ် စိတ်လှုပ်ရှားကာ မရွှင်ပျသော ခရီးဖြစ်ပါသည်။ ကျွန်မတို့ မော်တော်ယာဉ်တန်းက ဦးလေးဘတ်ဒီ၏ သင်္ဂြိုဟ်ကိစ္စအတွက် 'Little Rock' မှနေ၍ 'Hope' သို့ သွားနေစဉ်၊ ၂ နာရီကြာ ခရီးအတွင်းတွင် သမ္မတက သန့်စင်ခန်းဝင်ရန် လိုအပ်လာသည်။ လမ်းတစ်လျှောက် တစ်ခုတည်းသော နေရာမှာ ပြိုပျက်ကျနေသော ဓာတ်ဆီဆိုင်လေးတစ်ဆိုင် ဖြစ်သည်။ ဓာတ်ဆီဆိုင်ရှေ့သို့ ကျွန်မတို့ အနက်ရောင် 'လင်မိုဆင်း' (Limousins)ယာဉ်တန်းက ဝင်လိုက်သောအခါ ဓာတ်ဆီရောင်းသူက ကုလားထိုင်မှနေ၍ တအံ့တဩ ထခုန်သည်။ သမ္မတက ယောကျ်ားသန့်စင်ခန်းသို့ တန်းဝင်သွားသည်။ အပေါက်ဝသို့ ရောက်သောအခါ အိမ်သာသုံးစက္ကူလိပ်ကို သူ တွေ့သည်။ ဤနေရာသည် ကျေးလက် အာကင်ဆန် (Arkansas)ဖြစ်ကြောင်း 'ကလင်တန်' က သိလည်းသိသည်။ ချစ်လည်း ချစ်သည်။ နည်းနည်းလေးမှ အံ့အားသင့်ခြင်း မဖြစ်ပေ။

ဘေးချင်းကပ်နေသော အမျိုးသမီးသန့်စင်ခန်းသို့ သွားရန် ကျွန်မက သူ့နောက်က ကပ်လိုက်သွားသည်။ တာဝန်ကျ လုံခြုံရေးအဖွဲ့ဝင် ကြီးကြီးတစ်ယောက်က ယောကျ်ားသန့်စင်ခန်း၏ရှေ့တွင် နေရာယူထားသည်။ ကျွန်မကို မြင်သွားပြီး သူက ယောကျ်ားသန့်စင်ခန်းတံခါးကို အိမ်သာသုံးစက္ကူလိပ်ကို လက်ညှိုးထိုးပြသည်။

'ဒီထက် ပိုကောင်းတာ မရနိုင်ဘူး' သူက ကျွန်မကို စိတ်ပျက်ပျက်၊ ခပ်ရွှင်ရွှင်နှင့် ပြောလိုက်သည်။

'ကျွန်မတို့က ဝါရှင်တန်ဒီစီမှာ မဟုတ်တော့ဘူး တူးတူး'

ကျွန်မက မှတ်ချက်ချလိုက်သည်။ ကျွန်မက အမျိုးသမီးသန့်စင်ခန်းထဲသို့ အမြန်ဝင်သွားကာ သမ္မတမထွက်မီ ကျွန်မက အရင်ထွက်သည်။ ထိုနေရာတွင် ကျွန်မ နောက်မှာ ကျွန်မနေခဲ့ချင်ပါ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်'မြို့ထဲရှိ ဘုရားကျောင်းထဲတွင် သမ္မတသည် ရိုးရှင်းသော လူတစ်ယောက်၏ဘဝနှင့် ပတ်သက်၍ ဆဝေဆာဆာ ပြောသည်။ သူက သူ့ဦးလေးဘတ်ဒီကို မိတ်ဆွေတစ်ယောက်အနေနှင့်ရော၊ ဆရာတစ်ယောက်အနေနှင့်ပါ ချစ်ခင်မြတ်နိုးသည်။ အနက်ရောင်ဝတ်စုံနှင့် တရားဟောစင်မြင့်တွင်ရပ်ကာ 'ကလင်တန်'သည် သေသူဦးလေးအကြောင်းကို အမွှန်းတင်ပြောဆိုသည်။ ပစ္စည်းဥစ္စာနှင့် အရှိန်အဝါမရှိသော လူတစ်ယောက်၊ နေရာဌာနနှင့် ဟန်ဆောင်ခြင်းကင်းသော လူတစ်ယောက် သို့သော် ဣန္ဒြေရရ၊ ဆင်ခြင်တုံတရားရှိရှိနှင့် လွန်စွာကောင်းမွန်သော လူတစ်ယောက်ဟူ၍ ဖြစ်သည်။ 'သတိရနေဖို့ သိပ်အံ့ဩစရာကောင်းတဲ့ နည်းတစ်ခု'ဟု ကျွန်မက တွေးမိကာ မျက်ရည်မကျအောင်ထိန်းရင်း အခန်း၏ နောက်ဘက်မှ ကျွန်မ နားထောင်နေသည်။ ကြီးကျယ်သော သမ္မတများပင်လျှင် ဤချီးမွမ်းပြောဆိုသော စကားကိုကြားလျှင် ဆော်တော်ခံစားရမည်။ ကျွန်မသည် သူ၏ဦးလေး 'ဘတ်ဒီ'ကို တစ်ခါမျှမမြင်ဖူးချေ။ သို့သော် သူ၏ ထိခိုက်ခံစားစရာ အတ်လမ်းများကို သမ္မတထံမှ ကြားသိရပြီးနောက် သူ့ကိုတွေ့ဖူးသလိုပင် ကျွန်မ ခံစားရသည်။ သူနှင့်ပတ်သက်သော ချီးမွမ်းဂုဏ်ပြုစကားက နှလုံးသားကို ထိခိုက်စေပြီး ထိုစကားကို သမ္မတက လှပစွာပြောဆိုသည်။ အခန်းလုံးဝငြိမ်သက် ခနေးဖြစ်နေသည်။ အသုဘအခမ်းအနား တက်ရောက်သူများက သမ္မတပြောကြားသော စကားလုံးတိုင်းကို အာရုံစိုက် နားထောင်နေသည်။ အခန်းထဲတွင် လှုပ်ရှားမှုဆို၍ အောက်မေ့ဖွယ် အစီအစဉ်စာရွက်ကို ယပ်တောင်လုပ်၍ခတ်နေသော လှပစွာဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ဦးသာ ရှိသည်။

ထိုနေ့ကတော့ 'ကလင်တန်' နှင့် ဟီလာရီအတွက် မိတ်ဟောင်းဆွေဟောင်းများနှင့် မိသားစု အမှတ်တရတွေ့ဆုံ ပွဲများသာ တစ်ခုပြီးတစ်ခု ဖြစ်နေသည်။ ညအိပ်ရန် နေရာဖြစ်သည့် မိုတယ်အသေးစားလေးသို့ သွားသော ကားထဲသို့ ရောက်သောအခါ 'ကလင်တန်'က ခြေကုန်လက်ပန်းကျနေသည်။ 'ဟုတ်'မြို့တွင်းရှိ မိုတယ်လေးဖြစ်သည်။ မြို့တွင်းကြယ် လေးပွင့် (Four Star) ဟိုတယ်မရှိပေ။ ဟိုတယ်-၆ (Hotel-6)တောင်မှ ရှိသည်ဟု ကျွန်မ မထင်ချေ။ ကျွန်မတို့ တည်းသော ဟိုတယ်-၃ (Hotel-3)နှင့် ပို၍တူသည်။

သမ္မတနှင့်သမ္မတကတော်က ဟိုတယ်ဒုတိယထပ်သွားသည်ကို ကျွန်မနောက်က လိုက်သွားသည်။ အပေါ်ထပ်သို့ တက်လိုက်တော့၊ ဓာတ်လှေကားကိုပတွေ့ရ။ အခန်းများ၏ ပြတင်းပေါက်မှထိုးထွက်နေသော လေအေးစက်ပေး ပစ္စည်းများ ကိုသာ ကျွန်မ သတိပြုမိသည်။ ဤပြတင်းပေါက် လေအေးစက်ပစ္စည်းများမှ အောက်ဘက်ရှိ သမံတလင်းပေါ်သို့ ရေစက်များ တစက်စက်ကျနေသံနှင့်အတူ အသံမြည်နေသည်။ အိမ်ဖြူတော်ဝန်ထမ်းက ကျွန်မတို့ကို 'သမ္မတအထူးခန်းသို့ ခေါ်သွားသည်။ လေအေးစက်ပါရုံသာရှိသော နှစ်ခန်းတွဲဖြစ်သည်။

သမ္မတနှင့် သမ္မတကတော်နေသော နေရာက အခန်းလေးနှစ်ခန်းတွဲ ဖြစ်မည်ဆိုလျှင် သည့်ထက်နိမ့်မည်ဖြစ်သည့်

the bookhouse
we bring you future

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအတွက် နေရာထိုင်ခင်းသည် ဘာဖြစ်မည်ကို ကျွန်မ စဉ်းစားသည်။

ဟိုတယ် အကြိုဝန်ထမ်းက အောက်ဘက်သုံးခန်းကျော် ကျွန်မအတွက် နေရာချထားသော အခန်းကို ရှင်လန်းပေါ့ပါးစွာ လိုက်ပို့သည်။ ညပိုင်းအတွက် ဆေးအိတ်နှင့် ရှေးဦးသူနာပြုအပိုအိတ် အပါအဝင် ဆေးဘက်ဆိုင်ရာ ကိရိယာများက အခန်းထဲတွင် ရောက်နှင့်နေသည်။ 'ဂလင်ပိုဝဲလ်' (Glenn Powell)နှင့် အိမ်ဖြူတော် ပို့ဆောင်ရေးဝန်ထမ်းက လာထားသွားခြင်းဖြစ်သည်။ ကျွန်မက မှောင်မည်းသော အခန်းလေးထဲသို့ ဝင်လိုက်သည်။ ၁၉၆၁ ခုနှစ် နိုင်ငံကိုဖြတ်၍ ဝါရှင်တန်သို့ သွားသောခရီးတွင် ကျွန်မတို့မိသားစုနေသော မိုတယ်အခန်းလေးကို ကျွန်မက ချက်ချင်း ပြေးသတိရလိုက်သည်။ ထမင်းပေါင်းအိုးနှင့် မာမာပြုတ်ထားသော ကြက်ဥများမပါတာ တစ်ခုသာရှိသည်။

လေအေးစက်မရှိသည်နှင့် အခန်းထဲရှိလေသည် စိုထိုင်း၍ လှောင်အိုက်နေသည်။ ကန့်လန့်ကာများက ငှက်မွေးပုံ အရုပ်များပါရှိပြီး မှိုင်းမှိုင်းအရောင် ဖြစ်သည်။ ဧည့်ခန်း မီးလင်းဖို ရှေ့အခန်းက မှိုတက်နေသည်။ ရုပ်မြင်သံကြား ပါ မပါကို ကျွန်မ မှတ်တောင်မမှတ်မိတော့ချေ။ မမှတ်မိနိုင်လောက်ပင် ကျွန်မကပင်ပန်း၍ အိပ်ချင်စိတ်မွှန်နေသည်။ နောက်နေ့ထွက်၍ လေယာဉ်ခရီးနှင့်ပြန်ရန် သွားတိုက်ရေချိုး၍ အိပ်ရေးဝဝ အိပ်လိုက်ချင်သည်။ ရေချိုးကန်ထဲသို့ ဆင်းလိုက်တော့မှ ထိုနေ့သည် 'ဦးလေးဘတ်ဒီ'ကို အောက်မေ့သတိရသောနေ့ ဖြစ်ပြီး သက်သောင့်သက်သာနေဖို့ မဟုတ်မှန်း ကျွန်မ သတိရလိုက်သည်။ ဆေးသေတ္တာ၏ ဘေးနံရံပေါ်တွင် ယင်ကောင်ရိုက်တံရှိသည်။ အခန်းထဲတွင် အနီရောင် ပလတ်စတစ် ယင်ရိုက်တံမှတစ်ပါး ရှိုးရှိုးရှိုစဉ် အသုံးအဆောင်ပစ္စည်း ဘာမျှမရှိပါ။ ထိုပစ္စည်းက အသုံးဝင်ကာ ရိုးရှင်း၍ ထိရောက်မှုရှိသည်။ အားလုံးခြုံ၍ပြောရလျှင် ယင်းယင်ကောင်ရိုက်တံသည် 'အာကင်ဆန်' (Arkansas)၏ နှိမ်ချ၍ ဟန်ဆောင်မှုကင်းသော သဘောပင်ဖြစ်သည်။

နောက်နေ့နံနက် ငါးနာရီ အိပ်ရာထပြီးနောက် ဧည့်ကြိုစာရင်းရှင်း ဟိုတယ်မှထွက်ရန် ကျွန်မသွားသည်။ ဟိုတယ်ပိုင်ရှင်က အိမ်ဖြူတော်ဓာတ်ပုံဆရာ (Ralph Swang)'ရပ်ဖ် အယ်လ်ဆွင်း'နှင့် စကားပြောလျက် ဧည့်ကြိုကောင်တာတွင် မတ်တတ်ရပ်နေသည်။ သမ္မတနှင့်သမ္မတကတော် သူ့မိုတယ်မှာ အိပ်သွားသည်ကို ဝမ်းမြောက်ဂုဏ်ယူကာ မိုတယ်အား ပြုပြင် အဆင့်မြင့်အောင် လုပ်မည့်သူ၏ အစီအစဉ်များကို 'ရပ်ဖ်' (Ralph)အား ပြောပြနေသည်။

ထိုသူက သွားများမရှိဘဲ 'အာကင်ဆန်' (Arkansas)လေသံဖြင့် ပြောပြသည်။

'အခန်းထဲမှာ ခေါင်းလျှော်ရည်နဲ့ ဆပ်ပြာထားပေးဖို့ ကျွန်တော် စဉ်းစားနေတာပါ'ဟု သူကပြောသည်။ သူ၏ လုပ်ဆောင်ပြီးသော အဆင့်ကိုမှန်းဆပြီး သူက ရှင်လန်းအားရနေသည်။ ကျွန်မက သူ့ကို ပြန်ပြုံးပြလိုက်ပြီး တစ်ညတာ အခန်းခရှင်းရန် အစိုးရ Credit Card ကို ပေးလိုက်သည်။ ဤပေးချေမှုအတွက် အကောက်ခွန်ဆောင်နေသူ



www.burmeseclassic.com

www.burmeseclassic.com



သည် မကျေမနပ်ဖြစ်လိမ့်မည် မဟုတ်ပါ။

ကားဆီသို့ လမ်းလျှောက်သွားသည့်အခါ မိုတယ်သုံး (Motel-3)ကို ကျွန်မ တစ်ချက်ပြန်ကြည့်လိုက်သည်။ ကျွန်မသည် ကမ္ဘာတစ်ဝန်းရှိ ဇိမ်ခံစည်းစိမ်ရှိသည့် နေရာများတွင် ညအိပ်ညနေ တည်းခဲ့ပါသည်။ ဗြိတိသျှ ရွက်လှေ 'Britannia'၊ ဂျပန်ရှိ 'အကာဆာကာ နန်းတော်' (Akasaka Palace)ဟိုတယ်၊ ရာပေါင်းများစွာသော ကြယ်ငါးပွင့်ဟိုတယ်များ၊ အိမ်ဖြူတော်ရှိ 'ဘုရင်မအိပ်ခန်း' (Queen's Bedroom)တောင်မှ ပါလိုက်သေးသည်။ ဖီလစ်ပိုင်ရှိ နိမ့်ကျသော ကျွန်မ၏ဇာစ်မြစ်ကို ကျွန်မစဉ်းစားမိသည်။ အိမ်ဖြူတော်ခရီးတွင် ကျွန်မက ဘာတွေလုပ်ခဲ့သည်၊ ဘယ်ကိုသွားခဲ့သည်နှင့် ပတ်သက်၍ သူတို့ အမြဲအံ့သြရင်မောကြသည်။ သို့သော် ကျွန်မငယ်စဉ်က ကျွန်မမိဘများ ရုန်းကန်တိုက်ပွဲဝင်နေသည့် အခန်းတစ်ခုတည်းသောအရာမှာ ကျွန်မတို့မိသားစုကို ဒုတိယတန်းစား နိုင်ငံသား၊ သို့မဟုတ် နိုင်ငံခြားသားအဖြစ် ဆက်ဆံသည်ကို ခံရအောင်ပင် ဖြစ်၏။ အမေရိကားတောင်ပိုင်း မိုတယ်တစ်ခုမှ 'ကယ်လီဖိုးနီးယား'တွင် အခြေချဖို့ မြို့တစ်မြို့ကို ရွေးချယ်ရာတွင် ကျွန်မမိဘများသည် ကျွန်မတို့ကို လက်ခံမည့်နေရာများကို ရှာခဲ့ရသည်။ အသုံးအဆောင်ပစ္စည်းဆို၍ ယင်ကောင်ရိုက်တံ တစ်ခုသာ ရှိသော ဤဟိုတယ်တွင် ကျွန်မ နေ၍ရသည်ကို သူတို့နှင့် ဦးလေးဘတ်ဒီက သဘောကျကြမှာ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသမ္မတက ဤလို အခင်းအကျင်းတွင် အဆင်ပြေအောင် နေသွားသည်ဟူသော အချက်က ပို၍ပင် ကောင်းပါသည်။

■

'ဒေါက်တာ မာရီယာနို'၊ အခန်းကိုမပြန်မီ လူနာနည်းနည်း ကြည့်ပေးပါလားရှင်'

တောင်းဆိုမှုက အပြစ်ကင်းစင်ကာ တောင်းပန်ခယလုနီးပါးပင် ဖြစ်နေသည်။ သို့သော် 'ဝင်ဒီဗင်ဒိုက်' (Wendy Van Dyke)ထံမှ လာသည်ဖြစ်ကြောင်း 'နည်းနည်း'ဆိုတာထက် ပိုမည်ကို ကျွန်မ အသေအချာသိလိုက်သည်။ အဖွဲ့တွင် 'ဝင်ဒီ'က 'တိမ်မည်း သူနာပြု' (Black Cloud Nurse)ဟူ၍ နာမည်ဆိုးရှိသည်။ နိုင်ငံခြားခရီးများတွင် သူမက နာမကျန်းသူများ၊ နာကျင်နေသူ၊ ဝမ်းပျက်သူများကို ဆွဲဆောင်တတ်သော သဘောရှိသည်။

အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးဆွေးနွေးပွဲ (Asia Pacific Economic Cooperation summi t)အတွက် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် ကျွန်မက သမ္မတ၊ သမ္မတကတော်တို့နှင့်အတူ လိုက်ပါနေသည်။ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလတွင် ဖြစ်သည်။ သမ္မတ၏ အဓိက သမားတော်အနေနှင့် (အိမ်ဖြူတော်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆေးအဖွဲ့ကို ဦးဆောင်နေစဉ်တွင်) နိုင်ငံခြားခရီးစဉ်နှင့် ပြည်တွင်းခရီးစဉ် အားလုံးတွင် ကျွန်မက သမ္မတနှင့်အတူ တောက်လျှောက် လိုက်နေရသည်။ 'ဝင်ဒီ'သည် အတွေ့အကြုံ ရင့်ကျက်သော အရေးပေါ်အခန်း သူနာပြုဖြစ်သည့် အားလျော်စွာ အရှေ့တောင်အာရှ ထိပ်သီးဆွေးနွေးပွဲတွင် အအေးမိသူ၊ ဝမ်းပျက်သူခရီးသည် အနည်းငယ်ကို ကိုင်တွယ် နိုင်လိမ့်မည်ဟု သိထားကာ ဤခရီးအတွက် 'ဂျာကာတာ'သို့ ကျွန်မက အကူအရန်သမားတော်တစ်ယောက် လွှတ်မထား ခဲ့ပါ။

ကျွန်မတို့ သမ္မတနှင့်အတူ တည်းခိုသောဟိုတယ်သည် လူထူထပ်၍ လေထုညစ်ညမ်းသော 'ဂျာကာတာ'မြို့ လှပ ခေတ်မီမြင့်မားသော အဆောက်အအုံ ဖြစ်သည်။ ကျွန်မတို့ရောက်တော့ ညမှောင်နေပေပြီ။ ကံကောင်းထောက်မစွာပဲ သမ္မတနှင့်သမ္မတကတော်က သူတို့၏အခန်းသို့ တန်းသွားရန် စီစဉ်သည်။ သမ္မတ၏အခန်းရှေ့တွင် 'ဝင်ဒီ'က ကျွန်မကို နှုတ်ဆက်သည့် အချိန်တိုင်သည်အထိ ကျွန်မကလည်း ကျွန်မ၏အခန်းသို့ တန်းသွားရန် စီစဉ်သည်။

'ပြဿနာမရှိပါဘူး။ ဝင်ဒီ'

ကျွန်မက အအေးမိ၊ ဝမ်းလျှောသော လူနာတစ်ယောက်စ၊ နှစ်ယောက်စကို ကြည့်ရမည်အထင်နှင့် စိတ်ပါလက်ပါ ပြောလိုက်ပါသည်။ ထိုလူနာများလောက်ကတော့ ဆေးပေး၍ ပြန်လွှတ်မည်။ ထို့နောက် ကျွန်မ အိပ်ရာဝင်မည်ဟု မျှော် လင့်သည်။ ကျွန်မ မျှော်လင့်ထားသလို မဟုတ်ပါ။ ကျွန်မတို့ဆေးအဖွဲ့တွင် ဗန်းစကားဖြင့် ဟိုတယ်၌ အဆင့်မြင့်လိုက်လံ ဆေးခြင်း (Hotel Grand Rounds)ဟုခေါ်သော အစီအစဉ်ကို 'ဝင်ဒီ'က ကျွန်မအတွက် ပြင်ဆင်ထားသည်။ ဒါမှမဟုတ် ဤအဆင့်အတန်းမြင့်သော နေရာထိုင်ခင်းတွင် ယင်းသည် Grand Hotel Rounds (အဆင့်မြင့်ဟိုတယ်တွင် လိုက်လံ စစ်ဆေးကြည့်ရှုခြင်း။)ဖြစ်သည်။ ညနေပိုင်း လူနာတွေ့ချိန်အတွက် တန်းစီနေသော နှစ်ဆယ်ကိုကြည့်ရန် ကျွန်မ အတွက် သုံးနာရီကြာသည်။ အအေးမိသော အိမ်ဖြူတော်ဝန်ထမ်းများနှင့် စာနယ်ဇင်းအဖွဲ့ဝင်များကို ကုသရန် ကျွန်မ တစ်ခန်းဝင်တစ်ခန်းထွက် သွားရသည်။ သို့သော် အများစုမှာ ဝမ်းပျက်ဝမ်းလျှောဝေဒနာ ခံစားနေရသည်။ တော်တော်များ များက ပဋိဇီဝဆေးကုသမှုနှင့် ပြန်ကောင်းသွားကြသည်။ ကျွန်မတို့မရောက်မီည ကျွန်မကိုခေါ်ပြီးနောက် ဤကုသနည်း 'ဝင်ဒီ'က ကျွန်မ၏ညွှန်ကြားချက်ဖြင့် စီမံထားသည်။ သို့သော် နှစ်ယောက်ကတော့ ရေဓာတ်လျော့နည်း၍ အကြောသွေး သွင်းရန် လိုအပ်သည်။ 'ဝင်ဒီ'က အကြောထဲသို့ 'အိုင်ဗီ'သွင်းရန် တော်သည့် လူနာများကို နှစ်လီတာ သွင်းပြီးသောအခါ သူတို့ အခြေအနေကောင်းသွားကြသည်။ သူတို့ကို ဒေသတွင်းဆေးရုံသို့ ပို့ရန်မလိုတော့ချေ။ ကျွန်မ အံ့သြရသည်မှာကား အစာအိမ်အူလမ်းကြောင်းနှင့် ပတ်သက်သော ရောဂါခံစားရသူ တော်တော်များများမှာ တတိယကမ္ဘာရှိ နိုင်ငံများ ခရီးသွားလေ့ရှိပြီး ကျန်းမာရေးအန္တရာယ်ကို အပြည့်အဝနားလည်သော သတင်းထောက်များ ဖြစ်နေခြင်းပင်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



'သူတို့တွေ ဒီအစားအစာတစ်မျိုးတည်းကိုပဲ စားတာ မဟုတ်လား။ ဝင်ဒီ'

'ဂျာကာတာဗိုက်'မှ သတင်းထောက်ကို ကြည့်ရှုပြီး ကျွန်မက မေးလိုက်သည်။

'စာနယ်ဇင်းက လူတွေနဲ့ပတ်သက်လို့ ဒေါက်တာ လုံးဝမသိဘူး'

ကျွန်မက လူနာများကိုမကြည့်မီ သူတို့၏ ရှေးဦးဖြစ်စဉ်ကို 'ဝင်ဒီ'ကယူလိုက်ပြီး ကျွန်မကို ပခုံးတွန့်ကာ ပြောလိုက်သည်။

'သူတို့အများစုက ဟိုတယ်မှာ စားပါတယ်။ ဒါပေမဲ့ တချို့က အပြင်မြို့ထဲကို ထွက်ကြတယ်။

'မသန့်ရှင်းတဲ့ ရေခဲတုံးလေးတစ်တုံးကြောင့်လည်းပဲ ဖြစ်နိုင်တယ်လို့ ကျွန်မ ထင်တယ်'

စာရင်းထဲပါသော နောက်ဆုံး လူနာဆီသွားဖို့ပြင်ရင်း ကျွန်မက ပြောလိုက်သည်။

ထိုလူနာ၏အခန်းကို တံခါးခေါက်တော့ ညဦးသန်းခေါင်ယံ ရောက်လုနီးပါး ရှိနေပေပြီ။ သူက အိမ်ဖြူတော်ခရီးသွား စာနယ်ဇင်းအဖွဲ့မှ ဖြစ်သည်။ ယခင်အခေါက်တွေကတည်းက သူ့နာမည်ကို ကျွန်မမှတ်မိသည်။

'ရှင့်ကိုကြည့်ဖို့ ဒီမှာ ဒေါက်တာကော်နီ ရောက်နေတယ်'

'ဝင်ဒီ'က ပြောလိုက်သောအခါ အသက်လေးဆယ်အရွယ် ကလေးမျက်နှာနှင့် လူတစ်ယောက်က တံခါးဖွင့်ပေးသည်။ သူက ဟိုတယ်ဝတ်စုံနှင့် အဝတ်ဖိနပ်ကို ဝတ်ဆင်ထားသည်။ သူ့နှုတ်ခမ်းများပေါ်က အားနည်းသောအပြုံးနှင့် ချောပ်ဖြူရော်ပုံစံရှိသည်။

You are a sight for sore eyes. 'ဒေါက်တာက သိပ်ကြည့်လို့ ကောင်းတယ်' သတင်းထောက်က အင်အားချည့်နဲ့သော်လည်း ရွှင်လန်းသောအသံဖြင့် ပြောသည်။

'ဒီမျက်စိနာတယ်ဆိုတာ ဘာပြောတာလဲ' သူ့စကား 'မျက်စိနာ (Sore eyes)ကို တိုက်ရိုက်အဓိပ္ပာယ်ကောက်၍ ကျွန်မက မေးလိုက်သည်။

'ကျွန်မက ရှင် ဝမ်းပျက်နေတယ်လို့ ထင်ခဲ့တာ'

'မဟုတ်ပါဘူး၊ ဒါက ပြောရိုးပြောစဉ် စကားတစ်ခုပါ'

ထိုလူက ခမ်းနားသော အိပ်ရာကြီးပေါ်တွင် နေရာရွေ့ကာ အစွန်းတွင် သွားထိုင်လိုက်သည်။ ကျွန်မက ကုလားထိုင်ကိုဆွဲကာ သူ့မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်ချိန်၌ 'ဝင်ဒီ'က ညနေပိုင်း ဆေးလိုက်ကုပြီး ကျန်သောသောက်ဆေးများကို ဆေးအိတ်ထဲတွင် လိုက်စမ်းနေသည်။

'ဒေါက်တာက စာနယ်ဇင်းက လူတွေအကြောင်း လုံးဝမသိပါဘူး' 'ဝင်ဒီ'က အရွှန်းဖောက်၍ ပြောလိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မအရင်ကလူတွေ ပြောသွားတယ်။ သတင်းထောက်တွေဟာ အမြင်အာရုံ မှုန်ဝါးတဲ့ဝေဒနာ ခံစားနေရတာတဲ့ သူတို့က သူတို့မြင်ချင်တဲ့ဟာပဲ မြင်လို့ရတယ်တဲ့'

'အိုး… ဒေါက်တာ' သတင်းထောက်က သူ၏ထောင်နေသော 'bed head' ဆံပင်ပုံစံကို ခါလိုက်သည်။

'ခင်ဗျား… ကျွန်တော်တို့ကို ယုံလို့ရပါတယ်။ ကျွန်တော်တို့က ခင်ဗျားတို့ကို သဘောကျပါတယ်'

ကျွန်မက သူ့ကို အိပ်ရာပေါ် အိပ်ခိုင်းပြီး 'ဝင်ဒီ'က နားအပူချိန် တိုင်းသည်။ 100.6 အဆင့်နိမ့် အဖျားသွေး ကျွန်မက သူ့လည်ချောင်းထဲကြည့်ကာ ပြွန်ချောင်းကို သေသေချာချာကြည့်သည်။ လည်ပင်းပေါ် မေးရိုးအောက် သားနံ့ရေကြည်ဖုကို အသာစမ်းကြည့်သည်။ လည်ချောင်း နည်းနည်းနာနေကြောင်း သူကပြောသည်။ ယင်းဝေဒနာ သတင်းထောက် အများစု ခံစားနေရသော ဝေဒနာဖြစ်၏။ သူ့လည်ပင်းရှိ သားနံ့ရေကြည်ဖုကလည်း ရောင်ရမ်းမနေပေ ထိုည လူနာနှစ်ဆယ်ကို စကားပြောပြီးနောက် ကျွန်မ၏ လည်ချောင်းရောင်နေသည်။ ဟိုတယ်ထဲမှ ခြောက်သွေ့ အေးသော လေအေးစက်လေကြောင့် ဖြစ်သည်။

'ဝင်ဒီ'က ကျွန်မကို နားကြပ်ပေးသောအခါ သူ့ဝမ်းဗိုက်ကို နားထောင်ရန် ကျွန်မက ကိုယ်ကိုကိုင်းလိုက်သည် မြန်ဆန်သော ပွက်သံ၊ သို့မဟုတ် အူအတွင်းမှအသံကို ကြားရသည်။ သူ့ဗိုက်ကို စမ်းကြည့်သည်။ ဗိုက်က ပျော့ပျောင်းသည် သို့သော် နူးညံ့မနေပါ။

'ဝမ်းဗိုက်က မပြင်းထန်ဘူး' ကျွန်မက ဝင်ဒီ နားလည်ဖို့အတွက်သာ တိတိကျကျက ပြောလိုက်သည် လူပိန်သတင်းထောက်သည် ဆေးပညာဝေါဟာရကို နားလည်မည်မဟုတ်ကြောင်း ကျွန်မ မေ့လျော့သွားသည်။

သတင်းထောက်က ကျွန်မ၏လက်များကို ငုံ့ကြည့်သည်။ ကျွန်မလက်က သူ၏ကြွက်သားများ ဖုထစ် သော ဝမ်းဗိုက်ပေါ်တွင် အသာအယာရှိနေသည်။

'ဒီမှာ ခင်ဗျား' သူက ပြုံးစစဖြင့် မေးသည်။

'ကျွန်တော့်ဗိုက်က လှတယ်လို့ ခင်ဗျားတို့ ပြောလိုက်တာလား'

ကျွန်မက နားကြပ်ကိုဖြုတ်လိုက်ကာ ပြုံးပြသည်။

'ရှင့်ဝမ်းဗိုက်က မပြင်းထန်ဘူးလို့ ကျွန်မကပြောတာ။ အဓိပ္ပာယ်က ရှင့်ကိုခွဲစိတ်ဖို့ စစ်ဆေးဖို့မလိုဘူး ပြောတာ' ကျွန်မက သူ့ဘက်သို့ လှည့်လိုက်သည်။

'ဟုတ်ပါတယ်။ ရှင့်ဗိုက်က လှပါတယ်။ ဆေးခန်းများ ပြောနေကျ ပြောသလိုဆိုရင်ပေါ့'

ကျွန်မတို့ သုံးယောက်စလုံး ရယ်မိကြသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်မိတ်ဆွေလိုပဲ ရှင် ဝမ်းပျက်နေသလိုပဲ။ နေးသွားအောင် အင်မိုဒီယမ် (Imodium)နဲ့ ပဋိဇီဝဆေး သုံးရက်စာ ထားခဲ့မယ်'

အရည်အများကြီး သောက်ပါ' ပိုကောင်းအောင် 'ဝင်ဒီ'က ဖြည့်ပြောလိုက်သည်။

'ဝင်ဒီပြောတာ မှန်တယ်။ အပြုတ်ရည်ကျဲကျဲ အများကြီးသောက်၊ ဂက်တိုရိတ် (Gatorade) အမြှုပ်မထွက်တဲ့ ဆိုဒါသောက်၊ ရေသန့် များများသောက်။ ရေခဲတော်မခန်းခြောက်ချင်ဘူး မဟုတ်လား' ကျွန်မက ဖြည်းဖြည်းနှင့် လေးလေး နက်နက် ပြောလိုက်သည်။

'ပြီးတော့ ... အရက်ကိုရှောင်'

'ဘာ ... အရက်မသောက်ရဘူး ဟုတ်လား' သူက ချေပသည်။

'ဒီထိပ်သီး ဆွေးနွေးပွဲပြီးအောင် ကျွန်တော် ဘယ်လိုရှင်သန်ဖြတ်သန်းရမှာလဲ'

ဤသတင်းထောက်များသည် ပါတီပွဲကို နှစ်သက်ကြောင်း ကျွန်တော် သတိပြုမိပါသည်။ သူတို့မှာ ဆက်တိုက် ခရီးသွားနေရသော တင်းကျပ်သည့် အလုပ်ရှိသည်။ နာရီအကြာကြီး သွားရသည်။ သတ်မှတ်ထားသည့် အလုပ်ပြီးစီးချိန်က တိုတောင်းသည်။ သူတို့ တော်တော်များများမှာ အဝလွန်သော ဆေးလိပ်သောက်သူများ ဖြစ်သည်။ သူတို့ ကိုယ်ခန္ဓာထဲမှ ထွက်သည့် အရည် Adrenaline နှင့် အရက်ဖြင့်သာ အင်အားဖြည့်တင်းထားသည်။ ကျွန်မသည် သမ္မတနှင့် တခြားသမ္မတ အဖွဲ့ဝင်များ၏ ကျန်းမာရေးကို စိုးရိမ်သလို၊ ထိုသူများ၏ ကျန်းမာရေးကို ကျွန်မ စိတ်ပူပန်မိပါသည်။

'ပြန်ကောင်းသွားတဲ့အထိ ရှင် ရှောင်ရလိမ့်မယ်။ အားလုံး ဆင်ဆင်ခြင်ခြင် လုပ်ပေါ့' ကျွန်မက သူ့ကို သတိပေးလိုက်သည်။

'ဝင်ဒီ' ဆေးနှင့် 'အင်မိုဒီယမ်' (Imodium)ပါသော စာအိတ်ကို သူ့အား ပေးလိုက်သည်။

ကျွန်မက သူ့ကို လက်ဆွဲနှုတ်ဆက်သည်။

သတင်းထောက်က သူ၏ အနက်ရောင်ကွင်းထဲမှ ချိုင့်ဝင်နေသော မျက်လုံးဖြင့် ကျွန်မကို မော့ကြည့်သည်။ သူ့က တကယ်ပင် ဖျားနာနေသည့်ပုံ ပေါက်နေသည်။ ကျွန်မက မောပန်းကာ လူနာများကို မကြည့်ချင်သော်လည်း သူတို့ ဒီညနေပိုင်း ကြည့်နိုင်တာ ဝမ်းသာသည်။

'ကျေးဇူးတင်ပါတယ် ... ဒေါက်တာ'

သူ၏ အေးစက်နေသောလက်များဖြင့် ကျွန်မလက်ကိုကိုင်ကာ သူက တိုးတိုးပြောသည်။ သူ၏ ရယ်ရွှန်းဖတ်ရွှန်း အသံက တိမ်ဝင်သွားပြီး ပိုမိုလေးနက်သော အသံအဖြစ် ပြောင်းသွားသည်။

the bookhouse
we bring you future
www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် အလုပ်ကိုပြန်ဝင်ရမယ်။ တခြားလူတွေလိုပဲ အလုပ်ပြီးဖို့ သတ်မှတ်ထားတဲ့ ရက်ရှိတယ်'

'ကံကောင်းချင်တော့ ထိပ်သီးဆွေးနွေးပွဲက မနက်ဖြန်စမယ်ဆိုတာ အဲဒါအပြဿနာပဲ။ ရှင်နဲ့ ရှင့်အဖွဲ့တွေ အရှိန်ပြင်းပြင်းနဲ့ အလုပ်လုပ်ဖို့ နောက်တစ်ရက်ရသေးတယ်။ ဒီတော့ ရှင်က လမ်းလျှောက်နေတဲ့ ဒဏ်ရာရသူ ဖြစ်ဦးတော့ ရှင့်အလုပ်ကို လုပ်နိုင်ပါသေးတယ်' သတင်းထောက်က ကျွန်မလက်ကို တင်းတင်းဖျစ်ညှစ်သည်။

'ဒေါက်တာ ကော်နီ၊ ခင်ဗျားအတွက် ကျွန်တော်လုပ်ပေးနိုင်တာများ ရှိရင် ပြောဖို့ဝန်မလေးပါနဲ့'

ကျွန်မကပြုံး၍ သူ့လက်ကို အသာအယာ ပုတ်လိုက်သည်။ ထို့နောက် ဝင်ဒီနှင့်အတူ အခန်းထဲမှထွက်ခဲ့သည်။ သည်အခါကျမှ အတွေးတစ်ခု ကျွန်မခေါင်းထဲ ဝင်လာသည်။ ဖွင့်မပြောဘဲမနေနိုင်အောင် အတွေးက ကျွန်မကိုနှိုးဆွသဖြင့် ကျွန်မ လှည့်ပြီး သူ့ကိုကြည့်သည်။

'ရှင်နဲ့ ရှင့်မိတ်ဆွေ စာနယ်ဇင်းသမားတွေ လုပ်နိုင်တာ ရှိကောင်းရှိပါလိမ့်မယ်' ကျွန်မက သွေးတိုးစမ်းရင်း ပြောလိုက်သည်။

'ဘာများပါလိမ့်၊ ဒေါက်တာ'

သတင်းထောက်က အိပ်ရာထဲတွင် ထိုင်လိုက်သည်။ 'ပြောပါ'

ကျွန်မသည် သမ္မတ၏ သမားတော်အနေနှင့်၊ စာနယ်ဇင်းသမားများနှင့် အပြန်အလှန် ဆက်စပ်ပတ်သက်နေမည်။ သမ္မတ၏ နှစ်ပတ်လည် ကျန်းမာရေးစစ်ဆေးမှု၊ သူ၏ ယေဘုယျကျန်းမာရေး အခြေအနေအကြောင်း မေးခွန်းများကို ဖြေကြားချက်များနှင့် ပတ်သက်သော အစီရင်ခံစာရေးဖို့ အကြောင်းဖြစ်လာသောအခါ ကျွန်မက သူတို့နှင့် ဆက်ဆံရလိမ့်မည်ဟု ကျွန်မ တွေးမိသည်။ သမ္မတသည် ကျန်းမာရေးအခါသမယနှင့် ရင်ဆိုင်ရလိမ့်မည်။ ထိုအခါသမယကြောင့် သမ္မတ၏ ကျန်းမာရေးထိခိုက်သည့်အထိ ဖြစ်မည်ဟု ကျွန်မ သိထားခဲ့သည်။

ကျွန်မ ဘာမှမပြောဘဲ ခဏနေပြီး မေတ္တာရပ်ခံသမှု ပြုလိုက်သည်။

'တစ်ခုတည်းပါ။ ကျွန်မအကြောင်း မကောင်းမရေးပါနဲ့ ကျွန်မကို မကောင်းရေးဖို့ တကယ်ပဲ မသင့်လျော်ဘူး ဆိုရင် ပြောတာပါ'

ကျွန်မက ပြုံးနေသည်။ သို့သော် လုံးဝအလေးအနက် ပြောခြင်းဖြစ်၏။

ကျွန်မ၏ မေတ္တာရပ်ခံမှုကြောင့် 'ဝင်ဒီ' လန့်သွားသည်။ ကျွန်မ၏ မေတ္တာရပ်ခံမှုမှာ တောင်းဆိုမှုနှင့် ပိုတူနေသည်။ သတင်းထောက်က ရယ်ကာ ကျွန်မကို ထက်ထက်သန်သန် စဉ်းစားဆင်ခြင်သော အကြည့်ဖြင့်ကြည့်သည်။

'ဖြစ်စေရပါ့မယ်၊ ဒေါက်တာ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဂျာကာတာ'ရှိ ဟိုတယ်တွင် ထိုနေ့ညနေက လူနာများကို လိုက်ကြည့်ခြင်းမှာ အကျိုးဖြစ်ထွန်းပုံ ရပါသည်။ အဘယ်ကြောင့်ဆိုသော် အိမ်ဖြူတော်တွင်နေသည့် ကိုးနှစ်အတောအတွင်း စာနယ်ဇင်းများက ကျွန်မအကြောင်း မကောင်းရေးသည်ကို မခံခဲ့ရပေ။ ကျွန်မအရင် လုပ်သွားခဲ့သူများနှင့် မတူပါဘဲ စာနယ်ဇင်းများနှင့် ဆက်ဆံသည့်အခါ ကျွန်မက 'လူသတ်သမား ဒီ(D)နှစ်လုံး'ကို ရှောင်သောကြောင့် ပို၍ဖြစ်ပုံရသည်။ ဒီ(D)နှလုံးမှာ လှည့်စားခြင်း (Deception)နှင့် ငြင်းပယ်ခြင်း (Denial) ဖြစ်သည်။ ရိုးသားမှုနှင့် ဖြောင့်မတ်မှု ဂုဏ်သတင်းကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်သောကြောင့် ဖြစ်သည်ဟူ၍လည်း ကျွန်မ ယုံကြည်ချင်သည်။ သို့သော် ဂျာကာတာ၌ ညဦးပိုင်း လူနာ လှည့်လည်စစ်ဆေးရာတွင် ကျွန်မ၏ 'တိမ်မည်း သူနာပြု'က ကျွန်မကို ခေါ်သွားသောညက အိမ်ဖြူတော် စာနယ်ဇင်းအဖွဲ့နှင့် ကျွန်မ၏ ကောင်းသော တွေ့ဆုံမှုသည် တိကျသေချာနိုင်ခဲ့သည်ဟု ကျွန်မ၏ အစိတ်အပိုင်းတစ်ခုက ယုံကြည်နေသည်။

■

ဂျာကာတာတွင် ကျန်သော ကျွန်မတို့၏ခရီးစဉ်က ချောမွေ့ပါသည်။ သမ္မတ ဝမ်းပျက်ရောဂါ ခံစားသည်မှာ သည်း နှစ်ရက်သုံးရက်အတွင်း ပျောက်ကင်းသွားသည်။ လေထုညစ်ညမ်းမှုက သမ္မတအပါအဝင် လူတော်တော်များများကို ဒုက္ခပေးသည်။ သမ္မတက ဘာမပြောညာမပြော ဂျာကာတာလမ်းများထဲတွင် နံနက်ထပြေးဖို့ ဆုံးဖြတ်သည်။

APEC- ထိပ်သီးဆွေးနွေးပွဲ၏ နောက်ဆုံးနေ့တွင် အာရှပစိဖိတ်နိုင်ငံများမှ ခေါင်းဆောင်များသည် မြို့အပြင်ဘက်ရှိ ဆွေးနွေးပွဲနေရာတွင် စုဝေးကြသည်။ အားလုံးသော ခေါင်းဆောင်များသည် ရိုးရာအင်ဒိုနီးရှားဝတ်စုံကို ဝတ်ထားကြသည်။ သမ္မတကလင်တန်သည်လည်း လှပသော ပါတိတ်အင်္ကျီကို ဝတ်ထားသည်။ ထိပ်သီးဆွေးနွေးပွဲ အဆောက်အအုံ၏ ဆင်ဝင် ဒုတိယထပ်တွင် သူနှင့် တခြား ခေါင်းဆောင်များက ဓာတ်ပုံအရိုက်ခံရန် မတ်တတ်ရပ်နေကြသည်။

စာနယ်ဇင်းအဖွဲ့သားများက စုပေါင်းဓာတ်ပုံအတွက် သူတို့ကို ကင်မရာများဖြင့်ချိန်ကာ လမ်းပေါ်တွင် စုဝေးနေကြသည်။ ကျွန်မက ဓာတ်ပုံဆရာများနောက်တွင် မတ်တတ်ရပ်ကာစောင့်နေသော မော်တော်ယာဉ်တန်းတွင်းရှိ ကျွန်မ၏နောက် အနည်းငယ်ကွာတွင် ရပ်ထားသော အရန် 'လင်မိုဆင်း' (Limousine)နှင့် သမ္မတကို မျက်ခြည်မပြတ် ကြည့်နေသည်။ ထို့နောက် 'ဝင်ဒီ'က သူမ၏နောက်မှ အာရှတိုက်သား တစ်ပုံတစ်ခေါင်းနှင့် ရောက်လာသည်။

'ဒါက ဒေါက်တာမာရီယာနိုးပါ' သူမက သူတို့ကို ပြောလိုက်သည်။

အနောက်တိုင်းဝတ်စုံ ဝတ်ထားသော၊ ထင်ရှားသည့်ပုံပေါ်သော အာရှတိုက်သားများမှာ ဂျပန်၊ တရုတ်နှင့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မလေးလူမျိုးများ ဖြစ်ကြသည်။ သူတို့နာမည်များကို မှတ်သားသည့်အလုပ်မှာ ကျွန်မ အမြဲလုပ်နေကျဖြစ်သည်။ သူတို့ နာမည်များကို နားထောင်မိသည်နှင့် ချက်ချင်း မေ့သွားပါသည်။ ကျွန်မ ခဲရာခဲဆစ် အသံထွက်ယူရသော နာမည်ဖြစ်ပါ သည်။ သူတို့က တံဆိပ်ရင်ထိုးကို သူတို့၏ ခါတ်ပုံနှင့် လူတိုင်းချိတ်ဆွဲထားကြသည်။ သူတို့၏အမည်ကိုတော့ အင်ဒိုနီးရှားလို ရေးထားပုံပေါ်သည်။ သို့သော် သူတို့ ကိုင်စွဲထားသော သားရေအိတ်အနက်ရောင်ကို ကြည့်ခြင်းဖြင့် သူတို့ကို သမားတော် များအနေနှင့် အလွယ်တကူမှတ်မိနိုင်ပါသည်။ ထို့ကြောင့် ကျွန်မက သူတို့ကို စကားပြောရမည်ဆိုလျှင် သူတို့၏ ပထမ နာမည်ကို 'ဒေါက်တာ'နှင့်တွဲ၍ ခေါ်၍ရသည်။

'ဒီ ပုဂ္ဂိုလ်တွေက တခြား ထိပ်သီးဆွေးနွေးပွဲ ခေါင်းဆောင်တွေရဲ့ သမားတော်တွေ ဖြစ်ပါတယ်'

ကျွန်မက လက်ဆွဲနှုတ်ဆက်သောအခါ 'ဝင်ဒီ'က သူတို့ကို ညွှန်ပြသည်။ ကျွန်မတို့ လက်ဆွဲနှုတ်ဆက်ကြပြီး နောက် ပြုံးနေရင်း ခပ်ကြောင်ကြောင် ဘာဆက်လုပ်ရမှန်းမသိသော စက္ကန့်အနည်း ရှိသည်။ ထို့နောက် ဆင်ဝင်ဘက်သို့ ကျွန်မတို့ မော့ကြည့်တော့ ခေါင်းဆောင်အုပ်စုက နောက်ထပ်ဓာတ်ပုံ ရိုက်ခွင့်တောင်းသည်ကို ရိုက်ခွင့်ပြုနေသည်။

အာရှတိုက်သား ဆရာဝန်များထဲမှ တစ်ယောက် ရှေ့သို့တိုးကာ ကျွန်မကို ယဉ်ကျေးစွာမေးသည်။ တခြား သူများက ကျွန်မကို နီးကပ်စွာ ကြည့်ကြသည်။

'ဒေါက်တာ၊ သူတို့အထဲက ဘယ်သူက ခင်ဗျားရဲ့လူနာလဲ'

သူက ဆင်ဝင်ရှိ ခေါင်းဆောင်များကို ညွှန်ပြရင်း မေးလိုက်သည်။ တခြားဆရာဝန်များက ကျွန်မ၏ ဆွေမျိုးများ လို အနီးမှဖြတ်သွားကာ ကျွန်မကို အနီးကပ်ကြည့်၍ ဆင်ဝင်ကိုမော့ကြည့်သည်။ ဘယ်အာရှပစိဖိတ်ခေါင်းဆောင်သည် ကျွန်မ၏ လူနာမည်ဘယ်သူလဲဟု သူတို့ ခန့်မှန်းကြသည်။ ကျွန်မက ရယ်မောကာ အဖြေပေးလိုက်ပါသည်။

'အရပ်ရှည်ရှည်၊ အသားဖြူဖြူ လူပါ'

အုပ်စုထဲတွင် ဒုတိယလူတန်းထဲရှိ 'သမ္မတကလင်တန်'ကို ညွှန်ပြလိုက်သည်။ သူတို့၏ ကျွန်မအပေါ် ထင်မြင် မှုက ခုန်တက်သွားသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၁၂
## ကြေကွဲနေသော အိမ်တော်

'ဒေါက်တာ၊ သမ္မတရာထူးပြီးလျှင် ဒုတိယအဆင့် ကြီးကျယ်သော တာဝန်ရှိနေရာမှနေ၍ ကျွန်တော်တို့နိုင်ငံအား အစိကအရေးကြီးသော တာဝန်ထမ်းဆောင်မှုဖြစ်သည့် ခင်ဗျား၏ ဘဝသစ်ကို အသေအချာ ခင်ဗျား နှစ်ခြိုက်ပါလိမ့်မည်ဟု ကျွန်တော် မျှော်လင့်ပါသည်။ ပြင်းထန်သောတောင်းဆိုမှု တာဝန်ဝတ္တရားများနှင့် ခင်ဗျား ရင်ဆိုင်ရပါလိမ့်မည်။ သို့ဖြစ်လင့်ကစား ခင်ဗျားအလုပ်တွင် ခင်ဗျားသည် အခွင့်အလမ်း အမြင့်မားဆုံးပုဂ္ဂိုလ်ဖြစ်ပါသည်။ အိမ်ဖြူတော်သည် ပျော်ရွှင်၊ ဝမ်းနည်း၊ ကြေကွဲနေသည်ဟု ကျွန်တော်တွေ့ရှိပါသည်။ အမြဲတမ်း ထိုသို့ ဖြစ်နေပါသည်။'

ဤစာမှာ သမ္မတ၏ သမားတော်အဖြစ် အမှုထမ်းသော အမျိုးသမီးတစ်ယောက်ထံ ပေးသောစာ ဖြစ်သည်။ ကျွန်ုပ်မထံသို့ မဟုတ်ပါ။ ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၄)ရက်နေ့တွင် သမ္မတသုံးယောက်၏ အိမ်ဖြူတော်သမားတော်ဟောင်း ဖြစ်သော အနားယူသွားသည့် ရေတပ်ဗိုလ်ချုပ် 'ဂျိုရယ်လ်တီဘွန်း' (Joel T-Boone)က ဒေါက်တာ 'ဂျနက်ထရဗယ်လ်' (Jnet Travell)ထံသို့ရေးသော ဂုဏ်ပြုနှုတ်ဆက်စာ ဖြစ်သည်။ သူမကို သမ္မတကနေဒီ၏ သမားတော်အဖြစ် ရွေးချယ်သောကြောင့် သမ္မတ၏ဆရာဝန်အနေနှင့် ပထမဦးဆုံးသော အမျိုးသမီးဖြစ်သည်။ နှစ်ပေါင်း ၃၂နှစ်ကြာသောအခါ နောက်ထပ် ငယ်ငယ်ရွယ်ရွယ် ဒီမိုကရက်တစ်၊ တင့်တယ်ခံ့ညားသော သမ္မတ၏သမားတော်အဖြစ် သူမ၏ လမ်းကြောင်းအတိုင်း လိုက်ရန်ဖြစ်သည်။ ရေတပ်ဗိုလ်ချုပ် 'ဘွန်း'၏စာသည် ထိုခေတ်ထိုအခါ သမိုင်းဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှုများတွင် ဆက် စပ်တည်ရှိနေသောကြောင့် ဤလမ်းပေါ်သို့ရောက်သော

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လူများ အားလုံးအတွက် အချိန်ကာလ ကန့်သတ်၍မရအောင် တကယ်ပင် ထူးကဲကြီးကျယ်ပါသည်။ ထိုစာသည် လေးစားဂုဏ်ပြု၍ ရေးထားသောစာ ဖြစ်စေကာမူ ဒေါက်တာ 'ထရဗယ်လ်' (Tavell)အတွက် ကြိုတင်နိမိတ် ဖတ်ထားသလို ဖြစ်နေသည်။ ရေတပ်ဗိုလ်ချုပ်ဘွန်း (Boone)၏ စာရေးပြီး နှစ်နှစ်ကြာသောအခါ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလတွင် သူမ စောင့်ရှောက်ရသော သမ္မတ လုပ်ကြံခံရသည်။ အိမ်ဖြူတော်သည် ပျော်ရွှင်၊ ဝမ်းနည်း၊ ကြေကွဲနေသော အိမ်တော်ဟု ပြောစဉ်အခါက ဒေါက်တာဘွန်း (Dr. Boone)သည် အတွေ့အကြုံကိုမူတည်၍ ပိုင်ပိုင်နိုင်နိုင် ပြောခဲ့ခြင်းဖြစ်သည်။ အိမ်ဖြူတော်ကို စိုးပိုင်ထားသူများ၏ ဝမ်းနည်းကြေကွဲမှုများနှင့်အတူ ဖျားနာမကျန်းမာမှုက တစ်ပါးတည်း ကပ်ပါလာသည်။ ဤအဖြစ်က ဆရာဝန်ကိုကုသရန် ခေါ်ဖို့အကြောင်း ဖြစ်လာသည်။ သမ္မတက ဒုက္ခခံစားရသောအခါ သူ့ဆရာဝန်က သူ နာကျင်မှုကို အမြဲခံစားသည်။

■

'ဒေါက်တာ၊ ဒီလောက်စောစောကြီး ခင်ဗျားကို မခေါ်ချင်ပါဘူး' ဗိုလ်မှူး ရပ်စတီရှော့ချ် (Major Rusty Shorsch)၏အသံက တည်ကြည်နေပြီး၊ လေယူလေသိမ်းက ဣန္ဒြေရနေသည်။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလတွင် သမ္မတ၏ စစ်ဘက်ကိုယ်ရံတော် 'ရပ်စတီ'က နံနက်ငါးနာရီတွင် ကျွန်မ၏ အိမ်ဖြူတော်အိမ်သို့ ဖုန်းဆက်သည်။ ကြာသပတေးနေ့ နံနက်ဖြစ်သည်။ နံနက်စောစောစီးစီး အိမ်ဖြူတော်မှလာသောဖုန်းမှာ တစ်ခုတည်းသော ကိစ္စသာရှိသည်။ သတင်းဆိုး။

မျက်စိမှ အိပ်ချင်စိတ်ကို လက်တစ်ဖက်ဖြင့်ပွတ်လျက် ဖုန်းကို လက်တစ်ဖက်ဖြင့်ကိုင်ကာ ကျွန်မက အိပ်ရာ အစွန်းတွင် ထိုင်နေသည်။ မြည်နေသောဖုန်းသံက နိုးနိုးကြားကြား အိပ်ရာမှနိုးလိုက်သောအခါ တာဝန်ကျဆရာဖြစ်ခဲ့သော နှစ်ပေါင်းများစွာကာလက အသင့်အနေအထားဖြင့် တုံ့ပြန်ရန် ကျွန်မကို လေ့ကျင့်ပေးထားသည်။ ကျွန်မက ကြည်ကြည်လင်လင် ပြောလိုက်သည်။

'ကောင်းသောမနက်ပါ ဗိုလ်မှူး၊ ကျွန်မအတွက် သတင်းဆိုးရှိတယ် မဟုတ်လား' ဖြစ်လာမည့် စိတ်မချမ်းသာမှု အတွက် ကျွန်မကိုယ်ကျွန်မ ပြင်ဆင်ထားရင်း ကျွန်မ သွေးခုန်နှုန်းများက အရှိန်ပြင်းစပြုလာသည်။

'ပထမဆုံးအနေနဲ့ သမ္မတက ဘာမှမဖြစ်ပါဘူး' ကျွန်မ အစိုးရိမ်ဆုံးသော ကိစ္စကို ချက်ချင်းစိတ်အေးအောင် သူက အခိုင်အမာပြောလိုက်သည်။ 'ဒါပေမဲ့ မိသားစုထဲမှာ သေဆုံးတာတော့ ရှိတယ်။ သမ္မတရဲ့အမေ မစ္စက်ကယ်လီ (Mrs. Kelley) ဒီမနက်အိပ်နေရင်း ဆုံးသွားတယ်'

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ကျွန်မယောက်ျားကိုနှိုးကာ ကျယ်ကျယ်လောင်လောင် ညည်းသည်။ သူက အိပ်ရာ၏တစ်ဖက်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။ သမ္မတ၏မိခင် 'ဗာဂျီးနီးယားကယ်လီ'သည် ရင်သားကင်ဆာဖြင့် ကွယ်လွန်သည်။ သူမသည် သမ္မတအတွက် 'မိခင်' ဖြစ်သည်။ ချဲလ်ဆီး (Chelsea) ကလင်တန်၏သမီးအတွက် 'ဂျင်ဂျာ' (Ginger)ဖြစ်ပြီ ကျွန်မအတွက်တော့ 'ဗာဂျီးနီးယား' (Virginia) ဖြစ်သည်။

'ကျေးဇူးပြုပြီး ကျွန်မကို မစ္စကယ်လီလို့ မခေါ်ပါနဲ့'

၁၉၉၃၊ ဇန်နဝါရီလ သူ့သား၏ သမ္မတရာထူး လက်ခံသည့် အခမ်းအနားအပြီး မကြာမီ ကျွန်မတို့ ပထမဆုံး တွေ့ကြသည့်အခါတွင် သူမက ကျွန်မကို ဤသို့ပြင်ပေးသည်။

'ကျွန်မကို ဗာဂျီးနီးယားလို့ ခေါ်ပါ'

ကျွန်မမိဘများ၏မျိုးဆက်ထဲမှ တစ်ယောက်ယောက်ကို ပထမနာမည်ဖြင့်ခေါ်ရန် ခက်ခဲပါသည်။ လူကြီးသူမများ ကိုရိုသေရန် ကျွန်မကို သင်ကြားထားသည်။ အမေရိကန်ပြည်ထောင်စုသမ္မတ၏ မိခင်သည် လေးစားမှု အဆင့်အတန်း အားဖြင့် အတော်အသင့်မြင့်မားသည်။ သူမ၏ နေရိုးနေစဉ် နိမ့်ချသောသဘာဝကြောင့် ကျွန်မ၏ မချင့်မရဲဖြစ်နေမှုကို အလွယ်တကူ ကျော်လွှားနိုင်သွားသည်။ သမ္မတ၏အမေသည် အခန်းထဲသို့ လမ်းလျှောက်ဝင်လာပြီး လူများကို ပြုံးပြုံးရွှင် ရွှင် ဖက်လဲတကင်း နှုတ်ဆက်သောအခါ လူတိုင်းက ချက်ချင်း ပေါ့ပေါ့ပါးပါး ဖြစ်သွားကြသည်။ အကယ်၍ သင်သည် သူစိမ်းတစ်ယောက် ဖြစ်သည်ဆိုပါစို့။ သင့်ကို ချမ်းမြေ့သာယာစေပြီး သင်နှင့် မိတ်ဆွေဖွဲ့ရန်မှာ သူမ၏ကိုယ်ပိုင် စိန် ခေါ်မှုတစ်ရပ်ဟု သူမက သဘောထားသည်။ ကျွန်မ 'ဗာဂျီးနီးယား'နှင့် တွေ့သောအခါ သူ့သားက သူမ၏ပြောစမှတ် ပြုလောက်သည့် ချမ်းမြေ့မှုကို အမွေဆက်ခံယူထားကြောင်း ကျွန်မ ချက်ချင်းသိလိုက်သည်။ ထိုနံနက် သူမကို သတိရနေ ရာတွင် သူမ၏ နူးညံ့သောစိတ်ဓာတ်ကို တွေးမိသည်။ သူမသား၏ မျက်လုံးများနှင့်တူသော တောက်ပ၍ ရယ်မောနေသည့် မျက်လုံးများ၊ သူမ၏ ပေါက်ကွဲ၍ ရယ်မောနိုင်သော ရယ်မောမှုများ အခုတော့ သူမက သွားလေပြီ။

'၁၈ ဧကအတွင်းမှာ ကြမ်းတမ်းတဲ့ နေ့တစ်နေ့ ဖြစ်တော့မှာပေါ့' ကျွန်မက မှန်းဆပြောလိုက်သည်။

'သမ္မတကို ပြောပြီးပြီလို့ ယူဆပါတယ်'

'ဟုတ်ကဲ့… ပြောပြီးပါပြီ' 'ရပ်စတီ'က ပြန်ပြောသည်။

'ဟော့စပရင်း (Hotspring)မှာရှိတဲ့ မိသားစုက ဒီမနက်စောစော သူ့ကို ဖုန်းဆက်ပြောပါတယ်'

'သူ ရုံးခန်းကို လာနေပြီလား' ကျွန်မက စားပွဲပေါ်ရှိ နာရီကိုလှမ်းကြည့်ရင်း မေးလိုက်သည်။

'မလာသေးပါဘူး။ အပေါ်ထပ်အခန်းတွေမှာ မီးကလင်းနေတုန်းပါပဲ' 'ရပ်စတီ'က မှတ်ချက်ချသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖြူတော် အဆောက်အအုံအတွင်းရှိ စစ်ဘက်ကိုယ်ရံတော်၏ ညအိပ်နားနေခန်းထဲတွင် သူက Locater Box ကို ကြည့်နေကောင်းကြည့်နေမည်။

"ကျွန်မ လာနေပြီ" ကျွန်မက ဖုန်းကိုချ၍ ရေချိုးခန်းထဲသို့ အမြန်ဝင်သည်။ ထို့နောက် အဝတ်အစားလဲကာ အိတ်ကို ထုပ်ပိုးလိုက်သည်။

"ဗာဂျီးနီးယားကယ်လီ" (Virginia Kelley)တွင် ရင်သားကင်ဆာရှိသည်။ သို့သော် ရောဂါက ပိုးဆိုးလာသည်ကို မိသားစုရှိ တစ်ယောက်မျှ မသိကြချေ။ သူ့သား၏ ရာထူးလက်ခံပွဲ အခမ်းအနားနှင့် အိမ်ဖြူတော်သို့ ပြောင်းရွှေ့သော ပျော်ရွှင်မှုများအကြားတွင် "ဗာဂျီးနီးယား"သည် သူမ၏ နောက်ဆုံးနေ့ရက်များက တဖြည်းဖြည်း နီးကပ်လာပြီဟူသော ကိုယ်ပိုင်ဝမ်းနည်းပူဆွေးမှုနှင့် ရင်ဆိုင်နေကြသည်။ သို့သော် သူမသည် သူမ၏ ဝေဒနာခံစားမှု၏ အရိပ်အမြွက်ကို သူ့သားအပါအဝင် မည်သူ့ကိုမျှ အသိမပေးချေ။

အိမ်ဖြူတော်တွင် ကလင်တန်၏ ပထမကျေးဇူးတော်နေ့ မတိုင်မီ ရက်အနည်းငယ်တွင် "ဗာဂျီးနီးယား" (Vir-ginia) ကျွန်မကို သူမအား ဘုရင်မဧည့်ခန်း (Queen's Guestroon)တွင် တွေ့ရန်ပြောသည်။ ထိုနေရာတွင် သူမက ဒုတိယထပ် လူနေဆောင်မှာ နေသည်။ သွေးထွက်နေသည်ကို သူမ သတိပြုမိသည်။ သို့သော် ကျွန်မက ဆေးရုံတက်ရန် ပြောသော်လည်း သူမက ငြင်းဆန်သည်။ ကျွန်မက သူ့ကိုစစ်ဆေးပြီး သွေးကိုထုတ်ယူကာ ဓာတ်ခွဲကြည့်ဖို့ကိုသာ သူမ လိုလားသည်။ သွေးစစ်ချက်က သာမန်မဟုတ်ဟူ၍ ပြန်လာသည်။ ကင်ဆာရောဂါနှင့် ကင်ဆာရောဂါကုသမှုများက သူမ၏အရိုးကို ဖျက်ဆီးပစ်လိုက်သည်။ သူမမှာ လုံလောက်သော သွေးနီဥများနှင့် သွေးဥလေးများ မကျန်ရှိတော့ချေ။ သို့အတွက် သွေးများက အလိုအလျောက် ထွက်နေသည်။

ကျွန်မက အာကင်ဆန် (Arkansas)ရှိ သူမ၏ တစ်သျှူးကျွမ်းကျင်သူ ဆရာဝန်ကို ဖုန်းဆက်သည်။ သူက သူမ၏ ထိတ်လန့်ဖွယ်အခြေအနေကို ကျွန်မအား ပြောပြသည်။ သူမအား ရှေးအစဉ်အလာဟောင်းနည်းနှင့် ရောဂါလက္ခဏာအလိုက်ဖြင့် ကုသရန် ကျွန်မကို အကြံပေးသည်။ ယင်း၏အဓိပ္ပာယ်မှာ စိတ်ချမ်းသာအောင် ထားဖို့ပင်ဖြစ်သည်။ ဗာဂျီးနီးယားက သူ့ရောဂါနှင့်ပတ်သက်၍ နောက်ထပ် ဘာမှမလုပ်ရန်၊ သို့မဟုတ် မကုသရန်၊ သို့မဟုတ် ယင်းမှ ရှုပ်ထွေးမှုမဖြစ်စေရန် လုံးဝ စိတ်ပိုင်းဖြတ်ထားသည်။

"ဒါနဲ့ပတ်သက်ပြီး ကျွန်မ ဘေလ်ကို စိတ်မပူစေချင်ဘူး"

သူမက ကျွန်မကိုပြောသည်။ ကျွန်မက သွေးစစ်ချက်၏ အဖြေကို သူမအား ပြောပြပြီးနောက် ဘုရင်မဧည့်ခန်း (Queen's Guestroom)ရှိ သူမ၏ အမိုးပါသော အိပ်ရာပေါ်တွင် ထိုင်ကြသောအခါ "ဗာဂျီးနီးယား"က ကျွန်မ၏လက်ကို

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ချိန်ညှစ်ထားသည်။ သူမသည် လေ့ကျင့်ထားသော မေ့ဆေးသူနာပြုအဖြစ် အလုပ်လုပ်ခဲ့သူ ဖြစ်သောကြောင့် သူမ၏ သေလောက်သည့် ရောဂါအခြေအနေကို ကောင်းကောင်းနားလည်သည်။

ကျွန်မက သူ့ကို သွေးသွင်းပေးချင်ကြောင်း ပြောသည့်အခါ သူမကရယ်သည်။

'အို… ဒေါက်တာကော်နီ၊ ကျွန်မလိုချင်တာ အဲ့ဒါပဲ။ သွေးနည်းနည်း ကျွန်မကို သွင်းပေးပါ'

''ဒါပေမဲ့ ကျွန်မ သွေးသွင်းမယ်လို့ ကျွန်မမိသားစု မသိစေချင်ဘူး'' သူမက ထပ်လောင်းပြောလိုက်သည်။ နောက်တရက် သူမ၏အသံက အလေးအနက်ဖြစ်သွားသည်။

'ကျွန်မ ဒါနဲ့ပတ်သက်ပြီး ပျာယာ မခတ်ကြစေချင်ဘူး'

သူမနှင့် သူမ၏ခင်ပွန်း 'ဒစ်ကယ်လီ' (Dick Kelley)တို့သည် ဒေးဗစ်စခန်း (Camp Dauit)တွင် ကျေးဇူးတော်နေ့ အားလပ်ရက်အတွက် သမ္မတမိသားစုနှင့်အတူ နောက်တစ်နေ့တွင် သွားရောက်နေထိုင်ရန် စီစဉ်ထားသည်။ ဤခရီးအတွက် ကျွန်မသည် တာဝန်ကျသမားတော်ဖြစ်ပြီး ကလင်တန်မိသားစုနှင့်အတူ ကျေးဇူးတော်နေ့တွင် နေထိုင်ရန် ကျွန်မ မျှော်လင့်စောင့်စားနေသည်။ နောက်တစ်နေ့တွင် ကျွန်မတို့ထွက်ရန် ဖြစ်သည်။ သို့သော် အားလပ်ရက်ခရီးအတွက် ကျွန်မအသွင် အပြင်က ပြောင်းလဲသွားသည်။ ပျော်ရွှင်စရာမှ ဇာဂျီးနီးယား သေတော့မည်ကို စိတ်မချမ်းမြေ့ဖွယ် ကြည့်နေခြင်းသို့ ပြောင်းသွားသည်။

ကျွန်မက ခေါင်းကိုညိတ်ပြသည်။ သူမ၏ဆန္ဒနှင့် သမ္မတအပေါ် ကျွန်မ တာဝန်အကြားတွင် ကျွန်မ ဗျာများသွားသည်။

'ကောင်းပါပြီရှင်'ဟု ကျွန်မက ပြန်ပြောသည်။

'မနက်ဖြန် ဒေးဗစ်စခန်းကျမှ သွေးဖြည့်ဖို့ အစီအစဉ်ဆွဲကြတာပေါ့။ ရှင့်မှာ ကိုယ်ပိုင်အခန်းရှိမှာပါ။ သွေးသွင်းဖို့ လွယ်ကူပါလိမ့်မယ်'

■

ဓာတ်လှေကားမှ ခလုတ်သုံးခုက အော်မြည်လာသည်။ သမ္မတသည် သူ၏ သီးခြားမိသားစုအခန်းမှ မြေညီထပ်သို့ ဆင်းသွားလေပြီဖြစ်ကြောင်း ကျွန်မတို့အား သတိပေးလိုက်ခြင်းဖြစ်၏။ စစ်ဘက်ကိုယ်ရံတော် ဖုန်းခေါ်ပြီးနောက် ... မိနစ်အကြာတွင် အိမ်ဖြူတော်သို့ ကျွန်မ ရောက်နေခဲ့သည်။ သမ္မတရောက်မလာမီ သိစရာအချက်အလက်များကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖတ်ဖို့ အချိန်လုံလုံလောက်လောက် ရသည်။ မြေညီထပ် ဆရာဝန်ရုံးခန်း၏ ရှေ့ခန်းထဲရှိ ကျွန်မအတွင်းရေးမှူး၏ စားပွဲတွင် ကျွန်မ မတ်တတ်ရပ်နေသည်။ ရုံးခန်းတံခါးကို ကျွန်မ ဖွင့်ထားသည်။ သမ္မတ ကျွန်မရုံးခန်းကိုဖြတ်၍ သူ့ရုံးခန်းသို့ သွားသောအခါ သူ့ကို ကျွန်မမြင်နိုင်ရန် ဖြစ်သည်။ ထိုနံနက် သူ၏ချစ်လှစွာသော အမေ၏သေဆုံးမှုကို ပြောပြရန် ကျွန်မရှိနေပြီး ကျွန်မ ရှိနေခြင်းကို သူ သိစေလိုသည်။ ကျွန်မသည်လည်း သူ၏ဆုံးရှုံးမှုကို ဝမ်းနည်းကြောင်း သူသိသည်။

ကျွန်မက ဘေလ်ကလင်တန် (Bill Clinton)ကို စောင့်နေစဉ် လွန်ခဲ့သော ကျေးဖူးတော်နေ့က ဒေးဗစ်စခန်း (Camp Dauit)တွင် ဗာဂျီးနီးယား (Virginia)၏ ကျန်းမာရေးအခြေအနေအား နောက်ဆုံး သွားကြည့်ခဲ့သည့်အကြောင်း တွေးမိနေသည်။

၁၉၉၃ ခု ကျေးဇူးတော်နေ့မတိုင်မီ Catoctin တောင်တန်းများကြားရှိ 'ဒေးဗစ်စခန်း'တွင် ကြွကြွရွရွရှိသော ဆောင်းဦးပေါက်နံနက်ခင်းက ကျွန်မတို့ကို ဆီးကြိုနှုတ်ဆက်သည်။ ကျွန်မတို့ မထွက်ခွာမီနေ့ အိမ်ဖြူတော်တာဝန်ကျ သူနာပြု 'ဒက်ဘ်ဘီတီ' (Deb Beatty)က 'ဗာဂျီးနီးယား'၏ သွေးကိုထုတ်ယူကာ သွေးနှင့် သွေးနီဥအတွက် အမျိုးအစား ကိုက်ညီရန် အပိုဖန်ပြွန်တစ်ခုဖြင့် ထည့်၍ပို့ထားသည်။ သူနာပြု Bethesta ရေတပ်ဆေးရုံမှ 'ဒေးဗစ်စခန်း'ရှိ ကျွန်မတို့ထံသို့ ပို့ဆောင်ရေးသမား ပေးပို့ပေးရန် စီစဉ်ထားသည်။

သမ္မတအိပ်ရာမှ မနိုးမီ ထိုနေ့နံနက်က ကျွန်မတို့ (ဒက်ဘ်နှင့် ကျွန်မ)က အရင်အိပ်ရာမှ ထနှင့်သည်။ သမ္မတကလင်တန်နေထိုင်သော Aspen အမ်းနှင့် မျက်နှာချင်းဆိုင်ရှိ ဗာဂျီးနီးယား၏အခန်းသို့ သွားရောက်နိုင်ရန်ဖြစ်သည်။

အခန်းဝတွင် 'ဗာဂျီးနီးယား'က အားပါးတရ ပြုံး၍နှုတ်ဆက်ကာ ကျွန်မတို့ကို သူမ၏အခန်းသို့ ခေါ်သွားသည်။ သူမ၏အသားအရေမှာ သွေးအားနည်းသောကြောင့် ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သူမ၏အခြေအနေက မည်သို့ပင်ရှိစေကာမူ မိတ်ကပ်လိမ်းခြယ်ထားပြီး မျက်တောင်အတုလည်း တပ်ထားသည်။ သူမ၏ မူပိုင်ဆံပင်ပုံစံက ဆေးဆိုးထားသော ဆံပင်စု၏ထိပ်တွင် ငွေရောင်လှိုင်းတွန့် ဖြစ်နေသည်။ ဒက်ဘ်သည် အတွေ့အကြုံများစွာရှိပြီး လေတပ်၏ အရေးကြီးသော ကျန်းမာရေး စောင့်ရှောက်မှု သူနာပြုဖြစ်သည့် အားလျော်စွာ 'ဗာဂျီးနီးယား'၏ သွေးကြောထဲသို့ အိုင်ဗီ (IV)ထိုးသွင်းရာတွင် အခက်အခဲမရှိဘဲ သွေးကြည်ဥများနောက်မှာ ပါလာသော သွေးနီများကို ထည့်သွင်းပေးသည်။ ကျွန်မ၏အိတ်ထဲတွင် သွေးသားနှင့် တစ်စုံတစ်ခု မတည့်ပါက ဖြစ်သောရောဂါကိုကုသော ဆေးအိတ်ယူလာခဲ့သည်။ အကယ်၍ ဗာဂျီးနီးယား၏ သွေးကြောတစ်စုံတစ်ရာ တုံ့ပြန်ဖြစ်ပွားပါက လုပ်ပေးရန် လိုလိုမည်မည် ယူလာခြင်းဖြစ်သည်။ 'ယူကလစ်' (Eucalptus)ဟု နာမည်ပေးသော အခန်းတွင် နေရာယူထားသော စခန်းဆေးခန်းရှိ ဆေးရုံတပ်ဖွဲ့ကို လူနာတင်ကားနှင့် အသင့်ရှိနေရန် တပ်လှန့်ထားသည်။ သူတို့ အကူအညီလိုအပ်လျှင် ယူရန်ဖြစ်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ဗာဂျီးနီးယား'၏ ဆာလောင်နေသော သွေးကြောထဲသို့ သွေးတစ်စက်ချင်းကျသောအခါ သူမက အိပ်ရာအစွန်းတွင်ထိုင်၍ ကျွန်မတို့ကို သူမ၏ ငယ်စဉ်ကအကြောင်းများကို ပြောပြသည်။ ဒက်ဘ် (Deb)နှင့် ကျွန်မက သူမ၏ရှေ့တွင် မတ်တတ်ရပ်ကာ ကွက်ကွက်ကွင်းကွင်း ပေါ်လွင်သော ဇာတ်လမ်းများကြောင့်သာမက ပုံပြောကောင်းသောသူကြောင့် ကျွန်မတို့နှစ်ယောက်သား သူမ၏ဇာတ်လမ်းတွင် နစ်မျောနေသည်။ တစ်ခါတစ်ခါ သူ့ပုံပြင်များက ကျွန်မတို့ မျက်ရည်ထွက်အောင်ပင် ရယ်ရသည်။ တချို့ နူးညံ့သောအကြောင်းများကြောင့် ကျွန်မတို့ ငိုရသည့်အခါ သူမက ကျွန်မတို့ကို ပွေ့ဖက်ထားသည်။ ကျွန်မတို့ကလည်း သူမကို ပြန်ဖက်သည်။ သူမသည် ကျွန်မတို့၏ မိခင်လိုလည်း ခံစားပါသည်။

တစ်ခုသောအချိန်တွင် အခန်းထဲတွင်ထားသော ရုပ်မြင်သံကြားမှ သမ္မတ၏ မကြာသေးမီကပြောသည့် မိန့်ခွန်းသတင်းကို ထုတ်လွှင့်ပြသည်။ 'ဗာဂျီးနီးယား'က စကားပြောနေသည်ကိုရပ်ကာ ရုပ်မြင်သံကြား ဖန်သားမျက်နှာပြင်ပေါ်မှ သူမသား၏မျက်နှာကို ကြည့်သည်။

'ရုပ်မြင်သံကြားပေါ်မှ ကျွန်မ သူ့ကို မြင်တဲ့အခါတိုင်း သူ့အတွက် ကျွန်မ စိတ်ပူတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူကြည့်ရတာ သိပ်ပင်ပန်းနေတယ်'

သူမ၏ သားမျက်နှာကို သေသေချာချာကြည့်ကာ 'ဗာဂျီးနီးယား'က ဖြည်းဖြည်းချင်း ပြောသည်။

'သူ ကလေးဘဝတုန်းက သူဟာ တစ်နေ့ကျရင် သမ္မတ ဖြစ်လာလိမ့်မည်လို့ စိတ်ထဲက သိခဲ့ဖူးလား'

အခန်းထဲရှိ အနေအထားကို ပေါ့ပါးအောင်ကြိုးစားရင်း ကျွန်မက မေးလိုက်သည်။

'ဗာဂျီးနီးယား'၏ တောက်ပသော မျက်လုံးများက အရောင်လက်လာသည်။ ဂုဏ်ယူဝင့်ကြွားစွာဖြင့် သူမက ပြောသည်။

'သူ ကြီးပြင်းလာတဲ့အခါ ထူးခြားသူတစ်ယောက် ဖြစ်လာမယ်လို့ သူ ငယ်ငယ်ကတည်းက ကျွန်မသိနေတယ်'

ကလေးအမေများဖြစ်ကြသော 'ဒက်ဘ်' (Deb)နှင့် ကျွန်မက ပြုံးကြည့်သည်။

'ဗာဂျီးနီးယား'က ရုပ်မြင်သံကြားမှ သူမ၏အကြည့်ကိုခွာကာ ကျွန်မတို့၏ ထက်သန်နေသောမျက်နှာများကို အသည်းတည့်ကြည့်လိုက်သည်။

'ဘီလီငယ်ငယ် ခုနစ်နှစ်၊ ဒါမှမဟုတ် ရှစ်နှစ်သားလောက်တုန်းက သူ့ကို သူ့သူငယ်ချင်းတစ်ယောက်နဲ့ ဈေးဆိုင်ကို လွှတ်လိုက်တယ်။ ဟိုကလေးက ငါးနှစ်သားအရွယ်လောက် ရှိမယ်။ ကျွန်မအတွက် မီးဖိုချောင်သုံး ပစ္စည်းဝယ်ရအောင် လွှတ်လိုက်တာ'

သူမ၏အသွင်က မိမိကိုယ်မိမိ စိတ်ပူနေရာမှ အတိတ်ကို တမ်းတဂုဏ်ယူသောအသွင်သို့ ပြောင်းသွားသည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



'ဘီလီ ဆိုင်ကပြန်လာတော့ သူ ဘာပစ္စည်းမှယူမလာတာ တွေ့တော့ ကျွန်မ အံ့ဩသွားတယ်။ သူ ယူမယ့်အစား သူနဲ့အတူ သွားတဲ့ကလေးက ဈေးဝယ်လာတဲ့အိတ်တွေကို သယ်လာတယ်'

'ဗာဂျီးနီးယား'က သူမ၏လက်များကို မြှောက်ကာ ဆက်ပြောသည်။

'ကျွန်မက သားကိုကြည့်ပြီး ဘာကြောင့် ကလေးငယ်လေးက သယ်လာတာလဲ။ ကြီးတဲ့လူက ဘာကြောင့် မသယ်တာလဲလို့ မေးတယ်။' သူက ကျွန်မကိုကြည့်ပြီး ပြောတယ်။ (အမေဘာဖြစ်လို့ ဒါတွေကို သုံးမှာလဲ။ လက်တွေကို မြှောက်ပြ၊ ဒါကို သုံးနိုင်တာပဲ။ ခေါင်းကို လက်ညှိုးထိုးပြတယ်။)

သူမ၏သားက တခြားသူအား ရုပ်ပိုင်းဆိုင်ရာ ခွန်အားကိုသုံးဖို့ နားလည်စေအောင် သူ၏ဦးနှောက်ကိုသုံးရမှာ ဖြစ်ကြောင်း စောစောစီးစီး သဘောပေါက်ပုံကို ကျွန်မတို့သုံးယောက်က ရယ်ကြသည်။

ဒက်ဘ် (Deb)နှင့်ကျွန်မက ဗာဂျီးနီးယား၏အခန်းတွင် သွေးသွင်းရင်းဖြင့် နေ့ပိုင်းကို အချိန်ကုန်လွန်ကြသည်။ ကံကောင်းထောက်မ၍ ထိုနေ့က သမ္မတက စခန်းမှာပင်နေသည်။ မြို့ထဲသို့ ဂေါက်ရိုက်မသွားပေ။ ထို့ကြောင့် ကျွန်မသည် ဗာဂျီးနီးယား၏ဘေးမှ ခွာစရာမလိုပေ။ ကျွန်မတို့ သူမဆီ သွားလည်ပတ်စဉ်တွင် ကျွန်မတို့၏ဘဝများ၊ ကျွန်မတို့၏ ကလေးများနှင့် ကျွန်မတို့၏ အိပ်မက်များအကြောင်း ပြောဖြစ်ကြသည်။ တစ်ချိန်တွင် သူမက ကျွန်မကိုကြည့်ကာ အားတက်သ ရော ပြောသည်။

'ရှင်က ကျွန်မသားကို ကောင်းကောင်းဂရုစိုက်တာ ကျွန်မ သိပါတယ်။ သူ့ကို ရှေ့ဆက်ပြီး ဂရုစိုက်မယ် ထားမသွားဘူးလို့ ကျွန်မကို ကတိပေးရမယ်'

သူမ၏ တောင်းဆိုမှုကြောင့် ကျွန်မလန့်သွားသည်။

'ဗာဂျီးနီးယား၊ ကျွန်မ သူနဲ့လျှောက်လိုက်ဖို့တာဝန်က ကျွန်မကို သမ္မတက ခေါ်ထားမှာလားဆိုတဲ့ အပေါ်မှာ မူတည်ပါတယ်' ကျွန်မက ပြောလိုက်သည်။

'ကျွန်မ ရှင့်ကို အာမခံပါတယ်။ သူက ရှင့်ကိုခေါ်ထားမှာပါ။ ရှင် သူနဲ့နေပြီး သူ့ကိုဂရုစိုက်မယ်လို့ ကတိပေး' သမ္မတမိခင်က ကျွန်မကို အသေအချာပြောနေတော့သည်။

သူမ၏ သားကြီးနှင့်ပတ်သက်၍ သေခါနီး မိခင်တစ်ယောက်၏ တောင်းဆိုမှုကို ကျွန်မ မငြင်းဆန်နိုင်ပါ။

'ဟုတ်ကဲ့… ကတိပေးပါတယ်'

သူမသည် မကြာမီ သေဆုံးတော့မည်ကို ကြို၍သိများနေသလားဟု စဉ်းစားရင်း ကျွန်မက အဖြေပေးလိုက်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နောက်ထပ် အတူတူနေခွင့်မရတော့ဘဲ သူမသေဆုံးသွားပြီး နောက်ကျမှ ကျွန်မသဘောပေါက်လိုက်သည်မှာ သူမ၏သားကို ဂရုစိုက်ရန် သူမ၏တောင်းဆိုမှုသည် သူမ မသေမီ နောက်ဆုံးအခွင့်အရေးဖြစ်ကြောင်း သူမသိနေခြင်း ဖြစ်၏။ သူမသား၏ ဘဝမှ ထွက်ခွာသွားဖို့ ပြင်ဆင်ရာတွင် ရှေ့လာမည့်နှစ်များတွင် သားဖြစ်သူအား ကူညီပံ့ပိုးသော အိမ်ဖြူတော်ရှိ အသိုက်အဝန်းတစ်ခုကို သူမ တည်ဆောက်နေခြင်း ဖြစ်သည်။ ထိုနေ့လယ်တွင် ကျွန်မပေးခဲ့သော ကတိ၊ သွေးသွင်းမှု၊ ပွေ့ဖက်မှု၊ ဗာကျီးနီးယားနှင့်အတူ ကျခဲ့သော မျက်ရည်များကို ကျွန်မ ပြန်မြင်ယောင်နေမိသည်။ အိမ်ဖြူတော်မှ ကျွန်မ ထွက်ခွာချင်သည့်စိတ်က ဗာကျီးနီးယား ကွယ်လွန်ပြီး နှစ်များစွာတွင် ကျွန်မမှာ အကြိမ်ကြိမ် ဖြစ်ခဲ့သည်။ ကျွန်မ တာဝန်ပြီးဆုံး၍ ရေတပ်ရှိ နောက်တာဝန်တစ်ခုကို ကျွန်မ ရွှေ့ပြောင်းဖို့လိုသည်ကို ထင်သောကြောင့်ဖြစ်သည်။ သမ္မတနှင့်သမ္မတကတော်က ကျွန်မကို ကျေးဇူးတင်နားလည်ကြောင်း၊ အိမ်ဖြူတော်မှာ ကျွန်မကို လိုအပ်ကြောင်း မည်သို့ပင် ပြောစေကာမူ ကျွန်မ အိမ်ဖြူတော်မှ မထွက်ခွာဖြစ်သော အကြောင်းမှာ မိခင်တစ်ယောက်ကို ပေးထားသောကတိကြောင့်ပင် ဖြစ်၏။ မိခင်တစ်ယောက်ကို ပေးထားသောကတိကို (အထူးသဖြင့် သူမ၏ကလေးကို စောင့်ရှောက်ဖို့နှင့် ပတ်သက်နေလျှင်) ချိုးဖျက်ခြင်းမပြုရဟု ကျွန်မအမေက ကျွန်မကို တစ်ခါက ပြောဖူးသည်။ ဤကိစ္စက ထိုအတိုင်း ဖြစ်နေသည်။ သူမ၏ကလေး အမေရိကန်ပြည်ထောင်စု၏ သမ္မတဖြစ်ပြီး မကြာမီ သမ္မတအဖြစ်ကို ထိန်းသိမ်းရန် တိုက်ပွဲဝင်တော့မည်။ ပြန်စဉ်းစားကြည့်သောအခါ နောက်ထပ် ဝမ်းနည်းကြေကွဲစရာများ မခံစားစေရန် ဘုရားသခင်က 'ဗာကျီးနီးယား'ကို အချိန်မီခေါ်သွားသည် ဖြစ်ကြောင်း ကျွန်မ ယခု သဘောပေါက်သွားသည်။

■

ကျွန်မလက်များတွင် ဆစ်ခနဲ နာကျင်မှုက စတင်ခဲ့သည်။ ထို့နောက်တွင် ကိုးရိုးကားရား ပြဿနာက ပေါ်လာသည်။ ပိုက်ဆံအိတ်ထဲမှ အကြွေစေ့များကို သေသေချာချာ ထုတ်ယူပြီးမှ လက်ထဲမှ လွတ်ကျသွားသည်။ မိမိ၏ ကိုယ်ခန္ဓာထဲတွင် တော်လှန်ပုန်ကန်မှု ဖြစ်နေသည့်ကြားမှ ကျွန်မသည် တော်လှန်ရေးတစ်ခုပေါ်တွင် အာရုံစိုက်နေသော အခြား ခန္ဓာကိုယ်တစ်ခုနောက်သို့ ဒရောသောပါး လိုက်နေသည်။ ထိုခန္ဓာကိုယ်မှာ သမ္မတကလင်တန်ပင် ဖြစ်၏။ အမေရိကားတစ်ခွင်နှင့် ကမ္ဘာကိုပတ်လျက် ကျွန်မသည် သမ္မတ၏ အဆက်မပြတ်သော ခရီးစဉ်ကို လိုက်နေသည်။ [illegible]ပခုံးနှင့် လည်ပင်းတွင် ထူထဲသောသိုင်းကြိုးက နစ်ဝင်နေကာ ကျွန်မက ဆေးအိတ်ကို တရွတ်တိုက်ဆွဲနေသည်။ ကျွန်မ၏ လက်ချောင်းလေးများတွင်ရှိ လျှပ်စစ်ဓာတ်လိုက်သလို ခံစားမှု၊ အာရုံနောက်စရာ စိတ်ကူးခံစားမှု၊ လက်ချောင်းများ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



၏ ထိတွေ့ခံစားခြင်း အားနည်းမှုကို အစတွင် ကျွန်မက မသိကျိုးကျွန်ပြုထားသည်။ တစ်နေ့တာကုန်ဆုံး၍ ကျွန်မ ရေချိုးသောအခါ ပူနွေးသောရေပန်းမှ ကျွန်မခေါင်းကို နောက်သို့လှန်ထားရသည်။ ကျွန်မ၏ လည်ပင်း၊ ရင်ဘတ်နှင့် လက်မောင်းများမှ ဂျက်လေယာဉ်လောင်စာငွေ့များနှင့် ကားအိတ်ဇောငွေ့များက ရေပန်းထဲမှထွက်နေသည်။ လည်ပင်းမှနေ၍ အောက်ပိုင်း ခန္ဓာကိုယ် ထုံကျဉ်သွားသည်မှာ ထိုအချိန်မှာ ဖြစ်သည်။ ဆပ်ပြာကိုင်ထားသော လက်ကို ကျွန်မကြည့်သည်။ လက်ထဲတွင် ဆပ်ပြာကို ကျွန်မ ဆုပ်ကိုင်မထားနိုင်ပေ။ လက်ဖြင့်ဖျစ်ညှစ်မှုကို မလုပ်နိုင်ချေ။

ဆရာဝန်များသည် အဆိုးဆုံးသော လူမမာများ ဖြစ်ကြသည်ဟူ၍ ဆိုရိုးစကားရှိသည်။ ထိုသို့ဖြစ်ရသည်မှာ ကျွန်မတို့သည် ကျွန်မတို့ခန္ဓာကိုယ်ကို ကျွန်မတို့ဘာသာ ရောဂါရှာဖွေကြသည်။ ဒါမှမဟုတ် ကျွန်မတို့ခန္ဓာကိုယ်မှ အသံကို နည်းနည်းပဲ နားထောင်ကြသည်၊ ဒါမှမဟုတ် အရမ်းကာရော နားထောင်ကြသည် စသည့်အချက်များကြောင့် ဖြစ်နိုင် သည်။ ကျွန်မတို့သည် ယိုယွင်းပျက်စီးနိုင်သည် ဟူသောသဘောကို ငြင်းပယ်ကြသည်။ ဒါမှမဟုတ် ဘာရောဂါမှမရှိ ဘဲ ကိုယ့်ကိုယ်ကိုယ် ရောဂါတစ်ခုခုရှိနေသည်ဟု ထင်နေသည့် စိတ်ရောဂါရှင်ဖြစ်သွားမှာ ကြောက်သည်။

ကျွန်မ၏အဖြစ်မှာတော့ ကျွန်မသည် မိမိကိုက်ခဲနာကျင်မှုကို အာရုံမစိုက်နိုင်လောက်အောင် အလွန်အလုပ်များနေ သည်။ စိတ်က အကြောင်းကိစ္စ၏ အထက်တွင်ရှိနေပါသလား။ ကျွန်မအဖြစ်ကတော့ သမ္မတနှင့်ပတ်သက်သော လုပ်ငန်း ကိစ္စများက ကျွန်မ ကိုယ်ခန္ဓာ၏အထက်တွင် ပို၍ရှိနေသည်။

၁၉၉၄ ခုနှစ်တွင် 'ဗာဂျီးနီးယား'ကွယ်လွန်ပြီးနောက် ကနဦးရောဂါလက္ခဏာ စတင်ပြလာသည်ကို ကျွန်မ ပစ်ပယ်ထားခဲ့သည်။ သိပ်နောက်မကျမီ ကျွန်မ၏ကိုယ်ခန္ဓာမှ အရေးပေါ်သတင်းများ သိသိသာသာ ပေးပို့နေသည်။ စစ်ရုံးညွှန်ကြားရေးမှူးက ကျွန်မအား အိမ်ဖြူတော်ဆေးအဖွဲ့ ညွှန်ကြားရေးမှူးအလုပ်ကို ကမ်းလှမ်းသည်မှာ 'ဟော့စပရင်း' (Hotspring)တွင်ရှိ သူမ၏ နာရေးကိစ္စ အတောအတွင်းမှာပင် ဖြစ်၏။ ဤနေရာကို ယူလိုက်သည့် အချိန်မှစ၍ ကျွန်မ ဘဝက အလုပ်ကို ဆတက်ထမ်းပိုးတိုး၍ လုပ်ရသောအဖြစ်သို့ ရောက်သွားသည်။ ခရီးများ ပိုသွားရသည်သာမက ဝါရှင်တန်ဒီစီတွင် ကျွန်မ ရှိနေလျှင်လည်း ဆေးဘက်ဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများဖြင့် ကျွန်မသည် အိမ်ဖြူတော် တွင် ချောင်ပိတ်မိနေသည်။ ဖြတ်သွားဖြတ်လာ တွေ့မိရုံမှတစ်ပါး ကျွန်မမိသားစုကို တွေ့ရခဲသည်။ ကျွန်မယောကျ်ားအတွက် စာတိုစာစကလေးများ လုပ်စရာစာရင်းကို ရေး၍ထားခဲ့သည်။ ကျွန်မယောကျ်ားမှာ ကလေးနှစ်ယောက်ကို ထိန်းကျောင်းကာ အိမ်တွင်းပုန်း ဖေဖေဖြစ်သွားသည်။ ကလေးများနှင့် ထိတွေ့ရသောအချိန်ဆို၍ သူတို့နံနက် အိမ်မှထွက်သွားလျှင် နမ်း နှုတ်ဆက်တာမျိုး၊ သူတို့ အိပ်မောကျနေစဉ် ညပိုင်း လုံးဝတိတ်ဆိတ်နေချိန်၌ အသာလေးခိုး၍ ပွေ့ဖက်တာမျိုးလောက်သာ ရှိသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ ကျန်းမာရေးကို စောင့်ကြည့်ဖို့ ကျွန်မမှာ အချိန်မရှိပါ။ ကျွန်မသည် သူ့ကို ဂရုစိုက်ပါမည်ဟု သူ့အမေကို ပေးထားသော ကတိကို စောင့်ထိန်းရင်း သမ္မတကလင်တန်ကို စောင့်ကြည့်ကာ အလွန် အလုပ်များလှသည်။

သူ့အမေ သေသွားပြီးနောက်ပိုင်း သူ့ရုံးအလုပ်ထဲတွင် ထပ်၍နစ်မြုပ်သွားသော သမ္မတကိုကြည့်ကာ အမေသေလို့ ငိုဆွေးဝမ်းနည်းချိန်မရှိသော သူ့ကို ကျွန်မ သဘောပေါက်သည်။ လပိုင်းလောက်ကလေး တွေ့လိုက်ရုံနှင့် ကျွန်မနှင့် ဆေးအဖွဲ့သည် ဖာဂျီးနီးယားကို အောက်မေ့လွမ်းဆွတ်ကြသည်ဆိုလျှင် သူ၏အကြီးဆုံးသော နှစ်သိမ့်အားပေးသူ မိန်းမတစ်ယောက် ဆုံးရှုံးမှုကို သမ္မတသည် သူ၏သီးခြား ကိုယ်ပိုင်အချိန်တွင် မည်မျှခံစားရမည်ကို ကျွန်မ မှန်းဆကြည့်ရုံသာ ကြည့်နိုင်သည်။

ကျွန်မကိုယ်ခန္ဓာတွင် ခဏလေး ထုံကျဉ်မှုဖြစ်သောအခါ ကျွန်မ အာရုံစိုက်မိသွားသည်။ 'Bethesda' ရေတပ်ဆေးရုံတွင် ဒါကို စစ်ဆေးကြည့်ဖို့လိုသည်။ ခရီးနှင့်အလုပ်ကြောင့် ဆေးရုံတွင် ဆေးကုသရန်ကို ကျွန်မ ချက်ချင်း ရွှေ့ဆိုင်းထားလိုက်သည်။ ဒါရိုက်တာအနေနှင့် ကျွန်မ အလုပ်ထဲတွင် ကျွန်မသည် စိတ်ပါလက်ပါ ရည်ရွယ်ချက်ရှိရှိနှင့် နစ်ဝင်နေသည်။ နိုင်ငံခြားခရီးစဉ်များတွင် သမ္မတနှင့်အတူ လိုက်နေရုံသာမက ပြည်တွင်းခရီးစဉ် အများစုတွင်လည်း ကျွန်မသည် အဓိက သမားတော်ဖြစ်သည်။ ဒါတင်မက အင်အားချည့်နဲ့နေသော ဆေးအဖွဲ့ကို ယနေ့ခေတ် သမ္မတအနေအထား၏ တောင်းဆိုမှုကို တုံ့ပြန်ဆောင်ရွက်ပေးနိုင်သည်။ ကြံ့ခိုင်၍ ခေတ်မီတိုးတက်သော အဖွဲ့အစည်းတစ်ခုအဖြစ် ပုံသွန်းလောင်းရန် ကျွန်မ နာရီပေါင်းများစွာ အလုပ်လုပ်ရသည်။ နိုင်ငံနှင့် ကမ္ဘာကြီးအတွက် တာဝန်ယူသော အပြောင်းအလဲ ပေါ်ပေါက်အောင် ကြိုးစားနေသော ကျွန်မ၏ခေါင်းဆောင် သမ္မတကဲ့သို့ပင် ကျွန်မ၏အဖွဲ့ လိုအပ်သော အပြောင်းအလဲကို ပြုလုပ်ရန် ကျွန်မ စိတ်ပိုင်းဖြတ်ထားသည်။

ဒါရိုက်တာအဖြစ် ပထမနှစ်နှစ်အတွင်း အဆက်မပြတ် ခရီးသွားမှုနှင့် ဆေးအဖွဲ့တွင် များစွာသော တိုးတက်မှုများကြောင့် ကျွန်မကိုယ်ကျွန်မ သာမန်မဟုတ်သည့် မိန်းမ (Superwoman)ဟု ခံစားမိလာသည်။ ကျွန်မနှင့် တန်းတူညီတူများထက်ကျော်၍ ကျွန်မကို 'ကပ္ပတိန်' ရာထူးသို့ တိုးပေးသည်။ အိမ်ဖြူတော်တွင် ၂၄နာရီအပြည့် ရှိနေရေးကဲ့သို့သော အပြောင်းအလဲကို ကျွန်မ စတင်လုပ်ဆောင်သည်။

လျှို့ဝှက်လုံခြုံရေးက ထိုအပြောင်းအလဲကို စတင်ကျင့်သုံးရန် ၁၀စုနှစ်ပေါင်းများစွာ ကြိုးပမ်းသည်။ သို့သော် အောင်မြင်ခဲ့ပေ။ သမ္မတ၊ သမ္မတကတော်နှင့် နီးနီးကပ်ကပ်ရှိမှု၊ ရင်းနှီးမှုနှင့် ဆေးအဖွဲ့တွင် ကျွန်မ၏ အောင်မြင်မှုများကြောင့် ကျွန်မသည် လေးစားချီးကျူးဖွယ် ဖြစ်ရုံသာမက ကျွန်မသည် မလိုမုန်းတီးခြင်း၏ ပစ်မှတ်လည်း ဖြစ်၏။

'ဒေါက်တာ… ဒါဟာ တကယ်ကောင်းတဲ့ နှစ်ပတ်လည် ကျန်းမာမှုထောက်ခံချက်အစီရင်ခံစာပါလား'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန် မတ်ရော်ဂျာ (Mark Roger)က သမ္မတကလင်တန် လက်မှတ်ထိုးထားသော အစီရင်ခံစာကို ကျွန် မဆီသို့ ကမ်းပေးရင်း 'တင်နက်စီ' (Tennessee) လေသံဝဲဝဲဖြင့် ပြောသည်။

'ခင်ဗျားဟာ သမ္မတလက်မှတ်ထိုးထားတဲ့ ကျန်းမာမှုထောက်ခံချက်အစီရင်ခံစာကို ရရှိသူ အိမ်ဖြူတော် စစ်တပ်အရာရှိ လက်တစ်ဆုပ်စာထဲက တစ်ယောက်ပဲ'

ရော်ဂျာ (Roger)က အိမ်ဖြူတော်စစ်ရုံးတွင် ဒုတိယတာဝန်ရှိသူ ဖြစ်သည်။ အကြီးတန်းအရာရှိများကပေးသည့် အရာရှိအားလုံး ရရှိသော နှစ်ပတ်လည် ကျန်းမာချက်အကဲဖြတ်ချက်ကို သူက ရည်ညွှန်းပြောဆိုနေသည်။ ကောင်းသော အကဲဖြတ်ချက်က စစ်တပ်ထဲတွင် ဆက်လက်နေခွင့်ရသည်။ အလွန်ကောင်းမွန်သော အကဲဖြတ်ချက်က တစ်နေ့တွင် ဗိုလ်ချုပ်၊ သို့မဟုတ် ရေတပ်ဗိုလ်ချုပ်အဆင့်ထိ ရာထူးတက်နိုင်သည်။ 'ရော်ဂျာ' (Roger)က ဤအချက်ကိုသိပြီး နာကြည်းခံပြင်းနေသည်မှာ ထင်ရှားသည်။

'ကပ္ပတိန်'

ကျွန်မက ခုခံပြောဆိုသည့် လေသံမပေါက်အောင် ကြိုးစားရှောင်ကာ ပြန်ပြောလိုက်သည်။

'ကျွန်မအရင် လုပ်သွားတဲ့ လူတွေအားလုံး သမ္မတလက်မှတ်နဲ့ ကျန်းမာမှုထောက်ခံချက်အစီရင်ခံစာ ရခဲ့ကြတာပဲ။ သမ္မတရဲ့ ဆရာဝန်အနေနဲ့ အစစအရာရာ စောင့်ရှောက်မှုကို စီစဉ်ရတော့ ဒီကိစ္စက နယ်မြေအကန့်အသတ် လာတာဖြစ်တယ်။ ဘယ်သူက ပိုပြီးအရည်အချင်း ပြည့်မီမှာလဲ'

'ရော်ဂျာ' (Roger) ကျွန်မ၏ သုံးသပ်ချက်ကို လက်ချောင်းတိုတိုဖြင့် ဝှေ့ယမ်းပြကာ-

'ဒေါက်တာ... ကျွန်တော်က သမိုင်းကြောင်းကို သိတယ်'

သူက ကျွန်မကို မထီပြုံးပြုံး၍ ကြည့်ပြီးပြောသည်။

'ခင်ဗျား ကျွန်တော့်ကိုရော ဒါမှမဟုတ် စစ်ရုံးကိုပါ အသိမပေးတဲ့ သမ္မတနဲ့ ပတ်သက်တာတချို့ ရှိတယ်ဆိုတာ လည်း ကျွန်တော် သိတယ်။ ခင်ဗျားက၊ ဒါတွေကို ပုဂ္ဂိုလ်ရေးလို့ ခေါ်မယ်ထင်ပါတယ်'

ကျွန်မ၏ မျက်နှာက နီရဲစပြုနေပြီဟု ကျွန်မခံစားမိသည်။ မတ်ရော်ဂျာ (Mark Roger)က ဘာကိုကြိုးပမ်းနေ သည်ကို ကျွန်မ ရိပ်စားမိသည်။ သူသည် သမ္မတကို ဖွင့်ချနေသည်။ သူ အိမ်ဖြူတော် ရောက်မလာမီကတည်းက သမ္မတနှင့် တခြားမိန်းကလေးများနှင့် ပတ်သက်သော ကောလာဟလများကို ကျွန်မ ကြားထားပါသည်။ သမ္မတ၊ ကျွန်မပြောဆိုသောစကားမှ၊ သို့မဟုတ် သမ္မတနှင့် တခြားသူများ ပြောသောစကားမှ သတင်းတစ်စွန်းတစ်စကို 'ရော်ဂျာ'က ပေါက်ကြားလိုက်လျှင် သူသည် အိမ်ဖြူတော် ၁၈ဧကေ အကျယ်ပေါ်တွင် တန်ခိုးထွားသွားမည်။ အိမ်ဖြူတော်တွင်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သမ္မတနှင့် နီးကပ်ခြင်းက အရှိန်အဝါတစ်ခုဖြစ်ပြီး သမ္မတ၏ခံစားချက်ကို သိခြင်းသည် သူ့အပေါ်တွင် အရှိန်အဝါတစ်ခုရှိသွားသည်။

'ဆရာ' ကျွန်မက သူ့မေးခွန်းအကြောင်းကို ကြားဖြတ်ပစ်လိုက်သည်။

'သူ့ရုံးရဲ့တာဝန်ကို ထမ်းဆောင်ဖို့စွမ်းရည်ကို ထိခိုက်တဲ့ ကျန်းမာရေးပြဿနာမျိုး သမ္မတမှာရှိတယ်ဆိုရင် ကျွန်မ ရှင့်ကိုအကြောင်းကြားဖို့ အာမခံပါတယ်။ အဲဒါက လုပ်ဆောင်ရမယ့်အစီအစဉ် လုပ်ထုံးမှာ ဖော်ပြထားပါတယ်'

'ဒေါက်တာ… ဒီနေရာမှာ လုပ်ထုံးတွေအကြောင်း မပြောပါနဲ့'

'ရော်ဂျာ'က ကျေးလက်ဆန်၍ နည်းလမ်းမကျသော လေသံဖြင့် ရယ်လေတော့သည်။

'ကျွန်တော်ပြောနေတာက ခင်ဗျားဟာ သမ္မတနဲ့အတူ မီးအိမ်ပန်းဆွဲတွေကနေ တွဲလောင်းလွဲနေကြတယ်ဆိုရင် အဲဒါ ကျွန်တော် သိချင်နေတဲ့အရာပဲ'

ကျွန်မ၏နားကိုပင် ကျွန်မ မယုံကြည်နိုင်ပေ။ 'မီးအိမ်ပန်းဆွဲတွေကနေ တွဲလောင်းလွဲ' ဆိုသည့်စကားကို ကျွန်မ တစ်ခါမျှမကြားဖူးပေ။ သို့သော် ကျွန်မ၏လူနာလည်းဖြစ်၊ ကျွန်မ၏ တပ်မှူးချုပ်လည်းဖြစ်သူ သမ္မတနှင့်ကျွန်မ ဆက်ဆံရေးနှင့်ပတ်သက်၍ စောင်းမြောင်းပြောနေသည်ကို ကျွန်မသိသည်။ အကြီးတန်း စစ်ဘက်အရာရှိတစ်ယောက်ဆိုတာ အားလိုက်ဦး တစ်ယောက်ယောက်က ကျွန်မကို ဤကဲ့သို့သော မေးခွန်းမေးနေသည်ကို ကျွန်မ မယုံကြည်နိုင်ပေ။ ထိုသို့သော ပြောစမှတ် မှတ်ချက်ချမှုများမှာ 'ရော်ဂျာ'အတွက် အထူးအဆန်းမဟုတ်ကြောင်းနှင့် သူ ဘာကြောင့် သူ၏နေရာမှ နောက်ဆုံးတွင် အဖယ်ရှားခံရသည်ကို နောက်ပိုင်းကျမှ ကျွန်မသိသည်။ 'ကပ္ပတိန်' ကျွန်မက တည်ငြိမ်အောင် ကြိုးစားသောအခါ ကျွန်မအသံက ကျယ်လာသည်။ ထိုအချိန်တွင် လည်ပင်းကြောများက တင်းလာပြီး လက်ချောင်းများက နာကျင်လာသည်။

'ရှင် စွပ်စွဲတာကို တကယ်လို့များ ကျွန်မ လုပ်မိခဲ့တယ်ဆိုရင် ကျွန်မ အဲ့ဒီအကြောင်း ရှင့်ကိုပြောပြမယ်။ အာလို့လဲဆိုတော့ ကျွန်မက ရှင့်ရဲ့အကြီးအကဲ ဖြစ်မှာကြောင့်ပဲ'

'ရော်ဂျာ'က အသံတိမ်ဝင်သွားပြီး သူ၏ဒူးကို ပုတ်လိုက်သည်။ ထို့နောက် ကျွန်မတို့တွေ့ဆုံမှု အဆုံးသတ်သွားသည်။

'ကောင်းတာပေါ့ ဒေါက်တာ။ ဒါနဲ့ပတ်သက်လို့ ခင်ဗျားမှာ ဟာသဉာဏ် ကောင်းကောင်းရှိတာ ဝမ်းသာတယ်။ ဖြစ်သင့်တာကို ဖြစ်မနေဘူးဆိုတာ ကျွန်တော်က သေချာစေချင်တာပါ'

ကျွန်မက လျှာကိုကိုက်၍ မတ်တတ်ရပ်ကာ သူ့ရုံးခန်းထဲမှ ထွက်သွားတော့၊ ကျွန်မ၏လက်တွေ လုံးဝထုံကျဉ်နေ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



သည်။ သည်လူကို ကျွန်မ လိမ်၍ ချိုးဖဲ့ပစ်လိုက်ချင်သည် ဆိုလျှင် ကျွန်မ ထိုသို့ လုပ်နိုင်စွမ်းမရှိပါပေ။ ယင်းမှာ ကျွန်မ၏ ဆေးဘက်ဆိုင်ရာပြဿနာကို ပြောရန် အချိန်ကျပြီဟု ကျွန်မ သိလိုက်သည့် အချိန်ပင် ဖြစ်သည်။

■

'အသက် ဘယ်လောက်ရှိပြီလဲ'

ပင်မဖတ်ရှုခန်း၌ မြင်ကွင်းသေတ္တာပေါ်တွင် ပေါ်နေသော ကျွန်မ၏ လည်ပင်းဖလင်ကို ငုံ့ကြည့်လိုက်ရင်း Bethesda ရေတပ်ဆေးရုံမှ ရေဒီယိုပညာရှင် (Radiologist)က ကျွန်မကို မေးလိုက်သည်။

'ဒီနှစ်၊ ဇန်နဝါရီလဆို ကျွန်မ၄၀ရှိပြီ'

ကျွန်မက ရေဒီယိုပညာရှင်၏နောက်တွင် မတ်တတ်ရပ်ရင်း ပြန်ပြောသည်။

'၄၀ ရှိပြီ ဟုတ်လား။ ခင်ဗျားရဲ့ လည်ပင်းအရိုးက ၈၀ အရွယ်ရဲ့ လည်ပင်းအရိုးလို ဖြစ်နေပါလား'

ကျွန်မသည် ၁၈ကေထဲတွင် လူများအဖို့ မဟာလူသားမိန်းမ (Superwoman)လို ဖြစ်နေရာမှ အခုသည်မိန်းမ၏ လည်ပင်းတွင် မဟာအရိုးကြီး ရှိနေပေသည်။ ကျွန်မ၏ ပုံမှန်မဟုတ်သော ဖလင်ကြောင့် Bethesda ဆေးရုံရှိ အာရုံကြော ဆိုင်ရာ ခွဲစိတ်မှုခေါင်းဆောင် ကပ္ပတိန်မောရစ်ဘတ်ပေါလီယမ် (Morris 'Bud' Pullian)ကို တွေ့ဖို့အကြောင်း ဖြစ်သွား သည်။ 'ဘတ်' (Bud)က ကွန်ဂရက်အဖွဲ့ဝင်များနှင့် တခြားထင်ရှားသော ပုဂ္ဂိုလ်များ၏ လည်ပင်းနှင့်ကျောရိုးများကို ခွဲစိတ်ပေးသည်။ အခု သူက ထင်ရှားသော လူနာများ၏စာရင်းတွင် ကျွန်မကိုထည့်ရန် ထောက်ခံနေသည်။

'ကျွန်မက ဘာကြောင့် ခွဲစိတ်မှုခံရမှာလဲဆိုတာ ထပ်ပြောပါဦး' 'ကျွန်မမှာ သမ္မတနဲ့ ခရီးသွားဖို့တွေရှိတယ် 'နိုဗာစကိုရှာ' (Nova Scotia) ထိပ်သီးဆွေးနွေးပွဲ အပါအဝင်ပေါ့။ ကျွန်မမှာ ခွဲစိတ်ဖို့ အချိန်မရှိဘူး'

ခွဲစိတ်မှုမခံရအောင် ကျွန်မက အပေးအယူလုပ်ဖို့ ကျွန်မ ကြိုးစားနေသည်။

'ကော်နီ၊ ခင်ဗျားရဲ့လက်မှာ နာတာနဲ့ ခန္ဓာကိုယ်မှာ ထုံကျင်တာက လည်ပင်းထဲ အလုပ်မလုပ်တော့တဲ့ အချပ်ပြားတွေက ကျောရိုးဆစ်တွေကို သွားဖိလိုက်လို့ဖြစ်တာ'

ဘတ် (Bud)က စိတ်ရှည်လက်ရှည် ရှင်းပြသည်။ သူက ကျွန်မ၏ဖလင်များ (MRS စကင်များ) ကျွန်မ၏ ... တစ်စုံကို ကြည့်ပြီးနောက် သူမှာ ယူထားသော သေချာသော Myleogram လေ့လာချက်တို့ကို သူက ပြန်ကြည့်သည်။

ကျွန်မက ခေါင်းကိုခါယမ်းသည်။ ကျွန်မဘဝတွင် ခွဲစိတ်မှုဆို၍ Cesarean ကဏ္ဍာနှစ်ခုသာ ရှိခဲ့ဖူးသည်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ထိုခွဲစိတ်မှုများမှာ အမျိုးသမီးသမားတော်များအတွက် ဖြစ်ရိုးဖြစ်စဉ် ဖြစ်ပါသည်။ အလိုးအဖြတ်ခံရမည်ကို ကျွန်မ သဘောမကျပါ။ ဆေးရုံ မတက်ချင်ပါ။ ကျွန်မ လူနာ မဖြစ်ချင်ပါ။ ကျွန်မသည် ဆရာဝန်ကောင်းတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် ကျွန်မသည် အများစုကဲ့သို့ပင် ဆိုးရွားသော လူနာဖြစ်သည်။

'ကျွန်တော် ဒီလို ပြောကြည့်ပါရစေ'

'ဘတ်' (Bud)က သူဖြစ်စေချင်သည်ကို ကျွန်မ လက်ခံစေချင်အောင် ပြောလိုက်သည်။

'ခင်ဗျား 'ခရစ္စတိုဖာ ရီးဗ်' (Christoper Reeve)အကြောင်းကို ကြားမိလား။ လွန်ခဲ့တဲ့ ရက်သတ္တပတ် အနည်းငယ်က သူ ယာဉ်တိုက်မှု ဖြစ်ခဲ့တယ်။ လည်ပင်းကျိုးသွားတယ်။ ခင်ဗျားရဲ့ ကျောရိုးဆစ်က သူ့ဒဏ်ရာလိုပဲ အစ်နေရာထဲမှာ တင်းကျပ်ပြီး ကျဉ်းလာတယ်။ ခင်ဗျား လိမ့်ကျရင်၊ ရေခဲပြင်ပေါ် ချော်လဲရင်၊ ကားထဲမှာ လည်ပင်းဒဏ်ရာ ရရင် ခင်ဗျား သူ့လိုဖြစ်သွားနိုင်တယ်'

'ဘတ်' (Bud)က မျက်နှာကို အသံထွက်အောင် လက်ဝါးဖြင့် ပွတ်လိုက်သည်။ 'ခရစ္စတိုဖာ ရီးဗ်'၏ အဖြစ်ဆိုး ဇာတ်လမ်းများနှင့် သူ အသက်ရှူပိုက်နှင့် နေရပုံ လက်မောင်း၊ သို့မဟုတ် ခြေထောက်များ လှုပ်ရှားမရနိုင်ပုံကို ကျွန်မ တွေးကြည့်သည်။ သူသည် အသက်ရှူပိုက်နှင့် အသက်ရှင်နေလျှင် သူသည် ဘီးတပ်ကုလားထိုင်နှင့် တစ်သက်လုံး နေရလိမ့်မည်။ ဘီးတပ်ကုလားထိုင်နှင့် နေရသောဘဝကို ကျွန်မ မြင်ယောင်မကြည့်နိုင်ပေ။ ပြေးလွှားရတာ ဟိုဟိုသည်သည် လှုပ်ရှားသွားလာနေရတာ ကျွန်မ ကြိုက်သည်။ ကျွန်မသည် အမြဲခရီးသွားလာနေသော အမျိုးသမီးဖြစ်သည်။ (ခရစ္စတိုဖာလို ဖြစ်သွားမှာလား။)

ကျွန်မ၏လည်ပင်း ခွဲစိတ်မှုလုပ်ဆောင်ရတာ စနာရီကြာသည်။ ဖိထားသောကျောရိုးဆစ်များကို လွတ်ရန် အရိုးအစအနများကို သန့်ရှင်းပြီးနောက် လည်ပင်းရှိအပေါက်များကိုဖြည့်ရန် ဘယ်ဘက်ပေါင်မှ အသားမျှင်များကို ထုတ်ယူသည်က အချိန် တော်တော်များများ ကုန်သည်။ ထိုနေရာတွင် 'ပေါလ်' (Paul)က Titanium သတ္တုပြား ထည့်ထားသည်။ ကျွန်မ၏ ခွဲစိတ်မှုက အောင်မြင်သည်။ သို့သော် လူက နာကျင်မှုကို ခံစားရသည်။ နာနေသောလည်ပင်းကို ပတ်ထားသည့် ကော်လာမာမာကြီးနှင့် ကျွန်မ အိပ်ရာမှနိုးသည်။ အရိုးမှ အသားစခြစ်ထုတ်ထားသော ဘယ်ဘက်ပေါက်မှ နာနေသည်။ ခွဲစိတ်ခြင်းကြောင့် ကျောရိုးမှ အရည်များထွက်သည့်အတွက် ခေါင်းက ဆိုးဆိုးရွားရွား ကိုက်ခဲနေသည်။ မေ့ဆေးအကြွင်း အကျန်နှင့် ဆေးပြင်းများကြောင့် အော်ကာလီဆန်၍ အင်အားဆုတ်ယုတ်နေသည်။ သို့သော် ကျွန်မ အနာကျင်ဆုံးအရာကတော့ ကျွန်မသည် အကူအညီကင်းမဲ့ကာ မထိန်းနိုင်မသိမ်းနိုင် တကယ်ပင် အာရုံကို စုစည်းမရခြင်းပင် ဖြစ်သည်။

ငါးရက်ကြာသောအခါ ကျွန်မကို အိမ်ပြန်ပို့သည်။ ကျွန်မ၏ ခွဲစိတ်ဆရာဝန်က ကျွန်မကို လည်ပင်းတော်လာနှင့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရှစ်ပတ်ကြာအောင် နေစေချင်ပြီး ထိုအချိန်အတွက် ဆေးခွင့်ယူစေချင်သည်။ ခွဲစိတ်မှုကြောင့် 'နိုဗာစကိုရှာ' (Nova Scotia)ရှိ ထိပ်သီးဆွေးနွေးပွဲသို့ သမ္မတနှင့် လိုက်မသွားနိုင်ပေ။ 'ကလင်တန်' နှင့် နိုင်ငံခြားသမ္မတ ခရီးစဉ်များ သွားသော ကျွန်မ၏စံချိန်က ကျိုးသွားသည်။ သမ္မတနှင့်အတူ ခရီးသွားရန် တခြားအိမ်ဖြူတော်တစ်ယောက် တာဝန်ပေးလိုက်ရသည်။ ကျွန်မ၏ အလုပ်တာဝန်များကို ဆေးအဖွဲ့၏ လေတပ်သမားတော်သို့ ယာယီအားဖြင့် လွှဲပြောင်းပေးထားသည်။ သူက ကျွန်မအတွက် အစည်းအဝေးတွေ တက်သည်။ ဆေးအဖွဲ့ကို တွန့်တွန့်ဆုတ်ဆုတ်နှင့် ဦးဆောင်ကာ ကျွန်မအလုပ်ကို အမြဲယူဖို့ ရည်ရွယ်ချက်မရှိကြောင်း အသေအချာပြောသည်။ လည်ပင်းဒဏ်ရာကြောင့် ကျွန်မမှာ အလုပ်သဘောအားဖြင့် ထိခိုက်နစ်နာသွားသည်။ ကျွန်မ ဘယ်မှမသွားနိုင်၊ ဘာမှမလုပ်နိုင်ပေ။ ယင်းမှာ ဘီးတပ်ကုလားထိုင်နှင့် နေရသလိုနီးပါးပင် ဖြစ်သည်ဟု ကျွန်မ တွေးမိသည်။

ကျွန်မ၏အိမ်တွင် နေထိုင်မှုဘဝသည်လည်း ခွဲစိတ်မှုကြောင့် ထိခိုက်သွားသည်။ ကျွန်မက အိမ်တွင် ကျွန်မ၏ ခင်ပွန်း 'ရစ်ချတ်' (Richard)နှင့် အတူနေသည်။ သူက မြေတိုက်ခန်းထဲတွင် ရှေ့နေအတွက် လျှောက်လဲချက်များကို ရေးနေသည်။ သားနှစ်ယောက်ကို 'ကယ်လီဖိုးနီးယား' ရှိ သူတို့အဘိုးအဘွားများဆီ ပို့ထားသည်။ ထို့ကြောင့် အိမ်က တိတ်ဆိတ်နေသည်။ ကလေးများ၏ ရယ်မောသံများ၊ သူတို့၏ အနံ့အသက်များ၊ အထူးသဖြင့် နွေးထွေးသော ပွေ့ဖက်မှုများကို ကျွန်မ လွမ်းသည်။ ထိုအရာများ မရရှိသည့်အပြင် ကျွန်မကို ခဲရာခဲဆစ် ပြုစုစောင့်ရှောက်နေသော 'ရစ်ချတ်' (Richard)နှင့် အိမ်တွင်အတူနေသည်။ ကျွန်မနှင့် ကင်းကွာနေသော ကာလအတွင်း ကျွန်မတို့သည် စိတ်ခံစားမှုအရ တခြားစီ ဖြစ်နေခဲ့ကြသည်။ ယင်းမှာ ကျွန်မ နာမကျန်းဖြစ်နေသော ကာလအတွင်း နာကျင်စွာဖြင့် သိသာပေါ်လွင်လာသည်။ သမ္မတ၏ဆရာဝန်ကို စောင့်ရှောက်ရန်မှာ 'ရစ်ချတ်' (Richard)အတွက် မဖြစ်နိုင်သောအလုပ် ဖြစ်သည်။ ကျန်းမာရေး စောင့်ရှောက်မှုအတွေ့အကြုံ ဖျားနာသည့်လူနာ၊ သို့မဟုတ် ခွဲစိတ်ခံရပြီးလူနာကို ပြုစုသည့် အတွေ့အကြုံမရှိဘဲနှင့် ကျွန်မအား ပြုစုရသည့် စိန်ခေါ်မှုမှာ သူ့အတွက် အခက်အခဲဖြစ်သည်။ ကျွန်မ၏ ခွဲစိတ်မှုမှရသည့် နာကျင်မှုထက် ကျွန်မကို ပို၍နာကျင်စွာ ပြုစုနေရပါလားဟု တွေးမိသည့်အခါမျိုး ရှိသည်။ ကျွန်မ၏ ခင်ပွန်းသည် အိမ်တွင်းပုန်းဖခင်ဖြစ်နေ သူ၏ ဂုဏ်သိက္ခာရှိသော ဥပဒေပညာလုပ်ငန်းကို စွန့်ထားခဲ့ရပြီး ယခုစိတ်တိုလွယ်သော ဇနီးဖြစ်သူ ဆရာဝန်၏ သူနာပြုဖြစ်ရ ပြန်သည်။

အခြေအနေတစ်ခုလုံးက ကျွန်မကို နှစ်သိမ့်၍မရနိုင်ပေ။ ကျွန်မက မီသားစုအခန်း ခုတင်ပေါ်တွင်ထိုင်ကာ ဇာတ်လမ်းတွဲကို ခေါင်းမူးအောင် ကြည့်သည်။ ထို့နောက် အကိုက်အခဲပျောက်ဆေး အရှိန်ကြောင့် ကျွန်မအိပ်ပျော်သွားသည်။ လက်ချောင်းကနာကျင်မှုနှင့် ကိုယ်ခန္ဓာရှိ ထုံကျဉ်မှုက ပျောက်သွားသည်။ ဤသည်မှာ အသက်ငင်နေသည့် ကျွန်မ၏အိမ်

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရေးတွင် နှလုံးသားထဲရှိ ကြီးထွားလာသော ထုံကျဉ်မှုက အစားဝင်ရောက်လိုက်ခြင်းပင် ဖြစ်သည်။

■

'ကလင်တန်' သမ္မတသက်တမ်းတစ်လျှောက် ကျွန်မသည် အိမ်ဖြူတော်သမားတော် ဖြစ်ခဲ့သည်ဟု လူများက သိသောအခါ သူတို့ကို ကျွန်မက အများဆုံးမေးလေ့မေးထရှိသော မေးခွန်းမှာ 'ဟီလာရီကလင်တန်က ဘယ်လိုနေသလဲ' ဟူ၍ပင် ဖြစ်ပါသည်။ အိမ်ဖြူတော်တွင် အမှတ်-၁လေတပ် (Air Force One)လေယာဉ်ပေါ်တွင် အမေရိကန်ပြည်တွင်းနှင့် ပင်လယ်ရပ်ခြား ခရီးလမ်းများပေါ်တွင် ရှစ်နှစ်ကြာနေပြီးနောက် သူမနှင့်ပတ်သက်၍ ကျွန်မမှာ ခိုင်မာသော ခံစားမှုရှိသည်။ ကျွန်မ၏လူနာများကို ကျွန်မက မကြာခဏ ပြောပြလေ့ရှိသလို ကျွန်မသည် သမ္မတ၊ သမ္မတကတော်နှင့် မကျန်းမာသည့်အခါရော၊ ကျန်းမာသည့်အခါရော အတူတူရှိလိမ့်မည်။

သင်၏နာကျင်မှုကို ခံစားတတ်သည့်အတွက် 'ကလင်တန်' ကို လူသိများသည်ဟုဆိုလျှင် သူမ၏နာကျင်မှုကို ထိန်းခြားကင်းလွတ်စွာ ခံနိုင်သောကြောင့် 'ဟီလာရီကလင်တန်' လူသိများကြသည်။ သူမ၏နာကျင်မှုက ထိုတင်းကျပ်ဖိစီးသော နှစ်များအတွင်း ကြီးမားသော ဝန်ထုပ်ဝန်ပိုး ဖြစ်ခဲ့ရသည်။ မိမိ၏ ရောဂါလက္ခဏာ တသီတတန်းကြီးကို ဆရာဝန်အား အလွန်တရာ ပြောပြချင်လှသော လူနာအများစုနှင့် မတူပါဘဲ သူမ၏ မကျန်းမာမှုသည် အချိန်ဇယားအတွင်းရှိ လုပ်ဆောင်မှုများအား မထိခိုက်လျှင် 'ဟီလာရီ'တွင် နေမကောင်းဖြစ်သည့်နေ့ဆို၍ မရှိသလောက်ပင်၊ သို့တည်းမဟုတ် သူမ၏ နေထိုင်မကောင်းသည့် ခံစားမှုကို ညည်းတွားခြင်းမရှိပေ။ ကျွန်မတို့ အားကစားမှာပြောကြသလို နာကျင်အောင် ဘယ်လိုကစားရမည်ကို သူမ သိသည်။ ၁၉၉၈ ခုနှစ်၏ အလယ်ပိုင်း ရွေးကောက်ပွဲကာလအတွင်း သူ၏ခြေထောက်တွင် ဖြစ်ခဲ့သည့်ရောဂါ ခံစားရသောအခါ ယင်းကို အလေးအနက် သဘောထားရန် ကျွန်မကသူ့ကို အတင်းမရမက ပြောရသည်။ တနင်္ဂနွေ နံနက်စောစောတွင် ဖြစ်၏။ သို့သော် သိပ်တော့ မစောပေ။ သင့်တော်သောအချိန်တွင် ဖုန်းဆက်ရန် သူမသည် နာနာကျင်ကျင်နှင့် စောင့်နေခဲ့ရလိမ့်မည်။ အိမ်ဖြူတော် အော်ပရေတာ၏ဖုန်းကြောင့် ကျွန်မ နိုးသွားသည်။ သူက ကျွန်မကို သမ္မတကတော်နှင့် ဖုန်းလိုင်းချိတ်ပေးသည်။

'ကော်နီ၊ ရှင့်ကို ဒုက္ခပေးရတာ စိတ်မကောင်းပါဘူး။ ကျွန်မခြေထောက်မှာ ရောင်နေတယ်လို့ထင်တယ်'

'ဘယ်နေရာမှာ ရောင်တာလဲ'

'ခြေသလုံးကြွက်သားမှာ' သူမက ပြန်ပြောသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'အယ်တုံးက အဲဒါဖြစ်တာလဲ' ကျွန်မက စိုးရိမ်စွာဖြင့် မေးလိုက်သည်။

'မနေ့က နယူးယောက်မှာ ရန်ပုံငွေကောက်ခံရေး လုပ်နေတုန်း စဖြစ်တာ'

'ကျွန်မ စမ်းသပ်ကြည့်ဖို့ လိုလိမ့်မယ်' ကျွန်မက ပြောလိုက်ကာ အိပ်ရာမှထ၍ အဝတ်အစားလဲသည်။

'ရှင်အတွက် စနေနေ့အစောကြီး မလာစေချင်ပါဘူး' သူမက နူးညံ့စွာပြောသည်။

'မစ္စကလင်တန် ကျွန်မ ရှင့်ခြေထောက်အတွက် စိုးရိမ်တယ်။ ကားထဲမှာ အချိန်အကြာကြီးထိုင်ပြီး အပြင်မှာ လှုပ်ရှားမှုတွေလုပ်နေတာ ရှင် အခု လပေါင်းများစွာကြာပြီး ရှင့်မှာ သွေးခဲတဲ့ရောဂါဖြစ်နေတယ်'

ကျွန်မက အစိုးရိမ်ဆုံးလေသံဖြင့် သည်စကားကိုပြောသည်။ သူမကို မလန့်အောင် ကြိုးစားရသည်။ သို့သော် လည်း သင့်တော်သော အာရုံစိုက်မှုပေးရန် အလေးအနက်ပြောလိုက်သည်။

'ရှင် အဲ့ဒီလိုထင်တယ်ဆိုရင်လည်း…' သူမကပြောပြီးမှ 'ဒါပေမဲ့'ဟု ပြောပြီးမှ 'ကျွန်မ ရှင့်ကို အပေါ်ထပ်မှာ တွေ့မယ်လေ'ဟု သတိထားပြောလိုက်သည်။ ရောဂါရှာဖွေမှုမလုပ်မီ သူမ၏ အလုပ် လုပ်မရအောင် ချို့ယွင်းသည့် ကျန်းမာရေးနှင့် ပတ်သက်၍ ငြင်းချက်ထုတ်တော့မည်ကို ကျွန်မ အသေအချာသိနေသည်။

'ဟီလာရီ'၏ ရောင်ရမ်းနေသော ခြေသလုံးသားကို စမ်းသပ်ကာ အိမ်ဖြူတော်တွင် တစ်နာရီခန့် ကျွန်မရှိနေသည်။ သူမ၏သမိုင်းကြောင်းနှင့် ဤစမ်းသပ်မှုအပေါ်တွင် အခြေခံကာ သူမကို 'အာလ်ထရာဆောင်း' (Ultrasound) ရိုက်ရန် လိုအပ်သည်ဟု ကျွန်မ ခံစားမိသည်။ Bethesda ဆေးရုံသို့ဖုန်းဆက်၍ သူမ လာရောက်မည့်ကိစ္စအတွက် အသင့်ပြုလုပ် ထားရန် ကျွန်မက ပြောသောအခါ-

'အိုး… အဲဒီလောက် အရေးကြီးလို့လား' သူမကငုံ့စောင်းကြည့်ရင်း ပြောလိုက်သည်။ ကျွန်မက အပီပြင်ဆုံး ဆရာဝန်အကြည့်ဖြင့် ကြည့်လိုက်သောအခါ သူမက ကျွန်မကိုပြုံးပြကာ ဘာမှငြင်းဆိုမှု မပြုတော့ချေ။

'Bethesda' ဆေးရုံသို့ လျှို့ဝှက်လုံခြုံရေးတပ်ဖွဲ့ကား အနည်းငယ်၊ စောင့်ရှောက်ရဲကားတစ်စီးနှင့် ကျွန်မတို့ သွားကြသောအခါ အမှတ်အသားလုပ်မထားသော ကားနောက်ခန်းတွင် သူမနှင့်အတူ လာထိုင်ရန် မစ္စကလင်တန်က ကျွန်မကို ဖိတ်ခေါ်သည်။ ကျွန်မတို့ ကားဖြင့်သွားနေစဉ် လာမည့်ခရီးအစီအစဉ်များ၊ မိန့်ခွန်းများ၊ ပေးစားပြန်စာများ အပါအဝင် စာရွက်စာတမ်း တစ်ထပ်ကြီးနှင့် သူမ အလုပ်လုပ်နေသည်။ ကျွန်မတို့ခရီးသွားနေစဉ် ခရီးသည် တိုသည်ဖြစ်စေ ရှည်ဖြစ်စေ သူမသည် မှတ်စုများကို ရေးလိုက်ဖတ်လိုက်နှင့် အမြဲ အလုပ်လုပ်နေသည်သာ ဖြစ်သည်။ ဤကိစ္စဖြစ်သည်မှာ 'ကင်းစတား' (Kenstarr)က တရားစွဲဆိုမှု လုပ်ထုံးလုပ်နည်းကို ထောက်ခံလျက် သူ၏အစီရင်ခံစာကို ပေးပို့ပြီးနောက် ရက်သတ္တပတ်များအတွင်းတွင် ဖြစ်သည်။ ကျွန်မ စောင့်ကြည့်သောအခါ သူမသည် အတွင်းနက်နက်ထဲရောက်အောင်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



နာကျင်နေသည်ကို သိလိုက်သည်။ သို့သော် သူမက ဒုက္ခသည်တစ်ယောက်ဖြစ်ဖို့ ငြင်းဆိုသည်။ ယင်းတို့ပြောင်းလဲရန် အလုပ်ကိုပို၍ ပြင်းထန်စွာ လုပ်လိုက်သေးသည်။ သူမကို ကြည်ညိုလေးစားကြမှာ ဖြစ်သည်။ ကျွန်မက တကယ်ပင် လေးစားသည်။ 'Bethesda' တွင် 'အာလ်ထရာဆောင်း' (Ultrasound)က သူ၏ဒူးနောက်ရှိ သွေးကြောများအတွင်း သွေးခဲတစ်ခုကို ဖော်ပြသည်။ ကံအားလျော်စွာပင် ရေတပ်၏ လက်ထောက်တပ်မှူး ကပ္ပတိန် 'ဖရင့်စ်မက်ဂွဲယား' (Frank Maguire)က ဆေးရုံတွင် သူမ၏ စမ်းသပ်စစ်ဆေးမှုကို ကူညီလျက်ရှိနေသည်။ မက် (Mac)- Maguire သည် 'ဆင်ဒီရယ်ဂို'ရှိ ရေတပ်ဆေးရုံတွင် ကျွန်မက အလုပ်သင်ဘဝနှင့် နေထိုင်စဉ်တစ်လျှောက်လုံး ကျွန်မနှင့်အတူ ရှိခဲ့သည်။ သူသည် အဆုတ် သွေးကြောနှင့် အရေးကြီးကုသမှုများတွင် သဘော်တကျ်ခွင့် လက်မှတ်ရထားသော ထူးချွန်သည့် ဆရာဝန်ဖြစ်သည်။ ဒေါက်တာ မက်ဂွဲယား (Dr. Maguire)၏ ဆေးဘက် ဆုံးဖြတ်ချက်များကို လုပ်ဖော်လုပ်ဖက် သမားတော်များက လေးစားကြသည်။ သူမ၏ ရောင်နေသောခြေထောက်ရှိ သွေးခဲကြောင့် ဆေးရုံတက်ကုသရန် ကျွန်မတို့က ပြောသည်။ 'ဆေးရုံတက်'ဆိုသောစကားကို သူမက သဘောမကျချေ။ သူမက လမ်းပေါ်သို့ ပြန်သွားချင်သည်။ ထို့ကြောင့် ကျွန်မတို့က အဖြေတစ်မျိုး ထုတ်လိုက်ရသည်။ အသစ်ထုတ်လိုက်သည့် သွေးကျဲဆေးဖြင့် သူမကို အပြင်လူနာအဖြစ် ကုသရန် သဘောတူလိုက်ကြသည်။

ရက်အနည်းငယ်တွင် 'ဟီလာရီ'က လှုပ်ရှားမှုလမ်းကြောင်းပေါ်သို့ ပြန်ရောက်သွားသည်။ 'လူဝင်စကီး' (Lewinsky) အတင်းအဖျင်းကိစ္စနှင့် တရားစွဲဆိုမည့် ခြိမ်းခြောက်မှုများ ရှိနေစေကာမူ 'ကလင်တန်'သည် ခြောက်နှစ်မြောက် အလယ်ပိုင်းရွေးကောက်ပွဲတွင် အောက်လွှတ်တော်၌ ငါးနေရာပြန်၍ အနိုင်ရရှိသော ပထမဆုံးသမ္မတဖြစ်သည်။ ထိုအချိန်က 'ဟီလာရီ' (Hillary)၏ သွေးခဲရောဂါနှင့် ပတ်သက်၍ လူအနည်းငယ်သာ သိသည်။ သူမ အိမ်ဖြူတော်မှ ထွက်သောအခါ ထိုအကြောင်းနှင့် ပတ်သက်၍ သူမ ရေးခဲ့သည်။ သူမသည် ခြေသလုံးတွင် တကယ်ပင် နာကျင်နေသည်။ သို့သော် သူမ၏ဝန်ထမ်းများက လေ့ကျင့်ခန်းလုပ်သောကြောင့် ရောင်သည်ဟု ထင်ကြသည်။ ကျွန်မ၏ ကြွေးကြော်သံမှာ 'အနာကို သူများမမြင်စေနှင့်'ဟူ၍ဖြစ်သည်။ လှုပ်ရှားမှု လမ်းကြောင်းတွင် 'ဟီလာရီ'နှင့် အတူလိုက်ရန် အိရပ်ဝတ် ဝတ်ထားသော အမျိုးသမီး သူနာပြုတစ်ယောက်ကို တာဝန်ချပေးလိုက်သည်။ သူမသည် ဆေးကုသမှုခံနေကြောင်း လျှို့ဝှက်လုံခြုံရေးကိုလည်းပဲ ကျွန်မ သတိပေးထားသည်။ သူမ ဒဏ်ရာရလျှင် သွေးအလွန်အမင်းထွက်ခြင်းက အန္တရာယ်ရှိသော ရှုပ်ထွေးမှုကို ဖြစ်စေလိမ့်မည်။

ဤအဖြစ်ကို ကျွန်မ ပြန်ကြည့်သောအခါ ဟီလာရီကလင်တန်၏ တုံ့ပြန်မှုနှင့်ပတ်သက်၍ ကျွန်မကို အထင်အမြင်ကြီးစေသည်မှာ ခြေထောက်တွင် ခံစားရသော ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုနှင့် ပြင်းထန်ရှုပ်ထွေးသော ခြိမ်းခြောက်မှုများ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရှိလင့်ကစား သူမသည် မည်သည့်အခါမျှ မညည်းညူ၊ ဒုက္ခသည်လိုလည်း မနေ၊ အာဇာနည်လိုလည်း မနေခြင်းဖြစ်သည်။ သူမသည် မြင်းပေါ်တက်၍ အောင်ပွဲဆီသို့ မောင်းသွားသည်။ စစ်တပ်မှာဆိုလျှင် သူမသည် "တာဝန်ကို ထမ်းဆောင်လိုက်သည်" ဟူ၍ပြောမည်။ တကယ်တော့ သူမ၏ အပြုအမူကိုကြည့်ကာ ကျွန်မနှင့်ဘဝတူ စစ်အရာရှိများကို ကျွန်မ သတိရမိသည်။ သူတို့သည် နာမကျန်းဖြစ်၊ ဒဏ်ရာရထားသော်လည်း တာဝန်က ပထမလာသည် ဆိုသည့်အချက်ကို လက်ခံကာ အလုပ်ပြီးမြောက်မှုအပေါ်တွင် အားထုတ်ရန် အာရုံစိုက်ထားကြသည်။ ထို့ကြောင့် သူမကို ပုဂ္ဂိုလ်ရေးဆိုင်ရာ သို့မဟုတ် နိုင်ငံရေးဆိုင်ရာ အခက်အခဲများက မဟန့်တားနိုင်ခြင်း ဖြစ်သည်။ မဟန့်တားနိုင်သည့်အပြင် ကျွန်မတို့စစ်တပ်မှာ ပြောဆိုသလို၊ ကြီးမားသောကားချပ်၊ သို့မဟုတ် တိုင်းပြည်ကို အမှုထမ်းရာတွင်သာ အမြဲအာရုံစူးစိုက်ထားသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၁၃
## ရှုမှ လှိုင်းထန်တဲ့ ပင်လယ်

သမ္မတငါးစာ။ ယင်းမှာ သမ္မတဘေလ်ကလင်တန်ကို မျှော်လင့်တကြီးနှင့် စိတ်ဝင်စားအောင် လုပ်နေသော အရုပ်ရှုပ်ရှုပ်၊ ဆံပင်ရှည်ရှည်၊ ခပ်သွယ်သွယ် မိန်းမချောများကို ရည်ညွှန်းပြောဆိုသည့်အခါ ကျွန်မတို့ သုံးနှုန်းလေ့ရှိသော စကားဖြစ်သည်။

'သူမက လုံခြုံရေး အန္တရာယ်လား'

'ဒါလပ်စ်' (Dallas) ရန်ပုံငွေကောက်ခံမှုတစ်ခုတွင် လူအုပ်ထဲရှိ အမျိုးသမီး ကိုယ်စားလှယ်လောင်းတစ်ယောက်ကို ကျွန်မကညွှန်ပြရင်း ယောက်ျား လုံခြုံရေးအဖွဲ့ဝင်တစ်ယောက်ကို မေးလိုက်သည်။ လျှို့ဝှက်လုံခြုံရေး အလုပ်ကျခေါင်းဆောင်နှင့် ကပ်လျက် စင်မြင့်၏ဘေးတွင် ကျွန်မ မတ်တတ်ရပ်နေသော နေရာမှ သူမကို ကျွန်မချက်ချင်းလှမ်းမြင်ရသည်။ သမ္မတငါးစာမှာ ဆံပင်က ထူထူထဲထဲ၊ ရင်သားကကြီးကြီးဖြစ်သည်။ အသက်အားဖြင့် လေးဆယ်တွင်းလောက်ရှိမည်ဟု ခန့်မှန်းသော အမျိုးသမီးသည် ခွဲစိတ်ကုသနည်းဖြင့် ချောမောအရွယ်တင်အောင် ပြုပြင်ထားပုံရသည်။ ကြိုးတန်းတွင် မတ်တတ်ရပ်နေစဉ် စိတ်တွေလှုပ်ရှားကာ လက်ခုပ်လက်ဝါးတီးလျက် ခုန်ပေါက်နေရင်း သူမက ကျွန်မနှင့် မျက်လုံးချင်းဆုံမိသွားသည်။ ဤလှုပ်ရှားမှုသည် ဒီမိုကရက်တစ်နေရှင်နယ်ကော်မတီ (Democratic National Committee)အတွက် ထိုနှစ်က တောင်ဘက်ပြည်နယ်များသို့ အိမ်ဖြူတော်၏ ဝင်ရောက်ထိုးဖောက်မှုများထဲမှ တစ်ခုဖြစ်သည်။

ကြွယ်ဝချမ်းသာသော 'ဒါလပ်စ်' (Dallas)တွင် ညစာစားပွဲ၊ မိန့်ခွန်း၊ လက်ချင်း ဖျစ်ညှစ်နှုတ်ဆက် ပြုံးပြ စသည့် အလုပ်များမပါဘဲ တက်ဆက် (Texas)သို့ လည်ပတ်ခြင်း မပြီးပြည့်စုံနိုင်ပေ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဘောလ်ကလင်တန်' က မိန့်ခွန်းပြောပြီး စင်ပေါ်မှနေ၍ ကြိုးလိုင်းသို့ ဆင်းသွားသည်။ သူကြိုးတန်းဆီသို့ ချဉ်းကပ်သွားသောအခါ လူအုပ်က ကြိုးတားသောနေရာသို့ ပြုဆင်းလာသည်။ ထိုနေရာတွင် လျှို့ဝှက်ထောက်လှမ်းရေး အလုပ်ရှင်များ ကတ္တီပါကြိုးကို ခုန်ကျော်၍ ဝင်လာမည်ကို ဟန့်တားကာ နေရာယူထားကြသည်။ ဧည့်သည်က သူတို့၏ 'အော်တို' များအား လက်မှတ်ထိုးပေးစေလိုသည်ကို ကြိုသိထားသောကြောင့် ကလင်တန်၏ဝန်ထမ်းများက ကြိုးတန်းတွင် လုပ်ရမည့် ပုံစံအနေအထားသို့ အလိုလို ပြောင်းသွားကြသည်။ သမ္မတက ဧည့်သည်များကို နှုတ်ဆက်သောအခါ စာရွက်များ၊ စာအုပ်များ၊ အော်တိုစာအုပ်များအား သူ့ကိုထိုးပေးကြသည်။ သူတို့ကြည့်ရင်း၊ နှုတ်ဆက်ရင်းနှင့်ပင် ကလင်တန် ပေးသော ပစ္စည်းများကို လက်ခံယူကာ သူ၏ဘေးတွင်ကပ်နေသော ဝန်ထမ်းကို အသာအယာ ကမ်းပေးသည်။ ကြိုးတန်းတွင် နှုတ်ဆက်သည့်ကိစ္စ ပြီးသွားသောအခါ သမ္မတကို နားနေခန်းသို့ ပြန်ဆွဲခေါ်သွားကာ လက်မှတ်ထိုးရန် ပစ္စည်းများကို ပေးသည်။ ထို့နောက် ကိုယ်ရံတော်က အလွန်အံ့သြဖွယ်ကောင်းသော တိကျမှုဖြင့် လက်မှတ်ထိုးပြီးသား စာအုပ်၊ စာရွက်များကို ပိုင်ရှင်မှန်ဆီသို့ အမြန်ပြန်ပေးသည်။ ဤကိစ္စက မြန်မြန်ဆန်ဆန် ပြီးသွားကာ ထွက်ခွာရန် ပြင်ဆင်နေသော မော်တော်ယာဉ်တန်းကို သမ္မတက အတိအကျ ရောက်သွားသည်။

'လုံခြုံရေး အန္တရာယ်'

လေ့ကျင့်ထားသော အနက်ရောင်ဝတ်စုံ ဝတ်ထားသည့် လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင်က မချိုမချဉ်လုပ်၍ မေးနေသော ကျွန်မကို ပြုံးပြသည်။ ကျွန်မသည် အမေရိကန်နိုင်ငံတွင် သမ္မတက သူ့အလုပ် သူလုပ်နေသည်ကို တကယ်ပင် ကြည့်ခွင့်ရသော ဆရာဝန် အရေအတွက် အနည်းငယ်ထဲမှ တစ်ယောက်ဖြစ်သည်။ ထိုနေ့ညနေက ချမ်းသာသော တက်ဆက် (Taxas)ပြည်နယ်သား လူအုပ်ကို ရွှန်းရွှန်းဝေအောင် ပြောဆိုနေသည့် သမ္မတကို ကျွန်မ စောင့်ကြည့်နေသည်။ သူတို့က အညှို့ခံထားရသည့် မျက်နှာများနှင့် သမ္မတကို ချစ်ခင်စုံမက်စွာ ငေးကြည့်နေသည်။ မိန့်ခွန်းပြောပြီးသောအခါ တီးဝိုင်းက စိတ်တက်ကြွဖွယ်ရာ တီးခတ်လိုက်ပြီး သမ္မတက စင်မြင့်ပေါ်မှဆင်း၍ ကြိုးတန်းဆီသို့ လျှောက်သွားသည်။ သူက သူ၏လုပ်နေကျ မှော်ပညာဖြင့် ပရိသတ်ကို ပြုစားတော့သည်။ လက်ချင်းဆွဲနှုတ်ဆက်လိုက်၊ လက်ဝါးချင်းရိုက်လိုက် သူနှင့် အလှမ်း တော်တော်ကွာဝေးသော်လည်း သူ၏စက်ကွင်းထဲတွင် ရောက်နေသော လူအုပ်ထဲမှ ဧည့်သည်များကို လက်ညှိုးထိုး ပြလိုက်နှင့် လုပ်နေသည်။ အဖိုးတန် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားသော လူလတ်ပိုင်း အမျိုးသမီးတစ်စုက သမ္မတက ကြိုးတန်းတစ်လျှောက် လျှောက်၍ သူတို့ဆီလာသောအခါ ဆယ်ကျော်သက်အရွယ်များလို အော်ဟစ်ကြသည်။ ရော့ခ် (Rock)ဂီတ အဆိုတော်တစ်ယောက် လူအုပ်နှင့် တွေ့နေသည်ကို ကြည့်နေသလို ကျွန်မ ခံစားရသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် သမ္မတကလင်တန်က ကျွန်မ အလှည့်ကျလုံခြုံရေးကို ပြထားသော သမ္မတငါးစာဆီသို့ လျှောက်သွားတော့သည်။ ဒါလပ်စ် (Dallas)အချစ်တော်ကို ကြည့်ကာ ပန်းစည်းပေးရန် စောင့်နေသော အလှဘုရင်မဟောင်း ကျွန်မသတိရမိသည်။ လေးလက်မထူ ဒေါက်မြင့်ဖိနပ်နှင့် သူမသည် သမ္မတလောက် အရပ်မြင့်နေသော်လည်း သူမ၏ ယောက်ျား ဗိုက်ပူထိပ်ပြောင်ကို သူမက အပေါ်ကမိုးနေသည်။ သူမက ယောက်ျားဘေးတွင် ရှင်ရှင်ပျပျ ရပ်နေသည်။ သို့သော် သူမက သူမဆီသို့လာနေသော အရပ်ရှည်၊ ဟုတ် (Hope)မြို့သား သမ္မတကိုငေးကာ ယောက်ျားကို ဘေးချိတ် ထားသည်။ သမ္မတကလင်တန်က ထိုအလှမယ်ကို လက်ဆွဲနှုတ်ဆက်ရန် ရောက်လာသောအခါ သူမက သူမ၏လှပသော ရင်သားနှင့် သမ္မတကို ပွတ်တိုက်ကာ ရှေ့သို့ညွတ်၍ လက်ဆွဲနှုတ်ဆက်လိုက်သည်။ ကျွန်မ၏ဘေးတွင် မတ်တတ်ရပ်နေသော လုံခြုံရေးအဖွဲ့ဝင်က ကျွန်မကို တံတောင်ဆစ်နှင့်တွက်၍ တိုးတိုးပြောလိုက်သည်။

'ဒေါက်တာ··· သူမ သတ်ဖို့လာနေပြီ။ သတိထားနေ'

'လုံခြုံရေးအန္တရာယ်'က သူမ၏ခန္ဓာကိုယ်ကို သမ္မတဆီသို့ တိုးလာသည်။ သူမကရှေ့သို့ကုန်းကာ သမ္မတ၏ နားသို့ တစ်စုံတစ်ခု ပြောသောအခါ သူမ၏ ရင်သားများက သမ္မတ၏ ဘေးခြမ်းကို ပွတ်တိုက်နေသည်။ သူမ၏ လည်ဝင်းတစ်ဝိုက်တွင် မျက်လုံးချင်းဆုံမိကြကာ သမ္မတက ကျယ်လောင်စွာရယ်လျက် ခေါင်းကိုခါယမ်းသည်။ ထို့နောက် ချက်ချင်းအလုပ်ပုံစံ ပြန်ဝင်သွားကာ သမ္မတက လူတန်းထဲမှ နောက်မိန်းမချောတစ်ယောက်ဆီ လျှောက်သွားသည်။

ကျွန်မက အမျိုးသမီး၏ အပြုအမူကို အံ့သြတုန်လှုပ်စွာ ကြည့်နေမိသည်။ သူမ၏ ယောက်ျားရှေ့၊ အလှူရှင်လူအုပ်၏ရှေ့ လျှို့ဝှက်လုံခြုံရေးများ၏ မြင်ကွင်းအပြည့်ထဲတွင် သူ၏ ပြောင်ပြောင်တင်းတင်း ချစ်ခင်မှုကို လူသိရှင်ကြား ပြကွက်သည် ပေါ်ပေါ်ထင်ထင် ပလူးပလဲလုပ်ခြင်းနှင့် ပွင့်လင်းစွာ ဖြားယောင်းသည့်သဘော သက်ရောက်နေသည်။

'ကျွန်တော်ပြောတာကို ကြည့်' လုံခြုံရေးအဖွဲ့ဝင်က ကျွန်မကို ပြုံးပြသည်'

'သမ္မတငါးစာ။ သူတို့က မီးဆီကို ပိုးဖလံတွေလို အဆွဲခံနေရတယ်'

■

'ဘေလ်ကလင်တန်'၏ မိန်းကလေးများကို ဆွဲဆောင်သည်ဆိုသော ဂုဏ်သတင်းက အိမ်ဖြူတော်တွင် သူ့ထက်အရင်ကြို၍ ရောက်နှင့်နေသည်။ သူ သမ္မတလောင်းဖြစ်သောအခါ သူ၏ မိန်းကလေးသူငယ်ချင်းဟောင်းများနှင့် ပတ်သက်သော ကောလာဟလများစွာ ပေါ်ပေါက်နေသည်။ ပလေးဘွိုင် (Playboy)မဂ္ဂဇင်းတွင် တွေ့ဆုံမေးမြန်းထားသူ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



တစ်ယောက် အပါအဝင်ဖြစ်၏။ 'ကလင်တန်'က သူ၏ ပထမသက်တမ်းကို စတင်တာဝန်မထမ်းဆောင်မီ တစ်ပတ်အလို တွင် လက်ထောက်သမားတော်တစ်ယောက်က ထိုမဂ္ဂဇင်းဖတ်နေသည်ကို ကျွန်မနှင့် ပက်ပင်းတိုးသွားသည်။

'ဒီဆေးခန်းထဲမှာ ရှင် ဘာလုပ်နေတာလဲ'

လက်ထောက်သမားတော်၏ ခုံပေါ်တွင် ပြောင်လက်တောက်ပသော မဂ္ဂဇင်းကို ကျွန်မက ရွံရှာစွာနှင့် ပြောလိုက်သည်။

'ဆေးကျောင်းမှာ ခန္ဓာဗေဒကို အကုန် မသင်ခဲ့ဘူးလား'

'ဒေါက်တာ မာရီယာနို၊ ကျွန်တော်တို့ရဲ့ လူနာအသစ် (သမ္မတ)ကို ကျွန်တော် သုတေသနလုပ်နေတာပါ'

သူ၏နှုတ်ခမ်းမှ မရိုးသားသော အပြုံးနှင့်အတူ ကျွန်မကို ပြန်ပြောသည်။

သူက သူ့ကိုယ်သူ ခုခံကာကွယ်လိုက်သောအခါ ကျွန်မက ခေါင်းကိုခါသည်။

'အဲဒီပစ္စည်းကို ဆေးခန်းအပြင် ထုတ်လိုက်ပါ'

လူနာတစ်ယောက်ကို ကြည့်ရန် ကျွန်မ အပြင်ထွက်သွားတော့သလို စိတ်ဖြစ်ပေါ်လာလျက် လှည့်၍ မေးလိုက်သည်။

'အသုံးကျတာ တစ်ခုခု လေ့လာလိုက်မိသလား'

သူက အမြန်ဖြေသည်။

'အဲဒီအမျိုးသမီးက သူ့ကိုတွေ့ရင် မနေနိုင်တော့ဘူးတဲ့'

'ကျွန်မတို့ကို ပြောထားပါတယ်' ကျွန်မက သည်းမခံနိုင်စွာဖြင့် ပြောသည်။

သူက ကျွန်မကို မျက်စိမှိတ်ပြသည်။

'ခင်ပွန်းလည်း သူ့ကိုတွေ့ရင် နေနိုင်မှာမဟုတ်ဘူးလို့ ကျွန်တော်ပြောရဲတယ် ဒေါက်တာ'

ငါးစာကို ကျွန်မ မဟပ်ပါ။ သို့သော် ကလင်တန်၏ အဓိပ္ပာယ်ရှိသော ဆွဲဆောင်မှုနှင့်ပတ်သက်၍ ကျွန်မကို သူက နောက်ပြောင်စသည်ကို ကျွန်မတွင် ဘယ်လိုမှ မထိရောက်ကြောင်းပြရန် မေးခွန်းကို နောက်တစ်ခါ ထပ်မေးလိုက်သည်။

'ထပ်မေးမယ်။ အသုံးကျတာ တစ်ခုခု လေ့လာလိုက်မိသလား'

'ဟုတ်ကဲ့… လေ့လာမိလိုက်တယ်လို့ ထင်ပါတယ်'

သူက ခေါင်းကိုညိတ်ပြရင်း ပြောသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'သူက သိပ်ကံကောင်းတဲ့ လူတစ်ယောက် ဖြစ်ပုံရတယ်'

'ဒီမြို့မှာ ဒီလောက်ပဲ ကံကောင်းနိုင်တယ်' ကျွန်မက ခပ်ဆတ်ဆတ်ပြန်ပြောလိုက်သည်။

ရှေ့လာမည့်နှစ်များတွင် ကျွန်မကိုရော၊ ကျွန်မလူနာသမ္မတကိုပါ ခြောက်လှန့်နေမည့် ကြိုတင်သိမြင်နေသော အချက်ဖြစ်သည်။

■

ပထမတော့ ကျွန်မ အိပ်မက်မက်နေသည်ဟု ထင်သည်။ 'Hitchock ရုပ်ရှင်ကားထဲကလို ပြတင်းပေါက်ကို ငှက်တစ်ကောင် တဖျတ်ဖျတ် ရိုက်ခတ်နေသည်ဟု ကျွန်မထင်သည်။ ကျွန်မက ဟိုတယ်အခန်းထဲက အိပ်ရာပေါ်တွင် အပြည့်ခင်းထားသည့် အိပ်ရာခင်းထဲ၌ ခြေကုန်လက်ပန်းကျကာ လှဲနေသည်။ သို့သော် ထိုစည်းမကျဝါးမကျ တဖျတ်ဖျတ် ရိုက်ခတ်မှုသည် တကယ်တော့ နံနက်နှစ်နာရီတွင် တစ်စုံတစ်ယောက်ကနှိုးနေသေးသည်။ ဤအရာသည် အိပ်မက် ဆိုးတ်ဟူသော အဓိပ္ပာယ်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယင်းမှာ သင်္ကေတသဘောတော့ ဆောင်သည်။ ကျွန်မသည် နိုးထနေသော အိမ်မက်ဆိုးတစ်ခုနှင့် ကြုံတွေ့ရတော့မည်။

လွန်ခဲ့သောတစ်နာရီ ကျွန်မကို ထောက်ပံ့ရေးကားက ချထားသွားခဲ့သည်။ ရှေ့ပြေးနေရာ စစ်တပ်သူနာပြု ဂရက်တာ ကရာပိုလ် (Greta Krapohl) အိမ်ဖြူတော်ဝန်ထမ်းနှင့် စာနယ်ဇင်းအဖွဲ့၏ သဟဇာတမကျသော အဖွဲ့သည် သမ္မတနှင့် မိုင်အနည်းငယ်အကွာရှိ ဟိုတယ်လေးတစ်ခုတွင် ရှိနေကြသည်။ ၁၉၉၇ ခုနှစ်၊ မတ် ၁၄ရက် နံနက်တစ်နာရီခွဲရှိနေသည်။ သမ္မတကလင်တန် တောင်ဘက်မြက်ခင်းမှ 'မရင်း-၁' (Marine One)နှင့် ထွက်လာခဲ့ပြီး မိုင်ယာမီ (Miami)သို့ အမှတ်-၁လေတပ် (Air Force One)လေယာဉ်နှင့် ဆင်းသက်သည်အထိ ကျွန် မတို့သည် သူ့နောက်သို့ အနာရီကြာ လိုက်နေခဲ့ကြသည်။ 'ဖလော်ရီဒါ' (Florida) ရှိ ဂျူပီတာ (Jupitar) တွင် ဟယ်လီကော်ပတာနှင့် ဆင်းသက်ခြင်းဖြင့် ကျွန်မတို့၏ တစ်နေ့တာက အဆုံးသတ်သွားသည်။

သင့်တင့်လျောက်ပတ်လှပါပေသည်ဟု ကျွန်မ တွေးမိသည်။ ဒီနေရာသို့ 'ကလင်တန်' ရောက်ပြီး နောက်ထပ် အမှုထပ်မဖြစ်တော့သည်နှင့် သည်နေရာသည် 'ဂျူပီတာ' ဂြိုဟ်ဟု ဆိုချင်လည်းဆိုနိုင်ပါသည်။ ပြီးခဲ့သည့် နှစ်လက သူသည် ရွေးကောက်ပွဲကို အလွယ်တကူ အနိုင်ရရှိခဲ့သည်။ မတော်တရော်လုပ်သည်ဟု စွပ်စွဲမှုဖြင့် အမေရိကန်လူထုက စိတ်ဝင်စားမှုနည်းအောင် သူ၏ နိုင်ငံရေးရန်သူများက ကြိုးပမ်းကြသော်လည်း 'ကလင်တန်သည်' ရုံးတွင် သူ၏တာဝန်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်မှုအတွက် အမြင့်မားဆုံးမဲပေးနှုန်းကို ရလိုက်သေးသည်။ ပြည်တွင်းကရော၊ ပြည်ပကပါ လူအများ သူတို့၏ လေးစားကြည်ညိုမှုကို ဆက်လက်ပြသနေသည်။ 'ဂျူပီတာ' သို့ ဆင်းသက်သောအခါ 'ကလင်တန်' ယုံကြည်မှုဖြင့် ပြည့်ဝနေသည်။ သူ၏ ခရီးသွားအဖွဲ့၏ အစိတ်အပိုင်းဖြစ်သော သူ၏ဝန်ထမ်းအားလုံးနှင့် ကျွန်မတို့သည် လည်း သူ၏ အောင်မြင်မှုအရှိန်အဝါတွင် သာယာရွှင်မြူးနေကြသည်။ ဤအချက်တွင် 'ကလင်တန်' ၏ ဆရာဝန်အဖြစ် လေးနှစ်ကျော်လုပ်ပြီးနောက် သူ၏အဖွဲ့တွင် ပါဝင်ရသည်မှာ ဂုဏ်ယူဖွယ်ဖြစ်ပါသည်။ သူ ရွေးကောက်ပွဲနိုင်သောအခါ သူနှင့်သူ၏ဇနီးက ကျွန်မကို သူတို့၏ သမားတော်အဖြစ် ဆက်လက်နေထိုင်ရန် ပြောပါသည်။ စိတ်လှုပ်ရှားဖွယ်ကောင်းသော ဆေးပညာအရ ပြောပလောက်စရာ ဖြစ်မလာသော နောက်ထပ်လေးနှစ်ကို မျှော်လင့်စောင့်စားနေတော့သည်။

'ကလင်တန်' ကို ညအိပ်တည်းခိုရန် ဖိတ်ကြားထားသော ကြေးစားဂေါက်သီးရိုက်သမား 'ဂရက်နော်မန်' (Greg Norman) ၏ ခြံဝင်းအတွင်းသို့ မော်တော်ယာဉ်တန်းက ထိုးရပ်လိုက်သည်။ ရှေ့ဘက်လှေကားထစ်များပေါ်တွင် ပြုံးရွှင်နေသော 'ဘေလ်ကလင်တန်' စစ်ဘက်ကိုယ်ရံတော်၏ဘေးတွင် မတ်တပ်ရပ်လျက်သား စစ်ဘက်အိမ်ဖြူတော် သမားတော်ကို တွေ့လိုက်ရ၍ ကျွန်မ သက်သာရာရသွားသည်။ တစ်နေကုန် တာဝန်ထမ်းဆောင်ပြီးနောက် ကျွန်မ စွမ်းရည်ပြည့်ဝနေသော လူနာ 'သမ္မတ' ကဲ့သို့ မဟုတ်ပါဘဲ ကျွန်မသည် ခြေကုန်လက်ပန်းကျနေလိမ့်မည်ဟု ကျွန်မ ကြိုတင်သိနေသည်။ ကျွန်မ၏လူနာ 'သမ္မတ' ကတော့ နေ့ကုန်ဆုံးသွားသောအခါ ပို၍ပင် ကြံ့ခိုင်သန်မာလာသေးသည်။ 'နော်မန်' (Norman) ၏ ခြံဝင်းထဲတွင် ကျွန်မက ဒေါက်တာလန်း (Dr.Lang) တာဝန်ထမ်းဆောင်ရန်ခေါ်ယူ၍ သမ္မတနှင့် နီးနီးကပ်ကပ် နေခိုင်းလိုက်သည်မှာ အဓိပ္ပာယ်ရှိသွားသည်။

ဆေးအိတ်နှင့် သမ္မတကို ဒေါက်တာလန်းအား လွှဲပေးပြီးနောက် ကျွန်မက သူနာပြု 'ဂရက်တာ' (Greta) နှင့်အတူ ကားထဲသို့ဝင်ကာ ဟိုတယ်သို့သွားသည်။ ကျွန်မအခန်းရပြီး အိပ်ရာထဲတွင် မိနစ်အနည်းငယ်သာ ရှိသေးသည်။ နိမိတ်မကောင်းသော တံခါးကိုရိုက်ခတ်နေသည်ကို ကြားသောအခါ စက္ကန့် အနည်းငယ်သာရှိသလို ဖြစ်နေသည်။ မျက်မှန်တပ်မှန်ဝါးဖြင့် တံခါးဆီသို့ ခလုတ်တိုက်သွားပြီး ချောင်းကြည့်ပေါက်မှ ချောင်းကြည့်လိုက်သည်။ လွန်ခဲ့သော မိနစ်၃၀က ကောင်းသောည၊ ကောင်းသောနံနက်ပါ ကျွန်မနှုတ်ဆက်ခဲ့သော သူနာပြု 'ဂရက်တာ' (Greta) ဖြစ်နေသည်။

'ဂရက်တာ၊ ဘာဖြစ်လို့လဲ' ကျွန်မက တံခါးဖွင့်၍ မေးလိုက်သည်။

'ဒေါက်တာ... သမ္မတ ချော်လဲတယ်'

သူမ ဟော (Hall) ခန်းလမ်းကို သတိရှိရှိ ဝေ့ဝိုက်ကြည့်ရင်း ကျွန်မကို တိုးတိုးပြောသည်။ နောက်ပိုင်းမှ ကျွန်မသိရသည်။ အိမ်ဖြူတော် စာနယ်ဇင်းအဖွဲ့က ကျွန်မတို့နေသော အထပ်တွင်ရှိကြသည်။ 'ဂရက်တာ' က သူ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်ကို မကြားစေလိုပေ။

သူမ ပြောသည်ကို ကျွန်မက ဟုတ်တိုင်းမှန်စွာ ကြားလိုက်သည်မှာ ဟုတ်ရဲ့လားဟု တွေးမိသည်။

'ဘာပြောတယ်၊ 'ဂရက်တာ'... သမ္မတ ဘာဖြစ်လို့လဲ'

'သမ္မတ ချော်လဲတယ်'

သူမက ချော်လဲတယ်ဟူသော ကြိယာကို ဖိ၍ပြောသည်။ ထို့နောက် 'ဒေါက်တာလန်းနဲ့ လုံခြုံရေးအဖွဲ့က သူနဲ့အတူ ဆေးရုံကိုသွားနေကြတယ်' ဟု ထပ်ပြောသည်။

'ဘာ' ကျွန်မက ကြားဖြတ် ဝင်ပြောလိုက်သည်။

'ကျွန်မတို့ သူတို့ကို အဲဒီမှာတွေ့ရမယ်၊ ရှင့်မှာ ကားရှိသလား'

ကျွန်မက အမြန်လှည့်၍ အခန်းထဲသို့ဝင်ကာ မျက်မှန်နှင့် ပိုက်ဆံအိတ်ကို ဆွဲယူသည်။ ပိုက်ဆံအိတ်ထဲတွင် 'ဝင်ထွက်ခွင့်ရ' အိမ်ဖြူတော် ရင်ထိုးတံဆိပ် ထည့်ထားသည်။ နံရံတွင်ချိတ်ထားသော 'ဂျက်ကက်'အင်္ကျီကို ဆွဲယူ၊ ကော်လာတွင် ရင်ထိုး 'ပင်' ကို အားဖြင့် စိုက်ထိုးလိုက်ရာ ကျွန်မ၏လက်ချောင်းကို ထိမိသွားသည်။ သွေးစက်များက ချက်လာသည်။ သွေးထွက်နေသော လက်ချောင်းကို အင်္ကျီနံဘေးနှင့် ပွတ်တိုက်သည်။ လက်ကိုင်ဖုန်းက မြည်လာသည်။ ဒေါက်တာလန်း (Dr.Lang) ထံမှ ဖုန်းဖြစ်သည်။

'ကော်နီ၊ ကျွန်တော်တို့ 'ဝက်စ်ပန်းဘိချ်' (West Palm Beach) မှာရှိတဲ့ စိန့်မေရီဆေးရုံ (St.Mary Hospital) ကို သွားနေတဲ့ လမ်းမှာရှိတယ်' သူက တည်တည်ငြိမ်ငြိမ် အစီရင်ခံသည်။

'သမ္မတက နော်မန် (Norman) ရဲ့ အိမ်လှေကားက ဆင်းလာတဲ့အခါ သူ့ရဲ့ ပေါင်ထိပ်ကြွက်သားက ဖြတ်သွားတယ်လို့ ခံစားလိုက်ရတယ်တဲ့။ ကျွန်တော်တော့ ကြွက်သားက ဆိုးဆိုးရွားရွား စုတ်ပြတ်သွားတယ်လို့ ထင်တယ်'

'သူ တော်တော်နာနေလား' ကျွန်မက 'ဘောလ်ကလင်တန်' ၏ နာကျင်မှုကို ကြိုးစားခံစားကြည့်ရင်း မေးလိုက်သည်။

ကျွန်မလူနာက နာကျင်မှုကို ခံစားနေသည်။ ကျွန်မက သူ့ကိုစောင့်ရှောက်ရန် ထိုနေရာတွင် မရှိပေ။ ဒေါက်တာလန်း (Dr.Lang) သည် ကျွန်မတို့၏ အငယ်တန်းသမားတော် ဖြစ်သည်။ အဆိုးရွားဆုံး အခြေအနေများအတွက် သူ့ကို လေ့ကျင့်ထားသော်လည်း ကျွန်မသည် ကျွန်မလူနာနှင့်အတူ မရှိသည်ကို အပြစ်ရှိသည်ဟု ခံစားရုံမှလွဲ၍ ကျွန်မ ဘာမျှ တတ်နိုင်ပေ။

'ဟုတ်ကဲ့... သူ တော်တော်လေး နာနေပါတယ်' 'လန်း' က ဝန်ခံသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့၊ ကျွန်တော်တို့ သူ့ခြေထောက်ကို လှုပ်ရှားလို့မရအောင် လုပ်ထားတော့ သူ အများကြီးသက်သာလာပါတယ်။ ကျွန်တော်တို့ သူ့ကို လူနာတင်ကားပေါ်တင်ပြီး ထွက်သွားရုံကလွဲလို့ ရွေးချယ်စရာ မရှိပါဘူး။ ကျွန်တော်တို့ ခြံဝင်းထဲကထွက်တာ ဘယ်လောက်မြန်သလဲဆိုရင် စာနယ်ဇင်းသမားတွေ နည်းနည်းမှ မရိပ်မိလိုက်ပါဘူး'

'ရှင်တို့က ဆေးရုံနဲ့ ဘယ်လောက်ဝေးဝေးမှာ ရှိသလဲ'

ကျွန်မက နာရီကိုကြည့်ရင်း မေးလိုက်သည်။

'၄၅မိနစ်လောက်' 'လန်း'က ခန့်မှန်းသည်။

'အရေးပေါ်အခန်းထဲမှာ ဆုံကြမယ်'

အခြေအနေကို ပြန်စဉ်းစားရင်း ကျွန်မက ခဏကြာ ငြိမ်ငြိမ်ထိုင်နေသည်။ ရုပ်ပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးမှု မလုပ်ဘဲနှင့် ဒဏ်ရာကို ခန့်မှန်းဖို့ခက်ခဲသည်။ အသက်အန္တရာယ်ကို ထိခိုက်သော ဒဏ်ရာမျိုးမဟုတ်သည်က တော်သေးသည်။ သို့သော် ကျွန်မက ဆေးရုံကိုရောက်ဖို့ စိတ်စောနေသည်။

'ဂရက်တာ'-ကားကို ဒီထက် ပိုမြန်မြန် မမောင်းနိုင်ဘူးလား'

လုံခြုံရေးအဖွဲ့ဝင်များကို သယ်ဆောင်သွားသော ကား၏နောက်မှလိုက်ရင်း ကျွန်မက စိတ်မရှည်စွာဖြင့် မေးလိုက်သည်။ ကားပေါ်တွင် အနီရောင်ရဲတပ်ဖွဲ့ မီးပါသည်။ လုံခြုံရေးအဖွဲ့ဝင်များ၏ ကားနောက်မှနေ၍ ကျွန်မတို့သည် 'ဝက်စ်ပန်းဘီချ်' (West Palm Beach) သို့ ပြည်နယ်နှစ်ခုကြား လမ်းမကြီးပေါ်တွင် သွားနေကြသည်။

'ဒေါက်တာ၊ လုံခြုံရေးအဖွဲ့ဝင်တွေရဲ့ ကားထက်ပိုမြန်အောင် ကျွန်မ မမောင်းနိုင်ဘူး' သူမက ပြန်ပြောသည်။

'ဂရက်တာ'သည် ငြိမ်သက်၍ တင်းမာနေသည်။ ကျွန်မ၏စိုးရိမ်မှုက ဘာမျှမတက်နိုင်ချေ။ ဤခရီးသည် သူမ၏ ပထမဆုံး ရှေ့ပြေးအခေါက်များထဲမှ တစ်ခေါက်ဖြစ်သည်။ ကျွန်မတို့နှစ်ယောက်စလုံး မအိပ်ရသေး။ နောက်ထပ်နာရီပေါင်းများစွာ မအိပ်ဘဲနေရဦးမည်။

'တောင်းပန်ပါတယ်။ ကျွန်မက သမ္မတထက်အရင် အဲဒီကို ရောက်ချင်လို့ပါ'

သူမက အရှိန်ကိုမြှင့်လိုက်ပြီး ရှေ့ကားနှင့်ပိုနီးအောင် မောင်းလိုက်သည်။ ရှေ့ကားကလည်း သိသွားပြီး အရှိန်မြှင့်လိုက်သည်။

သမ္မတသည် ထိုမျှလောက် တကယ်ပင် ဆိုးဆိုးရွားရွား နာကျင်သည်ဟုဆိုလျှင် ခွဲစိတ်ကုသရမည့် အခြေအနေမျိုး ဖြစ်သည်။ ကျွန်မက အာရုံစူးစိုက်ထားပြီး တည်ငြိမ်ဖို့လိုသည်။ လမ်းတစ်လျှောက် ကျွန်မတို့ကားက အရှိန်ဖြင့်သွားနေစဉ် ကျွန်မက ပြန်လည်သုံးသပ်ကာ စိတ်ကိုငြိမ်အောင် ကြိုးစားသည်။ လုံခြုံရေးအဖွဲ့ကားပေါ်မှ ရဲတပ်ဖွဲ့ အနီရောင်မီးတို့

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတာ ကျွန်မ အိပ်ချင်စိတ်ပေါက်လာသည်။

သမ္မတ ချော်လဲသည်။ ယင်းတို့မှာ ဤအိပ်မက်ဆိုး၏ အစတွင် 'ဂရက်တာ' (Greta) ပြောသော စကားများ ဖြစ်သည်။ ပြန်စဉ်းစားကြည့်လျှင် 'ရိုဟ်စပီးယား'၏ ဂျူးလီးယက်ဆီဇာပြဇာတ်မှ စကားတစ်ခွန်းနှင့် တူသည်။ ဤအချိန်မှာတော့ ဤအိပ်မက် နေရာသတ်မှတ်လို့ရပြီ။ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာနှင့် ကျွန်မလူနာ၏ ပြန်လည်ကျန်းမာမှုကို သီးသန့်ဖော်ညွှန်းသည်။ သို့သော် တကယ့်ဒဏ်ရာက ပို၍ပြင်းထန်ပြီး ကြီးမားသော ဆိုးကျိုးကို ခံစားရမည်ဖြစ်သည်။

■

'ဒေါက်တာ မာရီယာနို ကျွန်တော်တို့ စိန့်မေရီဆေးရုံ (St. Mary Hospital) ကိုရောက်ဖို့ ငါးမိနစ်လောက်ပဲ လိုတော့တယ်။ တစ်နာရီ ၇၅ မိုင်းနှုန်းဖြင့် မောင်းနေသောကားထဲတွင် နေ့ခင်းကြောင်တောင် အိပ်မက်မက်နေသော ကျွန်မက 'ဂရက်တာ'၏ အသံကြောင့် လန့်နိုးသွားသည်။ မိုးရေစိုနေသော လမ်းတစ်လျှောက်ဝယ်၊ သုံးဆယ့်ငါးမိနစ်ကြာ ကားမောင်းနေစဉ်အတွင်း ကျွန်မ အိပ်ပျော်သွားခဲ့သလားဟု မျက်စိကို ပုတ်ခတ်ပုတ်ခတ်လုပ်၍ စဉ်းစားရသည်။

အရေးပေါ်အခန်းဝင်လမ်းကို ကာထားသော ဒေသခံရဲတပ်ဖွဲ့ဝင်က ကျွန်မတို့ကို ဝင်ခွင့်ပြုသည်။ ဦးဆောင်သွားသောကားမှ လုံခြုံရေးအဖွဲ့ဝင်က ကျွန်မတို့ကိုညွှန်ပြပြီး ကျွန်မတို့၏ ဝင်ခွင့်ထွက်ခွင့်ရ ရင်ထိုးတံဆိပ်ကို မြင်သွားသောကြောင့် ဖြစ်သည်။ ကျွန်မက ကားထဲကခုန်ထွက်ကာ အရေးပေါ်အခန်းထဲသို့ အမြန်သွားနေသော လုံခြုံရေးအဖွဲ့များနှင့်အတူ အပ်လိုက်သွားသည်။ 'ဂရက်တာ'က ကျွန်မတို့မရောက်မီ သုံးရက်အလိုက ရှေ့ပြေးခရီးစဉ် လုပ်ဆောင်မှုများကို ဤဆေးရုံတွင် ကြိုတင်လုပ်ထားသောကြောင့် သူမက ဆေးရုံဝန်ထမ်းများနှင့် ဆေးရုံ၏အနေအထားကို ရင်းနှီးနေသည်။ ဒဏ်ရာကုသရေးအဖွဲ့က သေနတ်ဒဏ်ရာရထားသော လူနာကိုငြိမ်သက်အောင် လုပ်ရာမှ ပြီးခါစဖြစ်သည်။ ကျွန်မ၏လူနာက ဤကဲ့သို့သော ဒဏ်ရာမရသည်ကို ကျွန်မ၏ ကိုယ်တွင်းတစ်နေရာမှ ကျေးဇူးတင်နေမိသည်။ စုတ်ပြဲသွားသော ကြွက်သားများက နာကျင်၍ လူကို အားနည်းစေသည်။ သို့သော် ယင်းမှာ အရင်သမ္မတများ ခံစားခဲ့သည့် ဒဏ်ရာဖြစ်သော ရင်ဘတ်၊ သို့မဟုတ် ခေါင်းရှိ သေနတ်ဒဏ်ရာမျိုး မဟုတ်ပေ။

'ဒဏ်ရာ ကုသရေးအဖွဲ့ကို ကျွန်မတို့ မလိုပါဘူး'

ကျွန်မက သူနာပြုကြီးကြပ်ရေးမှူးကို ပြောလိုက်သည်။ သူမက ကျွန်မ၏ဆုံးဖြတ်ချက်ကြောင့် သက်သာရာရသွားသည်။ ဒဏ်ရာကုသရေးအဖွဲ့ကို သမ္မတအတွက် သုံးမည့်အစား၊ ထိုအမှတ်မထင်ရောက်သွားသော သမ္မတ၏

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နေထိုင်မှုအဆောအအတွင်း အသက်အန္တရာယ် စိုးရိမ်ရသော လူနာများအတွက် သုံးလိမ့်မည်။

'ဒီမနက် ကျွန်မတို့ လိုတာတွေကတော့ အမ်အာအိုင်စကင်နာ (MRI Scanner)နဲ့ ကြွက်သားမျှင် ခွဲစိတ်ဆရာ ပဲ'

သူမ၏ အရေးပေါ်အခန်းထဲတွင် နံနက်စောစော အနက်ရောင်ဝတ်စုံနှင့် ယောကျ်ားများဖြင့် ပြည့်နေသော်လည်း သူနာပြုကြီးကြပ်ရေးမှူးက ဖော်ဖော်ရွေရွေနှင့် အားကြိုမာန်တက်ရှိလှသည်။

'ရှင့်လူနာအတွက် အဲဒီနှစ်မျိုးစလုံးကို ကျွန်မတို့ အသင့်လုပ်ထားပါ့မယ်'

မီးရောင်များမလက်ဘဲ လူနာတင်ကားက ရောက်လာသည်။ သာမန်သေတ္တာပုံစံရှိ ကားလေးသည် အဝင်လမ်း မောင်းလာပြီး ရပ်လိုက်သည်။ ကမ္ဘာ့ခေါင်းဆောင်နှင့်လျော်ညီသည့် အခမ်းအနားမရှိပါဘဲ လမ်းတစ်ဖက်တစ်ချက်တွင် အနက်ရောင် စူဘာတင်အက်စ်ယူဗွီ (Suberban SUV)များသာလျှင် ရှိသည်။ ကျွန်မက ကားနောက်ဘက်သို့သွားလိုက်ပြီး ဒေါက်တာလန်း (Dr. Lang)က ပြုံးပြုံးကြီးလုပ်ကာ ခုန်ထွက်လာသည်။ သူ၏ ပျော်ပျော်ရွှင်ရွှင်နေတတ်သော သဘော ကြောင့် ကျွန်မ တစ်ခါတလေ လန့်သွားတတ်သည်။ အထူးသဖြင့် အိပ်ရေးပျက်နေပြီး နောက်ထပ်ရှေ့မှာ ရက်ပေါင်းများစွာ နေမည်ဟုသိသော အချိန်အခါမျိုးတွင် ကျွန်မ လန့်မိသည်။

'ဟောဒီမှာ ခင်ဗျား… လူနာ'

သူက ကားနောက်ပိုင်းကို ညွှန်ပြသည်။

'သမ္မတနော်'

ကျွန်မက သူ့ကိုသတိပေးလိုက်သည်။

'ရှင်ကတော့ ရှင့်ရဲ့တိမ်မည်းတွေ (ပြဿနာ)တွေကို စတင်ဖွံ့ဖြိုးအောင် လုပ်နေပြီ'

သူက စိတ်မချမ်းမသာဖြင့် အသိအမှတ်ပြုကာ ခေါင်းယမ်းသည်။ ကျွန်မက သူ့ပခုံးပေါ်သို့ လက်တင်လိုက် သည်။

'ကျွန်မ သမ္မတနဲ့ စကားပြောပါရစေ။ ပြီးမှ သူ့ကို အရေးပေါ်အခန်းထဲ ပို့ကြတာပေါ့'

လူနာတင်ကား၏ နောက်ဘက်တံခါးကို ဖွင့်ကာ၊ အထဲသို့ခေါင်းငုံ့၍ ကျွန်မ ဝင်လိုက်သည်။ သမ္မတ ကျွန်မနှင့် မျက်နှာချင်းဆိုင်လျက် ဘီးတပ်တွန်းလှည်းပေါ်တွင် ထိုင်နေသည်။

သူက ကျွန်မသိခဲ့သော 'ဘေလ်ကလင်တန်'နှင့် မတူတော့ပေ။ သူ့မျက်လုံးထဲရှိ တဖျတ်ဖျတ်တောက်နေမှု ထိတ်လန့်၍ ကြောက်ရွံ့နီးပါးဖြစ်နေသည့် အကြည့်က အစားထိုး ဝင်ရောက်နေသည်။ ပါးစပ်က ရှုံ့မဲ့နေသည်၊ သူသည်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဩဇာအာဏာကြီးမားသော ကမ္ဘာ့ခေါင်းဆောင်ကြီးနှင့် မတူပေ။ တွယ်ရာမဲ့ ကလေးဆန်ဆန် ကြောက်ရွံ့ထိတ်လန့်သည့် အသွင်ပေါက်နေသည်။

'ကော်နီ၊ ဒီလိုဖြစ်ရတာ စိတ်မကောင်းပါဘူး' သူက စတင်ပြောသည်။

စံနမူနာတင်ထိုက်ပါပေ 'ဘေလ်ကလင်တန်'။ သူ၏ မလွှဲမရှောင်သာဖြစ်ရသည့် ဒဏ်ရာနှင့် ကျွန်မတို့အပေါ် ထိခိုက်သက်ရောက်မှုအတွက် တောင်းပန်နေသည်။

'သမ္မတကြီးရှင့်၊ နာနေပါသလား' ကျွန်မက သူ့လက်မောင်းကို ထိလိုက်သည်။

'နည်းနည်းလေးပါ' သူက သိပ်အရေးမကြီးသည့်သဘော လက်ဖြင့်ပြရင်း ပြောသည်။

ကျွန်မ၏ ဘေးခုံပေါ်မှစောင်ကိုယူကာ သူ့ရင်ဘတ်နှင့် ခြေထောက်များကို နွေးထွေးအောင် လွှမ်းပေးလိုက်သည်။

'ကျွန်မတို့သမ္မတကြီးကို အရေးပေါ်အခန်းထဲ ရောက်အောင် ဘီးတပ်လှည်းနဲ့ တွန်းခေါ်သွားမယ်။ သမ္မတကြီးကို ကြည့်ဖို့ အကြောအမျှင် ခွဲစိတ်ဆရာဝန်ခေါ်ထားတယ်။ ခြေထောက်ကို အမ်အာအက်စ်စကင် (MRS Scan)ရိုက်ကြည့်ဖို့ ဆိုပါလိမ့်မယ်။

'သမ္မတကြီး ခွဲစိတ်ကုသဖို့ လိုပါလိမ့်မယ်'

'ကလင်တန်'က ညည်းညူသည်။

'ဒုက္ခပဲ၊ ဒီမနက် ကျောင်းတစ်ကျောင်းကို ကျွန်တော်သွားရမှာ၊ ကလေးတွေက စိတ်ပျက်တော့မယ်'

'သူတို့ နားလည်ကြပါလိမ့်မယ်' ကျွန်မက သူ့ကို အလေးထားပြောလိုက်ပါသည်။ တံခါးပွင့်လာပြီး ဒေါက်တာ 'လန်း' (Dr. Lang)နှင့် သူ့လုံခြုံရေးအဖွဲ့ ရောက်လာကာ သူ၏ ဘီးတပ်လှည်းကို အေးစက်၍မှောင်မည်းသော လေထုထဲသို့ ခေါ်သွားသည်။

ဆေးရုံထဲတွင် ကျွန်မက သူ့နောက်ကိုလိုက်သွားသည်။ သူ့ကို နောက်ထပ်သုံးရက်ကြာအောင် မထားခဲ့ပါ။ ကျွန်မတို့ ထိုနေ့နံနက် အင်ဒရူး (Andrews) လေတပ်အခြေစိုက်စခန်းကို ပြန်ခဲ့ကြသည်။ ထိုနေ့နေ့လယ်တွင် 'ကလင်တန်' က ခွဲစိတ်ကုသမှု ခံယူသည်။ (Bethesda) ရေတပ်ဆေးရုံတွင် နောက်ထပ် ရက်အနည်းငယ် နေရသည်။

ခွဲစိတ်ကုသနေစဉ်တွင် အထွေထွေမေ့ဆေးအစား ကျောရိုးဆစ်ဆိုင်ရာ မေ့ဆေးကိုပေးသည်။ ယင်းက နှစ်ဆယ့်ငါး မြောက်လည်ပြင်ဆင်ချက် ဥပဒေ (Twenty Fifth Amendment)လိုပေလိမ့်မည်။ ခွဲစိတ်နေစဉ်အတွင်း သူကနိုးကြားပြီး အခန်းကျင်ကို သိနေလိုသည်။ ခွဲစိတ်ခန်းထဲတွင် ကျေးလက်အနောက်တိုင်း ဂီတကို ဖွင့်ပေးထားသည်။ လုပ်ထုံးလုပ်နည်း အစ်လျှောက်လုံး ကျွန်မက သူ့ဘေးမှာထိုင်၍ စကားပြောသည်။ သူက ခွဲစိတ်ဆရာဝန်၊ မေ့ဆေးဆရာဝန်နှင့် ခွဲစိတ်နေစဉ်

www.burmeseclassic.com
bookhouse

www.burmeseclassic.com



**အတွင်း ရယ်စရာများ** ပြောမည်။ ခွဲစိတ်ခန်းထဲရှိ အနေအထားကို ပေါ့ပေါ့ပါးပါး ဖြစ်စေရန်ဖြစ်သည်။

ခွဲစိတ်မှုနှင့် ဆေးရုံတက်နေစဉ် ကာလတစ်လျှောက် 'ကလင်တန်'က သူတော်စဉ်တစ်ပါး နီးပါးအဖြစ် ကင်းစင်နေသည်။ ဒဏ်ရာရ လူနာတစ်ယောက်အနေနှင့် သမ္မတက ကျွန်မ မျှော်လင့်မထားခဲ့သည့် ကလေးငယ်လို ပြုသမျှနုရမည့် အခြေပုံစံမျိုး ပြနေသည်။ သို့သော် ကျွန်မ အံ့ဩမိသည်မှာ ကျွန်မလူနာ၏ဒဏ်ရာကို ကျွန်မ၏တုံ့ပြန်မှုပင် ဖြစ်သည်။ ကျွန်မသည် သူ့ကို ကာကွယ်စောင့်ရှောက်မှု ပေးနေသည်။ ကြက်မိခင်ကြီးက ကြက်သားပေါက်ကို စောင့်ရှောက်သကဲ့သို့ ဖြစ်သည်။ ကျွန်မက သူ့ဝန်ထမ်းများနှင့် ခေါင်းချင်းရိုက်သည်။ ခွဲစိတ်မှုပြီးနောက် ရက်သတ္တပတ်များတွင် သူ၏အစီအစဉ်များကို သူ့ဝန်ထမ်းများက ပိုပိုမိုမို ရေးဆွဲထားကြသည်။ သူ့ခြေထောက်ရှိ ဒဏ်ရာထိခိုက်၍ သူ့ကိုမောပန်းစေမည့် လှုပ်ရှားမှုများ၊ သူ၏အကြံပေးများက သူ့အားပါဝင်ရန် ကြိုးစားသောအခါ ကျွန်မက သမ္မတကတော်၏ အမည်ကို ရေရွတ်ရသည်။ ဝန်ထမ်းများက သင့်အားနားထောင်ရန် ငြင်းဆန်ကြလျှင် သမ္မတကတော်ဆီကို တိုက်ရိုက်သွား၍ ထောက်ခံမှုကို ယူဆိုသည့် စကားကို အိမ်ဖြူတော်ဆရာဝန်အားလုံး သိကြသည်။

'ကျွန်မ ဒီအကြောင်းကို မစ္စကလင်တန်ကို သွားပြောလိုက်မယ်'ဟု အိမ်ဖြူတော်ဝန်ထမ်းများကို ကျွန်မ ပြောလိုက်သည်နှင့် ပြဿနာက ကြီးသွားသည်။

မတ်လ ၁၅ရက်နေ့ စောစော Bethesda ရှိ သမ္မတအခန်းထဲသို့ ကျွန်မ ဖြည်းညင်းစွာ ဝင်သွားသည်။ 'ဂရက်တာ' (Greta)က ကျွန်မ၏တံခါးကိုခေါက်၍ သမ္မတချော်လဲသည်ဟု ပြောသော အချိန်မှစ၍ ယခုအချိန်အထိ နှစ်ဆယ့်လေးနာရီနီးပါး ရှိပေပြီ။ သမ္မတကလင်တန်သည် ငြိမ်းချမ်းစွာ တခေါခေါဟောက်လျက် အိပ်ပျော်နေသည်။ နလုံးခုန်နှုန်းပြစက်က သူ၏ပုံမှန်သွေးခုန်နှုန်း တစ်မိနစ် ငါးဆယ့်ငါးကြိမ်ကိုပြလျက် အသံမြည်နေသည်။ ခွဲစိတ်ကုသမှု ပြီးသွားသည်ကို ကျွန်မက သက်ပြင်းချ၍ သက်သာရာရသွားသည်။ ထုထုထောင်ထောင် ပြန်ဖြစ်ရန် ရက်သတ္တပတ်ပေါင်း များစွာ၊ လပေါင်းများစွာ လိုသေးသည်။ သူ့အိပ်ရာဘေးမှ ခမ်းမလမ်းထဲရှိ ကျွန်မ တာဝန်ကျအခန်းထဲသို့ မကူးမီကလေးတွင် သူ့ပခုံးပေါ်မှ စောင်လျှောကျနေသည်ကို ကျွန်မသတိပြုမိသည်။ စောင်ကို အသာဆွဲမစဉ် ကျွန်မသားနှစ်ယောက်အကြောင်း ကို တွေးမိသည်။ သူတို့နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်ကို စောင့်ကြည့်လျက် သူတို့ အိပ်ရာဘေးမှ မရှိခဲ့သည်မှာ ကြာလှချေပြီ။ ကျွန်မ၏မျက်ကွယ်မှုကို တစ်နေ့ သူတို့နားလည်လိမ့်မည်။ ကျွန်မမှာ ထမ်းဆောင်စရာ တာဝန်၊ ထိန်းသိမ်း ရန် တခြား အမေတစ်ယောက်၏ ကတိရှိသည်ကို သူတို့ တစ်နေ့တွင် နားလည်လာလိမ့်မည်ဟု မျှော်လင့်သည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဆေးပညာနယ်ပယ်တွင် အစဉ်အဆက်ပြောနေကျ ဟာသတစ်ခုရှိသည်။ ခွဲစိတ်မှုက အောင်မြင်သည်။ သို့သော် လူနာက သေသည်။ 'ဘေလ်ကလင်တန်' ၏အဖြစ်တွင် သူက ခွဲစိတ်မှုကို အောင်မြင်စွာ ဖြတ်သန်းရှင်သန်ခဲ့သည်။ သို့သော် နောက်ပိုင်းလများတွင် နိုင်ငံရေးဆိုင်ရာ သေလောက်သည့် အတွေ့အကြုံများကို ခံစားရသည်။ သမ္မတက ချိုင်းထောက်နှင့် လမ်းလျှောက်နေပြီး ညာဘက်ခြေထောက်ကို ပြန်သုံးလို့ရရန် တစ်နေ့နှစ်ကြိမ် ကိုယ်ခန္ဓာပိုင်းဆိုင်ရာ ကုသမှု ခံယူနေသောအခါ သူ၏ဂုဏ်သတင်းကို ဖျက်ဆီးရန် သူ၏ရန်သူများက ထိခိုက်သော လှုပ်ရှားမှုများ လုပ်ဖို့ သူ၏ အားနည်းသော အခြေအနေကို အခွင့်ကောင်းယူကြသည်။

သမ္မတနှင့် ပတ်သက်သော စာနယ်ဇင်းသတင်းများ၏ လေသံတွင် ထိတ်လန့်ဖွယ်ရာ ပြောင်းလဲမှုကို ကျွန်မ သတိထားလာမိသည်။ ၁၉၉၃ ခု ဘဲဥပုံရုံးခန်းသို့ ဝင်လာရာတွင် သူ့ကို ကြိုဆိုနှုတ်ဆက်သော စာနယ်ဇင်း အချစ်ဇာတ်လမ်းများကို သူ မပျော်ပိုက်တော့ပေ။ ယင်း၏အစား ဝှိုက်ဝါးတား (White Water)ကို ပါဝင် ပတ်သက်စေသည့် သိက္ခာကျဖွယ် အခြားမိန်းမများနှင့် ပတ်သက်သော အကြောင်းများကို စာနယ်ဇင်းတွင် ကျွန်မကြားနေသည်။ သမ္မတနှင့် သမ္မတကတော်တို့ကိုစုံစမ်းရန် ခန့်အပ်ထားသော လွတ်လပ်သောကောင်စီ (Consel)၏ ကောလာဟလများကိုလည်း ကြားနေရသည်။

ပြန်လည်ရွေးကောက်ပွဲ လှုပ်ရှားမှုအတွင်း ဒဏ်ရာမရမီတောင်မှပင် ရိုးသားမှုဟူသော ပြဿနာနှင့်ပတ်သက်၍ ကောလာဟလများ ပေါ်ထွက်နေသည်။ ဤကိစ္စများကို ကျွန်မက ပုံစံတကျ စာရိတ္တဆိုင်ရာလုပ်ကြံမှုနှင့် အိမ်ဖြူတော်တွင် ကျွန်မကိုယ်တိုင် မျက်မြင်ကြုံတွေ့ရသော စွပ်စွဲမှုများအနေနှင့် ပစ်ပယ်ထားသည်။

ခွဲစိတ်ကုသမှုကတောင်မှ ကလင်တန်ကို နှေးကွေးအောင် မလုပ်နိုင်ပါ။ သူ၏ အကြောမျှင်များကို ပြုပြင်ပြီး သုံးရက်အကြာတွင် ရုရှားသမ္မတ ဘောရစ်ယဲ့ဆင် (Boris Yeltsin)နှင့်တွေ့ရန် အမှတ်-၁လေတပ် (Air Force One) လေယာဉ်နှင့် Helsink သို့သွားရာ လမ်းကြောင်းပေါ်တွင် ရောက်နေသည်။

'သမ္မတကြီးရှင့်၊ ဒီခရီးစဉ်ကိုရွှေ့ဆိုင်းဖို့ ကျွန်မ အခိုင်အမာ တိုက်တွန်းပါတယ်။ အခုမှ ခွဲစိတ်ပြီးခါစပဲ ရှိသေးတယ်။ ခြေထောက်က ကိုယ်အလေးချိန်ကို မခံနိုင်သေးပါဘူး'

ခွေးခြေပေါ်တွင် ဒူးကိုတင်လျက် သူကထိုင်နေစဉ် သူနေထိုင်ရာ ဒုတိယထပ်၌ ကျွန်မက သူ့ကို တောင်းတောင်းပန်ပန် ပြောလိုက်သည်။ ယင်းမှာ ကျွန်မတို့မထွက်ခွာမီ တစ်ရက်တွင်ဖြစ်သည်။

'ဆောရီးပဲ။ ကျွန်တော် ယဲ့ဆင်ကိုတွေ့ဖို့ လိုအပ်တယ်။ အဲဒါဖြစ်အောင် လုပ်ပေးပါ' သမ္မတက အမိန့်ပေးသည်။

ကျွန်မကို ထောက်ခံပေးရန် ခါတိုင်းလို ကျန်းမာရေးရှေ့နေ မရှိချေ။ 'ဟီလာရီ' နှင့် 'ချဲလ်ဆီး' က အိမ်ဖြူတော်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တွင် ချီးပေး သူက အာဖရိကတိုက်သို့ နှစ်ပတ်ကြာ ခရီးထွက်သွားသည်။ ထိုခရီးကို လပေါင်းများစွာ ကြိုတင်ပြင်ဆင်ထား ခဲ့သော ခရီးဖြစ်သည်။ Bethesda တွင် သမ္မတ ဆေးရုံတက်နေသောကြောင့် နှစ်ရက်နောက်ကျပြီးမှ သူတို့ထွက်သွား သည်။

သမ္မတက အိမ်ပြန်ဖို့ အခြေအနေကောင်းသွားသောအခါ သမ္မတကတော်က ကျွန်မကို သမ္မတ၏ အခန်းဝစောင့်နှင့် ကျန်းမာရေးအဆောင်မှူးအဖြစ် အမှတ်တမဲ့ ထားရစ်ခဲ့သည်။

'ဝန်ထမ်းတွေက ရှင့်ကို ဘယ်လိုပြုသနာမျိုးပဲ ရှာရှာ၊ ကျွန်မဆီ ဖုန်းဆက်ပါ'

သမ္မတကတော်က 'အင်ဒရူး' (Andrews)သို့ မော်တော်ယာဉ်တန်းနှင့် သွားခါနီး တံခါးအထွက်တွင် ကျွန်မကို ထိုသို့ပြောသွားသည်။

'အဲဒီအထဲမှာ သမ္မတကြီးရောပါလား'

ကျွန်မ၏ အခက်အခဲဆုံးအလုပ်မှာ သူ့ကိုလုပ်ရှားမှု အကန့်အသတ်အတွင်း ညည်းညည်းညူညူနှင့် ဆေးပညာ နည်းဖြင့် ထိန်းသိမ်းထားရန်ဖြစ်ကြောင်း သဘောပေါက်သောကြောင့် မေးလိုက်ခြင်းဖြစ်သည်။

ဟဲဆင်ကီ (Helsinki)သို့ သွားသောခရီးမှာ သမ္မတအတွက် နာကျင်ခက်ခဲလှသည်။ ယဲ့ဆင် (Yeltsin)နှင့် တွေ့ဆုံမှု တစ်လျှောက်လုံး သူက ဘီးတပ်ကုလားထိုင်နှင့် ထိုင်သည်။ သူ၏ ရှုရှားခွေးနွေးဖက်ကို မတ်တတ်ရပ်၍ မ တွေ့နိုင်သည့်အတွက် 'ကလင်တန်'က စိတ်မချမ်းမသာဖြစ်ရသည်။ ဘီးတပ်ကုလားထိုင်တွင် ထိုင်သည့်အခါ ဖရင့်ကလင်ဒီ ရုစဗဲ့ (Franklin D. Roosevelt)သည်လည်း ဘီးတပ်ကုလားထိုင်မှာ ထိုင်ဖူးသည်ကို သတိရစရာဖြစ်သော်လည်း ဤခေတ်ဤအခါတွင် ယင်းမှာ ကလင်တန်ဖြစ်စေချင်သော သမ္မတ၏ ပုံရိပ်မဟုတ်ပေ။ ယင်းမှာ ပြဿနာရှုရမည့် သင်္ကေတ ဖြစ်နေသည်။

သမ္မတက နာကျင်မှုဝေဒနာကို ခံစားရသောအခါ ကျွန်မက ထိုနာကျင်မှုကို သူနှင့်အတူ နည်းပေါင်းများစွာဖြင့် မျှဝေခံစားပါသည်။ သမ္မတနှင့် နီးနီးကပ်ကပ်နေရခြင်း၏ ထူးခြားသောအခွင့်အရေးမှာ သူ၏ အခံရခက်မှု အပါအဝင် သူ၏ခံစားမှု အသွင်အပြင်အားလုံးကို ကြုံတွေ့ရခြင်းဖြစ်သည်။ ယင်းတို့ဖြစ်သည့်အခါ ကျွန်မက သူ့ကို ခံစားရသည့်အတိုင်း ရှိနေအောင် ခွင့်ပြုထားသည်။ ထိုသို့သောအချိန်မျိုးတွင် သူက သူ၏ ခွဲစိတ်ဆရာဝန်က ဂေါက်ကစားဖို့ တစ်ခုသောနေရာထိ လမ်းလျှောက်ဖို့ကိစ္စများကို ရှင်းရှင်းလင်းလင်း ပျောက်မသွားကြောင်း သူ၏ အစီအစဉ်ဇယားနှင့် လှုပ်ရှားမှုအား ကျွန်မက ကန့်သတ်သည်ကို တုံ့ပြန်ပြောကြားသည်။ သမ္မတ အတင်းအကျပ်တောင်းဆိုသောအခါ ကျွန်မက အသံကို မြှင့်ပြောရသော အခါများလည်း ရှိသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ကော်နီ၊ မင်းဟာ အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတကို အော်နေပါလား'ဟု ကျွန်မကိုယ်ကျွန်မ သတိပေးရသည်။ စစ်ခုံရုံးတွင် တရားစွဲဆိုသော မြင်ကွင်းကို ကျွန်မ ပြေးမြင်လိုက်သည်။

သို့ရာတွင် သမ္မတက ဒဏ်ရာအမြန်ပျောက်ကင်းပြီး ထင်ထားသည့်ထက် လျင်မြန်စွာ နဂိုအနေအထားအတိုင်း ပြန်ဖြစ်သွားသည်။ တစ်နေ့လျှင်နှစ်ကြိမ် ကိုယ်ကာယဆိုင်ရာ ကုသမှုက အဓိကကျသည်။ သူ ချော်မလဲရန်၊ ခြေထောက်မှာ ဒဏ်ရာထပ်မရရန် ဆေးအဖွဲ့က သူ့ကို ၂၄နာရီပတ်လုံး စောင့်ကြည့်သည်။ ဤကိစ္စမှာ ထုံးစံအတိုင်း ကျွန်မသာဖြစ်သည်။ ခြေလှမ်းတိုင်း၊ လှုပ်ရှားမှုတိုင်း၊ ဆရာဝန်၏ညွှန်ကြားချက်ကို သူ လိုက်နာမှုရှိအောင် ကျွန်မက အနီးကပ်မျက်ခြည်မပြတ် စောင့်ကြည့်ရသည်။

သမ္မတက တစ်နေ့တခြား ကြံ့ခိုင်လာသည်။ ခွဲစိတ်မှုကာလအတွင်း ကိုယ်အလေးချိန် ၂၅ပေါင် လျော့သွားသည်။ သမ္မတက အလေးချိန်လျော့သွားသည့်အတွက် အားရဝမ်းသာ ဖြစ်သွားသည်။ သူ့အချိန်ဇယားအပေါ် ငြင်းခုံမှုနှင့် သူ့လှုပ်ရှားမှုကို ကန့်သတ်သည့်အတွက် ငြင်းခုံပြောဆိုခဲ့ကြသော်လည်း ကျွန်မတို့သည် ခင်မင်မှုမပျက် ရှိနေကြသည်။ တကယ်တော့ သဘောထား မတိုက်ဆိုင်မှုများက ကျွန်မကို ပိုမိုရင်းနှီးသွားစေသော အကြောင်းဖြစ်သွားသည်။ ကျွန်မသည် သူ့ကျန်းမာရေးအတွက် လုပ်နေမှန်း၊ သူ့ဘက်ရှိနေမှန်း သူသိသည်။ ယင်းအချက် အထူးသဖြင့် ရှေ့တွင်ဖြစ်ပေါ်မည့် သစ္စာဖောက်သော ကာလများတွင် သူ့အတွက် အများကြီး အရေးပါသည်။ သို့သော် ထိုကတိသစ္စာရှိမှုကို တိကျစေ့စပ်စွာ စမ်းသပ်ရန်ရှိသေးသည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၁၄
## မုန်တိုင်း၏အလယ်

'ရောဘတ်တာလ်ဘော့ထ်' (Robert Talbott) အုပ်
ထဲမှ လုပ၍ ဆွဲဆောင်မှုရှိသော ပစ္စည်းဖြစ်သည့် အဝါရောင်
တောက်တောက်ပပ 'မာလ်တီးစ်' (Maltese) ကြက်ခြေခတ်ပုံများ
ဖြင့် ခြယ်သထားသော နီနီရဲရဲ လည်စည်း။ ၁၉၉၇-'ဘီလ်ကလင်
တန်' (Bill Clinton)ကို ပေးမည့် ကျွန်မ၏ ခရစ္စမတ်လက်ဆောင်
ဖြစ်သည်။ သမ္မတ၊ သမ္မတကတော်နှင့် ကျွန်မသည် နှစ်စဉ်နှစ်တိုင်
လက်ဆောင်များ ဖလှယ်ကြသည်။ ခရစ္စမတ်အခါတိုင်း ကျွန်
သည် အိမ်ဖြူတော်တွင် ကလင်တန်မိသားစုနှင့် အတူနေထိုင်သည်
သို့မဟုတ်ပါက လာမည့်နှစ်တွင် ကမ္ဘာပေါ်၌ ငြိမ်းချမ်းရေးလွှမ်း
စေမည်ဟူသော မျှော်လင့်ခံစားမှုဖြင့် 'ဒေးဗစ်စခန်း'တွင် မိသား
တွေ့ဆုံပွဲလုပ်ကြသည်။ သို့သော် သည်နှစ်ခရစ္စမတ်ကတော့ ငြိမ်း
ချမ်းရေးနှင့် အလှမ်းဝေးသည်။ ထိခိုက်နစ်နာစေသော ကောလာ
ဟလများ ပျံ့နှံ့နေလျက် အိမ်ဖြူတော် အလုပ်သင်တစ်ယောက်နှ
ပတ်သက်၍ တီးတိုးစကားများက စာနယ်ဇင်းများအထိ
ဖောက်ဝင်ရောက်နေသည်။

'အလုပ်သင်' မကြာခဏ ပြောသံဆိုသံကို ကျွန်မ
စကြားစဉ်က ကျွန်မနားလည်သော 'အဓိပ္ပာယ်သက်ရောက်မှု
ဆေးနှင့်ပတ်သက်သော အရာသာဖြစ်၏။ အလုပ်သင်ဆိုသည်
ဆေးရုံမနောတိုင်တွင် အနိမ့်ဆုံးအဆင့်တွင် ရှိသည်။ ဆေးကျော
ဘွဲ့ရခါစ တစ်ယောက်ယောက်နှင့် ဘွဲ့တစ်ခုရထားသော်လည်
တကယ့်ဆေးကုမှု အတွေ့အကြုံမရှိ သောသူဟု အဓိပ္ပာယ်ရသ
အလုပ်သင်များမှာ စာတွေ့သာရှိပြီး လူနာများ ဆက်သွယ်
ရှက်ပါက အန္တရာယ်ရှိသည်ဟု အတွေ့အကြုံများသော
တိုင်း သိကြသည်။ သည်အလုပ်သင်ဆိုသူနှင့်၊ ကျွန်မ၏

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သမ္မတနှင့် ဘယ်လိုပတ်သက်မှု ရှိသည်ကို ကျွန်မစဉ်းစားသည်။ သူမသည် ဆေးဘက်ဆိုင်ရာ အလုပ်သင်ဖြစ်သည်ဟု ဆိုလျှင် သမ္မတကို အန္တရာယ်ပေးနိုင် သည့် စာတွေ့ပညာနှင့် နီးကပ်မှုရှိမည်လား။

အိမ်ဖြူတော်ရှိ အခြေအနေသည် လေလှိုင်းများကိုဖြတ်၍ သွားသောနောက်ပိုင်းမှ ရောက်လာသည့် သတင်းများနှင့် အတူ စစ်မက်ဒေသ ဖြစ်နေသည်။

ရန်သူများက နေရာအနှံ့ရှိသည်။ ကွန်ဂရက်အဖွဲ့ဝင်များ၊ စုံစမ်းရေးသတင်းထောက်များ၊ ရုပ်မြင်သံကြား စကားပိုင်းတော်သားများဖြစ်သည်။ သမ္မတနှင့် သမ္မတကတော်၏ မှားယွင်းသောလုပ်ရပ်များကို စုံစမ်းရန် ခန့်ထားသော လွှတ်လပ်သောကောင်စီ၏ ခြိမ်းခြောက်မှုနှင့်အတူ တင်းမာမှုက ဆက်လက်ဖြစ်ပွားနေသည်။

ထိုတိုက်ခိုက်မှုများက ကျွန်မကိုတောင်မှ ချမ်းသာမပေးချေ။ သမ္မတ၏ ဆေးဘက်ဆိုင်ရာ သမိုင်းကြောင်းကို ပြောရန် ကျွန်မကိုဖိတ်ကြားသော ဆေးဘက်ဆိုင်ရာညီလာခံတွင် ပရိသတ်ထဲရှိတစ်ယောက်က အမြဲလက်ကိုထောင်ကာ ကျွန်မသည် သမ္မတအား လိင်ကြောင့် ကူးစက်တတ်သောရောဂါ ကုသပေးဖူးလားဟု မေးသည်။ ကျွန်မက သူတို့ကိုကြည့် ကာ အလိုက်သင့်လေသံဖြင့်

'မရှိပါဘူး။ နောက်မေးခွန်းတစ်ခု ဆက်မေးပါ'ဟု ပြန်ပြောလိုက်သည်။

ပြဿနာဖြစ်လာသည်ကတော့ ကျွန်မက ကလင်တန်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆရာဝန်လည်းဖြစ်၊ အတော်အသင့် ဆွဲဆောင်မှုရှိသော မိန်းမလည်းဖြစ်နေခြင်းပင်။ တစ်ခါတစ်ရံ ဤညီလာခံတွင် ကျွန်မက စင်မြင့်ပေါ်သို့ တက်သွားသောအခါ ယောကျ်ားဆရာဝန်များက တစ်ယောက်နှစ်တစ်ယောက် တံတောင်နှင့်တွက်ကာ-

'ကလင်တန်ရဲ့သမားတော်က ဆွဲဆောင်မှုရှိတဲ့ အာရှတိုက်သူ အမျိုးသမီးတစ်ယောက်ပါလား'ဟု ပြောကြမည်။ သူတို့ အားမနာပ ပြောဆိုမှုကို ကျွန်မ သန့်သန့်ကြားလိုက်ရသည်။ ကလင်တန်၏အိမ်ဖြူတော်တွင် ဆွဲဆောင်မှုရှိသော အမျိုးသမီးဖြစ်ခြင်းသည် ထုံးစံတစ်ရပ်လို ဖြစ်လာသည်။

သို့သော် ကျွန်မသည် အလုပ်တွင်ရှိ တင်းမာမှုက ခရစ္စမတ်ပွဲအား ဖျက်ဆီးခွင့်မပြုပါ။ ခရစ္စမတ်မတိုင်မီ ရက်သတ္တပတ်တွင် ပင်တာဂွန်စီးတီး (Pantagon City)ရှိ ကျွန်မအကြိုက်ဆုံး ဖက်ရှင်ဆိုင်တွေ ပုံမှန်အနေအထားတွင် ခိုအောင်းနေ သည်။ ထိုနေရာတွင် သမ္မတအတွက် အလွန်လှပသော ရောဘတ်တာလ်ဘော့တ် (Robert Talbott) လည်စည်းကို ကျွန်မ တွေ့သည်။ သူ၏မွေးနေ့နှင့် ခရစ္စမတ်တွင် သမ္မတအတွက် လည်စည်းများ ကျွန်မ မကြာခဏဝယ် သည်။ သမ္မတ၏ အိမ်ဖြူတော် အကူများက အဓိက တွေ့ဆုံပွဲများအတွက် ဝတ်ဆင်ရန် ကျွန်မ၏လည်စည်းများကို သမ္မတအား မကြာခဏယူပေးမည်။ သတင်းစာရှင်းလင်းပွဲလိုနှင့် State of Union လိုပွဲမျိုး ဖြစ်သည်။ သမ္မတက

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလက်ဆောင်ကို သူ ဝတ်ဆင်သောနေ့ကို ဖော်ပြကာ ကျွန်မကို ကျေးဇူးတင်စာတိုလေးရေးပေးမည်။ အမေရိကန်ပြည်ထောင်စု၏ သမ္မတက ကျွန်မလည်စည်းကို ဝတ်ဆင်ထားသောအခါ ထူးထူးခြားခြားခံစားလျက်–

'ဤလည်စည်းများမှာ ချည်နှောင်သောကြိုးများ ဖြစ်ပေသည်'ဟု တွေးကာ ပြုံးလေ့ရှိပါသည်။ သို့သော် နောက်ပိုင်းကျမှ ကျွန်မ သိရှိရသည်မှာ အလုပ်သင် 'မော်နီကာ' လူဝင်စကီး (Monica Rewinsky)အပါအဝင် တခြားသူများသည်လည်း သမ္မတကို လည်စည်းပေးကြသည်ဟူ၍ ဖြစ်သည်။ ချည်နှောင်သောကြိုးများနှင့် ကြိုးကွင်းများအဖြစ် လုံးဝပြောင်းသွားသော ကြိုးများလည်းရှိသည်။ 'လူဝင်စကီး' (Lewinsky)၏ လည်စည်းကို သမ္မတအား တိုက်ခိုက်ရန် သက်သေအဖြစ် အသုံးပြုကြောင်း နောက်ပိုင်းကျမှ ကျွန်မ သဘောပေါက်သွားသည်။

'ကျွန်မ ကူညီနိုင်ပါသလား'

'ဟီလာရီ'နှင့် 'ချဲလ်ဆီး'အတွက် လက်ဆောင်များကိုရှာရင်း အမျိုးသမီးဖက်ရှင်အပိုင်းထဲတွင် လမ်းလျှောက်နေစဉ် ချိုသာသော အရောင်းဝန်ထမ်းအမျိုးသမီး၏ အသံက ကျွန်မအာရုံကို ဖမ်းစားလိုက်သည်။ ရည်မွန်ဖော်ရွေ၍ တင့်တယ်စွာ ဝတ်ဆင်ထားသော အမျိုးသမီးကို ကျွန်မ မော့ကြည့်သည်။ သူမက အရောင်းဝန်ထမ်းမှ ဟုတ်ရဲ့လားဟုပင် ထင်ရအောင် အရည်အသွေး မြင့်မားနေသည်။

'ပထမ အမျိုးသမီး ကဏ္ဍကို ကျွန်မ ဘယ်လိုသွားရမလဲ'ဟု ကျွန်မက ခဏကြာအောင် မေးချင်နေသည်။

ကျွန်မက မမေးတော့ဘဲ၊ သူမ၏အကူအညီကို ငြင်းပယ်ကာ သိုးမွေးလည်ပတ်နှင့် လိပ်လည်ပင်းဆွယ်တာရှိသောစားပွဲသို့ လျှောက်သွားသည်။ အမြဲလက်တွေ့ကျသော 'ဟီလာရီ ကလင်တန်'အတွက် လက်တွေ့ကျသော လက်ဆောင်ဖြစ်သည်။

'လည်ပင်းကို ဖုံးထားလေ၊ အအေးမမိချင်ဘူး မဟုတ်လား'ဟု သူမက သူများအကြံပေးသည်ကို ကျွန်မကြားယောင်နေသေးသည်။ 'မာရီအန်တိုရီနက်' (Marie Antoinette)သည် သူမ၏လည်ပင်းကို ကာကွယ်ဖို့ ပတ်သည်။ တူညီသော ကြိုတင် သိမြင်မှုရှိခဲ့သလားဟု ကျွန်မ စဉ်းစားသည်။ ထိုစဉ်က 'ဟီလာရီ'မှာ 'ဝှိုက်ဝါးတား' (White Wa ter)နှင့် ပါဝင်ပတ်သက်မှုကြောင့် အတိုင်အခိုက်ခံနေရသည်။ ယခင်က ဥပဒေအကျိုးဆောင်အဖွဲ့တွင် အလုပ်လုပ်ခဲ့စဉ်ကာလက ကိစ္စဖြစ်သည်။ သို့သော် သူမသည် တည်ငြိမ် ဖော်ရွေ၍ သူမ၏ပတ်ဝန်းကျင်ရှိ လူများကို ဂရုစိုက်နိုင်သေးသည်။

၁၈၈၈ကျယ် အိမ်ဖြူတော် စစ်မြေပြင်တွင် 'ဟီလာရီ' (Hillary)၏ ကက်ဗလာ (Kevlar)အခန်းကဏ္ဍကို တစ်ဦးတစ်ယောက်မျှ မယူနိုင်ပေ။ ဤအချိန်တွင် Old Executive Building Office ရှိ ပြင်ပလူနာဆေးခန်းသည်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက် ဒဏ်ရာရသူများ၊ ဖိစီးမှုခံစားရသော အငယ်တန်းဝန်ထမ်းများနှင့် ပြည့်နေသည်။ သူတို့က အမျိုးမျိုးသော ဝေဒနာများကို ခံစားနေရသည်။ အိပ်မပျော်ခြင်း၊ ဗိုက်နာ၊ ခေါင်းကိုက်၊ မကြာခဏ အအေးမိနှင့် အထွေထွေစိုးရိမ်ကြောင့် ကြမှုတို့ ဖြစ်သည်။ အငယ်တန်းဝန်ထမ်းများ မကြာခဏ ကုသပေးနေသော ဆေးအဖွဲ့ဝန်ထမ်းများက ရောဂါအမျိုးအစား အသစ်တစ်မျိုး ဖန်တီးလိုက်သည်။

'သက်သေအဖြစ် အစစ်ဆေးခံရန် ဆင့်ခေါ်မည်ကို ကြောက်သည့်ရောဂါ'ဖြစ်သည်။ ဝန်ထမ်းများကို လွတ်လပ်သော ကောင်စီက မေးမြန်းချင်လိမ့်မည်ဟုသော ကောလာဟလက 'ဝက်စ်ဝင်း' (Westwing)ရှိ ခန်းမများထဲသို့ တစ်စတစ်စ ဝင်ရောက်လာသည်။ သမ္မတ၏အရိပ်ထဲတွင်နေ၍ အလုပ်လုပ်ကြသော အိမ်ဖြူတော် အကူများသည်လည်း သူတို့ကို မေးမြန်းခံရမည်ကို ကြောက်ကြသည်။ သမ္မတနှင့် နီးနီးကပ်ကပ်ရှိမှု၊ သို့မဟုတ် သတ်ကွင်းတွင် နေရသောဘဝက အစိပ္ပာယ်တစ်မျိုး ပေါ်ပေါက်သွားပြန်သည်။

သင်သည် သမ္မတနှင့်နီးကပ်လျှင်၊ အထူးသဖြင့် သမ္မတနှင့်အတူ ခရီးသွားလျှင် သင်သည် သမ္မတ၏ပုဂ္ဂိုလ်ရေး ဘဝနှင့် ပတ်သက်၍ မေးမြန်းခံရမည့် အန္တရာယ်တွင်ရှိသည်။ ကြောက်ရွံ့နေသော အိမ်ဖြူတော်ဝန်ထမ်းကို ကုသအားပေး၍ သွားနေစဉ် ကျွန်မကိုယ်ကျွန်မလည်း စိုးရိမ်ပူပန်နေသည်ကို တွေ့ရသည်။ ကျွန်မသည် သူ၏ပုဂ္ဂိုလ်ရေးဆိုင်ရာ သမားတော် ဖြစ်သည်။ သို့လင့်ကစား ပိတ်ထားသောတံခါးနောက်တွင် ဖြစ်သည့် အလုပ်သင်နှင့် သူ၏ဇာတ်လမ်းကိုသိဖို့ နေနေသာသာ သူ့ဘဝ၏ အရင်းခံ အသေးစိတ် ကိစ္စများကို ကျွန်မ ဘာမျှမသိချေ။ သူ၏ ကျန်းမာရေးရာဇဝင်ကို ကျွန်မသိသည်။ သို့သော် နေ့စဉ်လှုပ်ရှားမှုရှိ သူ၏ ကိုယ်ပိုင်လွတ်လပ်မှု နယ်ပယ်ကို ကျွန်မ လေးစားသည်။ သူ၏ ကိုယ်ပိုင်ကိစ္စများကို သူ၏ တာဝန်ထမ်းဆောင်မှု စွမ်းရည်အား လာ၍မထိခိုက်သရွေ့ ကျွန်မ စုံစမ်းသမှုမပြုပေ။

နံနက်တိုင်း ခြံဝင်းထဲသို့ West Executive လမ်းမကြီးဂိတ်မှတစ်ဆင့် ကျွန်မ ဝင်လာသောအခါ ကင်မရာ သမားများက ပြေးချလာကာ ကျွန်မ၏ကားကို ရုပ်ရှင်ရိုက်သည်။ ရုပ်ရှင်သတင်းမှတ်တမ်းကို သူတို့ ဘာလုပ်ကြမည်လဲ ကျွန်မ စဉ်းစားသည်။ ကျွန်မသည် ကိုယ့်အလုပ်ကိုယ်လုပ်ရန် ဝင်လာသည်။ ကျွန်မအလုပ်မှာ လူများကို စောင့်ရှောက်ရန် ဖြစ်သည်။ တာစူနေသော မုန်တိုင်း၏အလယ်တွင် ကျွန်မရောက်နေသလို ခံစားရသည်။ ကြီးထွားနေသော ဝဲကတော့ကြီး ဖြစ်သည်။ ယင်း၏ လမ်းကြောင်းထဲတွင် မတ်တတ်ရပ်နေသော၊ လူများမသိသော ဝဲကတော့ကြီး။ ဆရာဝန်တစ်ယောက် အနေနှင့် ကျွန်မလုပ်နိုင်သည်မှာ မုန်တိုင်းဒဏ်ခံရသော ဒဏ်ရာရသူ၊ မကျန်းမာသူများကို စောင့်ရှောက်ရန်ဖြစ်သည်။ ကျွန်မသည် ကုသသူဖြစ်ရန် ကြိုးစား၍ လူနာများအား တည်ငြိမ်သောအသိကို ပေးအပ်သည်။ ကျွန်မသည် သူတို့အတွက် မုန်တိုင်း၏ အလယ် ဖြစ်ကောင်းဖြစ်နိုင်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယင်းသည် ဖြစ်ပေါ်နေသည့် ပြဿနာဖြစ်သည်။ ဒဏ်ရာရသူကို ကုသနေခြင်းသာလျှင် မဟုတ်ပေ။ ယင်းသည် သီးခြား ရှင်သန်ရပ်တည်မှုနှင့် ဆိုင်သည်။ ကျွန်မလူနာ၏ သမ္မတအဖြစ် ရှင်သန်ရပ်တည်မှု ဖြစ်သည်။ သမားတော်တစ်ယောက်အနေနှင့် ကျွန်မ သူ့ကိုဘယ်လိုကူညီနိုင်မည်နည်း။ ကျွန်မက အရှိန်ဩဇာမဲ့သည်။ ထိုအချိန်တွင် ပါရှန်းပင်လယ် ကွေ့ရှိ တပ်သို့ ပြောင်းရွှေ့သွားသော ကျွန်မ လုပ်ဖော်ကိုင်ဖက်များ၊ သို့မဟုတ် ဆေးရုံသင်္ဘောများပေါ်ရှိ ကျွန်မ လုပ်ဖော်ကိုင်ဖက်များအကြောင်းကို တွေးမိသည်။

အမ်နဲ့သာရလျှင် ကျွန်မသည် ပင်လယ်ကွေ့ထဲသို့ ကူးပြောင်း၍ West Wind နိုင်ငံရေးနှင့် ဝါရှင်တန်ကောလာဟာလစကက်ရုံနှင့်ဝေးရာ 'တကယ့်ရေတပ်နှင့်' တကယ့်ဆေးပညာကို လေ့ကျင့်ရင်း တာဝန်ထမ်းဆောင်မည် ဖြစ်သည်။ သို့သော် သမ္မတနှင့် သမ္မတကတော်၊ ကျွန်မတို့အား တိုက်ခတ်တော့မည့် မုန်တိုင်းနှင့် သူတို့ကိုစောင့်ရှောက်ရန် ကျွန်မ လုပ်နိုင်သည့်အရာတွင် သစ္စာရှိမှုက ကျွန်မအား အိမ်ဖြူတော်တွင်ရှိနေရန် ချုပ်ကိုင်ထားသည်။

ခရစ္စမတ်အတွက် ကျွန်မ သမ္မတကို ပေးခဲ့သော လည်စည်းက အမျိုးသားရုပ်မြင်သံကြားပေါ်တွင် ပေါ်လာသည်။ သို့သော် ကံကောင်းခြင်းကိုတော့ မဆောင်ကြဉ်းပါပေ။ သမ္မတသည် 'ရုစဗဲ့အခန်း' (Roosevelt Room)မှနေ၍ ကြေညာချက်တစ်စောင်ကို ထုတ်လွှင့်တော့မည်။ သမ္မတကတော်က သူနှင့်အတူ ရှိရမည်ဖြစ်သည်။ သမ္မတစကားပြောနေသောနေရာမှ လမ်းလျှောက်သွားလျှင် တစ်မိနစ်မကြာသော နေရာရှိ ကျွန်မ၏ရုံးခန်းမှနေ၍ သတင်းစာရှင်းလင်းပွဲကို ကျွန်မကြည့်မည်။ စားသောက်ခန်းမှယူလာသော နေ့လယ်စာကို တာဝန်ကျသူနာပြုနှင့်အတူ ကျွန်မ၏ရုံးခန်းထဲမှ ရုပ်မြင်သံကြားကိုကြည့်ရင်း ထိုင်စားနေကြသည်။ ကင်မရာများက 'ရုစဗဲ့' (Roosevelt Room)အခန်းထဲရှိ သမ္မတကို ချိန်လိုက်ကြသည်။ သမ္မတက ကျွန်မ၏ 'ရောဘတ်တယ်လ်ဘော့ထ်' (Robert Talbott)လည်စည်းကိုဝတ်ကာ ကြည့်၍ကောင်းနေသည်။ သမ္မတကတော်က သူ့ဘေးတွင်ရပ်လျက် အဝါရောင်ပိုးသားဝတ်စုံနှင့် လှပနေကာ သူမဆံပင်ပုံစံကို ပို၍ကြည့်ကောင်းနေသည်။

သမ္မတ စကားပြောသောအခါ ကျွန်မက အသုပ်ကိုစားနေသည်။ 'အဲဒီ မစ်လူဝင်စကီးဆိုတဲ့ အမျိုးသမီးနဲ့ လိင်မှုဆိုင်ရာ ဆက်ဆံရေးမရှိပါဘူး' ဟု သူပြောလိုက်သောအခါ ကျွန်မ စားရင်းတန်းလန်းက ရပ်သွားသည်။ ယင်းသည် မှန်သောစကားဖြစ်ပြီး ကောလာဟလများ အဆုံးသတ်ပါစေဟု ကျွန်မ မျှော်လင့်သည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၁၉၉၄ ခုနှစ်တွင် 'ကလင်တန်'၏ ဥပဒေဆိုင်ရာ ပြဿနာများ စသည့်အချိန်မှနေ၍ ကျွန်မသည် ရှေ့နေများနှင့် ဝိုင်းရံနေသည်။ ကျွန်မသည် တစ်ယောက်သောသူကို လက်ထပ်ထားပြီး အလုပ်တွင် အနည်းဆုံးနှစ်ယောက်ဖြစ်သော သမ္မတနှင့် သမ္မတကတော်ကို စောင့်ရှောက်နေရသည်။ မိသားစုနှစ်ခုစလုံးတွင် ရှေ့နေများပါရှိနေသော်လည်း ကျွန်မသည် သူတို့နှင့် တတ်နိုင်သမျှ ဝေးဝေးရှောင်နေသည်။ ဆရာဝန်တစ်ယောက်အနေနှင့် ရှေ့နေထံမှ ခေါ်ဆိုမှုသည် သတင်းဆိုးသာ ဖြစ်သည်။ အိမ်ဖြူတော်တွင် သမ္မတ၏ရှေ့နေထံမှ ခေါ်ဆိုမှုသည် အဆိုးဆုံးသော သတင်းဖြစ်သည်။

ကျွန်မသည် ရှေ့နေများကို မုန်းသော်လည်း သမ္မတ၏ရှေ့နေများကိုတော့ ကျွန်မ တကယ်ပင်နှစ်သက်ကြောင်း ဝန်ခံပါသည်။ ပေါလ်ဂျုန်းစ် (Paula Jones)ကို ရင်ဆိုင်၍ သမ္မတ၏ခုခံမှုကို ကိုင်တွယ်သော ဘော့ဘက်နက် (Bob Bennett)နှင့် အလုပ်လုပ်ရသည်ကို ကျွန်မ နှစ်ခြိုက်သည်။ ဘော့ (Bob)က စကားပြောလျှင် တိုတောင်းတောင်းနှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိကာ ခက်ထန်သည်။ 'ဒေးဗစ်ကင်ဒယ်လ်' (David Kendall)ကတော့ ဘင်နက် (Bennett)၏ လုံးဝလိုက်ဖက်ညီသော အတွဲဖြစ်သည်။ 'ကင်စတား' (Ken Starr)၏ စုံစမ်းလေ့လာမှု အတောအတွင်း သူသည် 'ကလင်တန်'၏ ရှေ့နေဖြစ်သည်။ သူက ကြည်လင်ရွှင်ပျ၍ သိမ်မွေ့ယဉ်ကျေးသည်။ စကားပြော ပျော့ပျောင်းပြီး ယုံကြည်မှုပြည့်ဝသည်။ တယ်လီဖုန်း အော်ပရေတာက ကျွန်မကို သမ္မတ၏ ရှေ့နေနှင့် ချိတ်ဆက်ပေးလိုက်သောအခါ ကျွန်မက 'ကင်ဒယ်လ်' (Kendall)ထံမှ ဖုန်းကို အမြဲ ကြိုဆိုနေသည်။ သူ့ဆီက သတင်းကောင်းရှိသောကြောင့် နည်းနည်းလေးမျှ မတုန်လှုပ်မိပေ။ သူနှင့် စကားပြောရတာ စိတ်ချမ်းသာရသောကြောင့် ဖြစ်သည်။ ဤအမှုကိစ္စတွင် အထွေထွေ စိတ်မချမ်းမြေ့စရာများ ရှိနေသော်လည်း တယ်လီဖုန်းပြောရတာ စိတ်ချမ်းသာသလို ရှိသည်။ သူက အဲသည် လောက် သိမ်မွေ့သည်။

'ကော်နီ၊ ကျွန်တော့်မှာ ခင်ဗျားအတွက် သတင်းဆိုးရှိတယ်'

သမ္မတ၏ လူဝင်စကီး (Lewinsky)နှင့်၊ ဆက်ဆံရေးနှင့် ပတ်သက်၍ ဂရင်းဂျူရီ (Grand Jury)စုံစမ်းလေ့လာနေသည့် အတောအတွင်းတွင် ကျွန်မကို တယ်လီဖုန်းဖြင့် အဆင်သင့်ဖြစ်အောင် ကြိုတင်အသိပေးရင်း ပြောသည်။

'ဒေးဗစ် ဒီမှာ၊ ကျွန်မက အိမ်ဖြူတော်မှာ အလုပ်လုပ်တာပါ။ အခုအခါမှာ သတင်းတွေအကုန်လုံး မကောင်း သတင်းတွေပါပဲ။ ကျွန်မကို ပြောသာပြော'

အဆိုးဆုံးကို ရင်ဆိုင်ရန် ကျွန်မကိုယ်ကျွန်မ ပြင်ဆင်ထားလိုက်သည်။

'သမ္မတကို စွပ်စွဲပြီးပြောတဲ့အခါ လွတ်လပ်တဲ့ကောင်စီရဲ့ အဓိကသက်သေခံ ပစ္စည်းတွေထဲက တစ်ခုကတော့ သမ္မတရဲ့ 'ဒီအင်အေ' (DNA)ပါတယ်လို့ မော်နီကာကပြောတဲ့ အဝတ်အစားဖြစ်တယ်'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဒေးဗစ်က ကျွန်မကို ရှင်းရှင်းလင်းလင်းပြောသည်။ သမ္မတ၏ အစွန်းအထင်းများဖြစ်နေသည့် နာမည်ပျက်နေ သည့် ရေတပ်အပြာရောင်ဝတ်စုံနှင့် ပတ်သက်သော ကောလာဟလများကို ကျွန်မ ကြားဖူးသည်။

'ဝတ်စုံပေါ်က နမူနာ ဒီအင်အေ (DNA)နဲ့ တူမတူ တိုက်ကြည့်ဖို့ ဒီအင်အေ (DNA)အတွက် သမ္မတရဲ့သွေးကို ခင်ဗျားက အိမ်ဖြူတော်ဆရာဝန်အနေနဲ့ ထုတ်ယူရမယ်လို့ ကင်စတား (Ken Starr)က အမိန့်ချလိုက်တယ်'

ကျွန်မတို့သည် တရားရုံးဆိုင်ရာ ဆေးလောကထဲသို့ ဝင်ရောက်နေကြသည်။ အခုဆိုလျှင် 'အက်ဖ်ဘီအိုင်' (FBI)က DNA စစ်ဆေးနိုင်ရန် သမ္မတ၏သွေးကို ထုတ်ယူဖို့ ကျွန်မကို တာဝန်ချထားလိုက်သည်။ ထိုသိက္ခာမဲ့သော အလုပ်ကြောင့် ကျွန်မ တွန့်သွားသည်။ 'ကင်စတား' (Ken Starr)က 'ကလင်တန်' (Clinton)ကို သူ၏ DNA အား သွေးနမူနာပုံစံဖြင့် လွှဲပြောင်းပေးဖို့ အမိန့်ပေးယုံသာမက သွေကိုထုတ်ယူရန် သမ္မတ၏ ကိုယ်ရေးဆရာဝန်ဖြစ်သော ကျွန်မကို ရွေးချယ်သည်။ မည်သို့ပင်ဖြစ်စေ၊ ကျွန်မမှာ 'ကလင်တန်'၏ သမားတော်ဖြစ်ရုံသာမက အခြေခံဥပဒေကို စောင့်ထိန်းကာကွယ်ရန် သစ္စာဆိုထားသော စစ်အရာရှိတစ်ဦး ဖြစ်သည်။ ဤအလွန်စက်ဆုပ်ဖွယ်ကောင်းသော အလုပ်ကို လုပ်ဆောင်ရန် သမ္မတအပေါ် ကျွန်မ၏ သစ္စာရှိမှုကို ဂရုမစိုက်ပဲ 'ကင်စတား' (Ken Starr)က ရေတပ်အရာရှိဟူသည့် ကျွန်မ၏ တာဝန်အပေါ် အခွင့်အရေးယူသွားသည်။

ဒါကို 'စတား' (Starr)က တကယ်အလေးအနက် လုပ်နေတာလို့ ကျွန်မ မှန်းလို့ရပါတယ်' ကျွန်မက စပြောသည်။

'ဒေ့ဗ် (Dave') ပုံမှန် လုပ်ရိုးလုပ်စဉ်အားဖြင့်ဆိုရင် ကျွန်မက လူနာရဲ့သွေးကို မထုတ်ဘူးဆိုတာ ရှင်သိရမယ်။ အဲဒါက အိမ်ဖြူတော်သူနာပြုနဲ့ ဆေးဝန်ထမ်းတွေ လုပ်နေကျအလုပ်။ သူတို့က အဲဒီအလုပ်တွေမှာ ကျွမ်းတယ်။ ကျွန်မ ဒီအလုပ်မှာ သိပ်မကျွမ်းဘူး'

'ကော်နီ၊ ခင်ဗျားမှာ ရွေးစရာ မရှိဘူး။ ခင်ဗျားကို စိတ်မသိုးမသန့်ဖြစ်မှုအပေါ် အနိုင်ရရှိသွားတယ်'

'ဒေးဗစ်'က တောင်းတောင်းပန်ပန်ဖြင့် ပြောသည်။

'ကျွန်မလုပ်ပါ့မယ်၊ ဒေးဗစ်၊ အဲဒါက သမ္မတအပေါ် စွပ်စွဲချက်တွေကို ရှင်းရှင်းလင်းလင်း ဖြစ်လိမ့်မယ်လို့ မျှော်လင့်ရတာပဲ။ အားလုံးကို တစ်ခါတည်းနဲ့ ပြီးသွားပါလိမ့်မယ်'

'ကျွန်တော်လည်း အဲဒီလို မျှော်လင့်ပါတယ်။ ကော်နီ… ကျွန်တော် တကယ်ကို မျှော်လင့်ပါတယ်'

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မြေပုံခန်း (Map Room)သည် အိမ်ဖြူတော်မြေညီထပ် ဆရာဝန်ရုံးခန်းနှင့် ကပ်လျက်ရှိသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဤအခန်းကို စောင့်ကြည့်ခန်း (Situation Room)အဖြစ် အသုံးပြုခဲ့ကြသည်။ ထိုအခန်းတွင် သမ္မတဖရင်ကလင် ရုစဗဲ့ (Franklin Roosevelt)နှင့် သူ၏ဗိုလ်ချုပ်များ၊ ရေတပ်ဗိုလ်ချုပ်များက မြေပုံများကို လေ့လာကြကာ အမေရိကန်နှင့် မဟာမိတ်တပ်များ၏ တိုးတက်မှုကို စောင့်ကြည့်ကြသည်။ စတား (Starr)သည် သွေးကိုထုတ်ယူရန် ကုသရေးအခန်းဆရာဝန်၏ရုံးခန်း၊ သို့မဟုတ် Old Executive Office Building ရှိ ဆေးအဖွဲ့ဆေးကုခန်းကို အသုံးပြုရမည့်အစား ကျွန်မအခန်းကိုမှ သုံးဖို့ သီးသန့်အမိန့်ပေးသည်မှာ သူသည် ဤအခန်း၏ရာဇဝင်ကိုမှ သိပါရဲ့လားဟု ကျွန်မ စဉ်းစားသည်။ စစ်အတွင်းက သူသည် စစ်တပ်ဖွဲ့များ၏လှုပ်ရှားမှုကို စဉ်းစားချိန်ဆသလို၊ ကျွန်မသည် FDK အကြောင်းကို စဉ်းစားသည်။ 'ကလင်တန်' (Clinton)သည် သူ၏စစ်ပွဲထဲတွင် တိုက်ခိုက်ခံနေရသည်။ ယခု ညနေစစ်မြေပြင်သည် မြေပုံခန်း (Map Room)ဖြစ်ပြီး စတား (Starr)က အမိန့်ပေးထားသလို သွေးထွက်သံယို ရှိလိမ့်မည်။

ဒေးဗစ်ကင်ဒယ်လ် (David Kendall)နှင့် ကျွန်မက မြေပုံခန်း (Map Room)တွင် သမ္မတထက် မိနစ်သုံးဆယ်စော၍ ရောက်နေကြသည်။ သွေးထုတ်ယူသည့် မျက်မြင်သက်သေအဖြစ် ကြည့်ရှုရန် 'စတား' (Starr)၏ လက်ထောက် 'ရောဘတ်ဘစ်မင်' (Robert Bittman)နှင့် အက်ဖ်ဘီအိုင်' (FBI)မှ စုံထောက်တစ်ယောက်က အိမ်ဖြူတော်သို့လာနေပြီဖြစ်ကြောင်း ကျွန်မတို့ကို သတင်းပို့သည်။

အခန်းထဲရှိ ရှေးဟောင်း မဟော်ဂနီစားပွဲပေါ်တွင် အပြာရောင်တစ်ခါသုံး Chux အခင်းကို ကျွန်မက ခင်းကျင်းထားသည်။ ဤသည်မှာ သွေးထုတ်ယူရန် ဆေးအဖွဲ့အတွက် လုပ်နေကျ အခင်းအကျင်း မဟုတ်ပါပေ။ နံရံမှ တွဲလောင်းဆွဲထားသော ခရစ္စတယ်မီးပန်းဆိုင်း၊ ဂျော်ဂျီယံပုံစံ သစ်သားမှန်ကူကွက် Chippendale ဗီရို၊ ကတ္တီပါကော်ဇောအခင်းပေါ်တွင် ရော်ဘာသွေထိန်း ပတ်တီး၊ အရက်ဖန်ခွက်၊ ဂွမ်း၊ ဆေးထိုးပိုက်၊ အပ်များ၊ ဖန်ပြွန်၊ အဝတ်စနှင့် ပလာစတာတို့ကို သေချာစွာတင်ထားသည်။ ပစ္စည်းတစ်ခုစီကို ကျွန်မက ဂရုတစိုက် နေရာချထားသည်။ လုပ်ငန်းဆောင်ရွက်ချိန်ရောက်သောအခါ ထိုပစ္စည်းများကိုရှာရတာ ကချော်ကချွတ် မဖြစ်စေရန်ဖြစ်သည်။ ကျွန်မ၏တာဝန်ကို ထမ်းဆောင်ရန် ကျွန်မ အသင့်ရှိနေသည်။ အမှန်စင်စစ်အားဖြင့် ကျွန်မသည် စတား (Starr)၏ ညစ်ပတ်သောအလုပ်ကိုလုပ်ရန် အသင့်ဖြစ်နေသည်။ 'ကလင်တန်'၏ စစ်ပွဲတွင် ကျွန်မသည် စစ်သားတစ်ယောက် ဖြစ်သည်။ သို့သော် စစ်တပ်အတွက် နယ်ရပ်မျှသာဖြစ်၏။

စတား (Starr)၏လက်ထောက် 'ဘော့ဘစ်မန်' (Bob Bittman)သည် အမျိုးသမီး 'အက်ဖ်ဘီအိုင်' (FBI) စုံထောက်နှင့်အတူ သံတမန် တွေ့ဆုံခန်း (Diplomatic Reception Room)ကို ဖြတ်ကျော်ကာ ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘစ်မန်' (Bittman)က ကျွန်မနှင့် မျက်လုံးချင်း မဆုံမိသလောက် ရှိသည်။ 'အက်ဖ်ဘီအိုင်' (FBI) စုံထောက်က လုပ်ငန်းဆန်သည်။ သို့သော် ဆက်ဆံရတာ သာယာဖော်ရွေဖြူးသည်။ မိနစ် အနည်းကြာသောအခါ အိမ်ဖြူတော်၏ နိုင်ငံတော်အခန်းတွင် တွေ့ဆုံပွဲပြီးခဲ့သည်နှင့် 'ကလင်တန်'က အခန်းထဲသို့ ဝင်လာသည်။ သမ္မတကို 'ဘစ်မန်' (Bittman) နှင့် မိတ်ဆက်ပေးသည်။ 'အက်ဖ်ဘီအိုင်' (FBI)အဖွဲ့ဝင်နှင့် မိတ်ဆက်ပေးသည်။ ထို့နောက် သူက ကျွန်မ၏ ရှေ့ကုလားထိုင်တွင် ထိုင်လိုက်ပြီး သူ၏လက်မောင်းမှ သွေးကြောမျှင်ကို ဖော်ထုတ်ရန် ညာဘက်အင်္ကျီလက်ခေါက်ကို ပင့်တင်သည်။

'အိုကေ... ဒေါက်တာ'

သူ့မျက်လုံးကို ကျွန်မ၏လက်မှအိတ်ကို မကြည့်ဖြစ်အောင် ရှောင်ကာ သူက ကျွန်မကိုပြောလိုက်သည်။

'အလုပ်စကြရအောင်'

ကျွန်မက သူ၏ လက်မောင်းအတွင်းပိုင်းကို အရက်ပြန်စနှင့် လိမ်းလိုက်ပြီး သွေးကြောကိုရှာသည်။ သူ့မှာ အရွယ်အစားကောင်းသည့် သွေးကြောမျှင် ရှိသည်။ ကျွန်မက အပ်ကိုထိုးစိုက်လိုက်သည်။ အပ်က သွေးခံသည့်ကိရိယာနှင့် ဆက်ထားပြီး ထိုကိရိယာမှနေ၍ ခရမ်းရောင်ထိပ်ပြွန်နှင့် ဆက်ထားသည်။ အနီရင့်ရောင်သွေးများက ပြွန်ထဲသို့စီးကျသည်။ ပြွန်ထဲတွင် သူ၏ အဖိုးထိုက်တန်သော သွေး လေးစီစီ (4CC) ဖြည့်ပြီးသွားသောအခါ ကျွန်မက သမ္မတ၏လက်မောင်းမှ သွေးထိန်းရော်ဘာပတ်တီးကို ဖယ်လိုက်ပြီး စိတ်ထဲမှာ ပေါ့ခနဲဖြစ်သွားသည်။ ပူနွေးသောပြွန်ကို ကျွန်မ 'အက်ဖ်ဘီအိုင်' (FBI)စုံထောက်၏ လက်ထဲသို့ ထည့်ပေးလိုက်ကာ သမ္မတ၏ အပ်ပေါက်ဒဏ်ရာကို 2×2 အဝတ်စဖြင့် ဖိပေးသည်။ ကျွန်မက ထိုနေရာတွင် ပလာစတာကပ်မပေးမီ အဝတ်စက နေရာတွင်ရှိနေရာ သူက လက်မောင်းကိုကွေးထားသည်။

'ဘစ်မန်' (Bittman)က ဘာတစ်ခွန်းမျှမပြောဘဲ ကျွန်မ လုပ်ပုံကိုင်ပုံကို ကျေနပ်အားရပုံရသည်။ ကျွန်မတို့သည် သွေးထုတ်ယူသည်ကို ကိုယ်တိုင်မျက်မြင်ကြုံကာ၊ ပါဝင်ဆောင်ရွက်ပါသည်ဟု ဖော်ပြသော စာရွက်ပုံစံတွင် 'ကင်ဒယ်လ်' (Kendall)ရော၊ ကျွန်မကိုပါ စုံထောက်က လက်မှတ်ရေးထိုးစေသည်။ အချိန်ကား ည ၁၀ နာရီ ၁၀ မိနစ် (10:10PM) ဖြစ်သည်။

သူတို့သည် သမ္မတ၏သွေးနှင့်အတူ ညမှောင်ထုထဲသို့ တိတ်တခိုးဝင်ရောက်၍ အသာလေးထွက်ခွာသွားကြသည်။ ကျွန်မကို ကျေးဇူးတင်ပါသည်ဟု ပြောသွားသလားဟူ၍ပင် ကျွန်မ မမှတ်မိချေ။ သို့သော် ဘာအတွက် ကျေးဇူးတင်ရမည် နည်း။ သွေးထုတ်ယူခြင်း၏ ရည်ရွယ်ချက်မှာ ကျွန်မ၏လူနာကို အပြစ်ရှိကြောင်း သက်သေပြရန်ပင် ဖြစ်သည်။ သူ အပြစ်ရှိသည်ဟုဆိုလျှင် ထိုအပြစ်ကိုပေါ်လွင်ရန် ကျွန်မက သူတို့ကို ကူညီလိုက်ရသည်။ တင်စားပြောရလျှင် အပြစ်ရှိမရှိဆိုသည့်အချက်က ကျွန်မ၏လက်ထဲတွင် ရှိသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဤနည်းဖြင့် ကျွန်မက အသုံးချခံလိုက်ရသည့်အတွက် ကျွန်မ၏ဝမ်းတွင် နာကျင်ခံစားရသည်။ စိတ်မပါလက်မပါပဲ လုပ်လိုက်သည်ဟု ဆိုဦးတော့၊ ယင်းသည် သစ္စာဖောက်မှုတစ်မျိုးသာ ဖြစ်သည်။

'ကလင်တန်'ထံမှထုတ်သော သွေးတွင်ရှိ 'ဒီအန်အေ' (DNA)နှင့် ဝက်စုံတွင် စွန်းထင်နေသော နမူနာ DNA က တူညီကြောင်း သက်သေပြသည်။ 'ကလင်တန်' ထိုသက်သေပြချက်ကို မကန့်ကွက်တော့ဘဲ ဝန်ခံသည်။

■

၁၉၉၈ ခုနှစ် ဩဂုတ်လ ၁၇ နေ့တွင် နောက်ထပ် သွေးထုတ်ပေးရန်အတွက် 'ကလင်တန်'က မြေပုံခန်း (Map Room)သို့ ပြန်လာရမည်ဖြစ်သည်။ DNA စစ်ဆေးမှုအတွက် သူ့သွေးကိုပေးပြီးနောက် နှစ်ပတ်အကြာတွင် 'ဂရင်းဂျူရီ' (Grand Jury)နှင့် လွတ်လပ်သောကောင်စီ(Independent Cocensel) ကင်စတား (Ken Starr)၏ ရှေ့မှောက်တွင် စစ်ဆေးရန် 'ကလင်တန်'ကို ထိုအခန်းထဲသို့ ပြန်ခေါ်လာသည်။ ကျွန်မသည် DNA စစ်ဆေးမှု၏ အဖြေစကားကိုသိရန် နောက်ဆုံးလူ ဖြစ်သည်ဟု မျှော်လင့်ထားသော်လည်း ထိုအချိန်ထိ ကျွန်မက မည်သည့်စကားကိုမျှ မကြားရသေးပေ။ (FBI)ကို သွေးလွှဲပြောင်းပေးသည်ထက် ပို၍ ကျွန်မက ဘယ်လိုအခန်းကဏ္ဍမှာ ပါဝင်နေပါသနည်း။ ကျွန်မက ဘာကို မျှော်လင့်နေပါသနည်း။ သမ္မတကို သူ၏ရန်သူများက အကွက်ဆင်၍ လုပ်ကြံကြသည်ဟု သမ္မတ၏ အပြစ်ကင်းစင်မှုကို ကျွန်မ တောက်လျှောက် ယုံကြည်လာခဲ့သည်။

မြေပုံခန်း (Map Room)နှင့်ကပ်လျက်ရှိသော ကျွန်မ၏ ရုံးခန်းသည် သူ၏ စမ်းသပ်မှုနေ့တွင် ကျွန်မအတွက် မှုတစ်ပါး နေရာထိုင်ခင်းများကို အသင့်ပြင်ဆင်ထားသည်။ ကျွန်မ၏အတွင်းရေးမှူးနှင့် တာဝန်ကျသူနာပြုကို West Wind မှ မျက်နှာချင်းဆိုင်ဆေးခန်းတွင် ကူညီရန် ကျွန်မကလွှတ်လိုက်သည်။ နိုင်ငံရေးမုန်တိုင်း၏ တိုက်ခတ်မှုကြောင့် ကသောင်းကနင်း ဖြစ်နေသော်လည်း ဆေးအဖွဲ့ကတော့ ဆေးဘက်ဆိုင်ရာကိစ္စများကို ခါတိုင်းလို လုပ်မြဲတိုင်း ဆက်လုပ်နေသည်။ လူနာများကို ကြည့်မြဲတိုင်းကြည့်သည်။ အလုပ်များသော သမ္မတ၏ခရီးအစီအစဉ်များအတွက် လိုလိုမည်မည် အစီအစဉ်များကို ကြိုတင်ပြင်ဆင်သည်။ သမ္မတအတွက် ပုဂ္ဂိုလ်ရေးအရ ဆိုးရွားသော အချိန်ဖြစ်သော်လည်း သူ၏အလုပ်ကို ထောက်ခံမှုပြနေသည့်နှုန်းက တစ်ချိန်လုံး ၇၀ရာခိုင်နှုန်း မြင့်တက်နေကြောင်း NBC မဲဆန္ဒစာရင်းက ပြနေသည်။ သမ္မတကို စွပ်စွဲမှုများရှိနေသော်လည်း စီးပွားရေးက ကောင်းမွန်နေသည်။ 'ကလင်တန်'ကို 'ဂရင်းဂျူရီ' (Grand Jury)၏ရှေ့တွင် စစ်ဆေးသည့်နေ့မှာပင် 'ဒိုဂျုန်း' ပျမ်းမျှ (Dow Jones Average)က ၁၅၀အမှတ်သို့ ခုန်တက်သွားသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မြေပုံခန်း၏ ဘေးမြေညီထပ်တွင် သမ္မတကို စစ်ဆေးနေစဉ်အတွင်း လျှို့ဝှက်လုံခြုံရေးအဖွဲ့နှင့် သမ္မတ၏ အကြီး တန်းကိုယ်ရံတော်များမှတစ်ပါး မည်သူမျှမရှိရပေ။ ကျွန်မက ငြိမ်သက်သောနေရာတွင်ထိုင်ကာ နံရံ၏တစ်ဘက် ဘာဖြစ်ပျက် နေသည်ကို စိတ်ကူးကြည့်သည်။ ကျွန်မသည် သတင်းစာဖတ်သောကြောင့် 'မော်နီကာလူဝင်စကီး' (Monica Rewinsky) နှင့် စွပ်စွဲသောကိစ္စများအား မဖွယ်မရာ အသေးစိတ်ကိစ္စများအပါအဝင် သတင်းများကို ကြားသည်။ ကျွန်မ၏ လူနာတစ်ဦးအနေနှင့် ကျွန်မသိသော လူတစ်ယောက်သည် ဤကဲ့သို့သော အပြုအမူများ ကျူးလွန်သည် ဆိုသည့်အချက်ကို ကျွန်မ မယုံကြည်ချင်ပေ။

အကြီးတန်းလုံခြုံရေးအဖွဲ့ဝင်၏ တိုးတိုးပြောသံကို ရေဒီယိုမှ ရုတ်တရက် ကြားလိုက်ရသည်။

'လင်းယုန်က မြေပုံခန်းကထွက်နေပြီ'

ကျွန်မက နာရီကိုကြည့်လိုက်သည်။ သူ့ကိုစစ်ဆေးမှုက ကြေညာထားသည်ထက် ငါးမိနစ်စော၍ ဖြစ်သွားသည်။ ဘယ်လိုဖြစ်ပါလိမ့်။ သူစိတ်တိုသွားသလား၊ စတား (Starr)က သူ့ကို စိတ်ဆင်းရဲအောင်လုပ်သလား၊ 'ကလင်တန်' ရုတ်တရက် ဖျားနာသွားသလား။

'လင်းယုန်၊ ဆရာဝန်ရဲ့ရုံးခန်းကို သွားပြီ'

ကျွန်မ၏ရုံးခန်းတံခါး ပွင့်သွားသည်နှင့် ကျွန်မ မတ်တတ်ရပ်လိုက်သည်။ 'ကလင်တန်'က အထဲသို့လျှောက်ဝင်လာသည်။ သူ့ကြည့်ရတာ အခြေအနေကောင်းနေသည်။ မျက်နှာက နီရဲမနေ၊ စိတ်ပျက်အားလျှော့ခြင်း မရှိ၊ လုံးဝတည်ငြိမ်နေသည်။ ကျွန်မကို ဘာမျှမပြောဘဲ ဖြတ်ကျော်သွားကာ ရေချိုးခန်းဆီသို့ တန်းသွားသည်။

'ကလင်တန်'၏ အကြီးတန်းလုံခြုံရေးအဖွဲ့ဝင်က တံခါးကိုဖွင့်ပြီး အထဲသို့ ခေါင်းပြူကြည့်သည်။

'အားလုံးအဆင်ပြေရဲ့လား' ကျွန်မ လုံခြုံရေးအဖွဲ့ကို မေးသည်။

'လင်းယုန်က ရေချိုးခန်းအသုံးပြုဖို့ လိုတယ်လို့ ပြောပါတယ်'

လုံခြုံရေးအဖွဲ့ဝင်က ရေချိုးခန်းဆီသို့ကြည့်ရင်း ကျွန်မကို ပြောသည်။

တစ်မိနစ်ကြာသောအခါ ရေချိုးခန်းထဲမှ ရေဆွဲသံကိုကြားရပြီး လုံခြုံရေးအဖွဲ့ဝင်က ကျွန်မရုံးခန်းထဲမှ ထွက်သွားကာ ခန်းမလမ်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ကလင်တန်က နှာခေါင်းကို Kleenex တစ်သျှူးတစ်ခုဖြင့် မှုတ်ထုတ်လျက် ကျွန်မဆီသို့ လျှောက်လာသည်။ ကျွန်မက အတွင်းရေးမှူး၏ခုံတွင်ထိုင်ကာ စာရွက်များကို ဟိုလှန်သည်လှန်လုပ် အလုပ်များသည့်အသွင်ပေါ်အောင် ကြိုးစားနေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'အစစအရာရာ အဆင်ပြေပါရဲ့လား သမ္မတကြီး' ကျွန်မက မချင့်မရဲဖြင့် မေးသည်။ ယင်းမှာ မစ္စလင်ကွန်း (Mrs. Rincoln)အား ပြဇာတ်ကိုကြိုက်သလားဟု မေးသလိုဖြစ်နေသည်။

ကလင်တန်က နှာခေါင်းကိုမှုတ်ကာ 'တစ်သျှူး'စက္ကူကို စားပွဲနားရှိ အမှိုက်ခြင်းထဲသို့ ထည့်သည်။ ထို့နောက် တံခါးဘေးရှိ မှန်ရှေ့တွင်ရပ်ကာ သူ၏လည်စည်းကို နေသားတကျဖြစ်အောင် လုပ်သည်။ ပြီးသွားသောအခါ 'ကလင်တန်' က မှန်ကို နောက်တစ်ခါထပ်ကြည့်သည်။ ထို့နောက် ကျွန်မ ကြားလောက်ရုံလေသံကိုပြုကာ သူ၏ပြောနေကျ ထိန်းထိန်းသိမ်း သိမ်းအသံဖြင့် ပြောသည်။

'အချိန်ကျပြီ'

'ဂရင်းဂျူရီ' (Grand Jury) လူကြီးများ၏ရှေ့တွင် သူ အစစ်ဆေးခံမှုကို အပြီးသတ်ရန် 'ကလင်တန်'က ကျွန်မရုံးခန်းမှထွက်ကာ မြေပုံခန်းထဲသို့ ပြန်ဝင်သွားသည်။ စတား(Starr)က မေးခွန်းများမေးနေသည်ကို ခံနေရသောကြောင့် သမ္မတအတွက် အချိန်က တော်တော်နှင့် ကုန်မည်မဟုတ်ဟု စိတ်ထဲက မှန်းထားသော်လည်း အချိန်က အလျင်အမြန် ကုန်ဆုံးသွားသည်။

စစ်ဆေးခံမှုပြီးနောက်ပိုင်း ညနေတွင် အမေရိကန်လူထုအား စကားပြောရန် သမ္မတသည် ရုပ်မြင်သံကြားတွင် ပေါ်လာလိမ့်မည်ဟု West Wing တစ်ခုလုံး သတင်းက တောမီးလို ပျံ့နှံ့နေသည်။ ကျွန်မအခန်းနှင့် ကပ်လျက်ရှိသည့် တစ်ဖက်မြေပုံခန်း (Map Room)မှ လွှင့်ထုတ်မည့် ရုပ်မြင်သံကြားသတင်းကို စောင့်ကြည့်ရန် ထိုနေ့က ရုံးခန်းထဲတွင် ကျွန်မနောက်ကျသည်အထိနေသည်။ နောက်ဆုံးတိုက်ပွဲဖြစ်သည်ဟု ကျွန်မက တွေးမိသည်။ နောက်ဆုံးတွင် 'ကလင်တန်'က စစ်ကိုနိုင်မည်လား၊ သို့မဟုတ် ယင်းသည် သူ၏ 'ဝါတာလူး'စစ်ပွဲလား။

'ကလင်တန်'၏ အကြီးတန်း ကိုယ်ရံတော်များဖြစ်ကြသော 'ပေါလ်ဘီဂလာ' (Paul Begala)နှင့် ရမ်အီမန်ညူရယ် (Rahm Emanuel)တို့က မြေပုံခန်းထဲသို့ ပြေးဝင်သွားလိုက်၊ ထွက်လာလိုက် လုပ်နေသည်။ ကျွန်မအခန်းသို့ သန့်စင်ခန်း အသုံးပြုရန် တစ်ခါတလေ ဝင်လာသည်။ ကျွန်မကတော့ ဘယ်အချိန်တွင် သမ္မတ၏မိန့်ခွန်းကို လွှင့်မလဲဟု ကြည့်ရန် ရုပ်မြင်သံကြားဖန်သားပြင်ကို မကြာခဏကြည့်ကာ ရုပ်မြင်သံကြားကို ဖွင့်ထားသည်။ ကျွန်မ၏ရုံးခန်းထဲသို့ 'ကလင်တန်'၏ အကြီးတန်းဝန်ထမ်းများ ဝင်ချည်ထွက်ချည် လုပ်နေကြသော်လည်း ကျွန်မ ဘာမျှမသိပါ။ ကွင်းဆက်နှင့် ကျွန်မ ဝေးနိုင်သမျှဝေးအောင် နေသည်။ သမ္မတပြောမည့် မိန့်ခွန်းအတွက် ကလင်တန်၏ အကြီးဆက်သွယ်ရေးဝန်ထမ်းကို အာရုံစိုက်နေကြသည်။ ကျွန်မကတော့ သူ၏ပရိသတ်ဖြစ်သည့် အမေရိကန်လူထု၏ အစိတ်အပိုင်းသာဖြစ်သည်။ ဘီဂါလ (Begala)နှင့် အီမန်ညူရယ် (Emanual)တို့က ကွင်းဆက်ထဲမှာ ရှိသည်။ သူတို့က သူ့ သတင်းဖြန့်ဆရာဝန်များ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြသည်။

ည ၁၀ နာရီ၊ ၂ မိနစ်တွင် သမ္မတက တိုက်ရိုက်လွှင့်နေသည်။ ကင်မရာများက သူ့မျက်နှာကိုချိန်သောအခါ ကျွန်မ အသက်ရှူရပ်သွားသည်။ သူ့ကို ကျွန်မ တစ်နေ့လုံးမြင်နေခဲ့သည်။ ကျွန်မ၏တံခါးဝတွင် မဟုတ်ပါဘဲ ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်တွင် သူ့မျက်နှာ ပေါ်လာသောအခါ သူက အလွန်ပင်ပန်းနေသည့် ပုံပေါ်လျက် သေရေးရှင်ရေး ဆန်ဆန် လေးနက်နေသည်။ တာဝန်ကျသူနာပြုက ရုံးခန်းထဲတွင် ကျွန်မ၏ ဘေးကုလားထိုင်တစ်ခုတွင် ထိုင်နေသည်။ ကော်ဖီစားပွဲပေါ်တွင် စားသောက်ဆောင်မှယူထားသော ညစာရှိသည်။ သမ္မတက ပြင်ဆင်ထားသော မိန့်ခွန်းကိုပြောသော အခါ ရမ်အီမန်ညူရယ် (Rahm Emanual)က ကျွန်မအခန်းထဲသို့ ပြေးဝင်လာသည်။ သေးသေးသွယ်သွယ် ချောမော လှပ၍ ခက်ထန်သော ရမ် (Rahm)က ယနေ့ညမိန့်ခွန်းတွင် သမ္မတနှင့် နီးနီးကပ်ကပ် အလုပ်လုပ်ခဲ့သည့် သူက ကျွန်မ၏ မျက်နှာချင်းဆိုင်ခုံတွင် ထိုင်နေသောကြောင့် သမ္မတ မိန့်ခွန်းပြောသောအခါ ကျွန်မက သူ၏မျက်နှာအနေအထားကို လှည့်ကြည့်သည်။ နောက် ဘာဖြစ်မည်ဆိုတာကို မှန်းဆကြည့်ရန် ဖြစ်သည်။

နောက်ဖြစ်လာသည့် အရာကတော့ 'ကလင်တန်'က 'ထိုမိန်းမ'နှင့် မလျော်မကန်သော ဆက်ဆံရေးရှိခဲ့သည်ဟူ သည့် သူ၏စိတ်ထိခိုက်ဖွယ် ဝန်ခံချက်ပင်ဖြစ်သည်။ ယင်းသည် ကျွန်မကြားလိုသော သတင်းမဟုတ်ပေ။ သို့သော် ထို သတင်း၏ အတွင်းနက်ရှိုင်းသော အပိုင်းကဖြစ်လာမည်ကို ကျွန်မ ကြောက်ရွံ့သောအရာ ဖြစ်သည်။ 'ကလင်တန်' စကားပြောသောအခါ ရမ်(Rahm)က ကြမ်းတမ်းသောစကား ရေရွတ်လိုက်ပြီး 'ဒါဟာ အဆင်ပြေနေတာ လုံးဝမဟုတ်ဘူး' ဟု ပြောကာ ကျွန်မအခန်းထဲမှ တစ်ဟုန်ထိုး ထထွက်သွားသည်။

'ဒါ အဆင်ပြေနေတာ လုံးဝမဟုတ်ဘူး' ဟူသောစကားမှာ အဆင်မပြေတာရှိလျှင် လျှော့လျှော့ပေါ့ပေါ့ပြောသော စကားဖြစ်သည်။ ကျွန်မ၏ ပထမဆုံးအတွေးများက သမ္မတကတော်နှင့်အတူရှိသည်။ ကျွန်မ သူမကို တစ်နေ့လုံးမမြင်ရ။ သူတို့နေထိုင်ရာ ဒုတိယထပ်တွင် ရုပ်မြင်သံကြားကြည့်နေမည်မှာ သေချာပါသည်။ သူမတစ်ယောက်တည်းလား။ သူမကို နှစ်သိမ့်ဖို့ အဲဒီမှာ ဘယ်သူရှိမလဲ။ ကျွန်မ စဉ်းစားသည်။ သူမသည် ဤသတင်းကိုမသိခဲ့ပါလျှင် အခုတော့ အမေရိကန်လူထု ကမ္ဘာကြီးနှင့်အတူ သူမ ဤသတင်းကို သိပေပြီ။ သူမကို တစ်နေ့လျှင် နှစ်ဆယ့်လေးနာရီ စောင့်ရှောက်သော သူ၏ခန္ဓာကိုယ် ဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများကို၊ ဦးဆောင်လုပ်ကိုင်သော၊ ကမ္ဘာပတ်၍ သူနှင့်အတူ ခရီးသွားသော၊ သူနှင့်အတူ ရယ်စရာမောစရာ ပြောဆိုရယ်မောသော၊ မွေးနေ့နှင့် ခရစ္စမတ်တွင် သူနှင့်လက်ဆောင်များ ဖလှယ်သော သူ၏ ဆရာဝန် တစ်ယောက်အနေနှင့်ပင် ကျွန်မသည် သူ၏ဝန်ခံချက်ကို စီအန်အင်န် (CNN) သတင်းမှသာလျှင် ကြားရသည်။ ကျွန်မရုံးခန်းထဲ သီးခြားနေရာတွင်၊ သို့မဟုတ် ဒုတိယထပ် မိသားစုအခန်း၏ ခမ်းနားသောနေရာတွင် ဒီဝန်ခံချက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မကြားခဲ့ပေ။ ရုပ်မြင်သံကြားတွင် လူအများဆုံး ကြည့်နေသည့်အချိန်မှသာ ကျွန်မ ကြားရသည်။ သူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆရာဝန်တစ်ယောက်အနေနှင့် ကျွန်မကို သီးခြားပြောရန် မယုံကြည်လို့လား၊ သူလုပ်ခဲ့သည်ကို ကျွန်မကို အသိပေးရန် အလွန်အမင်း ရှက်လို့လား၊ ရှက်လို့ဖြစ်မည်ဟု ကျွန်မထင်သည်။

ရုပ်မြင်သံကြားတွင် 'ကလင်တန်' က သူ့ကိုယ်သူ ခုခံပြောဆိုနေသည်ကိုကြည့်ရင်း ကျွန်မ ဒေါသထွက်လာသည်။ သူ့ဇနီး၊ သူ့သမီး၊ သူ၏သစ္စာရှိသော ရုံးဝန်ထမ်းနှင့် သူ၏အိမ်ဖြူတော်အကူများကိုတောင်မှ သူ လိမ်ညာခဲ့သည်။ အိမ်ဖြူတော် အကူများဆိုလျှင် လွတ်လပ်သောကောင်စီ၏ရှေ့တွင် စစ်ဆေးမေးမြန်းရန် ဆွဲခေါ်သွားခြင်း ခံရသည်။ အိမ်ဖြူတော်ဆေးအဖွဲ့ ဒါရိုက်တာ တစ်ယောက်အနေနှင့် သတင်းလာပို့သော ဝန်ထမ်းသစ်များအား ကျွန်မ၏ ပထမဦးဆုံးသော သတိပေးစကားမှာ 'ငါ့ကို ဘယ်တော့မှမလိမ်နဲ့၊ မင်း လိမ်ရင် မင်းသေပြီ' ဟူ၍ဖြစ်သည်။ ကျွန်မတို့ ကျင့်သုံးသော အပြုအမူ၊ အဆင့်အတန်းများ တပ်ဖွဲ့အချုပ်အကြီးအကဲသည်လည်း ကျင့်သုံးသည်ဟု ကျွန်မ ထင်ခဲ့သည်။ သို့မဟုတ် ထိုသို့ယုံကြည်မှုသည်ပင်လျှင် ကျွန်မ 'အ' ၍ပဲလား။ သမ္မတ၏မိန့်ခွန်းကို နားထောင်ကာ ရုံးခန်းထဲတွင် ထိုင်နေရင်း ကျွန်မအဖေ၏ ညီအစ်ကိုဝမ်းကွဲ 'မာစီယာနို ရောကီ မာရီယာနို' (Marciano Rocky Mariano) အကြောင်းကို ကျွန်မ တွေးမိသည်။ သူက သမ္မတ 'ကနေဒီ' နှင့် သမ္မတ 'ဂျွန်ဆင်' ၏ အောက်တွင် အမှုထမ်းခဲ့သည်။ ဦးလေး 'ရော့ကီး' မှ အရင်အစိုးရနှစ်ဖွဲ့စလုံးတွင်ရှိ 'မိန်းမများအားလုံး အကြောင်းနှင့်ပတ်သက်၍ ကျွန်မ ဇာတ်လမ်းများကိုကြားဖူးသည်။ အပိုအိမ်ထောင်သစ် ထူထောင်ခြင်းသည် သမ္မတသက်တမ်း ဖြစ်တည်မှုအတွက် ဖြစ်လာရမည့် ထုံးစံတစ်ခုလို့ သူကပြောခဲ့သည်။

သို့သော် ထိုဩဂုတ်လတွင် သမ္မတမိန့်ခွန်းကို မသက်မသာ နားထောင်နေသည့်အခါ ကျွန်မအတွေးများက ကျွန်မကို နှစ်သိမ့်မှုလည်း မပေးနိုင်၊ သေချာမှုတစ်ခုကိုလည်း မပေးနိုင်ချေ။ ကျွန်မ၏သူနာပြုက ကျွန်မကိုကြည့်နေရင်း နားမငြိမ်စွာဖြင့် ခေါင်းကို ဟိုလှည့်ဒီလှည့်လုပ်သည်။ ကျွန်မတို့၏ညစာများက မထိမတို့ရသေးဘဲ ကျွန်မတို့ရှေ့ ကော်ဖီစားပွဲပေါ်တွင် အေးစက်နေပေပြီ။ ကျွန်မမှာ စားချင်စိတ်လည်း မရှိပေ။ သူနှင့်၊ သူ့အကျင့်စရိုက်နှင့် ပတ်သက်၍ ကျွန်မသည် သူ့မိတ်ဆွေနှင့် သူ့မိသားစုအား အမြဲခုခံပြောဆိုခဲ့သည်။ အခုတော့ ဘာဖြစ်တော့မှာလဲ။ ကျွန်မနှင့် သူ၏ဆက်ဆံရေးက အရင်အတိုင်း မည်သို့ ရှိနိုင်တော့မည်နည်း။ ရုပ်မြင်သံကြားပေါ်တွင် 'ကလင်တန်' ကိုကြည့်နေစဉ် ကျွန်မကို တိုက်ခတ်သော ဤစိတ်ပိုင်းဆိုင်ရာ မုန်တိုင်း၏အလယ်တွင် သမ္မတမိခင် 'ဗာဂျီးနီးယားကယ်လီ' (Virginia Kelley)က ကျွန်မ စိတ်ထဲတွင် ပေါ်လာသည်။ ယနေ့ သူမသား၏ စိတ်မချမ်းမြေ့စရာ ဝန်ခံချက်ကိုမြင်အောင် သူမ အသက်ရှင်မသွားခဲ့ပါ။ သည့်အတွက် ကျွန်မ ကျေးဇူးတင်မိသည်။ ကျွန်မသားကို ဂရုစိုက်ပါ'ဟု သူမ တောင်းပန်သွားသည်ကို ကျွန်မ ကြား

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ယောင်နေသေးသည်။ ကျွန်မ သူ့ကိုဂရုစိုက်ပါမည်။ သူ့ကိုထား၍ မသွားပါဟု ကျွန်မ သူ့မကို ကတိပေးခဲ့သည်။ ထို့နောက် ကျွန်မ အိမ်ဖြူတော်တွင် ဘာကြောင့် ရှိသည်ကို ကျွန်မ သတိရသည်။ ထိုသတိရချက်မှာ 'ဘတ်လီ' (Burt Lee) ဆိုသော အများဆုံးဖြစ်နိုင်ခြေရှိသည့် မူလမြစ်ဖျားခံမှုမှ လာသည်။ 'ဘတ်လီ' (Burt Lee) ဆိုသူမှာ သမ္မတဘွတ်ရှ် စီနီယာ (Bush Sr)၏အောက်တွင် အမှုထမ်းခဲ့သော ကျွန်မ၏ ဆရာဟောင်းဖြစ်သည်။ လွန်ခဲ့သော ခြောက်နှစ်က သူသည် ကျွန်မကို ရွေးချယ်ခန့်ထားခဲ့သည်။ အိမ်ဖြူတော်တာဝန်အတွက် ဝေဖန်မှုနှင့် ပြက်ရယ်ပြု ရယ်သွမ်းသွေးမှုများကို ရင်ဆိုင်နိုင် ရန် 'ဘတ်' (Burt) က ကျွန်မကို မာကျောအောင် လုပ်ပေးခဲ့သည်။ ဤဘေးဒုက္ခများကို ကျော်လွှားရှင်သန်ရန် ကျွန်မသည် 'ဘတ်' (Burt) ကဲ့သို့ မာကျောရမည်။ 'ဗာဂျီးနီးယား' (Birginia) ကဲ့သို့ ချစ်ခင်တတ်ရမည်။ ကျွန်မအဖေနှင့် သူ့ရှေ့က အိမ်ဖြူတော်အကူများကဲ့သို့နေပြီး အမေရိကန်ပြည်ထောင်စု၏ သမ္မတကို ဖျားနာနေစဉ်မှာရော၊ ကျန်းမာနေစဉ်မှာရော အမှုထမ်းရမည်ဆိုသည်ကို ကျွန်မ သဘောပေါက်သည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၁၅
## တစ်နှယ်ငင် တစ်စင်ပါ

'တစ်သက်လုံး ဒီလောက် တစ်ခါမှ ခေါင်းမကိုက်ဖူးဘူး'

အထက်ပါစကားမှာ မက်ကလောက် (Macleod) (ကျွန်မတို့က 'တိမ်မည်း' (Black cloud) ဟု ခေါ်သည်။)အား လူနာတစ်ယောက်က ပြောလိုက်သော စကားဖြစ်၏။ 'မက်ကလောက်'က ၁၉၉၉ခုနှစ်တွင် အိမ်ဖြူတော်ဆေးအဖွဲ့သို့ရောက်ပြီး တစ်ပတ်အတွင်းတွင် ထိုစကားကို ကြားလိုက်ရသည်။ 'တူရကီ' ရှိ အဆက်အသွယ် ပြတ်တောက်နေသော လေတပ်စခန်းတွင် လွတ်လပ်သည့် ဆေးတပ်ဖွဲ့ဝင်အဖြစ် တစ်နှစ်ကြာလုပ်ပြီးနောက် 'မက်ကလောက်' (Macleod)သည် အနီးဆုံးဆေးရုံ၊ သို့မဟုတ် ဆရာဝန်နာရီပေါင်းများစွာ ကင်းကွာလျက် ပြဿနာကို သူ့နည်းသူ့ဟန်နှင့် လုပ်တတ်ကိုင်တတ် ဖြစ်နေသည်။ ဝမ်းရေးအတွက် ဆေးကုသရသည်ထက် စစ်မြေတွင် 'သွေးရဲရဲ သံရဲရဲ' လုပ်ရသည်ကို ပိုမိုအာသီသ ရှိသောကြောင့် အိမ်ဖြူတော်တွင် တာဝန်ထမ်းဆောင်ရန် ငြင်းပယ်တော့မလို ဖြစ်ခဲ့သေးသည်။ သို့သော် 'မက်ကလောက်' (Mcleod)ကို ကျွန်မ လူတွေ့စစ်ဆေးသောအခါ အကျပ်အတည်း ဖိစီးမှုအောက်တွင် အေးဆေးတည်ငြိမ်စွာနေတတ်သော သူ့လို လူမျိုးတစ်ယောက် ကျွန်မလည်းလိုချင်ကြောင်း သူ့ကို သဘောပေါက်အောင် ကျွန်မပြောခဲ့သည်။

ထို့ကြောင့် သူကသည်အလုပ်ကို လက်ခံခဲ့သည်။ ပြင်ပလူနာဆေးခန်း၊ သို့မဟုတ် ဆေးအဖွဲ့အတူသွားစဉ် လမ်းပေါ်တွင် သူ ဖြေရှင်းကုသရမည့် ဆေးပညာဆိုင်ရာ ပြဿနာများမှာ သာမန်အအေးမိခြင်း၊ အဆစ်လွဲခြင်း၊ ရုံဖန်ရံခါဖြစ်တတ်သည့် ခေါင်းကိုက်ခြင်းတို့လောက်သာဖြစ်မည်ဟု မျှော်လင့်ခဲ့သည်။ နေ့လယ်စာစားချိန်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းစားပွဲတွင် ထိုင်နေစဉ် 'တစ်သက်လုံး ဒီလောက်တစ်ခါမှခေါင်းမကိုက်ဖူးဘူး' ဟူသော စကားသည် သူ မျှော်လင့်ထားသော စကားမဟုတ်ပါချေ။

အနက်ရောင် ဝတ်စုံဝတ်ထားလျက် တုတ်တုတ်ခိုင်ခိုင် လူလတ်ပိုင်း အဖရိကန် အမေရိကန်ကပြား တစ်ယောက် ရောက်ရှိလာကြောင်း အသိပေးကြေညာလျက် ဆေးခန်းတံခါး ခေါင်းလောင်းက ချိုချိုလွင်လွင် မြည်ဟည်းသွားသည်။ ခေါင်းလောင်းသံကိုကြားတော့ 'မက်ကလောက်' က မတ်တတ်ထရပ်လိုက်သည်။

'ကျွန်တော် ကူညီနိုင်ပါသလား ခင်ဗျာ'

နဖူးကို လက်ဖြင့်ညှစ်ထားကာ တံခါးမှ ဝင်လာသောသူကို သူက မေးလိုက်သည်။

မျက်ခုံးပေါ်တွင် ချွေးသီးချွေးပေါက်များ ပြန်လျက်၊ မျက်စိကို တင်းတင်းမှိတ်ထားသော ထိုသူက စကားကို ဖြည်းဖြည်းချင်း ပြောသည်။

'တစ်သက်လုံး ဒီလောက် တစ်ခါမှ ခေါင်းမကိုက်ဖူးဘူး'

သည်စကားကြားသောအခါ ဆေးဝန်ထမ်းများက ကျောရိုးထဲစိမ့်အောင် လန့်သွားကြသည်။ သည်စကား၏ အဓိပ္ပာယ်မှာ လူနာသည် ပြည့်လျှံနေသော သွေးကြောမကြီးထဲမှ သွေးများက ဦးနှောက်ထဲတွင် ရုတ်တရက် ပေါက်သည် ဟူသော သဘောဖြစ်သည်။ ဤအခြေအနေက အမြဲတမ်းလိုပင် သေလုမြောပါး အခြေအနေဖြစ်သည်။ 'မက်ကလောက်' (Mcleod)က လူနာကို သွေးခုန်နှုန်းတိုင်း၍ လက်မောင်းမှ သွေးပေါင်ချိန် ချိန်ကြည့်သောအခါ ထိုကဲ့သို့ပင် ခံစားရသည်။ ဤကိစ္စသည် အရေးပေါ်အခြေအနေဖြစ်ပြီး သူက ခပ်မြန်မြန် လှုပ်ရှားမှဖြစ်မည်ကို သူ အလိုလိုသိလိုက်သည်။ သူ၏ ငိုက်စိုက်ကျစပြုနေသော ခေါင်းကိုကြည့်ကာ အချိန်တိုင်းက သိပ်အရေးကြီးနေပြီဖြစ်ကြောင်း သူ သဘောပေါက်သည်။ လူနာက သတိမေ့မြောမသွားမီ 'မက်ကလောက်' (Mcleod)က မေးခွန်းတွေ တသီတတန်းကြီး မေးတော့သည်။

'ခင်ဗျားမှာ မတည့်တဲ့ဆေးရှိလား။ ခေါင်းမှာ ထိခိုက်ဖူးလား။ ဒါမှမဟုတ် ဒဏ်ရာရဖူးလား။ သွေးတိုး နှလုံး ရောဂါ၊ ဆီးချိုရှိလား။ ဆေးတစ်ခုခုကို သောက်နေသလား'

'မက်ကလောက်' (Mcleod) က သူ့မျက်နှာကို အောက်ဆီဂျင် အသက်ရှူကိရိယာ တပ်ပေးနေစဉ် လူနာက မေးခွန်းတစ်ခုစီကို 'မရှိပါ၊ မဟုတ်ပါ' ဟု ငြင်းဆိုသည်။ လူနာ၏ အလေးချိန် ပေါင်နှစ်ရာလေးဆယ်ရှိပြီး သူ့ကိုယ်ခန္ဓာက ဆေးစစ်သော စားပွဲနှင့် ဆန့်ရုံလောက်သာ ရှိသည်။ 'မက်ကလောက်' က ထိုသူ၏ သွေးပေါင်ချိန်ကို တိုင်းနေစဉ်မှာပင် လူနာက ညည်းတွားကာ ညာဘက်ခြမ်းသို့ ထိုးလှည့်သွားပြီး ရုတ်တရက် ငြိမ်သက်သွားသည်။ 'မက်' က သူ့ကို ဆွဲကာ စားပွဲပေါ်သို့ တွန်းတင်ပေးရင်း အော်လိုက်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ လာကူကြပါဦး'

သမားတော်လက်ထောက် 'ဂျွန်ချစ်ဝုဒ်' (John chitwood) နောက်တွင် အသားညှပ်မုန့်ကိုစားကာ ရေတပ်သူနာပြု ဗင့်စ်စတပ် (Vince Starks) နှင့် စကားစမြည် ပြောနေသည်။

'ခင်ဗျား တစ်ခုခု ကြားလိုက်သလား'

'စတပ် (Starks) က ပြောလက်စစကားကိုရပ်ကာ ချစ်ဝုဒ် (chitwood) အား မေးလိုက်သည်။

'နောက်မှရောက်တဲ့ လူသစ် ဖြစ်လိမ့်မယ်'

'ချစ်ဝုဒ်' (chitwood) ကပြုံးရင်း ပြန်ပြောသည်။

'ရောက်ခါစ ပထမအပတ်အတွင်းမှာတော့ သူတို့တွေ ထိတ်ထိတ်လန့်လန့် ဖြစ်ကြတာပဲ။ စစ်မြေပြင်မှာ ဘယ်လောက်ပဲ အတွေ့အကြုံရှိရှိ ဒီမှာ ပထမလအနည်းငယ် အတွင်းမှာတော့ နည်းနည်းတော့ လန့်ကြတယ်'

ကံအားလျော်စွာပင် 'ဗင့်စ်' (Vince)ကထပြီး ခန်းမလမ်းလျှောက်သွားကာ ဆေးဝန်ထမ်း၏အသံ လာရာဘက်ဆီသို့ အော်မေးလိုက်သည်။

'မက်… ခင်ဗျား ကျွန်တော်တို့ကို ခေါ်လား'

'မက်ကလောက်' (Mcleod) က လူနာပေါ်တွင် စီပီအာ (CPR) စတင်လုပ်နေသည်။

'ဒီမှာ အကူအညီလိုနေတယ်။ ကျွန်တော်တို့မှာ လုပ်စရာတွေရှိနေပြီ'

မက်ကလောက်က အသံကိုညှစ်၍ အော်သည်။ သူ့အသံထဲတွင် စိုးရိမ်မှုပါနေသည်။

'သူ နောက်နေတာလား'

'ချစ်ဝုဒ်' (Chitwood) က စတပ်(Starks) ၏နောက် ကုသရေးအခန်းထဲသို့ လိုက်သွားရင်း မေးသည်။ စက္ကန့်အနည်းငယ် ကြာသောအခါ သူတို့သည် လူနာ လေသင်တုန်းဖြတ်သည်ကို မျက်မြင် ကြုံတွေ့လိုက်ရတော့သည်။ ဒါဟာ ကြည့်လို့ကောင်းတဲ့ပုံ မဟုတ်ဘူး'

လေဖြတ်နေသည်ကိုကြည့်ကာ ခေါင်းကိုယမ်းရင်း 'မက်ကလောက်' က ပြောလိုက်သည်။ ထိုလူ၏ ကြီးမားသော ကိုယ်ခန္ဓာတစ်ခုလုံးပေါ်တွင် ဖုံးလွှမ်းသွားသော ပြင်းထန်သည့် အကြောဆွဲမှုက ဆေးဝန်ထမ်းတစ်ယောက်၏ အဝဌ် အရှည်ကြာဆုံး စက္ကန့် ၅၀ အလား ဖြတ်သန်းသွားသည်။ အကြောဆွဲမှုပြီးသွားမှ လူနာက ညည်းညူသည်။ နှာခေါင်းထောင့်မှ တံတွေးများ စီးကျနေသည်။

လှုပ်ရှားမှု ရပ်သွားသောအခါ 'ချစ်ဝုဒ်' (Chitwood) နှင့် စတပ် (Starks)က ဝင်ကူကြသည်။ 'ချစ်ဝုဒ်'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



(Chitwood) က 'မက်ကလောက်' (Mcleod) ၏ရှေ့တွင်ရပ်ကာ လူနာကို အောက်ဆီဂျင်အိတ်ထဲတွင်ထည့်ကာ ရင်ဘတ်ကို ဖိပေးသည်။ ထိုအချိန်တွင် စတပ် (Starks) က ပျော့တွဲကျနေသည့် လူနာ၏လက်ကြီးကိုယူကာ အိုင်ဗွီ (IV)ထည့်ရန် သွေးကြောရှာသည်။ 'မက်ကလောက်' (Mcleod) က ဖုန်းဆီသို့သွားကာ နံပါတ် ၉၁၁ ကိုခေါ်သည်။ ဒီစီမက်ထရို (DC Metro) လူနာတင်ကားကို ဥသြဆွဲမီးဖွင့် အချက်ပြပြီးလာရန် ဝတ်စုံဝတ်တပ်ဖွဲ့ (Uniformed Dluision) ကို အကြောင်းကြားလိုက်သည်။ အိမ်ဖြူတော် တာဝန်ကျသမားတော် ဒေါက်တာဘာရီနက်ရှ် (Dr. Barrynash) ကို စကားပြော စက်ဖြင့် လှမ်းပြောလိုက်သည်။ ဒေါက်တာ 'နက်ရှ်' က စားသောက်ခန်းထဲတွင် နေ့လယ်စာ စားနေသည်။

လေလမ်းကြောင်း အသက်ရှူခြင်း၊ သွေးလည်ပတ်မှု၊ လှုပ်ရှားနိုင်မှုမရှိခြင်း။ 'မက်ကလောက်'၊ 'စတပ်' နှင့် 'ချစ်ဝုဒ်' က လူနာ၏ အသက်ရှူခြင်းနှင့် သွေးခုန်နှုန်း ဖြစ်ပေါ်နေခြင်းကို အာရုံစိုက်နေကြသည်။ လူနာ ဦးနှောက်၏ အလုပ်လုပ်ဆောင်မှု အလျင်အမြန် ဆုံးရှုံးနေသည်။ သွေးကြောများ ပေါက်ထွက်ကာ ဦးခွံထဲရှိ ပိတ်ထားသော နေရာထဲသို့ စီးဝင်နေခြင်းကို သူတို့ ဘာမျှမတတ်နိုင်ကြပေ။ ဤလူနာတွင် ခွဲစိတ်ခန်းထဲတွင် သူ့အား လုပ်ဆောင်နိုင်သည့် အာရုံကြောခွဲစိတ်မှုအဖွဲ့ အတူရှိနေဖို့ လိုအပ်သည်။ ဒီစီမက်ထရို (DC Metro) က ဝတ်စုံဝတ် တပ်ဖွဲ့ဝင်များပါရှိလျက် ရောက်လာသည်။ နာရီပေါင်းများစွာ ကြာသလိုရှိသော်လည်း တကယ်တော့ မိနစ်ပိုင်းမျှသာ ကြာသည်။ သေးငယ်သော ပြင်ပလူနာဆေးခန်းလေးသည် ရေဒီယိုများ၊ ဆေးဘက်ဆိုင်ရာကိရိယာကို ဆောင်ထားသည်။ ယူနီဖောင်းဝတ် လူများဖြင့် ပြည့်နက်သွားသည်။ ဒေါက်တာနက်ရှ် (Dr. Nash) ကလည်း အကြောင်းကြားမှု ရရချင်း လူနာတင်ကားအဖွဲ့ တစ်ချိန်တည်းပင် ဆေးခန်းထဲသို့ ပြေးဝင်လာသည်။

'မက်ကလောက်' က ဒေါက်တာနက်ရှ်နှင့်အတူ ဆေးအဖွဲ့ဝင်များ အမြန် သတင်းပို့ ရှင်းလင်းပြလိုက်ပြီး သူတို့က လူနာကို အမြန်လုပ်ဆောင်ပေးကြသည်။ သူတို့က အရေးပေါ် အသက်ကယ်လုပ်ဆောင်မှု စီပီအာ (CPR) ကို ဆက်လုပ်ကြသည်။ လူနာ၏ လက်မောင်းတွင် အိုင်ဗွီကိုတပ်သည်။ ရင်ဘတ်ပေါ်တွင် အီးကေဂျီ (EKG) ကိုတင်သည်။ ထို့နောက် အရေးပေါ် ကားတွန်းလှည်းပေါ်သို့ ထိုလူကိုတင်ပေးလိုက်သည်။ ထိုသို့ 'ထုပ်ပိုးတင်ပေးလိုက်သည့် မိနစ် တော်တော်များများ ကြာသွားသည်။'

အကူဆေးအဖွဲ့ဝင်များက လူနာကို ဆေးခန်းထဲမှ လှည်းနှင့် တွန်းထုတ်၊ လူနာတင်ကားထဲသို့ ထည့်ကာ အိမ်ဖြူတော်မှ လမ်းအောက်ဘက် 'ဂျော့ဝါရှင်တန်တက္ကသိုလ် ဆေးရုံ' (George Wshington University Hospital) သို့ တစ်ဟုန်ထိုး မောင်းချသွားတော့သည်။ လူနာတင်ကား ဥသြဆွဲသံက အဝေးတွင် တဖြည်းဖြည်း ကျယ်လောင် တိုးသွားသောအခါ စောစောက ဆေးဘက်ဆိုင်ရာ အရေးပေါ် လှုပ်ရှားဆူညံမှုဖြင့် ဖုံးလွှမ်းထားသော ဆေးခန်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပြန်၍ ငြိမ်သက်သွားပြန်သည်။ ဒေါက်တာ 'နက်ရှ်' က ညှိနှိုင်းခန်းထဲတွင် 'မက်ကလောက်'၊ 'စတပ်' နှင့် 'ချစ်ဝုဒ်' တို့ နှင့်အတူထိုင်ကာ ကုသပုံနည်းနာများကို ဆွေးနွေးကြသည်။ လူနာ၏ ရောဂါဝေဒနာ ဖြစ်ပွားပြီးနောက်ပိုင်း လေးယောက်သား ငြိမ်ငြိမ်သက်သက် ထိုင်မှိုင်နေကြသည်။ 'မက် ဆေးအဖွဲ့ ဆေးခန်းက ကြိုဆိုပါတယ်။' ဒေါက်တာ 'နက်ရှ်' က တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။

'ဒါက ကျွန်တော်တို့ တွေ့ကြုံနေကျ လူနာပုံစံမျိုး မဟုတ်ဘူးဆိုတာ ကျွန်တော် ခင်ဗျားကို သိစေချင်ပါတယ်'

'မက်ကလောက်' က သွားပေါ်အောင် ပြုံးလျက် ပြန်ပြောသည်။

'အဲဒီလို လူနာ တော်တော်များများကို ကျွန်တော် မကုသခဲ့ပါဘူးလို့ ဝန်ခံရမယ်။ ဒါပေမဲ့ နောက်တစ်ခု ကျွန်တော် ဝန်ခံစရာရှိသေးတယ်'

'နက်ရှ်' နှင့် တခြားနှစ်ယောက်က အနားတိုး၍ နားထောင်ကြသည်။ သူတို့က စိတ်ဝင်စားလာကြသည်။ ''ကျွန်တော့် ဘေးပတ်ပတ်လည်မှာ တိမ်မည်းတွေပဲ ရှိနေတတ်တယ်။ ကျွန်တော်က အဲဒီတိမ်မည်းတွေကို ထိန်းထားနိုင်တယ်။ ကျွန်တော် တာဝန်ကျတဲ့အခါတိုင်း ဒီလို ဆိုးရွားတဲ့ကိစ္စတွေ ပေါ်တတ်တယ်''

'မက်ကလောက်' (Mcleod) က တောင်းပန်သလို တစ်ဝက်၊ ကြွားသလို တစ်ဝက်ဖြင့် ဝန်ခံသည်။

'ဒါကို ကျွန်တော်တို့သိတာ ကောင်းပါတယ်' ဒေါက်တာနက်ရှ်က ပြောသည်။

'ဆိုးရွားတဲ့ကိစ္စတွေဖြစ်ရင် ဘာလုပ်ရမယ်ဆိုတာ ခင်ဗျားသိတာက ပိုတောင်ကောင်းသေးတယ်'

■

လူနာကို 'ဂျီဒဗလျူယူ ဆေးကုသမှုဌာန' (GWU Medical conter) တွင် တက်ရောက်ခွင့်ပြုသည်။ သူသည် ဦးနှောက်တွင် သွေးကြောပေါက်မှု ခံစားနေကြောင်း ထိုဌာနရှိ ဆရာဝန်များက အတည်ပြုသည်။ သူ့ကို အယ်ဆယ်၍ မရနိုင်တော့ပေ။ လူနာကို GWU ဌာန၏ စောင့်ရှောက်မှုအောက်တွင် ထားသော်လည်း သူ့ကို စောင့်ရှောက်မှု၊ ကြည့်ရှုမှုတွင် အိမ်ဖြူတော် ဆေးအဖွဲ့က ပါဝင် လုပ်ဆောင်နေသေးသည်။ လူနာသည် အိမ်ဖြူတော် ဆက်သွယ်ရေး အရာရှိချုပ်စီတွင် တာဝန်ချထားသော လူပ်ရှားမှုတာဝန်ကျ ခြေမြန်တပ်ရင်း အရာရှိဖြစ်သည်။ အိမ်ဖြူတော်တွင် တာဝန်ကျသော စစ်တပ်အရာရှိ လုပ်ဖော်ကိုင်ဖက်ချင်းဖြစ်သောကြောင့် သူ့ကိုကျွန်မတို့ အသိုက်အဝန်းထဲမှ မိသားစုဝင်တစ်ယောက်လို သဘောထားကြပါသည်။ အိမ်ဖြူတော်ဝန်းမှ သူ ထွက်သွားပြီးနောက် သူ၏ ဆေးကုသမှုအခြေအနေနှင့် ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားမှုအဆင့်ဆင့်ကို အသိပေးရန် တယ်လီဖုန်းခေါ်သံများက တရစပ် ဝင်လာသည်။ ဒေါက်တာနက်ရှ် (Drnash) က ကျွန်မ၏ လက်ကိုင်ဖုန်းကို လှမ်းခေါ်သည်။ ကျွန်မက Martha's Vineyard ရှိ ဂေါက်သီးရိုက် ကားလေးထဲတွင် ထိုင်နေခဲ့ ဖြစ်၏။ မိသားစုအားလပ်ရက်တွင် သမ္မတက စကျင်းဝင်အောင် ရိုက်သည်ကို ကျွန်မက စောင့်ကြည့်နေသည်။

'ရှင် လူတိုင်းကို အကြောင်းကြားလိုက်ပြီလား ဘာရီ'

'နက်ရှ်' (Nash) က GWU ရှိ အရေးပေါ်လူနာခန်းတွင် ကုသမှု လုပ်ထုံးလုပ်နည်းနှင့် လူနာ၏အနေအထား ကျွန်မအား ပြောပြပြီးအခါ ကျွန်မက သူ့ကိုမေးလိုက်ခြင်း ဖြစ်၏။

'ဟုတ်ကဲ့··· အကြောင်းကြားပြီးပါပြီ' နက်ရှ်က ပြောသည်။

'WHCA ကွန်မင်ဒါနှင့် ဆေးရုံဒါရိုက်တာကို ကျွန်တော်တို့ ဆက်သွယ်ပြီးပါပြီ။ သူ့မိသားစုကို ဆေးရုံခေါ် လာဖို့ ကားတစ်စီး လွှတ်လိုက်ပါတယ်။ အနေအထားကတော့ မကောင်းဘူးပေါ့။ သူ့ကို အရေးပေါ်အသက်ကယ်ပုံစံနှင့် ထားရတယ်'

'ကျွန်မတို့ ဆေးဖက်ဆိုင်ရာ အုပ်ချုပ်ရေးဌာနက ဒီကိစ္စမှာ သေချာအောင်လုပ်ပါ။ လူနာဟာ အရေးပေါ် အသက်ကယ်အနေအထားမှာ ရက်နည်းနည်းပိုရှိသွားရင် သူ့ကို ကျွန်မတို့က လုပ်ရှားမှုတာဝန်ကနေ အနားပေးထားရလိမ့်မယ်။ ဒါမှ သူကွယ်လွန်ရင် သူ့မိသားစုက အကျိုးခံစားခွင့် အပြည့်အဝရမယ်'၊ 'ဟုတ်ပါပြီ' 'နက်ရှ်' က သဘောတူသည်။

'နောက်တစ်ခုရှိသေးတယ်။ ဘာရီ' ကျွန်မက ပြောသည်။

'ဒီမနက် ကျွန်မတို့ ဆေးဝန်ထမ်းအသစ်က အဲဒါကို ဘယ်လိုကိုင်တွယ်သလဲ'

'ကျွန်တော်တို့ သူလုပ်မယ် မျှော်လင့်ထားတာတွေအားလုံး သူ လုပ်ခဲ့ပါတယ်။ လုံးဝ ချွေးမထွက်ဘူး။ လုံးဝ ဣန္ဒြေမပျက်ဘူး။ အဲဒါဟာ ဆေးခန်းမှာ သူ့ရဲ့ပထမဆုံးနေ့ကို စမ်းသပ်လိုက်တာပဲ' 'နက်ရှ်' က ပြောပြသည်။

ဒီသတင်းပို့ချက်ကို ကြားရတာ ကျွန်မပျော်သွားသည်။

'သည်တော့ ဒီကိစ္စမျိုးသာဖြစ်ရင် သူဟာ နောက်ဆုံးစာမေးပွဲကို အောင်နိုင်တယ်လို့ ရှင် ထင်တယ်ပေါ့'

'နောက်ဆုံးစာမေးပွဲ ဟုတ်လား'

ကျွန်မမေးခွန်းကြောင့် နက်ရှ်က ရှုပ်ထွေးသွားကာ မေးသည်။

'သည်နေ့ လူနာဟာ သမ္မတသာဆိုရင် သူ ဘာလုပ်မလဲ။ ဆေးကုသမှုဆိုင်ရာအရ သူဟာ ဒီလိုပဲ တစ်သ မတိမ်း လုပ်မှာလား။ အဲဒါကို သူ ဘယ်လိုကိုင်တွယ်မလဲ'

'နက်ရှ်'က စဉ်းစားရန် ခဏငြိမ်သွားသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ဒီမနက် ကျန်တဲ့လူတွေလိုပဲ အတွင်းခံအဝတ်တွေ ချွေးထဲမှာ စိုရွှဲနေမှာပါ။ သမ္မတကို ပြုစုစောင့်ရှောက်တာမှာလည်း သူ အဲဒီနည်းအတိုင်း လုပ်ပါလိမ့်မယ်'

ကျွန်မက ပြုံးသည်။

'မှန်လိုက်တဲ့အဖြေ၊ လူတိုင်းဟာ နောက်ဆုံးစာမေးပွဲအတွက် ပြင်ဆင်ရမှာပဲ။ ဖြေဖို့တော့ ဘယ်တော့မှ မမျှော်လင့်ပါနဲ့။ အဲဒီစာမေးပွဲမကြုံတဲ့အထိ တခြားလူနာတိုင်းဟာ အစမ်းစာမေးပွဲတွေပဲ။ ဒါကြောင့် ကျွန်မတို့ ဒီမှာရှိနေတာပေါ့'

'သဘောပေါက်ပါတယ် ဆရာမ'

■

ဆေးအဖွဲ့အား သမ္မတနှင့် သူ၏မိသားစုကို စောင့်ရှောက်ရန် တာဝန်ပေးထားသည် မဟုတ်ဘဲ။ ဒုတိယသမ္မတနှင့် သူ၏မိသားစုကို စောင့်ရှောက်ဖို့ပါ တာဝန်ပေးထားသည်။ ကျွန်မတို့က သူ့ကို ဒုတိယလူနာဟု ခေါ်မည်ဟု သင်ထင်မည်။ သို့သော် သူနှင့်သူ့မိသားစု မဆိုထားနှင့်၊ ဆယ့်ရှစ်ဧကကျယ်သော အိမ်ဖြူတော်ဝင်းရှိ မည်သူကိုမဆို ကျွန်မတို့၏ ဂရုစိုက်မှု၊ အလေးထားမှုသည် ပထမလူနာ အရည်အသွေးအတိုင်းပင် ဖြစ်ပါ၏။ အထူးသဖြင့် သမ္မတသည် ပင်လယ်ရပ်ခြား၊ သို့မဟုတ် လမ်းပေါ်တွင်ရှိလျှင် ကျွန်မတို့ကို တစ်ခါတစ်ရံ ဆွဲဆန့်ထုတ်ပြီး ဆေးဘက်ဆိုင်ရာ အရေးပေါ်ကိစ္စကိုတော့ ကိုယ့်တိုင်းပြည်ကိုယ့်နေရာမှာ ပြန်လုပ်သည်။ သမ္မတကလင်တန်က ကျွန်မတို့၏ ဆေးဘက်ဆိုင်ရာကွန်ရက်တွင် နိုင်ငံခြားတိုင်းပြည်ခေါင်းဆောင်များကိုပါ ထည့်သွင်းပါဝင်စေသောအခါ ကျွန်မတို့ စောင့်ရှောက်ကုသရမည့်သူများမှာ တစ်နှယ်ငင် တစ်စင်ပါဆိုသလို ဖြစ်ကုန်တော့သည်။

အကြောအမြှင်ခွဲစိတ်ဆရာဝန်၏ ရောဂါဖြစ်စဉ် အကြောင်းကို ကြားသောအခါ ဒုတိယသမ္မတ အယ်လ်ဂိုး (AL Gore) က မျက်နှာရှုံ့မဲ့သွားသည်။

'ဒုသမ္မတကြီး ခင်ဗျား'

သမားတော်က အမေရိကပြည်ထောင်စု၏ ဒုတိယသြဇာအကြီးဆုံး ပုဂ္ဂိုလ်အား သတိထား၍ ယဉ်ကျေးစွာ ပြောလိုက်သည်။ Grthesda ရေတပ်ဆေးရုံရှိ ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုနှင့် ကုသမှု ယူနစ်အထူးခန်း (Medical Eualuation and Treatment Unit-METU) တွင် သူတို့ ထိုင်နေစဉ်တွင် ပြောဆိုလိုက်ခြင်း ဖြစ်သည်။

'သမ္မတကြီးရဲ့ ခြေမျက်စိ အကြောက ပြတ်သွားပါတယ်။ ခွဲစိတ်ခန်းထဲမှာ ကျွန်တော်တို့ ပြန်ဆက်ပေးရမှာ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဖြစ်ပါတယ်'

ရေခဲနှင့် အဝတ်ပတ်လျှင် ပျောက်နိုင်သော သာမန်အဆစ်လွဲခြင်း တစ်ခုဟုသာ 'ဂိုး' (Gore) က မျှော်လင့်နေသည်။ ဆရာဝန်က သူ့ကိုပြောပြချက်မှာ သူ့ဘာသာသူ လုပ်နိုင်သည့်ရောဂါမဟုတ်ချေ။ ဒုသမ္မတ၏ ဘယ်ဘက်ခြေချင်းဝတ်သည် ထိုမျှလောက် မနာကျင်နေပါလျှင် သူသည် ဆေးရုံးထဲမှ လမ်းလျှောက်ထွက်သွားမည် ဖြစ်သည်။ သူ့မှာ ခွဲစိတ်ဖို့အတွက် အချိန်မရှိပေ။ သူ့ပြက္ခဒိန်က လုပ်ဖို့ အစီအစဉ်တွေနှင့် ပြည့်ကျပ်နေသည်။ နောက်ရက်သတ္တပတ် အနည်းငယ်အတွင်း ပင်လယ်ရပ်ခြားသို့ သွားဖို့ရှိသည်။ 'ဂိုး' (Gore)သည် မျက်နှာမရှုံ့ဘဲနှင့် ခြေတစ်လှမ်းမှ မလှမ်းနိုင်သည်ဖြစ်၍ ဆရာဝန်၏ ထင်မြင်ချက်ကို ပြန်၍စဉ်းစားရတော့သည်။

၁၉၉၄ ခုနှစ်တွင် ဖြစ်၏။ ကွန်ဂရက်အဖွဲ့ဝင် လူကြီးနှစ်ယောက်ပါသော ရရာလူကောက်စုသည့် ဘော့စ်ဘောကစားပွဲနှင့်အတူ ဂိုး (Gore) သည် Capital Hill ပေါ်တွင် နောက်ထပ် အလုပ်များသောနေ့နှင့် ကြုံခဲ့သည်။ သွေးပူလေ့ကျင့်ခန်းမလုပ်ဘဲ ဂိုး (Gore) က သူ့အပေါ်အင်္ကျီကို သူ၏ ကိုယ်ရံတော်တစ်ယောက်၏ လက်ထဲသို့ ပစ်ပေးလိုက်သည်။ ကိုယ်ရံတော်က ထိုင်ခုံဘေးတွင် ဒုသမ္မတ၏အဖွဲ့၊ လက်ထောက်များ၊ ဆေးအဖွဲ့၏ သမားတော် လက်ထောက်များနှင့်အတူ မတ်တတ်ရပ်နေသည်။ အဖွဲ့တစ်ဖွဲ့လုံးက အောက်လွှတ်တော် အဆောက်အအုံရှိ အားကစားရုံတွင်းသို့ ဝင်သွားသော သူ့နောက်သို့ လိုက်သွားကြသည်။ ဂိုး (Gore) က ဘောလုံးကို လေထဲတွင် ခုန်ရိုက်ပြီးနောက် ဘယ်ဘက်ခြေထောက်က သိသိသာသာလည်လျက် ကွင်းပေါ်သို့ပြုတ်ကြသည်။ ထို့နောက် သူသည် ဖျတ်ခနဲ ကျိုးသံကို ကြားရပြီး ဘယ်ဘက်ခြေထောက်၏ နောက်ဘက်တွင် တစ်ခုခုက လာရိုက်မိသလို ခံစားလိုက်ရသည်။ ခြေသလုံးကြွက်သားများ၏ အောက်အကြောမြှင်ကို ဆွဲစုထားပြီး ခြေမျက်စိအကြောများက ဖနောင့်နှင့် ဆက်ထားနေရာမှ ပြုတ်ထွက်သွားသည်ဟု ဒုသမ္မတ ခံစားလိုက်ရသည်။ သူက ရှေ့သို့ခြေလှမ်းလှမ်းဖို့ ကြိုးစားသည်။ သို့သော် မချိမဆံ့ နာကျင်မှုကြောင့် သူ ကြမ်းပြင်ပေါ်သို့ ကျသွားသည်။

တာဝန်ကျရေတပ်သမားတော် 'မိုက်ဂရန့်' (Mike Grant) က ကွင်း၏တစ်ဖက်မှ ဖျတ်ဆိုသောအသံကို ကြားပြီး သမ္မတဆီသို့ ပြေးလာသည်။ ပြေးရင်းလွှားရင်း သူ၏ဆေးအိတ်ထဲမှ ရေခဲအိတ်ကို ဆွဲထုတ်သည်။ 'ဂရန့်' (Grant) က ဂိုး (Gore) ကို စစ်ဆေးကြည့်ကာ သူ့ခြေမျက်စိကို စီအေတီစကင် (CAT Scen) ရိုက်ရန်နှင့် အကြောအမြှင်ဆရာဝန်ကိုတွေ့ရန် (Bethesda) သို့ တန်းသွားရန် ပြောသည်။ ပီအေ (PA) က ဂိုး (Gore) ၏ ကြွက်သားမြှင်များ စုတ်ပြဲသွားသည်ကို သူ၏ စစ်ဆေးမှုမှသိရပြီး ဒုသမ္မတ မော်တော်ယာဉ်တန်းက ဂျော့ဝါရှင်တန်ပတ်ဆေး (George Washing ton Parkway) တစ်လျှောက်သွားနေစဉ် ကျွန်မ၏လက်ကိုင်ဖုန်းသို့ လှမ်း၍ ဆက်လိုက်ခြင်းဖြစ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်မက ပထမဦးစွာ Bethesda ရှိ METU တွဲဖက်ဆောင်ရွက်သူထံသို့ ဖုန်းဆက်သည်။ ဤသို့ဖုန်းဆက်လိုက်မှုကြောင့် ဖုန်းခေါ်ဆိုမှုများက ဆက်တိုက်ဖြစ်ပေါ်သွားပြီး သမ္မတ၏ အမှတ်မထင် ရောက်ရှိမှုအတွက် အထူးခန်းက သက်ဝင် လှုပ်ရှားသွားသည်။

METU ၏ သက်ဝင်လှုပ်ရှားမှုဆိုသည်မှာ ထိုသီးသန့်အထူးခန်းတွင် တာဝန်ချထားသော သူနာပြုများနှင့် တပ်ဖွဲ့ဝင်များက ထိုနေရာသို့ ချက်ချင်းသတင်းပို့၍ ရောက်ရှိလာမည့် သမ္မတက ဖြစ်နိုင်မည့် စောင့်ရှောက်မှုကို ထိထိရောက်ရောက် မဆိုင်းမတွရရှိစေရန် သူတို့၏ အခန်းကဏ္ဍတာဝန်များကို ဆောင်ရွက်ရန် အသင့်ဖြစ်နေကြခြင်းပင် ဖြစ်သည်။ METU အထူးခန်း Bethesda ရေတပ်ဆေးရုံသမိုင်းဝင်တာဝါ (Tower) ၏ အချက်အခြာကျသော နေရာတွင်ရှိသည်။ သီးသန့်လူနာဆောင် ဖြစ်သည်။ ယင်းအထပ်ကို လုံခြုံရေးကိရိယာများ တပ်ဆင်ထားပြီး သမ္မတကို အထောက်အကူပေးနိုင်ရန် အသုံးပြုသော ဆက်သွယ်ရေးပစ္စည်းများ ရှိသည်။ အခင်းအကျင်းအလွန် ခမ်းခမ်းနားနား မဟုတ်သော်လည်း သပ်ရပ်တင့်တယ်ပြီး အိမ်ဖြူတော် West Wind နှင့် ဆင်ဆင်တူသည်။ ကျွန်မက ထိုအခန်းကို အသုံးပြုဖို့ မလုပ်မချင်း အချိန် တော်တော်များများ သော့ခတ်ထားသည်။ အိမ်ဖြူတော်ဆေးအဖွဲ့၏ ဒါရိုက်တာအနေနှင့် ပထမလူနာ (သမ္မတ) နှင့် ဒုတိယလူနာ (ဒုသမ္မတ)နှင့် ယင်းတို့၏မိသားစုများကို စစ်ဆေးကုသရန် ကျွန်မကသာလျှင် ထိုအခန်းကို အသုံးပြုအောင် လုပ်နိုင်သည်။

ဤလုံခြုံသောနေရာကို ယခင်က ဆေးရုံတက်သော သမ္မတများ၏ ပြင်ပလူနာခန်းအဖြစ် အသုံးပြုသည်။ ဤ အခန်း၏ ခုတင်တစ်ခုတွင် သည်းခြေခွဲစိတ်မှုပြီး၍ ပြန်လည်နေကောင်းလာသော သမ္မတလင်ဒန်ဂျွန်ဆင် (Landon Johnson) ၏ ဓာတ်ပုံ၊ ဤနေရာတွင် ဆေးရုံတက်နေစဉ် အတောအတွင်း ပြတင်းပေါက်မှ လက်ပြနှုတ်ဆက်နေသော သမ္မတရော်နယ်ရီဂင် (Ronald Reagan) နှင့် သမ္မတကတော်စသည့် အိမ်ဖြူတော်မော်ကွန်းဓာတ်ပုံများ ရှိသည်။

METU လူနာဆောင်သည် သီးခြားလွတ်လပ်သည့် စီမံခန့်ခွဲမှုရှိသော နေရာလည်းဖြစ်၏။ သမ္မတက ဆေးရုံတက်နေစဉ်တွင် ဆေးရုံ၏ ကျန်သောနေရာများက လူနာများကို ခါတိုင်းလို စောင့်ရှောက်ကုသည့် အလုပ်ကို လုပ်မြဲအတိုင်း လုပ်နေကြသည်သာဖြစ်၍ သမ္မတနှင့် သမ္မတအဖွဲ့ရှိနေကြောင်း မသိကြပေ။

'မလိုင်ဖတ်နဲ့ သကြားနှစ်ထုပ်ပါတဲ့ သစ်အယ်သီးအစေ့ ကော်ဖီပါ၊ ဒေါက်တာကြိုက်တဲ့အတိုင်းပါ'

ဒုဗိုလ်ဘီလ်မက်ဂီ (Bill Megee) က ပြောသည်။ ဆေးရုံ၏ ရွှေရောင်အမှတ်တံဆိပ်ပါရှိသည့် အငွေ့တထောင်းထောင်း ထွက်နေသော ခွက်တစ်ခွက်ဖြင့် သူက ကျွန်မကိုဆီးကြိုသည်။ အရင်သမ္မတများ ဆေးရုံတက်စဉ် အခါကတည်းက ကျွန်မကော်ဖီကို ဘယ်လိုကြိုက်မှန်း မက်ဂီး (Megee) က သိထားသည်။ သင့်သလို ခေါ်ယူဖွဲ့စည်းထားသည့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူနာပြုများနှင့် ဆေးရုံတပ်ဖွဲ့များသော METU အဖွဲ့အတွက် အသေးစိတ်ကိစ္စသည် သိပ်အသေးအဖွဲဆန်လှသည် မဟုတ်ပါ။ လူနာဆောင်အထူးခန်းသို့ ဝင်လာသော ဧည့်သည်များကို ဆီးကြိုနှုတ်ဆက်သည့် တရားဝင်ဓာတ်ပုံများကိုတောင်မှ တစ်သီးပုဂ္ဂလဆန်စွာ ပြုလုပ်ချိတ်ဆွဲထားသည်။ ဂိုး (Gore) ရောက်ရှိနေစဉ်အတွင်း သူ့ဓာတ်ပုံနှင့် သူ၏ဇနီး 'တစ်ပါ' (Tipper) ၏ ဓာတ်ပုံကို ဧည့်ကြိုခန်းနံရံပေါ်တွင် ချက်ချင်းချိတ်ဆွဲထားသည်။ အကယ်၍ သမ္မတကလင်တန်၊ သို့မဟုတ် သမ္မတရောက်လာလျှင်လည်း သူတို့၏ဓာတ်ပုံများကို ချိတ်ဆွဲထားမည် ဖြစ်သည်။

ဒုသမ္မတ၏ မော်တော်ယာဉ်တန်းက အထူးခန်း၏ အပြင်ဘက် အဝင်လမ်းတွင် ရပ်လိုက်သည်ကို ကျွန်မတွေ့သည်။ တစ်ပါ (Tipper) နှင့် ဒုသမ္မတမိသားစု၏ ကလေးနှစ်ယောက်က သီးခြားကားတစ်စီးနှင့် မိနစ်အနည်းငယ်ကြာမှ ရောက်လာသည်။ ကျွန်မတို့ကို ရေတပ်လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ယောက်နှင့် လျှို့ဝှက်လုံခြုံရေးတစ်ယောက်က ဆီးကြိုပြီး အထူးခန်းထဲသို့ လိုက်ပို့ပေးသည်။

ခွဲစိတ်ဆရာဝန်က ခွဲစိတ်ကုသဖို့ ပြောနေသည်ကို စူးစူးစိုက်စိုက် နားထောင်ရင်း သူမယောက်ျား၏ဘေးတွင် ရပ်နေသော 'တစ်ပါ' (Tipper) သည် ဆံပင်ရွှေရောင်နှင့် ချစ်စရာကောင်းပြီး သွက်လက်ချက်ချာသည်။ ထိုအချိန်တွင် သူမသည် စိုးရိမ်ပူပန်တတ်သည့် ဇနီးမယားတစ်ယောက်၏ စံပြုအပ်သည့်ပုံစံ ဖြစ်နေသည်။ သူမက နှိုင်းနှိုင်းချိန်ချိန် တွေးတောနေဟန်ဖြင့် ဆရာဝန်ကိုကြည့်သည်။ သူ့ယောက်ျားကို ကြည့်သည်။ ထို့နောက် ကျွန်မ၏ တုံ့ပြန်မှုကို မျှော်လင့်စွာဖြင့် ကျွန်မကိုကြည့်သည်။

'ခွဲစိတ်ကုသဖို့ ကျွန်မ သဘောတူပါတယ်' ကျွန်မက ဂိုး (Gore) နှင့် သူ့ဇနီးကို ပြောသည်။ ထို့နောက် အကြောအမြွှင်ဆရာဝန်ကို ပြောလိုက်သည်။

'ခွဲစိတ်ခန်းကို ဘယ်လောက်မြန်မြန် အသင့်ဖြစ်နိုင်မလဲ'

'အခု အသင့်ဖြစ်ပါတယ်'

ယင်းမှာ ကျွန်မ မျှော်လင့်သော အဖြေဖြစ်သည်။ ဒုသမ္မတက အင်တင်တင်နှင့် သဘောတူကြောင်း ခေါင်းညိတ်ပြသည်။ ကျွန်မတို့က ခွဲစိတ်ခန်းသို့ ထွက်သွားကြသည်။

■

'အယ်လ်ဂိုး' (Al Gore) ၏ ခြေမျက်စိအကြော ခွဲစိတ်ပြုပြင်မှုသည် 'ကလင်တန်' အစိုးရလက်ထက်တွင်

the bookhouse
we bring your tales
www.burmeseclassic.com

www.burmeseclassic.com



သမ္မတ ဆေးရုံတက်နေသော အဖြစ်နှစ်ခုအနက် ပထမဖြစ်ပါသည်။ ပထမသက်တမ်းအတွင်း တစ်နှစ်နှင့်ခြောက်လအကြာတွင် ဖြစ်ပွားသော Brthesda ဆေးရုံရှိ ဂိုး (Gore) ၏ ခွဲစိတ်မှုကြောင့် METU နှင့် အိမ်ဖြူတော်ဆေးအဖွဲ့တို့ နီးနီးကပ်ကပ် အတူတူ အလုပ်လုပ်ခွင့်ရသွားသည်။ ဒုတိယသမ္မတ၏ ခွဲစိတ်မှုက နောင်သုံးနှစ်ကြာသောအခါ ဖြစ်ပွားသည့် သမ္မတကလင်တန်၏ ပေါင်ထပ်ကြော ခွဲစိတ်မှုအတွက် ကျွန်းမာအားနည်းမျိုးစုံနှင့် ပြင်ဆင်ပေးထားသလို ဖြစ်သွားသည်။ ဆေးရုံတက်စဉ်ကာလ ချောမွေ့စေမည့် လုပ်ထုံးလုပ်နည်းများကို စီမံတည်ဆောက်ရန် ကျွန်မ လေ့လာရသည်။ သို့သော် နောက်ပိုင်းတွင် ဆေးရုံက ဆင်းလျှင်ဆင်း၊ ခရီးသွားရန် တောင်းဆိုသော နောက်လူနာတစ်ယောက်ကို ရင်ဆိုင်ရန် ကျွန်မ အသင့်ဖြစ်နေသည်။

METU အထူးခန်းတွင် ခဏတာ ဆွေးနွေးပြီးနောက် မိနစ်အနည်းငယ်အကြာတွင် ဒုသမ္မတကို ခွဲစိတ်ခန်းထဲသို့ တွန်းလှည်းနှင့် တွန်းပို့လိုက်သည်။ 'တစ်ပါ' (Tipper) နှင့် ကလေးနှစ်ယောက်က ခွဲစိတ်ခန်း၏ အပေါ်ဘက်မှန်ကာကြည့်ရှုခန်းမှနေ၍ ခွဲစိတ်မှုကို ကြည့်နေကြသည်။ ခွဲစိတ်ခန်းဝတ်ထားသော ဂိုး (Gore) ၏ အလှည့်ကျ အဖွဲ့ဝင်နှစ်ယောက်က အကြောအမြွှင်ခွဲစိတ်ဆရာဝန်၊ မေ့ဆေးဆရာဝန်၊ ခွဲစိတ်ခန်းအဖွဲ့နှင့်အတူ ကျွန်မနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။

စုတ်ပြဲသွားသော အကြောများကို ပြန်လည်ပြုပြင်ခြင်းက တစ်နာရီခွဲသာကြာသည်။ ခွဲစိတ်မှုက အဖုအထစ်မရှိပြီးမြောက်သွားခဲ့သည်။ ခွဲစိတ်နေစဉ်တွင် ကျွန်မက ခွဲစိတ်မှုကို ငုံ့ကြည့်နေသော ဒုသမ္မတကတော်နှင့် ကလေးနှစ်ယောက်ကို မကြာခဏ မော့ကြည့်သည်။ အစစအရာရာ စီစဉ်ထားသလို ဖြစ်နေကြောင်း ကျွန်မက သူတို့ လက်မထောင်ပြသည်။ 'တစ်ပါ' (Tipper) က ကြည်ကြည်လင်လင်ဖြစ်ကာ ကျွန်မကိုလည်း လက်မနှစ်ချောင်း ပြန်ထောင်ပြသည်။

တစ်ရက်ကြာ ဆေးရုံတက်ပြီးရုံရှိသေး ဂိုး (Gore) က အိမ်ပြန်ဖို့ စိတ်ထက်သန်နေသည်။ သူ ဆေးရုံမှ ဆင်းမီ အကြောအမြွှင်ခွဲစိတ်ဆရာဝန်က သူ၏ခွဲစိပ်ထားသော အကြောအမြွှင်များ သိသာပျောက်ကင်းစေဖို့ သူ့ခြေထောက်တစ်ခုလုံးကို လှုပ်ရှား၍မရအောင် ပုံစံခွက်ထဲတွင် သုံးလကြာ ထည့်ထားရမည်ဟု ပြောသည်။ ထို့နောက် ကျွန်မက သူ့ကို 'တစ်ပါ' (Tipper) နှင့်အတူ သီးခြား တွေ့ဆုံသည်။ 'အိုကေ၊ ကျွန်တော်က ပုံစံခွက်ထဲမှာနေပြီး ချိုင်းထောက်ကို သုံးရမယ်ဆိုတာ ကျွန်တော်သိပါတယ်' ဒုသမ္မတက စိတ်မပါ့တပါနှင့် ပြောသည်။

'ဒါပေမဲ့ နောက်တစ်ပတ်မှာ ကျွန်တော် ပင်လယ်ခရီးသွားမှာပဲ' ခွဲစိတ်ပြီး သွေးခြည်ဥများ ဆုံးရှုံးမှုနှင့် ချိုင်းထောက်ပေါ်တွင် သူ ချာလည်လည်ဖြစ်နေမည့် ဒုက္ခနှင့်ပတ်သက်၍ ကျွန်မက ဒုသမ္မတကို ဆွေးနွေးတင်ပြသည်။

'ရှင် ပုံစံခွက်ထဲက ထွက်တဲ့အထိ ခရီးစဉ်ကိုရွှေ့ဖို့ ကျွန်မ ပြောချင်ပါတယ်'

ကျွန်မက သူ့ကိုကြည့်ရင်း ပြောသည်။ ထို့နောက် 'တစ်ပါ' (Tipper) ကို ကြည့်သည်။ သူမက ကျွန်မကို

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



သဘောတူကြောင်း ခေါင်းညိတ်ပြသည်။

'ခင်ဗျား အကြံပေးတာကို ကျေးဇူးတင်ပါတယ်ဒေါက်တာ။ ဒါပေမဲ့ ကျွန်တော်ကတော့ သွားရမှာပဲ' ဂိုး (Gore) က ခပ်ပြတ်ပြတ် ပြောလိုက်သည်။

အကြောအမြင်ဆိုင်ရာတွင် အထူးပြု လေ့လာထားသော ဆေးအဖွဲ့မှ လက်ထောက်သမားတော် တစ်ယောက်နှင့်အတူ ဒုသမ္မတ ဂိုး (Gore) က တကယ်ပင် ခရီးသွားခဲ့ပါသည်။ တကယ်တော့ ပုံစံခွက်နှင့်ချိုင်းထောက်က ဒုသမ္မတကို နှောင့်နှေးအောင် လုံးဝမလုပ်နိုင်ခဲ့ပါပေ။ သူသည် ပြည်နယ်ပေါင်း လေးဆယ့်သုံးပြည်နယ်တွင် နိုင်ငံခြားတိုင်းပြည် အနည်းငယ်ကို ချိုင်းထောက်ကြီးနှင့် နေရာအနှံ့ ခြေဆန့်ခဲ့ပါသည်။

သို့သော် ဂိုး (Gore) ၏ သုံးလကြာ နဂိုအနေသို့ ပြန်လည်ရောက်ရှိမှုသည် ချောချောမောမော ဖြစ်သွားခဲ့သည်တော့ မဟုတ်ပေ။ ဒီစီ (DC) ရှိ ဘုရားကျောင်းထဲတွင် သူသည် ချိုင်းထောက်နှင့် လိမ်ဖည်ဖည်သွားနေစဉ် လှေကားထစ်ကို တက်လိုက်သည့်အခါ သူ ခြေချော်သွားသည်။ သူက လှေကားထစ်ပေါ်တွင် ဒူးထောက်ကျသွားပြီး သူ၏သတ္တုချိုင်းထောက်က ကျယ်လောင်သောအသံနှင့်အတူ ဘေးသို့ လွင့်စဉ်ကျသွားသည်။ သို့သော် လမ်းပေါ်ရှိ အနက်ရောင်ဆူဘားဘင် (Suburban) ကားထဲမှ တန်ပြန်တိုက်ခိုက်ရေးအဖွဲ့ လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင်က မြင်လိုက်ရသည်မှာ ဒုသမ္မတသည် ရေ့ကြမ်းခင်းပေါ် ဒူးထောက် လဲကျသွားကာ ကျယ်လောင်သောအသံ ဖြစ်သည်။ ဂိုး (Gore)ကို သေနတ်ဖြင့် ပစ်ခတ်ခံရပြီဟုထင်၍ လုံခြုံရေးအဖွဲ့ဝင်များက သေနတ်ထုတ် ရှေ့သို့ပြေးကာ ဒုသမ္မတကို ကာထားလိုက်ကြသည်။ ကံအားလျော်စွာ ဘယ်သူမှ သေနတ်ပစ် မခံရပါ။ ဒုသမ္မတသည် ခြေမျက်စိဒဏ်ရာမှ ပြန်လည် ကောင်းမွန်သွားသည်မှာ ၁၉၉၇ မရိန်းတပ်ဖွဲ့ မာရသွန်ပြေးပွဲ (Marine Corps Marathan) ကို ဝင်ရောက်ဆင်နွှဲနိုင်လိုက်သည်အထိ ဖြစ်၏။

■

သင်သည် ပုဂ္ဂိုလ်ရေးပြဿနာများရှိသော ငယ်ရွယ်သူ ရှေ့ပြေး အဖွဲ့ဝင်တစ်ယောက်ဖြစ်စေ၊ သို့မဟုတ် မီးဖိုချောင်ထဲရှိ အရွယ်ကြီးကြီး ချက်ပြုတ်သူပင်ဖြစ်စေ အမေရိကန်ပြည်ထောင်စု၏ သမ္မတအတွက် အလုပ်ဝန်ပိမှုသည် ဤတပ်ဖွဲ့ရှိ လူတိုင်းအပေါ် သက်ရောက်ပါသည်။

သင့်အပေါ်တွင် သက်ရောက်ရန် သင်သည် ရှေ့တန်းမှာ ရှိစရာမလိုပေ။ ခေါင်မိုးပေါ်မှ ချောင်းမြောင်းပစ်ခတ်သူ သို့မဟုတ် သမ္မတ၏ အစားအစာကို အဆိပ်ခတ်ဖို့ ကြိုးစားသူစသည့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အန္တရာယ်က အမြဲ

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ပူပန်စိုးရိမ်စရာဖြစ်၏။ အသက်အန္တရာယ်ကို ထိခိုက်စေသည်သာ ဖြစ်၏။

၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာ-၁ရက်နေ့ သမ္မတကလင်တန်နှင့် သမ္မတကတော် ဟီလာရီကလင်တန်တို့ အိုင်ယာလန်ကိုရောက်သောအခါ အိုင်ယာလန်လူမျိုးများ၏ မျက်လုံးများက သူတို့ဇနီးမောင်နှံကို တကယ်ပင် ပြုံး၍ နှုတ်ဆက်နေကြသည်။ ထိုနေ့သည် ဥရောပသို့ဖြတ်သွားသော ငါးရက်ခရီး၏ သုံးရက်မြောက်နေ့ ဖြစ်သည်။ အိုင်ယာလန်က 'ကလင်တန်'၏ နှလုံးသားထဲတွင် အထူးနေရာတစ်ခု ယူထားသည်။ သူ၏မိခင်ဘက်က 'ကပ်ဆီဒီ' (Cassidy) မိသားစုက အိုင်ယာလန်ကို သူတို့၏ မွေးရပ်မြေဟု ဆိုကြသည်။ လေဆိပ်တွင် ကလင်တန်တို့ ဇနီးမောင်နှံကို နှုတ်ဆက်ရန် ဒဗ္ဗလင်မြို့သား (Dubliner) များက အမေရိကန်အလံကို ဝှေ့ယမ်းပြနေစဉ်တွင် ဆေးအဖွဲ့သူနာပြု ' မစ်ချယ်လ်အဒမ်' (Michelle Adams)က လေတပ်အမှတ်-၁ (Air Force one) လေယာဉ်၏ နောက်ဘက်တံခါးတွင် ကျွန်မကို ထိပ်လန့်စရာသတင်းနှင့် ကြိုဆိုနှုတ်ဆက်သည်။

'ဒေါက်တာ' ကျွန်မက လေယာဉ်ပြေးလမ်းပေါ်သို့ ခြေချသည်နှင့် 'မစ်ချယ်လ်' (Michelle) က ကျွန်မကို တိုးတိုးကပ်ပြောသည်။ 'ဒေါက်တာတို့လေယာဉ် မဆင်းခင်လေးတင် ဒီစီ (DC)က စိတ်ရောဂါပညာရှင် အမျိုးသမီးက ကျွန်မဆီ ဖုန်းဆက်တယ်။ တော်တော် စိတ်အနှောင့်အယှက်ဖြစ်ဖို့ ကောင်းတယ်'

ထိုအချိန်တွင် သည်ခရီးကတော့ တစ်ခုခုဖြစ်ပြီဟု ကျွန်မ သိလိုက်သည်။

'ဘာဖြစ်တာလဲ မစ်ချယ်လ်'

'ကျွန်မတို့အထဲက တစ်ယောက်ဖြစ်တဲ့ သူမရဲ့လူနာနဲ့ ပတ်သက်လို့ပေါ့' သူမက ဆက်ပြောသည်။

''ဒီခရီးအတွက် အလုပ်လုပ်ဖို့ 'ဒဗ္ဗလင်' (Dublin) ကိုလွှတ်ထားတဲ့ အိမ်ဖြူတော်ဝန်ထမ်း အမျိုးသမီးငယ်တစ်ယောက်ပါ။ သူက စီဒီ (DC) မှာရှိတဲ့ သူ့ရဲ့ စိတ်ရောဂါပညာရှင်ဆီကို ဒီနေ့ ဖုန်းဆက်တယ်''

''သူ့ရည်းစားနဲ့ ပြဿနာဖြစ်ပြီးနောက်မှာ သူမဟာ စိတ်ဓာတ်အရမ်းကျနေပြီး 'ဒဗ္ဗလင်'က ရဲတိုက်မှာ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ စီစဉ်တယ်လို့ လှမ်းပြောတယ်တဲ့'

လေယာဉ်ပေါ်မှဆင်းကာ ဆိုက်ရောက်သည့် အခမ်းအနားသို့ မှတ်တမ်းတင်ရိုက်ကူးရန် ကင်မရာပစ္စည်းများနှင့် အလုပ်လုပ်နေကြသော အိမ်ဖြူတော်စာနယ်ဇင်းအဖွဲ့ကို ကျော်ဖြတ်လျက် ကျွန်မတို့က အခမ်းအနားနေရာဆီသို့ သွက်သွက်လျှောက်သွားကြသည်။ တစ်ချက်မှ အမူအရာမပျက်ဘဲ ကျွန်မက သူတို့ကို ပြုံး၍လက်ပြလိုက်သည်။

ကျွန်မက 'မစ်ချယ်လ်' ကို အသံခပ်အုပ်အုပ်ဖြင့် ပြောသည်။

'စာနယ်ဇင်းအဖွဲ့ကို လက်ပြပြီးပြုံးပြလိုက်၊ ငါတို့ စိတ်ဖိစီးနေတယ်လို့ သူတို့က မမြင်စေနဲ့။ တစ်ခုခုဖြစ်နေပြီဆို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



[illegible] သူတို့ ရိပ်မိသွားလိမ့်မယ်'

'မစ်ချယ်လ်' က နဖူးကြောရှုံ့ကာ ကျွန်မက စာနယ်ဇင်းကို နှုတ်ဆက်သလိုမျိုး တာဝန်ကျေစွာ လိုက်၍နှုတ်ဆက်သည်။ တချို့လူများက လက်ပြပြီး ကင်မရာနှင့် စကားပြောခွက်များ ဆင်နေသော အလုပ်ကို ပြန်လုပ်ကြသည်။

'ဒဗ္ဗလင်ရဲတိုက်မှာ သန်းခေါင်ယံ ကိုယ့်ကိုကိုယ် သတ်သေမှုဖြစ်နိုင်တယ်'

အရံ 'လင်မိုဆင်း' (Limousin) ကား ဆီသို့သွားနေစဉ် ကျွန်မက အခြေအနေကို သုံးသပ်မိသည်။ ဒါဟာ သူ့အတွက်ရော၊ ငါတို့အတွက်ပါ မကောင်းဘူး။ ဒီနေရာဟာ သမ္မတနဲ့ သမ္မတကတော်အတွက် နိုင်ငံတော်ညစာစားပွဲ နေရာဆိုတာ ဒီကောင်မလေး သိတယ်လို့ ကျွန်မထင်တယ်'

'မစ်ချယ်လ်'က ဆက်စပ်၍ မတွေးမိသေးချေ။

'ဘုရားရေ… ဒေါက်တာပြောတာ မှန်တယ်။ ဒီကိစ္စက ဒီခရီးရဲ့ ပြဿနာကြီးပါလား'

''တခြားလူတွေကို ဂရုမစိုက်သလို ဖြစ်နေတယ်ဆိုတာ ကျွန်မ သိတယ်။ သမ္မတရဲ့ ခရီးစဉ်အတွင်းမှ သေကြောင်းကြံစည်မှုက ဒီခရီးက လာမယ့်ချစ်ကြည်ရေးကို အရိပ်လို ထိုးနေလိမ့်မယ်။ စာနယ်ဇင်းကလည်း သေကြောင်းကြံစည်မှုကို အကျယ်တဝင့် ရေးလိမ့်မယ်''

'ဝါရှင်တန်' နှင့် အချိန်ကွာခြားမှုကိုသိရန် ကျွန်မ နာရီကိုကြည့်လိုက်သည်။

'အဲဒီဆရာဝန်ရဲ့ ဖုန်းနံပါတ်ကို မင်းသိသလား'

စိတ်ရောဂါပညာရှင်၏ ဖုန်းနံပါတ်ကို ကျွန်မနှိပ်နေစဉ် အိုင်ယာလန်ခြေမြန်တပ်ဖွဲ့ကို ကျွန်မလှမ်းကြည့်လိုက်သည်။ သူတို့က စစ်တပ်အဆောင်အယောင်များကို တောက်တောက်ပပ ဝတ်စားကာ လေယာဉ်ပြေးလမ်းပေါ်တွင် စုရုံးရောက်ရှိနေကြသည်။ 'ကလင်တန်' ဇနီးမောင်နှံက လေယာဉ်ရှေ့လှေကားမှ တင့်တယ်ထည်ဝါစွာ ဆင်းလာကြသည်။ အမေရိကန် သမ္မတအဖြစ်၏ပုံရိပ်ကို ဖန်တီးရာတွင် စာနယ်ဇင်းအဖွဲ့၏ ကြီးမားထက်မြက်သော စွမ်းရည်ကို ကျွန်မ ဆင်ခြင်မိနေသည်။ အိမ်ဖြူတော်တွင် ကျွန်မ စောစောပိုင်းက လေ့လာခဲ့သော အမှန်တရားတွေထဲမှ တစ်ခုမှာ 'အများမြင်ကွင်းသည် ယင်း၏ တကယ့်အရှိတရားပင် ဖြစ်သည်' ဟူ၍ဖြစ်သည်။

ဥပမာအားဖြင့် သမ္မတသည် လှေကားမှဆင်းနေစဉ် ခြေချော်လဲသည် ဆိုပါစို့၊ ဤကံမကောင်း အကြောင်းမ[illegible] မှုလေးတစ်ခုပင်လျှင် အများမြင်ကွင်းတွင် သူသည် ကိုးရိုးကားရားနိုင်သည်ဟူ၍ ဖြစ်မည်။ သမ္မတ၏ အလည်အပတ် ခရီးနှင့် ဆက်စပ်နေသော ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှုကို နိုင်ငံခြားတိုင်းပြည်များက မည်သို့ရှုမြင်ကြမည်[illegible] အိမ်ဖြူတော်သည် သူတို့၏ဝန်ထမ်းကို လုံလုံလောက်လောက် အကာအကွယ်မပေးနိုင်ဟူသော သဘောမျိုး စာနယ်ဇင်း

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



များက ပုံကြီးချဲ့ကြမည်။ သည်အမျိုးသမီးငယ်နှင့် သမ္မတကလင်တန်တို့ ပတ်သက်ဆက်ဆံမှုရှိမရှိ စုံစမ်းကောင်း စုံစမ်းကြမည်။ လုပ်ကြံဖန်တီးသော ဇာတ်လမ်းပေါင်းများစွာ ဝင်လာမဆဲ တသဲသဲ ပေါ်ထွက်လာမည်။ ကျွန်မက ပြေရာပြေကြောင်း ဖြေရှင်းနိုင်ပါသည်။ အိမ်ဖြူတော်ဝန်ထမ်းတိုင်းကလည်း သည်သဘောရှိပါသည်။ သို့သော် ထိုနေ့နံနက် ပါဝင်လှုပ်ရှားရသော ကျွန်မက ဆရာဝန်တစ်ယောက်ဖြစ်နေသည်။ ထိုနေရာရှိ တစ်စုံတစ်ယောက်က ဆေးဘက်ဆိုင်ရာ အကူအညီကို အသည်းအသန် လိုအပ်နေသည်။ ကျွန်မတို့ သူမဆီကို ချက်ချင်းရောက်ရန် လိုအပ်သည်။

'ဒဗ္ဗလင်'ရှိ ပွဲများတွင် ဆောင်ရွက်ရန် တာဝန်ချထားသော အိမ်ဖြူတော်ဆေးအဖွဲ့သမားတော် ဒေါက်တာ ဂျက်ဖ် (Dr.Jrff Doogie Howser Eschbach) ကို ကျွန်မ လှမ်းမြင်သည်။ လျှို့ဝှက်လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ယောက်နှင့်တူပြီး လက်တစ်ဖက်က ကားတံခါးကို ကိုင်ထားလျက် ကျန်လက်တစ်ဖက်က ဆေးအိတ်ကိုကိုင်ထားကာ 'ဂျက်ဖ်' (Jeff) သည် သမ္မတ၏ကားဘေးတွင် မတ်တတ်အနေအထားဖြင့် သမ္မတကို မျက်စိနှစ်လုံးစလုံး မခွာဘဲ စိုက်ကြည့်နေသည်။ ဂျက်ဖ် (Jeff)က ရှေ့ပြေးအဖွဲ့တွင် ပါဝင်ပြီး ဒဗ္ဗလင်ခရီးအတောအတွင်း သမ္မတအတွက် တာဝန်ယူဆောင်ရွက်မည်။

ထိုအချိန်တွင် ကျွန်မက ဟိုတယ်တွင် အိပ်စက်အနားယူ၊ ကျွန်မတို့ ခရီးသွားအဖွဲ့မှ လူနာများကိုကြည့်၊ 'ဒဗ္ဗလင်'တွင် အချိန်လေးနည်းနည်းခိုးကာ 'တိုးရစ်' လုပ်ချင်လည်း လုပ်လိုက်မည်။ ဒီခရီးမှာတော့ 'တိုးရစ်' လုပ်နိုင်မှာ မဟုတ်ဟု ကျွန်မက မသက်မသာ ခံစားရသည်။

စိတ်ရောဂါပညာရှင်က တယ်လီဖုန်းနှင့် စကားပြောရာတွင် နှစ်လိုဖွယ်ရှိပြီး စိုးရိမ်ပူပန်နေသည်။ ဒီခရီးနှင့် တာဝန်ထမ်းဆောင်ရန် မလာမီ သူမ၏ လူနာ 'မေရီ' က စိတ်ဓာတ်ကျဆင်းမှု ရောဂါကြောင့် သူမ၏ စောင့်ရှောက်မှု အောက်တွင်ရှိနေခဲ့သည်။ ရောဂါကို ဆေးနှင့်ထိန်းထားပြီး ဒီအလုပ်ကိုလုပ်ရန် သူမအား ခွင့်ပြုထောက်ခံပေးခဲ့သည်။ သို့သော် မေရီက သူမ၏ရည်းစားနှင့် ပြဿနာကြီးထွားသောအခါ ခပ်ယှဲ့ယှဲ့ဖြစ်လာသည်။ ထိုနေ့မနက် သူ့ရည်းစားက သူမကို အဝေးမှ လှမ်းဖုန်းဆက်သောအခါ သူမက မထိန်းနိုင်မသိမ်းနိုင် ဖြစ်လာသည်။ သူမက စိတ်ဓာတ်အကြီးအကျယ် ကျကာ ဆရာဝန်ဆီ ဖုန်းဆက်ကာ သူမကို သူမသတ်သေမည်ဟု ခြိမ်းခြောက်သည်။

'ဒီမိန်းကလေးအတွက် ကျွန်မ သိပ်စိတ်ပူပါတယ်။ သူက ကိုယ့်ကိုကိုယ် သတ်သေနိုင်တယ်' စိတ်ရောဂါပညာရှင်က ထပ်ခါထပ်ခါပြောသည်။

'ဒါတွေအကုန်လုံး ရှင့်ခေါင်းပေါ်မှာ ကျလာတာ ကျွန်မ စိတ်မကောင်းပါဘူး'

'ကျွန်မတို့ရဲ့ အဓိကအလုပ်က သမ္မတကို စောင့်ရှောက်ဖို့ဆိုပေမယ့် မေရီက ကျွန်မတို့ မိသားစုဝင်ပါ။ ကျွန်မတို့ရှာတွေ့ရင် သူ့ကိုကူညီဖို့ အတတ်နိုင်ဆုံး ကြိုးစားပါမယ်'

bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောပြီးသောအခါ သူမ သေကြောင်းမကြံစည်မီ၊ သူမကိုရှာဖွေရာတွင် ကူညီရှာဖွေရန် ကျွန်မအသိပေးရမည်ဖြစ်ကြောင်း အဖွဲ့ဝင်များ၏ စာရင်းကိုလုပ်သည်။

ပျောက်ဆုံးနေပြီး သေကြောင်းကြံစည်မည်ဟုဆိုသော အိမ်ဖြူတော်ဝန်တစ်ယောက် အကြောင်းကို ကျွန်မက ပြောပြသောအခါ 'ဒွန်ဖလင်း' (Don Flynn) ၏ အိုင်ယာလန်မျက်လုံးများက ပြုံးမနေပါ။ ဝါရင့်လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင်ကြီးက ဆဲရေးတိုင်းထွာလိုက်ပြီးနောက် လုံခြုံရေးအဖွဲ့ဝင် တော်တော်များများကို ကျွန်မတို့၏နေရာသို့လာရန် ရေဒီယိုဖြင့် လှမ်းခေါ်လိုက်သည်။ အိမ်ဖြူတော်ရှေ့ပြေးခရီးခေါင်းဆောင် 'ဘရိုင်ရန်မက်ပတ်လင် (Brian Mc Partlin) က စစ်ဘက်ကိုယ်ရံတော်တို့နှင့် ကျွန်မတို့၏ ရှာဖွေရေးအစီအစဉ်ကို ဆွေးနွေးရန် လေယာဉ်ပြေးလမ်းပေါ်တွင် စုဝေးလိုက်ကြသည်။ လုံခြုံရေးအဖွဲ့ဝင်များက တွေ့ဆုံပွဲနေရာများတွင် ရှာဖွေမည်။ ထိုညနေ ရဲတိုက်တွင် အမျိုးသမီးငယ်ကို စောင့်ကြည့်သည်။ ဘရိုင်ရန် နှင့် စစ်ဘက်ကိုယ်ရံတော်က ဟိုတယ်သို့ပြန်ပြီး သူမ၏ အခန်းထဲတွင် မိန်းမငယ်ကို ရှာမည်။ အကယ်၍ ကျွန်မတို့ သူမကိုတွေ့လျှင်နှင့် တွေ့သောအခါ ဒေသခံဆေးရုံတွင် လူနာကိုတက်ခွင့်ရရန် 'မစ်ချယ်လ်' က အမေရိကန်သံရုံးရှိ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများနှင့် ဆက်သွယ်မည်။ ကျွန်မက ထိုည သမ္မတနှင့်အတူ ဒဗ္ဗလင်ရဲတိုက်သို့ လိုက်သွားမည်။ ထိုညတွင် လူနာတစ်ယောက်ထက်မက ပိုနေပါက ကျွန်မတို့ လိုလိုမည်မည် ရှိနေစေရန်ဖြစ်သည်။

'ဒဗ္ဗလင်' ရဲတိုက်၏ ခမ်းနားသော အပေါက်ဝကိုသွားသည်။ ကျောက်တုံးခင်း ရဲတိုက်ဝင်းကို ကျွန်မတို့ ဖြတ်ကျော်သောအခါ ကျွန်မတို့ အရန်ကားက သမ္မတ၏ကားနောက်က ကပ်လျက်သား ရှိနေသည်။ ကားများရပ်သောအခါ ကျွန်မက ခုန်ဆင်းသည်။ ဂျက် (Jeff) က ကျွန်မ၏ နောက်မှာ။ ထို့နောက် ဂျက်(ဖ်) (Jeff) က သမ္မတနှင့် သမ္မတကတော် ခန်းမကြီးထဲ ဝင်သွားရာနောက်သို့ လိုက်သွားပြီး ကျွန်မနှင့် 'ဘရိုင်ရန်မက်ပတ်လင် (Brian Mc Partlin) က အဖွဲ့မှ ခွဲထွက်ကာ ကျွန်မတို့၏ သီးခြားလမ်းကြောင်းပေါ် ရောက်သွားသည်။

ရဲတိုက်၏ဘေးရှိ ရိုးရိုးရှင်းရှင်း ပုံစံရှိသော နော်မန်မျှော်စင် (Narman Tower) ကို ကျွန်မ ငုံ့ကြည့်လိုက်တော့လသည် ကတ္တီပါညကို တစ်ဝက်ထွန်းညှိထားသည်။ ခန်းမကြီးကို ဖယောင်းတိုင်မီးမှိန်မှိန် ထွန်းထားသည်။ တင့်တယ်သေသပ်၍ ရင်ခုန်လွမ်းမောဖွယ်ရာ ပတ်ဝန်းကျင် စရိုက်စလေ့ကို ဖော်လှစ်စေလိုသော ရည်ရွယ်၍ ထွန်းညှိထားခြင်းဖြစ်သည်။ သို့သော် ထိုသို့မဖြစ်ဘဲ ရဲတိုက်သည် အပြင်ကကြည့်လျှင် ကြောက်မက်ဖွယ်ရာ ကောင်းနေသည်။ စိတ်ပျက်လက်ပျက်ဖြစ်နေသော မိန်းမပျိုကိုရှာဖွေရင်း ကျွန်မသည် ကျောက်တုံးရဲတိုက်ထဲသို့ သတိထား၍ လျှောက်လှမ်းဝင်သောအခါ အလယ်ခေတ် အချုပ်ခန်းများ၊ ကျုံးများ၊ ဘုရင်များ၊ မိဖုရားများ၏ ပုံရိပ်များက ကျွန်မ၏ ပူပန်နေသောစိတ်ကို ဖုံးလွှမ်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ ဟိုတယ်မှာ ဘာမှမတွေ့ဘူး ဒေါက်တာ' ရဲတိုက်အဝင်လမ်းတွင် ဘရိုင်ရန် (Brian) က ကျွန်မကို သတင်းပို့သည်။

'သူမရဲ့အခန်းက ဟာလာဟင်းလင်း ဖြစ်နေတယ်။ ဆေးပုလင်းသေတ္တာကိုတော့ တွေ့ခဲ့ပါတယ်'

'ဘရိုင်ရန်'က ဆေးများ၏အမည်ကို တစ်ခုချင်း ပြောပြသည်။ ဆေးပုလင်းအများစုမှာ အပြည့်ရှိနေသည်။ အဓိပ္ပာယ်မှာ လူနာက ဆေးများကို မသောက်ဘဲနေသည်ဟူသော သဘောဖြစ်၏။

'ဒီရဲတိုက်အပြင် တခြားသူ မရှိနိုင်တဲ့နေရာ သဲလွန်စတစ်ခုခုရသလား'

ဘရိုင်ရန်က ခေါင်းခါပြသည်။ ထိုအချိန်တွင် ယနေ့ည နိုင်ငံတော်ညစာစားပွဲအတွက် ခေါင်းဆောင်ဖြစ်သော လုံခြုံရေးအဖွဲ့ဝင်နှင့် ကျွန်မတို့ တွေ့ကြသည်။ ခန်းမကြီးထဲရှိ အမှတ်တရ ညစာစားပွဲတွင် သမ္မတနှင့် သမ္မတကတော်ကို ဆုမွန်ကောင်းတောင်း၍ ပျော်ရွှင်နေကြသည်။ ကျွန်မက နောက်ဘက်အခန်းထဲတွင် စစ်ဘက် ကိုယ်ရံတော်၊ 'မစ်ချယ်လ်'၊ ဂျက်ဖ်၊ ဘရိုင်ရန်တို့နှင့်အတူ ထိုင်နေသည်။ ကျွန်မတို့အားလုံး ရေဒီယိုလမ်းကြောင်းကို နီးနီးကပ်ကပ် နားစွင့်နေကြသည်။ ရဲတိုက်တစ်ခုလုံးတွင် အစောင့်ချထားသော လုံခြုံရေးအဖွဲ့ဝင်ပေါင်းများစွာက သတိပေးသော၊ မည်သည့် ပုံမှန်မဟုတ်သော လှုပ်ရှားမှုမှန်သမျှကို ရင်ဆိုင်ရန် အသင့်ဖြစ်နေကြသည်။

ညသန်းခေါင်ယံသို့ ရောက်လာပြီး ရဲတိုက်တွင် ဘာအနှောင့်အယှက်မှမရှိဘဲ ပြီးဆုံးသွားသည်။ ကျွန်မတို့ မော်တော်ယာဉ်တန်းက ရဲတိုက်မှ ထွက်ခွာသောအခါ ကျွန်မ သက်ပြင်းရှည်ကြီး ချမိသည်။ သို့သော် သက်သာရာတော့ မရသေးပေ။ သည်ည ရဲတိုက်တွင် မိမိကိုယ်ကို သေကြောင်းကြံစည်မှု မရှိသော်လည်း 'ဒဗ္ဗလင်'တွင် ပျောက်ဆုံးနေသော ဒုက္ခပေးသည့် မိန်းကလေးက ရှိသေးသည်။ သူမကို တွေ့အောင်ရှာရမည်ကို သိထားသောကြောင့် ဖြစ်သည်။

စိတ်ပင်ပန်း၊ လူပင်ပန်းဖြင့် ကျွန်မ ဟိုတယ်သို့ပြန်ခဲ့သည်။ ကျွန်မအခန်း၏ အပြင်ဘက်ခန်းမထဲတွင် လူနာသုံးယောက် စောင့်နေသည်။ ကျွန်မ ခရီးပန်းနွမ်းနယ်နေသည်ကို သိသောကြောင့် ဂျက်ဖ (Jeff) က သူတို့ကို သူ့အခန်းဆီသို့ ခေါ်သွားကာ သူတို့၏ ဝေဒနာများကို ကြည့်ရှုလုပ်ကိုင်ပေးလိုက်သည်။ သမ္မတ၏ အထူးခန်းရှေ့တွင် ကျွန်မက ဒွန်ဖလင်း (Don Flynn) နှင့် ခပ်တိုတို စကားပြောဆိုကြည့်သည်။ 'မေရီ' ဘယ်မှာရှိသည်ဆိုသည့် အကြောင်းနှင့် ပတ်သက်၍ လျှို့ဝှက်လုံခြုံရေးအဖွဲ့ဝင်များထံမှ သတင်းစကားမရပေ။ နံနက်နှစ်နာရီ ထိုးပေပြီ။ မစ်ချယ်လ် (Michrlle) က သူမ၏အခန်းသို့ မပြန်မီ ကျွန်မအား ပြောသည်မှာ မေရီအား ဒဗ္ဗလင်တွင် စိတ်ရောဂါဆိုင်ရာ အတွင်းလူနာအဖြင့် ကုသမှုရရှိဖို့ တစ်ခုတည်းသော နည်းလမ်းမှာ ဒေသခံစိတ်ရောဂါပညာရှင်မှ တစ်ဆင့်သာ ဖြစ်နိုင်သည်။ ဆေးရုံအတွက် ကျွန်မတို့က ငွေကြေး ပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com



**နံနက်စောစောစီးစီး** အခြေအနေက မျှော်လင့်ချက်မဲ့နေသလို ဖြစ်သည်။ လေးနာရီလောက်အိပ်ရန် ကျွန်မ၏ အခန်းထဲသို့ ဝင်လိုက်သောအခါ ဖုန်းကမြည်လာသည်။ 'ဘရိုင်ယန်' (Brian) ဖြစ်သည်။

'ဒေါက်တာ၊ ကျွန်တော်တို့ သူ့ကိုတွေ့ပြီး' ဘရိုင်ရန်၏ အသံက ရွှင်နေသည်။ 'ဟိုတယ်ကလမ်းရဲ့ တစ်ဖက်မှာရှိတဲ့ အရက်ဆိုင်ထဲမှာ သွားတွေ့တာ။ အခု ကျွန်တော့်အခန်းထဲမှာ ကျွန်တော်နဲ့အတူ ရှိတယ်'

'ကျွန်မ နှစ်မိနစ်အတွင်း အဲဒီကို လာခဲ့မယ်'

မေရီက ကျွန်မနှင့် မျက်လုံးချင်းမဆိုင်ဘဲ သေသေဝပ်ဝပ်ဖြစ်နေသည်။ သူမကိုယ်သူမ သတ်သေရန် စိစဉ်နေကြောင်း ဝန်ခံသည်။ သို့သော် နောက်ဆုံးအချိန်တွင် မလုပ်ဖို့ ဆုံးဖြတ်ချက်ချခဲ့သည်။ ထို့ကြောင့် မော်တော်ယာဉ်တန်း သွားလာနေသည် ကို စောင့်ကြည့်ကာ ဟိုတယ်ကလမ်း၏တစ်ဖက်ရှိ အရက်ဆိုင်မှာနေသည်။ သူမ၏အကြောင်းနှင့် ဤခရီး၏ ရွှေ့ပြောင်းအဖွဲ့ဝင်တစ်ဦးအနေနှင့် ကိုယ့်အလုပ်ကို ကိုယ်မလုပ်မိသည်ကို စိတ်မချမ်းမသာ ဖြစ်နေသည်။

'ငါတို့ မင်းကို ဒီစီ (DC) ကို ချက်ချင်းပြန်ပို့ဖို့ လိုတယ်။ မင်းရဲ့ စိတ်ရောဂါပညာရှင် မင်း အဲဒီကို ရောက်ရောက်ချင်း တွေ့ချင်တယ်' ကျွန်မက သူမကိုပြောသည်။

'ဘရိုင်ရန်' က ဝင်ပြောသည်။

'Dulles ကိုသွားဖို့ ဒီမနက် လေယာဉ်ရှိတယ်။ သူ့အတွက် ထိုင်ခုံချက်ချင်း စိစဉ်လိုက်မယ်'

ကျွန်မ၏ရှေ့တွင် ခေါင်းငုံ့၍ထိုင်နေသော အမျိုးသမီးငယ်ကိုကြည့်ရင်း ကျွန်မက ခေါင်းညိတ်ပြလိုက်သည်။

'ထိုင်ခုံနှစ်ယောက်စာ ယူလိုက်ပါ။ မေရီနဲ့ သူနာပြုတစ်ယောက် ကျွန်မ ထည့်ပေးလိုက်မယ်'

'သိပ်ကောင်းတဲ့ အစီအစဉ်ပါ။ ရပြီလို့ အောက်မေ့လိုက်ပါ'

မေရီက ဒီစီ (DC) သို့ ဘာတစ်ခုမှမဖြစ်ဘဲ ပြန်ရောက်သွားသည်။ နောက်တစ်နေ့တွင် ကျွန်မတို့၏ အိမ်ဖြူတော် သူနာပြုတစ်ယောက် လိုက်ပါလျက် Dulles သို့ ရောက်သွားသည်။ သို့သော် လေယာဉ်ဆိုက်သောအခါ မေရီက သူမ၏မိသားစုကို လာခေါ်ဖို့ ပြောသည်။ စိတ်ရောဂါပညာရှင်ကို တိုက်ရိုက် သွားတွေ့ရမည့်အစား သူမ၏မိသားစုက သူမကို မိသားစုက သူမကို အိမ်သို့ခေါ်သွားသည်။

နှစ်ပတ်ကြာတော့မှ မေရီက သူ့ဆရာဝန်မနှင့် ပုံမှန်ပြန်တွေ့သည်။ ဆရာဝန်မက သူမအား တစ်လကြာအတွင်း လူနာအဖြစ် ကုသည်။ မေရီကို ကျွန်မတို့က အိမ်ဖြူတော်တာဝန်မှ အနားယူခွင့်ကို မတတ်သာဘဲ ပေးလိုက်ရသည်။ နောက်ပိုင်းတွင် သူမက အစိုးရမဟုတ်သော ဌာနတစ်ခုတွင် အလုပ်ရသွားကြောင်း သိရသဖြင့် ကျွန်မတို့ ဝမ်းသာကြပါသည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



■

ဖိလစ်ပိုင်အမေရိကန် ကပြားလူငယ် ချက်ပြုတ်ရေးသမား တစ်ယောက်သည် ကျွန်မ၏ရုံးခန်းတွင် တုံ့ဆိုင်း တုံ့ဆိုင်း ဖြစ်နေသည်။ စားပွဲတွင် ကွန်ပျူတာနှင့် အလုပ်လုပ်နေသော ကျွန်မအား ထောင့်ဘေးတစ်ဝိုက်မှနေ၍ သူ ချောင်းကြည့်နေသည်ကို ကျွန်မသာ သတိမထားမိလိုက်ပါလျှင် သူသည် နောက်သို့ပြန်လှည့်ကာ အောက်ထပ်သို့ ပြန်သွားမည်ဖြစ်၏။

'မီဂူရယ်လ်' (Miguel)

ကျွန်မက သူ့နာမည်ကို ခေါင်းထဲမှာပေါ်ဖို့ ကြိုးစားရင်းမှန်း၍ ခေါ်လိုက်ခြင်း ဖြစ်သည်။

'ငါ မင်းကို ကူညီရမလား'

ကျွန်မ၏ ရုံးခန်းထဲသို့ညွှန်ပြကာ သူ့ကိုအထဲဝင်ဖို့ ဖိတ်ခေါ်ရင်း ကျွန်မကထ၍ သူ့ဆီသို့ လျှောက်သွားသည်။

'မင်း... ဘာမှမဖြစ်ဘူးနော်'

အိမ်မှုကိစ္စထိန်းသိမ်းရေးနှင့် မီးဖိုချောင်ဝန်ထမ်းများကို ကျွန်မ စောင့်ရှောက်လာသည်မှာ တစ်နှစ်ကျော်ပြီ။ မီးဖိုချောင်က ကျွန်မ၏ရုံးခန်းမှ ခန်းမလမ်း၏ တစ်ဖက်တည့်တည့်တွင် ရှိသည်။ ချက်ပြုတ်ရေးသမား၊ သို့မဟုတ် အိမ်ဖြူတော် စားဖိုမှူးသည်ပင်လျှင် ဓားရှသောလက်အား အဝတ်နှင့်ပတ်ကာ ကျွန်မ၏ဆေးကုခန်းသို့ ပြေးဝင်လာသည်ကို မြင်ရသည်မှာ အထူးအဆန်း မဟုတ်ပါ။

သို့သော် 'မီဂူရယ်' က လက်တွင် သွေးထွက်မနေပါ။ သူက နှလုံးသားမှ သွေးထွက်ပြီး နာကျင်နေခြင်း ဖြစ်သည်။

''ဒေါက်တာ'' နှစ်ဆယ့်ငါးနှစ်အရွယ် လူက စပြောသည်။

'ကျွန်တော့်အဖေအတွက် စိတ်ပူတာပါ..'

သူ့အဖေက 'ဂျော်နီ' (Johnny)၊ ကျွန်မအဖေကဲ့သို့ပင် ရေတပ် ညှိနှိုင်းကျွေးမွေးရေးမှူး ဖြစ်လာခဲ့သော နှစ်ရှိ ချက်ပြုတ်ရေးသမားများထဲမှ တစ်ယောက်ဖြစ်သည်။ 'ဂျော်နီ' က ရေတပ်မှ အနားယူခဲ့ပြီး အိမ်ဖြူတော်တွင် သူ့ကို အရပ်သား ချက်ပြုတ်ရေးသမားအနေနှင့် ငှားထားသည်။ သူ့သားကို လွန်ခဲ့သော နှစ်အနည်းငယ်က လက်ထောက် ချက်ပြုတ်ရေးသမားအနေနှင့် ငှားခဲ့သည်။ သားအဖနှစ်ယောက်က 'မေရီလင်း' (Maryland) ရှိ အိမ်တစ်လုံးတွင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အတူတူနေကြသည်။

လူငယ်က ခေါင်းကိုယမ်းကာ မျက်မှောင်ကျုံ့သည်။

'ကျွန်တော့်အဖေကတော့ တစ်ခုခု ဖြစ်နေပြီ။ အလုပ်ပြီးလို့ အိမ်ပြန်လာရင် ခုတင်ပေါ်မှာထိုင်ပြီး ဟာလာဟင်းလင်းထဲကို ငေးကြည့်နေတတ်တယ်'

သူ့ပြောပြချက်ကြောင့် စိတ်ကျရောဂါမှနေ၍ ဦးနှောက်အမေးရောင် (Brain Tumor) ရောဂါအထိ ဖြစ်နိုင်သောရောဂါစာရင်းက အစီအရီပေါ်လာသည်။

'သူ အရက်သောက်တတ်လား 'မီဂူရယ်လ်'၊ 'မူးယစ်ဆေးဝါး၊ ဒါမှမဟုတ် ဆေးသောက်နေတာရှိလား။ အိမ်မှာ အကျပ်အတည်းရှိလား'

လူငယ်က ခေါင်းခါသည်။

'ကျွန်တော်တို့ အဆင်ပြေပါတယ်။ အိမ်မှာ ကျွန်တော်တို့နှစ်ယောက်တည်း ရှိတာပဲ။ သူက သူဖြစ်တဲ့ကိစ္စနဲ့ပတ်သက်လို့ ဘာမှမပြောချင်ဘူး'

'သူ အခု ဘယ်မှာလဲ'

'မီးဖိုချောင် အောက်ထပ်မှာ' 'မီဂူရယ်လ်' က ပြန်ပြောသည်။

'သူ့ကိုကူညီပါ ဒေါက်တာ။ သူ တစ်ခုခုဖြစ်နေပြီ'

မီဂူရယ်လ်ပြောတာ မှန်သည်။ သူ့အဖေအတွက် စိုးရိမ်ပူပန်မှုကို ကြိုတင်ပြောလာသည့်အတွက် 'မီဂူရယ်လ်'ကို ကျေးဇူးတင်ကြောင်းပြောပြီးနောက် ကျွန်မသည် အောက်ထပ်မီးဖိုချောင်သို့ ဆင်းခဲ့သည်။ ယင်းတို့နေရာက အိမ်ဖြူတော်၏ အတွင်းပိုင်းတွင် ရှိသည်။

ဂျော်နီက အသက်ခြောက်ဆယ့်ငါးအရွယ် ရုပ်ရေသန့်သန့်၊ ဆံပင်နက်ထူထူ၏ အလယ်တွင် ဆံပင်ဖြူတစ်သိုက်က ပြောင်လက်နေသည်။ ကျွန်မ သူ့ဆီရောက်သောအခါ သူက အိုးခွက်များကို ဆေးကြောနေသည်။ သူက ကျွန်မကိုမော့ကြည့်ပြီး သူ တိုက်ချွတ်နေသော အိုးဘက်ကို ပြန်လှည့်သွားသည်။

'ဂျော်နီ' ကျွန်မက သတိထားပြောသည်။

'ရှင့်မှာ စကားပြောဖို့ အချိန်ရှိသလား'

သူ၏ တုံ့ပြန်ပုံက တိုတောင်းသည်။ သို့သော် တလေးတစား ရှိသည်။

'ဟုတ်ကဲ့… ရှိပါတယ်'

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဂျော်နီက သူ၏နေရာပိုင်နက်တွင် မဆိုထားနှင့် အိမ်ဖြူတော်တွင် ကျွန်မကို လူနာတစ်ယောက်အဖြစ် လာတွေ့ခဲ့သည်။ ကျွန်မကိုမြင်ရတာ သူ မသက်မသာဖြစ်သွားသည်မှာ ထင်ရှားသည်။ သူ၏ ညာဘက်မျက်နှာပေါ်တွင် တွန့်ခနဲ ဖြစ်သွားသည်ကို ကျွန်မ သတိထားမိလိုက်သည်။

'ကျွန်မ၊ ရှင့်အတွက် စိုးရိမ်လို့ ဒီကိုရောက်လာတာ'

ကျွန်မစိတ်ထဲတွင် ပြောစရာ ဘာရှိသည်ကို မပေါ်လွင်အောင်ကြိုးစားရင် စကားလုံးများကို ကျွန်မ သေသေချာချာ ရွေးချယ်သည်။

'ဒီမှာရှိတဲ့ လူ တော်တော်များများက ရှင့်ကျန်းမာရေးအတွက် စိတ်ပူကြတယ်'

သူက ကျွန်မကို အိုးတိုက်ပစ္စည်း ကိုင်ထားသောလက်နှင့် ဝှေ့ယမ်းပြသည်။

'ဘာမှမဖြစ်ပါဘူး ဒေါက်တာ' ကျွန်မ၏စိုးရိမ်မှုကို ငြင်းပယ်လျက် သူက ပြောသည်။

'ကျွန်တော် နေကောင်းပါတယ်။ ဘာပြဿနာမှ မရှိပါဘူး'

'ကျွန်မကို အခွင့်အရေးတစ်ခုလောက် ပေးမလား'

သည်လူထံမှ တိကျသော သမိုင်းကြောင်းကို မရဘဲနှင့် ကျွန်မ လက်လျှော့မည် မဟုတ်ပေ။

'ဘာရယ်တော့ မဟုတ်ပါဘူး။ အပေါ်ထပ်က ကျွန်မရုံးခန်းကို လာခဲ့ပါလား။ ကျွန်မ ရှင်နဲ့ စကားနည်းနည်း ထပ်ပြောပါရစေ။ ဆေးစစ်ချင်လည်း စစ်မှာပေါ့'

ကျွန်မ၏ ကမ်းလှမ်းချက်ကြောင့် သူ လန့်သွားသည်။

'ကျွန်တော့်ကို ဆေးစစ်မယ် ဟုတ်လား'

သူက ကျွန်မကို မယုံကြည်စွာဖြင့် စိုက်ကြည့်သည်။

'ဟုတ်တယ်... ကျွန်မက အဲဒီလိုလုပ်တဲ့နေရာမှာ တော်တယ်'

သူ့ကို စိတ်အေးအေးထားဖြစ်သွားအောင် ပြောရင်း ကျွန်မက ပြုံးပြသည်။

'ကျွန်မက သမ္မတကို နှစ်တိုင်း ဆေးစစ်ရတယ်။ သမ္မတကို ဆေးစစ်သလိုမျိုး ရှင့်ကို စစ်ပေးမယ်။ အဲဒါ ဘယ်လိုနေမလဲ'

'ဒေါက်တာက ဆရာဝန်ပဲ' ကျွန်မ၏ ဦးလေးများထဲမှ တစ်ယောက်နှင့်တူသော ထိုလူက လက်ခံလိုက်သည်။

'အခု စကားပြောနေတာ ဒေါက်တာ မာရီယာနိုပါ'

ကျွန်မကို ကျွန်မရုံးခန်းမှ လှမ်းဖုန်းဆက်နေသည်။ နာရီအနည်းငယ်အကြာ ကျွန်မ၏ဆေးကုခန်းတွင် ဂျော်နီ

www.burmeseclassic.com
bookhouse

www.burmeseclassic.com



အား ဆေးစစ်ပြီးသွားသည့် အချိန်တွင်ဖြစ်သည်။ အင်ဒရူး (Andrews) လေတပ်အခြေစိုက်စခန်းမှ (Malcolm Grow) ဆေးရုံရှိ (Radiology) ဌာနသို့ ကျွန်မ ဖုန်းဆက်ထားသည်။ ယင်းဌာနက မေရီလင်း (Maryland) ရှိ ဂျော်နီ၏ အိမ်နှင့်နီးသည်။

'ကျွန်မတို့ရဲ့ ဝန်ထမ်းဟောင်း တစ်ယောက်အတွက် ဦးနှောက် CAT Scan တစ်ခု မှာချင်ပါတယ်' ဟု မောစောပိုင်းက ကျွန်မ ဖုန်းဆက်မှာထားခဲ့သည်။

ဂျော်နီ၏ ဆေးစစ်ချက်တွင် တစ်ခုခု မှားယွင်းနေသည်။ သူ၏စိတ်ပိုင်းဆိုင်ရာ အနေအထားက ချို့ယွင်းသွားသည်။ သူသည် နီးကြား ဖျော်လတ်သော်လည်း တစ်စုံတစ်ယောက်၊ နေရာ၊ အချိန်ကို ဦးတည်လိုက်လျှင် သူ၏သက်ရောက်မှု၊ သို့မဟုတ် သူ၏မျက်နှာသွင်ပြင်က မျက်နှာသေဖြစ်နေသည်။ သူ၏ မျက်လုံးသူငယ်အိမ်က အလင်းရောင်ကို တုံ့ပြန်သည်။ သို့သော် အချိန်အဆ လွဲနေသည်။ ကျွန်မက သူ၏ ဦးနှောက်အကျိတ်များအတွက် စိုးရိမ်သွားသည်။

ဖုန်းခေါ်ပြီးသွားသောအခါ ထိုညသို့ ကျွန်မ အိမ်ပြန်သွားသည်။ ဂျော်နီ၏ CAT Scan ကို အရေးပေါ်ဖတ်ခြင်းနှင့်အတူ ကျွန်မကို ဖုန်းဆက်နေသည်မှာ Malcolm Srow ဆေးရုံမှ ရေဒီယိုပညာရှင် (radio Logist) ဖြစ်သည်။

လူနာတစ်ယောက်ကို သတင်းဆိုးပြောရသည်မှာ လုံးဝမလွယ်ကူပါ။ ဖုန်းနှင့်ပြောရသည်က ပို၍ပင်ခက်သည်။ သို့သော် ဂျော်နီ၏ ကိစ္စတွင် သူ့ကို ဆေးရုံတင်ဖို့ ကျွန်မ အမြန်ဆောင်ရွက်ရန် လိုသည်။ အဘယ်ကြောင့်ဆိုသော် အကျိတ် အဖုများက သူ၏ဦးနှောက်ကို ဖိနေသောကြောင့် ဖြစ်သည်။ 'ခင်ဗျားမှာ ကင်ဆာရှိနေတယ်' ဟု သင်၏ပါးစပ်က ပြောလိုက်သည်နှင့်၊ ရောဂါကို မသိမီနှင့် သိပြီးနောက် လူနာ၏ဘဝက ချက်ချင်း နှစ်ပိုင်းကွဲသွားသည်။ သူတို့၏ ဘဝသည် လုံးဝ ပြောင်းလဲသွားသည်။ သူတို့ကိုပြောသည်ကိုသာ အမြဲ သတိရနေတော့မည်။

'ဂျော်နီ'

ကျွန်မက ဖုန်းထဲသို့ နူးနူးညံ့ညံ့နှင့် ပြတ်သားစွာ ပြောလိုက်သည်။

'ဒီညနေ ရှင့်အတွက် ကျွန်မမှာ သတင်းကောင်းမရှိဘူး' ဖုန်း၏ တခြားဘက်က ငြိမ်သက်နေသည်။

'ဂျော်နီ… ရှင် အဲဒီမှာရှိတယ်နော်'

'ဟုတ်ကဲ့… ဒေါက်တာ၊ ကျွန်တော် ဒီမှာရှိပါတယ်'

ဂျော်နီက အသံဗလုံးဗထွေး ဖြစ်လုနီးပါး ဖြည်းဖြည်းချင်းပြောသည်။

'ဂျော်နီ၊ ရှင် ခုတလော လုပ်ကိုင်လှုပ်ရှားနေတာ မှုမှန်မဟုတ်ဘူးဆိုတာ ကျွန်မသိတယ်။ ရှင့်ဦးနှောက်ထဲမှာ အကြိတ်ဖုကြီးတွေ တော်တော်များများ ရှိနေတယ်။ ဒီအကြောင်း ရှင့်ကို တယ်လီဖုန်းနဲ့ပြောရတာ စိတ်မကောင်းပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အဲဒီအကျိတ်အဖုတွေထဲက တစ်ခုခုက ဦးနှောက်ရဲ့ အဓိက အစိတ်အပိုင်းကို မဖြတ်ကျော်ခင် ကျွန်မ ရှင့်ကို ဆေးရုံ ချက်ချင်းတင်ရမှာမို့ ပြောတာပါ'

'ဦးနှောက်ထဲမှာ အကျိတ်ဖုတွေ ဟုတ်လား' ဂျော်နီက ကျွန်မပြောသော စကားကို တိုးတိုးရေရွတ်သည်။

'ဟုတ်တယ် ဂျော်နီ၊ ဦးနှောက်ထဲမှာ အဖုအကျိတ်တွေ' ကျွန်မက နောက်တစ်ခါ ထပ်ပြောလိုက်သည်။

'မီဂူရယ်လ်က ရှင့်ကို ဒီည ဆေးရုံ လိုက်ပို့နိုင်မလား၊ ကျွန်မတို့ ရှင့်ကို ချက်ချင်းဆေးရုံတင်ဖို့ လိုတယ်'

'ဒေါက်တာ အခုစကားပြောတာ မီဂူရယ်လ်ပါ' တခြားဘက်မှ သူ့သား၏အသံက ပေါ်လာသည်။

'ကျွန်တော်သူ့ကို လိုက်ပို့နိုင်ပါတယ်'

'ကျေးဇူးပဲ မီဂူရယ်လ်၊ ငါ အခု ဆေးရုံကိုဖုန်းဆက်မယ်'

ဂျော်နီကို 'Walter Reed စစ်ဆေးရုံကို ဖုန်းဆက်မယ်'၊ ယင်းတွင် ကြီးမားသော အာရုံကြောခွဲစိတ်ဆောင် ရှိတယ်။ နောက်တစ်နေ့ သူ့ထံသို့ ကျွန်မ သွားကြည့်သောအခါ သူ့ကို စောင့်ရှောက်နေသော သူများက ကျွန်မအား ပို၍ မသက်သာစရာ သတင်းကိုပေးသည်။ ဂျော်နီ၏ ဦးနှောက်ထဲတွင် အမျိုးမျိုးသော အကျိတ်အဖုများသည် သူ၏အဆုတ်တွင်းရှိ ကြီးမားသော အကျိတ်ဖုမှ လာသည်။ သူသည် နှစ်ပေါင်းများစွာ ဆေးလိပ်သမား ဖြစ်ခဲ့သည်။ ဦးနှောက်အတွင်းရှိ ထိခိုက်မှုသည် ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်သော အဆုတ်ထဲမှ ကင်ဆာ၏ Metastases ကြောင့် ဖြစ်သည်။ ဂျော်နီသည် အဆုတ်ထဲရှိ အဖုအကျိတ်များကို ခွဲစိတ်ရန်အတွက် ဆေးရုံတွင် တစ်လကြာနေရသည်။ ဦးနှောက်ထဲရှိ အဖုအကျိတ်များကို ရှူရန် ဓာတ်ရောင်ခြည်ကင်းပြီး ကုသမှုကိုလည်းပေးသည်။

ကျွန်မ၏ ရုံးခန်းတွင် ဂျော်နီကို ဆေးစစ်ပြီးနောက် လေးလအကြာ Arlington သင်္ချိုင်း၌ သူ့ကို မြှုပ်နှံလိုက်သော နံနက်ဝါရီနံနက်ခင်းတွင် နှင်းများကျနေသည်။ ထိုနေ့နံနက် ကျွန်မသည် Bethesda ရေတပ်ဆေးရုံမှ အပြေးအလွှားလာခဲ့ရသည်။ သမ္မတရုံးခန်းမှမထွက်မီ နောက်ဆုံး ရုပ်ပိုင်းဆိုင်ရာ ဆေးစစ်ချက်အတွက် ပြင်ဆင်မှုလုပ်ပြီးသည့်အချိန် ဖြစ်သည်။ ဂျော်နီ၏ ခေါင်းတလားကို မြေကြီးထဲသို့ ချနေသည့်အချိန်တွင် ကျွန်မက သင်္ချိုင်းမြေသို့ ရောက်သွားသည်။ အိမ်မှုကိစ္စထိန်းသိမ်းရေးနှင့် မီးဖိုချောင်ဝန်ထမ်းများက ထိုနေရာတွင် ရှိနေကြသည်။ ကျွန်မက ဦးခေါင်းကိုငုံ့လျက် အပြင်ဘက်ထဲတွင် မတ်တတ်ရပ်နေသည်။ ကျွန်မ၏အချိန်တွင် မည်သည့်အခါမျှ မညည်းညူ၊ မည်သည့်အခါမျှ မတောင်းဆိုသော ဂျော်နီ့အတွက် ကျွန်မ ဆုတောင်းပေးနေသည်။ ကျွန်မ သူ့ကို ဆေးရုံတွင် သွားကြည့်သောအချိန် သူ့ဘဝ၏ နောက်ဆုံးနေ့ရက်များပင်လျှင် သူသည် ကျွန်မအား သူ့ကိုကူညီသည့်အတွက် ကျေးဇူးတင်စကား ပြောသွားခဲ့သေးသည်။ မြေမြှုပ်သင်္ဂြိုဟ်မှု ပြီးသောအခါ ချက်ပြုတ်ရေးသမားများ၊ စားပွဲထိုးများနှင့် အိမ်မှုထိန်းသိမ်းသူများ တစ်ယောက်စီချင်း

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လာပြီး ကျွန်မကို ပွေ့ဖက်ကြသည်။ နှစ်ပတ်အတွင်းတွင် ကျွန်မသည် အိမ်ဖြူတော်မှ ထွက်ခွာရန်ဖြစ်သည်။ ထိုအချိန်သည် သမ္မတကလင်တန် ရုံးမှထွက်ခွာသော အချိန်ဖြစ်သည်။ ဂျော်နီကိုသာမက မီးဖိုချောင်ဝန်ထမ်းကိုပါ နှုတ်ဆက်ခဲ့သော ဤမှောင်မိုက်သည့် နှုတ်ဆက်ပွဲကို ကျွန်မ ပြန်လည်တွေးတောမိပါသည်။ မီးဖိုချောင်ဝန်ထမ်းများမှာ ကျွန်မ အိမ်ဖြူတော်သို့ မရောက်ခင်ရော ရောက်ပြီးနောက်ရော ကျွန်မမိသားစု၏ အစိတ်အပိုင်းဖြစ်သည်။ ကျွန်မကလေးဘဝ၏ အစောဦးပိုင်း အမှတ်ရစရာများမှာ စစ်တပ်မီးဖိုချောင်၏ အငွေ့အသက် အသံများဖြင့် ပြည့်လျှမ်းလျက်ရှိသည်။ ဤ နောက်ဆုံးနှုတ်ဆက်ပွဲတွင် ကျွန်မသည် ကျွန်မ၏ ဖိလစ်ပိုင်မီးဖိုချောင်မိသားစုနှင့် တစ်ခါပြန်၍ ဆုံလိုက်ရပြန်သည်။ ဂျော်နီနှင့် အိမ်ဖြူတော်တွင် ကျွန်မ လွမ်းဆွတ်ရမည်ဖြစ်သော လူများအတွက် ကျွန်မ တိတ်တိတ်ကလေး ငိုမိသည်။ သူတို့သည် ဖျားနာနေသည်ဖြစ်စေ၊ ကျန်းမာသည်ဖြစ်စေ၊ ကောင်းချိန်တွင်ဖြစ်စေ၊ ဆိုးချိန်တွင်ဖြစ်စေ တကယ်ပင် ကျွန်မ၏မိသားစု ဖြစ်ပါသည်။

အိမ်ဖြူတော်တွင် ကျွန်မနေရမည့်ကာလမှာ ကုန်ဆုံးတော့မည်။ ရှေ့တွင် ဘာရှိသည်ဆိုသည့် အကြောင်းနှင့် ပတ်သက်၍ ကျွန်မထိတ်လန့်သည်။ ကျွန်မသည် သမ္မတ၏သမားတော်နှင့် အိမ်ဖြူတော်ဆေးအဖွဲ့၏ ဒါရိုက်တာ ဖြစ်တော့မည် မဟုတ်ပေ။ ကျွန်မသည် စစ်တပ်မှ အနားယူကာ 'အရီဇိုးနား' (Arizona) ရှိ (Mayo) ဆေးခန်းတွင် အလုပ်လုပ်တော့မည်။ သို့သော် အရပ်ဘက်ရှိ အလုပ်သစ်ကို ကျွန်မ မလန့်ပါ။ ကျွန်မ ကြောက်သည်ကတော့ ယခင်ကရှိခဲ့သော အချိန်ပြည့် ဇနီးမယားနှင့် အမေနေရာကို ပြန်သွားရမည်ကိုပင် ဖြစ်သည်။ သမ္မတမိသားစုကို စောင့်ရှောက်ရန် ကျွန်မသည် တာဝန် ထမ်းဆောင်ရင်း ပျောက်ဆုံးနေသည်မှာ ကိုးနှစ်ရှိပေပြီ။ နောက်ဆုံးတွင် ကျွန်မ အိမ်မှာနေရန် ပြန်သွားသောအခါ ကျွန်မ၏ တကယ့် မိသားစုက ကျွန်မကို လိုအပ်ပါဦးမည်လား။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သမ္မတနှင့်အတူ ခရီးသွားမနေသော စနေ၊ တနင်္ဂနွေ အားလပ်ရက်၊ ဆယ့်ရှစ်ကေကျယ်သော အိမ်ဖြူတော်ဝင်း၊ သို့မဟုတ် ဒေးဗစ်စခန်းတွင် လူနာများ ကုသမနေသော စနေ၊ တနင်္ဂနွေ အားလပ်ရက်ဟူ၍ မရှိသလောက်ပင် ဖြစ်နေပါသည်။ ၁၉၉၄ခုနှစ်တွင် ဖြစ်၏။ ကျွန်မသည် အိမ်ဖြူတော်တွင် နှစ်နှစ်သာလျှင် ရှိသေးသည်ဟု ဆိုသော်လည်း များသောအားဖြင့် အချိန်များမှာ သမ္မတနှင့် ခရီးသွားလျက် အိမ်မှဝေးရာတွင် ရောက်နေသည်သာ ဖြစ်သည်။ ကလင်တန်၏ 'လမ်းပေါ်ပညာရှင်'တစ်ယောက်အနေနှင့် မရပ်မနား ခရီးသွားပြီးနောက် အိမ်မှာရှိနေသည့် တိတ်ဆိတ်သော စနေ၊ တနင်္ဂနွေမှာ ကြုံတောင့်ကြုံခဲ စည်းစိမ်တစ်ခု ဖြစ်သည်။ ဤအချက်တွင် ကျွန်မကို အိမ်မှာ ထားခွင့်ရခြင်းသည် ကျွန်မ မိသားစု၏ နေ့စဉ်ဘဝတွင် ထူးထူးဆန်းဆန်း ဖြစ်နေသည်။ အိမ်ဖြူ တော်တွင်နေသည့် ကိုးနှစ်တာ၏ အများဆုံး ကာလအတောအတွင်း ကျွန်မမိသားစု၏ အလုပ်များသော ဘဝများ၏ စည်းမှန်ဝါးမှန် လည်ပတ်မှုတွင် ကျွန်မသည် တာဝန်မှ ပျောက်ဆုံးနေသည်။ ဝမ်း နည်းစရာကောင်းသည်မှာ သူတို့ ကျွန်မကို အလိုအပ်ဆုံးအချိန်တွင် ကျွန်မက မရှိခြင်း ဖြစ်သည်။ ထိုအခါတွင် ကျွန်မ၏ ယောက်ျားနှင့် သားများက ရပ်ပိုင်းဆိုင်ရာရော ခံစားမှုပိုင်းဆိုင်ရာပါ နာကျင်နေကြသည်။

## အခန်း-၁၆
## ကျွန်မ၏ပထမမိသားစု-၁

'ကော်နီ၊ ရေကျောက်ပေါက်တယ်ဆိုတာ ဘာနဲ့တူသလဲ ဟင်'

ရစ်ချတ် (Richard) ဖုန်းခေါ်သံက အချက်ပြ အော်ပရေတာလိုင်းမှတစ်ဆင့် ရောက်လာသည်။ သူ့ခေါ်သံကြောင့် ကျွန်မက စိတ်လည်းပူ၊ အာရုံလည်း နောက်သွားသည်။ ကျွန်မက

the bookhouse we bring your future
www.burmeseclassic.com

www.burmeseclassic.com



'မရင်း-၁' (Marine One) လေယာဉ်သို့တက်သော လှေကားထစ်ပေါ်တွင် ရှိသည်။ မရင်း-၁နှင့် အင်ဒရူး (Andrews) လေတပ်အခြေစိုက်စခန်းသို့သွားပြီး ထိုနေရာမှနေ ၍ သမ္မတနှင့်အတူ ဟေတီ (Haiti) သို့ သွားရမည်။ ဟေတီတွင်ထားသော ဟေတီခေါင်းဆောင်သစ် Jean Bettrand Aristid ကို တွေ့ဆုံရန် ဖြစ်သည်။ ကျွန်မ လမ်းပေါ်ရောက်ချိန်တွင် 'ရစ်ချတ်'က ကျွန်မကို ဖုန်းဆက်ခဲ့ပါသည်။

ညပိုင်း ဟိုတယ်သို့ရောက်မှသာလျှင် သူနှင့်အကျိုးအကြောင်း မေးမြန်းရန် ကျွန်မက ဖုန်းခေါ်မည်ဖြစ်သည်။ သူ၏ မျှော်လင့်မထားသော ဖုန်းသံကြောင့် ကျွန်မ၏ စိတ်အာရုံက လက်ရှိထမ်းဆောင်နေသော အလုပ်မှထွက်ခွာကာ မိသားစုကိစ္စ 'ပတ်လမ်း' ထဲသို့ ပြန်ရောက်သွားသည်။ ထိုနေ့မနက် အာရုံမတက်မီ မှောင်ထဲမည်းထဲတွင် ကျွန်မ အိမ်ကထွက်လာခဲ့သည်။ မီးဖိုချောင်တံခါးမှ ကျွန်မ ခြေဖွ၍လာသောအခါ ကျွန်မ၏ယောက်ျားနှင့် သားများက အိပ်မောကျနေကြသည်။

'ရေကျောက်ဟုတ်လား၊ ဘယ်ကလေး ရေကျောက်ပေါက်လို့လဲ' ကျွန်မက မေးသည်။

'အဲဒါ ငါ မင်းကိုမေးတာ မဟုတ်ဘူး' သူက ကြားဖြတ်ပြောသည်။

ဥပဒေပါမောက္ခတစ်ယောက် လေသံထွက်ကာ ရှေ့နေတစ်ယောက်၏ တရားစွဲဆိုသော ခပ်စွာစွာအသံနှင့် ပိုတူနေသည်။

'ရစ်ချတ်' (Richard) သည် ဆေးဘက်ဆိုင်ရာ ရောဂါဗေဒနှင့် ပတ်သက်ပြောဆိုရာတွင် မည်သည့်အခါမှ သက်သောင့်သက်သာမရှိပေ။ ကလေးများ နေထိုင်မကောင်းဖြစ်သည့်အခါ အိမ်ဖြူတော်တွင် ကျွန်မ အလုပ်မလုပ်မီကာလ ကဆိုလျှင် ကျွန်မ သူတို့ကို ပြုစုစောင့်ရှောက်နိုင်မည်။ ကျွန်မ စိတ်မချမ်းမသာဖြစ်ရသည်။ ကျွန်မသည် 'ကာရစ်ဘီယံ' သို့ သမ္မတနှင့်အတူ ခရီးသွားနေစဉ်တွင် နာမကျန်းဖြစ်နေသော ကလေးကို ရစ်ချတ်နှင့် ထားခဲ့ရသည်။

ငါးနှစ်အရွယ် သားငယ် 'ဂျေဆန်' (Jason) က နေမကောင်းဖြစ်သည်။ ကျွန်မက ထိုနေရာတွင် မရှိသော မိခင်တစ်ယောက်၏ တာဝန်မကျေမှုကို ချက်ချင်းခံစားရသည်။ အမေတစ်ယောက် မဖြစ်မီ ကျွန်မသည် ဆရာဝန်တစ်ယောက်၊ ဆရာဝန်တစ်ယောက်၏ အလုပ်သဘာဝပုံစံကို အလိုလိုဝင်သွားသည်။

'စံပုံစံ ရေကျောက်ဝေဒနာကတော့ အောက်ခံပေါ်မှာ နှင်းစက်ပေါက်တွေပဲ။ ဆိုလိုတာက အနီရောင်အောက်ခြေမှာ အရည်ကြည်ဖုလေးတွေ'

စကားပြောနေရင်း ကျွန်မ၏ ကလေးငယ်အတွက် ကျွန်မစိတ်ထဲ နာကျင်လာသည်။ ကျွန်မတစ်ယောက်ကျ ဘဲနှင့် သူ အိမ်မှာဖျားနာနေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'သူ့အိပ်ရာထဲမှာ လှဲနေဖို့လိုတယ်။ အဖျားအတွက်တော့ Tylenol အရည်များများ တိုက်ပါ။ ကြက်စွပ်ပြုတ် တိုက်ပါ' ကျွန်မက ညွှန်ကြားလိုက်သည်။ 'အရည်ကြည်အဖုတွေ လုံး၀ ဖုံးမလာမချင်း သူကတစ်ဆင့် သူများကို ကူးစက်နိုင်တယ်'

မီးဖိုထဲ၊ တယ်လီဖုန်း၏နံဘေးတွင် မတ်တတ်ရပ်လျက် ကျွန်မ ပြောသမျှကို လိုက်ရေးနေသော 'ရစ်ချတ်' ကို စိတ်ထဲမြင်ယောင်ကြည့်သည်။ နောက်ထပ်ညွှန်ကြားချက်ကို ကျွန်မ ထပ်ဖြည့်ပေးလိုက်ချင်သည်။ 'ငယ်ရွယ်သော လူမမာသည် မိခင်၏ နူးညံ့သောစကားနှင့် နွေးထွေးသော ပိုက်ထွေးယုယမှုကိုလည်းပဲ လိုအပ်သည်' ဟူ၍။ သို့သော် ဤနေ ရာတွင် မိခင်က ထိုညွှန်ကြားချက် မဖြည့်စွမ်းနိုင်ဘဲ အဝေးမှာရောက်နေ..

'ကောင်းပါပြီ... ဒေါက်တာ'

တင်းမာနေသော အနေအထားကို လျှော့ပါးအောင် ကြိုးစားရင်း နူးညံ့ပျော့ပျောင်းသောအသံဖြင့် 'ရစ်ချတ်' က ပြောလိုက်သည်။

'လူနာရဲ့ တိုးတက်မှုအခြေအနေကို အမြဲ အစီရင်ခံနေပါ့မယ်။ ကောင်းသောခရီး ဖြစ်ပါစေ'

'ဂျေဆန်' ၏ ရေကျောက်အရည်ကြည်ဖု၏ နောက်ဆုံးအဆင့်ကိုကြည့်ဖို့ အချိန်မီရုံလေး ကျွန်မ 'ဟေတီ' မှ ပြန်ရောက်သည်။ သို့သော် ကလေးအရွယ် ဖြစ်တတ်ကြသည့်အတိုင်း ကူးစက်မှု ဖြစ်ပွားသည်။ ဆယ်ရက်ကြာသောအခါ ခုနစ်နှစ်သား 'အင်ဒရူး' (Andrew) က အနီရောင်အောက်ခံတွင် အရည်ကြည်ဖုလေးများ ပေါက်လာသည်။ မျှော်လင့်ထားသည့်အတိုင်း ကျွန်မက လမ်းပေါ်ရောက်နေပြန်သည်။ သည်တစ်ခါတော့ ရစ်ချတ်က ကျွန်မကို ဖုန်းမဆက်တော့ပေ။ လမ်းဘေးမှာ ညနေပိုင်း ကျွန်မ ဖုန်းဆက်သောအခါ သူကဖြစ်ပုံကို အမှတ်တမဲ့ ထည့်ပြောလိုက်ခြင်းသာ ဖြစ်သည်။

ကျွန်မက မကြာခဏ အဝေးကို ရောက်နေသောကြောင့် 'ရစ်ချတ်' နှင့် ကလေးများက ကျွန်မမရှိဘဲ နေတတ် ထိုင်တတ်သွားကြသည်။ ဤသည်မှာ စစ်မှုထမ်းဘ၀၏ စံပြပုံစံဖြစ်ပါသည်။ သို့သော် အိမ်၏ နေ့စဉ်လုပ်ငန်းဆောင်တာ ကို ဆောင်ရွက်ရသော ဝန်ထုပ်ဝန်ပိုးကတော့ ဇနီးဖြစ်သူအပေါ်သို့ ထုံးစံအတိုင်း ကျရောက်သည်သာ ဖြစ်၏။ မိန်းမက ပို၍ စီမံခန့်ခွဲတတ်ပြီး အတွေ့အကြုံက ပိုရှိတတ်သည်။ 'ရစ်ချတ်' က ကျွန်မတို့၏ ကလေးများအဖို့ အဖေရော၊ အမေ ရော ဖြစ်နေသည်။ သူက ညပိုင်းတွင် ဥပဒေကျောင်း၌ အချိန်ပိုင်းသင်ကြားသော အလုပ်ကိုလုပ်ပြီး နေ့ပိုင်းတွင် DC ကုမ္ပဏီတစ်ခုအတွက် အချိန်ပိုင်းစီမံကိန်း (Project) ကို လုပ်သည်။ သူ၏ အလုပ်နှစ်ကြားအချိန်တွင် ကလေးများကို အလက်ဇန္ဒြား (Alexandria) ရှိ သူတို့၏ Montessori ကျောင်းသို့ လိုက်ပို့သည်။ 'စပရင်းဖီး' (Sprinfield) တွင် 'တိုက်ကွမ်ဒို' သင်တန်းကိုလည်း လိုက်ပို့ရသေးသည်။ ကလေးများအတွက် ချက်ရပြုတ်ရသည်၊ အိမ်ကို သန့်ရှင်းရသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အဝေးမှာရှိနေခိုက် သူတို့ကို နှစ်သိမ့်ထားရသည်။ ထူးချွန်ထက်မြက်သော ရှေ့နေတစ်ယောက်အတွက် မူလတန်း ကျောင်းသားကလေးများကို နွေးရှိသရွေ့ စောင့်ရှောက်ပေးနေခြင်းက သူ၏ ပင်ကိုတန်ဖိုးကို ပွန်းပါးလာစေတော့သည်။

'ရှင်က ဘာအလုပ်လုပ်သလဲ'

စိန့်ဂျွန်း (St John) ညနေခင်းအဝတ်အစားနှင့် သုံးကာရက်စိန်ကို ဝတ်ဆင်ထားသည့် ဆံပင်ဖြူဖြူ အမျိုးသမီးကြီး က D.C မြို့ထဲရှိ ကော့တေးပါတီတစ်ခုတွင် 'ရစ်ချတ်' ကို မေးလိုက်သည်။ ထိုအချိန်မတိုင်မီလေးတွင် သူမက ကျွန်မ ကို ထိုပွဲမှာ ဆုံတွေ့ခဲ့ပြီး အိမ်ဖြူတော်တွင်းရှိ ကျွန်မအနေအထားကို 'အိုး၊ အား...' လုပ်သွားခဲ့သည်။ ကျွန်မ၏ဘာ ရပ်တည်ရေး အလုပ်အပေါ် အထင်ကြီးလေးစားကာ သူမက ကျွန်မ၏ဘေးတွင် ငြိမ်သက်စွာ မတ်တတ်ရပ်နေသော 'ရစ်ချတ်' ဘက်သို့ လှည့်သွားခြင်းဖြစ်သည်။

ရစ်ချတ်က ဤကဲ့သို့သော ပွဲမျိုးတွင် နေရထိုင်ရတာ မသက်မသာဖြစ်သည်။ 'ကနေဒီယမ်ကလပ်' (canadian Club) နှင့် ရေရောထားသော ဖန်ခွက်ကို လက်ဖြင့်ညှစ်ထားကာ ယင်းကိုမြန်မြန်မော့ချပြီး ပျောက်ကွယ်သွားချင်သည်။ သူသည် အချိန်တော်တော်များများမှာ ဂုဏ်ရောင်ပြောင်သော ကလေးထိန်းတစ်ယောက်လို ခံစားနေသော သူ့အား ထိုသို့ မေးသည်ကို သူ မနှစ်သက်ချေ။ DC အဆင့်အတန်း အသိစိတ်ဓာတ်ရှိသော လူအုပ်အတွက် ကိုက်ညီသည့် လိမ္မာပါးနပ် သော တုံ့ပြန်မှုကို သူ ကြံဖန်ထုတ်လိုက်သည်။

'ကျွန်တော်လား' သူက ရတနာများ ခြယ်သထားသော အမျိုးသမီးကြီးကို ကြည့်သည်။

'ကျွန်တော်က အမေရိကန်ပြည်ထောင်စုရဲ့၊ သမ္မတရဲ့၊ သမားတော်ရဲ့ အိမ်တွင်းအကြံပေးပညာရှင်ပါ'

ယင်းသည် ရယ်စရာ၊ ဟာသနှောထားသော်လည်း၊ ယောကျ်ားတစ်ယောက်အတွက် နာကျင်စရာကောင်းသော ဂုဏ်ပုဒ်ဖြစ်ပါသည်။ ကျွန်မသည် ခမ်းနားတင့်တယ် ၇၄၇ ဂျက်လေယာဉ်ကြီးစီးကာ ကမ္ဘာပေါ်ရှိ တန်ခိုးအာဏာ အကြီးဆုံးပုဂ္ဂိုလ်နှင့် ခရီးသွားမည်။ အိမ်ကိုပြန်ရောက်သောအခါ 'ရစ်ချတ်' နှင့်ကျွန်မက တစ်ဦးဘဝအကြောင်း တစ်ဦး မေးမြန်းရင်း မီးဖိုချောင် စားပွဲတွင်ထိုင်လျက် ညနေခင်းတွင် တရင်းတနှီး ပြန်လည်ဆုံတွေ့ကြကာ ကျွန်မက သူ့ကိုမေး သည်။

'သည်နေ့ အခြေအနေ ဘယ်လိုလဲ'

'ကလေးတွေကို ကျောင်းပို့တယ်။ လမ်းမှာ ဈေးဝင်ဝယ်တယ်။ ကားပြင်တယ်။ ပြီးတော့ သင်ကြားရေးအတွက် ပြင်ဆင်တယ်'

သူ၏ ထိုသို့သောပြောဆိုမှုမှာ ကျွန်မ၏ စဉ်းစားကြည့်လျှင်ပေါ်သော အရှုပ်ထွေးဆုံး ဆေးဘက်ဆိုင်ရာ ထုံး

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဆောင်စီမံမှု၏ ပုံစံကျ တစ်နေ့တာနှင့် နှိုင်းဆကြည့်လျှင် သိမ်ငယ်စရာဖြစ်သည်။

အိမ်ထောင်ဖက်တစ်ယောက်က တာဝန်အရ တစ်နေရာသွားနေခိုက် တွေ့ရလေ့ရှိသော စစ်မှုထမ်းမိသားစုတစ်ခုကဲ့သို့ပင် ကျွန်ရစ်ခဲ့သော အိမ်ထောင်သည်နှင့် မိသားစုက တစ်ယောက်မရှိစဉ် ကာလအတွင်း အဆင်ပြေပြေနေတတ်အောင် လေ့လာကြသည်။ ယင်းနေထိုင်နည်းက ကျွန်မ အိမ်ဖြူတော်တွင်ရှိသည့် ကာလတစ်လျှောက်လုံး ကျွန်မတို့အတွက် အမှုကိစ္စတစ်ခု ဖြစ်နေသည်။ ရေကျောက်ကိစ္စဖြစ်ပြီးသည့် နောက်တွင် 'ရစ်ချတ်' က ကျွန်မကို ဖြစ်ပျက်သမျှကို အစီရင်ခံရန် ဘယ်တော့မှ ဖုန်းမဆက်တော့ပါ။ သူ့ဘာသာသူ ကိုင်တွယ်ဖြေရှင်းသည်။ ညနေခင်းတိုင် ခေါ်နေကျ ဖုန်း၏ နောက်ဆုံး သတင်းအခြေအနေတွင်ပါရှိသော အကြောင်းများနှင့် ပတ်သက်၍ ကျွန်မ လေ့လာရတော့မည်။

'သည်နေ့တော့ တို့မှာစိတ်လှုပ်ရှားစရာ နည်းနည်းရှိတယ်' ရစ်ချတ်ကပြောသည်။ သူ့အသံမှာ စိတ်ခံစားမှုအနည်းငယ် ရောစွက်နေသည်မှာ ရုပ်မြင်သံကြားတွင် ညနေခင်း သတင်းကြေညာနေသလိုမျိုး နီးပါးဖြစ်နေသည်။ ကျွန်မက သမ္မတနှင့်အတူ ဝါဆော (Warsaw) ရှိ ဟိုတယ်သို့ရောက်ခါစပင် ရှိသေးသည်။ မိသားစုအခြေအနေ ဘယ်လိုနေသလဲသိရန် 'ဗာဂျီးနီးယား' (virginia) ရှိအိမ်သို့ ကျွန်မ ဖုန်းဆက်သည်။

''အင်ဒရူးက အဆင်ပြေပါတယ်။ ဒါပေမဲ့ သူ့ကို 'ချုပ်' ရတယ်''

''ချုပ်ရတယ်ဟုတ်လား။ ဘာဖြစ်လို့လဲ''

'ရစ်ချတ်'က သွေးရဲရဲ၊ သံရဲရဲဆိုလျှင် ကယောင်ချောက်ချား ဖြစ်တတ်သည်ကို သတိရကာ သားနှစ်ယောက်စလုံးနှင့်ပတ်သက်၍ ထိခိုက်ကွဲရှသည့်အဖြစ်ကို နားထောင်ရန် ကျွန်မ ပြင်ဆင်လိုက်သည်။ သူက သွေးကိုထုတ်ယူသောအခါ မေ့မြောသွားတတ်သည်။ ဒါမှမဟုတ် သူ့လက်မောင်းပေါ်တွင် သွေးချိန်လျှင် ဖြူဖပ်ဖြူရော် ဖြစ်သွားတတ်သည့် လူစားမျိုးဖြစ်သည်။

'မနေ့က နှင်းတွေ အကြီးအကျယ် ကျပြီးတဲ့နောက် ကလေးတွေ တောင်ကုန်းမှာ လျှောစီးဆင်းကြတယ်' သူက စပြောသည်။

'နှင်းတွေကျတယ် ဟုတ်လား' ကျွန်မ၏ စိတ်ထဲတွင် ပျော်စရာဖြစ်မလာဘဲ စိတ်မချမ်းမသာနှင့် ညည်းညူမိတော့မတတ် ဖြစ်သွားသည်။ ကလေးအများစုကဲ့သို့ပင် ကျွန်မ၏သားများ နှင်းကျသည်ကို ကြိုက်ကြသည်။ အကြောင်းမှာ သူတို့က ကျောင်းမတက်ရသည်သာမက နှင်းထဲတွင် တစ်နေ့လုံး သူငယ်ချင်းများနှင့် မြူးထူးဆော့ကစား နေနိုင်ကြသောကြောင့် ဖြစ်သည်။

'အင်ဒရူး' (Andrew) က တောင်ကုန်းကနေ လျှောချပြီး သစ်ပင်နဲ့ ဝင်ဆောင့်မိတယ်။'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ခေါင်းမှာ၊ ဒါမှမဟုတ် လည်ပင်းမှာ ဒဏ်ရာရသလား၊ တစ်ခုခု ကျိုးပဲ့သွားသလား'

ကျွန်မက စကားကို ကြားဖြတ်ဝင်မေးလိုက်ပြီး ဆရာဝန်တစ်ယောက် လုပ်ပုံလုပ်နည်းပုံစံ အလိုလို ဝင်သွားသည်။

ကျွန်မ ကြားဖြတ်မေးလိုက်သည်ကို 'ရစ်ချတ်' က စိတ်အနှောင့်အယှက်ဖြစ်သွားကာ ခဏတုံ့ဆိုင်းသွားသည်။ သို့သော် သူက ဆက်ပြောသည်။

'ကံကောင်းလို့ ဘာမှမဖြစ်ပါဘူး။ ခြေထောက်က သစ်ပင်နဲ့ ရိုက်မိတယ်။ သူက ပြန်ထပြီး အိမ်ကိုလမ်းလျှောက် ပြန်လာတယ်။ အိမ်ရောက်တော့ သူ ငိုနေတယ်'

မိခင်တစ်ယောက်၏ တာဝန်မဲ့မှုက ရင်ဘတ်ကို ဓားနှင့်ထိုးလိုက်သလို ခံစားရသည်။ ကျွန်မသားက ငိုကြွေး လျက် နာကျင်နေသည်။ ကျွန်မက ဘယ်ရောက်နေသလဲ။ အိုး ဟုတ်ပြီ၊ ပိုလန်မှာ သမ္မတနဲ့အတူ ကြယ်ငါးပွင့်ဟိုတယ် ကျွန်မ၏ အထူးခန်းမှာ ဖုန်းဖြင့်ပြောနေခြင်း ဖြစ်သည်။ ရေတပ်အရာရှိကောင်း မိခင်ဆိုး တစ်ခါဖြစ်ရပြန်ချေပြီ။

''အရိုးတွေဘာတွေတော့ ကျိုးမသွားပါဘူး၊ ခြေထောက်က တော်တော်ကွဲသွားတယ်။ ဟိုဘက်အိမ်က 'ဘက် ကီ' (Brcky)ဆီ သူ့ကို ခေါ်သွားရတယ်။ သူက သူနာပြုလေ''

စိတ်သက်သာရာရမှုရော၊ မနာလိုမှုပါ တစ်ပြိုင်နက် ခံစားလိုက်ရသည်။ ကံကောင်းထောက်မစွာဖြင့် ကျွန်မ၏ အိမ်နီးနားချင်း သူနာပြုက 'အင်ဒရူး' ၏ အနာကို ဆေးကြောသုတ်သင် လုပ်ကိုင်ပေးနိုင်လိုက်သည်။

'သူ့ကိုချုပ်ဖို့ လိုအပ်တယ်လို့ 'ဘက်ကီ' က ပြောတာနဲ့ သူ့ကိုငါ Fort Belvoir က ဆေးခန်းကို ခေါ်သွား တယ်။ ဆယ့်ငါးချက်ချုပ်ရတယ်'

'ဆယ်ငါးချက်ဟုတ်လား၊ ချုပ်နေတုန်း သူ ဘာဖြစ်သေးလဲ' ကျွန်မ၏ ကလေးအတွက် ကျွန်မ စိတ်မကောင်း ဖြစ်ရသည်။

'သူက သိပ်သတ္တိကောင်းပါတယ်' 'ရစ်ချတ်' က ဂုဏ်ယူစွာဖြင့် ပြောလိုက်သည်။

'ကျွန်မ အိမ်ပြန်ရောက်ရင် သူ့ကို ချုပ်ရိုးဖြေပေးမယ်' ကျွန်မက ပြောသည်။ ကျွန်မ၏ ဆရာဝန်သဘာဝ ပုံစံသို့ ပြန်ရောက်သွားသည်ကို ကျွန်မ သဘောပေါက်သည်။ အမေတစ်ယောက်အဖြစ် တည်ရှိမှုကို ပျက်ကွက်ခဲ့သော်လည်း ဆရာဝန်တစ်ယောက်အနေနှင့် ကျွန်မ အကောင်းဆုံး လုပ်နိုင်သည်ကိုတော့ ကမ်းလှမ်းနိုင်သေးသည်။ တချို့လူများ ပြောကြသလို၊ ကျွန်မသည် ပထမဆရာဝန် (သမ္မတ၏ ဆရာဝန်ဖြစ်သည်။) သို့သော် ကျွန်မသည် တကယ်ပင် ဒုတိယ စွာ ဆရာဝန်ဖြစ်ရတော့သည်။ ယင်းမှာ ကျွန်မ၏ ကောင်းချီးမင်္ဂလာလည်း ဖြစ်နိုင်သည်၊ ကျိန်စာလည်း ဖြစ်နိုင်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



■

မိသားစုနှင့် စိတ်ချမ်းသာ၊ လက်ချမ်းသာနေဖို့ ကြိုးစားထွက်လာသည့်အခါတွင်တောင်မှ အလုပ်က နောက်ကနေ၍ တစ်ခါတစ်ရံ လိုက်လာတတ်သည်။ ၁၉၉၈ ခု၊ နွေဦးပေါက်ရာသီအတွက် 'ရစ်ချတ်' နှင့်ကျွန်မက သားနှစ်ယောက်ကို ကျွန်မတို့မိတ်ဆွေ ကွန်မင်ဒါရစ်ချ် (Rich) နှင့် ကစ်တီမေလာ (Kitty Miller) တို့ရှိရာ Puerto Rico သို့ အလည်အပတ် ခေါ်သွားသည်။ ကျွန်မက ဆေးအရာရှိဘဝအဖြစ် ရှိစဉ်တွင် 'ရစ်ချ်' (Rich) က USS Prairic သင်္ဘောပေါ်တွင် သွားဆရာဝန်ဖြစ်သည်။ သူ (ကစ်တီ) နှင့် သား (ဂွိုင်) က Puerto Rico ရှိ ရေတပ်အခြေစိုက်ခန်းမှနေပြီး ကျွန်မတို့ဆီသို့ ရှုခင်းကြည့်ရန်၊ ရေငုပ်ရန်လာလည်တတ်သည်။ ဤအားလပ်ရက်ခရီးအတွက် ကျွန်မတို့ လပေါင်းများစွာ ကြိုတင်စီစဉ်ခဲ့သည်။ နေသာသော 'ကာရစ်ဘီယမ်' (carbbean) တွင် အတူတူ ပျော်ပျော်ရွှင်ရွှင်နေကြဖို့ အားလုံး စိတ်လှုပ်ရှားကြသည်။

Sun Juan ရှိ ကျွန်မတို့၏ ပထမနေ့တွင် ပင်လယ်ကမ်းခြေရှိ ရှေးဟောင်း 'အယ်လ်မိုရို' EL Morro ခံတပ်သို့ သွားလည်ကြသည်။ ကျွန်မတို့သည် ဧည့်လမ်းညွှန်၏နောက်သို့ လျှောက်လိုက်ပြီး ရှေးဟောင်းအဆောက်အအုံ အပျက်အစီးများကြား လမ်းတစ်လျှောက် ဓာတ်ပုံများရိုက်ကြသည်။ ထို့နောက် ကျွန်မ၏ လက်ကိုင်ဖုန်းက မြည်လာသည်။

အိမ်ဖြူတော်စာနယ်ဇင်းရုံးမှ 'ဘာရီ' (Barry Toir) ၏ ဖုန်းဖြစ်သည်။ သမ္မတ၏ စာနယ်ဇင်းအတွင်းရေးမှူး 'မိုက်မက်ကာရီ' (Mike Mclurry) ၏ကိုယ်စား သူက ကျွန်မကို ဖုန်းခေါ်သည်။

'ဒေါက်တာ၊ ခင်ဗျာရဲ့ အားလပ်ရက် အနားယူနေချိန်မှာ ကျွန်တော် ဒုက္ခမပေးချင်ပါဘူး' 'ဘာရီ'က တောင်းပန်သည်။

'အားလပ်ရက်ဟုတ်လား၊ အိမ်ဖြူတော်မှာ အားလပ်ရက်အနားယူတဲ့သူ ဘယ်သူရှိလို့လဲ'

ကျွန်မက မိသားစုကို ခံတပ်ထဲတွင် ဆက်သွားရန် လက်လှမ်းပြလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော့်ကို ပြောပြပါ။ ကျွန်တော်တို့ဆီကို ခွေး 'ဘတ်ဒီ' (Buddy) နဲ့ ပတ်သက်ပြီး စုံစမ်းတာတွေ တစ်ပြုံကြီး ရောက်လာတယ်'

ခွေး 'ဘတ်ဒီ'မှာ သမ္မတ၏ ချစ်လှစွာသော လေးနှစ်သားအရွယ် ချော့ကလက်ရောင် 'လာဘရိုတ်ဒါ' အမဲလိုက်ခွေး ဖြစ်သည်။ သူ့ကိုအိမ်ဖြူတော် တိရစ္ဆာန်ဆေးကုဆရာဝန်က သင်းကွပ်ပေးထားသည်။ Puerto Rico သို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမိသားစုနှင့်အတူ ထွက်မလာမီနေ့တွင် 'ဖို့မိုင်ယာစ်' (Fort Myers) ရှိ ဆေးခန်း၌ ထိုကိစ္စကို လုပ်လိုက်ကြသည်။ တိရစ္ဆာန်အသင်းအဖွဲ့များမှ မေးမြန်းစုံစမ်းမှုများကို စာနယ်ဇင်းအဖွဲ့က ဖြေကြားကာ ကြေညာချက် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ သမ္မတက သူ၏ခွေးကို သင်းကွပ်မှာလားဟုမေးသော မေးခွန်းများဖြစ်သည်။ ခွေး 'ဘတ်ဒီ'၏သင်းကွပ်မှုသည် သတင်းစာ ခေါင်းကြီးပိုင်း ဖြစ်လာလိမ့်မည်ဟု ကျွန်မ မျှော်လင့်မထားခဲ့ပေ။ ကျွန်မ အသေအချာ မှားယွင်းသွားခဲ့သည်။

'ဘတ်ဒီ' ဟာ ခွဲစိတ်မှုတစ်လျှောက်လုံးမှာ အခြေအနေကောင်းမွန်ပြီး အခုအိမ်ဖြူတော်မှာ အနားယူနေပါတယ်။ သူဟာ လန်းလန်းဆန်းဆန်း၊ တက်တက်ကြွကြွ ရှိနေပါတယ်လို့ သူတို့ကို ပြောလိုက်ပါ'

ဆေးရုံတက်သော နာမည်ကျော်ပုဂ္ဂိုလ်များအတွက် စာနယ်ဇင်းတွင် ရေးသားဖော်ပြလေ့ ရှိသည့် အပ်ကြောင်းထပ် ငြီးငွေ့ဖွယ်ကောင်းသော စာသားကို ရွတ်ဆိုပြလျက် ကျွန်မက သူ့ကိုစလိုက်သည်။

"ဒေါက်တာ၊ စာနယ်ဇင်းက ဒီထက်မက ပိုပြီးသိချင်ပါတယ်" သူက ဆက်ပြောသည်။

ထို့ကြောင့် နောက်ထပ် တစ်နာရီကြာကြာ ကျွန်မနှင့် 'ဘာရီ' (Barry) က စာနယ်ဇင်းများက ကျေနပ်လောက်မည်ဟု မျှော်လင့်ရသော ကြေညာချက်အကြမ်းကို ပူးပေါင်းကြံစည်လိုက်ရပါသည်။

အားလပ်ရက် အနားယူချိန် တစ်နာရီကို သမ္မတ၏ ခွေးသင်းကွပ်မှုအကြောင်းပြောကာ အချိန်ကုန်လိုက်ရသည်။

နိုင်ငံရေးသမားများကို ရုပ်ရှင်မင်းသားမင်းသမီးကဲ့သို့ ဆက်ဆံကြသော အမေရိကားမှာသာလျှင် ကျွန်မတို့ ထိုကဲ့သို့သော အသေးအမွှားကိစ္စများနှင့် ပတ်သက်၍ 'ဖိစီး' ကြတာဖြစ်လိမ့်မည်။ ကျွန်မမိသားစုမှာ အလည်အပတ်သွားနေ သည့်အတွက် မိသားစုအခွင့်အရေးကို ပြန်လည်ရယူလိုက်ရသည်။

'ဘာကိစ္စလဲ' ရစ်ချတ်က စိုးရိမ်ပူပန်သော အသွင်ဖြင့်မေးသည်။

'ဘတ်ဒီ' ရဲ့ ခွေးကိစ္စပါ။ ကျွန်မကတော့ နာနတ်သီး အရက်တစ်ခွက်လောက် လိုချင်တယ်' ကျွန်မက ပြောလိုက်သည်။

■

'ဝစ်ကိုဆင်' (Wisconsin) ရှိ 'လိပ် ဝင်နီဘာဂို' (Lake Winnebago) တွင်တည်ရှိသော 'ဖောင်ဒူလက်' (Fond dulac) မြို့လေးတွင် ဟောလိုဝင်း (Halloween) အသွင်အပြင် ခင်းကျင်းထားသော ပတ်ဝန်းကျင်တစ်ခု ဆောင်းဦးပေါက် အဝါရောင်သစ်ရွက်များက သစ်ပင်များမှ ကြွေကျသွားခဲ့ကြသည်။

၁၉၉၉ ခု၊ အောက်တိုဘာလ ဖြစ်သည်။ ကျွန်မ၏ကားက ငြိမ်သက်သော လမ်းတစ်လျှောက် မောင်းဝင်လာပြီး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒစ်ချ်နှင့်လက်စလိုင်းရီဒီနော (Dick and Leslie Ridinour) တို့၏ အိမ်တွင်ရပ်လိုက်သည်။ အိမ်ဖြူတော်ရှိ ကျွန်မ၏ စောစောပိုင်း နှစ်များအတောအတွင်း 'Bethesda' ရေတပ်ဆေးရုံတွင် စစ်ရေယာဉ်မှူးလုပ်ခဲ့သော ကြယ်နှစ်ပွင့် ရေတပ် ဗိုလ်ချုပ်ဟောင်းဖြစ်သူ 'ဒစ်ချ်' (Dick)သည် ကျွန်မအနေအထား၏ ကျပ်တည်းဖိစီးမှုကို ကောင်းကောင်း သတိထားမိ သည်။ ဒုသမ္မတဂိုး (Gore) သမ္မတကလင်တန်တို့ အကြောအမြင်များ ခွဲစိတ်ကုသမှုနှင့် ဟီလာရီကလင်တန် သွေးဥ ကုသမှုတို့ကို သူ စောင့်ကြည့်ခဲ့သည်။

'Bethesda' ရှိ အလုပ်ပြီးသောအခါ ဒစ်ချ်သည် ရေတပ်မှအနားယူကာ Cathalic Liberal Arts Col-lage ဖြစ်သော Marine College ၏ ဥက္ကဋ္ဌရာထူးကို လက်ခံခဲ့သည်။ ကျွန်မက 'ဒစ်ချ်' (Dick) သူ့ဇနီး 'လက်စလိုင်း' (Leslie) တို့နှင့် နှစ်ပေါင်းများစွာ အဆက်အသွယ် တောက်လျှောက်ရှိနေခဲ့သည်။ ကောလိပ်ဥက္ကဋ္ဌအနေနှင့် 'ဒစ်ချ်' ၏ ရာထူးလက်ခံပွဲအခမ်းအနားတွင် ကျွန်မက အဓိက စကားပြောကြားပေးသူ ဖြစ်ခဲ့သည်။ သူ့ကောလိပ်၏ ဂေါပကအဖွဲ့ တွင်လည်း အလုပ်ဝင်လုပ်ပေးခဲ့သည်။ ကျွန်မသည် နှစ်စဉ်ဘုတ်အဖွဲ့ အစည်းအဝေးအတွက် Fond dalac သို့ သွားရောက် လည်ပတ်လေ့ရှိပြီး ကျွန်မ၏ တိုတောင်းသော လည်ပတ်မှု ကာလအတွင်းတွင် 'ဒစ်ချ်' (Dick)တို့ မိသားစုနှင့်အတူ နေထိုင်လေ့ရှိသည်။

ယခုသွားသည့် အခေါက်သည် 'ဘုတ်' အဖွဲ့ အစည်းအဝေးဖြစ်ပြီး ဒေသခံသမားတော်အုပ်စုကို မိန့်ခွန်းပြောရန် ဖြစ်သည်။ ဤကိစ္စက ကျွန်မအတွက် မှန်ကန်သော အချိန်တွင် ရောက်လာခြင်း ဖြစ်သည်။ အခုနေအခါတွင် ဘဝတွင် လက်တွေ့ကျ၍ နှစ်သိမ့်မှုပေးသော မိတ်ဟောင်းဆွေဟောင်းများကို ကျွန်မ လိုအပ်နေသည်။ 'ဒစ်ချ်' (Dick)က စိတ် ရောဂါပညာရှင်တစ်ယောက်အနေနှင့် လေ့ကျင့်လာသူ ဖြစ်သည်။ သို့သော် ကျွန်မသည် စိတ်ရောဂါပညာရှင် မလိုပါ။ ဆရာသမားတစ်ယောက်သာ လိုအပ်သည်။ 'ရီဒီနော' (Ridenour) က ကျွန်မ၏ အတုယူစရာ စံပြပုဂ္ဂိုလ် ဖြစ်သည်။ စစ်တပ်သမားတော်အလုပ်ကို အိမ်ထောင်ဖက်ကလုပ်ခဲ့ပြီး ရေတပ်မှ အနားယူပြီးနောက် အရပ်ဘက်တွင် ဆက်လက်အောင်မြင် နေသည့် ပျော်စရာဇနီးမောင်နှံ ဖြစ်သည်။ ရီဒီနော (Redenoure)၏ လမ်းကြောင်းအတိုင်း ဘဝတွင် လျှောက်လှမ်းရန် ကျွန်မ တောင့်တသည်။

ကျွန်မဘဝတွင် ဤကာလအတောအတွင်း ကျွန်မတို့က ရေတပ်မှာ ပြောဆိုလေ့ရှိသလို၊ ရေမျက်နှာပြင်ပေါ် မှာတော့ အစစအရာရာ ချောချောမွေ့မွေ့ ရွက်လွှင့်နေသလို ရှိသည်။ ဤအချိန်အထိ အိမ်ဖြူတော်ရှိ ကျွန်မ၏ခရီးလမ်း ကြောင်းက အောင်မြင်နေသည်။ ယခု ကျွန်မသည် အရင်က မရှိခဲ့ဖူးသော ခုနစ်နှစ်ကာလကြာ အိမ်ဖြူတော်မှာ အမှုထမ်း နေသည်။ များသောအားဖြင့် ဆေးအဖွဲ့၏ ဒါရိုက်တာရာထူးနှင့် ဖြစ်သည်။ ကျွန်မ၏ ခေါင်းဆောင်မှုအောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



သိမ့်သိမ့်တုန်သော အောင်မြင်မှုများ ဆက်တိုက်ရအောင် စီမံဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာ့ခေါင်းဆောင်များကို စောင့်ရှောက်မှုတွင် အဆင့်တစ်ခုကို ထူထောင်ထားနိုင်ခဲ့သည်။ ကလင်တန်က ကျွန်မကို သမ္မတသမားတော်၏ နိုင်ငံရေးဆိုင်ရာ အဆင့်ကို ပေးထားပါသည်။ ယင်းမှာ စစ်တပ်တွင် အကြီးတန်း အလံဆောင်အရာရှိ (Flag officer) အဆင့်နှင့် ညီမျှသည်။

သူက ကျွန်မအား ရေတပ်ဗိုလ်ချုပ်ခန့်ရန် ရာထားမှုကို မှန်ကန်ကြောင်း ဤအချက်အလက်အားလုံးကို အသုံးပြုသည်။ အတည်ပြုပြီးလျှင် ကျွန်မသည် အလံဆောင်အရာရှိတစ်ယောက်ဖြစ်က သမ္မတ၏ သမားတော်ဖြစ်တော့မည် မဟုတ်ပေ။ တကယ်တော့ အိမ်ဖြူတော်တွင် ကျွန်မ၏အရင်က အမှုထမ်းသွားသော စစ်ဘက်ဝန်ထမ်းများကို သူတို့၏ တာဝန်ခရီး၏ အကျိုးသက်ရောက်မှုအနေနှင့် ရေတပ်ဗိုလ်ချုပ် သို့မဟုတ် ဗိုလ်ချုပ်အဆင့်သို့ ရာထူးတိုးမြှင့်ပေးလေ့ရှိသည်။ သို့သော် အမေရိကန်ရေတပ်သမိုင်းတွင် ပထမဆုံး ဖိလစ်ပိုင်အမေရိကန် ရေတပ်ဗိုလ်ချုပ် ဖြစ်ပေလိမ့်မည်။ အမေရိကန်ပြည်ထောင်စု ရေတပ်က ဖိလစ်ပိုင် ဧည့်ခံကျွေးမွေးရေးမှူး၏ သမီးတစ်ယောက်အနေနှင့် ယင်းကိစ္စမှာ ကျွန်မအတွက်ရော၊ ကျွန်မမိသားစုနှင့် ကျွန်မ၏ မွေးရပ်မြေ တိုင်းသူပြည်သားများအတွက်ပါ ထူးခြားသော မှတ်တိုင်တစ်ခု ဖြစ်သည်။ ရာထူးတက်မှုအပေါ်တွင် အာရုံစိုက်နေလျှင် ကံဆိုးမှုနှင့် ကြုံရတတ်သည်ဟု ကျွန်မ အယူသီးသည်။ ရာထူးတက်မှုအပေါ်တွင် စိတ်ရောက်မနေခြင်းမှာ ဤအယူသီးသည့် အကြောင်းတစ်ကြောင်းလည်း ပါသည်။ ကျွန်မ ကံဆိုးမိုးမှောင် မကျချင်ပေ။ ကျွန်မသည် ရေတပ်ဗိုလ်ချုပ်ဖြစ်လျှင် အဲဒါက ကျွန်မအတွက် ဘာအဓိပ္ပာယ်ရှိမည်နည်းဟု စဉ်းစားရန် တစ်ပါး ဘာမျှမတတ်နိုင်ပေ။ အိမ်ဖြူတော်မှာ ဆက်နေကာ ၂၀၀၁ ခုနှစ်၊ သမ္မတကလင်တန် ထွက်သွားပြီးနောက် သမ္မတအသစ်ကို ကျွန်မက ဆက်လက် စောင့်ရှောက်ရမည်လား၊ ဒါမှမဟုတ် နောက်တာဝန်ကျနေရာသို့ ပြောင်းရမည်လား။ ကျွန်မမိသားစုက ဘယ်လိုလဲ၊ အိမ်ဖြူတော်တွင် ကျွန်မ နှစ်နှစ် တာဝန်ထမ်းဆောင်ပြီးနောက် လေးနှစ်သို့ ဆွဲဆန့်သည်။ ထို့နောက် ခုနစ်နှစ်၊ အခုကိုးနှစ်ရှိပေပြီ။ ထို့ကြောင့် 'ရစ်ချတ်' က ဆန်ဒီရယ်ဂို (San Dirgo) ရှိ သူ၏ ဥပဒေအကျိုးဆောင်အဖွဲ့သို့ ပြန်သွားဖို့ အခွင့်အရေး ဆုံးရှုံးသွားပေပြီ။ ကျွန်မတို့မိသားစုက 'ဗာဂျီးနီးယား' (Virginia)မှာ နေထိုင်သည်ကို နှစ်သက်သော်လည်း ကျွန်မတို့အတွက် အမြဲတမ်း အိမ်လိုဖြစ်နေသောနေရာမှာ စင်ဒီရယ်ဂို (San Dirgo)ဖြစ်သည်။ ဒါမှမဟုတ် အနားယူဖို့ အချိန်ရောက်ပြီလား။ ထိုသို့ဆိုလျှင် အရပ်ဘက်တွင် ကျွန်မ ဘာလုပ်မည်နည်း။

ကျွန်မက ဤမေးခွန်းများကို 'ဒစ်ချ်' (Dick) အား မေးဖို့ မျှော်လင့်ထားသည်။ သူက ရေတပ်မှ အနားယူပြီး ထိရောက်သော ကောလိပ်ဥက္ကဋ္ဌဖြစ်ရန် ပြောင်းသွားခဲ့သူဖြစ်သည်။ ကျွန်မက သူ့ဇနီး 'လက်စလိုင်း' (Leslie) နှင့်လည်း လွတ်လွတ်လပ်လပ် စကားပြောချင်သည်။ ဆံပင်ရွှေရောင် ဖြိုးဖြိုးရှင်ရှင်၊ ဖော်ဖော်ရွေရွေနှင့် အမြဲ အပြုံးသဘောဆောင်သူ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားရှိကာ သူသည် ကျွန်မအတွက် ပြောစရာမရှိသော စစ်မှုထမ်းအိမ်ထောင်ဖက် စံပြပုံစံဖြစ်သည်။ အိမ်ထောင်မှုဆိုင်ရာ မန်နေဂျာကောင်းတစ်ယောက်ဖြစ်ပြီး ယောကျ်ားအတွက် နှစ်သိမ့်အားပေးတတ်သူတစ်ဦး ဖြစ်သည်။ သူတို့၏ စစ်မှုထမ်းဘဝ ကို နှောင်တရနေလား။ သူမ၏ခင်ပွန်းအဖို့ တစ်ဟုန်ထိုးတက်လာသည့် လုပ်ငန်းကိုင်ငန်းတွင် ယောကျ်ားကို ပံ့ပိုးရန် သူမသည် ဘာကိုစွန့်လွှတ်ခဲ့ရသနည်း။ လက်ရှိ သူတို့၏ ဘဝသစ်ကို သူမ နှစ်သက်သလား၊ ကျွန်မ၏ အိမ်ထောင်ဖက်က ဤမေးခွန်းကို ဘယ်လိုဖြေဆိုလိုက်မလဲ ကျွန်မစဉ်းစားသည်။ ကျွန်မ၏ အစိတ်အပိုင်းတစ်ခုက သူ့အဖြေသည် ဘာဖြစ်မည်ကို ကြားရမှာ ထိတ်လန့်နေသည်။

'ကြိုဆိုပါတယ်'

ဝစ်ကိုဆင် (wiscosin) ဆောင်းတွင်း၏ အချမ်းပြေသွားအောင် နွေးထွေးသော ပွေ့ဖက်မှုဖြင့် ကျွန်မကိုနှုတ်ဆက်ရင်း 'ဒစ်ချ်' (Dick) ကပြောသည်။ အရပ်ရှည်ရှည် ဂလန်ဂလားနှင့် ဒစ်ချ် (Dick) ကိုမြင်ရတာ M-A-S-H ရုပ်မြင်သံကြား ဇာတ်လမ်းတွဲထဲမှ Hawkeye Pierce ကို သွားသတိရမိသည်။ သူနှင့် စိတ်သဘောထားချင်းလည်း တူသည်။ 'ဒစ်ချ်' (Dick Ridenour)သည် မည်သည့်အကြောင်းကြောင့်မျှ ရုပ်ထွေးထိတ်လန့်မနေပေ။ သူကြုံတွေ့ခဲ့ရသည့် စိတ်ရောဂါ ပညာရှင်တစ်ယောက် အနေနှင့် လေ့ကျင့်ထားခဲ့မှုကြောင့်လည်း ဖြစ်နိုင်သည်။ သို့သော် သူသည် ကပြေအသုံးတော်ခံသူ တစ်ယောက်ဖြစ်ဖို့ ရည်ရွယ်သည် ဟူသည်အထိ ကျွန်မ တွေးကြည့်ချင်သည်။ သူသည် စင်ပေါ်မှာ ကိုယ်ထင်ပြကာ မီးဆလိုက်နောက်တွင် ဘယ်တော့မျှ မပုန်းကွယ်ခဲ့ပေ။ တခြားတစ်ဖက်တွင် ကျွန်မကတော့ မီးဆလိုက်ကို ငြီးငွေ့သည်။ ဘယ်လိုသဘောပဲ သက်ရောက်ရောက် ကျွန်မက အခြေချ နေထိုင်ချင်ပြီ။ ဘယ်အရာက ပို၍ ကြောက်စရာကောင်းသည်တော့ ကျွန်မ မသိချေ။ သူတို့၏ မိသားစုအခန်းထဲတွင် နေ့လယ်စာ ခပ်ပါးပါးစားပြီးနောက် 'ဒစ်ချ်' က သူ့နာရီကိုကြည့်ကာ ကျွန်မ၏ အစီအစဉ်ကို ပြောပြသည်။

'ကြည့်ရအောင်၊ 'ဘုတ်' အဖွဲ့အစည်းအဝေးက သုံးနာရီမှာ၊ ကော့တေးပါတီက ငါးနာရီ၊ ဆရာဝန်အုပ်စုကို မိန့်ခွန်းပြောရမှာက ရှစ်နာရီ'

ထို့နောက် သူက အလုပ်အမှုဆောင် ဆုံးဖြတ်ဖြတ်ချက်ကို ချလိုက်သည်။

'အခု တစ်ရေးလောက် မှေးဖို့ အချိန်ရောက်ပြီ'

သူ၏ ထောက်ခံအားပေးချက်ကို ကျွန်မက ပြုံးမိသည်။ DC မှ Milwaukee သို့ ပျံသန်းသော စောစောစီးစီး လေယာဉ်ကိုမီရန် ကျွန်မက နံနက်လေးနာရီ ထခဲ့ရသည်။ ထို့နောက် Milwaukee မှ ထွက်လာသော တစ်နာရီကြာခရီး တွင် အိမ်ဖြူတော်၏ အခြေအနေကို ဖမ်းမိနေစေရန် လက်ကိုင်ဖုန်းကို နားမှာတပ်၍ မအိပ်ဘဲ လာခဲ့သည်။ ကျွန်မ သူတို့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တော့ စကားပြောဖို့ လိုအပ်မှန်း 'ဒစ်ချ်'က သိသည်။ သို့သော် ပထမဦးစွာ ကျွန်မအိပ်ဖို့ လိုအပ်ကြောင်းကိုလည်း သူ သိသည်။

'ဒစ်ချ်' တို့၏ ဒုတိယထပ်ဧည့်ခန်းတွင် အိပ်ရာထဲ၌ ခေါင်းအုံးပေါ် ခေါင်းချလိုက်သောအခါ သတင်းပေးပို့ချက်တစ်ခု ကျွန်မဆီသို့ ဝင်လာသည်။

CONGRATS RDML LTC WISSLER SENDS FROM PNTGN

"ဂုဏ်ယူဝမ်းမြောက်ပါတယ်။ ရေတပ်ဗိုလ်ချုပ် မာရီယာနို၊ ဒုဗိုလ်မှူးကြီး ဝစ်စလာ ပင်တာဂွန်မှ ပေးပို့သည်" တယ်လီဖုန်းမျက်နှာပြင်မှ စာသားကို ကျွန်မ ကြည့်လိုက်သည်။ congratu မှာ conratulation.

RDML မှာ rear admiral (Lower Half) ကို အတိုကောက် ရေးထားခြင်းဖြစ်ပြီး အဓိပ္ပာယ်မှာ 'ကြယ်တစ်ပွင့် ရေတပ်ဗိုလ်ချုပ် ဖြစ်သည်။ (rear admiral (upper half)) မှာ ကြယ်နှစ်ပွင့်ရေတပ်ဗိုလ်ချုပ် ဖြစ်သည်။

မာရီယာနို (Mariano) မှာ ကျွန်မ၏ နောက်ဆုံးအမည် ဖြစ်သည်။

LTC မှာ Lirutenant clolnet ၏ အတိုကောက်ဖြစ်ပြီး ဒုဗိုလ်မှူးကြီး ဖြစ်သည်။

'ဝစ်စတာ' (Wisslar) မှာ John Wisster ဖြစ်သည်။ ကျွန်မ အိမ်ဖြူတော်ကို စတင်ရောက်ခါစက ဂျွန်ဝစ်စလာ (John Wisslar) သည် သမ္မတဂျော့အိတ်ချ်ဒဗလျူဘွတ်ရှ် (George.H.W Bush) ၏ မရင်းတပ်ဖွဲ့ စစ်ဘက်ကိုယ်ရံတော်ဖြစ်သည်။ အိမ်ဖြူတော်မှ ထွက်သွားကတည်းက တာဝန်ထမ်းဆောင်နေဆဲ စစ်ဘက်ကိုယ်ရံတော်များ ထံ သူ လာလည်သည့်အခါတိုင်းတွင် ကျွန်မရုံးခန်းသို့ဝင်၍ နှုတ်ဆက်ပါသည်။ 'ဝစ်စလာ' သည် 'ပင်တာဂွန်' (Pentagon) သို့ပြောင်းသွားပြီး အဆင့်မြင့် ရာထူးတော်တော်များများကို ရရှိသည်။ သူပို့လိုက်သော သတင်းအရ သူသည် အလံဆောင်အရာရှိ (Flog officer)ရာထူးတက်မှုနှင့် ပတ်သက်သော ဌာနတစ်ခုတွင် အလုပ်လုပ်နေပုံရသည်။

ပင်တာဂွန်ရှိ ဗိုလ်မှူးကြီး 'ဝစ်စလာ' ကို ခေါ်ပေးရန် ကျွန်မက အချက်ပြအော်ပရေတာကို ပြောလိုက်သည်။

"ဟုတ်ကဲ့" ဝစ်စလာ၏အသံက အလုပ်ပုံစံကျနေသည်'

'ကျွန်တော် သတင်းပို့လိုက်တာ ရတယ်မဟုတ်လား'

သူ စကားပြောလိုက်သောအခါ 'ဝစ်စလာ' ၏ သွားပေါ်သောအပြုံးကို ကျွန်မ မြင်ယောင်လိုက်သည်။

'ဟုတ်ကဲ့ ရပါတယ်ဗိုလ်မှူးကြီး။ ဒါဟာ နောက်များနေတာလား၊ ရာထူးချက်က 'ပင်တာဂွန်' ကို ရောက်သွားပြီရယ်လို့ ကျွန်မ သတိမထားမိပါဘူး'

ဝစ်စလာက ပြန်ပြောသည်။ 'ရောက်သွားပါပြီ... ရောက်ခဲ့ပါတယ်'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက ဘယ်လိုသဘောပါလဲ' ကျွန်မက စိတ်လှုပ်ရှားစ ပြုလာသည်။

'အဲဒါက ဘာအဓိပ္ပာယ်လဲဆိုတော့ ခင်ဗျားကို ရာထားတဲ့ကိစ္စက ရှေ့ဆက်သွားနေပြီ။ သေချာသလောက် ရှိနေပါတယ်။ နောက်တစ်ခါ အတည်ပြုချက်ရဖို့ ဆီးနိတ်လက်နက်ကိုင် ဝန်ထမ်းကော်မတီ (Senate Armed Services Committee) ကို သွားမယ်။ အဲဒါပြီးတော့ ခွင့်ပြုသဘောတူညီမှုရဖို့ သမ္မတစားပွဲကို သွားမယ်'

'အဲဒါ ဘယ်လောက် ကြာမှာလဲဟင်' ကျွန်မ၏ နှလုံးသားခုန်နေသည်ကို ကျွန်မ ခံစားမိသည်။ ကျွန်မဘဝ ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်အတွက် ဒါဟာ ကျွန်မ စောင့်မျှော်နေတဲ့ အဖြေလား။ ကျွန်မက စစ်တပ်ထဲမှာ ဆက်နေရမည်ဆိုလျှင် ကျွန်မမိသားစု၏ သာမန်ဘဝလေးဖြစ်တည်မည့် အခွင့်အရေးကို ဒါက နှစ်မြှုပ်ပစ်လိုက်မှာလား။

'လအနည်းငယ်ကြာမယ်' ဝစ်စလာက တိုတိုပြတ်ပြတ်ပင် ပြောသည်။

'အဲဒါ တကယ်သာ ဖြစ်မယ်ဆိုရင် ရာထူးတိုးအခမ်းအနားကိုတက်ဖို့ ဗိုလ်မှူးကြီးကို ဖိတ်ပါတယ်'

'ဝစ်စလာ'က ရယ်သည်။ 'အဲဒါ တကယ်ဖြစ်ရင် မဟုတ်ပါဘူး၊ အဲဒါ တကယ်ဖြစ်တဲ့အခါမှာ' အဲဒီအခါမှာ ကျွန်တော် အရောက်လာခဲ့ပါ့မယ်'

ကျွန်မ အိပ်ရာထဲမှ ထခုန်လိုက်သည်။ တစ်ယောက်ယောက်ကိုတော့ ကျွန်မပြောမှုဖြစ်မည်။ တိတ်ဆိတ်နေသော အိမ်အပေါ်ထပ် ခပ်လှမ်းလှမ်းတစ်လျှောက် ကျွန်မ ဆင်းလာသည်။ 'ဒစ်ချ်' နှင့် 'လက်စလိုင်း' တို့၏ အိပ်ခန်းက အောက်ထပ်မှာရှိသည်။ သူတို့သည် တစ်ရေးတစ်မောအိပ်ဖို့ စီစဉ်ထားပြီဖြစ်ကြောင်း ကျွန်မသိသည်။ အနည်းငယ် ဟနေသော သူတို့၏ တံခါးအပြင်ဘက်တွင် ကျွန်မ မတ်တတ်ရပ်နေသည်။ ကလေးတစ်ယောက်လို အရဲစွန့်သော လေသံဖြင့် တစ်ယောက်ယောက်၏ နားတွင်ကြားရုံလောက် ကျွန်မပြောလိုက်သည်။

'ဟဲလို ဒစ်ချ်၊ လက်စလိုင်း ကျွန်မတော့ ရေတပ်ဗိုလ်ချုပ်ဖြစ်တော့မယ်လို့ ထင်တယ်'

'ဒစ်ချ်'တို့ လင်မယားက အိပ်ခန်းထဲမှ ပြေးထွက်လာကာ ကျွန်မကို ပွေ့ဖက်ကြသည်။ သူတို့က ကျွန်မကို သူတို့၏ အခန်းထဲသို့ ဆွဲခေါ်သွားပြီး သူတို့၏အိပ်ရာပေါ်တွင် ကျွန်မတို့ထိုင်ကြသည်။ 'ဒစ်ချ်' က သူသည် မည်ကဲ့သို့ ထထမကြြယ်ကိုရခဲ့ပြီး မည်သို့ ရေတပ်ဗိုလ်ချုပ် ဖြစ်လာခဲ့သည်ကို ပြောပြသည်။ ထိုသို့ ပြန်ပြောပြစဉ် ယခင်အတိတ်အချိန်တွင် သူပြန်ရောက်သွားကာ မျက်လုံးများက တဖျတ်ဖျတ် တောက်နေသည်။ ကျွန်မ၏ တစ်ဦးတည်းသော ရေတပ်ဗိုလ်ချုပ် မိတ်ဆွေ၏အိမ်တွင် ဤသတင်းကို လက်ခံရရှိတာ အတော်ပဲဟု ကျွန်မ တွေးမိသည်။ သို့သော် ဤသတင်းကိုပြောပြရန် ကျွန်မနှင့်နီးစပ်သော တခြားလူများရှိသေးသည်။ ပထမဦးစွာ စင်ဒီရယ်ဂို (San Diego) ရှိ ဖုန်းနံပါတ်တစ်ခုကို ကျွန်မ နှိပ်သည်။ ထိုနေရာရှိ ရေတပ်မှ ပင်စင်စားဇနီးမောင်နှံသည် ကြားသိပါက ပါးစပ်အဟောင်းသား ဖြစ်သွားကြလိမ့်မည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'ဟဲလို' ကျွန်မအမေ၏ ပင်ပန်းနွမ်းလျနေသော အသံက တယ်လီဖုန်းမှာ ပေါ်ထွက်လာသည်။ မီးဖိုချောင်မှာ ချက်ကာပြုတ်ကာဖြင့် တစ်ညလုံး မအိပ်ရသေးသလို အသံမျိုးဖြစ်နေသည်။ အမေရိကန်ပြည်ထောင်စုတွင် နှစ်ပေါင်းလေး ဆယ်ကြာ နေပြီးသော်လည်း သူတို့၏ ဖိလစ်ပိုင်လေသံဝဲဝဲကို ကျွန်မ၏မိဘများက ထိန်းထားနိုင်ကြသည်။ အိမ်တွင် သူတို့၏ အဓိက ဘာသာစကားမှာ 'ပမ်ပန်ဂါ' (Pampanga) ဒေသိယစကားဖြစ်သည်။ ကျွန်မက ထိုမွေးရပ်မြေဘာသာ စကားကို နားလည်သည်။ သို့သော် အမေရိကန်လေသံ မဝဲဘဲ ထိုစကားကို ကျွန်မပြောတတ်ပေ။

'အမေ… ကျွန်မပါ' ကျွန်မ၏ စိတ်လှုပ်ရှားမှုကို ထိန်း၍ပြောလိုက်သည်။

'အဖေရော အဲဒီမှာရှိသလား'

'အိုး… အိမ်နောက်ဖေးမှာ အပင်တွေနဲ့ အလုပ်လုပ်နေတယ်'

အဖေက သူ့ဥယျာဉ်ကို ချစ်သည်။ မြေကြီးကိုဆွ၊ မြေဩဇာဖျန်း၊ ဟင်းသီးဟင်းရွက်ခူးကာ လက်တွေပေကျံ နေသည်ကို သူ ချစ်သည်။

'အဖေကို ဖုန်းဆီကိုလာဖို့ ပြောပေးပါလား။ ကျွန်မမှာ ပြောစရာသတင်းရှိတယ်' ကျွန်မက ပြောလိုက်သည်။ ဖုန်းလိုင်း၏တစ်ဖက် အမေက မျက်ခုန်းပင့်သွားသည်ကို ကျွန်မမြင်လိုက်ရသလို ဖြစ်သွားသည်။

'မဟုတ်ဘူးအမေ' မေးတော့မည့် မေးခွန်းကို ကျွန်မက တားရင်းပြောသည်။

'ကျွန်မ ကိုယ်ဝန်မရှိပါဘူး' ကျွန်မ ရယ်လိုက်မိသည်။

'အိုး… ဟုတ်ပြီ' သူမက ဖုန်းကိုချကာ နောက်ဘေးဘက်သို့ ဖွင့်ထားသော ပြတင်းပေါက်ဆီသို့ ပြေးသွားသည်။ သူမအဖေကို အော်ခေါ်နေသံ ကျွန်မကြားရသည်။

ကျွန်မအဖေက အမေရိကန်ပြည်ထောင်စု ရေတပ်တွင် နှစ်ဆယ်နှစ်နှစ်ကြာ ဂုဏ်ယူစွာဖြင့် အမှုထမ်းခဲ့သည်။ သူ့အဖေဘက်က ဦးလေးများ၏ ခြေရာကိုနင်း၍ ၁၉၄၀ လွန်နှစ်တွင် စစ်ထဲဝင်ခဲ့သည်။ သူ့ဦးလေးများက သူ့ထက် နှစ်နှစ်ဆယ်စော၍ စစ်ထဲဝင်ခဲ့သည်။ သူတို့အားလုံး ရေတပ်မိုလ်ချုပ်များ၏ အိမ်များတွင် အမှုထမ်းကာ ချက်ပြုတ်ကျွေး မွေး ညှိခံရေးမှူးများ ဖြစ်လာကြသည်။ သူထံသို့ ကျွန်မ၏ နေ့လယ် တယ်လီဖုန်းခေါ်ဆိုမှုတွင် သူထိုးဆွနေသော မြေကြီးများလက်တွင် ပေကျံလျက် ကျွန်မ၏အဖေသည် တယ်လီဖုန်းကို ကျစ်ကျစ်ဆုပ်ကာ သူ၏အိမ်မွေးခြံပေါက် ရေတပ်ဗိုလ်ချုပ်ကို တစ်လျှောက်လုံး သူ စောင့်ရှောက် မွေးမြူလိုက်သည်ကို နားထောင်သည်။ အမေနှင့်အဖေ ပါးပြင်များပေါ်တွင် ဝမ်းသာ၍ စီးကျလာသော မျက်ရည်များကို ကျွန်မ မြင်ယောင်သည်။ ကျွန်မ၏မိသားစုမှာ အမေရိကား သို့ ပြောင်းရွှေ့လာသော လူများ၏ သူတို့ မှုပိုင်အောင်မြင်မှု ဇာတ်လမ်းများ ရှိခဲ့သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ နေ့လယ်ခင်း ခဏတာ မေးစက်မှုကို ပြတ်တောက်သွားစေသော စိတ်လှုပ်ရှားမှုက ရှင်လန်းတက်ကြွသော ကောလိပ်ရှိ 'ဘုတ်အဖွဲ့' အစည်းအဝေးသို့ ပျံ့နှံ့ရောက်ရှိသွားပြီး နောက်ပိုင်းတွင် အမှတ်တရ 'ကော့တေး' ပါတီနှင့် ဒေသတွင်း စားသောက်ဆိုင် ညစာစားပွဲအထိ ပျံ့နှံ့သွားသည်။ သမ္မတဆိုင်ရာ စောင့်ရှောက်မှုသမိုင်းနှင့်ပတ်သက်၍ ကျွန်မက ဒေသခံ ဆရာဝန်များအသင်းကို လေးဆယ့်ငါးမိနစ်ကြာ ဟောပြောပို့ချသည်။ ကျွန်မသည် နှစ်ပေါင်းများစွာ တက္ကသိုလ်ဆေးဘက်ဆိုင်ရာဌာနများနှင့် ကမ္ဘာတစ်ဝန်းရှိ သမားတော်အုပ်စုများအား များစွာသောဟောပြောမှုများ လုပ်ခဲ့သည်။ သူတို့အားလုံးက သမ္မတအိမ်တော် ကုသမှုကို စိတ်ဝင်စားကြသည်။ အကယ်၍ ကျွန်မသည် ရာထူးတက်ပါက ကျွန်မသည်လည်း သမ္မတဆိုင်ရာ ဆေးရာဇဝင်၏ အစိတ်အပိုင်းဖြစ်လိမ့်မည်ကို ကျွန်မ စကားပြောနေစဉ်မှာ သဘောပေါက်သည်။ ပရိသတ်က ကျွန်မ ဟောပြောမှုကို လက်ခုပ်လက်ဝါးတီး အားပေးသောအခါ ထိုအုပ်စုနှင့် မိတ်ဆက်ပေးသော ဒစ်ချ် (Dick) ကျွန်မဆီသို့ ပြေးလာပြီး လက်ဆွဲနှုတ်ဆက်သည်။ ကျွန်မအတွက် အထူးလက်ဆောင်တစ်ခု သူ ယူလာသည်။ ငွေကြယ်တစ်ပွင့်။ ကြယ်တစ်ပွင့် ရေတပ်ဗိုလ်ချုပ်အတွက် အင်္ကျီကော်လာတွင် တပ်သောကြယ် ဖြစ်သည်။

'ဒါကို မင်း မကြာခင်လိုအပ်တော့မှာပါ'

မျက်ရည်များရွှဲနေသော မျက်လုံးဖြင့် 'ဒစ်ချ်'က ကျွန်မအား ကြယ်ကိုပေးရင်း ပြောသည်။

'ဒီပစ္စည်း အထူးသဖြင့် ရှင့်ဆီက လက်ခံယူရတာ ကျွန်မ ဂုဏ်သရေရှိပြီး ခံစားရပါတယ်'

ကျွန်မက သူ့ကို ကျေးဇူးတင်စကား ပြောလိုက်သည်။

ကျွန်မလက်ထဲတွင် ကြယ်ကိုဆုပ်ကိုင်ပြီး ကျွန်မ၏ ဘေးပတ်ပတ်လည်ရှိ လူအုပ်ထဲမှ ချီးကျူးဂုဏ်ပြုမှုကို ရရှိသောအခါ ကျွန်မ၏ နှလုံးအတွင်းတွင် နစ်မြုပ်ဝင်နေသော ခံစားမှုတစ်ခုကို ကျွန်မ ခံစားမိသည်။ ကျွန်မအား ရေတပ်ဗိုလ်ချုပ်ရာထူးပေးရန် ရာထားသည့်သတင်းကို အားပါးတရ ဖြစ်နေကြသည်တွင် ကျွန်မသည် ကျွန်မယောက်ျား 'ရစ်ချတ်' ကို ဖုန်းဆက်ပြောဖို့ မေ့နေပြီလား။ ဤရာထူးတက်ခြင်းအတွက် တခြားသူများကဲ့သို့ သူ့မှာလည်း တာဝန်ရှိသည်။ ကျွန်မကို လမ်းကြောင်းအတိုင်းနေရန် ခွင့်ပြုခဲ့သည့်အတွက်ဖြစ်၏။ သို့သော် သူသည် သတင်းကို မကြားဆိုဆုံးသူ ဖြစ်လိမ့်မည်။ ကျွန်မတို့မိသားစုအတွက် ဤကိစ္စကနေ ဖြစ်ပေါ်လာမည့် အရာကို သူသည် မလိုလားဆုံးသူ ဖြစ်လိမ့်မည်။

■

၁၉၉၇ ခုနှစ်၊ တိတ်ဆိတ်သော ဆောင်းဦးပေါက်၊ စနေ တနင်္ဂနွေ အားလပ်ရက်တစ်ခုတွင် ကြွေကျသော

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ကြက်သွေးရောင် သစ်ရွက်များအကြား အိမ်ရှေ့ကွက်လပ်ထဲတွင် ကျွန်မသားများက ဘောလုံးကစားနေစဉ် အချိန်ကြာကြာ မလုပ်ဘဲ ပစ်ထားသော အိမ်သန့်ရှင်းရေးကိုလုပ်ရန် ကျွန်မ ဆုံးဖြတ်သည်။ တံမြက်စည်း၊ ဂေါ်ပြားနှင့် ပလတ်စတစ် အမှိုက်ခြင်းကြီးတစ်ခုကို ဆွဲကာ ကျွန်မက မြေအောက်ခန်းထဲသို့ ဆင်းသွားသည်။ အလက်ဇန္ဒြီးယား (Alexandria) ရှိ ကျွန်မတို့၏ အညိုရောင်ကျောက်တုံးနှစ်ထပ်အိမ်၏ မြေအောက်ခန်းထဲတွင် လွန်ခဲ့သည့် ခုနစ်နှစ်ကျော် စုပုံနေသော တိုလီမုတ်စများကြားထဲမှ ကျွန်မတို့ စစ်မှုထမ်းမိသားစုဘဝ၏ ပစ္စည်းအစအနများကို ခွဲခြားကြည့်ရှုရန် ကျွန်မ စိတ်ထက်သန် နေသည်။

ကျွန်မက စဉ်းစားတွေးတောနေသည်။ ကျွန်မ၏ သန့်ရှင်းရေးအခမ်းအနားသည် အိမ်ထဲရှိ ပစ္စည်းများကို အမျိုးအစား ခွဲခြားသတ်မှတ်ပေးရန် ကျွန်မ လိုအပ်ချက်ကို ထင်ဟပ်ပေးရုံတင်သာမက ကျွန်မ၏ စိတ်ထဲတွင် စဉ်းစား တွေးတောနေသော အရာများကိုပါ အမျိုးအစား ခွဲခြားသတ်မှတ်ပေးဖို့ ကျွန်မ၏ လိုအပ်မှုကို ထင်ပြသည်။ ကျွန်မသည် အိမ်ဖြူတော်တွင် ၈ နှစ် အကြာနေခဲ့ပြီ။ ၂၀၀၁ ခုနှစ် ကလင်တန်က ရုံးမှထွက်သောအခါ ၈ နှစ်အတွင်းတွင် ကျွန်မ၏ တာဝန်က ပြီးဆုံးတော့မည်။ ကျွန်မက အိမ်၏ ဝမ်းဗိုက်အတွင်းသို့ ဆင်းလိုက်သောအခါ ကျွန်မကို ဆီးကြိုနှုတ်ဆက်နေသော သေတ္တာ အဟောင်း အပုံကြီးက ဤလွန်ခဲ့သည့် နှစ်အနည်းငယ်၏ စုပုံနေသော အဟောင်းအမြင်းများကို သင်္ကေတပြုသည်။ ကျွန်မလုပ်ဖို့ လိုအပ်သည်ကတော့ သေတ္တာတစ်ခုစီကို ယူ၊ ဖွင့် အထဲကပစ္စည်းကို စစ်ဆေးကြည့် ကာ သိမ်းထားရမလား လွှင့်ပစ်ရမလား ဆုံးဖြတ်ဖို့ပင် ဖြစ်သည်။ ထို့နောက်တွင် ကျွန်မ၏ အနာဂတ် ပိုမိုထင်ရှား ပြတ်သား လာကောင်းလာနိုင် သည်။

ကျွန်မ၏ ရေတပ်လုပ်ငန်းစဉ်တွင် ဤအချိန်သည် ပျော်စရာကောင်းသော အချိန်ဖြစ်သည်။ ရေတပ်ဗိုလ်ချုပ်ရာထူး အတွက် ကျွန်မကိုရာထားတာ အတည်ပြုလိုက်သည်။ ၂၀၀၂၊ ဇွန်လတွင် တရားဝင် အာဏာအပ်နှင်းရန် လုပ်ရိုးလုပ်စဉ် ရာထူးတက်မှုကို ကျွန်မ စောင့်နေသည်။ ကျွန်မကို အကြောင်းကြားသူက လွန်ခဲ့သောတစ်ပတ်က ကျွန်မကို ဖုန်းဆက် ချီးကျူးဂုဏ်ပြုသည်။

'ဒီတော့ ခင်ဗျား နောက်တစ်ခါ ဘယ်နေရာကို သွားချင်သလဲ' ကျွန်မကို နောက်စစ်ဘက်တာဝန် ချထား တာဝန်ရှိသော ရေတပ်ကပ္ပတိန်က မေးသည်။

'ရှင်က ကျွန်မကို မေးနေတာလား' ကျွန်မက မေးလိုက်သည်။ 'ဒါပထမဆုံးအကြိမ် ကျွန်မ အမေးခံရ ကျွန်မက ကြည်နူးစွာ အံ့သြလျက် ပြောလိုက်သည်။

'ခင်ဗျားဟာ အိမ်ဖြူတော်ဆရာဝန်ရော၊ ရေတပ်ဗိုလ်ချုပ်အဖြစ် ရွေးချယ်ခံရသူရော နှစ်ခုစလုံး တစ်ပြိုင်နက်တည်း



www.burmeseclassic.com

www.burmeseclassic.com



အရင်က မဖြစ်ခဲ့ဖူးဘူး' ကျွန်မ၏ အကြောင်းကြားသူက ပြောသည်။

'ကျေးဇူးပြုပြီး ဒီကိစ္စကို အသာထားပါဦး။ ကျွန်မက ရေတပ်မှာ နေရမှာလား မနေရမှာလား မသိဘူး'

လျှို့ဝှက်ချက်များကို ကြားလေ့ရှိပြီး၊ ထိန်းသိမ်းလေ့ရှိသူကို ကျွန်မက ဝန်ခံပြောကြားလိုက်သည်။

''ကလင်တန်ရုံးကနေ ထွက်ခွာရင် ကျွန်မက ကိုးနှစ်ကနေ နှစ်နှစ်တာဝန်ထဲ ဝင်တော့မယ်။ သတ်ကွင်း (Kill Zone) ထဲမှာ ကျွန်မက အကြာကြီး လုပ်ရှားတက်ကြွတဲ့ တာဝန်ကို ထမ်းဆောင်တာ ကျွန်မ နှစ်ဆယ့်လေးနှစ်ကျော်ပြီ။ ကျွန်မ လိုချင်တာကတော့ အနားယူဖို့ ကောင်းမွန်တဲ့ အနှစ်နှစ်ဆယ် ဖြစ်ပါတယ်''

'ဒါပေမဲ့ ရေတပ်က ခင်ဗျားကို ဆက်ပြီးနေစေချင်တယ်။ ခင်ဗျား စိတ်ဝင်စားနိုင်တဲ့၊ ရွေးထားတဲ့ တာဝန်တစ်ခု ကျွန်တော့်မှာရှိတယ်။ ပစိဖိတ်သင်္ဘောအုပ်စုရဲ့ တပ်ဖွဲ့ဆရာဝန် (Force Surgeon)'

ထိုနေရာကို ကျွန်မ ကောင်းကောင်းသိသည်။ အလံဆောင်အရာရှိ (Flag officer) များအကြားတွင် အိပ်မက် တာဝန်အဖြစ် ယူဆကြသောနေရာ ဖြစ်သည်။ 'ဟာဝိုင်ယီ'ကျွန်း 'မကာလပါ' (Makalapa) တွင် ဌာနချုပ်ထားရှိလျက် ယင်းသည် ရေတပ်မှပေါက်ဖွားသူတစ်ဦးအနေနှင့် ကျွန်မ ကြီးပြင်းရသော စစ်တပ်အိမ်ရာစခန်းနှင့် သိပ်မဝေးသောနေရာ တွင် ရှိသည်။ တပ်ဖွဲ့ဆရာဝန်အနေနှင့် ပစိဖိတ်သင်္ဘောအုပ်စု၏ သင်္ဘောများပေါ်ရှိ ဆေးဘက်ဆိုင်ရာဌာနများ အားလုံးကို ကျွန်မက တာဝန်ခံအုပ်ချုပ်ရမည်။ ယင်းမှာ ကျွန်မအတွက် အိပ်မက်အလုပ်ဖြစ်ပါသည်။ အကြောင်းမှာ ကျွန်မသည် ရေတပ်စစ်ဆင်ရေးဆိုင်ရာဘက်ကို အမြဲနှစ်သက်သောကြောင့် ဖြစ်သည်။ ထိုအကြောင်းကို တွေးရင်း ကျွန်မ သွားရည် ကျမိသည်။ အိမ်ဖြူတော်တွင် နှစ်နှစ်တာကာလ အချိန်ကလေး တာဝန်ထမ်းဆောင်ပြီးနောက် 'စင်ဒီရယ်ဂို' (San Dirgo) သို့ ကျွန်မ ပြန်လာမည်ဟု ကျွန်မက ရစ်ချတ်နှင့် ကလေးများကို ကတိပေးခဲ့သည်။ သို့သော် ကျွန်မ ကတိပျက်ခဲ့ပြီး နောက်ထပ် တိုးနေထိုင်မှုတွင် နောက်ဆက်တွဲကိစ္စများ ပါလာသည်။ 'ကလင်တန်'၏ မိခင်ကိုတော့ ကျွန်မ၏ကတိကို ဝုဏ်ပြုပေးအပ် ခဲ့သည်။ ယခု ကျွန်မ၏မိသားစုအတွက် ထိုသို့လုပ်ရန် အချိန်ရောက်ပေပြီ။

'ဒီကိစ္စကို ကျွန်မ စဉ်းစားပါရစေဦး'

စိတ်ထက်သန်နေသော အကြောင်းကြားသူကို ကျွန်မက ပြောလိုက်သည်။ အရွေးခံရသော သမ္မတရှေ့ဒဗလျူ ဘွတ်ရှ် (Georg W Bush) က ကျွန်မအား သူ၏သက်တမ်းစပါက အိမ်ဖြူတော်တွင် ဆေးအဖွဲ့ဝင် ပါဝင်မည်လား ဟု မေးထားကြောင်း ကျွန်မ သူ့ကိုမပြောပေ။ ကျွန်မ အလေးအနက် စဉ်းစားနေသော အရပ်ဘက်အလုပ်တစ်ခု အကြောင်း ကိုလည်း သူ့ကို အသိမပေးပေ။ ဒီစီ (DC) ရှိ ဂျော့ဝါရှင်တန်တက္ကသိုလ် ဆေးဘက်ဆိုင်ရာ ဗဟိုဌာန (George Washington University Medical Center) တွင် ဝါရင့်ခေါင်းဆောင်မှုကို ကျွန်မသည် သီးခြားသပ်သပ် ရှာဖွေနေ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သည်။ အလုပ်အမှုဆောင် ဆေးအတွက် ဗဟိုဌာနတစ်ခုလုပ်ရန် စိတ်ကူးဖြစ်သည်။ ကျွန်မ၏ အစီအစဉ်မှာ အလုပ်အမှုဆောင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အိမ်ဖြူတော်တွင် ကျွန်မ လုပ်ဆောင်ခဲ့သည်ကို နမူနာယူပြီးနောက် ကမ္ဘာ့အဆင့်အတန်း ထောက်ပံ့ကူညီမှုကို ဖန်တီးရန်ဖြစ်သည်။ အိမ်ဖြူတော်မှ ကျွန်မ၏ အုပ်ချုပ်ရေးမှူးဟောင်းအဖွဲ့ 'ဘီလ်မက်ဂီး' (Bill Mcgee) နှင့် ကျွန်မက ဤအစီအစဉ်ကို တက္ကသိုလ်၏ ဒုတိယဥက္ကဋ္ဌအား ပြောကြည့်သည်။ ဖြစ်နိုင်သည့် လက္ခဏာရှိသည်။

'ခင်ဗျားရဲ့ ပြဿနာကတော့ ခင်ဗျားမှာ ရွေးချယ်စရာတွေ အရမ်းရှိနေခြင်းပဲ ဖြစ်ပါတယ်' အကြောင်းကြား သူက စကားကို လက်စသတ်ရင်း တည်တည်ငြိမ်ငြိမ်နှင့် ပြောလိုက်သည်။

'ရှင်ပြောတာ မှန်နိုင်ပါတယ် ကပ္ပတိန်' ကျွန်မက ဝန်ခံသည်။ တစ်ခါတလေ အကောင်းဆုံးရွေးချယ်မှုကတော့ လုံးဝ ဘာမှမရွေးတာပါဘဲ'

မြေအောက်ခန်းထဲရှိ သေတ္တာများကို ရှင်းလင်းရန် ကျွန်မ ပြင်ဆင်လိုက်သောအခါ မြေအောက်ခန်း၏ တစ်ဖက်ရှိ 'ရစ်ချတ်' ၏ ရုံးခန်းကို ကျွန်မ ငုံ့ကြည့်မိသည်။ ယင်းက စင်ဒီရယ်ဂို (San Diego) ရှိ သူ ပျော်ရွှင်နှစ်သက်သော သူ၏ဥပဒေရုံးခန်းနှင့် အလှမ်းကွာဝေးသည်။ သူ၏ ဥပဒေရုံးခန်းက ဆိပ်ကမ်းနှင့်မြို့၏ အလွန်လှပသည့် ရှုခင်းများဟုဆို သည့် 'မြ' ပုံစံ အဆောက်အအုံ၏ထိပ်ဖျားတွင် တည်ရှိသည်။ မြေအောက်ခန်းက အလင်းရောင်မှိန်မှိန်နှင့် အမြဲစိုစွတ်၍ အေးစက်နေ သည်။ အထဲတွင် မည်သည့်အခါမှ အသုံးမပြုသော မီးလင်းဖို ရှိသည်။ အခန်း၏ထောင့်တွင် ဒက်စတော့ ကွန်ပျူတာ (Desktop Computer)၊ ပရင်တာ (Printer)၊ ဖက်မရှင်း (Fan Machine)နှင့်အတူ အလုပ်လုပ်သောနေရာ ရှိသည်။ စားပွဲပေါ် စာရွက်ပုံများအောက် ပြုတ်နေသောနေရာ တစ်နေရာရာတွင် တယ်လီဖုန်းရှိသည်။ သည်နေ့ 'ရစ်ချတ်' သည် စားပွဲတွင်ထိုင်၍ စာရိုက်မနေပါ။ ကြိုတောင့်ကြိုခဲ ကျွန်မ အိမ်ကိုပြန်လာသောအချိန်ကို အခွင့်ကောင်းယူ၍ သုတေသနလုပ်ရန် ဥပဒေစာကြည့်တိုက်သို့ သူ သွားသည်။ ကျွန်မ အိမ်မှာရှိသောအခါ သူ ထွက်သွားသည်။

အိမ်ဖြူတော်ရှိ ကျွန်မရုံးခန်း၏ သမိုင်းဝင်အဆင့်အတန်း ဂုဏ်သိက္ခာနှင့် နှိုင်းယှဉ်ကြည့်သောအခါ မြေအောက်ခန်းရှိ 'ရစ်ချတ်'၏ ထောင့်နေရာက ငရဲဘုံလိုဖြစ်နေသည်။ အိမ်ဖြူတော်စင်မြင့်ရှိ ကျွန်မ၏အချိန်ကို သူ သည်းခံနေသောအချိန်တွင် သူ၏ပိတ်လှောင်မှုနှင့် 'အိမ်တွင်အကြံပေး' အနေအထားသည် နာကျင်စရာကောင်းသော၊ ကျေနပ်ဖွယ်ရာမကောင်းသော အရာဖြစ်ပါသည်။ ကျွန်မ၏ ယောကျ်ားအတွက် ကျွန်မ၏ အိမ်ဖြူတော်နှစ်များသည် ပျော်ရွှင်စရာမကောင်းပါ။ ကျွန်မ ရရှိသော အောင်မြင်မှုတိုင်းနှင့် အသိအမှတ်ပြုမှုတိုင်းအတွက် သူသည် ကျွန်မ၏ဘေးတွင် ထောက်ခံအားပေးလျက် သို့သော် ကြိတ်မှိတ်ခံစား၍ ငြိမ်သက်စွာပြုံးနေလေ့ရှိသည်။ တချို့သောအဆင့်တွင် ဒါကို ကျွန်မခံစားမိသည်။ သို့သော် အသေးစိတ်တော့မဟုတ်ပေ။ နောင်နှစ်ပေါင်းများစွာကြာမှ သူ၏နာကျင်မှုကို ကျွန်မ အသိအမှတ်ပြုမိလာသည်။ ထိုအချိန်တွင်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အလွန့်အလွန် နောက်ကျသွားခဲ့ပြီး ဖြစ်၏။

ကျွန်မ 'ရစ်ချတ်'အကြောင်းကို တွေးတောနေစဉ် ရှင်းလင်းဖယ်ရှားလိုသော တစ်စုံတစ်ခုကို ကျွန်မ တွေ့လိုက်သည်။ သေတ္တာများကို ကျွန်မ တူးဖော်ကြည့်သောအခါ အမှတ်တရ ပစ္စည်းဟောင်းတစ်ခုကို အဆင်သင့်စွာဖြင့် ကျွန်မ တွေ့လိုက်မိသည်။ ကျွန်မ သင်္ဘောပေါ်တွင် ရှိနေစဉ်ကာလက ဆေးဝန်ထမ်းများက ကျွန်မကိုပေးသော သစ်သားပြားတစ်ခု ဖြစ်သည်။ ထိုသစ်သားပြားပေါ်တွင် စာရေးထားသည်။

'ဦးဆောင်ပါ၊ နောက်ကလိုက်ပါ၊ ဒါမှမဟုတ် ထွက်သွားပါ'

(Lead, Follow or Get out of the way)

'Prairir' သင်္ဘောပေါ်ရှိ ကျွန်မရုံးခန်းထဲတွင် ထိုသစ်သားပြားကို ချိတ်ဆွဲထားလေ့ ရှိသည်။ ထိုသစ်သားပြားကို ကျွန်မကိုပေးသည့်အခါ 'ရစ်ချတ်'က အပေါ်တွင် ရေးထားသောစာကိုဖတ်ပြီး မထိမဲ့မြင်ဖြင့် နှာခေါင်းရှုံ့သည်။

'ထွက်သွား'ဆိုသောစာသားကို သူက မခံမရပ်နိုင်စွာဖြင့် တုံ့ပြန်သည်။

'အဲဒါက ငါ့ကို ရည်ညွှန်းတာလား'

သူက ထိုရည်ညွှန်းချက်ကို နာကြည်းသည်။ စာသားကို ကျွန်မက တာဝန်ယူသော သဘောထားဖြင့် နားလည်သည်။ ကျောင်းမှာ၊ အလုပ်မှာနှင့် ကျွန်မတို့၏ ဆက်ဆံရေးမှာပင်လျှင် ကျွန်မသည် အမြဲခေါင်းဆောင် ဖြစ်နေသည်။ သို့သော် 'ရစ်ချတ်'က ဘယ်လိုလဲ၊ သူက ကျွန်မ၏ အပေါင်းအဖော်လား၊ ဒါမှမဟုတ် နောက်လိုက်လား၊ ဒါမှမဟုတ် ကျွန်မ နှစ်ပေါင်းများစွာ ခံစားလာခဲ့ပြီး ကျွန်မကြောက်သော 'ကန့်လန့်လား'

ကျွန်မက သစ်သားပြားကို အမှိုက်ခြင်းထဲသို့ ပစ်ထည့်လိုက်သည်။

ရွေးချယ်မှုတွေက အများကြီး၊ လျှောက်စရာလမ်းတွေက အများကြီး။ သေတ္တာများကိုဖွင့်၊ စက္ကူဟောင်းများ၊ ကလေးကစားစရာ အကျိုးအပဲ့များ၊ နေ့စွဲလွန် အဝတ်အစားအဟောင်းများကို ကျွန်မက ပစ်ချနေစဉ် စဉ်းစားသည်။ အိမ်ဖြူတော်ရှိ ကျွန်မ၏အလုပ်ကို ကျွန်မချစ်သည်။ သို့သော် ပင်ပန်းနေပြီး ကျွန်မထွက်ခွာဖို့ လိုအပ်နေပြီကို ကျွန်မသိသည်။ ကျွန်မ ဘာလုပ်မည်လဲ။ ရေတပ်တွင် ရေတပ်ဗိုလ်ချုပ်၊ တပ်ဖွဲ့ဆရာဝန် ဖြစ်လာပြီးနောက် အလံဆောင်အရာရှိတစ်ခုသို့ ကူးပြောင်းသွားသည်။ ဤသို့ဖြင့် ကျွန်မရေတပ်မှာ ဆက်နေနိုင်သည်။ သို့သော် ယင်းမှာ 'ရစ်ချတ်' အလုပ်၏ သေဆုံးခြင်း ဖြစ်လိမ့်မည်။ ကျွန်မတို့ပြောင်းရွှေ့ရာ မည်သည့်ပြည်နယ်တွင်မဆို သူသည် အရက်ဆိုင်တွင် ဝင်၍ထိုင်နေရလိမ့်မည်။ ကျွန်မတို့ကလေးတွေကရော ဘယ်လိုလဲ၊ ကျွန်မကိုယ်ကျွန်မ မေးကြည့်သည်။ သူတို့အတွက် အိမ်က ဘယ်မှာလဲ။ ကျွန်မတစ်ဘဝလုံး ရေတပ်အဆွယ်အပွား ဖြစ်ခဲ့ရသောကြောင့် ရွှေ့ရပြောင်းရသည်ကို ကျွန်မကြိုက်သည်။ ရေတပ်က

The bookhouse we bring you future

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ မိသားစုကို စေလွှတ်သောနေရာသည် အိမ်ဖြစ်သည်။ သို့သော် ကျွန်မ၏သားများက ထိုသို့မဟုတ်ပေ။ သူတို့က 'စင်ဒီရယ်ဂို' (San Diego)ရှိ အဘိုးအဘွားများနှင့် ဆွေမျိုးများကို လွမ်းဆွတ်ကြသည်။ ကျွန်မတို့၏ 'ဗာဂျီးနီးယား'ရှိ အိမ်ကို သူတို့က ယာယီတည်းခိုသောနေရာဟု သဘောထားကြသည်။ သူတို့မှာ အိမ်တစ်လုံးလိုသည်။ အရာအားလုံးတို့အနက် သူတို့မှာ အဖေလိုသည်။ ယင်းကို ကျွန်မက နောက်ဖွင့်မည့်သေတ္တာတွင် တွေ့ရတော့သည်။

'ကလေးများ၏ပစ္စည်း' ဆိုသော စကားလုံးများကို 'ရစ်ချတ်' က သေတ္တာ၏ရှေ့တွင် လက်ရေးဆက်ဖြင့် ရေးထားသည်။ သေတ္တာထဲတွင် 'မွန်တက်ဆိုရီ' (Montrssori) ကျောင်းမှ ကလေးများ၏ ပထမလေးနှစ်စာအတွက် စာအုပ်တစ်ထပ်ကြီး ရှိသည်။ စာမျက်နှာ တစ်ရွက်ချင်းပေါ်တွင်ရှိ ကလေးများ၏ စာရေးတတ်ခါစ လက်ရေးများကို ကျွန်မက နှစ်သက်အားရစွာကြည့်ရင်း စာအုပ်တစ်အုပ်ချင်းကို လှန်ကြည့်သည်။ ဒါတွေကို သိမ်းထားလို့ မဖြစ်ဟု ကျွန်မတွေးမိသည်။ စာအုပ်တစ်အုပ်စီကို အမှိုက်ခြင်းထဲသို့ အသာအယာ ထည့်လိုက်သည်။ ကလေးများက ဒါတွေကို နောက်တစ်ခါ ပြန်ရှာလိမ့်မည် မဟုတ်ပေ။ 'ဂျေဆန်၏မှတ်တမ်း' ဟူသော ခေါင်းစဉ်ငယ်လေးကို မြင်လိုက်သောအခါ ကျွန်မက ထိုမှတ်စုစာအုပ်လေးကို ယမ်း၍ပစ်လိုက်တော့မလို လုပ်နေချိန်ဖြစ်သည်။ စာအုပ်ဖုံးအတွင်းပိုင်းရှိ နေ့စွဲအရ ဤဒိုင်ယာရီရေးသည့်အချိန်တွင် 'ဂျေဆန်' သည် ရှစ်နှစ်သားအရွယ် ဖြစ်သည်။ ခရစ္စမတ်အတွက် 'စင်ဒီရယ်ဂို' (San Dirgo) သို့ ကျွန်မတို့ သွားခဲ့ကြသည့် ခရီးအကြောင်းနှင့် သူရခဲ့သော လက်ဆောင်များအကြောင်း ရေးထားသည်ကို ကျွန်မဖတ်၍ ပြုံးမိသည်။ သို့သော် သူ့မှတ်တမ်း၏ နောက်ဆုံးတွင် ရေးထားသည်ကို ဖတ်ရသောအခါ ကျွန်မအပြုံးများက လွင့်ပြယ်သွားသည်။

'ဒီအပတ် အမေ နောက်ခရီးတစ်ခု ထွက်သွားပြန်ပြီ။ အိမ်မှာမှောင်မည်း၍ ဝမ်းနည်းစရာဖြစ်သည်။ သူ့မအဝေးသို့ ထွက်သွားသောအခါ သူမက သေသလို ဖြစ်သွားသည်' ကျွန်မလက်များ တုန်ခါလျက် စာအုပ်ကို ကျွန်မပိတ်လိုက်သည်။ ရင်ဝကို ဓားနှင့်ထိုးထားသလို ခံစားရသည်။ ကျွန်မယောကျ်ားနှင့် ကလေးနှစ်ယောက်အတွက် ကျွန်မသည် အချိန်တော်တော်ကြာကပင် သေသွားခဲ့ပြီ ဖြစ်သည်။ ထိုအချိန်တွင် ကျွန်မဆုံးဖြတ်ချက် ချလိုက်သည်။ ကလင်တန်နှင့် တာဝန်ခမ်း ပြီးသွားသည့်အချိန်တွင် ကျွန်မစစ်တပ်မှထွက်ဖို့ အချိန်ကျပြီ။ ကျွန်မ သေမသွားသေးပါ။ မိသားစုအတွက် ကျွန်မ ပြန်ရှင်သန်ဖို့လိုသည်။ နောက်ဆုံးတွင် ကျွန်မဘဝကို အသစ်တစ်ဖန် ပြန်စရန်လိုသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၁၇
## ကြယ်တစ်ပွင့် ပွန်းပဲ့ခြင်း-၁

ဂျော့ပီအေဟီလီ (George P A Healy)၏ အေဘရာ ဟင်လင်ကွန်း (Abraham Lincoln)ပုံတူကားချပ်ကို အိမ်ဖြူတော်၏ နိုင်ငံတော် ထမင်းစားခန်းရှိ ဆင်စွယ်ရောင် စကျင်ကျောက်သား စင်မြင့်၏ အထက်တွင် ချိတ်ဆွဲထားသည်။ အမေရိကန်ပြည်ထောင်စု၏ ဆယ့်ခြောက်ကြိမ်မြောက် သမ္မတ၊ သူ၏သိသာထင်ရှားသော မေးစေ့ကို လက်ဝါးထဲတွင်ထည့်ကာ ရှေ့သို့ငိုက်လျက် ထိုင်နေသည်။ သူ့မျက်နှာပေါ်ရှိ အသွင်အပြင်က စဉ်းစားဆင်ခြင်နေကာ တည်ငြိမ်အေးချမ်းနေသလိုပင်။

နိုင်ငံတော် ထမင်းစားခန်းသည် အိမ်ဖြူတော်တွင် ကျွန်မ၏ အနှစ်သက်ဆုံး အခန်းဖြစ်သည်။ ယင်းသည် အစားအသောက်နှင့် အထိမ်းအမှတ် ကျင်းပရာ နေရာဖြစ်သည်။ ဘုရင်များနှင့် မိဖုရားများကို အလျှံအပယ် ဖျော်ဖြေသောနေရာ၊ ဧည့်သည်များကို ရက်ရက်ရောရော ပြုစုကျွေးမွေးသောနေရာ ဖြစ်သည်။ (ပုစွန်တုပ်ကြီး လည်ပင်းတွေ နင်နေသူအား) ကျွန်မ၏ပထမဆုံးသော heimlich) လှုပ်ရှားမှုကို လုပ်ဆောင်ခဲ့ရာ နေရာဖြစ်သည်။ ယင်းသည် ရေတပ်ဖိလစ်ပိုင် ချက်ပြုတ်ကျွေးမွေးရေးများ၏ မျိုးဆက်များက သမ္မတနှင့် သူ၏ ဧည့်သည်တော်များကို ဝန်ဆောင်မှုပေးရာ နေရာလည်းဖြစ်သည်။ ကျွန်မ၏ ရေတပ်ဗိုလ်ချုပ် ရာထူးတိုးမြှင့်မှု အခမ်းအနား အချိန်အခါသို့ ရောက်လာသောအခါ ကျွန်မ၏ အရင်ဦးလေး၏ ဦးလေးများနှင့် ကျွန်မ၏အဖေမှ ပေါက်ဖွားလာသော ကျွန်မ၏ မီးဖိုချောင် ဇာစ်မြစ်ကို ကျွန်မဂုဏ်ပြုသည်။ သူတို့က ထမင်းစားဆောင်များနှင့် စားသောက်ခန်းမများတွင် သူတို့၏ လုပ်ငန်းတစ်လျှောက်လုံး တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ရေတပ်ချက်ပြုတ်ကျွေးမွေး ဧည့်ခံရေးမှူး၏ သမီးဖြစ်သူ ကျွန်မသည် တိုင်းပြည်၏



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော် ထမင်းစားခန်းမတွင် ရာထူးတိုးမြှင့်ခြင်း ခံရတော့မည်။

မီးလင်းဖို၏ရှေ့တွင် ထိုနံနက်က ပြင်ဆင်ထားသော ဆင်မြင့်ပေါ်၌ ကျွန်မ မတ်တတ်ရပ်သောအခါ ကျွန်မက 'လင်ကွန်း'၏ ပုံတူကားချပ်ကို မော့ကြည့်သည်။ သူ့မျက်လုံးများက ကျွန်မကို ငုံ့ကြည့်နေသလို ကျွန်မ ခံစားရသည်။ ကျွန်မသည် ကျွန်ဘဝမှ လွတ်မြောက်စေသူ ပုဂ္ဂိုလ်ကြီးကို ပြုံးပြုံးကာ 'ရိုးသားဖြောင့်မတ်သော' အေဘရာဟင်လင်ကွန်းသည် ဖြစ်ပေါ်လာမည့် အခမ်းအနားကို နှစ်သက်လက်ခံလိမ့်မည်ဟု စိတ်ကူးကြည့်မိပါသည်။

၂၀၀၀ခုနှစ်၊ ဇူလိုင်လ ၂၆ရက် ကျွန်မကို ရေတပ်ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့်ပေးရန် ဖြစ်သည်။ ဤဂုဏ်ပြုမှုနှင့်အတူ အချက်နှစ်ချက်ရှိသည်။ တစ်ချက်မှာ ပထမဆုံး အာရှ-အမေရိကန် ကပြားဖြစ်နေခြင်းနှင့် ယူနီဖောင်းဆားဗစ်ဆေးတက္ကသိုလ် (Uniformel Services University School of Medicine) မှ ဘွဲ့ရတစ်ဦးက အလံဆောင်အရာရှိ (Flag Officer) ဖြစ်လာခြင်း ဖြစ်သည်။ 'ဆီးနိပ်'က ကျွန်မ၏ ရာထူးချက်ကို အတည်ပြုသောအခါ ဤအချက်များကို ကျွန်မသိအောင် ပြောပြကြသည်။ သို့သော် ကျွန်မက ဤအချက်များကို ခေါင်းထဲသို့ မထည့်ချင်ပါ။ ကျွန်မ၏ ရာထူးတက်မှုများ လွယ်လွယ်ကူကူတော့ ဖြစ်မလာပါ။ အိမ်ဖြူတော်ရှိ ကျွန်မ၏လူများ၊ စစ်ရုံး၊ ဆေးနှင့်ခွဲစိပ်မှု၏ ရေတပ်ဗြူရို (Navy Burean of Meticine and Surgery) တို့၏ ထောက်ခံမှုနှင့် နောက်ဆုံးသ မ္မတကလင်တန်၏ သဘောတူထောက်ခံမှုကြောင့် ဖြစ်လာခြင်း ဖြစ်သည်။ ဤဂုဏ်ပြုမှုက ကျွန်မအား ထိခိုက်ခံစား၍ နှိပ်ချစေပါသည်။ ကျွန်မမှာ ကျေးဇူးတင် အသိအမှတ်ပြုရန် လူများစွာ ရှိပါသည်။ ဤရာထူးတိုးမြှင့်ခြင်းသည် ကျွန်မထက် သူတို့ကို ပို၍ဂုဏ်ပြုဖို့အကြောင်း ဖြစ်ပါသည်။

သမ္မတကလင်တန်နှင့် သမ္မတကတော်တို့က စင်မြင့်ပေါ်တက်ကာ ကျွန်မကို ပွေ့ဖက်၍ ဂုဏ်ပြုကြပါသည်။ ထို့နောက် သူတို့က စင်မြင့်၏နောက်တွင် နေရာယူကြသည်။ သူတို့သည် ထိုနေ့၏ အရင်ညက ခရီးစဉ်မှ နောက်ကျ၍ ပြန်လာခဲ့ကြကာ မျက်လုံးများ အစ်နေသည်။ ထိုနေ့နံနက်က သူတို့ အိပ်နေခဲ့စေချင်ပါသည်။ သို့သော် အခမ်းအနားကို မတက်ဖြစ်ဘဲ ကျွန်မမိသားစုနှင့် မတွေ့ရမည်ကိုလည်း စိုးရိမ်သည်။

ကျွန်မ၏မိဘများနှင့် မောင်ညီမတို့က 'စင်ဒီရယ်ဂို' (San Diego)မှ အရင်နေ့ကတည်းက ရောက်နေခဲ့သည်။ ကျွန်မ၏အဖေ အိန်ဂျယ် (Angle)က ပိုလီစတားဝတ်စုံအသစ်ကို ဝတ်ကာ စင်မြင့်၏ရှေ့တွင် စိုးရိမ်ထိတ်လန့်စွာ မတ်တတ်ရပ်နေသည်။ သူက အရေးကြီးသော ပုဂ္ဂိုလ်များကို လုပ်ကိုင်ဆောင်ရွက်ပေးနေကြ ဖြစ်သည်။ သို့သော် မီးဖိုချောင်ထဲ၌ စင်မြင့်နောက်တွင် လုပ်ကိုင်ပေးလျက်၊ သို့မဟုတ် ဝန်ထမ်းများကို စီမံခန့်ခွဲလက် အလုပ်လုပ်နေကျဖြစ်သည်။ သူကိုယ်၌ အာရုံစိုက်နေသော စင်မြင့်ရှေ့တွင် ရှိနေခြင်းကို သူ အနေရအထိုင်ရခက်သည်။ သူနှင့်အမေ့ကို ကျွန်မ ကြည့်သောအခါ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သူ စိုးရိမ်ထိတ်လန့်မှုကို ကျွန်မ ခံစားမိသည်။ ဤအခမ်းအနားတွင် ပါဝင်လှုပ်ရှားမည့်အစား အခမ်းအနားတွင် သူက ကော်ဖီပန်းကန်များ လိုက်ချပေးချင်သည်။ ထိုစိတ်ရင်းကို ကျွန်မ နားလည်သည်။ ကျွန်မက အဖေ့သမီးဖြစ်သည်။ ကျွန်မက စင်မြင့်ပေါ်က ကြယ်ပွင့်ထက် မှောင်ရိပ်ထဲမှ ဆရာဝန်သာဖြစ်ချင်သည်။ သို့သော် ယခုအချိန်အခါက ကျွန်မ၏ အချိန်အခါ ဖြစ်သည်။ ဖြစ်နေသောအရာအားလုံး အိပ်မက်ဆန်ဆန်ဖြစ်နေသည်ဟူသော အသိဖြင့် ထုံကျဉ်နေလျက် သည့်အဖြစ်အပျက်ကို ကျွန်မ လက်ခံသည်။

ကျွန်မ၏အမေ လော့ဒ် (Lourdes)က ဖျင်စနှစ်စ ဝတ်စုံအသစ်ကို ဝတ်လျက် ကျွန်မအဖေ၏ဘေးတွင် မတ်တတ်ရပ်နေသည်။ ထိုနေ့နံနက်က ခါးနာနေသည်။ အကြာကြီး မတ်တတ်မရပ်နိုင်ပေ။ သို့သော် ကုလားထိုင်ပေါ်တွင် ထိုင်ရန် အမေ ငြင်းဆိုသည်။ ခေါင်းမာသောအမေသည် လူတကာမတ်တတ်ရပ်နေစဉ်တွင် ငြိမ်သက်စွာ ဒုက္ခခံ၍ မတ်တတ်ရပ်နေချင်သည်။ သူမ၏ သံမဏိရောင်တောက်နေသည့် စိတ်ပိုင်းဖြတ်မှုထဲတွင် ကျွန်မကိုယ်ကျွန်မ မြင်ရသည်။ ကျွန်မ၏မောင် 'အိန်ဂျယ်ဂျူနီယာ' (Angle JR)နှင့် ကျွန်မ၏ညီမ 'လော်ရီ' (Lorie)တို့က ကျွန်မမိဘများ၏ဘေးတွင် ငြိမ်သက်စွာ မတ်တတ်ရပ်နေကြသည်။ ကျွန်မက ကျွန်မမိဘများ၏ ရုပ်ပိုင်းဆိုင်ရာ ခံနိုင်ရည်နှင့် အနေကျဉ်းကျပ်မှုကို စိုးရိမ်ပူပန်နေကြောင်း ကျွန်မ သိသည်။ လာကြမည့် ဧည့်သည်များစာရင်းကို ကျွန်မတို့ စကားပြောကြသောအခါ ကျွန်မအဖေက ထိတ်လန့်စွာဖြင့် မှတ်ချက်ချသလို၊ အရေးကြီးသော လူဖြစ်များနှင့် ပြည့်နေသောအခန်းထဲမှ ထွက်ပြေးချင်သော ခံစားမှုကို သူတို့ခံစားနေကြသည်။

'ရစ်ချတ်' 'အင်ဒရူး' နှင့် 'ဂျေဆန်' တို့က စင်မြင့်၏ဘေး ကျွန်မမိသားစုများအနီးတွင် နေရာယူထားကြသည်။ သူတို့၏ ပတ်ပတ်လည်တွင် ရင်းနှီးသောမိတ်ဆွေ ငါးဆယ်နှင့် ကျွန်မ အလုပ်လုပ်စဉ်တစ်လျှောက် သိခဲ့သော ရေတပ်မှ အပေါင်းအသင်းများရှိသည်။ USS Prairir သင်္ဘောပေါ်တွင် ကျွန်မ အလုပ်လုပ်ခဲ့စဉ်က ကျွန်မမိတ်ဆွေ တပ်ဖွဲ့ဟောင်းနှစ်ယောက်နှင့် အိမ်ဖြူတော်သူနာပြုဟောင်းကို လူအုပ်ထဲတွင် မြင်လိုက်ရ၍ ကျွန်မ စိတ်လှုပ်ရှားသွားသည်။ အိမ်ဖြူတော်သူနာပြုဟောင်းမှာ ယခု အိုကီနာဝါ (Okinawa)တွင် အခြေစိုက်နေထိုင်ပြီး ဤနေရာသို့ရောက်သော ကမ္ဘာတစ်ဝက်လေယာဉ်ခရီး စီးခဲ့ရသည်။ ကျွန်မ၏အကြီးအကဲ ဆရာများစွာက ပရိသတ်ထဲတွင် ရှိသည်။ ယင်းတို့ထဲတွင် ၁၉၉၁ခုနှစ်က ကျွန်မကို အိမ်ဖြူတော်ဆရာဝန်အဖြစ် ရာထားပေးခဲ့သော ကပ္ပတိန် ဂျွန်မီတပ်စ် (Captain John Mitas)လည်း ပါသည်။ ယနေ့ ကျွန်မကို ရေတပ်ဗိုလ်ချုပ်အဆင့်သို့ ရာထူးတိုးမြှင့်ခြင်းသည် ကျွန်မ ရေတပ်မှထွက်ခွာရန် စီစဉ်နေသောအချိန်တွင် ချသော ထိုဆုံးဖြတ်ချက်ကို အတည်ဖြစ်သွားစေသည်။

စင်ဒီရယ်ဂို (San Diego)တွင် ကျွန်မနှင့်အတူ အလုပ်သင်ဘဝနှင့် အတူနေခဲ့သော ကျွန်မ၏မိတ်ဆွေဟောင်း

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ကပ္ပတိန် ဖရင့်မက်ဖွဲယား (Captain Frank Maguire)က ယခု Brthesda ရေတပ်ဆေးရုံတွင် အလုပ်အမှုဆောင်အရာရှိ ဖြစ်နေသည်။ ကျွန်မက 'မက်' (Mac)ကို ဆရာဝန်တစ်ယောက်အနေနှင့်ရော၊ စစ်အရာရှိတစ်ယောက်အနေနှင့်ပါ လေးစားသည်။ ကျွန်မက သူ့ကို ကျမ်းသစ္စာတိုင်ပေးရန် ရွေးချယ်ထားသောကြောင့် သူ၏ နွေရာသီ အဖြူရောင်ဝတ်စုံနှင့် မြက်ခင်းပြင်ပေါ်တွင် ကျွန်မနှင့်အတူ မတ်တတ်ရပ်နေသည်။

ကျွန်မက စိတ်လှုပ်ရှားကာ စိုးရိမ်ထိတ်လန့်နေသည်။ သို့သော် ကျွန်မအတွက်တော့ မဟုတ်။ ကျွန်မ၏အခမ်းအနားတွင် ပါဝင်ဆောင်ရွက်သူများအတွက် ကျွန်မ စိုးရိမ်နေသည်။ အင်ဒရူး (Andrews)နှင့် ဂျေဆန် (Jason)တို့သည် ယခု ဆယ့်သုံးနှစ်သားနှင့် ဆယ့်တစ်နှစ်သားများ ဖြစ်ကြပြီး ကျွန်မ၏အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ကြလိမ့်မည်။ ငြိမ်ငြိမ်သက်သက်နှင့် ရှက်ရွံ့နေကြကာ သူတို့သည် သူတို့အဖေဝယ်ပေးသော အင်္ကျီအသစ်နှင့် ချောမောလှပနေကြသည်။ သူတို့၏ အခန်းကဏ္ဍက ရှင်းပါသည်။ ကပ္ပတိန် မက်ဖွဲယား (Captain Maguire)က အချက်ပေးလိုက်သောအခါ စင်မြင့်ရှေ့သို့ လျှောက်လာပြီး ကျွန်မ၏ ကပ္ပတိန်ပခုံးဒေါက်များကို ဖြုတ်ပေးသည်။ သူတို့က ဤအပိုင်းကို အရင်ညက အိမ်မှာလေ့ကျင့်ဇာတ်တိုက်ထားခဲ့ ပြီး နံနက်ပိုင်းမှာတော့ လူရွယ်တို့၏ ယုံကြည်မှုဖြင့် လုပ်ဆောင်နေကြသည်။ သူတို့က အိမ်ဖြူတော်သို့ ရောက်ဖူးခဲ့ကြပြီး သမ္မတနှင့် အကြိမ်ပေါင်းများစွာ တွေ့ဆုံဖူးကြသည်။ သို့သော် သည်တစ်ခေါက် သူတို့ကို ရင်ခုန်စေသောအရာမှာ သမ္မတ၏ ခွေးများဖြစ်ကြသော 'ဘက်ဒီ' (Buddy)နှင့် ဆော့ (Socks)ကို တွေ့ခွင့်ရခြင်းပင် ဖြစ်သည်။ ခွေးများက သူတို့ကိုတွေ့ရန် ရုံးခန်းအထွက်တွင် စောင့်နေကြသည်။

ကျွန်မက ဆေးအဖွဲ့လက်ထောက်အဖြစ် ငါးနှစ်ကြာ အမှုထမ်းလာသော ကပ္ပတိန်ရစ်ချတ် 'ဒစ်ချ်' တပ် (Captain Richard Dick Tubb) က ကျွန်မ၏ အခမ်းအနားကို ဦးစီးကွပ်ကဲသည်။ သူက သစ္စာရှိပြီးလေးနက်သည်။ သမ္မတနှင့် ဒုသမ္မတမိသားစုကို စောင့်ရှောက်ရန်နှင့် ဆေးအဖွဲ့ကို လှုပ်ရှားလည်ပတ်ရန် သူထက်ကောင်းသော လူကို ကျွန်မ ရှာနိုင်ခဲ့မည်မဟုတ်ပါ။ ကျွန်မ ရေတပ်မှ အနားယူသောအခါ တပ်(Tubb)ကို ဆေးအဖွဲ့အား ဦးဆောင်ရန် ပြောဆိုကြသည်။ ကျွန်မ၏ အောင်မြင်သော လုပ်ဆောင်မှုများထဲမှ တစ်ခုက ကျွန်မက သူ့အား ကျွန်မကို ဆက်ခံသူအဖြစ် ရွေးချယ်ခဲ့ခြင်းပင် ဖြစ်သည်။ ဒါကို ကျွန်မက သူ့အား နောက်ကျမှပြောပြခဲ့သည်။ ရွှေနှလုံးသားရှိသော ဆရာဝန်ဖြစ်သည်။ 'တပ်' (Tubb) တွင် အငြင်းပွားစရာမလိုသည့် ဂုဏ်သိက္ခာရှိသောကြောင့် သမိုင်းတွင် အိမ်ဖြူတော်၏ အကောင်းဆုံး ဆရာဝန် ဖြစ်လာပါလိမ့်မည်။

'ဒါက ခင်ဗျား ကျွန်တော့်ကို ရွေးချယ်ပြီး လေ့ကျင့်ပေးခဲ့လို့ ဖြစ်လာတာပါ ဘော့စ်'

'တပ်ဘ်' (Tubb) က ဂုဏ်ယူရမည့်အချက်ကို ကျွန်မ၏ဘက်သို့ လွှဲပြောင်းပေးကာ နှိမ်ချစွာဖြင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အိမ်ဖြူတော်မှထွက်ခွာပြီး သူက ဂျော့ဒဗလျူဘွတ်ရှ် (George W Bush) ၏ အောက်တွင် နောက်သမ္မတအသစ်၏ သမားတော်ဖြစ်နေသည့်အချိန်မှာပင်လျှင် ကျွန်မအား ဘော့စ်ဟု ချစ်ခင်ရင်းနှီးစွာ ခေါ်လျက်ပင် ရှိနေသည်။

အခမ်းအနားက အစီအစဉ်အတိုင်း ချောချောမွေ့မွေ့ပင် ဖြစ်သည်။

တပ် (Tubb) အဖွင့်စကားပြောသည်။ ကျွန်မအား ရေတပ်ဗိုလ်ချုပ်အဖြစ် ခန့်အပ်ကြောင်း တရားဝင်မိန့်ခွန်းကို ဖတ်သည်။ ထို့နောက် ကျွန်မသားများက ပခုံးဒေါက်များကို ဖြုတ်ပေးကြသည်။ ထို့နောက် ရေတပ်ဗိုလ်ချုပ်၏ ကြယ်တပ်ထားသော ရွှေရောင်ပခုံးဒေါက်ကို စင်မြင့်သို့ယူလာသည်။ ကျွန်မ၏ အုပ်ချုပ်ရေးမှူး 'ဘာဘရာ' (Barbara Idone)နှင့် ကျွန်မ၏ အလုပ်အမှုဆောင်လက်ထောက် 'ဖီးလ်ဂရင်း' (Phyl Green) တို့က အနက်ရောင်ကတ္တီပါသားပေါ်တွင် ယူလာခြင်းဖြစ်သည်။

'ရစ်ချတ်' နှင့် ကျွန်မ၏အဖေက စင်မြင့်ဆီသို့ လျှောက်လာကြသည်။ သူတို့က ပခုံးဒေါက်တစ်ခုစီကိုယူလျက် ကျွန်မ၏ နွေရာသီ အဖြူရောင်ဝတ်စုံ၏ ပခုံးပေါ်တွင် တပ်ဆင်ပေးသည်။ 'ရစ်ချတ်' က ဂုဏ်ယူစွာ ပြုံးနေချိန်တွင် အဖေက မျက်လုံးတွင် မျက်ရည်များဖြင့်ပြည့်လျက် ငြိမ်သက်နေသည်။ ရေတပ်ချက်ပြုတ်ရေးမှူးဟောင်းများဖြစ်သော ကျွန်မ၏အဖေသည် သူ့သမီးဖြစ်သူ၏ ဝတ်စုံတွင် ရွှေရောင်ဒေါက်ကို တပ်ဆင်ပေးသည်။ ယင်းမှာ သူသည် တခြား ရေတပ်ဗိုလ်ချုပ်များ၏ နွေစဉ်ဝတ်စုံကို ပြင်ဆင်ပေးစဉ်က အကြိမ်ပေါင်း၊ ရာပေါင်းများစွာ လုပ်ခဲ့ရသော အလုပ်ဖြစ် သည်။ ထို့ကြောင့် ယခုအခါတွင် သူ၏အရေပြားတွန့်နေသော အညိုရောင်လက်များက စိတ်လှုပ်ရှားမှုကြောင့် တဆတ်ဆတ် တုန်နေသည်။

ရေတပ်ဗိုလ်ချုပ် ပခုံးဒေါက်များကို တင်ပြီးနောက် ကျွန်မက ကပ္ပတိန်မက်ဖွဲယား (Captain Maguire) ဘက်သို့ လှည့်လိုက်သည်။ သူက ကျမ်းသစ္စာတိုင်ပေးသည် ကျွန်မက နောက်မှလိုက်ဆိုရသည်။ ကျွန်မသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ထောက်ခံကာကွယ်ပါမည်ဟူသော အဓိဋ္ဌာန်ကို အသစ်ပြန်လည် အဓိဋ္ဌာန်ပြုခြင်းဖြစ်သည်။ ယင်းသည် လက်ထပ်မင်္ဂလာသစ္စာနှုံခြင်းကို အသစ် ပြန်လည်စတင်ခြင်းနှင့်တူသည်။ ရွှေဖြင့်ဆင်ယင်ထားသည့် အဖြူရောင်ဝတ်စုံ၊ အလင်းရောင်တွင် တလက်လက်တောက်နေသော ဖွတ်မြီးဆွဲကြိုးတို့ဖြင့် ဝတ်ဆင်ထားသော ကျွန်မက စင်မြင့်ပေါ်တွင် မတ်တတ်ရပ်လိုက်သောအခါ ကျွန်မသည် စစ်တပ်နှင့် လက်ထပ်လိုက်သည်ဟု သဘောပေါက်မိသည်။ 'ဘောလ်ကလင်တန်'က ရုံးမှထွက်ခွာသောအခါ ကျွန်မနှင့် ရေတပ်၏ လက်ထပ်ထိမ်းမြားမှုကို မကြာမီ ပြီးဆုံးတော့မည်ကို သိလျက်၊ ရင်ထဲတွင် နာကျင်လေးနက်သော စကားလုံးများကို ကျွန်မက တစ်လုံးချင်းလိုက်ဆိုသည်။ စစ်တပ်သည် ကျွန်မ၏မိတ်ဆွေ၊ ကျွန်မ၏အဖော်၊ ကျွန်မ၏ချစ်သူ၊ ကျွန်မ၏စိတ်လှုပ်ရှားမှု၊ ပျော်စရာရွေးချယ်ချက် ဖြစ်လာခဲ့သည်မှာ ရစ်ချတ်နှင့်အတူ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



**ပေါင်းသင်းလာသည်ထက်ပင် ပိုကြာသေးသည်။** ကျွန်မ၏ တိုင်းပြည်အတွက် ကျွန်မ၏ ယူနီဖောင်းဝတ်စုံ၊ တာဝန်ထမ်း **ရွက်မှုအား** စည်းနှောင်ထားသော စကားလုံးများကို လိုက်၍ရွတ်ဆိုရသည်မှာ ဤအကြိမ်သည် နောက်ဆုံးအကြိမ် ဖြစ်လိမ့် **မည်။** ကျွန်မက မျက်ရည်များကိုထိန်းထားသည်။ ပရိသတ်ကတော့ ကျွန်မ ပျော်လွန်း၍ မျက်ရည်ကျသည်ဟု ထင်မှတ် မှားကြသည်။ တကယ်တော့ ထိုမျက်ရည်များသည် ချိုခါးပူဆွေးမှု မျက်ရည်များသာ ဖြစ်သည်။

'ထို့ကြောင့် ဘုရားသခင်သည် ကျွန်မအား ကူညီမို့င်းမတော်မူပါ'

ကျွန်မက ကျမ်းသစ္စာကျိန်ဆိုခြင်းကို အပြီးသတ်လျှက် 'မက်ဂွဲယား' (Maguire) ရှေ့ကတိုင်ပေးသည် လိုက်ဆိုသည်။ 'မက်ဂွဲယား'က ကျွန်မ၏လက်ကို ဆွဲနှုတ်ဆက်ပြီး အလေးပြုသည်။ ကျွန်မက သူ့ကိုပွေ့ဖက်ခြင်းဖြင့် တုံ့ပြန်သည်။ ထိုအချိန်တွင် တစ်ခန်းလုံး လက်ခုပ်သံများ ပြည့်လျှံသွားသည်။

ကျွန်မ၏မိဘများ၊ ရစ်ချတ်နှင့် ကျွန်မသားများကို ကျေးဇူးတင် အသိအမှတ်ပြုကြောင်း ကျွန်မ ပြောသည်။ အခန်းထဲတွင်ရှိ လူတချို့ကိုလည်း ကျွန်မ ကျေးဇူးတင်ကြောင်း ပြောသည်။ သူတို့သည် ကျွန်မ စင်မြင့်ပေါ်သို့ သည် ရောက်ရှိရန် နှစ်ပေါင်းများစွာ ကျွန်မနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့သူများ ဖြစ်သည်။ ပရိသတ်ထဲရှိ လူများ၏ နာမည်များကို ကျွန်မက ဖတ်ပြသောအခါ သူတို့က ရွှင်လန်းအားရစွာ လက်ခုပ်သံကို ခံယူရန် မတ်တတ်ရပ်ပေးကြသည်။ ထိုအချိန်တွင် အိမ်ဖြူတော် ထမင်းစားခန်းထဲတွင် ကျွန်မကို ရောက်အောင်ပို့ ဆောင်လိုက်သောအရာကို ကျွန်မ သဘောပေါက်သည်။

စေ့ဆော်မှုက ရိုးရိုးရှင်းရှင်းပင် ဖြစ်သည်။ အားလုံးသိကြသည့် ဂါထာမန္တရားပင် ဖြစ်သည်။ 'မင်းဟာ လုံးဝ လူတန်းမစေ့ဘူး'

ကျွန်မ ဘဝတစ်လျှောက်လုံး ကျွန်မသည် အရုပ်အမောင်းက မကောင်း၊ အရွယ်အစား မမှန်၊ အရောင်အသွေး က တခြားစီ၊ ပင်ကိုစွမ်းရည်၊ သို့မဟုတ် အသိဉာဏ်ပညာကလည်း အဆင့်မမီဟု ကျွန်မ ခံစားသည်။ ကျွန်မ ဘယ် လောက်ပင် ပြင်းပြင်းထန်ထန် ကြိုးစားစေကာမူ ကျွန်မသည် မီအောင်လိုက်ဖို့ မမီနိုင်ပေ။ နိုင်ငံတော် ထမင်းစားခန်းထဲ ငြိမ်းချမ်းသော 'အေဘရာဟင်လင်ကွန်း' ၏အကြည့်အောက် ချီးကျူးဂုဏ်ပြုနေသော သမ္မတနှင့် သမ္မတကတော် အပြုံးများနှင့် မိသားစုမိတ်ဆွေတို့၏ နွေးထွေးသော လက်ခုပ်သံများအကြား စင်မြင့်ပေါ်တွင် ကျွန်မ မတ်တတ်ရပ်နေသည့် အချိန် အမေရိကန်သမိုင်း၏ တောက်ပသောအချိန် ခဏတာကာလတွင် ကျွန်မသည် နောက်ဆုံးတွင် ရေတပ်ဗိုလ်ချုပ်အဆင့် ရောက်ရန် လူတန်းစေ့ပြီ ဖြစ်သည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ရေတပ်ဗိုလ်ချုပ်အဆင့်သို့ ရာထူးတိုးမြှင့်ခံရပြီးနောက် အိမ်ဖြူတော်ရှိ ဘဝသည် ရှေ့သို့ အလျင်အမြန် ပြောင်းလဲသွားသည်။ ရုံးရှိ ကလင်တန်၏ နောက်ဆုံးနှစ်တွင် ကျွန်မတို့သည် ခရီးကို တစ်သမတ်တည်း တောက်လျှောက်သွားနေရသည်။

'မင်းကတော့ အမှတ်-၁ လေတပ် (Air Force One) လေယာဉ်ပေါ်မှာ ခဏခဏ သွားနေမှာပါပဲ'

နောက်ခရီးတစ်ခုကို ကျွန်မ သွားဖို့ရှိသည်ဟု ကျွန်မက 'ရစ်ချတ်' ကို ပြောသောအခါ သူက ကျွန်မအား နာသာခံခက်မှတ်ချက်ကို ပေးတော့သည်။

'ပေနည်းနည်း ကျွန့်ပါတော့တယ်။ ကျွန်မ အဲဒီခရီးသွားအိတ်တွေကို ပရုတ်လုံးတွေထဲ ထည့်ထားလို့ရပါပြီ'

၂၀၀၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲက ကျွန်မတို့အပေါ် ကျရောက်လာသည်။ ဆေးအဖွဲ့၏တစ်ဝက်က ဒုသမ္မတဂိုး (Gore) နှင့် ရွေးကောက်ပွဲခရီးစဉ်နောက် လိုက်နေစဉ်တွင် ကျွန်မက သမ္မတကလင်တန်၏ ရွေးကောက်ပွဲခရီးစဉ်ရှိ ပတ်သက်သော နောက်ဆုံးကိစ္စမှန်သမျှ ကျွန်မတို့ သွားခဲ့သည်။ နောက်ဆုံး ဂျီ-၈ (G-8) ဆွေးနွေးပွဲ၊ နောက်ဆုံး အေပီအီးစီ ထိပ်သီးဆွေးနွေးပွဲ (APEC Summit)၊ နောက်ဆုံးအာရှ၊ ဥရောပနှင့်အာဖရိက။ ပင်လယ်ရပ်ခြားတွင်ရှိ မိတ်ဆွေများက ကလင်တန်၏ နှုတ်ဆက်ပွဲ။ ယင်းမှာ ကျွန်မ၏ လမ်းပေါ်ရှိဘဝ၏ နှုတ်ဆက်ပွဲပင် ဖြစ်ပါသည်။

၂၀၀၀ ပြည့်နှစ် ရွေးကောက်ပွဲနေ့တွင် ကျွန်မက နယူးယောက်မြို့၏ ဟိုတယ်ခန်းထဲတွင် သမ္မတရွေးကောက်ပွဲကို အားပါးတရကြည့်ရှုရန် ထိုင်နေသည်။ နောက်တက်မည့် သမ္မတသည် ဘယ်သူဖြစ်မလဲဟု ကြည့်ရန်စောင့်လျက် ရုပ်မြင်သံကြားမှန်သားပြင်ကို ကျွန်မက နီးနီးကပ်ကပ် ကြည့်နေသည်။ ခန်းမအောက်ဘက်တွင် 'ကလင်တန်' မိသားစုက 'ဟီလာရီ' ၏ 'ဆီးနိတ်' အောင်ပွဲကို ကျင်းပနေသည်။ 'ဟီလာရီ' က များစွာသော ပထမတန်းစားထဲမှ တစ်ဦးဖြစ်သည်။ ကျွန်မက သူမအား လေးစားကြည်ညိုသည်မှာ သူမ၏ ပြီးမြောက်အောင်မြင်မှုများကြောင့်သာမဟုတ်၊ သူမသည် ဂရုတစိုက်အသိဉာဏ်ရှိရှိ၊ လက်တွေ့ကျကျ လုပ်တတ်သောကြောင့်လည်း ဖြစ်သည်။ 'ဟီလာရီ' က သူမ၏ ထောက်ခံသူများအား ကျေးဇူးတင်စကားပြောရန်ဖြစ်သော ရွေးကောက်ပွဲညတွင် ဟိုတယ်အကခန်းမကြီးထဲသို့ ကလင်တန်၏ မိသားစုနှင့်အတူ လိုက်သွားသောအခါ စင်မြင့်၏နောက်တွင် ကျွန်မက သူမကို ဂုဏ်ယူဝမ်းမြောက်စကား ပြောသည်။

'ဆီးနိတ်တာ' ကျွန်မက သူမကို ပွေ့ဖက်ရင်း အားရဝမ်းသာ ပြောလိုက်သည်။

'ဗိုလ်ချုပ်' သူမက သိသိသာသာပြုံးရင်း ပြောသည်။

'ဘယ်သူ ထင်ခဲ့ကြမှာလဲနော်'

ကျွန်မတို့၏ ဘွဲ့ဂုဏ်ထူးများကို မယုံကြည်နိုင်စွာဖြင့် နှစ်ယောက်စလုံး ရယ်မောကြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ ညနေခင်း၏ နောက်ပိုင်းမှာတော့ သမ္မတ၏အပြန်ကိုစောင့်ရင်း ကျွန်မသည် ရုပ်မြင်သံကြားမှ မခွာတော့ပေ။ ဘယ်သူ အစစ်အမှန် အနိုင်ရသည်ဟူသော သတင်းနှင့်ပတ်သက်၍ ကွန်ရက်များက မသေချာပေ။ တိုင်းပြည်တစ်ခုလုံး ရှုပ်ထွေးနေသည်။ ဆေးအဖွဲ့က ကျွန်မတို့၏သမ္မတ ဘယ်သူဆိုတာကို စဉ်းစားနေကြသည်။ မည်သူပင်ဖြစ်စေ လာမည့် သမ္မတသစ်မိသားစုမှာ ကျွန်မတို့နှင့် ရင်းနှီးကျွမ်းဝင်သော သူများသာဖြစ်သည်။ အိမ်ဖြူတော်တွင် ရှစ်နှစ်ကြာနေခဲ့သော ဂိုး (Gore) ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် သူ၏နောက်ဆုံးနှစ်တွင် ရုံးခန်း၌ ကျွန်မ စောင့်ရှောက်လိုက်သော ဘွတ်ရှ်၏မိသားစုလည်း ဖြစ်နိုင်သည်။ ကျွန်မတို့က နောက်ပိုင်းမှသိရသည်။ 'ကလင်တန်' က လန်ဒန်မှာရှိနေစဉ်တွင် 'ဘွတ်ရှ်' ကို ရွေးကောက်ပွဲ အနိုင်ရသူအဖြစ် ကြေညာလိုက်သည်။ မသေချာမှုက ပြီးဆုံးသွားပြီး ကျွန်မတို့ဆေးအဖွဲ့က နောက်သမ္မတအတွက် ပြင်ဆင်နိုင်ပြီဖြစ်သောကြောင့် ကျွန်မရင်ထဲ ပေါ့ပါးသွားသည်။

သမ္မတသစ်၏ ရွေးကောက်ပွဲနှင့်အတူ 'ဘေလ်ကလင်တန်' သည် ရုံးခန်းမှထွက်ခွာမည်။ သူ (ကလင်တန်) အိမ်ဖြူတော်သို့ ပထမအကြိမ် အောင်မြင်ရောက်ရှိလာပုံကို ကျွန်မ ရုပ်မြင်သံကြားတွင် ကြည့်ခဲ့ရသည်မှာ မနေ့ကလိုဖြစ်နေသည်။ 'ဂျော့ဘွတ်ရှ်' (George Bush) က ကျမ်းကျိန်သည့်နေ့ 'ကလင်တန်' (Linton) က ရုံးခန်းမှထွက်သောအခါ ကျွန်မ၏အလုပ်က ပြီးသွားမည်။ ဘဝ၏ အချိုးကျ ကိုက်ညီပြေပြစ်မှုကို ကျွန်မ စဉ်းစားနေမိသည်။ 'ဘွတ်ရှ်' အစိုးရအဖွဲ့၏ အောက်မှာပင် ကျွန်မ ထွက်ခွာတော့မည်။

'ခင်ဗျား ဒီမှာ ဆက်မနေချင်တော့ဘူးဆိုတာ သေချာလား ဘော့စ်'

ကျွန်မက သူ့ကို ပစ္စည်းစာရင်းများ လွှဲပြောင်းပေးရန် လုပ်နေစဉ်တွင် 'တပ်ဘ်' (Tubb) က ကျွန်မ၏အခန်းထဲ ညနေခင်းတစ်ခုတွင် တစ်ပိုင်း စနောက်သလို တစ်ပိုင်းက အတည်ပေါက်ဖြင့် ကျွန်မကိုမေးသည်။

'ကျွန်မအတွက် သွားဖို့ အချိန်ရောက်ပါပြီ'

ကျွန်မအပေါ် ၄၊နှစ်ကြာ သစ္စာရှိသော လက်ထောက်ကို ကျွန်မက ပြုံးပြလိုက်သည်။

'အိမ်ဖြူတော်မှာရှိတဲ့ ဘယ်ဆရာဝန်ကမှ ဆေးအဖွဲ့အပေါ်မှာ ရှင့်လို ပြင်ဆင်တဲ့လူ မရှိပါဘူး'

'တပ်ဘ်' (Tubb) နှိမ့်ချစွာ ခေါင်းညိတ်သည်။

'ကျွန်တော့်အပေါ်မှာ ယုံကြည်တဲ့အတွက် ကျေးဇူးတင်ပါတယ် ကော်နီ' ထို့နောက် စကားလမ်းကြောင်းပြောင်း၍ သူက မေးလိုက်သည်။

'ဒီတော့ နောက် ဘာဆက်လုပ်မလဲဆိုတာ ခင်ဗျား ဆုံးဖြတ်ပြီးပြီပေါ့'

'ကျွန်မအနာဂတ်က ဘုရားသခင်လက်ထဲမှာ ရှိပါတယ်။ ကျွန်မကို ယုံပါ။ နောက်ပိုင်းဆက်လုပ်ဖို့ကို အတိတ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နိမိတ်တွေရှိတယ်’ ကျွန်မက ပြောလိုက်သည်။

‘တပ်ဘ်’ (Tubb) က နာမ်ပိုင်းဆိုင်ရာကို နက်နက်နဲနဲ ယုံကြည်သူတစ်ယောက်ဖြစ်သည့် အားလျော်စွာ ကျွန်မဆိုလိုတာကို သူ နားလည်မှန်း ကျွန်မသိသည်။ တချို့လူများက ယင်းတို့ကို တိုက်ဆိုင်မှုများဟု ခေါ်ကြသည်။ တချို့က အလိုလိုခံစားသိမြင်မှု၊ သို့မဟုတ် ချိန်သားကိုက်ညီမှုဟူသော စကားလုံးများကို သုံးသည်။ ကျွန်မ၏ မိသားစုနှင့် ကျွန်မကတော့ ယင်းတို့ကို ‘ဘုရားသခင်ထံမှ နိမိတ် SFGS၊ သို့မဟုတ် (Signs from God) ဟု ခေါ်စပြုသည်။ ကျွန်မ၏ အကြောင်းကြားသူက ကျွန်မကို တပ်ဖွဲ့ဆရာဝန်နေရာကို ကမ်းလှမ်းပြီးသည့်နောက် ရေတပ်တွင် နေထိုင်မှု ဖြစ်နိုင်ခြေအတွက် ကျွန်မ အကြိတ်အနယ် ကြိုးစားရသည်။ ယင်းကို ကျွန်မက ရစ်ချတ်ကိုတော့ ဖွင့်မပြောပေ။ အဘယ်ကြောင့်ဆိုသော် သူက ကျွန်မ အနားယူစေချင်သောကြောင့် ဖြစ်သည်။ နောက်ထပ် စစ်ဘက်တာဝန်ကို လက်ခံဖို့ စိတ်ကူးပေါ်လာကာ ကျွန်မကို ဖြားယောင်းသော အချိန်များရှိသည်။ ယင်းမှာ လေကြောင်းမှလာသော အဖြေကိုရမှပင် ပြီးသွားသည်။

ဝါရှင်တန်သို့ဝင်သော ၁၄လမ်းတံတားပေါ်ကို ဖြတ်သောလမ်းရှိ တရွေ့ရွေ့သွားနေသော ယာဉ်ကြောထဲတွင် ထိုင်လျက် တစ်ခုသောညနေတွင် ကျွန်မသည် နွေလယ်ကြောင်တောင် အိပ်မက်မက်နေသည်။ လျှပ်စစ်ပျက်အချိန်ကလေး တစ်ခုအတွင်းတွင် ကျွန်မသည် ကာကီရောင်ဝတ်စုံနှင့် ကော်လံပေါ်တွင် တောက်ပသောကြယ်ပွင့်ကို တပ်ဆင်ကာ ပုလဲဆိပ်ကမ်းတွင် သင်္ဘောပေါ်တက်နေသော ကျွန်မကို မြင်ယောင်နေသည်။ သို့သော် ကျွန်မ၏ကားပေါ်မှ အသံဆူညံစွာ မြည်ဟည်းလျက် ‘အမေရိကဝက်စ်’ America West ဂျက်လေယာဉ်က ပျံသန်းသွားသောအခါ ကျွန်မ၏ မြင်ယောင်နေသော မြင်ကွင်းက ပျောက်ကွယ်သွားသည်။ ကျွန်မက ကောင်းကင်ကို မော့ကြည့်လိုက်သည်။ အမေရိကားဝက်စ် (America West) ဂျက်လေယာဉ် ကုမ္ပဏီဌာနချုပ်က အရီဇိုးနားပြည်နယ် ဖီးနစ် (Phornix) တွင်ရှိသည်။

ကျွန်မ၏ ရာထူးတိုးမြှင့်မှု အခမ်းအနားပြီးနောက် တခြား ‘ဘုရင်သခင်ထံမှ နိမိတ်များစွာ ရှိခဲ့သည်။ ဂျော့ ဝါရှင်တန်တက္ကသိုလ်ရှိ အဆင့်မြင့်ဆေးကုဌာန (Conter for Executive Medincine) တည်ထောင်ရန် အဆိုပြုချက် ဆွေးနွေးညှိနှိုင်းမှု ပျက်ပြားသွားသည်။ ဆေးဂျာနယ်တစ်စောင် လှန်လှောကြည့်နေသော တစ်ညနေတွင် ကျွန်မမျက်လုံးက နောက်ကျောဖုံး ကြော်ငြာတစ်ခုပေါ်သို့ ကျရောက်သွားသည်။ ဆေးဂျာနယ်စာစောင်များထဲမှ အလုပ်ကြော်ငြာကို ကျွန်မ ဘယ်တော့မှ မကြည့်ချေ။ စစ်တပ်တွင် ကျွန်မအတွက် အလုပ်အမြဲ ရှိနေသောကြောင့် ဖြစ်သည်။ သို့သော် ‘အဆင့်မြင့် ကျန်းမာရေးသမားတော်’ ‘Mayo Clinic Scottsdalr’ ဆိုသော စကားလုံးများက ကျွန်မဆီသို့ ခုန်ပေါက်ရောက်လာသည်။ ဂျော်ဒန်ဘုရင်ဟူစိန် (King Hussein) ဆေးရုံတက်စဉ်က သူ့ကို ကျွန်မသွားတွေ့ရန် ‘မင်နီဆိုတာ’ (Minnisota)

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရှိ ရိုချက်စတာ (Rochester)သွားသော ခရီးမှတစ်ဆင့် 'မယိုဆေးခန်း' (Mayo Clinic) အကြောင်းကို ကျွန်မ သိခဲ့သည်။ 'ကလင်တန်'က ဘုရင်အား စောင့်ရှောက် ထောက်ကူမှုပေးရန် ကျွန်မအား ပြောသည့်အတွက် တော်ဝင်မိသားစုနှင့် တွေ့ရန် 'ရိုချက်စတာ' (Rochester) သို့ လေယာဉ်ခရီးဖြင့် သွားခဲ့သည်။ ထိုနေရာတွင် ကျွန်မရှိနေစဉ် အဆင့်မြင့် သမားတော်များနှင့် တွေ့ခဲ့သည်။ သူတို့က လေးစားခင်မင်ဖွယ်ကောင်းသည်။ Grand Rounds တွင် စကားပြောရန် ပြန်လာရန် သူတို့က ကျွန်မကို စိတ်အားထက်သန်စွာ ဖိတ်ခေါ်သည်။

'စကော့ဒေးလ်' (Scottsdale) သည် နေထိုင်ရန် ကောင်းသောနေရာတစ်ခု ဖြစ်ကြောင်းလည်း ကျွန်မသိသည်။ ကျွန်မ၏ ဆေးကျောင်းတွင် အတူနေဖက် 'လင်ဒါစထရင်း' (Linda Strand Lriber) က စစ်တပ်မှထွက်သွားပြီး စကော့ဒေးလ် (Scoltsdale) တွင် ဓာတ်ရောင်ခြည်အုပ်စု (Radiology Group) အတွက် အလုပ်လုပ်နေသည်။ သက်သောင့်သက်သာရှိသော နေထိုင်မှုပုံစံနှင့် မိသားစုကို ပြုစုပျိုးထောင်ရန် ကောင်းမွန်သောနေရာဖြစ်ကြောင်း သူမက ပြောပြသည်။ ယင်းမှာ ကျွန်မတို့နေသော စင်ဒီရယ်ဂို (San Dirgo) မြို့မှ လေယာဉ်ဖြင့် တစ်နာရီခရီးသာ ဝေးသည်။ 'အရီဇိုးနား' (Arizona) တွင် မက္ကဆီ အစားအစာ ကောင်းကောင်းရှိသည့်အတွက် ကျော်ကြားသည်။ ယင်းအစားအစာက 'စင်ဒီရယ်ဂို'တွင် ကျွန်မတို့ စားနေကျအစားအစာနှင့် ဆင်ဆင်တူသည်။ 'ရစ်ချတ်' ကတော့ ထိုနေရာကို ဈေးရောင်းသော နေရာဟု သဘောထားမှာဖြစ်ကြောင်း ကျွန်မသိသည်။

'ရိုချက်စတာ' ရှိ 'မယို' ဆေးခန်းမှ ကျွန်မမိတ်ဆွေများကို 'စကော့ဒေးလ်ဆေးခန်း' (Scottsdale Clinic) နှင့် ပတ်သက်၍ ဖုန်းဆက် မေးမြန်းကြည့်သောအခါ သူတို့က ကျွန်မကို ယုံကြည်မှုရှိပြီး 'မင်နီဆိုတာ' တွင် သူတို့နှင့် အတူ ပါဝင်လုပ်ကိုင်စေချင်ကြသည်။

'ကျွန်မကို အတူလုပ်ဖို့ ဖိတ်ခေါ်တာ သိပ်ဝမ်းသာပါတယ်။ ဒါပေမဲ့ ဝမ်းနည်းပါတယ်။ ကျွန်မက ဆောင်းတွင်း ဆိုရင် မဖြစ်ဘူး'

'ရှင် အရီဇိုးနားကို ချစ်မှာပါ။ ရှင့်ရဲ့ကိုယ်စား ကျွန်မက သူတို့ကို ဖုန်းဆက်ပြောမှာပါ'

ကျွန်မ၏ ကိုယ်ရေးရာဇဝင်အကျဉ်းကို ပေးပို့ပြီးနောက် ကျွန်မကို လူတွေ့စစ်ဆေးရန် ခေါ်သည်။ အေးစက်၍ မိုးရွာနေသော တကယ်ဆောင်းပီပီ နံနက်ခင်းတွင် ကျွန်မ ဒီစီမှ ထွက်ခဲ့ကာ သစ်ပင်များ လေပြည်ထဲတွင် ယိမ်းနွဲ့နေသော နေသာပြီး ၇၂ ဒီဂရီ 'ဖီးနစ်' (Phornix) သို့ ကျွန်မရောက်သည်။ လူတွေ့စစ်ဆေးမှုက အဆင်ပြေသည်။ သည်အလုပ်ကို ကျွန်မလုပ်နိုင်မည်ဆိုတာ ကျွန်မ သိသည်။ အဆင့်မြင့် အလုပ်အမှုဆောင်အရာရှိကြီးများ၏ ကျန်းမာရေးကို နှစ်စဉ်စစ်ဆေး ပေးရမည်။ မည်သည့်အရာ၏ တာဝန်ခံ မဟုတ်တော့ချေ။ ကျွန်မသည် ပျားဘုရင်မဘဝမှ လုပ်သားပျားအဖြစ်သို့

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲနေသည်။ ကိုးနှစ်ကြာ ဖျားဘုရင်မဖြစ်ပြီးသည့်နောက် ကျွန်မသည် ရာဇပလ္လင်မှ ဆင်းသက်ကာ ဖျားအုံထဲသို့ဝင်ရန် အသင့်ပြင်ထားသည်။

စကော့ဒေးလ် (Scottsdale) မှ ကျွန်မ ပြန်လာပြီးနောက် ကျွန်မနှင့် လူတွေ့စစ်ဆေးမှုကို လေ့လာဆန်းစစ်နေသောကြောင့် 'မယို' အုပ်စုထံမှ နှစ်ပတ်သုံးပတ်ကြာအောင် ဘာသတင်းမျှ မကြားရပေ။ ထိုအချိန်အတောအတွင်း ကျွန်မ ဘယ်သွားသွား 'စကော့ဒေးလ်' (Scottsdale) ဆိုသော နာမည်ကို ကြားမိနေသလို ဖြစ်သည်။ တစ်နံနက်တွင် ကျွန်မ၏သားများကို ကျောင်းသို့ ကားဖြင့်လိုက်ပို့နေစဉ် ရေဒီယိုမှ ကြားရသည်။

'စကော့ဒေးလ် ပျော်စရာလယ်ယာမြေတွင် အားလပ်ရက် နှစ်ပတ်ရသည်'

'အလက်ဇန်းဒါး (Alruandria) ရှိ အမျိုးသမီးအဝတ်အစားဆိုင်တွင်းသို့ လျှောက်ဝင်လိုက်သောအခါ ကောင်တာရှိ အမျိုးသမီးနှစ်ယောက်က 'စကော့ဒေးလ်' ရှိ ဤဆိုင်နှင့် ခပ်ဆင်ဆင်တူသော အဝတ်အစားဆိုင်တစ်ခုအကြောင်း ပြောနေကြသည်။

ခရီးသွားသေတ္တာ နာမည်ကတ်ပြား ကြော်ငြာတစ်ခု စာထဲတွင် ရောက်လာသည်။ ကြော်ငြာက ရစ်ချတ်၏ နောက်ဆုံးအမည်ပါသော 'နာမည်ကတ်ပြားကို ပြသည်'။ လိပ်စာက 'စကော့ဒေးလ်' ရှိ over look Trail ပေါ်တွင်ရှိသည်။ 'စကော့ဒေးလ်' ပါသော နေရာတိုင်းကို ကျွန်မ၏သားများက ကြည့်နေကြမည် ဖြစ်သည်။

'အမေ… ဘုရားသခင်ဆီက နောက်ထပ်နိမိတ်တစ်ခု'

နေသာသော 'အရီဇိုးနား' (Arizonn) သို့ ပြောင်းရွှေ့ချင်ကြသော ကျွန်မ၏သားနှစ်ယောက် ကျွန်မကိုစသည်။

ဘုရားသခင်ထံမှ နောက်ဆုံးနိမိတ်ကတော့ 'ပင်တာဂွန်' မြို့ရှိ 'ကယ်လီဖိုးနီးယား ပီဇာတစ်ကစ်ချင်း' (Califon ia Pizza Kitchen) ဆိုင်တွင် ပေါ်လာသည်။ စနေနေ့ နေ့လယ်ပိုင်းတွင် 'ဂျေဆန်' နှင့်ကျွန်မက ထိုဆိုင်သို့ ဝင်လေ့ ရှိသည်။

'အရီဇိုးနား' တွင် အလုပ်အတွက် ကျွန်မ လူတွေ့စစ်ဆေးခံပြီးနောက် ရက်သတ္တပတ်များ အတောအတွင်းတွင် ဘုရားသခင်ဆီမှ နိမိတ်များ ဖြစ်ပေါ်လာခဲ့သည်ကို ကောင်းကောင်း သတိထားမိကာ ဆိုင်ရှိဝန်ထမ်းများသည် သူတို့၏ နာမည်ရင်ထိုးကတ်ပြားပေါ်တွင် သူတို့ဇာတိမြို့ကို ထည့်သွင်းထားကြောင်း 'ဂျေဆန်' က သတိပြုကြည့်မိသည်။

'ဆိုင်က ဝန်ထမ်းတွေဟာ အရီဇိုးနားကဆိုရင် သိပ်ကောင်းမှာပဲ' ပြတင်းပေါက်အနီးမှ စားပွဲတွင် ကျွန်မတို့ ထိုင်လိုက်ကြသောအခါ ကျွန်မကို 'ဂျေဆန်' က ပြုံး၍ပြောသည်။

'အိုး… ဂျေဆန်၊ အဲဒါတော့ မင်းက သိပ်လွန်လွန်းသွားပြီ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စားပွဲတစ်ခုမှတစ်ခု ပြေးလွှားနေသော ဝန်ထမ်းများကို ကျွန်မကကြည့်ရင်း ရယ်လျက် ပြောလိုက်သည်။

ကျွန်မတို့က စားသောက်ဖွယ်စာရင်းကို ငုံ့ကြည့်သည်။ မိနစ်အနည်းငယ်အတွင်းတွင် အရပ်ရှည်ရှည်ပိန်ပိန် လူငယ်တစ်ယောက် ကျွန်မတို့စားပွဲသို့ ရောက်လာသည်။

ဂျေဆန်က မော့ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ကျွန်မက 'ဂျေဆန်' ကိုကြည့်ပြီး ထိုလူငယ် နာမည်ရင်ထိုးကို ကြည့်လိုက်သည်။

ပထမလိုင်းပေါ်တွင် အာစီ (R.C) ဟု အတိုကောက်ရေးထားပြီး ဒုတိယလိုင်းတွင် 'စကော့ဒေးလ်' ဟုထွင်း၍ ရေးထားသည်။ တိုက်ဆိုင်မှုလား၊ ဘုရားသခင်ဆီက နိမိတ်လား'

'ဟဲလို' ကျွန်မတို့က လူငယ်ကို ပြောလိုက်သည်။ ကျွန်မတို့ သားအမိနှစ်ယောက် ဘာကြောင့် ချက်ချင်း ငြိမ်သက်သွားသည်ကို သူ စဉ်းစားနေမည်။

'မင်းက စကော့ဒေးလ်ကနော်'

လူငယ်က သူ၏ နာမည်ရင်ထိုးကိုကြည့်ကာ…

'အိုး… ဟုတ်ပါတယ်' ဟု ပြုံး၍ပြောသည်။

'တကယ်တော့ စကော့ဒေးလ်' ဆိုတာထက် 'ဖောင်တိန်ဟေး' (Fountain Hills) ဆိုရင် ပိုမှန်ပါလိမ့်မယ်'

ကျွန်မက အသက်ကျပ်မတတ် ဖြစ်သွားသည်။

'အိုး… စကော့ဒေးလ်က မယိုဆေးခန်း (Mayo Clinic) ကို ငါ ရောက်ခဲ့တယ်' ကျွန်မက ပြောသည်။

'ဟုတ်လား' စားပွဲထိုးက ပြောသည်။ ကျွန်တော့်မိဘတွေက 'မောင်တိန်ဟေး' (Fountain Hills) မှာ နေပါတယ်။ ဆေးခန်းနဲ့ တစ်မိုင်လောက်ပဲဝေးတယ်'

ကျွန်မတို့မိသားစု 'အရီဇိုးနား' ရှိ 'စကော့ဒေးလ်'သို့ ပြောင်းရွှေ့ရသည်။ ကျွန်မ၏ ကားပေါ်မှာရှိနေစဉ် ဘုရားသခင်က အမေရိကားဝက်စ် (America West) ဂျက်လေယာဉ်ကိုလွှတ်၍ သတင်းပေးပို့သောအခါ၊ ကျွန်မတို့ ကံကြမ္မာက ထိုနေရာသို့သွားရမည်ဟူသော သဘောဖြစ်သည်။ ထိုလူငယ်က 'စကော့ဒေး' ရှိ 'မယိုဆေးခန်း' (Mayo Clinic)နှင့် တစ်မိုင်လောက်ဝေးသော နေရာတွင် ကြီးပြင်းခဲ့သည်။ ခင်စရာကောင်းသော စားပွဲထိုးတစ်ယောက်ကို လွှတ်၍ သတင်းပေးပို့သောအခါ ကျွန်မတို့သည် အထုပ်အပိုးပြင်၍ အနောက်ဘက်သို့သွားဖို့ အချိန်ကျပြီဖြစ်သည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်ပေါ်တီကို (North Partico) တွင် အနက်ရင့်ရောင် ဆောင်းရာသီဝတ်စုံနှင့် တုန်ချမ်းကာ ကျွန်မ မတ်တပ်ရပ်နေသော အချိန်သည် အေးမြ၍ မိုးရွာနေသော ၂၀၁၁ ခုနှစ် ကြိုဆိုညှော်ခံပွဲ အခမ်းအနားဖြစ်သည်။ ရွေးချယ် တင်မြှောက်ခံရသော သမ္မတဘွတ်ရှ် (Bush) နှင့် သမ္မတကတော်တို့ ရောက်လာကြပြီး သူတို့၏ ကျည်ကာ မော်တော်ယာဉ်များမှထွက်ကာ State Floor အခန်းသို့ သွားကြသည်။ ထိုနေရာတွင် သူတို့သည် 'ကက်ပီတို' (Capitol) သို့ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ မသွားမီ 'ကလင်တန်' မိသားစုနှင့်အတူ နံနက်လက်ဖက်ရည် သောက်ကြမည်။

သမ္မတကလင်တန်ရုံးခန်းမှ ထွက်ခွာတော့မည် ဖြစ်သောကြောင့် ဆွေးမြည့်ဖွယ်ရာသီဥတုက ကျွန်မအတွက် ကြေကွဲတမ်းတစရာ အခင်းအကျင်း ဖြစ်နေသည်။ သမ္မတကလင်တန် အိမ်ဖြူတော်သို့ ရောက်သည့်အချိန်မှစ၍ ရှစ်နှစ်၊ ကျွန်မအတွက် ကိုးနှစ်မှာ မယုံကြည်နိုင်အောင် ဖြစ်ရသည်။ အိမ်ဖြူတော်၏ ကာလယန္တရားထဲတွင် ကျွန်မ နေခဲ့သည်။ ယင်းမှာ အမြဲထာဝရ ခရီးပမ်းမှုကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော် ယင်းမှာ ကျွန်မသည် သတ်ကွင်း (Kill Zone) နေခဲ့ရသောကြောင့် ဖြစ်သည်။ ထိုနေရာတွင် ကျွန်မသည် အချိန်ကိုက် အာရုံစိုက်ထားရသည်မှာ အချိန်၏ပြောင်းလဲမှုကို တိကျစွာတိုင်းတာရန် အရည်အချင်း ပျောက်သွားသည်အထိ ဖြစ်သည်။

အိမ်ဖြူတော်တွင် အချိန်ကို တွေ့ဆုံပွဲများ၊ လှုပ်ရှားမှုများ၊ ညဥ့်အိပ်ညဥ့်နေသွားလာနေထိုင်မှု၊ မှတ်တမ်းမဝင်သော လေ့လာရေးခရီးများဖြင့် သတ်မှတ်ထားသည်။ သမ္မတ ဘယ်ရောက်နေသည်၊ ဘာလုပ်နေသည်ကို တိုးတိုးသက်သက်ပြောသော 'အော်စကာ' ရေဒီယိုမှ အကြောင်းကြားသူ၏ အသံကို ကျွန်မက ရင်းနှီးလာသည်။ ဤအကြိမ်သည် ယာဉ်ကြောကို စောင့်ကြည့်ရတာ စိတ်ရှုပ်ဖွယ် နားထောင်ကိရိယာကို တပ်ဆင်ရတာ၊ လေးလံသော ရေဒီယိုကြိုးကို ခါးပတ်တွင် ပတ်ရတာ၊ ကျောကုန်းနှင့် လည်ပင်းနာအောင် ဆေးအိတ်ကို တရွတ်တိုက်သယ်ရတာ၊ ဆေးရုံမှာ ကျွန်မကို ထားရတာ နောက်ဆုံးအကြိမ် ဖြစ်ပေလိမ့်မည်။ ကျွန်မရုံးခန်း၏ ပစ္စည်းကိရိယာအားလုံးကို စွန့်လွှတ်ရန် ကျွန်မ အသင့်ဖြစ်နေသည်။

ဇန်နဝါရီ ၂၀ ရက်ကို ဦးတည်သော ရက်သတ္တပတ်များက အလျင်အမြန် ကျော်ဖြတ်သွားသည်။ သမ္မတက Bethesda ရေတပ်ဆေးရုံတွင် နောက်ဆုံး ဆေးစစ်ချက်ခံယူ၍ ထိုနေရာရှိ ဆေးရုံဝန်ထမ်းများကို နှုတ်ဆက်သည်။ သမ္မတမိသားစု၏ ဆေးမှတ်တမ်းကို စုစည်းကာ လုံခြုံစွာ ထိန်းသိမ်းမှုအတွက် သူတို့ကို ပေးခဲ့သည်။ သမ္မတမိသားစု အနာဂတ်ဆေးစောင့်ရှောက်မှုအတွက် သူတို့အိမ်နှင့်နီးသော အရပ်သားဆရာဝန် သမားတော်များကို ကျွန်မက တွေ့ဆုံစစ်ဆေးကာ ရွေးချယ်သည်။ လွှတ်တော်အမတ် (ဆီနိတ်တာ) တစ်ဦးအနေနှင့် ဟီလာရီက ကျွန်မ၏မိတ်ဆွေ ရေတပ်ဗိုလ်ချုပ် ဂျွန်အီဆိုးလ် (John Eisold) က ကိုင်တွယ်သော ကွန်ဂရက်ရှိ သမားတော်ရုံးခန်း ဆေးစောင့်ရှောက်မှုကိုရမည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ လူနာများဖြစ်သော သမ္မတမိသားစုသည် ကျွန်မ၏ခေါင်းထဲတွင် ရှိနေလိမ့်မည်။ တခြားဆရာဝန်များထံသို့ လွှဲပြောင်းပေးလိုက်သော်လည်း ကျွန်မ၏ကိုယ်ပိုင် လက်ကိုင်ဖုန်းနံပတ်ကို ကလင်တန်မိသားစုနှင့် သူတို့၏ ကိုယ်ရေးအရာရှိများ ယူထားကြသည်။

■

'လင်းယုန်၊ အမြဲစိမ်းစွမ်းရည်တို့ ကားဆီသို့ သွားနေပြီ'

အော်စကာရေဒီယိုမှ အကြောင်းကြားသည့် ယောကျ်ားအသံ ပေါ်ထွက်လာသည်။ ကျွန်မ အရန် 'လင်မိုဆင်း' (Limousine) ကားထဲသို့ ဝင်လိုက်သည်။ ကလင်တန်၏ ကိုယ်ရေးအရာရှိ 'ဒေါ်ဆန်' (Dong Band) က ကားထဲသို့ ဝင်၍ ကျွန်မဘေးရှိ ခါတိုင်းနေရာတွင် ဝင်ထိုင်သည်။ သူက ရှေ့တိုးကာ ကျွန်မကို ပွေ့ဖက်နှုတ်ဆက်သည်။ 'တစ်ကြိမ်လောက် ကားစီးလိုက်ကြရအောင် ဒေါက်တာ' သူ့အသံထဲတွင် စိတ်လှုပ်ရှားနေသော တုန်သံပါနေသည်။

'ကျွန်တော်တို့ အတူတူ ကောင်းကောင်း ကားစီးခဲ့ကြတယ်နော် ဒေါက်တာ' တကယ့်ခရီးတစ်ခုပါဘဲ။

နောက်ဆုံးနေ့တွင် မြင့်တက်လာသော စိတ်လှုပ်ရှားခံစားမှုကြောင့် မျက်ရည်များစို့မလာစေရန် ကျွန်မ ကြိုးစားသည်။ ကျွန်မအလုပ်ကို ကျွန်မလုပ်ရသည်၊ သမ္မတကို စောင့်ရှောက်ရသည်။ သူကအလုပ်ကို တစ်ရက်ပို၍လုပ်နိုင်အောင် ကျွန်မက ပံ့ပိုးရသည်။ ထို့နောက် ကျွန်မ၏ တာဝန်ကပြီးဆုံးတော့မည်။

ထိုအချိန်တွင် 'ဒစ်တပ်ဘ်' (Dick Tubb) က မော်တော်ယာဉ်တန်းထဲတွင် ရှိနေကာ မနိုင်သောသမ္မတ၏နောက်က လိုက်နေသည်။ ဂျော့ဒဗလျူဘွတ်ရှ် (George W.H Bush) က သမ္မတဖြစ်နေသောအခါ သူ၏အကြီးမားဆုံးသော 'ဂျူနီယာ' ကို ကျွန်မ မတွေ့ခဲ့ဖူးပေ။ ဒေးဗစ်စခန်း (Camp David)တွင် သူ 'ဝေါလီဘော' (Wolleyball)ကစားနေခဲ့ဖြစ်သည်။ ၎င်းမှာ ဘော်လီဘော (Volleyball) ပင်ဖြစ်ပါသည်။ သို့သော် ဘောလုံးကို နံရံမှကျော်သွားအောင် ကစား၍ရသည်။ ခင်စရာကောင်း၍ ဉာဏ်ရွှင်ကာ တစ်ဖက်သားကို စိတ်သက်သာအောင် လုပ်တတ်သည့် ခေါင်းမာသောလူဖြစ်သည်။ လေးဆယ့်သုံးကြိမ်မြောက် သမ္မတဖြစ်လာမည့် ထိုပုဂ္ဂိုလ်သည် ဒေါက်တာတပ်ဘ် (Dr.Tubb) ကို ချက်ချင်းသဘောကျလိမ့်မည်ဖြစ်ကြောင်း ကျွန်မ သိသည်။ သမ္မတနှင့်ဆိုင်ရာကို တွဲဖက်ပေးသူအနေနှင့် ကျွန်မအခန်းကဏ္ဍသည် သမ္မတအသစ်၏ ကိုယ်ရည်ကိုယ်သွေးအား ထပ်လောင်း အားဖြည့်ပေးသည့် ဆရာဝန်တစ်ယောက်ကို ရွေးချယ်ပေးလိုက်ရာတွင် အောင်မြင်သွားသည်။ တပ်ဘ် (Tubb)သည် သမ္မတက ချစ်စနိုးခေါ်သောအမည် 'Tubbster' ကို ရလိမ့်မည်။

the bookhouse
we bring your thirst
www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သမ္မတ၏သမားတော်အဖြစ် သတ်မှတ်ခံရကာ အိမ်ဖြူတော်တွင် ဆယ့်သုံးနှစ်ကြာ နေရစ်ခဲ့လျက် ကျွန်မ၏စံချိန်ကိုပင် ကျော်သွားသည်။ ထိုနေရာရှိ သူ၏သက်တမ်းတွင် သူ၏ နှိပ်ချုပ်မှုနှင့် စိတ်ဓာတ်ဖြူစင်မှုက မည်သည့်အခါမျှ မပြောင်းလည်းပေ။

ကက်ပီတို (Capitol) ရှိ ကြိုဆိုမိတ်ဆက်ပွဲ အခမ်းအနားက ခပ်ဝါးဝါးလှုပ်ရှားမှုတစ်ခုသာ ဖြစ်သည်။ ကျွန်မက တာဝန်ကျဆရာဝန်၏ အလုပ်ပုံစံ အနေအထားဖြစ်သွားကာ 'ကက်ပီတို' လှေကားထစ်များနှင့်နီးသော လျှောက်လမ်းတစ်ခုတွင် စင်မြင့်ဘေးတွင် ရှိရမည့် ကျွန်မ၏နေရာကို ယူထားသည်။ 'ဂျော့ဘွတ်ရှ်' (George Bush) ကျမ်းသစ္စာကျိန်ဆိုရန် ထွက်အလာ ကျွန်မနှင့် ပေအနည်းငယ်အကွာတွင် ခဏရပ်သည်။ သူက အခင်းအကျင်းလှပသော ရှုခင်းနှင့် သူ့အလာကို စောင့်နေကြသော ခံ့ညားသော ညှိပရိသတ်အစုံအညီကို ဝေ့ကြည့်လိုက်သောအခါ သူ့မျက်လုံးများက (သူ့အဖေကို သတိရစရာပင်) မျက်ရည်စများ တွဲခိုနေသည်။ သူ၏ ရုံးခန်းသက်တမ်းတွင် အဆင်ပြေ ချောမွေ့ပါစေကြောင်း ကျွန်မက သူ့အတွက် ငြိမ်ငြိမ်သက်သက် ဆုတောင်းပေးပါသည်။ နာရီက ဆယ်နှစ်နာရီတိတိ ထိုးသောအခါ 'ကလင်တန်' ထံမှ ဘွတ်ရှ်ထံသို့ လွှဲပြောင်းသွားသော သမ္မတအဖြစ်နှင့်အတူ 'ဘွတ်ရှ်' က ကျမ်းသစ္စာကျိန်ဆိုသော အချိန်၌ ကျွန်မကျေးဇူးတော် ဆုတောင်းကို ငြိမ်သက်စွာ ရွတ်ဆိုသည်။ ကျွန်မ၏လူနာ 'ကလင်တန်' ၏ သက်တမ်းပြီးသောအခါ သူသည် သက်တမ်းနှစ်ခုနေခဲ့ပြီး လုပ်ကြံခံရသည့် အဖြစ်ဆိုးကို မကြုံကြိုက်ခဲ့ရပေ။ ကလင်တန်ကို သမ္မတဟောင်း၊ သာမန်လွတ်လပ်သော နိုင်ငံသားတစ်ယောက်ဖြစ်ခွင့် ပေးလိုက်ကာ 'ဘွတ်ရှ်' က သမ္မတဖြစ်လာသောအခါ ကျွန်မက စိတ်သက်သာရာရသွားပြီး ကျေးဇူးတင်မိသည်။

အခမ်းအနားပြီးဆုံးသွားသည့် တစ်ပြိုင်နက် နောက်လှုပ်ရှားမှုက ထွက်ခွာသွားဖို့ပင် ဖြစ်သည်။ ထိုနေ့နံနက်က မိုးနှင့်နှင်းကျသောကြောင့် သမ္မတဟောင်းကို 'ကက်ပီတို' မှ 'အင်ဒရူး' သို့ ဟယ်လီကော်ပတာဖြင့် မပို့။ ကားဖြင့်သွားကြသည်။ သို့သော် အရင်က ကားဖြင့်သွားပုံမျိုးတော့ မဟုတ်ချေ။ သွားနေကျ မော်တော်ယာဉ်တန်း၏ လျှော့သောပုံစံဖြစ်သွားသည်။ အရန်လင်မိုဆင် Linmosin နှင့် ဆင်ဆင်တူသော ကားထဲတွင် ကျွန်မက 'ဒေါ်ဘန်း' (Dong Band) နှင့်အတူ ထိုင်သည်။ မော်တော်ယာဉ်တန်းက အင်ဒရူး အခြေခံလေတပ်စခန်းသို့ သွားသောအခါ ကျွန်မတို့ အရင်က မလုပ်ခဲ့ဖူးသော အရာတစ်ခုကို လုပ်ကြသည်။ ထိုအလုပ်ကို ကလင်တန်သမ္မတဖြစ်စဉ်က မလုပ်ခဲ့ပါ။ မီးနီတွင် ကျွန်မတို့ ရပ်ကြသည်။ ကျွန်မတို့မှာ သမ္မတ၏ အခွင့်အရေးဖြစ်သော ကြားဖြတ်ထိန်းချုပ်မှု မရှိတော့ပါ။

'သူဟာ သမ္မတမဟုတ်တော့ဘူးလို့ ခင်ဗျား သူ့ကိုပြောနိုင်တယ်လို့ ကျွန်တော်ထင်တယ်'

ကားက မီးနီတွင် ရပ်နေခိုက် ပြတင်းပေါက်အပြင်သို့ ကြည့်ရင်း 'ဒေါ်'က ကျွန်မကို သက်ပြင်းချကာ

the bookhouse
we bring you future

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

ကျွန်မတို့က 'လေတပ်အမှတ်-၁' (Air Force one) ဟုသိသော ၇၄၇ ဂျက်လေယာဉ်ကြီးက ပြေးလမ်းပေါ်တွင် စောင့်နေသည်။ အမေရိကန်ပြည်ထောင်စုသမ္မတက လေယာဉ်ပေါ်တွင် စောင့်နေသည်။ အမေရိကန်ပြည်ထောင်စုသမ္မတက လေယာဉ်ပေါ်တွင် ရှိသည့်အခါမှသာလျှင် သီးခြားသတ်မှတ်ထားသော အမှတ်-၁လေယာဉ်ကို သမ္မတဟောင်းအတွက် တာဝန် ၂၈၀၀၀၀ (Missian 280000) ဟု ခေါ်သည်။ ကိုးနှစ်ကြာကြာ ကျွန်မအိမ်မှ အဝေးကို မိမိ၏ အိမ်ရာသဖွယ် ဖြစ်ခဲ့သောလေယာဉ်နှင့် ကျွန်ုပ်အခေါက်သည် နယူးယောက်မှသွားသော ကျွန်မ၏ နောက်ဆုံးအခေါက်ဖြစ်ကြောင်း သဘောပေါက်လျက် ကျွန်မသည် ဆေးဘက်ဆိုင်ရာ အခန်းထဲသို့ ဝင်သွားသည်။

ကလင်တန်၏ ချောကလက်ရောင် 'လဘ်ရေဒါ' အမဲလိုက်ခွေး (Cholocate Labrador Retriever) 'ဘပ်ဒီ' (Buddy) ကျွန်မအခန်းထဲသို့ အသာလေး တိုးဝင်လာသည်။ ကျွန်မနှင့်ဘတ်ဒီသာ ရှိသည်။ ကျွန်မနှင့်အတူ သူနာပြုလည်း မရှိတော့ပေ။ နယူးယောက်သို့ သမ္မတဟောင်းနှင့်လိုက်ပါရန် ကျွန်မသည် တစ်ဦးတည်းသော ဆေးဝန်ထမ်းဖြစ်သည်။ ထို့နောက် ထိုလေယာဉ်နှင့် အင်ဒရူးသို့ ပြန်လာရန်ဖြစ်သည်။

'ဟေး ဘတ်ဒီ' ကျွန်မက သူ့ကိုကြိုဆိုသည်။ သူက ကျွန်မကို ဝမ်းနည်းကြေကွဲသော မျက်လုံးများဖြင့် (သူ၏တောက်ပသောနေ့ရက်များ ကုန်ဆုံးသွားပြီကို သိနေသလို) မော့ကြည့်သည်။ ကျွန်မ၏ရှေ့ သူနာပြုထိုင်ခုံပေါ်တွင် သူက သက်သောင့်သက်သာ ထိုင်နေသည်။ ကျွန်မက သူ့ကိုကြည့်၍ ပြောလိုက်သည်။

'အိုကေ-ဘပ်ဒီ' ငါ့မှာ လေယာဉ်ပျံနေရင်း အရေးပေါ်ကိစ္စဖြစ်ရင် မင်း ငါ့ကိုကူပေါ့'

ကျွန်မက သူ့ကိုစသည်ကို သူကသိသလို ကျွန်မကို ဟောင်သည်။

ကျွန်မ၏အခန်းထဲတွင် ဧည့်သည်များက ပိုများလာသည်။ သမ္မတ၏အကူ ဂျိုဖားမား (Joefama)နှင့် ဖရက်ဒ်ဆန်ချက် (Fredsancheg) က ကျွန်မကိုတွေ့ရန် ရောက်လာသည်။

'Chappaqua' ကလင်တန်တို့၏အိမ်တွင် ကူညီလုပ်ကိုင်ပေးရန် ကလင်တန်က သူတို့ကို ခေါ်ထားသည်။

'ဟေး·· ဒေါက်တာ'

ဂျိုးက ကျွန်မအခန်း၏ အလယ်ခုံတွင်ထိုင်ကာ ကျွန်မကို ပြုံးပြသည်။

'ဒေါက်တာက သမ္မတကို စောင့်ရှောက်ဖို့ မလိုတော့ဘူးပေါ့'

'ကျွန်မသိပါတယ် ဂျိုး'

ကျွန်မက ပြောသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ 'မယို' ဆေးခန်း (Mayo Clinic) မှာ ကျွန်မ အလုပ်တစ်ခု ရထားတယ်။ အဲဒီမှာ ကျွန်မက ကုမ္ပဏီသမ္မတ (Company President) တော်တော်များများကို စောင့်ရှောက်ရမှာ သူတို့ကို ကျေနပ်အောင်လုပ်ပေးဖို့က သမ္မတထက် ပိုခက်မလား မသိဘူး'

'စကော့ဒေးလ်' ရှိ 'မယိုဆေးခန်း' က အရပ်သားအလုပ်ကို ကျွန်မက စိတ်ထက်သန်မှုရော၊ ကြောက်ရွံ့မှုပါ တစ်ပြိုက်နက်တည်း ဖြစ်နေသည်။ ကျွန်မမှာ စစ်တပ်ရာထူး လုပ်ပိုင်ခွင့်နှင့် ရင်းနှီးမှုရှိတော့မည် မဟုတ်ပေ။ ကျွန်မ၏ အစွမ်းအဆကို တစ်ဖန် ပြန်၍ပြရပေဦးမည်။ ကျွန်မ အနှစ်သက်ဆုံးလေယာဉ်ကို နောက်ဆုံးစီးရသည်ကို အာရုံစိုက်ရန် ထိုအကြောင်းတရားများကို ကျွန်မက ဘေးဖယ်ထားလိုက်သည်။

နယူးယောက်သို့ သွားသည့်ခရီးက တိုတောင်းသည်။ ကျွန်မတို့ ဆင်းသက်သောအခါ လေဆိပ်အဆောက်အအုံ ထဲတွင် များပြားလှသော လူအုပ်က နှုတ်ဆက်ကြသည်။ ကလင်တန်က စိတ်အားတက်ဖွယ် မိန့်ခွန်းပြောပြီးနောက် နှုတ်ဆက်ဖို့ အချိန်ရောက်လာသည်။ သို့သော် ကျွန်မက တစ်ဦးချင်း နှုတ်ဆက်ခွင့် မရလိုက်ပါ။ ဘေလ်ကလင်တန်နှင့် ဟီလာရီတို့ ပတ်လည်တွင် လူအုပ်ကတစ်အားများနေသည်မှာ ကျွန်မကဘေးသို့ အသာလေးထွက်၍ ရှရွန်ဖားမား (Sharon Farmer) ၏ ဘေးတွင်ရပ်နေရသည်အထိ ဖြစ်သည်။ သမ္မတ၏ ဓာတ်ပုံဆရာမှာ ချောမောလှပ၍ သာမန်ထက် ထူး ကျူးသော အာဖရိကန်အမေရိကန် ကပြားအမျိုးသမီး ဖြစ်သည်။ သူမ၏ ပုံသေနှုတ်ဆက်ခြင်းမှာ ငြိမ်းချမ်းရေးလက္ခဏာ လက်နှစ်ချောင်းထောင်ပြ၍ 'ဘေဘီ၊ ဘေဘီ' ဟု ရေရွတ်ခြင်းဖြစ်သည်။ 'ရှရွန်' ၏ ပွင့်လင်းမှုကို ကျွန်မက ချစ်သည်။ လေယာဉ်ပြေးလမ်းပေါ်ရှိ မျက်ရည်ကျဖွယ် အချိန်အခါကို သူမနှင့် မျှဝေခံစားရသည့်အတွက် သက်သောင့်သက်သာ ရှိသွား သည်။ 'ရှရွန်ကလည်း ကျွန်မကဲ့သို့ပင် သူမ၏မျက်လုံးက သမ္မတအပေါ်တွင် ထားသည်မှာ ရှစ်နှစ်ကြာခဲ့ပြီ။ သူမက သမ္မတ၏ဘဝတွင်ရှိ သမိုင်းဝင်နှင့် ကိုယ်ပိုင်အခါသမယများကို ကင်မရာမှန်ဘီလူးမှတစ်ဆင့် ဖမ်းယူထားခဲ့သည်။ ကျွန်မ ကတော့ အလုပ်ပိုင်းဆိုင်ရာ နီးကပ်မှုမှတစ်ဆင့် ထိုအခါသမယများကို မျက်စိနှင့် တပ်အပ်မြင်ခဲ့သည်။ သို့သော် နှလုံးခုန်နှုန်း၊ အသက်ရှူနှုန်း၊ သွေးပေါင်ချိန်စသည့် ဆရာဝန်၏မှန်ဘီလူးမှ ဖြစ်သည်။ သူမက သမိုင်းကို မှတ်တမ်းတင် သည်။ ကျွန်မ ထိုသမိုင်းကို ဖန်တီးစေဖို့ ကလင်တန်ကို ကျန်းမာအသက်ရှည်အောင် လုပ်သည်။

ကလင်တန်၏ မော်တော်ယာဉ်တန်းမှာ ကားအငယ်စားနှင့် SUV အနည်းငယ်ဖြစ်သည်။ သမ္မတဟောင်းသည် သမ္မတတံဆိပ်နှင့် လေထဲလွင့်နေသော အလံထောင်ထားသည့် လင်မိုဆင်း (Linmonsine) ကားရှေ့ထဲတွင် မထိုင်တော့ ပေ။ သူနှင့်ဟီလာရီကို အငယ်စား သူလိုငါလို ကားကလေးများ စု၍မောင်းရန် သင့်တော်သော ကားလေးထဲသို့ ခေါ် သွားကြသည်။ 'မော်တော်ယာဉ်တန်းက လေဆိပ်အဆောက်အအုံမှ ထွက်ခွာသွားသောအခါ သမ္မတဟောင်းပါသွားသော

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကားငယ်လေးကိုကြည့်ရင်း ကျွန်မက ၇၄၇ ဂျက်လေယာဉ်၏ရှေ့တွင် ရပ်နေသည်။ ကလေးများကျောင်းသို့ ပထမဆုံးအကြိမ် ထွက်သွားသလိုမျိုး ကျွန်မ ခံစားရသည်။ ရှစ်နှစ်တာ ကာလအတွင်းတွင် ပထမဦးဆုံးအကြိမ် ကျွန်မမှာ တာဝန်မရှိတော့ပေ။ ကားများ ထွက်သွားပြီကိုကြည့်ရင်း ကျွန်မ ငြိမ်သက်စွာငိုမိသည်။ စိတ်ကျဉ်းကျပ်စွာဖြင့် မျက်ရည်ကို ကျွန်မ သုတ်လိုက်သည်။ 'ရှရွန်'က ကျွန်မကို ပြေးဖက်ကာ 'ဘောဘီ၊ ဘောဘီ' ဟူ၍သာ ကျွန်မကိုနှစ်သိမ့်ဖို့ သူမက ပြောနိုင်တော့သည်။ သူမလည်း ငိုနေသည်။

ထိုနေ့ညနေ 'နယူးယောက်' မှ 'အင်ဒရူး' သို့ ကျွန်မ ပြန်လာသောအခါ အပေါက်ဝတွင် စောင့်နေကြသော ကျွန်မ၏ ကိုယ်ပိုင်ကြိုဆိုရေးအဖွဲ့ရှိသည်။ ရစ်ချတ်၊ အင်ဒရူး၊ ဂျေဆန်တို့က ကျွန်မကိုကြိုဆိုရန် လေဆိပ်ဘေးတွင် စောင့်နေကြသည်။ ကျွန်မသည် သမ္မတမိသားစုကို နှုတ်ဆက်စကားပြောခဲ့ပြီး ကျွန်မ၏ တကယ့်မိသားစုက ကျွန်မကို ကြိုဆိုနှုတ်ဆက် စကားပြောကြသည်။ ယင်းသည် ဇန်နဝါရီ ၂၀ရက် သမ္မတအသစ်ကို ကြိုဆိုနှုတ်ဆက်သောနေ့၊ ကျွန်မ၏တာဝန်နောက်ဆုံးနေ့၊ ရစ်ချတ်နှင့်ကျွန်မ၏ ၂၂နှစ်မြောက် လက်ထပ်သည့်နေ့။ ယင်းသည် အထိမ်းအမှတ် ပြီးဆုံးခြင်း၏ ပူဆွေးမှုနှင့် စတင်မှုများ၏အသစ် ဖြစ်သည်။ မိသားစု၏နွေးထွေးသော ပွေ့ဖက်မှုထဲတွင် ကျွန်မ ရောက်သွားကာ အိမ်သို့ ပြန်ကြသည်။

■

'ကျောင်းသူနာပြုအသစ်လား'

ဗာဂျီးနီးယားပြည်နယ်၊ 'စပရင်ဖီး' (Spring Field)ရှိ ကျွန်မသား၏ကျောင်း၌ အခန်းငယ်အရှယ်ရှိ ဆေးခန်းထဲတွင် မတ်တတ်ရပ်နေစဉ် မိန်းကလေးငယ်တစ်ယောက်က ကျွန်မကိုမေးသည်။ ကလင်တန်ရုံးက ထွက်သွားကတည်းက ကျွန်မသည် ဆေးအဖွဲ့တွင် တာဝန်အပ်နှံခြင်း ခံရဆဲပင် ရှိသေးသည်။ ကျွန်မ တရားဝင်အနားယူသည်အထိ ခံစားခွင့် ရက်ပေါင်း ၉၀ကို ကျွန်မက စုထားခဲ့သည်။ ထိုအချိန်ကို အရင်က ကျွန်မ တစ်ခါမျှမလုပ်ဖူးသော အရာတစ်ခုခုကို လုပ်ရန်သုံးသည်။ အိမ်တွင်းပုန်းအမေ အစားအသောက် ချက်ပြုတ်သည်။ အိမ်ကို သန့်ရှင်းရေးလုပ်သည်။ သားနှစ်ယောက်ကို ကြည့်ရှုလုပ်ကိုင်ပေးသည်။ ကျောင်းပို့ကျောင်းကြို လုပ်သည်။ သူတို့၏ကျောင်းတွင် ဆေးဘက်ဆိုင်ရာအလုပ် လုပ်ကိုင်ဖို့ ကျောင်းသူနာပြုတစ်ယောက် လိုသည်။ တစ်ပတ်တွင် နာရီအနည်းငယ် ဝင်လုပ်ပေးရမည်။ ကျွန်မက အပျော်သဘော ဝင်လုပ်ပေးလိုက်သည်။ ကျွန်မတွင် ဆေးဘက်ဆိုင်ရာ ဘွဲ့ဒီဂရီရှိသော်လည်း သူနာပြုနေရာတွင် ဝင်လုပ်ပေးရမည်ကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မရဲတရဲဖြစ်မိသည်။

'ငါက ဆရာဝန်ပါကွယ်။ သူနာပြုတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ငါ မင်းကိုကူညီနိုင်မှာပါ'

ခန်းမထဲတွင် ချီတုံချတုံနှင့် မဝံ့မရဲဖြစ်နေသော ဆံပင်ထောင်ထောင်နှင့် မိန်းကလေး သေးသေးလေးကို ကျွန်မက ပြောလိုက်သည်။ မကြာမီ သူနှင့်ရွယ်တူ မိန်းကလေးများက သူ့ဘေးတွေ ပေါ်လာကြသည်။ သူတို့အထဲမှ ဆံပင်နီနီ၊ လှိုင်းတွန့်တိုတို ညှပ်ထားသော ကောင်မလေးက သူတို့သုံးယောက်ကိုယ်စား ပြောသည်။

'ကျွန်မတို့ ခေါင်းကိုက်လို့ပါ'

ကျွန်မက မရယ်မိအောင် ချုပ်တီးထားလိုက်ရသည်။

'မင်းတို့ အကုန်လုံး ခေါင်းကိုက်တာလား'

သူတို့က ခေါင်းညိတ်သည်။

'မင်းတို့တက်တဲ့အတန်းက တော်တော်ဆိုးရမယ်။ 'တိုင်နိုးလ်' (Tynlenol)ကို သောက်'

■

ဗာဂျီးနီးယားရှိ လုပခဲ့ညားသော နွေဦးပေါက် စနေနေ့ နံနက်ခင်းတစ်ခုဖြစ်သည်။ မိသားစုအခန်းထဲတွင် ကျွန်မက သားနှစ်ယောက်နှင့်အတူ ရုပ်မြင်သံကြား ကြည့်နေသည်။ ကျွန်မ၏ဘေးတွင် သူ ကာတွန်းဖွင့်နေသော သားနှစ်ယောက်နှင့် ကျွန်မက ခုတင်ပေါ်တွင် ထိုင်နေသည်။ စနေနေ့နံနက် ကာတွန်းကားကို သူတို့က တဟားဟား ရယ်နေကြသည်။ သူတို့၏ ရွှင်ပြုံးနေသော မျက်နှာများကို ကျွန်မက ကြည့်သည်။ လွန်ခဲ့သော ၁၀နှစ် ကျွန်မတို့ ဗာဂျီးနီးယားကို ရောက်သည့်အချိန်မှစ၍ သူတို့ထွားလာကြသည်။ သူတို့ကို ခရစ်ယာန်အလွတ်ပညာသင်ကျောင်း (စကော့ဒေးလ်) တစ်ခုက လက်ခံလိုက်ပြီး နွေရာသီတွင် ထိုနေရာသို့ပြောင်းရန် စောင့်မျှော်နေကြသည်။ စကော့ဒေးလ်တွင် ရေကူးကန်ပါသော အိမ်တစ်ဆောင် ကျွန်မတို့ ရရှိမည်ဖြစ်သည်။

သားများက ရုပ်မြင်သံကြားဇာတ်လမ်းကို သဘောကျနေစဉ် ကျွန်မက သူတို့ကို ပြောသည်။

'နောက်ဆုံးမှာ မင်းတို့ အတူတူ အိမ်မှာပြန်နေရတာ ငါဝမ်းသာတယ်။ ငါ အဝေးရောက်နေတုန်းက မင်းတို့ကို တကယ်လွမ်းတယ်'

ကျွန်မ အဝေးကို ရောက်နေသောအခါ ကျွန်မ သေသွားသလို ဖြစ်သည်ဟု သူရေးထားသော 'ဂျေဆန်' ၏

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းကို ကျွန်မက သတိရသည်။

'အခုတော့ မင်းတို့အားလုံးနဲ့ အိမ်မှာ ပြန်အတူနေရတာ ကောင်းပါတယ်'

'ဂျေဆန်က ပြန်ပြောသည်' ဟုတ်တယ်အမေ၊ အမေမရှိတော့ ကျွန်တော်တို့ အမေ့ကို သိပ်လွမ်းတယ်။ အခု အမေ ဒီမှာ တစ်ချိန်လုံး ရှိနေပြန်တော့ ကျွန်တော်တို့အမေ့ကို ငြီးငွေ့သလို ဖြစ်လာတယ်'

ကျွန်မက သူတို့ကိုဖက်ပြီး ဆံပင်များကို ပွတ်သပ်ပေးလိုက်တော့ ကလေးများက ရယ်ကြသည်။

■

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရွှေရောင် ယူနီဖောင်းဝတ်ထားသော အစောင့်သည် မှန်ပြတင်းပေါက်၏နောက် သူ၏စာရွက်စာတမ်းများနှင့် အလုပ်များနေ၍ မော့ကြည့်ရုံသာ ကြည့်သည်။

'ဒရိုင်ဘာလိုင်စင်'

ကျွန်မနှင့် မျက်လုံးချင်းမဆိုင်ဘဲ သူက ပါးစပ်မှ ခပ်ဖွဖွပြောသည်။ ကျွန်မနှင့်ကျွန်မအဖော် ဂျွန်ဝက်ဘာ (John Weber) က အနောက်မြောက် ဧည့်ဝင်ပေါက်၏အပြင် နိုဝင်ဘာလ၏ အအေးဓာတ်ထဲတွင် ချမ်းတုန်လျက် မတ်တတ်ရပ်နေသည်။ ထိုလူငယ်က မော့ကြည့်မည်ဆိုလျှင် သမ္မတ၏ သမားတော်ဟောင်းကို မှတ်မိ ကောင်းမှတ်မိပါလိမ့်မည်။ သို့သော် ကျွန်မက မိမိကိုယ်မိမိ သိပ်ထင်းလွန်းနေသည်ဟု ကျွန်မ သဘောပေါက်လိုက်ပါသည်။ အိမ်ဖြူတော်ရှိ ကျွန်မ၏နေရာမှ စွန့်ခွာခဲ့သည်မှာ ခုနစ်နှစ် ကြာသွားပေပြီ။ ထိုအချိန် အပေါက်ဝတွင်ရှိ ထိုအစောင့်သည် ဆယ့်ရှစ်ကေကျယ် အိမ်ဖြူတော်သို့ ခြေချဖို့ နေနေသာသာ အထက်တန်းကျောင်းတောင်မှ ပြီးဆုံးမည် မဟုတ်သေးချေ။

**အခန်း-၁၈**

**ဆရာဝန်၏ တိုးတက်မှု မှတ်တမ်း-၁**

ထိုနေ့မှာ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့၊ သမ္မတ ဂျွန်အက်ဖ်ကနေဒီ (John F Kennedy) လုပ်ကြံခံရမှု ၏ လေးဆယ့်ငါးနှစ်မြောက်နေ့ ဖြစ်သည်။ ထိုနေ့မှာ ထူးထူးခြားခြားနေ့ ဖြစ်သော်လည်း သမ္မတ၏နောက်သို့ လိုက်နေသော ကိုးနှစ်တာ ကာလအတွင်း လုပ်ကြံမှုအတွက် ဆေးဘက်ဆိုင်ရာအရ နေ့ရှိသရွေ့ ပြင်ဆင်ရသော ကျွန်မအတွက်တော့ အထူးအဆန်း မဟုတ်ပါပေ။ သမ္မတကနေဒီ လုပ်ကြံခံရသည်ဟု သီလရှင်တစ်ယောက်က ကျွန်မတို့ ဆရာမကိုပြောသောအခါ ကျွန်မက အတန်းထဲမှာ ငြိမ်ငြိမ်ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကလေးတို့၊ သမ္မတအတွက် မင်းတို့ ဆုတောင်းပေးရမယ်'

အနက်နှင့်အဖြူရောင်အဝတ် ဝတ်ဆင်ထားသော သီလရှင်က ဖြည်းဖြည်းနှင့် လေးလေးနက်နက်ပြောသည်။ ထိုနေ့နေ့လယ်ပိုင်း အိမ်ပြန်ရန် ကျောင်းသားများ တန်းစီနေသောအခါ သမ္မတကြီးကွယ်လွန်ပြီဟု သီလရှင်ကပြောသည်။

'မင်းတို့ ဖိဖိစီးစီး ဆုမတောင်းခဲ့ကြဘူး' သူမက ကျွန်မတို့ကို ခပ်တိုးတိုး အပြစ်တင်သည်။ သူမက ဆုတောင်းခန်းသို့ ပြေးသွားသောအခါ သူမ၏ အနက်ရောင်စကတ်က တန်းစီနေသော ကျောင်းသားများကို ရှပ်တိုက်သည်။

အစောင့်အား ကျွန်မ၏ 'အရီဇိုးနား' (Arigona) ဒရိုင်ဘာလိုင်စင်ကိုပေးရင်း ထိုနေ့က ကျွန်မခေါင်းထဲ ရောက်လာသည်။ ဆုတောင်းခြင်းနှင့် ပတ်သက်၍လည်း ကျွန်မ တွေးမိသည်။ အိမ်ဖြူတော်တွင် ကျွန်မရှိနေစဉ် အများကြီး ဆုတောင်းခဲ့သည်။ သို့သော် ၂၀၀၁ခုနှစ်၊ ဇွန်လ ကျွန်မ ရေတပ်မှအနားယူသောအခါ ပို၍တောင် ဆုတောင်းပေးသည်။ ကျွန်မ၏ဆုတောင်းများသည် တစ်နည်းနည်းနှင့်တော့ ပြည့်ဝခဲ့သည်။ ကျွန်မသည် မျှော်လင့်မထားသော အရာကို အသားကျလာပြီး ကြိုဆိုတောင် ကြိုဆိုတတ်လာသည်။ ဆယ်စုနှစ်နီးပါး ကျွန်မနေခဲ့သော အိမ်ဖြူတော်တွင် ကျွန်မအား စစ်လားဆေးလားလုပ်သည်ကို သည်းခံ၍ မတ်တတ်ရပ်နေစဉ် မကြာသေးမီ နှစ်များစွာက မျှော်လင့်မထားသည်များကို ကျွန်မ မည်သို့လက်ခံခဲ့ကြောင်း စဉ်းစားနေသည်။ သည်နေ့ လာရခြင်းအကြောင်းမှာလည်း မိတ်ဆွေဟောင်းတစ်ယောက်က မမျှော်လင့်သော ခေါ်ဆိုမှုကြောင့်ပင် ဖြစ်သည်။

'ဟေး... ဘေ့စ်'

ဗိုလ်ချုပ်ဒစ်တပ်ဘ် (Dick Tubb)၏ ရွှင်ပျသောအသံက တယ်လီဖုန်းမှနေ၍ ကျွန်မကို နှုတ်ဆက်သည်။ သမ္မတဆေးဘက်ရုံး၏ ရှစ်နှစ်တာသက်တမ်း၏ နောက်ဆုံးနေ့များတွင် သမ္မတအား စောင့်ရှောက်ပေးနေရသည် ဖြစ်သော ကြောင့် သူသည် အကျဉ်းအကျပ်ထဲ ရောက်နေကောင်းနေမည်။ ထိုအကျဉ်းအကြပ်ကို သူ၏အသံက ဖုံးထားသည်။

'ဘိုဆယ်လီ (Boulli) က ပွဲကြည့်ဖို့ ဒီစနေ၊ တနင်္ဂနွေမှာ ခင်ဗျားနဲ့ ဂျွန် (John) မြို့ထဲကို လာမယ်ဆိုတာ ကျွန်တော် သိတယ်။ လက်ဆောင်တစ်ခုယူရအောင် ခင်ဗျား ရုံးခန်းအဟောင်းကို ဝင်ခဲ့ပါလား'

'တပ်ဘ်' (Tubb) ၏ ဖုန်းခေါ်သံကို ကြားရတာ ကျွန်မ အံ့လည်းအံ့သြ၊ ဝမ်းလည်းဝမ်းသာသွားသည်။ သူက ဆေးအဖွဲ့ကို တာဝန်ယူကာ သမ္မတဘွတ်ရှ် စောင့်ရှောက်သည့် နှစ်များတစ်လျှောက်လုံး ကျွန်မက သူနှင့် အဆက် အသွယ် မပြတ်ခဲ့ပေ။ တပ်ဘ် (Tubb) က အိမ်ဖြူတော်တွင် ဆယ့်သုံးနှစ်ကြာသွားကာ ကျွန်မ၏သက်တမ်း ကိုးနှစ်ထက် ပို သွားသည်။ 'ကလင်တန်' ၏ သမ္မတရာထူးနှင့် ဆက်စပ်သော ပဋိပက္ခအငြင်းပွားမှုများကြောင့် ထိုနေရာရှိ ကျွန်မ၏ အချိန်များကို ခွေးနှစ်များနှင့် ရေတွက်ခဲ့ဖို့ ကောင်းသည်ဟု ကျွန်မ ခံစားမိသည်။ သို့သော် စက်တင်ဘာ ၁၁ သမ္မတကြီး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သော သမ္မတဘွတ်ရှ်၏ သမားတော်အနေနှင့် လိုက်ပါရသော 'ဒစ်တပ်ဘ်' Dick Tubb ၏ ခရီးစဉ်များကို ကျွန်မ တွေးမိသည့်အခါ 'ကလင်တန်' ၏ အောက်တွင် ကျွန်မ၏မွန်းကြပ်သောအချိန်များ နှိုင်းယှဉ်ကြည့်လျှင် အသေးအမွှားသာ ဖြစ်ပါသည်။

'တပ်ဘ်စတာ'

သမ္မတ 'ဂျော့ဘွတ်ရှ်' က သူ၏ဆရာဝန်ကို ခေါ်သော ငယ်နာမည်ဖော်ကာ ကျွန်မက ပြုံး၍ပြောလိုက်သည်။ ဒေါက်တာတပ်ဘ် (Dr.Tubb)၏ ဘဝရှိ မကြာသေးမီကဖြစ်သော အကြောင်းများကို ကျွန်မစဉ်းစားရင်း 'မြောက်ဘက် စကော့ဒေးလ်' (North scottsdals) ရှိ ကျွန်မ၏ဆေးခန်းထဲတွင် သက်သောင့်သက်သာ ထိုင်နေသည်။ ကျွန်မကိုယ်ပိုင် ရုံးခန်း၏ ပြတင်းပေါက်က မြင်နေရသော တောက်ပသော ကောင်းကင်ပြာယန်းချီကားချပ်ကြီးကို ငေးမောအံ့သြနေမိသည်။

'ဂျွန်နဲ့ကျွန်မ ဒီအပတ် အားလပ်ရက်မှာ ဒီမီကို ရောက်လိမ့်မယ်'။ ရှင်အလုပ်က ထွက်မသွားခင် ကျွန်မရဲ့ ရုံးခန်းဟောင်းကို အနည်းဆုံး တစ်ခေါက်လောက်လာနိုင်တဲ့ အခွင့်အရေးကို ကျွန်မ လက်လွှတ်မခံနိုင်ပါဘူး။ ဒါပေမဲ့ ပြောစမ်းပါဦး၊ ဘာလက်ဆောင်လဲဆိုတာ'

'ဒါက ခင်ဗျားအတွက် ကျွန်တော်က အံ့သြအောင်လုပ်ထားတာ'

'တပ်ဘ်' က ရယ်သည်။ သူက ခေါင်းကို နောက်သို့မော့လိုက်ပုံ၊ အခု အဖြူရောင်ဖြစ်နေသော ခေါင်း၏ နောက်ဘက်ဆံပင်အား သူ၏မူပိုင်ဟန် စုစည်းထားသည့် ပုံစံကို ကျွန်မက မြင်ယောင်လိုက်ပါသည်။

'ကျွန်တော်ပြောနိုင်တာကတော့ အဲဒါက ခင်ဗျား မေ့လျော့သွားပုံရတဲ့ အတိတ်က ပစ္စည်းတစ်ခုပါ'

အတိတ်က ရှင်မြူးစရာ တစ်ခုခုလား။ 'တပ်ဘ်' က ကျွန်မ၏ သိချင်စိတ်ကို မရိုးမရွဖြစ်အောင်လုပ်သည်။ ကျွန်မ၏ ရုံးခန်းဟောင်းကို သွားရောက်လည်ပတ်ဖို့ ကျွန်မ မျှော်လင့်နေခဲ့သည်။ သို့သော် ကျွန်မ အံ့သြစရာ လက်ဆောင်ပစ္စည်းတစ်ခုက ကျွန်မအား စောင့်စားနေသည်ဆိုသောကြောင့် အခုပို၍ သွားချင်စိတ်ပေါက်လာသည်။ အတိတ်ကာလ နှစ်က အံ့သြစရာ၊ မမျှော်လင့်သော အကြောင်းအရာတွေနှင့် ပြည့်နေခဲ့သည်။ သည်တော့ အိမ်ဖြူတော်မှ ပစ္စည်းသည် အဘယ်ကြောင့် အံ့သြစရာ မဖြစ်ရမည်နည်း။

■

၂၀၀၁ ခုနှစ်တွင် ကျွန်မတို့ 'စကော့ဒေးလ်' သို့ပြောင်းရွှေ့သောအခါ ကျွန်မမိသားစုက သက်သောင့်သက်သာ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဘဝနေထိုင်မှုပုံစံထဲတွင် အခြေကျသွားခဲ့သည်။ 'အင်ဒရူး'နှင့် 'ဂျေဆန်' က သူတို့ကျောင်းကို ပျော်ကြသည်။ ကျောင်းမှာ သူတို့ စာတော်ကြပြီး သူငယ်ချင်းအသစ်များလည်း ရကြသည်။ အရီဇိုးနားသို့ ပြောင်းရွှေ့ခြင်းက အဆင်ပြေသွားသည်ကို ကျွန်မစိတ်ထဲ ပေါ့ပါးသွားသည်။ ကျွန်မတို့၏ သားများ ကျောင်းစတက်သည့်အချိန်နှင့် အချိန်ကိုက်ဖြစ်ကာ ထိုနေရာတွင် မိတ်ဆွေအပေါင်းအသစ်ဖွဲ့ဖို့ကလည်း အရေးကြီးသည်။

'ရစ်ချတ်' က အရီဇိုးနားကို ချစ်သည်။ သူ၏ချစ်လှစွာသော 'စင်ဒီရယ်ဂို'နှင့် ရာသီဥတု၊ အစားအစာ ဟူသောကြောင့် ဖြစ်သည်။ သူက ဒီစီရှိ သူ၏ ဥပဒေအကျိုးဆောင်အဖွဲ့နှင့် အဆက်အသွယ်မပြတ်ရှိပြီ၊ ပရော့ဂျက်လုပ်သည်။ တရားရုံးလျှောက်ထားချက်များ၊ သင်ခန်းစာ ဟောပြောချက်များကို ရေးသည်။ နောက်ဆုံးတွင် သူ့ကို ပျော်ပျော်ရွှင်ရွှင် မြင်နေရသည့်အတွက် ကျွန်မ စိတ်သက်သာရာ ရသွားသည်။ သူက 'အရီဇိုးနား' တွင် ကားမောင်းနေစဉ် တစိမ့်စိမ့် ပျော်ရွှင်မှုအချိန်များကို ခံစားနေသည်။

ကျွန်မအတွက်ကတော့ အရီဇိုးနား၏ လှပ၍ သက်သောင့်သက်သာရှိသော နေထိုင်မှုပုံစံကို သဘောကျပါသည်။ သို့သော် ကျွန်မ လက်ခံသောအလုပ်နှင့် ပတ်သက်၍ကတော့ အရမ်းသေသေချာချာ သိသည်တော့မဟုတ်ပေ။ ကော်ပိုရေးရှင်းမှ အလုပ်အမှုဆောင်လူကြီးများကို နှစ်စဉ်ကျန်းမာရေး စစ်ဆေးမှုလုပ်သော Executive health division တွင် အလုပ်လုပ်ရန် 'မယိုဆေးခန်း' Mayo clinic က ကျွန်မကိုငှားသည်။ ပုံမှန်အလုပ်ချိန် လခကောင်းကောင်း၊ ကြိုတင်ခန့်မှန်း၍ရသော အလုပ်နေ့ရက်၊ ကျွန်မ အရင်ကအလုပ်နှင့် ပြောင်းပြန်ဖြစ်သည်။ အစီအစဉ်ကို ကျွန်မ ဦးဆောင်စရာမလို။ ကျွန်မက မည်သည့်အရာ၏ တာဝန်ခံမဟုတ်။ စစ်ဘက်တာဝန်ထမ်းဆောင်ပြီးနောက် အထူးသဖြင့် အိမ်ဖြူတော် ဆေးအဖွဲ့တွင် တာဝန်ခံလုပ်လျက် တစ်ဘဝလုံး လုပ်နေခဲ့ရသည့်အတွက် လုပ်သားများဖြစ်လာသော အခွင့်အရေးကို ကျွန်မကြိုဆိုသည်။ သို့သော် လအနည်းငယ်ကြာသောအခါ ကျွန်မသည် ပျားဘုရင်မအဖြစ်ကို သတိရတမ်းတလာသည်။ ကျွန်မသည် တာဝန်ရှိသူတစ်ယောက်ဖြစ်ဖို့ လိုအပ်သည်။

၂၀၀၅ ခုနှစ်၊ အောက်တိုဘာလတွင် ကျွန်မသည် 'မယိုဆေးခန်း' (Myao clinic) ဆေးခန်းမှ ထွက်ကာ 'မြောက်ဘက်စကော့ဒေးလ်' တွင် ကိုယ်ပိုင်ကျန်းမာရေး စောင့်ရှောက်မှုဆေးခန်းကို တည်ထောင်သည်။ အဆင့်မြင့် ဆေးဝါးကုသမှုဌာန ဖြစ်သည်။ ကျွန်မ၏ ဆေးခန်းအသစ်တွင် အိမ်ဖြူတော်တွင် အမှုထမ်းပြီးနောက် နောက်ထပ်တာဝန် ထမ်းဆောင်ဖို့ နေရာရှာနေသောအချိန်၌ 'ဂျော့ဝါရှင်တန် တက္ကသိုလ်ဆေးဘက်ဆိုင်ရာဌာန' တွင် ကျွန်မ အဆိုပြုခဲ့သော စိတ်ကူးစိတ်သန်းများကို အကောင်အထည်ဖော်ခွင့်ရသည်။ ကျွန်မ၏ ဆေးကုသမှုက လူနာပေါင်း ၃၀၀ ရှိသည်အထိ အလျင်အမြန် ကြီးထွားလာသည်။ သူတို့အထဲမှ အများစုမှာ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အရာရှိချုပ်များ ပြောကြ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကျွန်မ၏ ကိုယ်ပိုင်ဆေးခန်း ရှိနေသည်ကို ကျွန်မ သဘောကျသည်။ အချိန်ဇယားမှာ ကျွန်မ သဘောရှိသည့်အတိုင်း လုပ်ထားသည်။ အလျော့အတင်းရှိသည်။ ကျွန်မ၏ လူနာများနှင့်တွေ့ဆုံဖို့ အချိန်ပေးထားသည်။ ဘယ်တော့မှ အပြေး အလွှား မလုပ်ရပေ။ ကျွန်မက အိမ်ဖြူတော်မှာကဲ့သို့ပင် တစ်နေ့လျှင် ၂၄နာရီ တစ်ပတ်လုံးရှိသည်။ လူနာများကို ကျွန်မ၏ ကိုယ်ပိုင်လက်ကိုင်ဖုန်း နံပါတ်နှင့် အီးမေးလ် (Email) လိပ်စာများ ပေးထားသည်။ ဆေးအဖွဲ့၏ အသွင်အပြင် အနေအထားကို ထပ်ဆင့်ပေါ်လွင်စေရန် အိမ်ဖြူတော်ဆေးအဖွဲ့မှ ဆေးအဖွဲ့ဝင် 'တိမ်မည်း' (black cloud)ကို ငှားထားသည်။ မက် မက်ကလောက် (Mac Mcload) ဖြစ်သည်။ သူက လေတပ်မှနေ၍ အနားယူပြီး ၂၀၀၅၊ အောက်တိုဘာလတွင် ကျွန်မ၏ရုံး ဆေးခန်းမန်နေဂျာအဖြစ် လုပ်သည်။ ကျွန်မတို့၏ဆေးခန်းတွင် လုပ်ခါစတွင် ကျွန်မက တယ်လီဖုန်းကို ကောက်ကိုင်၍ 'မက်ကိုကြည့်လိုက်ရာ ကျွန်မပါးစပ်မှ အလိုအလျောက် အိမ်ဖြူတော် ဆေးအဖွဲ့ကပါ' ဟု ပြောမိလိုက်တော့မလို ဖြစ်သွားသောအခါများ ရှိသည်။ သမ္မတအား စောင့်ရှောက်ခဲ့သော ရှေးဟောင်းနှောင်းဖြစ်များကို 'မက်'က ပြန်ပြောလေ့ရှိသည်။ ကျွန်မတို့သည် နေ့သစ်ကောင်းများကို ဖန်တီးတော့မည်ဟု ဆုတောင်းသည်။

သို့သော် ကျွန်မ၏ ဆေးခန်းက စည်ကားဖွံ့ဖြိုးလာသောအခါ ကျွန်မ၏ အိမ်ထောင်ရေးက ကံမကောင်းအကြောင်းမလှစွာနှင့် အဆုံးသတ်သွားသည်။ ကျွန်မသည် ကျွန်မ၏ခင်ပွန်းထက် ပို၍ရှည်ကြာစွာ သစ္စာရှိစွာ ပေါင်းသင်းလာခဲ့သော စစ်တပ်မှထွက်လာသောအခါ ဇနီးမယားတစ်ယောက်အဖြစ် ဘယ်လိုနေရမည်ကို ကျွန်မမသိချေ။ ဤအကြောင်းကို ကျွန်မ နောက်ပိုင်းကျမှ သဘောပေါက်သည်။ ကျွန်မသည် အထက်တန်းကျောင်းတွင် တွေ့ဆုံပြီး ရှစ်နှစ်အကြာတွင် 'ရစ်ချတ်'က လက်ထပ်ထားသော သူတစ်ယောက်အဖြစ်သာမက နောက်တစ်ယောက်အဖြစ်လည်း ကျွန်မ ကြီးပြင်းခဲ့သည်။ တစ်နေ့ရာစီနေကြသော ဇနီးမောင်နှံများကဲ့သို့ပင် ကျွန်မတို့သည် ကင်းကွာလာသည်။ အတူတူ ဖြစ်မလာပေ။ စစ်တပ်တွင်းရှိ ကျွန်မ၏အလုပ်နှင့် သတ်ကွင်း (Killzone) ထဲတွင် နှစ်ပေါင်းများစွာနေသော ကျွန်မဘဝက နှစ်ယောက်ကြားတွင် ပို၍အလှမ်းကွာဝေးစေတော့သည်။ ကျွန်မက ကိုယ်ပိုင်ဆေးခန်းဖွင့်သောအခါ ကျွန်မ၏အချိန်နှင့် စိတ်အာရုံကို ကျွန်မ၏ကိုယ်ပိုင်အလုပ်ထဲသို့ ဒလဟော သွန်ချပစ်လိုက်သည်။ ယင်းမှာ ကျွန်မအိမ်ထောင်ရေး၏ သေတွင်းပင်ဖြစ်သည်။ ကျွန်မတို့ သားနှစ်ယောက် အိမ်မှကောလိပ်သို့သွားသောအခါ ကျွန်မတို့၏ အသိုက်အမြုံသည် ဟာလာဟင်းလင်းမှ တစ်စစီကွဲကြေသောအဆင့်သို့ ရောက်သွားသည်။ ထိုအချိန်သည် ကျွန်မအတွက် ကျွန်မ၏အိမ်ထောင်ရေးကို နှုတ်ဆက်လက်ပြရန်ဖြစ်သည်။

လွန်ခဲ့သော ခုနစ်နှစ်တာကာလ ဖြစ်ရပ်အတွေးဟောင်းများက မျက်တောင်တစ်ချက်ခတ်လိုက်သည့် အ[illegible]

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာဝင် ပျောက်ကွယ်သွားသည်။ အစောင့်က ကျွန်မ၏ ကားမောင်းလိုင်စင်ကို စစ်ဆေး၊ သူ့ကွန်ပျူတာတွင် ထည့်ကြည့်၊ ထို့နောက် ကျွန်မ၏ မှတ်ပုံတင်ကပ်ပြားကို ပေး၊ ပြူတင်းပေါက်ရှိ အပေါက်ငယ်ကြားမှာ အဆင့် Aဖြတ်သန်းခွင့်ကို ပေးသည်။ ထိုသို့ လုပ်ကိုင်နေစဉ်တွင် ကျွန်မက အတိတ်ကို ပြန်စဉ်းစားမိလိုက်ခြင်း ဖြစ်သည်။ အိမ်ဖြူတော်ဝင်းအတွင်း ဘယ်နေရာမဆို သွားလာနိုင်သော၊ သမ္မတနေထိုင်ရန် ဒုတိယထပ်သို့ပင် တက်ခွင့်ရသော အပြာရောင် ဝင်ထွက်ခွင့်လက်မှတ်အား ကျွန်မရခဲ့သည့်အချိန်များကို သတိရသည်။ အခုတော့ အပေါက်ဝမှနေ၍ ကျွန်မ၏ ရုံးခန်းဟောင်းကိုသွားဖို့ ကျွန်မမှာ အစောင့်အရှောက်ဝန်ထမ်းတစ်ယောက် လိုသည်။

အစောင့်က 'ဂျွန်'၏ 'အင်ဒီယာနာ' ပြည်နယ်ကားမောင်းလိုင်စင်ကိုယူကာ ကျွန်မ၏လိုင်စင် စစ်ဆေးသလိုပင် စစ်ဆေးသည်။

'ဟေး··· ကျွန်တော်တို့ အထဲမှာဝင်ပြီး စောင့်လို့မရဘူးလား' အပူပေးထားသော အစောင့်အိမ်လေးထဲတွင်ရှိ အစောင့်အရာရှိအား ဂျွန်က မေးလိုက်သည်။ အပြင်မှာ ၄၀ ဒီဂရီရှိပြီး လေကလည်း တိုက်နေသည်။ ကျွန်မက ဂျွန်၏ သိုးမွေးအင်္ကျီမှ အနွေးကိုရရန် သူနှင့်ပူးကပ်နေရသည်။ 'အရီဇိုးနား' က နေရောင်ခြည်နှင့် ပူနွေးသော လေပြည်လေညင်းကို သတိရနေသည်။

'အပြင်မှာ အရမ်းအေးနေတယ်'

'စိတ်မကောင်းပါဘူး'

အစောင့်က စာနာမှုကင်းမဲ့စွာ ပြောလိုက်သည်။

နောက်ကျောဘက်တွင် အဆင့် Aဝင်ထွက်ခွင့် မှတ်ပေးလိုက်သော 'ဂျွန်' ၏ ကားမောင်းလိုင်စင်ကို ပြန်ပေးသည်။

'ဆရာဝန်ရဲ့ရုံးခန်းက အစောင့်အရှောက် ဝန်ထမ်းမလာမချင်း' ခင်ဗျားတို့ အထဲကိုဝင်လို့မရဘူး'

အနားယူသွားသော ရေတပ်ဗိုလ်ချုပ်၊ သမ္မတ၏ သမားတော်ဟောင်းတစ်ယောက်အတွက် သည်လောက်တောင် ဖြစ်နေသည်။

မကြာမီအချိန်အတွင်း အိမ်ဖြူတော် သူနာပြု 'ကာရီ' (Karey Dufour) က ကျွန်မတို့ကို ဂိတ်ပေါက်ဝ အစောင့်အိမ်လေးတွင် လာနှုတ်ဆက်သည်။

'ကာရီ' (Karey) ရောက်လာသည့်အခါကျမှ ကျွန်မတို့ကို နွေးထွေးသော လုံခြုံရေးအိမ်လေးအတွင်းသို့ ဝင်ခွင့်ပြုကာ ထိုနေရာမှ တစ်ဆင့် သံလိုက်ကိရိယာနှင့် စစ်ဆေးသောနေရာကို ကျော်ဖြတ်ရသည်။ ထို့နောက် 'ကာရီ' က ကျွန်မတို့အား မြောက်ဘက်ပေါ်တီကို၏ ကားလမ်းတစ်လျှောက် ခေါ်သွားသည်။ ထို စနေနေ့ နံနက်က သူမတို့

the bookhouse
we bring your favors

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖြူတော်အတွင်း သွားလာမှုအား ကူညီရန် တာဝန်ချထားသည်။ သမ္မတနှင့်အတူ 'ပီရူး' (peru) သို့ရောက်နေသော ဒေါက်တာ 'တပ်ဘ်'ကို တွေ့ရန် ကျွန်မ မျှော်လင့်ခဲ့သည်။ သို့သော် သူသည် လမ်းပေါ်သို့ ပြန်ရောက်နေမည်ကို ကျွန်မ အံ့သြခြင်းမဖြစ်ပါ။ ဒီနေရာမှာနေလျှင် သည်လိုပဲဖြစ်နေရမည်။

ကျွန်မက 'ကာရီ' ကို ဂျွန်နှင့်မိတ်ဆက်ပေးသည်။ 'ဂျွန်' ကို ကျွန်မက ၂၀၀၂ ခုနှစ်ကစ၍ သိကျွမ်းခဲ့သည်။ ထိုအချိန်က သူသည် 'မယိုဆေးခန်း' (Mayo clinic) ရှိ ကျွန်မ၏လူနာများထဲက တစ်ယောက်ဖြစ်သည်။ ဂျွန်က 'ဖီးနစ်' (phoenix) ရှိ ကုမ္ပဏီတစ်ခုကို တည်ထောင်နေကာ နှစ်စဉ် ကျန်းမာရေးစစ်ဆေးမှုအတွက် 'မယိုဆေးခန်း' သို့လာသည်။ ၂၀၀၂ ခုနှစ်တွင် မကြာခဏ ခရီးသွားနေရခြင်းကြောင့် သူ၏ ကျန်းမာရေးစစ်ဆေးမှု အချိန်ဇယားကို ပြန်၍ပြင်ဆင်ရသည်။ သူက နောက်တစ်ခါတွေ့ဖို့ ချိန်းသောအခါ သူ့ကိုစစ်ဆေးနေကျ ဆရာဝန်က အလုပ်မအားချေ။ ကျွန်မက အားနေသည်။ အချိန်ဇယား ရေးဆွဲသူက အမျိုးသမီးသမားတော်နှင့် ဖြစ်မလားဟု သူ့ကိုမေးသည်။ သူက သဘောတူသည်နှင့် ကျွန်မကို သူ၏ဆရာဝန်အဖြစ် တာဝန်ချထားလိုက်သည်။ ကျွန်မက ကိုယ်ပိုင်ဆေးခန်း ထောင်လိုက်သောအခါ ဂျွန်သည် တခြားကုမ္ပဏီတစ်ခု တည်ထောင်ရန် 'အင်ဒီယာနာပိုလစ်' (Indianapolis) သို့ ပြောင်းရွှေ့သွားပြီး နောက်မှာပင်လျှင် ကျန်းမာရေးဆေးခန်းတွင် ဆက်၍ဆေးစစ်မှုခံယူရန် သဘောတူလိုက်သည်။ ကျွန်တော်တို့နှစ်ယောက် ရုံးထဲတွင်ထိုင်ကာ သူ၏ မကြာမီက ဆေးဘက်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ သမိုင်းကြောင်းများကို ပြောနေကြသည်။ 'အင်ဒီယာနာ' (Indiana) ရှိ သူ့အလုပ်အကြောင်း၊ သူ၏အမြွှာကလေးနှစ်ယောက်အကြောင်း ကျွန်မတို့ ပြောကြသည်။ သူ့ကလေးအမြွှာနှစ်ယောက်က ကောလိပ်မှ ဘွဲ့ရတော့မည်။ သူ့လူမှုရေးဘဝ၏ အနေအထားများကို ကျွန်မတို့ပြောဖြစ်ကြသည်။ ယနေ့ခေတ်သစ်ကမ္ဘာတွင် ဖြစ်ပေါ်နေသော သဘောတူလွတ်လပ်သော ချိန်းဆိုတွေ့ဆုံမှု ရင်ထိတ်စရာကိစ္စအထိ သူက ကျွန်မကို ယုံယုံကြည်ကြည်နှင့် ပြောဆိုပြီးသည့်နောက် ကျွန်မဘက်သို့ မြားဦးလှည့်လာသည်။ ကျွန်မ၏ သဘောထားကို မေးသည်။

'ရှင်ပြောတာတွေကို နားထောင်ပြီးတဲ့နောက်မှာ ကျွန်မက အခုထိ ချိန်းဆိုတွေ့ဖို့ ရည်ရွယ်ချက်မရှိပါဘူး' ဟု ကျွန်မက သူ့ကိုပြောလိုက်သည်။

'ခင်ဗျား ဘာကိုဆိုလိုတာလဲ' ဂျွန်က ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'ခင်ဗျားက အိမ်ထောင်ရှိတယ်လို့ ကျွန်တော်က ထင်ထားတာပဲ'

အိမ်ထောင်နှင့် ကွာရှင်းခဲ့သည်မှာ လေးနှစ်ရှိပြီဖြစ်သော ဂျွန်က သူ သမားတော်အနေနှင့် ကျွန်မနှင့် တွေ့ဆုံခဲ့သည့် ကာလတစ်လျှောက်လုံး ကျွန်မသည် ကလေးနှစ်ယောက်နှင့် အိမ်ထောင်ရှင်ဟု သိခဲ့သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဒီအချိန်တွေက ကျွန်မအတွက် ကြမ်းတမ်းတဲ့ အချိန်တွေပါ။ ကျွန်မခင်ပွန်းနဲ့ ကွာရှင်းတဲ့ကိစ္စ လုပ်နေတယ်' ကျွန်မက ဝန်ခံသည်။

သူက အချိန်တော်တော်ကြာ မျက်နှာက ရွှင်လာပြီး မခိုးမခန့်နှင့် ရုတ်တရက် ပြောချလိုက်သည်။

'ဒါဆို ကျွန်တော့်ကို လက်ထပ်ပါလား'

ကျွန်မက ကုလားထိုင်ပေါ်မှ လိမ့်ကျမတတ်ဖြစ်သွားသည်။

'မနောက်ပါနဲ့၊ ကျွန်မက ရှင့်ဆရာဝန်လေ'

ဂျွန်က လက်ကနဲပြုံးလိုက်ပြီး…

'ဆရာဝန် နောက်တစ်ယောက်ရှာမယ်'

'ကျွန်မထပ်ပိုကောင်းတဲ့ ဆရာဝန် ရှင်ဘယ်တော့မှ မတွေ့နိုင်ဘူး' ကျွန်မက ပြန်ပြောသည်။

ရင်းရင်းနှီးနှီး နောက်ပြောင်မှုကို သဘောကျကာ ကျွန်မတို့ ရယ်လိုက်ကြသည်။ ကျွန်မက သူ့ကို 'အင်ဒီယာနာ' သို့ ပြန်လွှတ်သည်။ ဂျွန်က ကျွန်မကို သူ၏ချွေးထွေးမှု၊ အသိဉာဏ်၊ ပညာဉာဏ်နှင့် ကျွန်မကို စိတ်ချမ်းမြေ့အောင် လုပ်ပါသည်။ အဲဒီနောက် ကျွန်မတို့ ချိန်းဆိုတွေ့ဆုံမှု စတင်ပါတော့သည်။ သို့သော် နောက်ထပ် ဆရာဝန်တစ်ယောက် ရှာတွေ့သည့်အခါမှသာ ဖြစ်သည်။ ကျွန်မတို့သည် အံ့သြစရာကောင်းအောင် လိုက်ဖက်ညီကြကြောင်း၊ အတူတကွ ပျော်ရွှင်ကြကြောင်း မကြာမီ တွေ့ရပါတော့သည်။

■

အိမ်ဖြူတော်သူနာပြုက ကျွန်မတို့အား မြောက်ဘက်မြက်ခင်းသို့ လိုက်ပို့သောအခါ ကျွန်မ သတိမရဘဲ မနေနိုင်ပြန်ချေ။ 'ပေါ်တီကို' ရှခင်းကို ငေးမောကြည့်ရှုကာ ကျွန်မသည် ဤလမ်းကို မရေမတွက်နိုင်အောင် လျှောက်ခဲ့ဖူးသည်။ Plan Room ထဲသို့ ဘေးပေါက်မှ ကျွန်မတို့ဝင်လိုက်သည်။ ထိုမှတစ်ဆင့် တံခါးနှစ်ပေါက်ကိုဖြတ်ကာ လူနေဆောင်များ၏ မြေညီထပ်သို့ ဆင်းသွားသည်။ ယူနီဖောင်းတပ်ဖွဲ့အစောင့်က မြေပုံခန်း (Map Room) ရှေ့တွင် မတ်တတ်ရပ်နေသည်။ သူက ကျွန်မတို့ကို မြင်သောအခါ လှမ်းအော်သည်။

'ဟေး… ဒေါက်တာ၊ ခင်ဗျားသမ္မတသစ်ရဲ့ ဆရာဝန်လုပ်မလို့လား'

ကျွန်မက တစ်ပြိုင်နက်တည်း ခေါင်းကိုခါပြလိုက်ပါသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး။ ကျွန်မရဲ့ အိမ်ဖြူတော်ဆရာဝန်နေ့ရက်တွေက ပြီးဆုံးသွားပါပြီ။ ဘဝသစ်မှာ ကျွန်မ ပျော်နေပါတယ်'

ကျွန်မတို့ မသွားမီ ရက်အနည်းငယ်တွင် 'ဘာရက်အိုဘားမား' က သမ္မတအဖြစ် အရွေးချယ်ခံရသည်။ သမ္မတဘွတ်ရှ်၏ အိမ်ဖြူတော် နောက်ဆုံးနေ့များဖြစ်သည်။ 'အိုဘားမား' အဖွဲ့က သူတို့အဖွဲ့အတွက် ဝန်ထမ်းများကို စုဆောင်းသည်။ ထိုသူများ၏ အများစုမှာ 'ကလင်တန်' ၏ အစိုးရအဖွဲ့မှ ဖြစ်ကြသည်။ အိုဘားမား၏ ဦးစီးချုပ်အပါအဝင် အကြီးတန်း အကြံပေးအရာရှိများ ဖြစ်သည်။ ကျွန်မအတွက် အရင်းနှီးဆုံးမှာ နိုင်ငံတော် အတွင်းရေးမှူး 'ဟီလာရီ ကလင်တန်' ဖြစ်သည်။ အစိုးရအဖွဲ့သစ်သည် 'ဘွတ်ရှ်' မတိုင်မီ အစိုးရအဖွဲ့ဟောင်းကဲ့သို့ပင် ဖြစ်နေသည်ကို စိတ်ဝင်စားဖွယ်ရာ ကျွန်မ တွေ့ရသည်။ တချို့သော အရာများသည် မပြောင်းလဲခြင်းအားဖြင့် ပြောင်းလဲနေသည်မှာ ရယ်စရာတစ်မျိုး ဖြစ်သည်။

'ကြိုဆိုပါတယ်… ဗိုလ်ချုပ် မာရီယာနို'

ဒေါက်တာ 'တပ်ဘ်' (Dr.Tubb) ၏ နှစ်သက်စရာကောင်းသော အမှုဆောင်လက်ထောက်က ဆရာဝန်၏ ရုံးခန်းတံခါးကို 'ကာရီ' က ဖွင့်လိုက်သောအခါ ကျွန်မတို့ကို ဆီးကြိုနှုတ်ဆက်သည်။

ဧည့်ကြိုခန်းထဲသို့ ဝင်ဝင်ချင်း ကျွန်မအတွက် 'တပ်ဘ်' က သိမ်းထားသော လက်ဆောင်ကို ကျွန်မမြင်သည်။ မြင်လိုက်သည်နှင့် ကျွန်မက ကျယ်ကျယ်လောင်လောင် ရယ်ချလိုက်မိသည်။

ကျွန်မ၏ IMB Selectri လက်နှိပ်စက်ဟောင်းလေး ဖြစ်သည်။ ယင်း၏အပေါ်တွင် 'တပ်ဘ်' က အနီရောင် ဖဲကြိုးကိုထည့်ထားပြီး ကျွန်မနှင့် သစ္စာရှိသော စာလုံးဟောင်းများ ပြန်လည်ပေါင်းစည်းပေးသည်။ ခပ်ရွှင်ရွှင်စာလေးတစ်စောင်ပါ ထည့်ထားသည်။ ဆေးအဖွဲ့တွင် လက်တော့ (Laptop) ကွန်ပျူတာ စတင်မသုံးစွဲမီအချိန်က သမ္မတ၏ တိုးတက်မှုမှတ်တမ်း၊ ဆေးဘက်ဆိုင်ရာ မှတ်တမ်းများကို ရေးသားရန် ကျွန်မက လက်နှိပ်စက်ကို အသုံးပြုခဲ့သည်။ ကျွန်မက ရေးပုံစံ လက်နှိပ်စက်ကို သဘောကျသည်။ တစ်မိနစ်တွင် စာလုံးရေ ၁၇၅လုံး အချိန်ကိုက်အောင် ကျွန်မ ရိုက်ခဲ့သည်။ ကျွန်မ၏ အရပ်ဘက်ဝန်ထမ်း နေ့ရက်များကို သွားသတိရမိသည်။ တစ်ခါတစ်ရံ စက်ကို ပိုနိုင်းသလို ဖြစ်နေသည်။ သို့သော် လက်နှိပ်စက်က ရှာဖွေဖို့ ကွန်ပျူတာမလိုဘဲနှင့် မှတ်တမ်းများကို အသေအချာ ထုတ်ပေးသည်။ လက်နှိပ်စက်ဟောင်းနှင့်အတူ ရိုက်ထားသော စာလုံးများ၏ သက်သေအဖြစ်ရှိသော ဖဲကြိုးစက သုံးပါများ၍ ပျက်စီးသွားပြီဖြစ်ကာ ဤလက်နှိပ်စက်ကို ဒေးဗစ်စခန်း (camp dourd) ရှိ အခန်းဟောင်းလေးထဲတွင် တွေ့ရှိခဲ့ပြီး လှူဒါန်းရန် လုပ်နေသည်ဟု 'တပ်ဘ်' ၏ စာက ဖော်ပြသည်။ သူက ဤပစ္စည်း ကျွန်မသုံးခဲ့သော ပစ္စည်းမှန်းသိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဤခလုတ်များကသာ စကားပြောနိုင်ကြလျှင်' ဟု 'တပ်ဘ်' ကျွန်မအတွက် ရေးသောစာထဲတွင် ပါးနပ်စွာ ရေးထားသည်။ မှန်လိုက်လေဟု ကျွန်မက တွေးမိသည်။ တစ်နေ့သောအခါတွင် ထိုခလုတ်များက စကားပြောကောင်း ပြောပါလိမ့်မည်။

'ဗျွန်' က ထိုလက်ဆောင်ကို သဘောကျနေသည်။ ကျွန်မတို့ 'တပ်ဘ်' ၏ ရုံးခန်းထဲတွင် မတ်တတ်ရပ်နေစဉ် ကျွန်မက 'တပ်ဘ်' ရေးသောစာကို 'ကာရီ' နှင့် 'စတက်ဖနီ' တို့အား ပေးဖတ်သည်။ ကျွန်မတို့မသွားမီ ကျွန်မ၏ရုံးခန်း ဟောင်းကို ကျွန်မ နောက်ဆုံးအကြိမ် ကြည့်လိုက်သည်။

ကျွန်မရှိစဉ်တုန်းက ရုံးခန်းလို လုံးဝမဟုတ်တော့ပြီ။ ပြုပြင်ခြယ်သထားသည်။ ၂၀၀၉ ခု၊ ဇန်နဝါရီလတွင် 'တပ်ဘ်' ထွက်သွားသောအခါ ထိုရုံးခန်းသော နောက်သမားတော်တစ်ယောက်ထံသို့ မလွဲမသွေ ရောက်ရမည်ဖြစ်သည်။

'အိမ်ဖြူတော်ကို ကျွန်မတို့ နောက်ဆုံးအကြိမ် ကြည့်လို့ရမလား'

ဗျွန်နှင့်ကျွန်မတို့ ထွက်ခွာရန် ပြင်သောအခါ ကျွန်မက အိမ်ဖြူတော် ဆေးအဖွဲ့ဝင် 'တပ်ဘ်' လက်ထောက်ကို ကျွန်မက တောင်းဆိုသည်။ 'ကာရီ' က state floor တွင် တွန့်ဆုတ်ဆုတ်ဖြစ်နေသော ဧည့်သည့်တစ်ယောက်ကို စစ်ဆေးရန် လှမ်းခေါ်သောကြောင့် ခဏထွက်သွားရသည်။

'တပ်ဘ်' ၏ လက်ထောက် 'စတက်ဖနီ' (stephanie) က ရိုင်းပင်းကူညီတတ်သူ ဖြစ်သည်။ ကျွန်မတို့ကို west wind ဘက်သို့ လိုက်ပို့ပေးသည်။ colonnade ကို ကျွန်မတို့လျှောက်သောအခါ ဘဲဥပုံရုံးခန်းသို့သွားသော ထိုလမ်းဟောင်းတစ်လျှောက် အေးအေးသက်သာ ချီတက်ကာ ခြေထောက်တရွတ်တိုက်ကာ အခါပေါင်းများစွာ သွားခဲ့ပုံကို ကျွန်မ တွေးမိသည်။ သို့သော် ထိုလမ်းတစ်လျှောက် ကျွန်မ မည်သည့်အခါမျှ မပြေးလွှားခဲ့ပေ။ ကျွန်မကို ကျွန်မ၏ ဝန်ထမ်းများကို ပြောသလိုပင်…

'ဘယ်တော့မှ မပြေးနှင့်၊ ဒါမှမဟုတ် မင်း ချွေးထွက်တာကို သူတို့မမြင်စေနှင့်'

ကျွန်မတို့ west wing သို့ ဝင်သောအခါ စားသောက်ဆောင် အထူးတာဝန်ခံထဲမှ တစ်ယောက်က ကျွန်မတို့ကို ကြိုဆိုသည်။

'ဟေး… ဗိုလ်ချုပ်' အာဖရိကန် အမေရိကန်ကပြား လူငယ်က ကျွန်မကို နှုတ်ဆက်သည်။

'ခင်ဗျားကိုပြန်တွေ့တာ ကောင်းတယ်'

'မင်းကို တွေ့ရတာ ကောင်းပါတယ်' ထိုလူ၏ နာမည်ကို မှတ်မိဖို့ အသည်းအသန်ကြိုးစားကာ ကျွန်မက ပြောလိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'နောက်ဆုံးအကြိမ် တစ်ခေါက်လောက် ဖြတ်ကြည့်တာပါ'

'စားသောက်ဆိုင်ကို ကြည့်ချင်လား'

ကျွန်မက တောင်းဆိုဖို့ အခွင့်မရမီ သူက ကမ်းလှမ်းသည်။

အသစ်ပြန်လည် ပြုပြင်ထားသော အိမ်ဖြူတော် စားသောက်ဆောင်ကို ကျွန်မတို့က ခေါင်းပြူကြည့်သည်။ ပြောင်လက်နေသော သစ်ချပင် မှန်ကူကွက်နံရံနှင့်အတူ လှပသော ရေတပ်သင်္ဘောဆီ ဆေးပန်းချီကားများ နူးညံ့ဖွယ် ကောင်းသည့် ပန်းခက်ပန်းနွယ်များဖြင့် မွမ်းမံထားသည်။ စားသောက်ဆောင်ထဲတွင် ဒေါက်တာတပ်ဘ်၊ သို့မဟုတ် တခြားသော သမားတော်များနှင့် တွေ့ဆုံ၍ နံနက်စာ၊ သို့မဟုတ် ညစာစား၊ သို့မဟုတ် ပြဿနာဖြစ်နေသော သူနာပြု၊ သို့မဟုတ် သမားတော်လက်ထောက်ကို နှစ်သိမ့်ဆွေးနွေးသည့် အချိန်များကို ကျွန်မသတိရသည်။ ကျွန်မသည် စားသောက်ဆောင် အထူးတာဝန်ခံနှင့် မီးဖိုချောင်ထဲသို့ လိုက်သွားသည်။ ကျွန်မ၏ အတိတ်ကာလနှင့် တစ်ဖန် ပြန်လည်ပေါင်းစပ်မိပြန်သည်။ ရင်းနှီးနေသော ချက်ပြုတ်နံ့များ၊ သိုလှောင်ထားသော ပစ္စည်းအနံ့များ၊ အိုးခွက်များ၊ ထို့နောက် ဖိလစ်ပိုင်လူမျိုး စားသောက်ဆောင် တာဝန်ခံများ၏ ရွှင်ပြုံးနေသော မျက်နှာများ အိမ်ဖြူတော်ရှိ ကျွန်မ၏လုပ်ငန်းစဉ်သည် လွန်ခဲ့သော နှစ်များစွာက ရေတပ်ဗိုလ်ချုပ်တစ်ယောက်၏ မီးဖိုချောင်တွင် စတင်ခဲ့သည်။

လက်နှိပ်စက်ယူရန် ဒေါက်တာ 'တပ်ဘ်'၏ ရုံးခန်းသို့ ကျွန်မတို့ ပြန်သွားသောအခါ state Floor ကို နောက်ဆုံးအကြိမ် လှည့်လည်ကြည့်ရှုသည်။

နိုင်ငံတော် ညစာစားပွဲ ခန်းမအား ကျွန်မက 'ဂျွန်'ကို ပြသည်။ လွန်ခဲ့သော ရှစ်နှစ်က ကျွန်မ ရေတပ်ဗိုလ်ချုပ်ရာထူးသို့ တက်ခဲ့သော နေရာဖြစ်သည်။ မီးလင်းဖို၏ အပေါ်တွင် ချိတ်ဆွဲထားသော 'လင်ကွန်း၏ ပုံတူကားကို ကျွန်မ လေးစားကြည်ညိုစွာ ကြည့်နေစဉ် စင်မြင့်တွင် ရေးထွင်းထားသော စာသားကို ကျွန်မ နောက်တစ်ကြိမ်ဖတ်မိသည်။

'ဤအိမ်တော်နှင့် နောက်အခါ ဤအိမ်တော်တွင် နေထိုင်သောသူများအပေါ် အကောင်းဆုံး မင်္ဂလာတရားများ ပေးသနားရန် ကောင်းကင်ဘုံကို ငါ ဆုတောင်းသည်။ ရိုးသားဖြောင့်မတ်၍ ပညာဉာဏ်ရှိသူများသာလျှင် ဤအမိုးကို အုပ်စိုးပါစေသတည်း'

ဤစာသားမှာ အိမ်ဖြူတော်တွင် သမ္မတဂျွန်အဒမ် (John Adams)က သူ၏ ဒုတိယညဉ့် ရေးခဲ့သောစာမှ ထုတ်နုတ်ထားသော စာဖြစ်သည်။ ကျွန်မက အောက်ပါအတိုင်း ဖြည့်စွက်ရေးလိုက်ချင်သည်။

'ရိုးသားဖြောင့်မတ်၍ အသိပညာဉာဏ်ရှိသူ ဆရာဝန်များသာလျှင် ဤအမိုးအောက်တွင် နေထိုင်သောသူများကို စောင့်ရှောက်ပါစေသတည်း'

BURMESE CLASSIC

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ ရုံးခန်းဟောင်းမှ နောက်ဆုံးအကြိမ် ပြန်လာသောအခါ ဒေါက်တာ ဒစ်တပ်ဘ် (Dr.Disk Tubb) စီစဉ်ပေးသော ဤအလည်အပတ်ခရီးသည် လက်ဆောင်တစ်ခုပင်ဖြစ်ကြောင်း ကျွန်မတွေးမိသည်။ အတိတ်ဘဝသို့ နောက်ဆုံးနှုတ်ဆက်ခြင်း ဖြစ်သည်။ ကျွန်မရုံးခန်းကိုသာမက စားသောက်ဆောင်၊ မီးဖိုချောင်၊ နိုင်ငံတော် ညစာခန်းမတို့ကိုပါ ကျွန်မ လှည့်လည်ကြည့်ရှုခဲ့သည်။ ထိုနေရာသည် ရေတပ်နွယ်ဖွားအနေနှင့်ရော၊ ရေတပ်အရာရှိတစ်ယောက် အနေနှင့်ရော ကျွန်မဘဝ၏ ပျော်စရာအကောင်းဆုံး အချိန်များဖြစ်ပွားရာ နေရာဖြစ်ပါသည်။

'ကျေးဇူးအများကြီးတင်ပါတယ်' ကျွန်မက 'စတက်ဖနီ' နှင့် 'ကာရီ' ကို ပွေ့ဖက်ရင်း ပြောလိုက်သည်။ ဂျွန်နှင့်ကျွန်မက ထွက်ခွာဖို့ ပြင်ကြသည်။ ဂျွန်က လက်နှိပ်စက်ကို သူ့လက်ထဲတွင် ပိုက်ထားသည်။ 'ကာရီ' က ကျွန်မတို့ကို Treasury Department နှင့် မျက်နှာချင်းဆိုင်နေသော ထွက်ပေါက်ရှိရာ East Wing သို့ ဦးဆောင်ခေါ်သွားသည်။

ကျွန်မတို့၏ ဧည့်ဝင်ခွင့် လက်မှတ်များကို အစောင့်ဂိတ်ပေါက်တွင် ပြန်ပေးလိုက်သည့်အခါ ကျွန်မတို့ အိမ်ဖြူတော်ကို နောက်ဆုံးအကြိမ် ပြန်လှည့်ကြည့်သည်။ ကျွန်မဘဝရှိ ထိုအခန်းတွင် နောက်ဆုံးတွင် ပြီးသွားပေပြီ။ 'ဂျွန်' နှင့် ကျွန်မက အနားရှိဟိုတယ်သို့ လမ်းလျှောက်သွားသောအခါ ကျွန်မက အနာဂတ်နှင့် ပတ်သက်၍ စဉ်းစားသည်။ 'ဤခလုတ်များသာ စကားပြောနိုင်လျှင်' 'တပ်ဘ်' (Tubb) က သူ့စာထဲတွင် ရေးထားသည်ကို ကျွန်မ မှတ်မိသည်။ ဤစာသားက ကျွန်မ၏ နောက်ထပ် စိန်ခေါ်မှုဖြစ်သည်။ ဤခလုတ်များက နောက်တစ်ကြိမ် စကားပြောအောင်လုပ်ဖို့ အခု ကျွန်မ စိတ်ပိုင်းဖြတ်သည်။ ထိုသို့လုပ်ရန် ကျွန်မတစ်ယောက်တည်း ရှိမည်မဟုတ်ပေ။ ကျွန်မနှလုံးသားက သီချင်းတစ်ပုဒ်ဆိုအောင် လုပ်ရန် ကံကြမ္မာက ပြဋ္ဌာန်းထားသူ၊ ကျွန်မ၏ဘေးတွင် လမ်းလျှောက်နေသော လူနှင့်အတူ ကျွန်မ ရှိနေလိမ့်မည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com













# မကြာမီ ထွက်မည့် စာအုပ်များ












www.burmeseclassic.com